www.burmeseclassic.com
BURMESE CLASSIC .com

(မိုးဇော်ဟိန်း)

# မင်းမှာသစ္စာ လူမှာကတိ



# LUCIANO'S LUCK

## JACK HIGGINS

(ဒုတိယအကြိမ်)

www.burmeseclassic.com

**ရတနာပုံစာအုပ်တိုက်**
အမှတ် ၁၀၀ (D)၊ အင်းယားလမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၃၇၃၇၆၁

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး - ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး - ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး - ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက် ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

၁၉၈၂ ခုနှစ်တွင် ဘဝတက္ကသိုလ်စာပေမှ
(မိုးဇော်ဟိန်း) အမည်ဖြင့်
ရေးသားခဲ့သည်။

# မင်းမှာသစ္စာ လူမှာကတိ

## နတ်နွယ်

# LUCIANO' S LUCK

## JUCK HIGGINS

ရတနာပုံစာအုပ် - ၅၃
[ ၂၀၀၄ခုနှစ်၊ နိုဝင်ဘာ ]

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၄၂၂/ ၂၀၀၄ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၀၀၅/ ၂၀၀၄ (၉)

| | | |
|---|---|---|
| ပုံနှိပ်မှတ်တမ်း | - | (ပထမအကြိမ်)<br>၁၉၈၂ခုနှစ်၊ စက်တင်ဘာလ၊<br>ဘ၀တက္ကသိုလ်စာပေ။<br>(ဒုတိယအကြိမ်)<br>ရတနာပုံစာအုပ်တိုက်။ |
| အုပ်ရေ | - | ၅၀၀ |
| ထုတ်ဝေသူ | - | ဦးမင်းထွဋ်ဝင်း [၃၃၇၇၅]<br>(ရတနာပုံစာအုပ်တိုက်)<br>၁၀၀/ (D)၊ အင်းယားလမ်း၊<br>ကမာရွက်မြို့နယ်၊ ရန်ကုန်။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ် | - | ဒေါ်ခင်အေးမြင့်<br>(ရာပြည့်အော့ဖ်ဆက်)<br>၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်။ |
| မျက်နှာဖုံးပန်းချီ | - | GLORY |
| အတွင်းဖလင် | - | Qualituy |
| စာအုပ်ချုပ် | - | ကိုမြင့် |
| တန်ဘိုး | - | ၁၃၀၀ ကျပ် |

www.burmeseclassic.com

# စစ္စလီကျွန်း ၁၉၄၃

၁၉၄၃- ခုနှစ် ဇူလိုင်လတွင် စစ္စလီကျွန်းတောင်ဘက်ပိုင်း ကမ်းခြေသို့ အမေရိကန်တပ်များ တက်ရောက်ပြီး ခုနှစ်ရက်အတွင်းမှာပင်ပါလာမိုမြို့တော်သို့ မယုံကြည်နိုင်ဖွယ်ရာ လျင်မြန်စွာရောက်ရှိသွားကြသည်။ အမေရိကန်တပ်များ၏ အောင်မြင်မှုမှာ ချားလပ်ကီး လူစီယာနို ခေါင်းဆောင်သော စစ္စလီကျွန်း မာဖီးယားအဖွဲ့ကြီး၏ မသေးငယ်သော ပူးပေါင်းဆောင်ရွက်မှုကြောင့်ပင် ဖြစ်ပါသည်။ သမိုင်း အထောက်အထာအရပြောရလျှင် လူစီယာနိုသည် ထိုအချိန်က အမေရိကန်ပြည်ထောင်စု နယူးယောက်ပြည်နယ်ရှိ ဂရိတ်မဲဒိုး အကျဉ်းထောင်ကြီးတွင် ထောင်ဒဏ် နှစ်ပေါင်း သုံးဆယ်မှ ငါးဆယ်အတွင်း အပြစ်ဒဏ်ကို ကျခံနေရသည်။ သို့သော် သည်ဇာတ်လမ်းနှင့်ပတ်သက်ပြီး အံ့ဩစရာကောင်းသည်ကတော့ အထွေထွေထိုးစစ်ကြီး မတိုင်မီကာလတွင် အမေရိကန်တပ်များနှင့်အတူ လူစီယာနိုကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရသည်ဟု ဆိုသူများ စစ္စလီကျွန်းတွင် ယနေ့တိုင် ရှိနေကြခြင်းပင် . . .

www.burmeseclassic.com

# [၁]

ညနေဆည်းဆာအချိန်တွင် ဟယ်ရီကာတာကို သယ်ဆောင်လာသော ဂျစ်ကားကလေးသည် အယ်လ်ဂျီးယားမြို့ အပြင်ဘက်ရှိ မူအား ပိသုကာ-လက်ရာကျော် ဒါအယ်ကွက်စံအိမ်တော် မုခ်တံတားကို ဖြတ်သန်းကာ လှပစွာ မွမ်းမံခြယ်လှယ်ထားသော ကုန်းတံခါးပေါက်ကြီး ရှေ့တွင် တုံ့ခနဲ ရပ်လိုက်သည်။

'ဒီမှာစောင့်နေ'

ကာတာသည် ယာဉ်မောင်းကိုမှာကြားပြီးနောက် အစောင့်စစ်သား များကို ကျော်လွန်ကာ လှေခါးများကို တက်သွားသည်။

အတွင်းဘက်ရှိ မှုန်ရီအေးမြသော ခန်းမဆောင်ကြီးထဲတွင်ကား လူငယ်ဗိုလ်ကြီးတစ်ယောက်သည် နွေရာသီဝတ်စုံဖြင့် စားပွဲတစ်လုံးတွင် အလုပ်လုပ်လျက်ရှိသည်။ သူ၏ရှေ့မှ အမည်ဆိုင်းဘုတ်ကလေးက ' ဗိုလ်ကြီး ဂျော့ကူးဆတ်' ဟု ဖော်ပြလျက်ရှိသည်။ ကာတာကို သူမော့ကြည့်သည်။ ကာတာ ၏ စစ်ဝတ်စုံ၊ ပခုံးပေါ်မှ သရဖူများနှင့် သူရဲကောင်းဘွဲ့တံဆိပ် ဒုတိယဆင့်တို့ကို တွေ့မြင်သောအခါ မတ်တတ် ထရပ်လိုက်သည်။

'ကျွန်တော် ဘာလုပ်ပေးရမလဲ ဗိုလ်မှူး'

ကာတာက သူ၏ ခွင့်ပြုလက်မှတ်ကို ထုတ်ပြယင်း . . .

ရတနာစာအုပ်တိုက်

www.burmeseclassic.com

BURMESE CLASSIC .com



'ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါနဲ့ ချိန်းထားတယ်'

ဗိုလ်ကြီးကူးဆတ်သည် ခွင့်ပြုလက်မှတ်ကို ခေတ္တမျှ ကြည့်ပြီးနောက် ခေါင်းညိတ်လိုက်သည်။

'ဆယ်မိနစ်လောက်ကြာလိမ့်မယ် ဗိုလ်မှူး၊ ခဏကလေး ထိုင်ပါဦး၊ ဗိုလ်မှူး ရောက်နေတဲ့အကြောင်း ကျွန်တော်သွားပြောလိုက်မယ်'

ဟယ်ရီကာတာသည် မှန်တံခါးတစ်ခုမှ နေ၍ အပြင်ဘက်ရင်ပြင်သို့ ထွက်သွားပြီး ကုလားထိုင်တစ်လုံးတွင် ထိုင်လိုက်သည်။ သူသည် ခေတ္တမျှ တုံ့ဆိုင်း နေပြီးနောက် အကျီအိတ်အတွင်းမှ ငွေစီးကရက်ဗူး အဟောင်းလေး တစ်ခုကို ထုတ်ယူပြီး စီးကရက်တစ်လိပ် ရွေးယူသည်။

သူသည် အသက် လေးဆယ့်နှစ်နှစ်အရွယ်ရှိပြီး အရပ်အမောင်းမှာ မနိမ့်မမြင့်ဖြစ်သည်။ လူချောလူခန့် တစ်ယောက်ဖြစ်သည်။ သူ့မျက်နှာက တည်ငြိမ်ချိုသာသည်။ အမြဲတန်းလိုပင် ပြုံးတော့မယောင်ရှိသည်။ သူသည် စစ်ဝတ်စုံနှင့် ကြည့်၍ ကောင်းလှသည်။ သို့သော် အံ့သြဖွယ်ရာကောင်းသည် ကတော့ သူသည်စစ်မျိုးစစ်နွယ်မဟုတ်ဘဲ ရောက်ရှိုင်းယားမှ ချမ်းသာကြွယ်ဝ သော ဂျုံစက်ပိုင်ရှင်တစ်ဦး၏ ဒုတိယ သားဖြစ်ပြီး ဗီဇအားဖြင့် အသိပညာရှင် တစ်ဦးသာ ဖြစ်သည်။ သူသည် လိဒ်အထက်တန်းကျောင်းတွင် အသက် ၁၃နှစ် ရွယ်အထိ ပညာသင်ကြားခဲ့ပြီး ဝင်ချက်စတာကျောင်းသို့ ပြောင်းရွှေ့သင်ကြား သည်။ ၁၉၁၇ ခုနှစ်တွင် ထိုကျောင်း မှ သူထွက်ပြီး စစ်ထဲသို့ အသက်လိမ်ပြီး ဝင်ရောက်သည်။ ပထမကမ္ဘာစစ်ကြီး၏ နောက်ဆုံး ဆယ့်ရှစ်လ ကာလတွင် အနောက်ဘက်စစ်မျက်နှာ ခြေလျင်တပ်သားကလေးအဖြစ် ထမ်းဆောင်ခဲ့သည်။

ထို့နောက်တွင်ကား ကိန်းဗရစ်တက္ကသိုလ်သို့ သူရောက်ရှိသည်။ ထက်မြက် သော ပညာရှင်တစ်ဦး ဖြစ်လာသည်။ ဖလောရင့် တက္ကသိုလ် ဂရိတ် ရှေးဟောင်း သုတေသနပညာ ဌာနသည်ပါမောက္ခအဖြစ်ထမ်းရွက်သည်။ ထို့နောက် ကိန်းဗရစ် တက္ကသိုလ်သို့ ပြန်လည်ရောက်ရှိသည်။ အသက် သုံးဆယ့်ငါးနှစ်အရွယ်တွင် ရှေး ဟောင်း သမိုင်းပါမောက္ခ ဖြစ်လာသည်။

မြူးနစ်စာချုပ်အပြီးတွင် ဗြိတိသျှ ထောက်လှမ်းရေး အဖွဲ့က သူ့ကို စည်းရုံးသည်။ အင်္ဂလန်နိုင်ငံရှိ ဂျာမန်သူလျှိုလုပ်ငန်းကို ဖြိုဖျက်ရာတွင် သူ ပါဝင်သည်။ ထို့နောက် အကူစစ်ဆင်ရေးအဖွဲ့သို့ သူပြောင်းရွှေ့ရသည်။ နောက်ဆုံးတွင် သူသည် ကိုင်ရိုမြို့သို့ ပြောင်းရွှေ့ရပြီး အီတလီဌာနစိတ်ကို

www.burmeseclassic.com



တာဝန်ခံရသည်။ ထို့နောက် စစ္စလီကျွန်းကိုစ ပါဝင်လာသည်။

သူ၏ နောက်ဘက်တွင် လှုပ်ရှားမှု တစ်ခုတွေ့ရသဖြင့် ကြည့်လိုက်သောအခါ ဗိုလ်ကြီး ကူးဆတ်ကို တွေ့ရှိရသည်။

'ဗိုလ်မှူးကာတာခင်ဗျား၊ ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါက ဗိုလ်မှူးကို အခုပဲ လက်ခံ တွေ့ဆုံပါလိမ့်မယ်'

* * *

အိုက်ဆင်ဟောင်ဝါ၏ ရုံးခန်းသည် စံအိမ်တော်ကြီး တစ်ခုလုံး၏ နည်းတူပင် မူအားပိသုကာ လက်ရာများဖြင့် လှပစွာ ဆင်ယင် မွမ်းမံထားသည်။ အာဖရိကတိုက် မြောက်ပိုင်း စစ်ဒေသဦးစီးမှူးကြီး၏ ဌာနချုပ် ပင်မရုံးခန်း ဖြစ်ကြောင်းကို နံရံပေါ်ရှိ မြေပုံများကသာ ညွှန်ပြလျက်ရှိသည်။

အခန်းတွင်းသို့ သူတို့ ဝင်ရောက်သွားချိန်တွင် အိုက်ဆင်ဟောင်ဝါသည် အပြင်ဘက် ရင်ပြင်ပေါ်တွင်မတ်တတ်ရပ်လျက်ရှိသည်။ စီးကရက်သောက်နေသည်။ မြင်းစီးဘောင်းဘီနှင့် ဖိနပ်များကို စီးထားသည်။ သူက ညနေတိုင်းလိုပင် မြင်းစီးထွက်လေ့ရှိသည်။ သူတို့ရှိရာဘက်သို့ သူလှည့်ပြီး ဖြတ်လတ်သွက်လက်စွာ လျှောက်လာသည်။ သူ၏ မျက်နှာပေါ်တွင်ကား ထင်ရှားကျော်ကြားသော အပြုံးက တောက်ပလျက်ရှိသည်။ မည်သူမျှ မတုပနိုင်သော အပြုံးမျိုးဖြစ်သည်။

'ကော်ဖီယူခဲ့ပါ ဂျော့၊ သြော် နေဦး၊ ဗိုလ်မှူးက လက်ဖက်ရည်များ သောက် မလား'

သူက ကူးဆတ်ကို ပြောသည်။

'ကော်ဖီပဲ ကောင်းပါတယ် ခင်ဗျာ'

ကာတာက ဖြေသည်။

ကူးဆတ်ထွက်သွားသည်။ အိုက်ဆင်ဟောင်ဝါက ကာတာကို ကုလားထိုင်တစ်လုံး ညွှန်ပြပြီးနောက် ဖိုင်တစ်ခုကို စားပွဲပေါ်တွင် ဖွင့်လိုက်သည်။

'ဗိုလ်မှူးလို တက္ကသိုလ်ကလူတစ်ယောက်ကဘာယ်လိုလုပ်ပြီး စစ္စလီကျွန်းက ကျေးတောသားတစ်ယောက်ဖြစ်နိုင်မလဲ'

'ဒီအတွက်ကတော့ တက္ကသိုလ် အနုပညာ အသင်းကို ဗိုလ်ချုပ်ကြီး

www.burmeseclassic.com

စဉ်းစားစေချင်ပါတယ်၊ ကျွန်တော်က ဇာတ်သဘင်လောကကို ဝင်ဖို့တောင် စိတ်ကူးမိခဲ့တယ်'

'ဗိုလ်မှူးက ဒါလောက်ပဲ တော်သလား'

'ကျွန်တော်ဟာ အဲဒီလောက်မတော်ရင်လဲ ဒီနေရာကို ရောက်မလာ ပါဘူး ဗိုလ်ချုပ်ကြီး'

ကာတာက တည်ငြိမ်စွာ ပြန်ပြောသည်။

'အထူးစစ်ဆင်ရေးအဖွဲ့က ဗိုလ်မှူးကို အီတလီဌာနစိတ် တာဝန်ယူဖို့ ကိုင်ရိုကို လွှတ်လိုက်တုန်းက စစ္စလီကျွန်းကို ကိုယ်ရေးကိုယ်တာကိစ္စနဲ့ ဗိုလ်မှူး သုံးခေါက်တိတိ သွားခဲ့တဲ့ကိစ္စကို သူတို့ ထည့်တွက်ပုံ မရဘူး'

ဗိုလ်ချုပ်ကြီးက ဖိုင်ကို ကြည့်ယင်း ပြောသည်။

'မှန်ပါတယ် ဗိုလ်ချုပ်ကြီး၊ ဒါပေမဲ့ ကျွန်တော်တို့ မှာ တခြား ရွေးစရာလဲ မရှိပါဘူး၊ စစ္စလီကျွန်းကိစ္စပေါ်လာတဲ့အခါမှာ အဲဒီကျွန်းက လူတွေအကြောင်းနဲ့ အဲဒီကျွန်းက ဘာသာစကားတွေကို သိတဲ့လူဆိုလို့ ကျွန်တော်ကလွဲရင် တခြား ဘယ်သူမှ မရှိပါဘူး၊ ကျွန်တော်က အဲဒီမှာ ၁၉၃၀ တစ်ဝိုက်က ရှေးဟောင်း- သုတေသန တူးဖော်မှုတွေ အတော်ကလေး လုပ်ခဲ့ပါတယ်'

'အဲဒီတော့ အခုလဲ ဗိုလ်မှူး တစ်ခေါက်သွားဦးမယ် ဆိုပါတော့၊ ဒီကိစ္စမျိုးအတွက် ဗိုလ်မှူးအနေနဲ့ အသက်နည်းနည်း ကြီးသွားပြီလို့များ မတွက်မိဘူးလား'

ထို့နောက် အိုက်ဆင်ဟောင်ဝါသည် စာရွက်တစ်ရွက်ကို စားပွဲပေါ်တွင် တွန်းပြီး ပို့လိုက်သည်။ ကာတာက ယင်းစာရွက်ကို ကောက်ယူလိုက်သည်။ အထူး စစ်ဆင်ရေးအဖွဲ့၏ ညွှန်ကြားချက်တစ်ခုပင် ဖြစ်သည်။

စစ်ဆင်ရေး ညွှန်ကြားချက် အမှတ် ၅၉၂

ဗိုလ်မှူး ဟယ်ရီကာတာအတွက်၊

စစ်ဆင်ရေး၊ ညာလက်ရုံး

စစ်ဒေသအမည်၊ ဖော်ကျူနေတို

မှတ်ပုံတင်အမည်၊ ဂျီယိုဗန်နီစီစီယို

## အကြောင်းအရာ

ယခုနှစ် ဖေဖော်ဝါရီလအတွင်းက စစ္စလီကျွန်းသို့ ရဲဘော်သွားရောက် စဉ်က

www.burmeseclassic.com



ဆောင်ရွက်ခဲ့သော လုပ်ငန်းတာဝန်များကို အပြီးသတ်ဆောင်ရွက်ရေး အတွက် အဆိုပါကျွန်းသို့ ရဲဘော် နောက်တစ်ခေါက် သွားကောင်းသွားရမည့် အကြောင်းကို ရဲဘော်နှင့် ကျွန်ုပ်တို့ဆွေးနွေးပြီး ဖြစ်လေသည်။ ရဲဘော်၏ တာဝန်ကို ထပ်မံဖော်ပြရလျှင် မဟာမိတ်တပ်ဖွဲ့များ ထိုးစစ်ကြီး ဆင်နွှဲသော အခါတွင် အစွမ်းကုန်ပူးပေါင်း ဆောင်ရွက်မှု ရရှိရေးအတွက် ကမ္ဘရာတာဒေသရှိ တော်လှန်ရေး အုပ်စုများနှင့် ဆက်သွယ်ရန်ဖြစ်သည်။ ဤတာဝန်ကို ထမ်းဆောင် ရန်အတွက် အထက်ပါဒေသသို့ ရဲဘော် ပြန်လည်သွားရောက်ရေး ကိစ္စတွင် မည်သည့်အကြောင်းကမျှ တားဆီးခြင်းမရှိကြောင်း ရဲဘော်၏ စိတ်ထဲတွင် ပြတ်သားစွာ သဘောပေါက်ထားရမည်ဖြစ်သည်။

## အစီအစဉ်

မေဆင်ဘလင်ချီ လေတပ်စခန်းမှတစ်ဆင့် စစ္စလီကျွန်းသို့ ၁၃၈ (အထူးတာဝန်) လေယာဉ်အုပ်စုမှ ဟယ်လီဖက်လေယာဉ်ဖြင့် သွားရောက်ရမည်။ ဗယ်လိုနာရွာ၏ အနောက်ဖက် ၁၀ကီလိုမီတာတွင် လေထီးဖြင့် ဆင်းသက်ရ မည်။ ဒေသဆိုင်ရာ တော်လှန်ရေးအုပ်စုမှ လက်ခံ ကြိုဆိုမည်။ ရဲဘော်သည် အဆိုပါဒေသတွင် ဂျီယို ဗန်နီစီစီယို အမည်ဖြင့် ရုပ်ဖျက်နေထိုင်ရမည်။

## အတွင်းဆက်သွယ်ရေး

ပါမိုလာဒေသရှိ တော်လှန်ရေး အင်အားစုများနှင့် ဆက်သွယ်ရေးမှာ ယင်းမြို့၏ အပြင်ဘက်တွင်ရှိသော စံရိပ်သာ၌ နေထိုင်လျက်ရှိသော ဗယ်လိုနာ ထိပ်ထားမှ တစ်ဆင့် ဖြစ်သည်။ ဌာနချုပ်နှင့် ဆက်သွယ်ရေးမှာ ဗယ်လိုနာဒေသရှိ ဆက်သွယ်ရေးမှူး ဗစ်တိုဗာဗီရာမှ တစ်ဆင့် ရေဒီယိုဖြင့် ဆက်သွယ်ရန်ဖြစ်သည်။

## လက်နက်များ

မိမိနှစ်သက်ရာ သုံးနိုင်သည်။ သို့သော် လက်နက်မဲ့ တိုက်ခိုက်ခြင်းကို ဦးစားပေးရမည်။

**ရဟာနာခာအုပ်ထိုက်**

www.burmeseclassic.com



## နီဂိုးချုပ်

ဤလုပ်ငန်းတာဝန် အရေးကြီးကြောင်း ရဲဘော်သတိပြုရမည်။ ဤလုပ်ငန်းမှတပါး အခြားမည်သည့် အကြောင်းကိစ္စကိုမျှ ဦးစားမပြုရ။ နှစ်ပတ်အတွင်း ပြီးပြတ်အောင် ဆောင်ရွက်ရမည်။ အပြန်ခရီးတွင် ရေငုတ်သင်္ဘောဖြင့် ခေါ်ဆောင်မည်။ အသေးစိတ် အစီအစဉ်များကို သင့်လျော်သော အချိန်တွင် ရေဒီယိုမှ လျှို့ဝှက်ညွှန်ကြားမည်။

ယခုဖျောက်ဖျက်ရန် .....ယခု ဖျောက်ဖျက်ရန် ..... ယခု ဖျောက်ဖျက်ရန်။

ကာတာသည် အိတ်ထဲမှ မီးခြစ်ထုတ်ပြီး လက်မဖြင့် ခြစ်လိုက်သည်။ မီးတောက်ကလေးကို ညွှန်ကြားလွှာ၏ အောက်ဖက်ထောင့်တွင် တို့ထိလိုက်သည်။ ညွှန်ကြားလွှာကို မီးစွဲလောင်သော အခါ သူသည် မီးမရှိသော မီးလင်းဖိုဆီသို့ လျှောက်သွားပြီး အတွင်းသို့ ပစ်ထည့်လိုက်သည်။

'ဗိုလ်ချုပ်ကြီးရဲ့ လက်ထဲမှာလည်း ဒီညွှန်ကြားလွှာ မရှိသင့်ဘူးပေါ့'

တံခါးပွင့်သွားသည်။ ကြေးလင်ဗန်း တစ်ခုပေါ်တွင် ကော်ဖီအိုးနှင့် ပန်းကန်များတင်ပြီး ကူးဆတ် ဝင်ရောက်လာသည်။

'ကျေးဇူးပဲဂျော့၊ ငါ့ဘာသာ ထည့်မယ်'

အိုက်ဆင်ဟောင်ဝါက ပြောလိုက်သည်။

ကော်ဖီကို သူကိုယ်တိုင်ငှဲ့ပြီးနောက် စီးကရက်တစ်လိပ်ကို မီးညှိသည်။

'စစ္စလီကျွန်းမှာ လက်ရှိဖြစ်ပျက်နေတဲ့ အခြေအနေတွေကို မြောက်အာဖရိကမှာရှိနေတဲ့ လူတွေအားလုံးထက် ဗိုလ်မှူးက ပိုပြီးသိလိမ့်မယ်လို့ ကျုပ်ယူဆတယ်၊ အဲဒီတော့ စစ္စလီကျွန်းအကြောင်း ပြောကြရအောင်'

'ဗိုလ်ချုပ်ကြီး ဘာပိုသိချင်ပါသလဲ'

'မာဖီးယားအကြောင်း ကျုပ်ကို ရှင်းပြစမ်းပါ'

'ဗိုလ်ချုပ်ကြီးမှာ မာဖီးယားနဲ့ပတ်သက်တဲ့ ဖိုင်တွဲရှိလိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်'

'ရှိတယ်'

ကာတာ စီးကရက်တစ်လိပ် မီးညှိသည်။

www.burmeseclassic.com



'မာဖီးယားဟာ အပြင်းအထန် ဖိနှိပ်ညှင်းပန်းခံရတဲ့ခေတ်ကာလမှာ လျှို့ဝှက်အဖွဲ့အစည်းတစ်ခုအနေနဲ့ စတင်ပေါ်ပေါက်ခဲ့တယ်၊ အဲဒီခေတ်ကာလ မှာ မာဖီးယားဟာ တောင်သူလယ်သမားတွေရဲ့ တစ်ခုတည်းသော လက်နက်ပဲ၊ တစ်ခုတည်းသော အမှန်တရားပဲ'

'ဆက်ပြောပါ'

'သူတို့ဆီက နယ်မြေအခြေအနေကို ဗိုလ်ချုပ်ကြီး သဘောပေါက်ဖို့ လိုပါတယ်၊ သူတို့ရဲ့ ရေမြေက ကျွန်တော်တို့နဲ့ မတူတဲ့ ကမ္ဘာတစ်ခုပဲ၊ ရာသီဥတု မကောင်းဘူး၊ မြေသြဇာမကောင်းဘူး၊ အဲဒီမှာ တိုက်ပွဲဆိုတာ အသက်ရှင်ရေး အတွက် လှုပ်ရှားမှုပဲ၊ အဲဒီကမ္ဘာရဲ့ လက်စွဲစကားကတော့ အိုမာတာပဲ၊ အိုမာတာ ရဲ့အဓိပ္ပာယ်ကတော့ ယောက်ျားပီသရမယ်၊ ဂုဏ်သိက္ခာရှိရမယ်၊ အာဏာပိုင် ပုဂ္ဂိုလ်တွေဆီက အကူအညီမယူရဘူး၊ ပြဿနာပေါ်လို့ရှိယင် ကာပို ဆီကို သွားရမယ်'

'ကာပို ဟုတ်လား'

အိုက်ဆင်ဟောင်ဝါက မျက်မှောင်ကုပ်လိုက်သည်။

'ကာပိုဆိုတာ အကြီးအကဲ ခေါင်းဆောင်၊ ဘာပဲပြောပြော ရတယ်၊ စစ္စလီကျွန်း ဘယ်နေရာ ဘယ်ဒေသကိုပဲသွားသွား အဲဒီနေရာ အဲဒီဒေသမှာ အုပ်ချုပ်နေတဲ့ မာဖီးယား ကာပို တစ်ယောက်ကိုတွေ့ရမယ်'

' အခုထိ ရှိနေတုန်းပဲလား'

'မူဆိုလိုနီဟာ မာဖီးယားဂိုဏ်းကို ဖြိုခွဲဖို့ ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ ပြိုမသွားဘဲ မြေအောက်ကို လျှိုးသွားတယ်၊ အဲဒီမှာ ခွဲရေးသမားတွေ ရှိတယ်၊ ကွန်မြူနစ်တွေ ရှိတယ်၊ တခြား နိုင်ငံရေးဂိုဏ်းတွေရှိတယ်၊ ဒါပေမဲ့ စစ္စလီကျွန်း မှာ တကယ် သြဇာအာဏာရှိတာကတော့ မာဖီးယားပဲ'

အိုက်ဆင်ဟောင်ဝါ ငေးစိုက်ပြီး ကြည့်နေသည်။ တစ်စုံတစ်ခုကို တွေး နေသည်။

နောက်ဆုံးတွင် သူသည်တစ်စုံတစ်ခုကို ဆုံးဖြတ်ချက်ချလိုက်သည်။ အလားတူ ရှေ့တွင်ရှိနေသော ဖိုင်အညိုကြီးကို လက်ဖြင့် ပုတ်လိုက်သည်။

'ဒီဖိုင်ဟာ ဗိုလ်မှူးပြောတဲ့ မာဖီးယား ဖိုင်ပဲ၊ ဒီဖိုင်ထဲမှာ ဖော်ပြထားတဲ့ လပ်ကီး လူစီယာနို ဆိုတဲ့ ပုဂ္ဂိုလ်ကို ဗိုလ်မှူးသိသလား'

ကာတာ ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com



'နယူးယောက်မြို့က စစ္စလီဒုစရိုက်သမား တစ်ယောက်ပဲ၊ အမေရိကန် နိုင်ငံ မာဖီးယား လောကမှာ အရေးပါ အရာရောက်ဆုံး ကာပိုတစ်ယောက်ပဲ၊ လောလောဆယ်အချိန်မှာ သူဟာ ဒန်နီမိုရာ အကျဉ်းထောင်မှာ ထောင်ဒဏ် အနှစ်သုံးဆယ်မှ ငါးဆယ် ကျခံနေရတယ်၊ ပြည့်တန်ဆာ ပုဒ်မနဲ့ ကျခံနေရတာပဲ'

'သူ့ကိုအခု နယူးယောက်ဂရိတ်မဲဒိုး အကျဉ်းထောင်မှာ ရွှေ့ထားတယ်၊ မနှစ်က ဟတ်ဆင်ပင်လယ်အော်ထဲမှာ နော်မန်ဒီသင်္ဘော မီးလောင်ပြီး ကတည်း က ရေတပ်က ထောက်လှမ်းရေးသမားတွေဟာ နယူးယောက်ဆိပ်ကမ်းမှာ အဖျက်လုပ်ငန်းတွေ တိုးပွားလာမှာကို သိပ်စိုးရိမ်နေကြတယ်'

အိုက်ဆင်ဟောင်ဝါက ပြောသည်။

'မှန်ပါတယ် ဗိုလ်ချုပ်ကြီး၊ သင်္ဘောကျင်း အလုပ်သမားများ သမဂ္ဂကို သူတို့ ချဉ်းကပ်တဲ့အခါမှာ သူတို့ တကယ်ချဉ်းကပ်ရမယ့်လူဟာ လူစီယာနိုဖြစ် ကြောင်း သူတို့သိရတယ်။ သူဟာအပြင်မှာပဲ ရှိနေနေ၊ ထောင်ထဲမှာပဲ ရှိနေနေ အတူတူပဲ ဆိုတာ သူတို့တွေ့ရတယ်'

ထိုအခါ အိုက်ဆင်ဟောင်ဝါက. . .

'အိမ်း . . . တကယ်ကို မယုံကြည်နိုင်စရာပဲ၊ ကမ္ဘာ့သမိုင်းမှာ အကြီးကျယ်ဆုံး စစ်ပွဲကြီးတစ်ရပ်ကို ဆင်နွှဲနေတုန်းမှာ ထောင်ထဲက လူဆိုး တစ်ယောက်ဆီမှာ အကူအညီတောင်းရတယ်ဆိုတာ တကယ့်ကို မယုံကြည်နိုင် စရာပဲ၊ ဒါတင်မကသေးဘူး၊ ကျုပ် အခုသိရတာက ကျုပ်တို့လူတွေဟာ အမေရိကမှာရှိတဲ့ စစ္စလီအဆက်အနွယ်တွေကို ထောက်လှမ်းရေးသမားတွေ အဖြစ်နဲ့ စစ္စလီကျွန်းကို ပို့နေတယ်၊ အဲဒါကိုကော ဗိုလ်မှူး သိသလား'

'အမှန်တော့ ဒီကိစ္စက အမေရိကန်နိုင်ငံရဲ့ စီမံကိန်းပါပဲ ဗိုလ်ချုပ်ကြီး၊ ဒါပေမဲ့ ကျွန်တော်သိပါတယ်၊ ဒီလုပ်ငန်းရဲ့ ရည်ရွယ်ချက်ကတော့ ထိုးစစ်ကြီး ဆင်နွှဲတဲ့အခါမှာ မာဖီးယားအဖွဲ့ကြီးရဲ့ ပူးပေါင်းဆောင်ရွက်မှု ရရှိဖို့ပါပဲ'

'မြတ်စွာဘုရား၊ ကျုပ်တို့ဟာ စစ်ကြီးတစ်ခုကို အတူတူတွဲပြီး တိုက် နေရာ ကျမနေဘူးလား'

အိုက်ဆင်ဟောင်ဝါက ဒေါသဖြင့်ပြောလိုက်သည်။ ထို့နောက် သူသည် စီးကရက်တစ်လိပ်ကို နှိုက်ယူပြီး မီးခြစ်ကို ခပ်ကြမ်းကြမ်း ခြစ်လိုက်သည်။ မီးခြစ်ဆံ ကျိုးသွားသည်။

'သူတို့ထောင်ထဲကိုသွားပြီး လူစီယာနိုဆီမှာ အကူအညီတောင်း

www.burmeseclassic.com



ကြတယ်၊ ဒီလူဟာ စစ္စလီကျွန်းမှာလဲ ဩဇာအာဏာ ရှိလိမ့်မယ်လို့လဲ သူတို့ ယူဆနေကြပုံရတယ်'

'စစ္စလီကျွန်းမှာ သူ့ရဲ့ ဩဇာအာဏာရှိနေတာတော့ အမှန်ပါပဲ ဗိုလ်ချုပ်ကြီး၊ တောင်ပေါ်က ရွာတွေ အချို့ကို သူသွားမယ်ဆိုရင် တမန်တော် ဒုတိယ အကြိမ်ပြန်ကြွလာတဲ့ အတိုင်းပါပဲ'

'ကျုပ်တို့ရဲ့ ထောက်လှမ်းရေး အဖွဲ့ကလဲ ဒီအတိုင်းပဲ ယူဆကြတယ်၊ သင့်လျော်မယ့် အချိန်အချို့မှာ လူစီယာနိုရဲ့ အမှတ်အသား ဖြစ်တဲ့ အယ်စာလုံး အနက်ပါတဲ့ ပုဝါ အဝါတွေကို ကြဲချဖို့ စီစဉ်ထားတယ်'

'အဲဒီအတွက် အကျိုးရှိမယ်လို့ သူတို့ ယူဆထားသလား'

ကာတာက မေးလိုက်သည်။

အိုက်ဆင်ဟောင်ဝါက မြေပုံကို လှည့်ကြည့်ပြီး . . .

'တွက်ကိန်းကတော့ အတော်မှန်ပါတယ်၊ ပက်တန်ရဲ့ တပ်မတော်ကြီး ပါလာမိုကိုရောက်အောင် အခက်အခဲတွေ အများကြီး ကျော်လွှားရမယ်၊ ကမ္ဘာ့ရာတာဒေသဟာ တောင်တွေနဲ့ချောက်တွေပဲရှိတယ်၊ ဒီတောင်တွေ ချောက်တွေကိုသာ ဖြတ်ပြီး သွားရရင် လနဲ့ချီပြီး ခရီးကြာမယ်၊ ဒီလိုမဟုတ်ဘဲ မာဖီးယား ဂိုဏ်းကြီးကသာ လူတွေကို သူပုန်ထအောင် လှုံ့ဆော်နိုင်ရင်၊ အီတလီစစ်တပ်က လူတွေကို လက်နက်ချအောင်လုပ်နိုင်ရင်တော့ ဂျာမန်တွေ ခရုအဆံကျွတ် ဖြစ်မှာပဲ'

'ဟုတ်ကဲ့ ဗိုလ်ချုပ်ကြီး'

'ဗိုလ်မှူး ပြောပုံက သိပ်ပြီး အားမရှိဘူး၊ မာဖီးယား အဖွဲ့ကြီးက စွမ်းဆောင်နိုင်မယ်လို့ ဗိုလ်မှူး မထင်ဘူးလား'

'အမှန်အတိုင်း ပြောရရင်တော့ ဝါရှင်တန်က လူတွေ တွေးထားသလို တော့ မဟုတ်ဘူး ဗိုလ်ချုပ်ကြီး . . . အဲဒီမှာ အရေးကြီးဆုံး အားနည်းချက် တစ်ခု ရှိနေတယ်၊ နယ်မြေတစ်ခုက မာဖီးယားခေါင်းဆောင်တစ်ယောက်ဟာ အခြားနယ်မြေတစ်ခုမှာ ဩဇာ အာဏာ မရှိဘူး၊ နောက်တစ်ခုက ဗိုလ်ချုပ်ကြီး တို့ရဲ့ ထောက်လှမ်းရေးအဖွဲ့က လူတွေဟာ စစ္စလီ ဒါမှမဟုတ် အီတလီ အဆက်-အနွယ်ရှိတဲ့ အမေရိကန် အမှုထမ်းတွေကို စုဆောင်း အသုံးပြုနေတယ်'

'အဲဒီကိစ္စမှာ ဘာမှားသလဲ'

အိုက်ဆင်ဟောင်ဝါက မေးသည်။

www.burmeseclassic.com



‘ဘာမှ မရှိတာထက်စာယင်တော့ အများကြီး ကောင်းပါတယ်၊ ဒါပေမဲ့ အီတလီတစ်ယောက်ဟာ စစ္စလီကျွန်းမှာ သိပ်အလုပ်မဖြစ်ဘူး၊ ဘာသာစကားနဲ့ ပတ်သက်ပြီး ပြောရရင် ပါလာမို ဒေသတစ်ခုထဲမှာကိုပဲ စကား ငါးမျိုးလောက် ရှိတယ်’

‘ဒါပေမဲ့ လူစီယာနိုဟာ ဒီအခက်အခဲတွေကို မကျော်သွားနိုင်ဘူးလား၊ သူ့ရဲ့အမည်ဟာ လူတိုင်းအပေါ်မှာ ဩဇာသက်ရောက်နေတယ် မဟုတ်လား’

‘ကျွန်တော်တော့ ပြည့်စုံလုံလောက်ပြီလို့ မထင်ဘူး’

‘ဒါပေမဲ့ ဝါရှင်တန်ကတော့ ထင်နေတယ်’

‘မှန်ပါတယ်’

ခေတ္တမျှ တိတ်ဆိတ်နေသည်။ အိုက်ဆင်ဟောင်ဝါသည် စားပွဲပေါ်မှ ဖိုင်တွဲများကို မျက်မှောင်ကုပ်ပြီး ကြည့်နေသည်။ ထို့နောက် သူမော့ကြည့်ပြီး. .

‘ဟုတ်ပြီ ဗိုလ်မှူး၊ ဗိုလ်မှူးကို ကိစ္စတစ်ခုတော့ ကျုပ်ပြောပြီးပြီ၊ အခုနောက်တစ်ခု ပြောရဦးမယ်၊ မာဖီးယားကိစ္စကို တကယ်သိတဲ့ လူတစ်ယောက်ရဲ့ ပါးစပ်ကနေ ကျုပ် တိုက်ရိုက်ကြားချင်တယ်၊ နောက် နှစ်ပတ်အကြာ ဒါမှမဟုတ် တစ်ချိန် ချိန်မှာ စစ္စလီကျွန်းက ဗိုလ်မှူး ပြန်ရောက်တဲ့အခါမှာ ကျုပ်ဆီကို ဦးစားပေး တစ် အဖြစ်နဲ့လာပြီး နယ်မြေအခြေအနေတွေကို တင်ပြပါ၊ ကျုပ်ပြောတာ သဘောပေါက်သလား’

‘ပေါက်ပါတယ် ဗိုလ်ချုပ်ကြီး’

‘ဟုတ်ပြီ၊ ဒီလိုဆိုရင် ဗိုလ်မှူး သွားနိုင်ပြီ’

ကာတာအလေးပြုသည်။ အိုက်ဆင်ဟောင်ဝါ ခေါင်းညိတ်ပြီး သူ၏ ဖေါင်တိန်ကို ကောက်ယူသည်။ ကာတာက တံခါးကို ဖွင့်ပြီး ထွက်မည်အပြုတွင်. . .

‘ဗိုလ်မှူးကို တစ်ခုပြောရဦးမယ်’

‘အမိန့်ရှိပါ ဗိုလ်ချုပ်ကြီး’

‘အကြမ်းပတမ်း ကိစ္စတွေကို တခြားလူတွေနဲ့ လွှဲထားပါ၊ ကျုပ်တို့ နောက်တစ်ကြိမ်ချိန်းထားတာကို ဗိုလ်မှူးမလာနိုင်မှာ မဖြစ်စေချင်ဘူး’

* * *

www.burmeseclassic.com

# [၂]

တောင်ရိုးကလေးပေါ်သို့ ကာတာ ရောက်ရှိချိန်မှာပင် မိုးရွာသွန်းသည်။ မိုးက တော်တော်ကြီး သည်းထန်သည်။ တောင်ထိပ်များပေါ်တွင် လျှပ်ပန်းလျှပ်နွယ်များ လင်းလက်သည်။ ကာတာသည် တစ်ဝန်တစ်ပိုးနိုင်လှသော စက်ဘီးကို သစ်ပင်တွင် ထောင်လိုက်ပြီး အိတ်ထဲမှ မှန်ပြောင်းကို ထုတ်ယူသည်။ မှန်ပြောင်းကို မျက်နှာတွင်ကပ်ပြီး ချိန်လိုက်သောအခါ သုံးမိုင်အကွာ ဗယ်လိုနာရွာမှ အိမ်ကလေးများ မြင်ကွင်းတွင်ပေါ်လာသည်။ သူက တောင်ကြားလမ်းကလေးတစ်လျှောက်ကို ထင်းရှူးပင်များ အကြားတွင် ပျောက်ဝင်သွားသည်အထိ လိုက်ကြည့်သည်။ လူတစ်ယောက်မျှ မရှိပါ။ သိုးကျောင်းသမားတစ်ယောက်မျှပင် မရှိပါချေ။

မှန်ပြောင်းကို ပြန်ထည့်ထားလိုက်ပြီးနောက် ကာတာသည် သစ်ပင်များ အကြားမှ ဖြတ်လျက် တောင်ရိုးကလေး၏ အခြားတစ်ဖက်သို့ရောက်သွားသည်။ ထိုမှနေ၍ အောက်ဘက်နေရောင်ခြည်တွင် ငြိမ်သက်စွာရှိနေသော စံရိပ်သာက လေးကို ငုံ့ကြည့်သည်။ စံရိပ်သာကလေးသည် သူ့ကို ငံ့လင့်လျက်ရှိချေသည်။

သူသည် မောပန်း နွမ်းနယ်နေပြီဖြစ်သော်လည်း နိဂုံးချုပ် အခြေအနေများကို တွေ့မြင်ရတော့မည်ဖြစ်သဖြင့် စိတ်အားတက်ကြွလျက်ရှိပါသည်။

www.burmeseclassic.com



သူသည် တောင်စောင်းအတိုင်း ထင်းရှူးပင်ကလေးများအကြားတွင် ဘိုင်စကယ်ကလေးကို တွန်းကာ ဆင်းသွားသည်။

သူသည် ခြံဝင်းအတွင်းသို့ နောက်ဖေးတံခါးပေါက်မှ ဝင်ရောက်ပြီး လမ်းကလေးတစ်ခုအတိုင်း ကွေ့ပတ်ကာ စံရိပ်သာ အဆောက်အအုံရှေ့သို့ ရောက်ရှိသွားသည်။ ဘိုင်စကယ်ကို ကဗျာမဆံသော ရေပန်းကလေးတွင် မှီ ထောင်လိုက်ပြီး အိမ်ရှေ့တံခါးဆီသို့ ကာတာလျှောက်သွားသည်။ အတွင်းဘက်တွင် မီးလင်းနေသည်ကိုတွေ့ရသည်။ လူခေါ်ခေါင်းလောင်းကြိုးကို ဆွဲလိုက်သည်။ တံခါးဆီသို့ လျှောက်လာသောခြေသံများ ကြားရသည်။ ထို့နောက် တံခါးပွင့်သွားသည်။

တံခါးဝတွင် လူတစ်ယောက်ပေါ်လာသည်။ အသက်လေးဆယ်ခန့် ရှိချေပြီ။ ဆံပင်များနှင့် မုတ်ဆိတ်မွေးများ ဖြူစပြုနေပြီ။ သူသည် အယ်ပတ်ကား အင်္ကျီ နှင့် လည်စည်း အနက်နှင့် ဖြစ်သည်။ ကာတာကို သဘောမကျဟန်ဖြင့် ကြည့်ပြီး . . .

'ဘာလိုချင်လို့လဲ'

ကာတာက ခေါင်းမှ အဝတ်ဦးထုပ်ကို ချွတ်လိုက်ပြီး စစ္စလီဘာသာ စကားဖြင့် ပြန်ပြောသည်။ သူ့အသံက ခပ်ရိုင်းရိုင်းပင်ဖြစ်သည်။

'ကျုပ်မှာ သခင်မအတွက် စာပါလာတယ်'

ထိုလူက လက်ကို ဆန့်တန်းလိုက်ပြီး . . .

'ကျုပ်ကို ပေးခဲ့'

ကာတာ ခေါင်းကို ယမ်းခါပြီး. . .

'ကျုပ်ကို ပေးလိုက်တဲ့ အမိန့်က သခင်မကို ကိုယ်တိုင်ပေးဖို့ပဲ၊ ကျုပ်လာမယ်ဆိုတာ သူသိတယ်၊ စီစီယို ရောက်နေပြီလို့ သူ့ကိုပြောလိုက်'

ထိုလူပခုံးတွန့်လိုက်ပြီး . . .

'ကောင်းပြီ၊ အထဲကိုဝင် သူ့ကို ကျုပ်သွားပြောမယ်'

ကာတာ အတွင်းသို့ ဝင်လိုက်သည်။ သူ့ကိုယ်မှ မိုးစက်များ ကျောက်ပြားများပေါ်သို့ တစ်စက်စက်ကျနေသည်။ အစေခံကြီးသည် မကျေနပ်ဟန်ဖြင့် မျက်မှောင်ကုတ်လိုက်ပြီးနောက် တစ်ဖက်သို့ လျှောက်သွားသည်။ ခန်းဆီးစိမ်း တပ်ထားသော တံခါးပေါက်တစ်ခုမှနေ၍ မီးဖိုဆောင်ကြီး အတွင်းသို့ ဝင်ရောက်သွားသည်။ အတွင်းသို့ ဝင်မိသည်နှင့် တစ်ပြိုင်နက် သူ့ကိုယ်ပေါ်မှ ဝေါ်လသာ

www.burmeseclassic.com



သေနတ်ကို ထုတ်ယူလိုက်သည်။ သေနတ်ကို လျှင်မြန်စွာ စစ်ဆေး ကြည့်ရှုပြီးနောက် မီးဖိုကြီး တစ်ခုဘေးရှိ ကြောင်အိမ်တစ်လုံးကိုဆွဲဖွင့်ကာ စစ်မြေပြင်သုံး တယ်လီဖုန်းအိုတစ်လုံးကို ထုတ်ယူလိုက်သည်။ တယ်လီဖုန်းလက်ကိုင်ကို လှည့်လိုက်ပြီးနောက် လေကလေးချွန်ကာ စောင့်ဆိုင်းနေသည်။ ဝေါလသာ သေနတ်ကို သူ့ပေါင်ပေါ်တွင် ထိလိုက်ကာ စည်းချက်လိုက်နေသည်။

တစ်ဖက်မှ အသံထွက်ပေါ်လာသော အခါ သူက ဂျာမန်လိုပြန်ပြော သည်။

'စံရိပ်သာက ရှက်ဖာပြောနေတယ်၊ ကာတာရောက်လာပြီ၊ ဘာမှ ပြဿနာ မရှိဘူး၊ အဲဒီက ရောက်လာကြတဲ့အထိ သူ့ကို ကျွန်တော်ထိန်းထားမယ်'

တယ်လီဖုန်းကို ကြောင်အိမ်ထဲတွင်ပြန်ထားလိုက်ပြီးနောက် လေကလေးကို ချွန်ကာ တံခါးဆီသို့ သူလျှောက်သွားသည်။

* * *

ကာတာတုန်နေသည်။ ချမ်းနေသည်။ သူ့တစ်ကိုယ်လုံး မိုးရွှဲရွှဲစိုနေသည်။ ကိစ္စများ အားလုံး ပြီးစီးတော့မည်ဖြစ်သည်။ သို့သော် သူပန်းနေသည်။ တစ်ဖက်နံရံရှိ ရွှေဘောင်ကွပ် မှန်ထဲတွင် သူ၏ ရုပ်သဏ္ဌာန်ကိုမြင်နေရသည်။ လူလတ်ပိုင်း စစ္စလီ ကျေးတောသား တစ်ယောက်၊ မုတ်ဆိတ်မွေး ရှည်ရှည်၊ နှုတ်ခမ်းမွေးရှည်ရှည်၊ ဆံပင် ရှည်ရှည်၊ ဖာထေးထားသော အဝတ်အစားများ၊ ထို့နောက် သူ၏ လက်ဝဲဘက်ပခုံး တွင်လွယ်ထားသော 'လူပါရာ' ခေါ် ရိုးရာ သေနတ်။

သိပ်မကြာတော့ပါဘူး။ ကိုင်ရိုကို ပြန်ရောက်တော့မည်။ သိုး-ကျောင်းသား ဟိုတယ်မှာ တည်းမည်။ ရေနွေးပူပူကလေးချိုးလိုက်မည်။ အင်္ကျီအသစ်လဲမည်။ ပြီးတော့ ရေခဲစိမ် ရှမ်ပိန် နှင့် ဟင်းခုနစ်ပွဲစားလိုက်မည်။

တံခါး ခန်းစီးစိမ်းပွင့်သွားသည်ကို မှန်ထဲတွင် မြင်လိုက်ရသည်။ အခန်းထဲမှ အစေခံကြီး ထွက်လာသည်။ ကာတာက ကိုယ်ကို လှည့်လိုက်ပြီး. .

'သခင်မနဲ့ တွေ့ရမလား'

'သူ ဒီမှာရှိရင်တော့ ခင်ဗျားတွေ့နိုင်ပါတယ်၊ ဒါပေမဲ့ သူ ဒီမှာ မရှိတော့ပါဘူး၊ သူ့ကို လွန်ခဲ့တဲ့ သုံးရက်လောက်ကပဲ ကျုပ်တို့ ခေါ်သွားပြီ'

www.burmeseclassic.com



ထို့နောက် သူ၏ လက်ျာဘက်လက်ကို အင်္ကျီအိတ်ထဲမှ ဆွဲနှုတ်လိုက်သည်။ ဝေါ်လသာ သေနတ်ပါလာသည်။

'ဗိုလ်မှူးကာတာရဲ့ လက်ထဲကသေနတ်ကို ကြမ်းပြင်ပေါ် ချလိုက်ပါ၊ ဖြည်း ဖြည်းကလေး ချပါ၊ ပြီးတော့ လက်နှစ်ဖက်ကို မြှောက်ပြီး နံရံဘက်ကို လှည့်ပါ'

သူက အင်္ဂလိပ်လို အမိန့်ပေးသည်။

'မိတ်ဆွေက ဂျာမန်လား'

ကာတာက မေးလိုက်သည်။

'မှန်ပါတယ်ခင်ဗျာ၊ ကျွန်တော့်နာမည်က ရှက်ဖာပါ၊ ကျွန်တော်က ဗိုလ်မှူး မလာတော့ဘူးလို့တောင် ထင်နေတာ'

ရှက်ဖာ နောက်သို့ ဆုတ်လိုက်သည်။ ကာတာက သူ့ဘက်သို့ လှည့်လိုက်ပြီး

'သခင်မကော'

'ဂတ်စတာပို လက်မှာ ရောက်နေပါပြီ၊ ဗိုလ်မှူးကို သူတို့ စောင့်နေတာ သုံးရက်တောင်ရှိသွားပြီ၊ ကျွန်တော် အခုပဲ မီးဖိုထဲကနေဖုန်းဆက်လိုက်တယ်၊ မိနစ် နှစ်ဆယ်အတွင်းမှာ သူတို့ ရောက်လာကြလိမ့်မယ်'

'ဟုတ်ပြီ၊ ဒီလိုဆိုရင် အခု ကျုပ်တို့ ဘာလုပ်ကြရမလဲ'

ကာတာက မေးလိုက်သည်။

'စောင့်နေကြရုံပဲ'

ရှက်ဖာက ကာတာအား ထမင်းစားခန်းဆီသို့ သွားရန် အချက်ပြသည်။

ထမင်းစားခန်းအတွင်းရှိ မီးဖိုအနီးသို့ ရောက်သောအခါ ကာတာ ရပ်လိုက်သည်။ စိုထိုင်းနေသော သူ့အဝတ်အစားများမှ ရေငွေ့ငွေ့များ ထွက်လာသည်။ ရှက်ဖာမှာမူ ထမင်းစားပွဲရှည်ကြီး၏ တစ်ဖက်ထိပ်တွင်ထိုင်ပြီး စီးကရက် တစ်လိပ်ကို ညှိလျက်ရှိသည်။ ထို့နောက် စီးကရက်ဗူးကို ကာတာ ရှိရာသို့ရောက်အောင် တွန်းပို့လိုက်သည်။ ကာတာက ကျေးဇူးတင်ရှိစွာဖြင့်ပင် စီးကရက်တစ်လိပ်ကို ထုတ်ယူလိုက်သည်။ မီးခြစ်ကို ခြစ်သော အခါ သူ့လက်များ တုန်နေသည်။

'ကြောင်အိမ်ထဲမှာ ဘရန်ဒီရှိတယ်၊ ဗိုလ်မှူးကို ကြည့်ရတာ နည်းနည်း ကလေး ချလိုက်မှ ကောင်းမယ့်ပုံပဲ'

www.burmeseclassic.com


ရှက်ဖာက ပြောသည်။

ကာတာသည် စားပွဲကို ကွေ့ပတ်ကာ လျှောက်သွားပြီး ဘရန်ဒီ တစ်ခွက် ငှဲ့ သောက်သည်။ ဘရန်ဒီက ဒေသထွက်ဖြစ်ပြီး ပြင်းလှသည်။ နံလည်း နံလှသည်။ လည်ချောင်းထဲသို့ ပူပြီးဆင်းသွားသည်။ ချောင်းတဟွတ်ဟွတ် ဆိုးသည်။ ကာတာက သူ့အတွက် နောက်တစ်ခွက်ထပ်ငှဲ့ပြီးနောက် ရှက်ဖာ ဘက်သို့ လှည့်ကာ. . .

'ခင်ဗျားကော'

'ကောင်းသားပဲ'

ကာတာက ဖန်ခွက်ယူပြီး စားပွဲဆီသို့လျှောက်သွားသည်။ ထို့နောက် ဖန်ခွက်ထဲသို့ အရက်ငှဲ့ထည့်ယင်း . . .

'တော်ရင်ပြော'

ရှက်ဖာက သေနတ်ဖြင့် ချိန်မြဲချိန်ထားသည်။

'ကျွန်တော်စိတ်မကောင်းပါဘူး၊ ဗိုလ်မှူး . . . ဂတ်စတာပို ကောင်တွေ ကို ကျွန်တော်လဲ သဘောမကျပါဘူး၊ ဒါပေမဲ့ ကျွန်တော့တာဝန်ကို ကျွန်တော် ထမ်းဆောင်ရတာပဲ'

ရှက်ဖာက ဖန်ခွက်ကို ပါးစပ်ဆီသို့ မြှောက်ယင်းပြောသည်။

'ကျုပ်တို့အားလုံးဟာ ဒီအတိုင်းပါပဲ'

ကာတာက ပြန်ပြောသည်။ ထို့နောက် လက်မှ ပုလင်းကို တအားလွှဲပြီး ဂျာမန်၏ ခေါင်းကို ရိုက်ချလိုက်သည်။ တစ်ချိန်တည်းမှာပင် လက်တစ်ဖက်က လည်း ရန်သူ၏ သေနတ်ကိုင်ထားသော လက်ကို ဖမ်းဆုပ်သည်။ သေနတ်ကို သူ့လက်မှ လွင့်ထွက်စေရန် ကြိုးပမ်းသည်။

ကာတာက ပုလင်းကိုလွှဲပြီး နောက်တစ်ချက်ရိုက်လိုက်ပြန်သည်။ အရက်ပုလင်း အစိတ်စိတ် အမွှာမွှာ ကွဲသွားပြီးနောက် ရှက်ဖာ၏ ခေါင်းပေါ်တွင် အရက်နှင့်သွေးတွေ ရောရွှဲသွားသည်။ မယုံကြည်နိုင်ဖွယ်ရာကောင်းသည် ကတော့ ရှက်ဖာ၏ လက်ဝဲဘက်လက်သည် အရှိန်ပြင်းစွာဖြင့် မြင့်တက်လာပြီး ကာတာ၏ လက်ယာပါးပြင်ကို ထိသည်။ အရိုးကိုရောက်သည်အထိ အသားပြင် ကွဲထွက်သွားသည်။ သူ့လည်ပင်းကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်သည်။

သူတို့နှစ်ယောက်သည် စားပွဲကို လွန်ပြီးကျသွားသည်။ ကြမ်းပြင် ဆုံးသည်ထိ လိမ့်သွားကြသည်။ ကာတာက တစ်ချက်ပြီးတစ်ချက်ဆင့်ထိုးသည်။

www.burmeseclassic.com



သူတို့နှစ်ယောက်အကြားတွင် သေနတ်ကျည်ဆံထွက်သွားသည်။ ကာတာ ဒူးတစ်ဖက် ထောက်ပြီးထသည်။ ရန်သူ၏ လက်ကောက်ဝတ်ကို ဆုပ်ကိုင်ပြီး လိမ်ချိုးသည်။ ဖြောင်းကနဲ အရိုးကျိုးသွားသည်။ လက်ထဲမှသေနတ် မြောက်တက်သွားပြီး မီးဖိုအနီးတွင်ကျသွားသည်။

ဂျာမန်အော်သည်။ ခေါင်းလန်သွားသည်။ အထင်းသားပေါ်လာသော သူ့လည်ပင်းကို ကာတာ လက်ဖြောင့်ထိုးသည်။ ရှက်ဖာ လိမ့်သွားသည်။ ကြမ်းပြင်ပေါ်တွင်မှောက်သွားသည်။ ငြိမ်သွားသည်။ ကာတာ အိမ်ရှေ့ဘက်သို့ ပြေးသွားသည်။ သူ့သေနတ်ကို ကောက်ယူကာ ပခုံးပေါ်တွင် သိုင်းလွယ်ပြီး တံခါးဆီသို့ ဦးတည်သွားသည်။

အားလုံးသည်ပင် အိပ်မက်ပမာဖြစ်သည်။ တံခါးပေါက်ဆီသို့ သူ တဖြည်းဖြည်းချင်းရွေ့သွားနေသည်။ သူ့တွင် ခွန်အားများမရှိတော့ဟု ထင်ရသည်။ တံခါးကိုပင် မနည်းအားစိုက်ပြီး ဖွင့်ရသည်။ ဆင်ဝင်လက်ရန်းကို သူမှီပြီးရပ်သည်။ သူ့ရင်ဘတ်တွင် သွေးတွေ ရွှဲနေသည်။ ရှက်ဖာ၏ သွေးများ မဟုတ်။ သူ၏ သွေးများပင် ဖြစ်သည်။ ရှပ်အင်္ကျီအတွင်းဘက်သို့ သူ လက်နှိုက်ကြည့်သောအခါ သေနတ်ကျည်ဆံဖေါက်ဝင်သွားသော ဒဏ်ရာကို စမ်းမိသည်။

သို့သော် သည်အချိန်က ဒဏ်ရာကို ဂရုပြုနေရမည့် အချိန်မဟုတ်ပါ။ အကြောင်းမှာ လမ်းမကြီးဆီမှ အပြင်းမောင်းလာသော ကားသံများကို သူ ကြားနေရသောကြောင့်ဖြစ်သည်။ သို့ဖြင့် သူသည် လျှော့ခါးထစ်များမှ ဒယီးဒယိုင် ပြေးဆင်းသွားသည်။ ဘိုင်စကယ်ကလေးကို ယူပြီး နောက်ဖေးဝင်းတံခါးပေါက်ဆီသို့ သုတ်ခြေတင်သည်။

စံရိပ်သာ၏ အောက်ဘက် ထင်းရှူးတောထဲသို့ သူရောက်ရှိသွားချိန် မှာပင် အထက်ဘက်လမ်းမကြီးပေါ်တွင် ထရပ်ကားကြီး တစ်စီးနှင့် ကူဗယ်-ဝက်ဂင် ကားကလေးနှစ်စီး မောင်းနှင်သွားသည်ကိုတွေ့မြင်ရသည်။ ကာတာ သည် ကားများကို စောင့်ကြည့်မနေတော့ဘဲ ထင်းရှူးပင်များအကြားသို့ ဝင်ရောက်သွားသည်။ အတန်ကြာသောအခါ ထင်းခုတ်သမားများ အသုံးပြုသော လူသွားလမ်းကလေးတစ်ခုကို တွေ့ရှိရသည်။ ထိုလမ်းကလေးသည် ဗယ်လိုနာ တောအုပ်ရှိရာသို့သွားသော လမ်းကလေးပင်ဖြစ်သည်။ ကံကောင်းလျှင် နေမဝင်ခင်မှာပင် ဗယ်လိုနာသို့ ရောက်ရှိနိုင်သည်။ သို့ဖြင့် သူသည် စက်ဘီး ဖင်ထိုင်ခုံပေါ်သို့ ခွတက်လိုက်ပြီးနောက် ဘီးကို တအားနင်းချသွားလေတော့သည်။

www.burmeseclassic.com



\+ + +

ဗယ်လိုနာသို့ သွားသော ခရီးနှင့် ပတ်သက်၍ကား ထူးထူးထွေထွေ မှတ်သားဖွယ်ရာများမရှိပါ။ လမ်းတစ်ဖက်တစ်ချက်တွင် သစ်ပင်များ ပြည့်နှက် လျက်ရှိသည်။ ညနေခင်း အလင်းရောင်ကို သိပ်သည်းမှောင်မည်းစေသည်။ မိုးက သည်းကြီးမဲကြီး ရွာသွန်းနေသည်။ သည်စဉ်မှာပင် သူ၏အမြင်များအားလုံး ဝိုးဝါးပျောက်ကွယ်သွားသည်။

မျက်လုံးများကို ဖွင့်ကြည့်လိုက်သောအခါ သူသည် ပက်လက်လန် လျက် ရှိသည်။ မျက်နှာပေါ်သို့ မိုးပေါက်များသွန်းချနေသည်။ ရွာအနီးရှိ မြောင်းတစ်ခုထဲသို့ သူရောက်ရှိနေသည်။ စက်ဘီးကလည်း သူ့ဘေးတွင် ဖြစ်သည်။

ယခုအခါတွင် သေနတ်ထိမှန်သော ဒဏ်ရာကလည်း မခံနိုင်လောက် အောင်ပင် နာကျင်လျက်ရှိသည်။ သေနတ်ကို သူမတွေ့မြင်ရပါ။ ကာတာ လဲနေရာ မှ ကြိုးစားပြီးထလိုက်သည်။ ထို့နောက် အမှောင်ထဲတွင် ဒယီးဒယိုင် လျှောက်သွားသည်။

လေထဲတွင်မီးခိုးနံ့များ မွှန်လျက်နေသည်။ အဝေးဆီမှ ခွေးဟောင်သံ ကြားရသည်။ သည်မှတပါးကား လူရိပ်လူခြည် မတွေ့ရပါ။ အချို့သော ပြတင်းပေါက်များတွင်သာ မီးရောင်တွေ့မြင်ရသည်။ သို့သော် အိမ်တွေထဲမှာ လူတွေရှိနေကြသည်။ သူ့ကို ချောင်းပြီး ကြည့်နေကြသည်။

ရွာအလယ်ရှိ ကွက်လပ်ကြီးသို့ သူရောက်ရှိသွားသည်။ ရုက္ခစိုး နတ်ရုပ် ၏ ပါးစပ်နှင့် နှာခေါင်းတို့မှ ပန်းထွက်နေသော ရေပန်းအောက်တွင် သူ့ခေါင်းကို ထိုးခံလိုက်သည်။ ရေပန်းရေက အေးမြသည်။ ထို့နောက် သူဆက်ပြီး လျှောက်သွားသည်။ ဘုရားရှိခိုးကျောင်းကို လွန်သောအခါ လမ်းချိုးကလေးတစ်ခု အတွင်းသို့ ချိုးဝင်လိုက်သည်။ အိမ် သုံးလေးလုံးကို လွန်သောအခါ ဝင်းတံခါးပေါက်တစ်ခုကို တွေ့ရသည်။ ဝင်းတံခါးပေါက်တွင် မှန်အိမ်ပြာတစ်ခု ထွန်းထားသည်။ ဆိုင်းဘုတ် တစ်ခုရှိသည်။ ပန်းစာလုံး အနက်များဖြင့် ရေးထားသည်။

ဗစ်တိုဗီဗာရာ သုဘရာဇာ။

တံခါးမကြီး၏ဘေးတွင် မလွယ်ပေါက် တံခါးလေးတစ်ခုရှိသည်။ ကာတာသည် မလွယ်ပေါက်ကို မှီရပ်ကာ လူခေါ်ခေါင်းလောင်းကြိုးကို

www.burmeseclassic.com



ဆွဲလိုက်သည်။ ခေတ္တမျှ တိတ်ဆိတ်နေသည်။ ကာတာသည် ပြတင်းပေါက် သံစကာကို ကိုင်ရင်း မီးရောင်တွင် ဖြတ်သန်းကျဆင်းနေသော ငွေမှုန်များကို ငေးကြည့်နေသည်။ အတွင်းဘက်မှ ခြေသံကြားရသည်။ ပြတင်းပေါက် ပွင့်လာသည်။

'ဘယ်သူလဲ'

ဗီဇာရာက မေးလိုက်သည်။

'ကျုပ်ပါ။ ဗီတို'

'ဟယ်ရီလား၊ ဘုရား . . . ဘုရား၊ ခင်ဗျားကို သူတို့ မ,သွားပြီလို့ ကျုပ် ထင်နေတာ'

သူက အင်္ဂလိပ်လိုပြောပြီး မလွယ်ပေါက်တံခါးကိုဖွင့်သည်။

ကာတာအတွင်းသို့ ဝင်သည်။

'အင်း. . လက်မတင်ကလေးပဲ'

ထို့နောက် ကာတာ မိုက်ကနဲဖြစ်သွားသည်။

\+ + +

ကာတာ တဖြည်းဖြည်းချင်း သတိရလာသည်။ အင်္ဂတေ မျက်နှာကျက်ကို တွေ့မြင်ရသည်။ အတော်ကြီး အေးမြသည်။ စူးဝါးသော ဆေးနံ့ကို ရှူရှိုက်ရသည်။ နောက်မှ ဖော်မီဒီဟိုက် ပိုးသတ် 'ဆေး' နံ့ ဖြစ်ကြောင်းသိရသည်။ သူသည် အလောင်းပြင်သည့် အခန်းအတွင်းရှိ စားပွဲတစ်လုံးပေါ်တွင် လဲလျောင်း လျက်ရှိသည်။ သစ်သားတုံးတစ်ခုကို ခေါင်းအုံးထားသည်။ သူ၏ ရင်ဘတ်နှင့် ဝမ်းဗိုက်တို့ကို သေသပ်ကျနစွာ ပတ်တီးစီးထားသည်။

ကာတာခေါင်းလှည့်ပြီး ကြည့်လိုက်သည်။ အဘိုးကြီးတစ်ယောက်၏ အလောင်းကို ကိုင်တွယ်နေသော ဗီဇာရာကို တွေ့မြင်ရသည်။ ကာတာ ထထိုင်လိုက်သည်။

'ဗိုလ်မှူးနေရာမှာ ကျုပ်သာ ဆိုရင်တော့ သေပြီ၊ ဗိုလ်မှူးကို သူက နှစ်ချက်တောင်ပစ်တာပဲ၊ တစ်တောင့်ကတော့ နံစောင်းကနေ ဖောက်ထွက်သွားတယ်၊ နောက် တစ်တောင့်ကတော့ လက်ဝဲဘက် အဆုပ်ထဲမှာ ဝင်နေတယ်၊ ခွဲစိတ်ကု ဆရာဝန်ကြီး တစ်ယောက်နဲ့ ခွဲမှ ဖြစ်မယ်'

ဗီဇာရာကပြောသည်။

www.burmeseclassic.com



‘ကျေးဇူးကမ္ဘာပါပဲ၊ အတော်ကြီးကို သက်သာသွားတယ်’

ကာတာ ပြန်ပြောသည်။

ဗီဗာရာ၏တစ်ဖက်ဘေးရှိ လက်တွန်းလှည်းကလေးပေါ်တွင်ကား အလောင်းကို မပုတ်သိုးအောင် ပြုလုပ်စီမံမှုအတွက်လိုအပ်သော ပစ္စည်းကိရိယာများကို အဝတ်ဖြူ တစ်ခုပေါ်တွင် သေသေသပ်သပ်တင်ထားသည်။ ညှပ်၊ ခွဲစိတ် ဓား၊ ချုပ်ရန်ကြိုးနှင့် အလောင်းကို မပုပ်သိုးအောင် စိမ်ရသည့် ဆေးရည်ထည့်ထားသော ဖန်ချိုင့် တစ်ခု။

အလောင်းကောင်၏မျက်နှာတွင် မသိမသာ အံ့ဩသည့် အသွင် ရှိသည်။ များသောအားဖြင့် လူများ သေဆုံးသည့်အခါတွင် ဖြစ်ပေါ်တတ်သည့် အမူအယာပင်ဖြစ်သည်။ ပါးစပ်ဖွင့်ဟပြီး အောက်မေးကျနေခြင်းပင်ဖြစ်သည်။ ဗီဗာရာသည် အပ်ကောက်ကောက် ရှည်ရှည်ကြီးတစ်ချောင်းကို ယူပြီး အလောင်းကောင်၏ အောက်နှုတ်ခမ်းမှ ဖောက်သွင်းလိုက်ပြီး အပေါ်ဖက်နှာကန့်တွင် ထိုးထောက်လိုက်သည်။ ထို့နောက် အောက်ဖက်သို့ ပြန်ချုပ်သည်။ ယင်းသို့ဖြင့် အလောင်းကောင်၏ အောက်မေးသည် အပေါ်သို့ ပင့်တက်သွားသည်။

ဗီဗာရာသည် အသက်ငါးဆယ်ခန့် ရှိပြီဖြစ်သည်။ လူပုံ သေးသေးပင်ဖြစ်သည်။ သူ၏ မုတ်ဆိတ်မွေးများ ရှုပ်ထွေး ဖြူဖွေးနေသည်။

တံခါးပွင့်သွားပြီး မိန်းကလေး တစ်ယောက်ဝင်လာသည်။ အသက်ဆယ့်ခြောက်နှစ်၊ ဆယ့်ခုနစ်နှစ် အရွယ်ဖြစ်သည်။ သည်ထက်ကား ပိုမကြီးချေ။ ကောင်မလေးမှာလည်း ခပ်သေးသေးလေးပင် ဖြစ်သည်။ ဆံပင်များ နက်မှောင်သည်။ သူမ၏ ကိုယ်ခန္ဓာ ပြည့်ဖြိုးသည်။ ချည်အင်္ကျီကလေးအောက်တွင် တင်းကြွလျက် ရှိသည်။ နှုတ်ခမ်းစုံ ရှည်လျားသည်။ မျက်လုံးများညိုမှောင်သည်။ သူမ၏ မျက်နှာတွင် အတွေ့အကြုံ ရင့်ကျက်သည့် အသွင်ရှိသည်။

မိန်းကလေးသည် လင်ဗန်းတစ်ချပ်ကို သယ်ဆောင်လာသည်။ လင်ဗန်းပေါ်တွင် ကြွေးဝါ ကော်ဖီအိုးတစ်လုံး၊ သကြားညိုညိုနှင့် ဖန်ခွက်များ ပါရှိသည်။ ကော့ညက်အရက်ပုလင်းတစ်လုံးလည်း ပါရှိသည်။

ဗီဗာရာ အလုပ်လုပ်နေရာမှ . . .

‘ရိဇာရေ. . . သူက ဗိုလ်မှူးကာတာပဲ၊ သူကတော့ ကျုပ်တူမပဲ။

www.burmeseclassic.com



ဗိုလ်မှူး နောက်ဆုံးတစ်ခေါက် ပြန်သွားပြီးမှ သူဒီကို ပါလာမိုကနေ ရောက်လာ တာပဲ'

'ရိုဇာ. . .'

ကာတာက ရွတ်ဆိုလိုက်သည်။

မိန်းကလေးက ကော်ဖီတစ်ခွက်ငှဲ့ပြီး သူ့ကိုပေးသည်။ ပါးစပ်မှမူ ဘာမှ မပြောချေ။

'လုံမလေး၊ တံခါးပေါက်မှာသွားနေ၊ တစ်ခုခု အကြောင်းထူးရင် တို့ကို ပြော'

မိန်းကလေးထွက်သွားသည်။ ကာတာသည် ကော့ညက်ဘရန်ဒီကို ငှဲ့ပြီး နောက် တဖြည်းဖြည်းချင်းသောက်သည်။ သူ့အဆုပ်မှ ဒဏ်ရာကြောင့် သူသည် အသက်ကောင်းကောင်း မရှူနိုင်ဘဲရှိသည်။

'ခင်ဗျားမှာ တူမရှိတယ်ဆိုတာ ကျုပ်မသိပါကလား၊ ဘယ်နှနှစ်ရှိပလဲ'

'နှစ်ပေါင်း တစ်ရာ့ငါးဆယ်၊ ဒါမှမဟုတ် ဆယ့်ခြောက်နှစ်၊ ကြိုက်ရာသာ ရွေးပေတော့။ သူ့အဖေက ကျုပ်ရဲ့ ညီအငယ်ဆုံးပဲ၊ ၁၉၃၇ ခုနှစ်က နေပယ်မြို့မှာ ကားတိုက်ပြီး ဆုံးသွားတယ်။ အဲဒီကတည်းက သူ့မိန်းမနဲ့ ကျုပ် အဆက်ပြတ်သွား တယ်။ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကမှ ပါလာမိုမြို့မှာ အဆုပ်ရောဂါနဲ့ ဆုံးသွား တယ် ဆိုတာ သိရတယ်'

'ရိုဇာကကော'

'သူ့အကြောင်းကို လွန်ခဲ့တဲ့ နှစ်လလောက်ကမှ ပါလာမိုမှာရှိတဲ့ မာဖီးယား မိတ်ဆွေ တစ်ယောက်ဆီက တစ်ဆင့် သိရတယ်၊ သူက ဆယ့်သုံးနှစ် သမီး ကတည်းက လမ်းပေါ်မှာ ပြည့်တန်ဆာတစ်ယောက်ဖြစ်နေတယ်၊ ဒါနဲ့ပဲ သူ့ကိုအိမ်ပြန်ခေါ်ဖို့ကောင်းပြီလို့ ကျုပ်ဆုံးဖြတ်လိုက်တယ်'

ဗီဗာရာသည် လူသေ အဘိုးကြီး၏မျက်နှာကို ဆေးလိမ်းခြယ်လျက်ရှိ သည်။

'ဗယ်လိုနာ သခင်မ အကြောင်းပြောစမ်းပါဦး'

ကာတာက မေးလိုက်သည်။

'သူ့ကို ဂျာမန် ဂတ်စတာပိုတွေဖမ်းပြီး ပါလာမိုကို ခေါ်သွားတယ်'

'သူ့ကို သူတို့ အတင်းညှစ်ပြီး မေးရင်တော့ ခင်ဗျားအတွက်ပြဿနာ ဖြစ်နိုင်တယ်'

www.burmeseclassic.com



ဗီဗာရာ ခေါင်းကို ယမ်းလျက်

'စိုးရိမ်စရာ မရှိပါဘူး၊ မနေ့ညနေကပဲ အမျိုးသမီးဆောင်မှာ သူ့ကို မိတ်ဆွေတစ်ယောက်က အဆိပ်တောင့် တစ်တောင့် ပေးလိုက်ပြီ'

ကာတာသည် သူ့ကိုယ်ကို ထိန်းချုပ်သည့်အနေဖြင့် အသက်ရှည်ရှည် တစ်ချက်ရှိုက်လိုက်သည်။

'လူကာနဲ့ ပတ်သက်တဲ့သတင်း သူ့ဆီက ရလိမ့်မယ်လို့ ကျုပ်မျှော်လင့်ထားခဲ့တယ်'

ဗီဗာရာက သူ့ကို အံ့အားသင့်ဟန်ဖြင့်လှမ်းကြည့်လိုက်ပြီး . . . .

'ဗိုလ်မှူးရဲ့အချိန်တွေကို ဗိုလ်မှူး ဖြုန်းပစ်နေတာပဲ၊ လူကာရဲ့သတင်းကို ဘယ်သူမှ မသိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူက မသိစေချင်လို့ပဲ'

'မာဖီးယား ဥပဒေပဲပေါ့'

'ဟုတ်တယ်မိတ်ဆွေ၊ မာဖီးယားဥပဒေပဲ၊ အဲဒါကို ဗိုလ်မှူးသိထားဖို့ အရေးကြီးတယ်၊ ဗိုလ်မှူးရဲ့ အစီအစဉ်က ဘယ်လိုလဲ'

'အဂ္ဂရီဂျင်ကို ကနေ့ညသွားမယ်၊ ညသန်းခေါင်မှာ ပိုတိုစတီဖင်နိုကနေ ပင်လယ်ထဲကို ငါးဖမ်း မော်တော်ဘုတ်နဲ့ သွားမယ်'

'ရေငုတ်သင်္ဘောနဲ့ ပြန်မှာပေါ့'

'ဟုတ်တယ်'

ဗီဗာရာ မျက်မှောင်ကုတ်ကာ စဉ်းစားပြီးနောက် . . .

'ကနေ့ည မသွားပါနဲ့ ဟယ်ရီ၊ လမ်းတစ်လျှောက်လုံးမှာ ဂျာမန်တွေ ပြည့်နေလိမ့်မယ်၊ မနက်ဖြန်မှ သွားပါ'

သူက အလောင်းကောင်ကြီးကို ညွှန်ပြလျက်. . .

'မနက်ဖြန်ကျယင် ဒီအဘိုးကြီးကို အဂ္ဂရီဂျင်ကို ကျုပ်သွားပို့ရမယ်'

ကာတာစကားမပြန်ရမီမှာပင် တံခါးပွင့်သွားပြီး အခန်းတွင်းသို့ ရိုဇာ ရောက်ရှိလာသည်။

'ဂျာမန်တွေ ရောက်လာပြီ၊ အများကြီးပဲ၊ ပန်းခြံထဲမှာ'

ဗီဗာရာသည် ပြတင်းပေါက်ဆီသို့ လျှောက်သွားပြီး ခန်းဆီးကို အနည်းငယ် ဟပြီးကြည့်သည်။ ကာတာလည်း ကြိုးစားကာ ထပြီး ဗီဗာရာ အနီးသို့လျှောက်သွားသည်။ ပန်းခြံထဲတွင် ကားတွေ အများကြီး ရပ်ထားသည်။ လူဗယ်ဝက်ဂင်ကား ကလေးများ၊ စစ်သားတင်ကားကြီးများနှင့် သံချပ်ကာ

www.burmeseclassic.com



ကားနှစ်စီးဖြစ်သည်။ စစ်သားများသည် စက်ဝိုင်းချမ်းသဏ္ဍာန် စုစည်းလျက်ရှိပြီး စစ်ကားကလေးတစ်စီးပေါ်မှနေပြီး အရာရှိတစ်ဦးက အမှာစကား ပြောလျက်ရှိသည်။

'နာဇီ လေထီးတပ်သားတွေပဲ၊ သင်းတို့ ဘယ်နေရာက ရောက်လာကြသလဲ'

ကာတာက ပြောလိုက်သည်။

'ပြီးခဲ့တဲ့ လကတည်းက ပြည်မကနေ ရောက်လာကြတာပဲ၊ တောင်ပေါ်ပြောက်ကျားတွေကို အပြတ်ရှင်းဘို့ "ကက်ဆယ်ရင်း" ကိုယ်တိုင် အထူးရွေးချယ်ပြီး လွှတ်လိုက်တာပဲ၊ အခုစကားပြောနေတဲ့သူက သူတို့တပ်မှူး ဗိုလ်မှူး ကိုးနစ်၊ သူက လူတော်လူကောင်းတစ်ယောက်ပဲ၊ သူ့ကို ကမ္ဘာ့ရာတာက မုဆိုးကြီးလို့ ခေါ်ကြတယ်'

သူတို့ကြည့်နေစဉ်မှာပင် နာဇီတပ်သားများ လူစုခွဲကြသည်။ ရွာတွင်းသို့ ဝင်ရောက်ရှာဖွေကြရန်ဖြစ်သည်။ ကိုးနစ် ထိုင်လိုက်သည်။ သူ၏ ကား မောင်းထွက်သည်။ အခြားကားတစ်စီးနောက်မှ လိုက်ပါသည်။

ဗီဗာရာက ပြတင်းပေါက်ခန်းဆီးကို ပြန်ပိတ်လိုက်ပြီးနောက်. . .

'ကြည့်ရတာကတော့ ဒီကိုလာပုံပဲ'

ကာတာဘက်သို့ သူလှည့်ပြီး. . .

'ဒါနဲ့နေပါဦး၊ စံရိပ်သာမှာ တစ်ယောက်ယောက်များ ဗိုလ်မှူးကြောင့် သေသွားသလား'

'ဆိုပါတော့'

ကာတာက ဗီဗာရာလက်ကို ဆုပ်ကိုင်လိုက်ပြီး . . .

'ကျုပ်ကို မမိရင် တစ်ရွာလုံးကို သူနှိပ်စက်တော့မှာပဲ'

ဗီဗာရာက ပြုံးလဲ့ကာ . . .

'သူက ဒီလိုလူမျိုး မဟုတ်ဘူး၊ ဂုဏ်သိက္ခာကို အလေးထားတဲ့ လူတစ်ယောက်ပဲ၊ သူ့နောက်ကျောကို ဓားနဲ့ ထိုးဖို့ မလွယ်ဘူး၊ ဗိုလ်မှူး. . သည်မှာ ရိုဇာနဲ့နေခဲ့၊ တိတ်တိတ်ကလေး နေကြ'

ဗီဗာရာ မှန်အိမ်ကို ဆွဲပြီး ထွက်သွားသည်။ သူတို့ နှစ်ယောက် အမှောင်ထဲတွင်ကျန်ရစ်သည်။

\+ + +

www.burmeseclassic.com



အိမ်ရှေ့ခြံအတွင်းသို့ ဗိုဟာရာ ရောက်ရှိသွားစဉ်မှာပင် ဂျာမန်များ အပြင်ဝင်းတံခါးသို့ ရောက်ရှိလာကြသည်။ ဗိုဟာရာက ထုထည်ကြီးမားလှသော မင်းတုပ်ကြီးကို ဆွဲထုတ်လိုက်သောအခါ ဝင်းတံခါးကြီးပွင့်သွားသည်။ ရှေ့ဆုံးမှ ကားပေါ်တွင် ကိုးနစ် ထိုင်နေသည်။ သူကားပေါ်မှ ဆင်းပြီး လျှောက်လာသည်။

'အား . . . ဘယ်လိုလဲ ဆီညော်ဗိုဟာရာ၊ ခင်ဗျားအတွက် ဖောက်သည် တစ်ယောက် ကျုပ်သယ်လာတယ်'

သူက အီတလီလိုပြောသည်။

ကူဗယ်ဝက်ဂင် ကားကလေး နှစ်စီးခြံဝင်းထဲသို့ မောင်းဝင်သည်။ ကားတစ်စီးပေါ်၌ ထမ်းစင်ပေါ်တွင် ပစ်တင်ထားသော ခန္ဓာကိုယ်တစ်ခုကို ဗိုဟာရာ တွေ့မြင်ရသည်။ စောင်တစ်ထည်ဖြင့် လွှမ်းခြုံထားသည်။

နာဇီတပ်သားနှစ်ယောက်သည် လူနာတင်စင်ကိုချရန် ပြေးသွားကြ သည်။

ဗိုဟာရာက . . .

'ကြွပါ ဗိုလ်မှူး'

ဗိုဟာရာ ရှေ့မှ လျှောက်သွားသည်။ စကြီလမ်းတစ်ခု အဆုံးတွင် တံခါးကို ဖွင့်သောအခါ အသုဘ အနံ့များ ထောင်းကနဲ ထွက်လာသည်။

အခန်းမှာ ငြိမ်သက်လျက်ရှိသည်။ အခန်း၏ အလယ်ရှိ စားပွဲတစ်လုံး ပေါ်တွင် မှန်အိမ်တစ်လုံး ထွန်းညှိထားသည်။ စစ္စလီကျွန်းတွင်တွေ့ရှိရသော အသုဘရုံမျိုးတစ်ခုပင် ဖြစ်သည်။ အခန်းထဲတွင် ခေါင်း ဆယ့်နှစ်လုံးခန့် ရှိသည်။ ခေါင်းများ အားလုံး ဖွင့်ထားသည်။ ခေါင်းထဲတွင် အလောင်းများ ရှိသည်။ အလောင်းကောင်တို့၏ လက်ချောင်းများတွင် ခေါင်းလောင်းကြိုးများ ပူးကပ် ချည်ထားသည်။

ကိုးနစ်သည် ဗိုဟာရာ၏ နောက်မှနေ၍ အခန်းတွင်းသို့ ဝင်ရောက် သည်။ သူ့ဦးထုပ်မှ ငွေတံဆိပ်သည် အလင်းရောင်တွင် တောက်ပလျက်ရှိသည်။ သူ၏ လည်ပင်းမှ သူ့ရဲဘော်တံဆိပ်သည် ဝင့်ကြွားထည်ဝါလှသည်။ သူသည် သားရေ ဂရိတ်ကုတ်ကြီးကိုဝတ်ထားပြီး လေထီးဆင်း ဘွတ်ဖိနပ်ကို စီးထားသည်။ တံခါးဝတွင် သူရပ်လိုက်ပြီး စီးကရက်တစ်လိပ်ကို မီးညှိသည်။ ထို့နောက် ခေါင်းလောင်းကလေးကို လက်ညှိုးဖြင့်တောက်လိုက်သည်။ ခေါင်းလောင်းသံ ချောက်ချားစွာ ထွက်ပေါ်လာသည်။

www.burmeseclassic.com



‘ဒီခေါင်းလောင်းတွေ မြည်တာ ရှိသလား’

‘ရှိပါတယ်၊ အလောင်းတွေ တောင့်သွားတဲ့အခါမှာ ခြေတွေ လက်တွေက အလိုလို လှုပ်ရှားတတ်ကြတယ်၊ ဗိုလ်မှူးမေးတာက သေရာကနေ ပြန်ရှင်လာတာ မျိုးရှိသလား ဆိုရင်လဲ ရှိပါတယ်၊ အသက် ဆယ့်နှစ်နှစ်လောက်ရှိတဲ့မိန်းကလေး တစ်ယောက် ပြန်ပြီး ရှင်လာဖူးတယ်၊ နောက်ပြီးတော့ အသက်လေးဆယ်လောက်ရှိတဲ့ လူကြီးတစ်ယောက်ပေါ့၊ နှစ်ယောက်စလုံး သေပြီလို့ ဆိုပြီးမှ ပြန်ရှင်လာကြတာပဲ၊ အဲဒီအတွက်လဲ ဒီအသုဘ ရုံတွေကို ထားကြတာပဲ’

‘ခင်ဗျားတို့ စစ္စလီတွေဟာ သေတဲ့နေရာမှာတော့ အတော် ဇာချဲ့ကြတာပဲ’

‘ကျုပ်တို့က အရှင်လတ်လတ် မြေမြှုပ်တာမျိုးတော့ မဖြစ်ချင်ကြဘူး’

ကာတာသည် အလောင်းပြင်သည့် အခန်းတွင်းဝယ် ရိုဇာကို မှီကာ ထိုင်လျက် တံခါးကြားမှနေ၍ အပြင်သို့ ချောင်းကြည့်လျက်ရှိသည်။ ဂျာမန်စစ်သားနှစ်ယောက်သည် လူနာတင်စင်ကို စားပွဲတစ်လုံးပေါ်တွင် တင်လိုက်သည်။ တပ်ကြပ်ကြီး ရှက်ဖာ၏ အလောင်းပေါ်တွင် ခြုံလွှမ်းထားသောစောင်ကို ဖွင့်လိုက်သည်။ အလောင်းကောင်၏ မျက်နှာတွင် သွေးများ စွန်းထင်းလျက်ရှိသည်။ မျက်လုံးကြီးနှစ်လုံးက ပြူးကြောင်လျက်ရှိသည်။ ဗီဗာရာက ရှက်ဖာ၏ မျက်လုံးများကို ပိတ်လိုက်သည်။

‘တပ်ကြပ်ကြီး ရှက်ဖာက လူကောင်းတစ်ယောက်ပဲ၊ သူ့ကိုသတ်သွားတဲ့လူကို လက်ခံထားတဲ့လူဟာ ဘယ်သူဖြစ်ဖြစ် မသက်သာဘူးဆိုတာ ကျုပ်အနေနဲ့ ပြောနေစရာ မလိုဘူး’

ကိုးနစ်က ပြောလိုက်သည်။

ဗီဗာရာက. . .

‘သူ့ကို ကျုပ် ဘာလုပ်ပေးရမလဲ ဗိုလ်မှူး’

‘သူ့ကို ဆေးကြောသုတ်သင်ပြီး အဂ္ဂရီဂျင်တို ဌာနချုပ်ကို ပို့ပေးပါ’

ဗီဗာရာသည် ရှက်ဖာကို စောင်ဖြင့် ပြန်လွှမ်းခြုံလိုက်သည်။

‘ကနေ့ညမှာပဲ အဂ္ဂရီဂျင်တိုကို အလောင်းတစ်ခု ပို့စရာ ရှိနေတယ်၊ ဟောဒီအလောင်းပဲ’

ဗီဗာရာသည် အလောင်းဆီသို့ လျှောက်သွားပြီး တံခါးကို ဖွင့်လိုက်သည်။ အဘိုးကြီး၏ အလောင်းကို ကိုးနစ်မြင်သာအောင် မှန်အိမ်ကို မြှောက်ပြ

www.burmeseclassic.com



BURMESE CLASSIC .com

လိုက်သည်။ ကြောင်အိမ်၏ နောက်ဖက် အမှောင်ထဲတွင် ကာတာသည် ရိုဇာနှင့်ပူးကပ်ကာ ရှိနေသည်။ ရိုဇာက သူ့ကို တင်းကျပ်စွာ သိုင်းဖက်ထားသည်။

'တပ်ကြပ်ကြီး ရှက်ဖာကိုလည်း တစ်ခါတည်း ကျုပ်ယူသွားမယ်၊ ဒါပေမဲ့ ခွင့်ပြုလက်မှတ်တော့ လိုလိမ့်မယ် ဗိုလ်မှူး၊ ကနေ့ညအဖို့မှာ လမ်းတွေအားလုံးမှာ ဗိုလ်မှူးရဲ့လူတွေ လှုပ်ရှားနေမှာ သေချာတယ်'

ဗီဟာရာက ဆက်ပြောသည်။

ထို့နောက် သူသည် ကိုးနစ်၏ နောက်မှနေ၍ အပြင်သို့ ထွက်သွား သည်။ အမှောင်ထဲတွင် ကာတာ ကျန်ရစ်သည်။ အဆုပ်မှ ဒဏ်ရာက နာကျင် လှသည်။ 'ငါတော့ ဒီတောင်က ကျော်နိုင်တော့မှာ မဟုတ်ဘူး' ဟု ကာတာ တွေးမိသည်။ သူ၏ ဘေးမှ မိန်းကလေးကိုတအားဖက်ထားမိသည်။ ထိုအခါ သူမ၏ နူးညံ့သော အထိအတွေ့များကို ခံစားရသည်။ သူမ၏ အသားဆိုင်များက သူ့ကို တင်းအိစွာ ဖိကပ်လျက်ရှိသည်။

ဒဏ်ရာက နာကျင်လှသဖြင့် သူ ညည်းမိသည်။ ထိုအခါ မိန်းကလေး က သူ့ပါးစပ်ကို သူမ၏ နှုတ်ခမ်းစုံနှင့်ဖိကပ်ထားလိုက်သည်။ သူမ၏ လက်များ ကလည်း သူ့ကို ပွတ်သပ်လျက်ရှိချေသည်။

အတန်ကြာသောအခါ မိန်းကလေးသည် တံခါးကို သတိနှင့် ဖွင့်ပြီး နောက် သူ့ကို အပြင်သို့ ခေါ်ဆောင်သွားသည်။

ဝင်းအတွင်းမှ ကားများထွက်သွားသံကြားရသည်။ လက်ထဲတွင်စာရွက် တစ်ရွက်ကိုင်ကာ ဗီဟာရာ ရောက်ရှိလာသည်။

'ဗိုလ်မှူးကိုးနစ်ကိုယ်တိုင် လက်မှတ်ထိုးထားတယ်၊ အင်္ဂလိပ်ချုပ်တိုကို သွားတဲ့ လမ်းတစ်လျှောက်မှာတော့ ဘာမှ ပူစရာ မရှိတော့ဘူး ရေငုတ်သင်္ဘော ပေါ်ကို ဗိုလ်မှူး ချောချောမောမော ရောက်သွားမှာပဲ'

'ဘယ်လိုလုပ်ပြီးရောက်မှာလဲ'

'လျှို့ဝှက်ခန်းမပါတဲ့မသာကားမျိုးကို ကျုပ် ဘယ်တော့မှ မလုပ်ဘူး၊ ဗိုလ်မှူးက အောက်ဖက်က ပက်လက်ကလေး လိုက်သွားရမယ်၊ ဗိုလ်မှူးရဲ့ အပေါ်မှာက ခေါင်းနှစ်ခေါင်း ရှိနေမယ်၊ ဒါပေမယ့် ဘယ်လိုမှ မနံစေရဘူး၊ စိတ်ချပါ။ ဒီမယ် ဗိုလ်မှူး၊ ကျုပ်နဲ့သာ ပေါင်းစမ်းပါ၊ ဘယ်တော့မှ မသေစေရဘူး'

သူက ပြုံးဖြည်းဖြည်း ပြောသည်။

www.burmeseclassic.com

# [၃]

ဗိုလ်ချုပ်မှူးကြီး အဲလဘတ် ကက်ဆယ်ရင်းကို တင်ဆောင်ကာ ရောမမြို့မှ ပျံသန်း လာသော ဂျေယူ ၅၂ လေယာဉ်သည် နံနက် ကိုးနာရီ အချိန်တွင် ပါလာမိုမြို့ အပြင်ဘက်ရှိ ပွန်တာရေဆီ ဂျာမန် လေတပ်စခန်းတွင် ဆင်းသက်သည်။ နောက် တစ်နာရီခန့်အကြာတွင် သူသည် ပွန်တီပါလီဂရီနို အနီး ဗစ်နီဒစ်တင် ကျောင်းတိုက်တွင် တည်ရှိသော ဂျာမန်တပ်မတော်ဌာနချုပ် ဗိုလ်ချုပ်ကားဝေါ်လသာ၏ အခန်းတွင် ကော်ဖီသောက်လျက်ရှိသည်။

'လှတယ်'

ကက်ဆယ်ရင်းက ရှုမျှော်ခင်းကို ညွှန်ပြလျက်။

'သိပ်လှတယ်၊ ကော်ဖီကလဲ ကောင်းတယ်'

'ရေမီနီမိုချာ'

ဝေါ်လသာက နောက်တစ်ခွက်ထပ်ငှဲ့ပေးသည်။

'ကျွန်တော်တို့ဆီမှာ အခုအချိန်ထိ ပစ္စည်းကောင်းကောင်း လေးတွေ ရှိနေ တုန်းပဲ'

'အလာတုန်းက မြို့ထဲကို မနည်း ဖြတ်ရတယ်၊ ကားမောင်းလို့မရဘူး၊ နေရာတိုင်းလောက်မှာပဲ ဘာသာရေး လှည့်လည်ပွဲတွေ ရှိနေတယ်'

'ဘာသာရေး ရက်သတ္တပတ်ပဲဆိုပါတော့၊ ၂၄ နာရီလုံး ကျင်းပနေ

www.burmeseclassic.com



ကြတာပဲ၊ လုပ်ငန်းကိစ္စတွေ အားလုံး ရပ်ထားကြတယ်၊ အင်မတန် ဘာသာတရား ကိုင်းရှိုင်းတဲ့သူတွေပဲ'

ကက်ဆယ်ရင်းက . . .

'ဟုတ်တယ်၊ နောက်ပြီးတော့ တစ်နေရာမှာ ထူးဆန်းတာတစ်ခု ကျုပ်တွေ့ရသေးတယ်၊ မယ်တော်မာရီရဲ့ ရင်ဘတ်မှာ ဓားမြှောင်တစ်ချောင်း စိုက်နေတယ်'

'စစ္စလီပုံစံပဲ၊ သေခြင်းတရား အယူဝါဒက နေရာတိုင်းပါပဲ'

ဝေါလသာက ပြန်ပြောသည်။

ကက်ဆယ်ရင်းသည် ကော်ဖီပန်းကန်ကို ချထားလိုက်ပြီးနောက်. . .

'ကောင်းပြီ၊ ကျုပ်ဘာလုပ်ရမလဲ'

'ကနေ့ မနက်မှာ လူရှစ်ယောက်ရှိတယ်၊ အားလုံး' အိုင်းရင်းခရော့စ်'ဘွဲ့တံဆိပ်ရတယ်၊ ပထမဆင့်၊ ဗိုလ်ချုပ်မှူးကြီး စိတ်ဝင်စားတဲ့ လူနှစ်ယောက်က လွဲရင်ပေါ့'

'ကြည့်ရအောင်'

ဝေါလသာက တံခါးကို ဖွင့်လိုက်ပြီး ဗိုလ်ချုပ်မှူးကြီးကို အပြင်ဘက်ကျောက်ရင်ပြင်ပေါ်သို့ခေါ်ဆောင်သွားသည်။ ကျောက်တိုင်နှစ်ခုကြားတွင် သံစကာတန်းရှိသည်။ အောက်ဘက် ရင်ပြင်ထဲတွင် လူရှစ်ယောက် တန်းစီလျက်ရှိသည်။

'ဟိုးဘက် အစွန်ဆုံးက ကိုးနစ်ပဲ၊ သူ့ဘေးက တပ်ရင်းတပ်ကြပ်ကြီးဘရန့်'

'နိုက်ကရော့ ဘွဲ့တံဆိပ် ယူမယ့်လူလား'

'ကိုးနစ်က သူ့ကို တတိယ အကြိမ်တင်ပြတာပဲ'

ကက်ဆယ်ရင်း ခေါင်းညိတ်လိုက်ပြီး . . .

'ဟုတ်လား၊ ဒါဖြင့် သွားစို့'

\+ + +

ဗိုလ်မှူး မက်ကိုးနစ်သည် နှစ်ဆယ့်ခြောက်နှစ်မျှသာ ရှိသေးသော်လည်း ဆယ်နှစ်လောက် ပိုကြီးနေသည်ဟု ထင်ရသည်။ သူသည် ပိုလန်၊

www.burmeseclassic.com

ပြင်သစ်နှင့် ဟော်လန် နိုင်ငံတို့တွင် တိုက်ပွဲဝင်ခဲ့သည်။ ထို့နောက် အသစ်ဖွဲ့စည်းသော အမှတ်(၂၁) နာဇီ လေထီးတပ်ရင်းသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရပြီး၊ ၁၉၄၅- ခုနှစ်တွင် ဂရိကျွန်း၊ မယ်လာမီလေဆိပ်သို့ လေထီးဖြင့် ဆင်းသက်ခဲ့သည်။ ယင်းတိုက်ပွဲတွင် ကိုးနစ် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။ ထို့နောက် ရုရှားတွင် ဆောင်းရာသီ စစ်ပွဲဆင်နွှဲရသည်။ နှစ်နှစ်တိုင်တိုင် ဆင်နွှဲရသည်။ သူ၏ အစွမ်းအစကိုပြခဲ့သည်။ ဒဏ်ရာ ရွှေတံဆိပ်က တိုက်ပွဲငါးခုတွင် ဒဏ်ရာငါးကြိမ်ရရှိခဲ့ကြောင်း ဖော်ပြလျက်ရှိသည်။

လေထီးတပ်ဖွဲ့၏ ရွှေနှင့်ငွေ လင်းယုန်တံဆိပ်ကို လက်ဝဲဘက်ရင်ဘတ်အိုင်းယင်းကရော့စ် ဘွဲ့တံဆိပ် အနီးတွင် ချိတ်ဆွဲထားသည်။ သူ၏ လည်ပင်းတွင်ကား ဝက်သစ်ချရွက်နှင့် နိုက်ကရော့စ် ဘွဲ့တံဆိပ်က ဝင့်ကြွားလျက်ရှိသည်။

သူသည် အစွန်ဆုံးတွင် ရပ်လျက် 'ဓား' ဘွဲ့တံဆိပ်ကို လက်ခံရန် စောင့်ဆိုင်းလျက်ရှိသည်။ သူ၏ အမူအယာက တည်ငြိမ်လှသည်။

'ရှုဒီရေ နောက်ဆုံးမှာတော့ အောင်ပန်း ဆင်ရတာပဲ မဟုတ်လား'

သူ့ဘေးမှ တပ်ရင်းတပ်ကြပ်ကြီး ဘရန့်ကို လေသံဖြင့်ပြောလိုက်သည်။

'ကျေးဇူးတင်ပါတယ် ဗိုလ်မှူး'

ဘရန့်က ပြန်ကြားသည်။

တပ်ကြပ်ကြီး ဘရန့်သည် ထမင်းဆိုင်ရှင်၏ သားဖြစ်သည်။ လူပုံသေး-သေးပင်ဖြစ်သည်။ တစ်နေ့လုံး အရပ်အနားမရှိဘဲ တောင်တက်နိုင်သည်။ သူနှင့် ကိုးနစ် လက်တွဲခဲ့သည်မှာ နှစ်နှစ်ကျော်ပြီ ဖြစ်သည်။

ကျောက်လှေခါးထစ်များဆီမှ စစ်ဖိနပ်သံများကြား၍ ကြည့်လိုက်သောအခါ ဗိုလ်ချုပ်မှူးကြီး ကက်ဆယ်ရင်းနှင့် ဗိုလ်ချုပ် ဝေါ်လသာကို တွေ့ရှိရသည်။ တစ်စုံတစ်ယောက်က 'သတိ' ဟု အော်လိုက်သည်။

ဘွဲ့တံဆိပ်ချီးမြှင့်သည့် အခမ်းအနားက နှစ်လိုဖွယ်ရာ ကောင်းလှသည်။ အကြောင်းမှာ ဗိုလ်ချုပ်မှူးကြီးသည် အထူးပင် စိတ်ကြည်သာရွှင်လန်းနေသောကြောင့် ဖြစ်သည်။ သူသည် ဘွဲ့တံဆိပ် ချီးမြှင့်ခံရသူ တဦးစီကို လက်ဆွဲနှုတ်ဆက်ပြီး အမှာစကား ပြောကြားသည်။ ဘွဲ့တံဆိပ်ချီးမြှင့် ခံရသူများအားလုံး ပီတိဖြစ်နေကြသည်။ အကြောင်းမှာ ဗိုလ်ချုပ်မှူးကြီးသည် တောင်ဘက်စစ်မျက်နှာ၏ စစ်သေနာပတိချုပ်ကြီး ဖြစ်သော ကြောင့်ပင်။ သူသည် ဒုတိယကမ္ဘာစစ်ကြီး အတွင်း ဟိုဘက်သည်ဘက်မှ အကောင်းဆုံး ဗိုလ်ချုပ်ကြီး လေး,ငါး,

www.burmeseclassic.com



ခြောက်ယောက်တွင် တစ်ယောက်အပါအဝင် ဖြစ်ချေသည်။

'ကိုယ့်လူကြီး ဘရန့်၊ ကိုယ်တကယ်ဝမ်းသာပါတယ်၊ ကိုယ့်လူကို ကိုယ် အခုပြောနေတာ စစ်သားတစ်ယောက်က စစ်သား တစ်ယောက်ကို ပြောနေတာပဲ'

ဘရန့်မှာ မနေတတ် မထိုင်တတ်ရှိတော့သည်။ ကိုးနစ်ကမူ ပြုံးလိုက်သည်။ လူတွေကို ဘယ်လို ကိုင်တွယ်ရမည်ကို ဗိုလ်ချုပ်မှူးကြီး ကောင်းကောင်း သိသည်။ ထိုစဉ်မှာပင် ကိုးနစ်၏ ရှေ့သို့ ဗိုလ်ချုပ်မှူးကြီး ရောက်ရှိလာသည်။

'ဗိုလ်မှူးကို ကျုပ်ဘယ်လိုပြောရမလဲ၊ မောင်ရင်ဟာ အမြင့်ဆုံး ဖြစ်တဲ့ ခါးဘွဲ့ကို တီထွင်စီစဉ်ပြီးတဲ့နောက်မှာ ဆယ့်သုံးယောက်မြောက် လက်ခံရရှိတဲ့ လူပဲ၊ အမှန်အတိုင်းပြောရရင် မောင့်ရင့်ကို အဓိပတိကြီးကိုယ်တိုင် ဘွဲ့တံဆိပ် ချီးမြှင့်ဖို့ပဲ၊ ဒါပေမဲ့ အခုအချိန်က အထူးကာလကြီး ဖြစ်နေတယ်၊ ကျုပ် ပြောနိုင်တာကတော့ မောင်ရင့်ကို ခါးတံဆိပ် ချီးမြှင့်ခွင့် ရတဲ့အတွက် အင်မတန် ဂုဏ်ယူတယ်ဆိုတာပဲ'

ဗိုလ်ချုပ်မှူးကြီးသည် ကိုးနစ်၏ ပခုံးနှစ်ဘက်ကို ခေတ္တမျှ ဆုပ်ကိုင်ထားသည်။ ထို့နောက် တအားပင်သိုင်းဖက်လိုက်သည်။

\+ \+ \+

ထို့နောက် ဝေါလသာ၏ ရုံးခန်းတွင် နေ့လည်စာ မစားမီ ကော့ညက် သောက်ရင်း ကက်ဆယ်ရင်းက ပြောလိုက်သည်။

'တကယ်တော်တဲ့ သူငယ်ကလေးပဲ'

'အမှန်ပါပဲ ဗိုလ်ချုပ်ကြီး'

ဝေါလသာက ထောက်ခံသည်။

'ဣန္ဒြေရှိတယ်၊ သိက္ခာရှိတယ်၊ မြင့်မြတ်တယ်၊ စစ်သားကောင်းတစ်- ယောက်ပဲ၊ နာဇီတပ်သားတစ်ယောက်ဟာ ဒီအတိုင်းပဲ ဖြစ်ရမယ်၊ သူ့ကိုခေါ်ပါ၊ သူနဲ့ စကားပြောကြရအောင်'

ဝေါလသာက စားပွဲပေါ်ရှိ လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည်။ ကိုယ် ရံတော် တစ်ယောက်ဝင်လာသည်။

'ဗိုလ်မှူးကိုးနစ်'

www.burmeseclassic.com



ဝေါ်လသာက ပြောလိုက်သည်။

ကိုယ်ရံတော် ပြန်ထွက်သွားသည်။ ကိုးနစ် ဝင်ရောက်လာသည်။ စားပွဲထိပ်တွင် သူရပ်လိုက်သည်။ ခြေစုံ ရိုက်သည်။ ထို့နောက် သူ၏လက်တစ်ဖက်ကို ဦးထုပ်ဆီသို့ မြှင့်တင်လိုက်ပြီး စစ်တပ်သဘော အလေးပြုသည်။

'ကုလားထိုင်တစ်လုံး ဆွဲထိုင်ပါ ဗိုလ်မှူး'

'ဗိုလ်ချုပ်မှူးကြီးက ပြောလိုက်သည်။

သူတို့ပြောသည့်အတိုင်း ကိုးနစ်ပြုလုပ်သည်။ ကက်ဆယ်ရင်းသည် နံရံပေါ်ရှိ စစ္စလီကျွန်းမြေပုံကြီးကို လှည့်ကြည့်လျက် . . .

'ဗိုလ်မှူးပြောင်းမိန့်တင်ထားတယ်လို့ သိရတယ်'

'မှန်ပါတယ် ဗိုလ်ချုပ်မှူးကြီး'

'အဲဒါ ခွင့်မပြုဘူး'

'ဘာကြောင့်ဆိုတာ ကျွန်တော် မေးနိုင်ပါသလား'

'ရုရှားနိုင်ငံမှာ ဗိုလ်မှူးနောက်ဆုံးဆင်နွှဲခဲ့ရတဲ့ တိုက်ပွဲ အပြီးမှာ ဗိုလ်မှူးရဲ့ ဦးခေါင်းခွံထဲမှာ ငွေပြားထည့်ပေးရတယ်၊ အဲဒီဒဏ်ရာကြောင့် ဗိုလ်မှူးဟာ နောက် နောင်မှာ လေယာဉ်ပေါ်ကနေ ခုန်ချဖို့ မသင့်လျော်တော့ဘူး၊ ဒါပေမဲ့ ဒါက အကြောင်းမဟုတ်သေးဘူး၊ အရေးကြီးတာက စစ္စလီကျွန်းမှာ ဗိုလ်မှူးရဲ့ တာဝန်က သိပ်ပြီး အရေးကြီးနေတယ်'

'အလယ်ရိုးမတစ်လျှောက်၊ အထူးသဖြင့် ကမ္ဘရာတာဒေသမှာ ပြောက်ကျား လှုပ်ရှားမှုတွေ သိပ်ပြီးများနေတယ်၊ ဒီပြောက်ကျားတွေရဲ့ ပြဿနာဟာ ရန်သူက ထိုးစစ်ကြီး ဆင်လာတဲ့အခါ ကျုပ်တို့ အတွက် သိပ်ပြီး အရေးကြီးတယ်'

ဗိုလ်ချုပ်ဝေါ်လသာက ရှင်းပြသည်။

'ရန်သူတွေဟာ ဆာဒီးနီးယားကို အလျင်တိုက်ကြလိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ် ဗိုလ်ချုပ်'

ကိုးနစ်က ပြောလိုက်သည်။

ဝေါ်လသာက . . .

'ဗိုလ်မှူးပြောတာ မှားတယ်လို့ မဆိုနိုင်ပါဘူး၊ ဘာလင်ဌာနချုပ်က ဒီအတိုင်းပဲ ယုံကြည်နေကြတယ်၊ အဓိပတိကြီး ကိုယ်တိုင်ပဲပေါ့'

ကက်ဆယ်ရင်းက . . . .

www.burmeseclassic.com



'လွန်ခဲ့တဲ့ နှစ်ပတ်သုံးပတ်က စပိန်ကမ်းခြေမှာ ဗြိတိသျှ ဆက်သား တစ်ယောက်ရဲ့ အလောင်းကိုတွေ့ရတယ်၊ ဗြိတိသျှ ရေတပ်က ဗိုလ်မှူး တစ်ယောက်ပဲ၊ သူ့ကိုယ်ပေါ်မှာ တူနစ်ရှားမှာရှိတဲ့ ဗိုလ်ချုပ်ကြီး အလက်ဇန္ဒား ဆီကို ပေးဖို့ စာတွေပါတယ်၊ နောက်ပြီးတော့ လော့ဒ်လူးဝစ် မောင့်ဘက်တန် ကနေ မြေထဲပင်လယ် ဗြိတိသျှ ရေတပ်ဗိုလ်ချုပ်ကြီး ကမ်နင်ဂမ်ဆီကို ပေးတဲ့ စာလဲပါတယ်။ ဒီစာတွေရဲ့ သဘော အကျဉ်းချုပ်ကတော့ မဟာမိတ်တပ်ဖွဲ့များ ရဲ့ ထိုးစစ်ရည်မှန်းချက်ဟာ ဆားဒီးနီးယားနဲ့ ဂရိတ်တို့ပဲ ဖြစ်ကြတယ်၊ စစ္စလီကျွန်း ကို တိုက်ခိုက်ရေးဟာ လမ်းလွှဲတိုက်ခိုက်ရေးပဲ ဖြစ်တယ်'

ပကတိ တိတ်ဆိတ်သွားသည်။

'ဗိုလ်မှူးရဲ့ သဘောထားကို ပြောစမ်းပါ၊ ပွင့်ပွင့်လင်းလင်းပြောပါ'

ဝေါလသာက ပြောလိုက်သည်။

ကိုးနစ် ပခုံးတွန့်လိုက်ပြီး . . .

'ကျွန်တော် ဘာပြောနိုင်မှာလဲ ဗိုလ်ချုပ်၊ သမိုင်းတစ်လျှောက်မှာရော၊ ကနေ့ ကာလမှာရော ရံဖန်ရံခါမှာ အံ့သြဖွယ်ရာတွေဟာ ဖြစ်တတ်ကြတာပဲ၊ သူ့ကိုယ်ပေါ်မှာ ပါလာတဲ့စာတွေကို ကျွန်တော်တို့ လူတွေတွေ့ရအောင် စပိန်ကမ်းခြေကို ဒီအင်္ဂလိပ်ဗိုလ်မှူး မျောလာတာဟာလဲ တကယ်တော့ အံ့သြဖွယ်တစ်ခုပဲပေါ့'

'ခြုံပြီးပြောရရင် ဒီအံ့သြဖွယ်တွေကို ဗိုလ်မှူး မယုံဘူး မဟုတ်လား'

ကက်ဆယ်ရင်းက မေးသည်။

'ရှေးသရော အခါက . . . ဆိုတဲ့ပုံပြင်တွေကို မဖတ်တော့တဲ့ နောက်ပိုင်းပဲ ဆိုပါတော့ ဗိုလ်ချုပ်မှူးကြီး'

'ဟုတ်ပြီ၊ ဒီမှာဖြစ်ပျက်နေတဲ့ အခြေအနေတွေနဲ့ ပတ်သက်ပြီး ဗိုလ်မှူးရဲ့ သဘောထားကို ပြောစမ်းပါ'

ကက်ဆယ်ရင်းက တောင်းဆိုလိုက်သည်။

ကိုးနစ် ထိုင်ရာမှ ထပြီး မြေပုံကြီး ဆီသို့ လျှောက်သွားသည်။

'ပြောက်ကျားတပ်ဖွဲ့တွေနဲ့ပတ်သက်ပြီး ပြောရရင် အရေးကြီးတဲ့ အဖွဲ့ နှစ်ဖွဲ့ရှိပါတယ်။ တစ်ဖွဲ့ကတော့ ခွဲရေး အဖွဲ့ပဲ၊ သူတို့ရဲ့ လိုလားချက်ကတော့ စစ္စလီကျွန်းကို လုံးဝ လွတ်လပ်ရေးပဲ၊ နောက်တစ်ဖွဲ့ကတော့ ကွန်မြူနစ်တွေပဲ ဖြစ်ပါတယ်။ သူတို့ ဘာလိုချင်တယ်ဆိုတာကိုတော့ အားလုံးသိကြပါတယ်'

www.burmeseclassic.com



'ဗိုလ်ချုပ် ဝေါ်လသာက မာဖီးယားလုပ်ရှားမှုအကြောင်းပြောပါတယ်။ သူတို့ကို တိုက်ခိုက်ရေး တပ်ဖွဲ့တစ်ဖွဲ့အဖြစ် ယူဆနိုင်မလား'

ကက်ဆယ်ရင်းက မေးသည်။

'ယူဆနိုင်ပါတယ်၊ သူတို့ဟာ နောက်ကွယ်မှာရှိတဲ့ တကယ့် အင်အားစုပဲ၊ နောက်ပြီးတော့ သူတို့ဟာ စစ္စလီ သက်သက်ပဲ၊ အီတလီနဲ့ မူဆိုလိုနီဟာ သူတို့အတွက် ဘာမှ အဓိပ္ပာယ်မရှိဘူး'

'ထိုးစစ်ကြီး ဆင်လာရင် သူတို့ တိုက်မလား'

ကိုးနစ်က ခေါင်းညိတ်လျက် . . .

'သူတို့ တိုက်ကြလိမ့်မယ်လို့ ကျွန်တော်ယူဆပါတယ်၊ သူတို့အားလုံး တိုက်ကြမှာပဲ၊ ကျွန်တော်တို့ စိုးရိမ်ရမှာက အီတလီတပ်မတော်ပဲ'

'ဒီလိုပဲ ထင်သလား'

ကက်ဆယ်ရင်းက မေးသည်။

ကိုးနစ် သက်ပြင်းရှည်ကြီးချလိုက်ပြီးနောက် . . .

'ဗိုလ်ချုပ်မှူးကြီးခင်ဗျား . . . ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင်တော့ အီတလီပြည်သူတွေဟာ မူဆိုလိုနီနဲ့ ဒီစစ်ကြီးအပေါ်မှာ စိတ်ဝင်စားမှု မရှိကြတော့ပါဘူး'

ခေတ္တမျှ တိတ်ဆိတ်နေသည်။ အတန်ကြာမှ ကက်ဆယ်ရင်း ပြုံးလိုက်ပြီး. . .

'တိကျမှန်ကန်တဲ့ သုံးသပ်ချက်ပဲ၊ ကျုပ်အနေနဲ့ ဘာမှ သဘောထားကွဲလွဲစရာမရှိဘူး၊ အဲဒီတော့ ပြောပါဦး . . . စစ္စလီကျွန်းကို ထိုးစစ်ကြီး ဆင်လိမ့်မယ်လို့ ဗိုလ်မှူး ယူဆသလား'

ကိုးနစ်သည် ပါလာမို၏ တောင်ဘက် အဂ္ဂရီဂျင်တိုသို့ သွားသော လမ်းမကြီးကို လက်ညှိုးဖြင့် ဆွဲပြီး . . .

'ဒီလမ်းဟာ စစ္စလီကျွန်းရဲ့ အသက်သွေးကြောလမ်းမကြီးပဲ၊ ကမ္ဘရာတာဒေသကို ဖြတ်သွားတယ်၊ ဒီကျွန်းပေါ်မှာတော့ အရိုင်းဆုံးနဲ့ အကြမ်းတမ်းဆုံးဒေသပဲ၊ ဒီဒေသမှာ ပြောက်ကျားတပ်ဖွဲ့တွေရဲ့ လှုပ်ရှားမှုဟာလဲ အတော်ကလေး များပြားတယ်၊ အထောက်တော်တွေဆီကရတဲ့ သတင်းအရ ဆိုရင် လွန်ခဲ့တဲ့ နှစ်ပတ်သုံးပတ်လောက်က ဒီဒေသမှာ အမေရိကန် ထောက်-လှမ်းရေးသမားတွေ လေထီးနဲ့ ဆင်း ခဲ့ကြတယ်၊ အခုအထိတော့ တစ်ယောက်မှ

www.burmeseclassic.com



ကျွန်တော်တို့ဖမ်းမမိသေးဘူး’

ကက်ဆယ်ရင်းက စားပွဲပေါ်မှာ ဖိုင်တစ်ခုကို ဆွဲယူကာ ဖွင့်လိုက်ပြီး

‘ဒါပေမဲ့ ဒီလူကိုတော့ ဗိုလ်မှူးမိလုနီးပါး ဖြစ်ခဲ့တယ် မဟုတ်လား၊ ဗိုလ်မှူးကာတာ၊ ကိုင်ရိုမြို့မှာရှိတဲ့အထူးတိုက်ခိုက်ရေးတပ်ဖွဲ့ အီတလီဌာနစိတ်တာဝန်ခံ၊ ဗိုလ်မှူး သူ့ကို မိထားပြီးမှ ဗိုလ်မှူးလက်ထဲကပဲ သူလွတ် ထွက်သွားတာ မဟုတ်လား’

‘လေးစားပါတယ် ဗိုလ်ချုပ်မှူးကြီး၊ ကျွန်တော့်ရဲ့တာဝန်က အရန်-အင်အားအဖြစ် ကျောထောက်နောက်ခံပြုပေးဖို့ပဲ၊ အဓိကတာဝန်က ကပတိန်းဖီးပေါ်လဇီနဲ့ ဂက်စတာပိုတွေရဲ့လက်ထဲမှာပဲ၊ နောက်ပြီးတော့ ရုရှားမှာ တိုက်ခိုက်ရတဲ့ကျေးဇူးကြောင့် ကျွန်တော့်တပ်ရင်းမှာ အခုအခါ စုစုပေါင်း လူသုံးဆယ့်ငါးယောက်ပဲရှိတယ်၊ အရာရှိဆိုလို့ ကျွန်တော်တစ်ယောက်တည်း ရှိတယ်’

‘ကာတာ ကိစ္စကို ဘာလင်က နည်းနည်းမှ မကျေနပ်ဘူး၊ ဟင်းမလား ကိုယ်တိုင် မကျေနပ်ဘူး၊ အဲဒီအတွက် သူအင်မတန် ယုံကြည်စိတ်ချတဲ့ ထောက်-လှမ်းရေးသမား တစ်ယောက်ကို ဗိုလ်မှူးနဲ့အတူ တာဝန်ယူဖို့ လွှတ်လိုက်တယ်’

‘ဂက်စတာပိုပေါ့’

‘မဟုတ်ဘူး၊ ဂက်စတာပိုထက် အရေးကြီးတယ်’

ဝေါ်လသာဘက်သို့ လှည့်လျက် ‘ဗိုလ်မှူးမေယာကို ခေါ်လိုက်ပါ’

အခန်းတွင်းသို့ ဝင်လာသူမှာ အရပ်ပုပုပြတ်ပြတ်၊ မျက်နှာပြားပြား၊ မျက်လုံးပြာပြာနှင့် ဖြစ်သည်။ သည်လိုပုံစံနှင့် လူမျိုးတွေကို ကိုးနစ် ချက်ချင်း မှတ်မိလိုက်သည်။ ပုလိပ်အရာရှိဟောင်းများဖြစ်သည်။ မြေအောက်လောကမှ သူခိုးသူဝှက်များနှင့်ပတ်သက်ပြီး အသုံးဝင်သူများဖြစ်သည်။ သူသည် နာဇီ ယူနီဖောင်းကို ဝတ်ဆင်ထားပြီး သွေးဘွဲ့တံဆိပ်ကို တပ်ဆင်ထားသည်။ ဤတံဆိပ်မှာ ယခင်အစိုးရလက်ထက်က နိုင်ငံရေး အကျဉ်းသမားများအတွက် ပေးသော ဘွဲ့တံဆိပ်ဖြစ်သည်။ နာဇီတပ်ဖွဲ့ဝင်များ အထူးတပ်မက်သော ဘွဲ့တံဆိပ်ဖြစ်သည်။ သူနှင့်ပတ်သက်ပြီး စိတ်ဝင်စားစရာ အကောင်းဆုံးအချက်ကတော့ သူ၏အကျႌလက်ဖျားမှ တံဆိပ်ပင် ဖြစ်သည်။ ဟင်းမလား၏ ညာလက်ရုံးတပ်ဖွဲ့ဝင် အမှတ်သင်္ကေတပင်ဖြစ်သည်။

‘ဗိုလ်မှူး ဖရင့်မေယာ၊ ဗိုလ်မှူးကိုးနစ်’

www.burmeseclassic.com



ဝေါ်လသာက မိတ်ဆက်ပေးသည်။ ကက်ဆက်ရင်းမှာမူ ပြတင်း-ပေါက်တွင်ရပ်ပြီး စီးကရက်သောက်နေသည်။

မေယာသည် ကိုးနစ်ကို ပုလိပ်မျက်လုံးဖြင့် ကြည့်ရှုသည်။ သမားရိုးကျမဟုတ်သော နာဇီဝတ်စုံ၊ ဝက်သစ်ချရွက်နှင့် နိုက်ကရော့စ် သူရဲကောင်းဘွဲ့တံဆိပ်၊ ဓားတံဆိပ်။

'တွေ့ရတာ ဝမ်းသာပါတယ် ဗိုလ်မှူး'

သူနှုတ်ဆက်သည်။

ကိုးနစ်က ကက်ဆက်ရင်းဘက်လှည့်လျက် . . .

'အခက်အခဲတစ်ခုတော့ ရှိလိမ့်မယ်နဲ့တူတယ် ဗိုလ်ချုပ်မှူးကြီး၊ ဘယ်-သူက ခေါင်းဆောင်ရမလဲ၊ ကျွန်တော်နဲ့ မေယာ ရာထူးချင်း အတူတူဖြစ်နေတယ်'

ကက်ဆက်ရင်းက. . .

'ဘာမှ အခက်အခဲ မရှိပါဘူး၊ ဗိုလ်မှူးကိုးနစ်တို့ နှစ်ယောက် ကိုယ့်တာဝန်နဲ့ကိုယ် သီးခြား ထမ်းဆောင်ကြရမှာပဲ၊ ဗိုလ်မှူးကိုးနစ်က စစ်ရေးတာဝန်ကို ထမ်းပြီး ဗိုလ်မှူးမေယာက နိုင်ငံရေးတာဝန်ကို ထမ်းဆောင်ပါလိမ့်မယ်'

'ကျွန်တော့်ဘက်ကတော့ ဘာမှ ပြဿနာမရှိပါဘူး ဗိုလ်ချုပ်မှူးကြီး'

မေယာက ပြောသည်။

'ကောင်းတယ်'

ကက်ဆက်ရင်းက ပြုံးလိုက်ပြီး . . .

'အဲ . . . ဒီတော့ ဗိုလ်မှူးသွားနိုင်ပါပြီ၊ ဗိုလ်မှူးကိုးနစ်နဲ့ ကျုပ်တို့ ပြောစရာလေးတွေ ရှိသေးတယ်'

မေယာ ခြေစုံရိုက်လိုက်သည်။ ထို့နောက် လက်ကို ဆန့်တန်းကာ 'ဟေး ဟစ်တလာ' ဟု ကြွေးကြော်ပြီး ထွက်ခွာသွားသည်။

မေယာ ထွက်သွားသောအခါ ကက်ဆက်ရင်းက . . .

'ဗိုလ်မှူးဘာပြောမယ်ဆိုတာ ကျုပ်သိတယ်၊ ဗိုလ်မှူးမှန်ပါတယ်၊ ဗိုလ်မှူးမှာ အခက်အခဲ အများကြီးဖြစ်မယ်'

'ဘယ်လိုမှ အလုပ်လုပ်လို့ မဖြစ်နိုင်သလောက်ပါပဲ ဗိုလ်ချုပ်မှူးကြီး၊ ကျွန်တော့်မှာ ရာထူးအရ အခွင့်အာဏာ မရှိဘူး၊ အဲဒီတော့ ဒီလူ့အနေနဲ့ စွက်ဖက်ချင်သလို စွက်ဖက်နေတော့မှာပဲ'

ကိုးနစ် ဒေါသဖြစ်နေသည်။ မဖုံးဖိနိုင်ရှိသည်။

www.burmeseclassic.com



'ဒီနေရာမှာ အဆင့်အတန်းကလဲ ဘာမှ ဒါလောက်မတတ်နိုင်ပါဘူး၊ သူက ဟင်းမလားရဲ့ လက်ရင်းလူတစ်ယောက်ဆိုတော့ ကျုပ်လို လူတစ်ယောက်အပေါ်မှာတောင် လွှမ်းမိုးနိုင်တာပဲ၊ ဒါပေမဲ့ လက်ရှိအခြေအနေအရ ဗိုလ်မှူးနဲ့ ပတ်သက်ပြီး ကျုပ်တတ်နိုင်သမျှတော့ လုပ်ပေးထားပါတယ်'

ကက်ဆယ်ရင်းက ဝေါလသာကို ခေါင်းညိတ်ပြလိုက်သည်။ ဝေါလသာက ကိုးနစ်ကို စာအိပ်တစ်အိပ်ပေးသည်။ ကိုးနစ်က စာအိတ်ကို ဖွင့်မည်ရှိစဉ် ကက်ဆယ်ရင်းက . . .

'နောက်မှ ဖွင့်ပါ၊ ဗိုလ်မှူးကံကောင်းပါစေ'

'လေးစားပါတယ် ဗိုလ်ချုပ်မှူးကြီး . . . လေးစားပါတယ် ဗိုလ်ချုပ်'

ကိုးနစ် အလေးပြုပြီးထွက်သွားသည်။

\+ \+ \+

ဖရန့်မေယာသည် ခန်းမဆောင်ထဲတွင် မတ်တတ်ရပ်လျက်ရှိသည်။ ကိုးနစ်ကို စောင့် ဆိုင်းရင်း သတင်းစာဖတ်ဟန်ဆောင်နေသည်။

သူသည် ဗိုလ်မှူးကိုးနစ်ကို မြင်မြင်ချင်းပင် သဘောမကျရှိသည်။ သူ၏ သဘောမကျပုံက ကိုးနစ်၏ စစ်ရေးထူးချွန်မှုများကို သာမန်မနာလိုပုံမျိုးထက် လွန်ကဲသည်။ အဖြစ်မှန်က များစွာမှပင် နက်ရှိုင်းလှသည်။ ကိုးနစ်က အမျိုးကောင်းသားတစ်ဦးဖြစ်သည်။ လေတပ်ဗိုလ်ချုပ်တစ်ဦး၏ သားဖြစ်သည်။ မေယာက ဟမ်းဘတ်မြို့မှ ဖိနပ်ချုပ်သမားတစ်ဦး၏ တတိယသားဖြစ်သည်။ သူသည် ပထမကမ္ဘာစစ် ကြီးအတွင်းက ကတုတ်ကျင်းများအတွင်း နေခဲ့ရသည်။ ၁၉၂၀- ခုနှစ်ပတ်ဝန်းကျင်တွင် တခြားသော ပြည်သူပြည်သားများနှင့်အတူ ငတ်မွတ်ခေါင်းပါးခြင်းဖြစ်ခဲ့ရသည်။ ဟစ်တလာပေါ်ထွက်လာသောအခါ ပြည်သူအများ အားတက်ကြသည်။ မေယာသည် ဟမ်းဘတ်မြို့တွင် ပထမဆုံး ပါတီဝင်ခဲ့သူများတွင် ပါဝင်သည်။ အဓိပတိကြီး ကိုယ်တိုင်ပင် သူ့ကို သွေးဘွဲ့ တံဆိပ် နှင်းအပ်ခဲ့သည်။ သူတို့ကိုယ် သူတို့ သူများတွေထက် မြင့်မြတ်သည်ဟု ယူဆသည်။ ကိုးနစ်တို့၏ ကမ္ဘာကို သင်ခန်းစာပေးရမည်။

သူ့အနီးသို့ ကိုးနစ် ရောက်ရှိလာသောအခါ. . .

'ဟော. . . ဗိုလ်မှူးပါလား၊ ဗိုလ်မှူးနဲ့ အရေးတကြီးဆွေးနွေးစရာတွေ

www.burmeseclassic.com



BURMESE CLASSIC .com

ရှိတယ်။ ဥပမာ ကာတာကိစ္စဆိုပါတော့'

'ဒီကိစ္စက ကျုပ်ကိစ္စမဟုတ်ပါဘူး၊ ဂက်စတာပိုကိစ္စပဲ၊ ကျုပ်က အထောက်အကူပေးရတဲ့လူပဲ'

ကိုးနစ်က လက်အိတ်ကိုစွတ်ရင်း ပြောလိုက်သည်။

မေယာက . . .

'တန်ဘိုးရှိတဲ့ စစ်မြေပြင် အရာရှိတစ်ယောက် အသတ်ခံရတယ်၊ ကာတာ လွတ်ထွက်သွားတယ်၊ ဒါပေမဲ့ ဗယ်လိုနာက လူတွေကို ဗိုလ်မှူး မဖမ်းဘူး၊ လက်စားချေတာ ဘာမှ မရှိဘူး'

'ကျုပ်က စစ်သားတစ်ယောက်ပဲ၊ နွားသတ်သမားမဟုတ်ဘူး၊ ကျုပ် ပြောတာကို သဘောမပေါက်ရင် ဗိုလ်ချုပ်မှူးကြီးနဲ့ ဆွေးနွေးနိုင်တယ်'

ကိုးနစ်က ပြောလိုက်သည်။

'ကျုပ်ကိုလဲနားမလည်နိုင်တဲ့ လူတွေအများကြီးရှိလိမ့်မယ်၊ နာဇီအရာရှိ တစ်ယောက်က ဒီလိုစကားမျိုးပြောတာကို ပြည်ထဲရေးဝန်ကြီး ဟင်းမလား အနေနဲ့ အင်မတန် စိတ်ဝင်စားလိမ့်မယ်'

'အဲဒီလိုဆိုရင် ဗိုလ်မှူး သူနဲ့ ဆွေးနွေးပေါ့၊ ဒီလိုဆွေးနွေးလိမ့်မယ်လို့လဲ ကျုပ်မျှော်လင့်ပြီးသားပဲ'

ယင်းသို့ပြောပြီး ကိုးနစ်ထွက်သွားသည်။ လှေခါးထစ်မှဆင်းပြီး သူ့အား စောင့်ဆိုင်းနေသော ဘရန့်ရှိရာသို့ လျှောက်သွားသည်။ ဘရန့်က ကားကို မောင်းထွက်ရန် အသင့်ရှိနေသည်။

+ + +

ပါလာမိုမြို့ဆီသို့ ဦးတည်ပြီး ကားကလေးကို မောင်းနှင်သွားစဉ်တွင် ကိုးနစ် စီးကရက် တစ်လိပ်ကို မီးညှိပြီးသောက်သည်။ ထို့နောက်. . .

'ခဏရပ်လိုက်ပါ ရူဒီ၊ ကိုယ်လမ်းလျှောက်ချင်တယ်'

ရူဒီဘရန့်သည် ကားကို ပါလီဂရီနိုသင်္ချိုင်းအဝတွင် ရပ်လိုက်သည်။ကိုးနစ် ကားပေါ်မှဆင်းပြီး ဝင်းတံခါးမှ ဝင်သွားသည်။ မညီညာသော ဆိုက်ပရပ် ပင်ကလေး များအကြားတွင်လျှောက်သွားသည်။

ကျောက်ဖြူ သင်္ချိုင်းဂူကြီး တစ်ခုရှေ့တွင် သူရပ်လိုက်သည်။ သင်္ချိုင်းဂူ

www.burmeseclassic.com



၏ အထက်တွင်ရှိသော ဆန်တာရိုဇာလီယာ ရုပ်တုကြီးကို သူမော့ကြည့်သည်။ သူ၏ နောက်ဖက်သို့ ဘရန့် ရောက်ရှိလာသည်။

'ဟိုမှာ ဘာတွေဖြစ်ပျက်ခဲ့သလဲ'

ဘရန့်က မေးလိုက်သည်။

'အို. . . ဘာမှ မဖြစ်ပါဘူး၊ ဟင်းမလားရဲ့ လက်ရင်းတပ်ဖွဲ့က မေယာဆိုတဲ့ ဗိုလ်မှူးတစ်ယောက်ကို ကိုယ်နဲ့ တွဲပေးလိုက်တယ်၊ ဒီကိစ္စအတွက် ဗိုလ်ချုပ်-မှူးကြီးလည်း စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ သူလည်း ဘာမှ မတတ်နိုင်ပါဘူး'

ထို့နောက် ကိုးနစ်သည် အင်္ကျီအိတ်ထဲမှ မီးခြစ်ကို နှိုက်လိုက်ရာ ကက်ဆယ်ရင်း ပေးလိုက်သော စာအိတ်ကြီး ထွက်ကျသည်။ ကိုးနစ်စီးကရက်ကို မီးညှိနေစဉ်တွင် ဘရန့်က စာအိတ်ကို ကောက်ယူလိုက်သည်။

'ဗိုလ်မှူး'

သူက စာအိပ်ကိုလှမ်းပေးသည်။

'ကက်ဆယ်ရင်းနဲ့ ခွဲခွာခြင်း လက်ဆောင်ပဲ၊ ဖောက်လိုက်စမ်းပါ၊ ကိုယ့်ကို သူကိုယ်တိုင် မပြောရဲတဲ့ကိစ္စ ဘာများလဲလို့ ကြည့်ရအောင်'

ကိုးနစ်က ပြောလိုက်သည်။ ထို့နောက် ပင်လယ်ပြင်သို့ သူ ငေးကြည့်နေသည်။ စာအိတ်ကို ဘရန့် ဖွင့်ဖောက်နေသည်ကို သူသတိပြုမိသည်။ ဘရန့်၏ မျက်နှာတွင် မယုံကြည်နိုင်သော ဝမ်းမြောက်မှု ပေါ်လွင်လာသည်ကို တွေ့ရ သည်။ ကိုးနစ် ချာကနဲ လှည့်လိုက်သည်။ ဘရန့်၏မျက်နှာ ပြုံးပြုံးကြီး ရှိနေသည်။ သူက စာကို လှမ်းပေးရင်း . . .

'ဗိုလ်မှူးကို ဒုတိယ ဗိုလ်မှူးကြီးအဖြစ် ရာထူးတိုးပေးတဲ့ အမိန့်ပါ'

ကိုးနစ် အတန်ကြာမျှ သူ့ကို ငေးစိုက်ပြီး ကြည့်နေသည်။ ထို့နောက် သူ၏ လက်ထဲမှ စာရွက်ကို ဆတ်ကနဲ ဆွဲယူလိုက်သည်။ အမိန့်စာထဲတွင်ပါသည့် ရုံးသုံးစကားများက အမိက မဟုတ်ပါ။ အရေးကြီးသည်က ဘရန့်၏ စကား မှန်သည်။ ကက်ဆယ်ရင်းက သူ့ကို ရာထူးတိုးပေးလိုက်သည်။ သူကစာအိတ်ကို ကြည့်လိုက်သည်။ စာအိပ်ပေါ်မှလိပ်စာကို အခုမှ မြင်တွေ့ရသည်၊ ဒုတိယ ဗိုလ်မှူးကြီး ကိုးနစ် ဟု ရေးထားသည်။ ကက်ဆယ်ရင်းက သူပြောလိုက်သည့် စကားနှင့် ညီညွတ်အောင် ဆောင်ရွက်လိုက်ခြင်းပင်ဖြစ်သည်။ 'လက်ရှိ အခြေအနေအရ ဗိုလ်မှူးနဲ့ပတ်သက်ပြီး ကျုပ်တတ်နိုင်သမျှတော့ လုပ်ပေးထား ပါတယ်'

www.burmeseclassic.com



ဘရန်နဲ့၏ ပခုံးကို သူပုတ်လိုက်ပြီး . . .

'ရှုဒီရေ အထိမ်းအမှတ်ပွဲကလေး ဆင်နွှဲကြရအောင်'

ကားဆီသို့ လျှောက်သွားရင်း သူရယ်လိုက်ပြီး . . .

'ဒီသတင်းကိုကြားရင် မေယာရဲ့ မျက်နှာ ဘယ်လိုဖြစ်သွားမယ်ဆိုတာ ကိုယ်မြင်ချင်လိုက်တာ'

* * *

# [၄]

နောက်လေးပတ်အကြာတွင် ဟယ်ရီကာတာကို သယ်ဆောင်လာသော ဂျစ်ကားကလေးသည် ဒါအယ်ကွတ် စံအိမ်တော် တံခါးမကြီး ရှေ့တွင် ဆိုက်ရပ်သည်။ ဟယ်ရီကာတာသည် လှေကားထစ်များကို ခပ်ဖြည်းဖြည်း တက်သွားသည်။

ဗိုလ်ကြီး ကူးဆက် စားပွဲတွင် ထိုင်နေရာမှ မော့ကြည့်သည်။ ထို့နောက် ချက်ချင်းပင်ထရပ်ပြီး . . .

'လေးစားပါတယ် ဗိုလ်မှူး'

'ကျုပ်ကို ချိန်းထားတယ်'

'ဟုတ်ပါတယ်ခင်ဗျား၊ ဗိုလ်မှူးရောက်နေတဲ့အကြောင်း ဗိုလ်ချုပ်ကြီးကို ကျွန်တော်သွားပြောပါ့မယ်'

သူထွက်သွားသည်။ ကာတာလည်း အပြင်ဘက်သို့ထွက်ခဲ့သည်။ သည်နေရာတွင် ပထမအကြိမ် မိမိရပ်ခဲ့သည်မှာ ရက်သတ္တခြောက်ပတ်မျှသာ ရှိသေးသည်။ သူ့ရင်ဘတ်မှ ဒဏ်ရာ နာလာသည်။ ယင်းအတွက်ပင် သူသည် အိတ်ထဲမှ စီးကရက် ဗူးကို ထုတ်လိုက်သည်။ စီးကရက်တစ်လိပ်ကို ထုတ်ပြီး မီးညှိသည်။ ထို့နောက် အားရပါးရ ရှိုက်ဖွာလိုက်သည်။

သူ၏နောက်ဖက်မှ သွက်လက်သော ခြေသံကို ကြားရသည်။ သူ

www.burmeseclassic.com



လှည့်ကြည့်လိုက်သည်။

'ဗိုလ်ချုပ်ကြီးက ဗိုလ်မှူးကို အခုပဲ လက်ခံတွေ့ဆုံပါလိမ့်မယ်'

ကူးဆတ်က ပြောသည်။

\+ + +

ကာတာသည် စားပွဲရှေ့တွင်ရပ်ရင်း တစ်စုံတစ်ခုကို စဉ်းစားနေမိ သည်။ အိုက်စင်ဟောင်ဝါသည် သူ့ကိုမော့ကြည့်ပြီး မျက်မှောင်ကုတ်လိုက်သည်။

'ဗိုလ်မှူး နေမကောင်းဘူးလား'

'ကောင်းပါတယ်ခင်ဗျား၊ အလျင်တစ်ခါလား၊ အခုလားကို စဉ်းစား နေတာပါ'

အိုက်စင်ဟောင်ဝါက ပြုံးလိုက်ပြီး . . .

'ဟုတ်သားပဲ၊ ဗိုလ်မှူးအလျင်တစ်ခါရောက်ဖူးတာပဲ၊ ကျုပ်အဖို့တော့ နေ့တိုင်း ဒီအတိုင်းပဲ၊ ထိုင်လေ' ဖိုင်တစ်ခုကို ယူပြီး ဖွင့်လိုက်သည်။

'ဗိုလ်မှူးရဲ့ အစီရင်ခံစာကို ကျုပ်ဖတ်ပြီးပြီ၊ အင်မတန်စိတ်ဝင်စားစရာ ကောင်းပါတယ်'

ကာတာ ကုလားထိုင်တစ်လုံးကို ဆွဲယူသည်။

'ကျေးဇူးတင်ပါတယ် ဗိုလ်ချုပ်ကြီး' ခေတ္တမျှတုံ့ဆိုင်းနေပြီးနောက် . . .

'စစ္စလီကျွန်း ထိုးစစ်ကြီး ဖြစ်သလား ဗိုလ်ချုပ်ကြီး'

အိုက်စင်ဟောင်ဝါ ခေါင်းမော့ပြီး တည်ငြိမ်အေးဆေးစွာဖြင့် . . .

'လာမယ့် နှစ်ပတ်သုံးပတ်အတွင်းမှာ ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီခေါင်း ဆောင်တဲ့ ဗြိတိသျှတပ်တွေက ကျွန်းအရှေ့ပိုင်းကို ဝင်တိုက်ပြီး၊ ဗိုလ်ချုပ်ကြီး ပက်တန်ဦးဆောင်တဲ့ အမှတ်(၇)တပ်မတော်က တောင်ဘက်ကမ်းခြေကို တက် ပြီး ပါလာမိုကို တိုက်မယ်၊ ဗိုလ်မှူး အံ့သြသလား'

'မအံ့သြပါဘူး ဗိုလ်ချုပ်ကြီး၊ စစ္စလီကျွန်းမှာတော့ ဂျာမန်တွေကအစ လူအားလုံးကပဲ ထိုးစစ်ကြီးဟာ ဆာဒီးနီးယားကျွန်းကို ဦးတည်လိမ့်မယ်လို့ ယူဆနေကြတယ်'

'ကျုပ်တို့က သူတို့ကို ဒီအတိုင်းပဲထင်စေချင်တာပဲ၊ ကဲ. . . ဒါကိုထားပါ တော့၊ အလျင်တစ်ခေါက် ဗိုလ်မှူးဒီကိုလာတုန်းက ပြောခဲ့တဲ့ အကြောင်းကို ပြန်ကောက်ကြရအောင်၊ ဗိုလ်မှူးရဲ့ အစီရင်ခံစာထဲမှာ ပါတဲ့အတိုင်းဆိုရင်တော့

www.burmeseclassic.com



မာဖီးယားကိစ္စကို ဝါရှင်တန်က သိပ်ပြီးအားထားမျှော်လင့်နေတာပဲပေါ့'

'မှန်ပါတယ် ဗိုလ်ချုပ်ကြီး'

ခေတ္တမျှ တိတ်ဆိတ်နေသည်။ အိုက်ဆင်ဟောင်ဝါက ဖိုင်တွဲကို စိုက်ကြည့်ယင်း . . .

'ဗိုလ်မှူးရဲ့ သဘောကကော ဘယ်လိုလဲ'

'ဟုတ်ကဲ့ ဗိုလ်ချုပ်ကြီး ကာပိုဆိုတဲ့ လူတစ်ယောက်ရှိတယ်၊ ဒွန်အန်တိုနီယို ကာပို၊ စစ္စလီကျွန်းမှာတော့ ရာဇာဓိရာဇာပဲပေါ့၊ ၁၉၄၀- ခုနှစ်မှာ ဖက်ဆစ်တွေက သူ့ကို ထောင်ချခဲ့တယ်၊ သူ့ကို ပြည်မက အကျဉ်းထောင်ကို ပို့တယ်၊ နေပယ် အကျဉ်းထောင်ပဲပေါ့၊ အဲဒီနှစ်မှာပဲ သူ ထောင်ဖောက်ပြီး လွတ်သွားတယ်၊ စစ္စလီကျွန်းကို ပြန်ရောက်လာတယ်၊ အဲဒီအချိန်ကစပြီး သူ ကိုယ်ရောင်ဖျောက်ပြီး ပုန်းနေခဲ့တယ်၊ စစ္စလီကျွန်းမှာ အားလုံးက လေးစားတဲ့ လူဆိုလို့ သူတစ်ယောက်ပဲ ရှိတယ်။ ကျွန်တော် အလွန်အကျွံပြောတာတော့ မဟုတ်ဘူး၊ ဒါပေမဲ့ စစ္စလီကျွန်းမှာဆိုရင်တော့ ကာပိုဟာ ပုပ်ရဟန်းမင်းကြီး ထက်တောင် ပရိသတ်ရှိတယ်'

'ဒါဆိုရင် သူ့ကို တွေ့အောင်ရှာပါ'

အိုက်စင်ဟောင်ဝါက ပြောသည်။

'သူက ဘယ်သူ့အတွေ့မှ မခံပါဘူး'

'ဗိုလ်မှူးကော သူ့ကို မရှာနိုင်ဘူးလား'

'ကျွန်တော်ကြိုးစားပါ့မယ်၊ လုံးဝ ခြေရာပျောက်နေတယ်၊ ကျွန်တော်က သူများတွေထက် အခွင့်အလမ်းသာတာတွေရှိတယ်၊ ဒါပေမဲ့ ဘယ်လိုမှ စုံစမ်းလို့မရဘူး၊ သူက အမေရိကန်တွေကို နည်းနည်းမှ အလေးမထားဘူး၊ အဲဒါကတော့ သူ့မှာ ဆီဇာရီ ဆိုတဲ့ ညီတစ်ယောက်ရှိတယ်၊ သူက ဂရိတ်လိပ်မှာ အရက်မှောင်ခို လုပ်ခဲ့တယ်။ ၁၉၂၉-ခုရဲ့ ညတစ်ညမှာ တခြား မှောင်ခိုဂိုဏ်း တစ်ဂိုဏ်းက ဆီဇာရီ တို့အဖွဲ့ကို ရှီကာဂိုမြို့ အပြင်ဘက်မှာ ချောင်းပြီး တိုက်ခဲ့တယ်။ ဆီဇာရီရဲ့လက်ချက်နဲ့ လူသုံးယောက်သေသွားတယ်၊ အဲဒီအတွက် သူသေဒဏ်အပေးခံရတယ်၊ နောက်နှစ်မှာပဲ လျှပ်စစ်ကုလားထိုင်ပေါ်မှာ သူသေသွားတယ်'

အိုက်စင်ဟောင်ဝါက မတ်တတ်ထလိုက်သည်။ အခန်းထဲတွင် အသွားအပြန်နှစ်ခေါက်လျှောက်သည်။ ထို့နောက် မြေပုံကြီး ရှေ့တွင် ရပ်ပြီးကြည့်သည်။

www.burmeseclassic.com



'တစ်ခုသေချာတာကတော့ ဂျော့ပက်တန်နဲ့ သူ့ကောင်လေးတွေ ဒီတောင်တွေကိုဖြတ်ပြီး ပါလာမိုကို ရောက်အောင် တိုက်ရရင်တော့ ထောင်နဲ့ ချီပြီး သေကြမှာပဲ'

သည်စကားကိုပင် နောက်တစ်ကြိမ်တိုးတိုးလေး ထပ်ပြောသည်။ သူ့ကိုယ်သူပြောနေသည့်အလားဖြစ်သည်။ ကက်ဆာရိုင်း စစ်မြေပြင်တွင် အမေရိကန်တပ်များ အကျအဆုံး များပြားခဲ့ရသည်ကို အိုက်ဆင်ဟောင်ဝါ ပြန်လည်မြင်ယောင်နေဟန်ရှိသည်။

'ကာတာ လည်ချောင်းရှင်းလိုက်ပြီး . . .

'ဗိုလ်ချုပ်ကြီးခင်ဗျား၊ ကျွန်တော်တစ်ခုတင်ပြပါရစေ'

အိုက်ဆင်ဟောင်ဝါ ဆတ်ကနဲလှည့်ကြည့်ပြီး . . .

'ဘာများလဲ'

'ဘာဘဲပြောပြော ကျွန်တော့်သဘောကတော့ လူစီယာနိုဟာ ဒီ ပြဿနာ တစ်ခုလုံးမှာ အခရာပဲ၊ စစ္စလီကျွန်းက မာဖီးယား အဖွဲ့တွေ အပေါ်မှာ သူ့ရဲ့လွှမ်းမိုးမှုရှိတာကတော့ ဘာမှ ယုံမှားသံသယ ဖြစ်စရာ မလိုဘူး၊ ကျွန်တော်တို့နဲ့ လူကာကို သူက ဆက်သွယ်ပေးနိုင်လိမ့်မယ်၊ တကယ်လို့သာ လူကာသာ ကျွန်တော်တို့နဲ့ ပူးပေါင်းမယ်ဆိုရင် မာဖီးယားဟာ ကျွန်တော်တို့ဘက်မှာ ရာခိုင်နှုန်း တစ်ရာ့တစ်ဆယ်ပဲ ဗိုလ်ချုပ်ကြီး'

အိုက်ဆင်ဟောင်ဝါသည် ထိုနေရာတွင်ရပ်လျက် သူ့ကို အတန်ကြာ အောင် ငေးစိုက်ပြီးကြည့်နေသည်။ နောက်မှ ခေါင်းကို ဖြေးလေးစွာ ညိတ်လိုက် ပြီး . . .

'ဗိုလ်မှူးပြောတာ ဟုတ်ပဲ့မလား'

'အဲဒီလိုဆိုယင် ဝါရှင်တန်က လူတွေကို စုံစမ်းခိုင်းပါ၊ နှစ်ရက်လောက် ဆိုရင် လူစီယာနိုကို သူတို့ ချဉ်းကပ်နိုင်မှာပဲ'

'ကျုပ် စဉ်းစားဦးမယ်' နာရီကို ကြည့်လျက်. . ' အခုတော့နေဦး၊ ဝါရှင်တန်နဲ့ ဖုန်းဆက်ရမယ့် အချိန်ရောက်လာပြီ၊ သမတကြီးကို နေ့တိုင်းလောက် သတင်းပို့ရတယ်၊ သူက အခြေအနေတွေကို အမြဲတန်း သိချင်နေတယ်'

'အဲဒီလိုဆိုရင် ကျွန်တော်သွားပါဦးမယ် ဗိုလ်ချုပ်ကြီး'

ကာတာ မတ်တတ် ထရပ်လိုက်သည်။ ဦးထုပ်ဆောင်းသည်။ အလေးပြုသည်။ အိုက်ဆင်ဟောင်ဝါက အလေးပြုခြင်းကို လက်ခံသည်။

www.burmeseclassic.com



ထို့နောက် သူ၏ စာရွက်များနှင့် အလုပ်ရှုပ်စပြုတော့သည်။ တံခါးဆီသို့ ကာတာ လျှောက်သွားသည်။

တံခါးကို သူဖွင့်လိုက်စဉ်တွင် အိုက်ဆင်ဟောင်ဝါက . . .

'၁၁ နာရီလောက် ဒီကိုပြန်လာပါ'

ကာတာအံ့အားသင့်စွာဖြင့် လှည့်ကြည့်ပြီး . . .

'ကနေ့ည ဆယ့်တစ်နာရီလား ဗိုလ်ချုပ်ကြီး'

'ဟုတ်တယ်'

အိုက်ဆင်ဟောင်ဝါက မော့မကြည့်ဘဲပြောသည်။

ကာတာတံခါးကို ပိတ်လိုက်သည်။ ခေတ္တမျှ ရပ်နေသည်။ ထို့နောက် တံခါးဆီသို့ လျှောက်သွားသည်။ လှေကားထစ်များမှ ဆင်းပြီး ဂျစ်ကားဆီသို့ လျှောက်သွားသည်။ ယာဉ်မောင်း၏ ဘေးတွင်ဝင်ထိုင်ပြီး နာရီကို ကြည့်လိုက်သည်။ ခြောက်နာရီ သာသာပဲရှိသေးသည်။ ငါးနာရီနီးပါးအချိန် ဖြုန်းရမည်။

'ဘယ်ကိုမောင်းရမလဲ ဗိုလ်မှူး'

ယာဉ်မောင်းကမေးလိုက်သည်။ ယာဉ်မောင်းမှာအသက် ဆယ့်ခြောက်နှစ်အရွယ် တပ်သားကလေးဖြစ်သည်။

'မေဆင်ဗလင်ချီက အင်္ဂလိပ်လေတပ်စခန်းကို သိသလား'

'သိပါတယ် ဗိုလ်မှူး၊ ဒီကနေ တစ်နာရီခွဲလောက် မောင်းရမယ်'

'ကောင်းပြီ၊ မောင်း'

ကာတာက အမိန့်ပေးလိုက်သည်။

\+ + +

ဒေါက်ကလပ် ဒီစီ၃ ဒါကိုတာလေယာဉ်သည် သယ်ယူပို့ဆောင်ရေး လေယာဉ်များတွင် အကောင်းဆုံးနှင့် အအောင်မြင်ဆုံးဟု ဆိုရပေမည်။ သို့ရာတွင် မော်လတာနိုင်ငံမှနေ၍ မိမိလေတပ်စခန်း မေဆင်ဗလင်ချီသို့ ဒုတိယ ဗိုလ်မှူးကြီးဟာဗေးဂရန့် မောင်းနှင်လာသော ဒါကိုတာ လေယာဉ်ကြီးကား ပို၍ပို၍ အအောင်မြင်ဆုံးဟု ဆိုရချေမည်။

သည်လေယာဉ်ကြီးမှာ သူပျံသန်းနေကျ လေယာဉ်မဟုတ်ပါ။ ဒါကိုတာ လေယာဉ်ဟောင်းကြီးသည် မော်လတာနိုင်ငံသို့ တစ်ပတ်လျှင်

www.burmeseclassic.com



သုံးကြိမ်မျှ ဆေးပစ္စည်းများ ပို့ဆောင်ပျံသန်းနေရသည်။ ထိုနေ့ မနက်က သူ့တာဝန်ကျ လေယာဉ်မှူး နေမကောင်း ဖြစ်နေပြီး လူစားထိုးစရာလည်း မရှိသဖြင့် ဟာဗေးဂရန့်သည် ယင်းအကွက်ကို အခွင့်ကောင်းယူပြီး ယင်း လေယာဉ်ကြီးကို သူကိုယ်တိုင် မောင်းနှင် ပျံသန်းခဲ့ခြင်း ဖြစ်သည်။ အမှန်တော့ ယင်းသို့ ပြုလုပ်ခြင်းသည် စည်းကမ်းဥပဒေ နှင့် ဆန့်ကျင်ပါသည်။ အကြောင်းမှာ 'ဂရန့်ကို လေယာဉ်မောင်းနှင်ပျံသန်းခြင်း မပြုရ' ဟု လွန်ခဲ့သည့် ရက်သတ္တ ခြောက်ပတ်ကပင် အရှေ့အလယ်ပိုင်း လေတပ်မတော်ဌာနချုပ်မှ အမိန့် ထုတ်ပြန် တားမြစ်ထားခဲ့သည်။

ယခုမူ သူသည် လေယာဉ်စက်ခန်းထဲတွင် တစ်ယောက်တည်း ပျော်ရွှင်စွာ ရှိနေသည်။ လေကလေးကိုပင် ချွန်လိုက်သေးသည်။ ထောက်ပံ့ရေး တပ်ကြပ်ကြီး နှစ်ဦးသည် လေယာဉ်နောက်ပိုင်းတွင် အိပ်ပျော်လျက်ရှိကြသည်။

ဟာဗေးဂရန့်သည် အသက် ၂၆ နှစ်ရှိပြီး ကိုယ်ခန္ဓာ သေးသေး ငယ်ငယ်ပင်ဖြစ်သည်။ သို့သော် သူ၏ နက်မှောင်သော မျက်လုံးများက ဘဝအတွေ့အကြုံ ရင့်ကျက်မှုကို ပြနေသည်။ အိုင်အိုဝါပြည်နယ် ပတ်ကား မြို့နယ်မှ လယ်သမားကြီး တစ်ဦး၏ သားဖြစ်သည်။ သူ့ဘဝကို အကြီးကျယ်ဆုံး လွှမ်းမိုးသူမှာ သူ့ဖခင်၏ ညီငယ် တင်ပယ်တန်ဂရန့်ပင် ဖြစ်သည်။ တင်ပယ်တန် ဂရန့်သည် ပြင်သစ်နိုင်ငံတွင် လေယာဉ်မှူးတစ်ဦးအဖြစ် တာဝန်ထမ်းဆောင် လျက်ရှိသည်။

ဦးလေးဖြစ်သူ၏ သင်ပြမှုကြောင့် ဂရန့်သည် ၁၆ နှစ်အရွယ်တွင် တစ်ဦးတည်း ပျံသန်းနိုင်ခဲ့သည်။ ဖခင်ဖြစ်သူ ကျေနပ်စေရန် ဟားဗတ် တက္ကသိုလ် သို့ သွားရောက်ပြီး ဥပဒေပညာ သင်ကြားခဲ့သည်။ စစ်ကြီးဖြစ်သောအခါ သူသည် ပါရီရှိ ဆိုဘုန်း တက္ကသိုလ်တွင်ဖြစ်သည်။ စစ်ကြီးဖြစ်သည်နှင့်တစ်ပြိုင်နက် ဘုရင့်လေတပ်မတော်သို့ သူဝင်ရောက်ခဲ့သည်။

သူသည် ဟာရီကိန်း တိုက်လေယာဉ်များကို မောင်းနှင်ရင်း နှစ်ကြိမ် တိုင်တိုင်ပင် ပစ်ချခြင်း ခံခဲ့ရသည်။ သူ၏လက်ချက်ဖြင့် ရန်သူလေယာဉ် ဆယ့်တစ်စင်း ပျက်ကျခဲ့သည်။ ထို့နောက် သူသည် ဗုံးကြဲလေယာဉ်တပ်ဖွဲ့သို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရသည်။ ထိုစဉ်က သူသည် အုပ်ခွဲမှူး ဗိုလ်မှူး ဖြစ်သည်။ ဒီအက်ဖ် အိုဘွဲ့နှင့် ဒီအက်ဖ်စီဘွဲ့တံဆိပ် နှစ်ကြိမ်ရရှိပြီး ဖြစ်သည်။

သည့်နောက်တွင်မူကား သူသည် တင့်ပ်စ်ဖို့ရှိ ၁၃၈(အထူးတာဝန်)

www.burmeseclassic.com



အုပ်ခွဲသို့ ရွှေ့ပြောင်း တာဝန်ပေးအပ်ခြင်းခံရသည်။ ယင်းတပ်ဖွဲ့၏ တာဝန်မှာ ရန်သူများ သိမ်းပိုက်ထားသောဥရောပတိုက်အတွင်းသို့ ထောက်လှမ်းရေး တပ်ဖွဲ့ဝင်များ ချပေးခြင်းနှင့် ပြန်လည်ခေါ်ဆောင်ခြင်းလုပ်ငန်းများကို လုပ်ဆောင်ရသည်။ စန္ဒာတပ်ခွဲ ဟူ၍ နာမည်ကျော်ကြားသည်။

ဂရန့်သည် တင့်ပ်စ်ဖို့တွင် အထက်ဖော်ပြပါ တာဝန်များဖြင့် အကြိမ်ပေါင်း သုံးဆယ်ကျော်မျှ ပျံသန်းခဲ့ရသည်။ ထို့နောက် ရာထူးတိုးမြှင့်ခြင်း ခံရပြီး မေဆင်ဗလင်ချီသို့ ပြောင်းရွှေ့ရသည်။ မေဆင်ဗလင်ချီသို့ ရောက်ရှိသော အခါတွင် ယခင်လုပ်ငန်းတာဝန်မျိုးပင် လုပ်ဆောင်ရသည်။ အနက်ရောင် သုတ်ခြယ်ထားသော ဟယ်လီဖက် လေယာဉ်များဖြင့် ပျံသန်းပြီး အယ်ဂျီးရီးယား၊ ဆာဒီးနီးယား၊ စစ္စလီ နှင့်အီတလီနိုင်ငံများပေါ်သို့ ထောက်လှမ်းရေးသမားများ ပို့ဆောင်ချထားပေးရသည်။

သို့သော် သည်လုပ်ငန်းများ အားလုံး အတိတ်တွင်ကျန်ရစ်ခဲ့ ချေပြီတည်း။ သူ့ကို မြေပြင်တွင်သာ တာဝန်ထမ်းဆောင်ရန် အထက်မှ တရားဝင် အမိန့် ထုတ်ပြန်ထားချေပြီတည်း။

မှောင်ရီပျိုးစအချိန်တွင် ပင်တယ်လာရီယာ၏ အနောက်တောင်ဘက် သို့ ဂရန့်ရောက်ရှိသည်။ တိမ်တိုက် အစွန်းတွင် ငွေရောင်လခြမ်းကလေး ဆွဲချိတ်လျက် ရှိသည်။ ထိုစဉ်မှာပင် ညသည် ပဲ့တင်တော်လဲသွားတော့သည်။ ဒါကိုတာလေယာဉ်ကြီး မုန်တိုင်းမိသလို လှုပ်သွားသည်။ ဂရန့်သည် လေယာဉ်ကို မနည်းပင် ထိန်းချုပ်ရသည်။ လက်ဝဲဘက်ဆီတွင် အရိပ်မည်းကြီးတစ်ခု ဝဲကွေ့သွားသည်ကို မြင်လိုက် ရသည်။

ယွန်ကာ ၈၈- အမျိုးအစား ဂျာမန်တိုက်လေယာဉ်တစ်စီး ဖြစ်ကြောင်း ချက်ချင်း သိရှိရသည်။ ထူးခြားဆန်းကြယ်သော ရေဒါကိရိယာ တပ်ဆင်ထားသော စက်ခေါင်းနှစ်လုံးတပ် လေယာဉ်နက်ကြီး ဖြစ်သည်။ ညအချိန်ပျံသန်းသော မိမိတို့၏ ဗုံးကြဲလေယာဉ်များကိုကောင်းစွာဒုက္ခပေးနိုင်သူဖြစ်သည်။ ဂရန့်တွင် ကျွမ်းကျင်မှုမှတစ်ပါး ခုခံတိုက်ခိုက်ရန် ဘာလက်နက်မျှမှ မရှိပါ။ ဒါကိုတာ လေယာဉ်များတွင် မည်သည့် လက်နက်မျိုးမှ တပ်ဆင်ထားခြင်း မရှိပါ။

စက်ခန်းတံခါးပွင့်သွားပြီး တပ်ကြပ်ကြီး နှစ်ယောက် ခေါင်းပြူလာကြ သည်။

'သတိထားနေကြ၊ ကျုပ် သူ့ကို ဘယ်လို မျက်လှည့်ပြနိုင်မလဲလို့

www.burmeseclassic.com



ကြည့်ရအောင်’

ဂရန့်က ပြောလိုက်သည်။

ထို့နောက် သူသည် မိမိ၏ လေယာဉ်ကို လျင်မြန်စွာ စိုက်ဆင်းသည်။ ရန်သူလေယာဉ်ကလည်း နောက်မှ ကပ်လျက် အရှိန်ပြင်းစွာ ဆင်းလာသည်။ စက်သေနတ်ဖြင့် ပစ်ခတ်သည်။ ရန်သူလေယာဉ်၏ အရှိန်က ပိုပြီး မြန်ဆန်သဖြင့် လေယာဉ်ခြင်း မတိုက်မိအောင် ဘယ်ဘက်ကို စောင်းကွေ့ပြီး ရှောင်သွားသည်။

ဂရန့်အနေနှင့်လည်း သည်အချက်ကိုပင် မှန်းဆတွက်ချက် ထားသည်။ သူက အောက်ဘက်သို့ ဆင်းမြဲဆင်းသွားသည်။ ပေ ခြောက်ရာအမြင့်တွင် ရန်သူ လေယာဉ်သည် သူ၏ အမြီးဖျားသို့ ရောက်ရှိလာသည်။ သည်တစ်ကြိမ်တွင် ဒါကိုတာ လေယာဉ်ကြီးသည် စက်သေနတ် ဒဏ်ချက်ကြောင့် ယိမ်းခါသွားရ သည်။ ယွန်ကာလေယာဉ် လက်ယာဘက်သို့ တစ်ကြိမ်စောင်း ကွေ့သွား ပြန်သည်။ ထို့နောက် နောက်တစ်ကြိမ်တိုက်ခိုက်မည့် အခြေအနေရှိသည်။

‘လာလေ . . . ခွေးမသားအကောင်၊ လာလေ’

ဂရန့် တိုးညင်းစွာ ပြောလိုက်သည်။

သူ၏ နောက်ဘက်တွင် တပ်ကြပ်ကြီး တစ်ယောက်ပေါ်လာသည်။ သူ့ မျက်နှာတွင် ကျည်ဆံထိမှန်ထားသဖြင့် သွေးချင်းချင်း ရဲနေသည်။

‘ဂွန်ဆင် ထိသွားပြီ’

‘ဟုတ်ပြီ၊ ခွေးမသား လာနေပြန်ပြီ၊ ဆရာ ဝမ်းထဲမှာမှောက်ပြီး သတိနဲ့ နေ’

ဂရန့်က ပြောလိုက်သည်။

သူသည် ယခုအခါ ပင်လယ်ပြင်အထက် ပေ ငါးရာလောက်တွင် ရှိနေ သည်။ သူ့ကို ကိစ္စတုံး စီရင်ရန်အတွက် ရန်သူလေယာဉ်သည် နောက်မှ လိုက်ပါ လာသည်။ ရန်သူလေယာဉ်သည် သူ၏ အရှိန်ကို ချိန်ဆပြီး ဒါကိုတာ အမြီးတွင် ချိတ်ပါကာ စက်သေနတ်ဖြင့် တရစပ်ပစ်ခတ်နေသည်။ လေယာဉ်ပျံနှစ်စင်း ပွတ် တိုက်မိသည့် အချိန်မှာပင် ဂရန့်သည် တောင်ပံရွက်များကို ချလိုက်သည်။

ဒါကိုတာ လေယာဉ်ကြီးသည် ကောင်းကင်ထဲတွင် တုံ့ခနဲ ရပ်သွား ဟန်ရှိသည်။ ယွန်ကာလေယာဉ်ကို မောင်းနှင်သူသည် လေယာဉ်ချင်းပြင်းထန်စွာ မတိုက်မိစေရန်အတွက် သူ၏ လေယာဉ်ကို ယာဘက်သို့ ထိုးကွေ့လိုက်ရသည်။ နိမ့်နိမ့်ကလေးတွင် အရှိန်ပြင်းထန်လွန်းသဖြင့် ယွန်ကာလေယာဉ်သည် မည်သို့မျှ

www.burmeseclassic.com



မထိန်းနိုင်တော့ဘဲ ပင်လယ်ထဲသို့ စိုက်ဝင်သွားလေတော့သည်။

\+ + +

ဂရန့်သည် မေဆင်ဗလင်ချီ လေတပ်စခန်းတွင် ပင်ပန်းနွမ်းနယ်စွာဖြင့် အရာရှိရိပ်သာဆီသို့ သွားနေသည်။ သူ၏ ဘွတ်ဖိနပ်များသည် သမံတလင်းပေါ်တွင် တရွတ်ဆွဲလျက်ရှိသည်။ ယွန်ကာလေယာဉ် ပင်လယ်ထဲသို့ ကျသွားသည့်အဖြစ်ကို သူစဉ်းစားနေသည်။ယွန်ကာလေယာဉ်နှင့် အတူပါသွားသည့် လူအကြောင်းကိုလည်း စဉ်းစားမိသည်။ တကယ်တော့ မကောင်းပါ။ ရိပ်သာလှေခါးထစ်များကို သူတက်သွားစဉ် လှေကားထိပ်တွင်ရပ်နေသော ဟယ်ရီကာတာကို တွေ့မြင်ရသည်။

'ဟယ်ရီ၊ ဗိုလ်မှူး ဆေးရုံတက်နေရတယ်ဆို'

ဂရန့်က ဝမ်းသာအယ်လဲ နှုတ်ဆက်လိုက်သည်။

'ဆင်းပါပြီ၊ ဒါအယ်ကွက်က ပုဂ္ဂိုလ်ကြီးနဲ့ တွေ့စရာရှိတယ်၊ အချိန်တစ်နာရီ၊ နှစ်နာရီလောက်ပိုနေတာနဲ့ ဗိုလ်မှူးဆီကို လာခဲ့တာပဲ'

စစ္စလီကျွန်းသို့ ကာတာ ဆင်းသက်ခဲ့သည့် အကြိမ်နှစ်ကြိမ်တွင် လေယာဉ်ကို ဂရန့်မောင်းနှင်ခဲ့သည်။ သည့်အတွက် သူတို့ နှစ်ယောက် အနှောင်အဖွဲ့ဖြစ်ခဲ့ရသည်။

'တစ်ခုခု သောက်မလား'

ဂရန့်ကမေးလိုက်သည်။

'မသောက်ချင်ဘူး၊ လမ်းလျှောက်ကြရအောင်'

လေယာဉ်ရုံများဆီသို့ သူတို့ လျှောက်ကြသည်။

ကာတာက . . .

'ဗိုလ်မှူး . . . ကနေ့ တစ်ကောင်ရတယ်လို့ ကြားတယ်'

'သဘောလောက်ပါပဲ'

'မြေပြင်မှာပဲ နေရတယ်ဆို'

'အဓိပ္ပာယ်မရှိတာဗျာ၊ တလောတုန်းက လေတပ်ဗိုလ်ချုပ်ကြီး ဆလုံးနဲ့ ကျွန်တော်တွေ့ရတယ်၊ ကျွန်တော်ကို ဆေးကုဖို့လိုတယ်ဆိုပြီး မြေပြင်ပေါ်မှာပဲ ထားတာပဲ'

www.burmeseclassic.com



ဂရန့် ဒေါသဖြင့် ပြောသည်။

ကာတာက . . .

'ဒီမယ် ဟာဖေး၊ ဗိုလ်မှူးမပါဘဲနဲ့ ဒီစစ်ကြီးကို ကျုပ်တို့ နိုင် နိုင်ပါတယ်၊ ဒါနဲ့ နေပါဦး၊ လောလောဆယ် ဗိုလ်မှူး ဘာဖြစ်နေတာတုန်း'

'ညနေက ပင်လယ်ထဲ ကျသွားတဲ့ ယွန်ကာပေါ်က လူအကြောင်း စဉ်းစားနေတာပဲ၊ ကျွန်တော် ဘယ်လိုပြောရမလဲ မသိဘူး၊ ကျွန်တော့်စိတ်ထဲမှာ ကျွန်တော် ကျသွားတယ်လို့ပဲ ထင်နေမိတယ်၊ ကျွန်တော်ပြောတာ ဖြစ်နိုင်သလား'

'ဖြစ်နိုင်တာပေါ့'

'ဗိုလ်မှူးအကြောင်း ပြောပါဦး၊ စစ္စလီကို ဗိုလ်မှူးပြန်သွားရဦးမှာလား'

'မထင်ပါဘူး'

'အဲဒါ ကောင်းပါတယ်'

လေယာဉ်ရုံ တစ်ခုကို သူတို့ ဖြတ်ကျော်ကြသည်။ ရုံထဲတွင် ဆိုးဆိုး ရွားရွားပင် ပျက်စီးနေသော ဟာလီဖက် အမျိုးအစား လေယာဉ်တစ်စီးကို မြေပြင်တပ်ဖွဲ့ဝင်များက ပြင်ဆင်လျက်ရှိကြသည်။ လေယာဉ်အမြီးပိုင်းမှာ တစ်ဝက်လောက် ပြတ်ထွက်ပြီး နောက်ပိုင်း သေနတ်စင်များမှာလည်း စကာ ပေါက်ဖြစ်နေကြသည်။

'လွန်ခဲ့တဲ့ နှစ်ညလောက်က စစ္စလီကျွန်းပေါ်မှာ ရိက္ခာချပေးတုန်း အတိုက်ခံရပြီး ကျွန်တော်တို့ လူနှစ်ယောက်ကျသွားတယ်၊ အဲဒီမှာတော့ နာဇီ လေယာဉ်တွေဟာ တကယ်ကြီးစိုးနေတာပဲ၊ ဆယ်ရက်အတွင်းမှာ ကျွန်တော်တို့ လေယာဉ်လေးစီး ပစ်ချခံရတယ်၊ လေးကြိမ်စလုံးပဲ မြေပြင်ကို ဆင်းရမယ့်လူဟာ လေယာဉ်ထဲမှာပဲ ရှိနေသေးတယ်၊ ဗိုလ်မှူးကို ကျွန်တော် နောက်တစ်ခေါက် လိုက်ပို့ရမယ်ဆိုယင် အဲဒီကို ရောက်ဖို့ မရောက်ဖို့နဲ့ ဗိုလ်မှူးကို လေထီးနဲ့ ချပေးနိုင် မပေးနိုင် ဆိုတာကို ငါးဆယ်ရာခိုင်နှုန်းထက်ပိုပြီး အာမ မခံနိုင်ဘူး'

'အို. . . ဒီကိစ္စတွေကို တခြားလူတွေ ပူပါလိမ့်မယ်'

ကာတာက ပြောလိုက်သည်။

ပင်မလေယာဉ်ရုံကြီး၏ အဆုံးသို့ ရောက်ရှိသွားကြသည်။ ထိုတွင် ကာတာ အံ့ဩရသည်။ အမှောင်ထဲတွင် ယွန်ကာ၈၈-ရန်သူ့လေယာဉ်တစ်စီး ရှိနေသည်။ ရဲဘော်များက လေယာဉ်ကိုယ်ထည်နှင့် အတောင်ပံတို့တွင် ဘုရင့် လေတပ်မတော် တံဆိပ်များ ရေးသုတ်နေကြသည်။

www.burmeseclassic.com



'မြတ်စွာဘုရား ဒါက ဘယ်လိုလဲ'

လွန်ခဲ့တဲ့ သုံးလေးပတ် လောက်က အာရပ်သူလျှိုတွေကို လာချတုန်း ကျွန်တော်တို့ဘက်ကတွေ့ပြီး အဆင်းခိုင်းခဲ့တယ်၊ လေယာဉ်ကိုယ်လုံးမှာ အထူး တံခါးတစ်ခု တပ်ထားတာတွေ့လား၊ ဂျေယူ ၈၈ အက်အမျိုးအစားပဲ၊ နာဇီညတိုက် လေယာဉ်တွေထဲမှာတော့ အကောင်းဆုံး အမျိုးအစားတစ်ခုပဲ၊ တစ်နာရီကို မိုင်လေးရာ လောက် ပျံနိုင်တယ်၊ ကျွန်တော်တို့ စမ်းပျံကြည့်ပြီးပြီ'

'ဗိုလ်မှူး မောင်းတာလား'

'အင်း . . . ဟိုနားဒီနား တစ်နာရီနီးနီးလောက်ပေါ့၊ ဒါလောက်နဲ့တော့ ဘယ်သူမှ မသိပါဘူး၊ အဲဒီတော့ ဆိုပါဦး၊ ဗိုလ်မှူးအခု ဘာလုပ်နေသလဲ၊ စစ်ကြီး တစ်ခုလုံးရဲ့ အရှုံး အနိုင်ကို ဆုံးဖြတ်နိုင်မယ့် လျှို့ဝှက်လုပ်ငန်းမျိုးလား'

ဂရန့်က ကာတာ၏ ပခုံးကို ပုတ်ပြီးမေးလိုက်သည်။

ကာတာက ပြုံးလိုက်ပြီး . . .

'သူလို သူရဲကောင်းမျိုးမရှိပါဘူး၊ ဒီခေတ်ကြီးက သူရဲကောင်းတွေနဲ့ မဆိုင်တော့ဘူး၊ အစုအစည်းကြီးနဲ့ လုပ်ရတဲ့ ခေတ်မျိုး ရောက်နေပါပြီ'

ဂရန့်က စီးကရက်တိုကို လွှင့်ပစ်လိုက်ပြီး . . .

'ဗိုလ်မှူးပြောတာ မှန်ပါတယ်၊ ကျွန်တော်တော့ စိတ်ထဲမှာ သိပ်ပင်ပန်း နေပြီ၊ ဘာကိုမှ အလေးမထားချင်တော့ဘူး'

'အဲဒါဟာ စစ်ကြီးကြောင့်ပဲ ဟာပေး၊ စစ်ကြီးက ကြာလှပြီ'

'ဟုတ်တယ်၊ အဲဒါမှန်တယ်၊ အခုမှ ကျွန်တော် ခေါင်းထဲမှာ ရှင်းသွား တော့တယ်၊ ကဲ. . . ကျွန်တော်တို့ ရိပ်သာကို ပြန်ကြရအောင်၊ ဗိုလ်မှူးကို ကျွန်တော် တစ်ခုခု တိုက်ပါ့မယ်'

\+ \+ \+

စံအိမ်တော်၏ အပြင်ဘက်တွင် ကာတာ၏ ကားရပ်လိုက်သောအခါ ဧရာမ ပက်ကက်ကားကြီးတစ်စီး ဆိုက်ရပ်ထားသည်ကို တွေ့ရသည်။ ကာတာ လှေကားက တက်သွားသည်။ ကူးဆတ်ကို သူ့စားပွဲတွင်တွေ့ရသည်။

'ဒီမှာ ဗိုလ်ကြီးအပြင် တခြားအလုပ်လုပ်ရတဲ့ လူတစ်ယောက်ကော ရှိသေးသလား'

www.burmeseclassic.com



ကာတာမေးလိုက်သည်။

ကူးဆတ် ပြုံးပြီး . . .

'ဒီနေ့တွေကတော့ သည်အတိုင်းပဲ ဗိုလ်မှူး၊ ဗိုလ်မှူး ခဏစောင့်ပါဦး၊ အခန်းထဲမှာ ဗိုလ်ချုပ်ကြီး ပက်တန်ရှိနေတယ်'

ကာတာ အပြင်ဘက်ရင်ပြင်သို့ ထွက်သွားသည်။ အိုက်ဆင်ဟောင်ဝါက မိမိကို ဘာကိစ္စနှင့်များ တွေ့ချင်နေသနည်းဟု စဉ်းစားမိသည်။ စစ္စလီကျွန်းအကြောင်း ထပ်ပြီး ဆွေးနွေးချင်၍ပဲ ဖြစ်မည်။ သို့သော် ဘာပြောစရာကျန်သေး သနည်း။ အားလုံးဆုံးဖြတ်ပြီးဖြစ်သည်။ နောက်နှစ်ပတ်သုံးပတ်လောက်ဆိုလျှင် ထိုးစစ်ကြီး ဆင်နွှဲတော့မည်။ ထိုအခါ ရဲဘော်တွေကျဆုံးမည်။ ထို့နောက် စစ္စလီ ကျွန်းသည် မဟာမိတ်တို့ လက်ထဲသို့ရောက်ရှိလာပေလိမ့်မည်။ ဂျာမန်တွေ စစ် ရှုံးနေပြီဖြစ်သည်။ အင်မတန်မှထင်ရှားသည်။ သို့နှင့်တိုင် အဘယ့်ကြောင့် ရပ်တန်းက မရပ်သေးသနည်း။

အိုက်ဆင်ဟောင်ဝါ၏ ရုံးခန်းတံခါးပွင့်သွားပြီး အတွင်းမှ ဗိုလ်ချုပ်ကြီး ပက်တန်ထွက်လာသည်။ သူသည် ဧရာမ ဂရိတ်ကုတ်ကြီးကို ဝတ်ထားပြီး လက်နှစ်ဖက်ကို ချမ်းအေးဟန်ဖြင့် အိတ်များအတွင်းသို့ နှိုက်ထားသည်။

ကာတာ အမှောင်ရိပ်မှ ထွက်လာသောအခါ ပက်တန်ရပ်လိုက်ပြီး. .

'ကာတာဆိုတာ မင်းလား'

'မှန်ပါတယ် ခင်ဗျား'

ပက်တန်က မျက်မှောင်ကုတ်ပြီး သူ့ကို ကြည့်နေသည်။ တစ်စုံတစ်ခုကို ပြောမည့်ဟန်ရှိသည်။ သို့သော် ဘာမျှ မပြောတော့ဘဲ လှည့်ထွက်သွားသည်။

တယ်လီဖုန်း မြည်သည်။ ကူးဆတ်နားထောင်သည်။

'ဟုတ်ကဲ့၊ ဗိုလ်ချုပ်ကြီး'

ထို့နောက် ကာတာကို ပြုံးလျက် . . .

'ဗိုလ်မှူးကို သူအခုပဲ တွေ့ပါလိမ့်မယ်'

\+ + +

အခန်းမှာ မှောင်နေသည်။ အလင်းရောင်ဟူ၍ အိုက်ဆင်ဟောင်ဝါ၏ စားပွဲပေါ်မှ စားပွဲတင်မီးတစ်ခုသာ ရှိသည်။ ဗိုလ်ချုပ်ကြီးသည် ဆေးလိပ်မီးခိုး

www.burmeseclassic.com



များအကြားတွင် ဖိုင်တစ်ခုကို ကြည့်နေသည်။ အခန်းတွင်းသို့ ကာတာဝင်လာသည်ကို တွေ့သော အခါ သူမော့ကြည့်သည်။ သူ့လက်မှ ဖောင်တိန်ကို ချထားလိုက်သည်။

'စစ်တက္ကသိုလ်ကို ကျုပ်တက်တုန်းက သူတို့ မပြောလိုက်တာ တစ်ခုရှိတယ်၊ အဲဒါကတော့ စစ်သေနာပတိတစ်ဦးရဲ့ စားပွဲပေါ်က စက္ကူပုံကြီးပဲ'

'အဲဒီတုန်းကသာ သူတို့ပြောလိုက်ရင်လဲ ဒီအလုပ်ကို ဘယ်သူမှ လုပ်ချင်မှာ မဟုတ်ပါဘူး ဗိုလ်ချုပ်ကြီး'

'သိပ် ဟုတ်တာပေါ့'

အိုက်ဆင်ဟောင်ဝါ ပြုံးလိုက်သည်။ ထို့နောက် လုပ်ငန်းကိစ္စကို စတင်သည်။

'နောက်နှစ်နာရီလောက်မှာ ဘုန် လေယာဉ်ကွင်းကနေ လေယာဉ် တစ်စီး ထွက်လိမ့်မယ်၊ သွားမယ့် အရပ်ကတော့ စကော့တလန်ပြည် ပရိစ်ဝစ်မြို့ ပဲ၊ အဲဒီကနေပြီး ဝါရှင်တန်ကို ရတဲ့လေယာဉ်နဲ့ ဗိုလ်မှူးသွားရမယ်၊ ဦးစားပေး တစ်ပဲ၊ အဆင်သင့်ရင် အဲဒီကို မနက်ဖြန်ညနေ စောစောမှာ ဗိုလ်မှူး ရောက် သွားမယ်၊ ဗိုလ်မှူးအတွက် လိုအပ်မယ့် စာရွက်စာတမ်းတွေကို ဗိုလ်ကြီး ကူးဆတ်က ပေးလိမ့်မယ်'

'ဗိုလ်ချုပ်ကြီး ပြောတာကို ကျွန်တော်နားမလည်ပါဘူးခင်ဗျာ'

'ဟုတ်တယ်၊ ခင်ဗျားနားမလည်ဘူး၊ ကျုပ်ပြောနေတာတွေကို ခင်ဗျား နားမလည်နိုင်ဘူး၊ အဲဒီတော့ ကျုပ်ပြောမယ်၊ စစ္စလီကျွန်းနဲ့ ပတ်သက်လို့ ဗိုလ်မှူးပြောတာတွေကို ကျုပ်သဘောကျတယ်၊ ဗိုလ်မှူးပြောတာ အဓိပ္ပာယ် ရှိတယ်၊ အထူးသဖြင့်တော့ဆန်တိုနီယာလူကာနဲ့ပတ်သက်တဲ့အကြောင်းပဲ၊ သူ့ကို တွေ့အောင်ရှာပြီး ကျုပ်တို့ဘက်ကို ရောက်အောင်လုပ်နိုင်ရင် ကျုပ်တို့ တိုက်ပွဲမှာ အများကြီး အကျိုးရှိနိုင်မယ်'

'ဟုတ်ကဲ့ ဗိုလ်ချုပ်ကြီး'

'ဒီကိစ္စကို စောစောကပဲ တယ်လီဖုန်းနဲ့ သမ္မတကြီးကို ပြောပြီးပြီ၊ ကျုပ်တို့ လူတွေရဲ့ အသက်ကို ကယ်ဆယ်နိုင်မယ့်နည်းလမ်းဆိုရင် ဘယ် နည်းလမ်းပဲဖြစ်ဖြစ် သူသဘောတူတယ်၊ အဲဒီလုပ်ငန်း အထမြောက်အောင် ဂရိတ်မဲဒိုးအကျဉ်းထောင်ကို ဗိုလ်မှူးသွားပြီး လူစီယာနိုနဲ့ မာဖီးယား ပြဿနာကို ဆွေးနွေးစေချင်တယ်'

www.burmeseclassic.com



အိုက်ဆင်ဟောင်ဝါက သူ့ကို စာအိတ်ထူကြီးတစ်ခု လှမ်းပေးပြီး . . .

'ဒီကိစ္စနဲ့ပတ်သက်ပြီး လိုအပ်တာ မှန်သမျှကို ဗိုလ်မှူး ဆောင်ရွက်နိုင်ဖို့ ကျွန်တော်ကိုယ်တိုင်လက်မှတ်ထိုးပြီး အခွင့်အာဏာ ပေးထားတယ်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်တစ်ယောက်တည်းကိုသာ ဗိုလ်မှူးနာခံဖို့ ရှိတယ်၊ ကျန်တဲ့ လူတွေ ဘယ်သူပဲဖြစ်ဖြစ် စစ်သားပဲ ဖြစ်ဖြစ်၊ အရပ်သားပဲ ဖြစ်ဖြစ်၊ ရာထူး အဆင့်အတန်း ဘယ်လောက်ပဲရှိရှိ ဗိုလ်မှူးကို ကူညီဆောင်ရွက်ရမယ်၊ သမ္မတကြီးကိုယ်တိုင် ထပ်ဆင့်လက်မှတ်ရေးထိုးထားတဲ့ အမိန့်စာတစ်ခုကိုလဲ ဝါရှင်တန်ကျရင် ဗိုလ်မှူးရလိမ့်မယ်'

ကာတာသည် စာအိတ်ကို ငေးကြည့်ပြီး . . .

'ကျွန်တော် ဘာလုပ်ရမှာလဲ ဗိုလ်ချုပ်ကြီး'

အိုက်ဆင်ဟောင်ဝါက . . .

'ကျုပ်ဘယ်လိုလုပ် ပြောနိုင်မှာလဲ၊ အဲဒီလူနဲ့ ဆွေးနွေးပါ၊ သူ ဘာပြော သလဲ နားထောင်ပါ၊ လိုအပ်ရင် သူ့ကို အဲဒီထောင်ထဲကနေ အပြင်ကို ထုတ်ပါ၊ ဗိုလ်မှူးမှာ အခွင့်အာဏာရှိတယ်၊ အဲဒီတော့ ဒီလုပ်ပိုင်ခွင့်တွေကို ဗိုလ်မှူး အသုံး ချမလား၊ မချဘူးလား'

ကာတာသည် စိတ်လှုပ်ရှားစွာဖြင့် စာအိတ်ကို အကျႌအိတ်ထဲသို့ ထည့်ကာ ကြယ်သီးကို သေချာစွာ ပြန်တပ်သည်။

'ဟုတ်ကဲ့ ဗိုလ်ချုပ်ကြီး ကျွန်တော် အသုံးချပါ့မယ်'

အိုက်ဆင်ဟောင်ဝါ ခေါင်းညိတ်လိုက်သည်။

'ကောင်းတယ်။ နောက်တစ်ခု ဗိုလ်မှူးကို ဗိုလ်မှူးကြီးအဖြစ် ကျုပ် ရာထူးတိုးပေးလိုက်တယ်၊ ယာယီပဲ၊ ဒါပေမဲ့ ဒီဥစ္စာက ဗိုလ်မှူးရဲ့ လုပ်ငန်းမှာ အများကြီး အထောက်အပံ့ ဖြစ်ပါလိမ့်မယ်'

ကာတာ တစ်စုံတစ်ရာ ပြန်မပြောနိုင်မီ သူတစ်ဖက်သို့ လှည့်လိုက် သည်။ စစ္စလီကျွန်းမြေပုံမီးကို ဖွင့်လိုက်သည်။ မြေပုံကို အတန်ကြာအောင် သူကြည့်နေသည်။ ထို့နောက် ကာတာဘက်သို့ လှည့်မကြည့်ဘဲ သူပြောသည်။

'လူစီယာနိုလို လူမျိုးနဲ့ ကျုပ်ဆက်သွယ်တာကို ဗိုလ်မှူး အံ့သြသလား'

'အမှန်အတိုင်းပြောရရင်တော့ ကျွန်တော့်မှာ အံ့သြတယ် ဆိုတာတွေ မရှိတော့ပါဘူး'

'နာဇီတွေဟာ ဥရောပတိုက်ကြီးတစ်ခုလုံးကို ခြေနှောက်ဖျက်ဆီးတယ်၊

www.burmeseclassic.com



လူသန်းပေါင်းများစွာကိုသတ်တယ်၊ ဂျူးတွေနဲ့ပတ်သက်ပြီး သူတို့တစ်တွေလုပ်တာဟာ မယုံကြည်နိုင်လောက်အောင်ပဲ၊ ကျုပ်ဟာ ဂျာမန်အနွယ်တစ်ယောက်ပဲ၊ အဲဒါ ဘယ်လို ခံစားရမလဲဆိုတာ ဗိုလ်မှူးသဘောပေါက်သလား’

‘သဘောပေါက်ပါတယ် ဗိုလ်ချုပ်ကြီး’

အိုက်ဆင်ဟောင်ဝါ ခေါင်းကို ယမ်းခါပြီး . . .

‘ဗိုလ်မှူး သဘော မပေါက်နိုင်ပါဘူး၊ ဒီလူတွေကို အနိုင်တိုက်ဖို့ဆိုရင် သူတို့ကို အမြစ်ကနေ သုတ်သင်ပစ်ဖို့ပဲ၊ လိုအပ်လို့ရှိရင် ယမမင်းနဲ့ ဖြစ်စေ လက်တွဲရလိမ့်မယ်’

* * *

www.burmeseclassic.com

# [၅]

ဂရိတ်မဲဒိုး အကျဉ်းထောင် ကိုယ်လက်လှုပ်ရှားရာ ကွက်လပ်တွင် လူစီယာနိုသည် အကြိမ်နှစ်ဆယ်မြောက်အဖြစ် တအားကုန် ပြေးလျက်ရှိသည်။ သို့သော် ထုံးစံ အတိုင်းပင် မြောက်ဘက် အုတ်တံတိုင်းကြီးက ကာဆီးလာသဖြင့် အရှိန်ကို လျှော့လိုက်ရသည်။

သူသည် ဟိုနားတစ်ယောက် သည်နားတစ်ယောက် ပြန့်ကြဲနေသော အကျဉ်းသားများကို ဖြတ်သန်းပြီး နောက်ကြောင်းပြန်ခဲ့သည်။ ဟိုနေရာ သည်နေရာမှ နှုတ်ဆက်ကြသည်များကို တုံ့ပြန်ရသည်။ လှေခါးအနီးရှိ သူ၏ နေရာသို့ ရောက်ရှိသောအခါ တဘက်တစ်ထည်ဖြင့် စောင့်ဆိုင်းနေသော ဖရန့်ကို ကိုတွေ့ရှိရသည်။

‘မစ္စတာ လူစီယာနို တစ်နေ့ထက် တစ်နေ့ ပိုပြီးကြံ့ခိုင်လာတယ်’

ဖရန်ကိုက ပြောသည်။

ဖရန်ကိုသည် ကြေးစားနပန်းသမားနှင့်တူသည်။ သူ့ကိုယ်ခန္ဓာ သန်စွမ်းခိုင်ခံ့သည်။ သူသည် နယူးယောက်မြို့မှ စစ္စလီတစ်ဦးဖြစ်ပြီး မာဖီးယားတာဝန်ဖြင့် လူပေါင်းများစွာကို သတ်ခဲ့သူဖြစ်သည်။ ယခုအခါ လူသတ်မှုဖြင့် တစ်သက်တစ်- ကျွန်း နှစ်ထပ်ကွမ်း ကျခံနေရသည်။

လူစီယာနိုသည် ဖရန်ကို ပစ်ပေးလိုက်သော မျက်နှာသုတ်ပုဝါကို

www.burmeseclassic.com



ဖမ်းယူပြီး . . . .

'မောင်ရင်လဲ ကိုယ့်အရွယ်ကျရင် ကိုယ့်လိုပဲ လေ့ကျင့်ခန်းလုပ်ရမှာပဲ၊ အဲဒီစာအုပ် စာကြည့်တိုက်က ရတာလား'

'ဟုတ်ပါတယ် မစ္စတာ လူစီယာနို'

သူက စာအုပ်ကို လှမ်းပေးသည်။ စိန့်ဩဂုတ်စတင်းရေးသားသော 'ဘုရားသခင်၏ မြို့တော်' အင်္ဂလိပ်ဘာသာပြန် ဖြစ်သည်။ လူစီယာနိုသည် လေ့ကားထစ်တစ်ခုပေါ်တွင်ထိုင်ပြီး စာအုပ်ကို စိတ်ဝင်စားစွာ ကြည့်ရှုလျက်ရှိသည်။

သူသည် အသက် ၄၆ နှစ်အရွယ်ရှိပြီး အရပ် မနိမ့်မမြင့်၊ အသားညိုညို ခန့်ခန့်ချောချောဖြစ်သည်။ ဒဏ်ရာရရှိထားသဖြင့် လက်ဝဲဘက်မျက်ခွံသည် အနည်းငယ် ကွဲလျက်ရှိသည်။ အကျဉ်းထောင်ဝတ်စုံကို ဝတ်ဆင်ထားသည့်တိုင် သူသည် နှစ်ခါပြန်၍ကြည့်ရသော လူစားမျိုးဖြစ်သည်။

မစ္စတာလူစီယာနိုခင်ဗျား၊ ဃ ဆောင်ပေါ်ကဝေါလတန်ဆိုတဲ့ ကောင်လေးတစ်ယောက်က မစ္စတာလူစီယာနိုဆီမှာ အကူအညီ တောင်းခံချင်တယ်လို့ ပြောပါတယ်'

ဖရန်ကိုက ပြောလိုက်သည်။

လူစီယာနို မော့ကြည့်လိုက်သည်။ ဝေါလတန်သည် အသက် ၂၁-နှစ်၊ ၂၂-နှစ် အရွယ်ရှိပြီး အရပ်ရှည်ရှည် ဆံပင်ပျော့ပျော့ဖြစ်သည်။ သူ၏ လက်များက အင်္ကျီထဲမှ ရှည်ထွက်နေသည်။

'ဘာမှုနဲ့ကျတာလဲ'

လူစီယာနိုက ပျော့ပျောင်းသိမ်မွေ့စွာ မေးလိုက်သည်။

'တစ်နှစ်ကနေ သုံးနှစ်၊ အရက်ဆိုင် အနုကြမ်းစီးမှု၊ အရင်ပြစ်မှုမရှိ'

'ကောင်းပြီလေ သူဘာလိုချင်သလဲ'

ဖရန်ကိုက ကောင်ကလေးကို ခေါင်းညိတ်ခေါ်လိုက်သည်။ ထို့နောက် လူစီယာနိုကို စီးကရက် တစ်လိပ်ပေးပြီး မီးညှိပေးရင်း . . .

'ကဲ . . . မင်းကိစ္စပြောပေတော့'

ဝေါလတန်သည် မတ်တတ်ရပ်လျက် သူ၏ ဦးထုပ်ကို ဂနာမငြိမ်စွာ ဆုပ်နယ်နေရာမှ . . .

'မစ္စတာလူစီယာနိုခင်ဗျား၊ ဆရာကြီးဟာ ဘာမဆို လုပ်ပေးနိုင်တယ်လို့

www.burmeseclassic.com


ပြောကြပါတယ်’

‘အတောင်ပေါက်ပြီး ဒီအထဲက ပျံထွက်မသွားနိုင်တာက လွဲရင်ပေါ့၊ မောင်ရင့်အတွက် ဘာလုပ်ပေးရမလဲ’

‘ကျွန်တော် ဒီအထဲကို ရောက်တာ နှစ်လလောက်ပဲ ရှိပါသေးတယ်၊ ကျွန်တော့်မိန်းမ ကယ်ရီဟာ သူဟာသူ တစ်ယောက်တည်း ရပ်တည်နေရတယ်၊ နောက်ပြီးတော့ သူဟာ ကလေးသာသာပဲရှိသေးတယ်၊ အခုမှ ၁၈ နှစ်ပဲ ရှိသေးတယ်’

‘အဲဒီတော့’

‘အမှတ်ရှစ် နယ်မြေမှာ အိုဟာရာဆိုတဲ့ စုံထောက်တစ်ယောက်ရှိတယ်၊ ကျွန်တော့်ကို ဒီအထဲပို့လိုက်တာကလဲသူပဲ၊ ကယ်ရီ တစ်ယောက်တည်း ဆိုတာကို သူသိတယ်၊ ကယ်ရီနောက်ကို သူလိုက်နေတယ်၊ ကျွန်တော်ပြောတာကို ဆရာကြီး သဘောပေါက်ပါလိမ့်မယ်’

လူစီယာနိုသည် ကောင်လေးကို အတန်ကြာကြည့်နေပြီး နောက် ခေါင်းညိတ်လိုက်သည်။

‘ကောင်းပြီ၊ စုံထောက် အိုဟာရာ အမှတ်ရှစ်နယ်မြေ၊ ကိုယ်ကြည့်လုပ် လိုက်မယ်’

ထို့နောက် စာအုပ်ကို သူပြန်ကြည့်သည်။

‘တစ်နေ့ကျရင် ဆရာကြီးကို ကျွန်တော် ကျေးဇူးပြန်ဆပ်နိုင်ပါလိမ့်မယ်’

ကောင်လေးက ပြောသည်။

ဖရန်ကိုက. . .

‘နောက်တော့ ဆပ်တာပေါ့၊ အခုတော့ သွားပေဦးတော့’

ကောင်လေး ထွက်သွားမည်အပြုတွင် လူစီယာနို ခေါင်းမော့ပြီး . . .

‘ဒီအမှုက မောင်ရင်ရဲ့ ပထမဆုံး အမှုပဲလား’

‘ဟုတ်ကဲ့’

‘မင်းရဲ့ရှေ့နေက တစ်နှစ်ကနေ သုံးနှစ်ပဲ လုပ်ပေးနိုင်သလား၊ ခံဝန်ချက်နဲ့လွတ်အောင် လုပ်နိုင်ဖို့ ကောင်းတယ်’

‘ကျွန်တော့်မှာ ရှေ့နေ မရှိပါဘူး၊ တကယ့်ရှေ့နေ မရှိပါဘူး၊ ရုံးက ခန့်ပေးထားတဲ့ လူတစ်ယောက်ပဲရှိပါတယ်၊ အဲဒီလူက ကျွန်တော်နဲ့ တစ်ခါတည်း စကားပြောပါတယ်၊ သူပြောတဲ့စကားကတော့ အပြစ်ရှိတယ် ဝန်ခံပြီး ရုံးတော်မှာ

www.burmeseclassic.com



BURMESE CLASSIC .com

အသနားခံဖို့ပဲ၊ ကျွန်တော်လဲ . . .'

'ကောင်းပြီး၊ ဗုဒ္ဓဟူးနေ့မှာ ကိုယ့်ရှေ့နေလာရင် ကိုယ်ပြောလိုက်မယ် သူ တစ်ခုခုတော့ လုပ်ပေးနိုင်ပါလိမ့်မယ်'

ကောင်ကလေး ထွက်သွားသည်။

ဖရန်ကိုက . . .

'ဒီလိုသာ လုပ်ပေးနေရင်တော့ တစ်နေ့နေ့မှာ တန်းစီနေတဲ့လူတွေ အများ ကြီးဖြစ်နေမှာပဲ'

ထောင်ကြပ်တစယောက်ရောက်ရှိလာသည်။ အိုတူးအမည်ရှိ အိုင်ယာလန်လူမျိုး အဘိုးကြီးဖြစ်သည်။

သူပြုံးလိုက်ပြီး . . .

'မစ္စတာ လူစီယာနိုကို ထောင်မှူးကြီး ခေါ်ခိုင်းလိုက်ပါတယ်'

'အခုလား'

လူစီယာနိုက မေးလိုက်သည်။

'ဟုတ်တယ်'

လူစီယာနိုမတ်တတ် ထလိုက်သည်။ လက်ထဲတွင်စာအုပ်ကို ကိုင်လျက်ပင်ဖြစ်သည်။ ဖရန်ကို ကို ခေါင်းညိတ်လိုက်ပြီး . . .

'နောက်မှ တွေ့ကြရအောင်'

သူတို့နှစ်ယောက် ကွက်လပ်ကို ဖြတ်ပြီး လျှောက်သွားကြသည်။ အိုတူးက ရှေ့မှ ဖြစ်သည်။ ၎င်းက . . .

'တံခါးမကြီးကို သူတို့ ပြင်နေကြတယ်၊ ကျုပ်တို့ ရေချိုးခန်းကဖြတ်ပြီး နောက်ဖေးလှေကားက သွားကြရမယ်'

သူ့နဖူးတွင် ချွေးသီးချွေးပေါက်များ စို့နေသည်။ ရေချိုးဆောင်တံခါးကို ဖွင့်သောအခါ သူ့လက်များ မသိမသာတုန်နေသည်။

လူစီယာနို ပြုံးလိုက်သည်။ သတိကြီးစွာ ထားလိုက်သည်။

'ဘယ်လိုဖြစ်နေသလဲ အိုတူး'

အိုတူးက သူ့ကို အတွင်းဘက်သို့ ရုတ်တရက်တွန်းလိုက်ပြီး တံခါးကို ဝုန်းခနဲ ပိတ်လိုက်သည်။ ယင်းအဖြစ်ကို ကွက်လပ်အလယ်လောက်ဆီမှနေ၍ ဖရန်ကို တွေ့မြင်လိုက်သဖြင့် ပြေးလာသည်။ သို့သော် နောက်ကျချေပြီတည်း။ အိုတူးက သူ့ဘက်သို့ ဆတ်ခနဲလှည့်လိုက်သည်။ တံခါးကို ကျောမှီပြီး

www.burmeseclassic.com



လက်ထဲတွင် လက်ကိုင်တုတ်ကို အသင့်ကိုင်ထားသည်။

\+ + +

ရေချိုးရေချိုးခန်းထဲမှ ဝေါလတန် ထွက်လာသည်။ သူရပ်နေသည်။ သူ့မျက်နှာတွင် မည်သည့် အမူအယာမျှ မရှိပါ။ သူ၏ နက်မှောင်သော မျက်လုံးများတွင် အလင်းရောင်မရှိပါ။

'စောစောက မင်းပြောတဲ့ဇာတ်လမ်းဟာ လန်ကြုပ်ပဲလို့ ကိုယ် ထင်ပါတယ်၊ မင်းကိုသူတို့က တမင်လာ လွှတ်လိုက်တာ မဟုတ်လား'

လူစီယာနိုက အေးဆေးစွာ မေးလိုက်သည်။

'သိပ်ဟုတ်တာပေါ့'

ဝေါလတန်၏ညာဘက်လက်ထဲတွင် မယ်တော်မာရီဆင်စွယ်ရုပ်ကို ကိုင်ထားသည်။ မယ်တော်မာရီ၏ ခြေထောက်အစုံကို သူနှိပ်လိုက်သောအခါ ခြောက်လက်မအသွားရှိသော သံမဏိဓားပြောပြော ထွက်ပေါ်လာသည်။ သံမဏိဓားက နှစ်ဖက်သွားဖြစ်သည်။ သင်ခုန်းဓားကဲ့သို့ မြနေသည်။

'ကိုယ်ရေးကိုယ်တာ မဟုတ်ပါဘူး၊ မစ္စတာ လူစီယာနို၊ လုပ်ငန်း သဘောသက်သက်ပါ'

'မင်းကို ဘယ်သူ ခိုင်းတာလဲ'

'ဖိယိုရယ်လီ၊ သူက ခင်ဗျားကို နှုတ်ခွန်းဆက်ကြောင်း ပြောလိုက် ပါတယ်၊ ကျွန်တော့်ကို ညွှန်ကြားလိုက်တာကတော့ ခင်ဗျားရဲ့ အသားကို ခင်ဗျား ပါးစပ်ထဲမှာ ထည့်ထားခဲ့ဖို့ပါပဲ၊ ခင်ဗျားဟာ စစ္စလီတစ်ယောက်ဖြစ်တဲ့အတွက် အဓိပ္ပာယ်ကို နားလည်လိမ့်မယ်လို့ သူပြောလိုက်ပါတယ်'

'အို . . . ကိုယ်နားလည်ပါတယ်'

လူစီယာနိုက ယင်းသို့ပြောလိုက်ရင်း ဝေါလတာ၏ ဘယ်ဘက် ဒူးခေါင်းအောက်သို့ ကန်လိုက်သည်။

အရိုးကွဲထွက်သွားသဖြင့် ဝေါလတာနာကျင်စွာ ဟစ်အော်သည်။ ထို့နောက် အရူးတစ်ယောက်လို တိုက်ခိုက်သည်။ လူစီယာနိုက ဝေါလတာ၏ ညာဘက်လက်ကို မိမိ၏ လက်နှစ်ဖက်ဖြင့် အုပ်ကိုင်ပြီး တအားကုန်လိမ်ချိုးလိုက်ရာ ဆင်စွယ်ဓား ကြမ်းပြင်ပေါ်သို့ကျသွားတော့သည်။

www.burmeseclassic.com



'တခြားလူတစ်ယောက်ကို သာဒီလိုလုပ်လို့ရမယ်၊ကိုယ့်ကိုတော့ လာမစမ်းနဲ့'

လူစီယာနို ကိုယ်ကိုလှည့်လိုက်ပြီး လက်နှစ်ဖက်ကို ပြုတ်တူကဲ့သို့ ညှပ်လိုက်သည်။ ဝေါ်လတာက အသံကုန် ဟစ်အော်သည်။ လူစီယာနိုက သူ့ကို အုတ်နံရံနှင့် မျက်နှာချင်းဆိုင် တွန်းဆောင့်လိုက်သည်။ ကောင်ကလေး နံရံအနီးတွင် လျှောကျသွားသည်။ ကြမ်းပြင်ပေါ်တွင် သွေးချင်းချင်း ရဲသွားသည်။

လူစီယာနို ဓားကို ကောက်ယူပြီး ဓားသွားကို ပြန်ပိတ်လိုက်သည်။ မယ်တော်မာရီရုပ်သည် အမြင့် ရှစ်လက်မခန့်ရှိပြီး ရှေးဟောင်းလက်ရာတစ်ခု ဖြစ်သည်။ လူစီယာနိုသည် ဓားကို နောက်ကျော ခါးဆစ်ပိုင်း ခါးပတ်ကြားတွင် စိုက်ထားလိုက်သည်။ ထို့နောက် သူ၏ စာအုပ်ကို ကောက်ယူလိုက်သည်။

'သွားလိုက်ဦးမယ် ကောင်လေး'

လူစီယာနို တိုးညှင်းစွာ ပြောလိုက်သည်။ ထို့နောက် တံခါးကို ဖွင့်ပြီး ထွက်သွားသည်။

အိုတူး ချာခနဲလှည့်ပြီး သူနှင့် မျက်နှာချင်းဆိုင်သည်။ သူ့မျက်နှာ ချက်ချင်းပင် ညိုးလျော်သွားသည်။ ဖရန်ကို က သူ့ကို ကွေ့ပတ်ပြီး . . .

'မစ္စတာ လူစီယာနို ဘာမှ မဖြစ်ဘူးနော်'

'ဘာမှ မဖြစ်ပါဘူး၊ ဒါပေမဲ့ ဝေါ်လတာ တစ်ယောက်တော့ ရေချိုးခန်းထဲမှာ ချော်လဲတယ်နဲ့တူတယ်၊ သူ့ကို ဆရာဝန်ဆီ အမြန်ပို့မှ ဖြစ်လိမ့်မယ်'

ဖရန်ကို ဘာတစ်ခွန်းမှ မပြောတော့ဘဲ ရေချိုးဆောင်အတွင်းသို့ ဝင်ရောက်သွားသည်။ လူစီယာနိုက အိုတူးဘက်သို့လှည့်ပြီး . . .

'ကျုပ်သွားမှနဲ့တူတယ်၊ နို့မဟုတ်ရင် ကျုပ်ဘာဖြစ်သလဲ ထောင်မှူးကြီး စိတ်ပူနေလိမ့်မယ်၊ သူ ကျုပ်ကို တွေ့ချင်နေတယ်လို့ ခင်ဗျားပြောတယ် မဟုတ်လား'

အိုတူး နှုတ်ခမ်းကို တံတွေးဆွတ်လိုက်ပြီး . . .

'သြော်. . . ဟုတ်ကဲ့ မစ္စတာ လူစီယာနို၊ ကြွပါခင်ဗျာ'

လူစီယာနို ပြုံးပြီး ထွက်သွားသည်။ ဖရန့်ကို ရေချိုးခန်းဆောင်အတွင်းမှ ထွက်လာပြီး မထိတရီပြုံးလျက် . . .

'ဒီမယ်အိုတူး၊ ခင်ဗျားကို သူတို့ ဘယ်လောက်ပေးသလဲတော့ ကျုပ်

www.burmeseclassic.com



မသိဘူး၊ ဒါပေမဲ့ ခင်ဗျားတစ်သက်မှာ အကြီးဆုံး အမှားတစ်ခု ကျူးလွန်လိုက်တာပဲ'

+ + +

ဟယ်ရီကာတာသည် စစ်ဝတ်စုံအစား အပြာရင့်ဝတ်စုံကို ဝတ်ဆင် လျက် ထောင်မှူးကြီး အခန်းပြတင်းပေါက်တွင်ရပ်ကာ ထောင်ဝင်းအတွင်းသို့ ငုံ့ကြည့်နေသည်။

ထောင်မှူးကြီးက . . .

'သူ့ကို ဖိုးကံကောင်းလို့ အကြောင်းမဲ့ခေါ်တာ မဟုတ်ဘူး၊ ၁၉၂၉- ခုနှစ်က အဖြစ်အပျက်တစ်ခုကြောင့် ဒီနာမည်ကို သူရတာပဲ၊ သူ့ရဲ့ ပြိုင်ဘက် တွေက သူ့ကို ဖမ်းသွားကြတယ်၊ စတက်တန်ကျွန်းပေါ်က လူမရှိတဲ့ တောအုပ် တစ်ခုထဲကို ခေါ်သွားကြတယ်၊ အဲဒီမှာ သူတို့ ညှင်းပန်း နှိပ်စက်ကြတယ်၊ နောက် သေပြီဆိုပြီး ပစ်ထားခဲ့ကြတယ်'

'သူတို့ကို သူဘယ်လိုများ အကြွေးပြန်ဆပ်သလဲမသိဘူး'

ကာတာက ပြောလိုက်သည်။

'ဒါကတော့ ရှင်းနေတာပဲ၊ ဘာမှ စဉ်းစားနေစရာ မလိုပါဘူး'

ထောင်မှူးကြီး စားပွဲဆီသို့ လျှောက်သွားပြီး ဖိုင်တွဲတစ်ခုကို ဖွင့်ကာ 'ချားလူစီယာနို၊၁၈၉၇ ခုနိုဝင်ဘာလ ၂၄ရက်၊ပါလာမိုမြို့အနီး၊ လက်ကာရာ ဖရစ်ဒီဂွာတွင် ဆာဗေတိုလူကာနီယာ အမည်ဖြင့် မွေးဖွား၊ ၁၉၀၇ ခုနှစ်တွင် နယူးယောက်သို့ မိသားစုနှင့်အတူ ရောက်ရှိ၊ အဲဒီမှာ ကျွန်တော်ဖြည့်ပြီး ပြောရမယ်ဆိုရင် သူ့မိသားစု အားလုံး ဟာ လူကောင်းတွေပဲ၊ မာဖီးယားပုံစံကို ဗိုလ်မှူးကြီး သိတယ်နော်'

'စစ္စလီပုံစံတွေလောက်ပဲ သိပါတယ်'

'နယူးယောက်မှာလဲသည်ပုံစံပါပဲ၊ငယ်ငယ်ကလေးတည်းက သင်တန်းစတယ်၊ တဖြည်းဖြည်းနဲ့ ရင့်ကျက်လာတယ်၊ သူတို့အခေါ်တော့ သိက္ခာ ရလာတာပေါ့၊ နောက်ဆုံးမှာ ကြေးစား လူသတ်သမားအဆင့်ကို တက်သွားတယ်'

'စစ္စလီမှာတော့ အဲဒီကိစ္စမျိုးအတွက် လူပါရာ ဆိုတဲ့ သေနတ်ကို သုံးကြတယ်၊ အဝေးကနေတော့ ပစ်လို့ မရဘူး၊ အနီးကပ်ဆိုရင်တော့ အင်မတန်

www.burmeseclassic.com


သေချာတယ်'

'လူစီယာနို သတ်ခဲ့တဲ့လူပေါင်း နှစ်ဆယ်ထက်မနည်းတော့ဘူးလို့ ပြောတယ်'

'သူဟာ တကယ် တန်ခိုးအာဏာရှိတဲ့ သူတစ်ယောက်ပဲပေါ့ . . . ဟုတ်လား၊ ဒီအထဲမှာလဲ ဒီအတိုင်းပဲ မဟုတ်လား၊ သူ့ကို ညတိုင်း အခန်းတံခါး ပိတ်ထားရတယ် မဟုတ်လား'

ကာတာက မေးသည်။

'ထောင်ထဲမှာပဲ နေနေ၊ ထောင်ပြင်မှာပဲရှိရှိ ဘာမှ မထူးခြားဘူး၊ သူဟာ မာဖီးယားလောကမှာတော့ အရေးအပါဆုံး လူတစ်ယောက်ပဲ၊ အရက်တွေ ပိတ်ထားတဲ့ကာလ အရက်ချက်ပြီး နာမည်ကြီးလာတာပဲ၊ သူများတွေနဲ့ သူနဲ့ မတူတာက သူ့ဦးနှောက်ပဲ၊ သူဟာ အဖွဲ့အစည်း တစ်ခုအဖို့ အင်မတန် ခေါင်းကောင်းတဲ့လူတစ်ယောက်ပဲ၊ အရက်တွေ ပိတ်ထားတဲ့ကာလ ပြီးသွားတဲ့ နောက်ပိုင်းမှာ သူဟာ ပိုက်ဆံရမယ့် အလုပ်မှန်သမျှကို လုပ်တာပဲ၊ တချို့လုပ်ငန်း တွေကို သူတီထွင်လိုက်သေးတယ်၊ ၁၉၃၆ ခုနှစ်တုန်းက ဘုရင်ခံ ဒီဝေးက သူ့ကို ပြည့်တန်ဆာမှုနဲ့ တရားစွဲပြီး ထောင်ချလိုက်တယ်၊ ဒီဝေးက အဲဒီတုန်းက အထူးအမှုလိုက်ပဲပေါ့'

'နည်းနည်းတော့ ဆန်းတယ်၊ အခြေအနေနဲ့ ဘယ်လိုမှ မအပ်စပ်ဘူး'

ကာတာက ပြောလိုက်သည်။

ထောင်မှူးကြီး ပြုံးလျက် . . .

'လူတွေကလဲ ဒီအတိုင်းပဲပြောကြတာပဲ၊ ဒါပေမဲ့ ကျွန်တော့် အနေနဲ့ ကတော့ဘာမှ မပြောပါရစေနဲ့၊ ကျွန်တော်က အစိုးရက ခန့်ထားတဲ့ လူတစ်ယောက်ပဲ၊ ကျွန်တော်သိတာ တစ်ခုတော့ရှိတယ်၊ သူဟာ ဘယ်လိုမှ မမျှော်လင့်နိုင်တဲ့ အလုပ်တွေကို လုပ်နိုင်တာတော့ အမှန်ပဲ၊ ၁၉၄၁- ခုနှစ်တုန်းက သူက ဒင်နီမိုရာ ထောင်မှာပေါ့၊ ပုလဲဆိပ်ကမ်းကို ဂျပန်တွေ ဗုံးကြဲပြီး နောက်ပိုင်းပေါ့၊ အဲဒီကာလဆိုးကြီးမှာ ခရစ္စမတ်အချိန်ရောက်လာတယ်၊ လူတွေကလည်း ကိုယ့်ကိစ္စနဲ့ကိုယ် ဗျာများနေကြလို့ အကျဉ်းသားတွေအတွက် လက်ဆောင်တွေ မပို့နိုင်ကြဘူး၊ အဲဒီ အခါမှာ လူစီယာနိုက စီစဉ်လိုက်တယ်၊ ခရစ္စမတ်နေ့ကျတော့ နယူးယောက်က ပို့လိုက်တဲ့ လက်ဆောင်တွေ ကားသုံးစီး တိုက် ရောက်လာတယ်'

www.burmeseclassic.com


တံခါးခေါက်သံ ထွက်ပေါ်လာသည်။ ထောင်မှူးကြီးက . . .

'ဝင်ခဲ့ပါ'

လူစီယာနို ဝင်လာသည်။

သူသည် ကာတာကို အမှတ်တမဲ့ ကြည့်လိုက်ပြီးနောက် ထောင်မှူး ဘက်သို့ကြည့်ကာ . . .

'ထောင်မှူးကြီး ကျွန်တော့်ကို ခေါ်တယ်ဆို'

ထောင်မှူးကြီး မတ်တတ်ထ ရပ်လိုက်ပြီး . . .

'ဒါက ဗိုလ်မှူးကြီးကာတာ၊ အစိုးရ အဖွဲ့ကပဲ၊ တိုင်းပြည်အတွက် အရေး ကြီးတဲ့ ပြဿနာတစ်ရပ်ကို ခင်ဗျားနဲ့ ဆွေးနွေးဖို့ သူ့မှာ အခွင့်အာဏာ အပြည့်-အစုံရှိတယ်၊ အဲဒီတော့ ခင်ဗျားကို သူနဲ့ ဆွေးနွေးရအောင် ကျွန်တော်ထားခဲ့မယ်'

ထောင်မှူးကြီး ထွက်သွားသည်။ ကာတာသည် သူ၏စီးကရက်ဘူးကို ထုတ်ယူပြီး . . .

'စီးကရက် မစ္စတာ လူစီယာနို'

'ဟေး . . . ခင်ဗျားက အင်္ဂလိပ်လား'

'စီးကရက်ကလဲ အင်္ဂလိပ်ပဲ'

ကာတာက သူ့ကို မီးညှိပေးလိုက်သည်။ လူစီယာနို ပြတင်းပေါက် အနီး တွင်ထိုင်လိုက်ပြီး . . .

'ခင်ဗျားဒီမှာ ဘာလာလုပ်တာလဲ'

ကာတာက. . .

'လွန်ခဲ့တဲ့ တစ်လ နှစ်လလောက်တုန်းက ခင်ဗျားဆီကို ဧည့်သည်တွေ လာကြတယ် မဟုတ်လား၊ ရေတပ်မတော် ထောက်လှမ်းရေးကလူတွေ၊ စစ္စလီကျွန်း ထိုးစစ်ကို ဆွေးနွေးကြရအောင်'

'မြတ်စွာဘုရား၊ အဲဒီ ကိစ္စ တော်လောက်ပါပြီ၊ ဒီမယ် ကျွန်တော် ပြောမယ်၊ သူတို့ကို ကျွန်တော် ပေးနိုင်တဲ့သတင်းတွေ အားလုံးပေးလိုက်ပြီ၊ လူနာမည်တွေ အားလုံးလဲ ပေးလိုက်ပြီ'

'ကျွန်တော်သိတယ်၊ ကမ္ဘရာတာက ရွာတွေပေါ်မှာ လူစီယာနို အမှတ်-အသား အယ်လ်တံဆိပ်ပါတဲ့ အလံတွေ ကြဲချဖို့ သူတို့လုပ်နေကြတယ်၊ ခင်ဗျားရဲ့ အကြံဉာဏ်ပဲ မဟုတ်လား'

လူစီယာနိုသည် ပြတင်းပေါက်ဆီသို့ လျှောက်သွားပြီး အောက်ဘက်ရှိ

www.burmeseclassic.com



ထောင်ဝင်းအတွင်းသို့ ငုံ့ကြည့်ကာ . . .

'ခင်ဗျားလက်ထဲမှာ တစ်ဖဲရှိနေပြီ၊ ကစားရုံပဲပေါ့'

'ကျွန်တော်ကတော့ အဲဒီတစ်ဖဲဟာ မလုံလောက်သေးဘူးလို့ ထင်တယ်'

'မလုံလောက်သေးဘူးလို့ ထင်တယ် ဟုတ်လား'

လူစီယာနို ရယ်လိုက်သည်။

'အဲဒီတော့ ခင်ဗျားလို အင်္ဂလိပ်ကြီး တစ်ယောက်က ဘာများလုပ်ချင်သေးသလဲ'

'မှန်ပါတယ်၊ ကမ္ဘာရာတာ ဒေသမှာ ကနေ့အချိန်အထိ လူစီယာနိုဆိုတဲ့ ပုဂ္ဂိုလ်ကြီး အကြောင်းကို ပြောနေကြတုန်းပါပဲ၊ ကယ်တင်ရှင်ကြီး ဆာဗေတိုပဲ၊ ဒါပေမဲ့ သူတို့ရွာတွေပေါ်မှာ တစ်စုံတစ်ယောက်က သူ့အလံတွေကို ကြဲချရုံနဲ့တော့ နာဇီတွေကို တူးမီးသေနတ်နဲ့ ပစ်ကြမှာ မဟုတ်ဘူး၊ ကျွန်တော်တော့ မထင်ဘူး'

ကာတာက စစ္စလီဘာသာစကားဖြင့် ပီပီသသကြီး ပြောလိုက်သည်။

လူစီယာနို မျက်မှောင်ကုတ်လိုက်ပြီး . . .

'စစ္စလီစကားကို ခင်ဗျား ဘယ်လိုလုပ်ပြီး ဒါလောက် ကောင်းကောင်းကြီး ပြောနိုင်တာလဲ'

'စစ်မဖြစ်ခင်တုန်းက ကျွန်တော်ဟာ တက္ကသိုလ်ပါမောက္ခတစ်ယောက်ပဲ၊ ရှေးခေတ်သမိုင်းနဲ့ ရှေးဟောင်းသုတေသန ပါမောက္ခပဲ ဆိုပါတော့၊ စစ္စလီကျွန်းမှာ ကျွန်တော် အတော်ကြာကြာ တူးဖော်မှုတွေ လုပ်ခဲ့တယ်'

'တူးဖော်မှု ဟုတ်လား'

'သမိုင်းဝင်ဌာနတွေကို သုတေသနလုပ်ရအောင် တူးဖော်တာပဲပေါ့'

'ခင်ဗျားဆိုလိုတာက ခင်ဗျားဟာ အချိန်ပိုင်းစစ်သား တစ်ယောက်ပဲပေါ့ ဟုတ်လား၊ လောလောဆယ် အချိန်မှာ စစ်ထဲကို ခဏဝင်နေတာပဲပေါ့ ဟုတ်လား၊ အား . . . ပါမောက္ခကြီးပဲ၊ ကျွန်တော် လေးစားပါတယ်'

သူက "ဘုရားသခင်၏ မြို့တော်" စာအုပ်ကို လှမ်းပေးလိုက်ပြီး. . .

'ဒီစာအုပ်ကို ဖတ်ဖူးသလား'

ကာတာက စာအုပ်ကို ကြည့်လိုက်ပြီးနောက် . . .

'စိန့်ဩဂတ်စတင်း၊ အင်း . . . ဖတ်ဖူးတယ်၊ ခင်ဗျား စာတော်တော်

www.burmeseclassic.com



ဖတ်သလား'

လူစီယာနို ခေါင်းညိတ်လိုက်သည်။

'သူရေးတာ ရှင်းတယ်၊ ဘုရားသခင်နဲ့ မာရ်နတ်၊ ဘုရားသခင်လဲ ရှိတယ်၊ မာရ်နတ်လဲရှိတယ်၊ ဒီခေတ်မှာတော့ ဘုရားသခင်က အသာရလာတယ်'

'ကျွန်တော်နားလည်ပြီ၊ ဒီတော့ ခင်ဗျားက ငရဲပြည်မှာ အုပ်စိုးဖို့ ကြိုးစားတာပေါ့ ဟုတ်လား'

'ဒါက ရှုထောင့် တစ်ခုပဲ၊ ဒီသဘောကို မီလတန်ကလဲ ရေးတယ်၊ မီလတန်ကိုလဲ ကျွန်တော်ဖတ်တယ်'

လူစီယာနိုက တိုးတိုးပြုံးပြုံး ပြောသည်။

'မစ္စတာလူစီယာနို ခင်ဗျားကို ကျွန်တော် စိတ်ဝင်စားတယ်၊ ခင်ဗျားတို့ နှစ်ယောက်စလုံးပေါ့'

'ကျွန်တော်တို့ နှစ်ယောက် ဟုတ်လား'

'ဟုတ်တယ်၊ လူစီယာနို နှစ်ယောက်ရှိတယ်၊ လူစီယာနို နံပါတ်တစ်က လမ်းပေါ်က လူဆိုးတစ်ယောက်ပဲ၊ ရုပ်ရှင်မင်းသား ဂျိန်းကက်ဂနေးလို စကားပြောနိုင်တယ်'

လူစီယာနို ပြုံးလိုက်ပြီး . . .

'ကျွန်တော့်ကို ချီးမြှောက်တာပဲ။ အကောင်ကလေးတစ်ကောင်ပဲပေါ့'

'လူစီယာနို နံပါတ်နှစ်ကတော့ ဩဂတ်စတင်းနဲ့ မီလတန်ရဲ့ အဘိဓမ္မာကျမ်းကြီးတွေကို ဖတ်တယ်၊ အထက်လွှာက လူတစ်ယောက်လို့ ပြောနိုင်တယ်'

'ဇာတ်ဆောင်ကောင်းတစ်ယောက်ဟာ သူ့ရဲ့ပရိသတ်ကို ကြည့်ပြီး အမူအရာ ပြောင်းလဲရတာပဲပေါ့ လူစီယာနို ပခုံးတွန့် လိုက်ပြီး 'အဲဒီတော့ ခင်ဗျားက ကော ကနေ့မှာ ဘယ်သူအဖြစ်နဲ့လဲ၊ ပါမောက္ခတစ်ယောက်အနေနဲ့လား'

ကာတာ ပြုံးလိုက်ပြီး. . .

'ဟုတ်လိုက်လေဗျာ၊ ခင်ဗျားဟာ တကယ်ပြောလောက်တဲ့ လူတစ်-ယောက်ပဲ'

'ပါမောက္ခကြီးကလဲ လူတွေရဲ့စရိုက်တွေကို အကဲဖြတ်နိုင်တဲ့ ခုံသမာဓိကြီးတစ်ယောက်ပဲ၊ ပြောစမ်းပါဦး၊ ပါမောက္ခကြီး ဒီကိုလာတာကို တွန်ဒီဝေးသိသလား၊ သူဟာ အထူး အမှုလိုက်ကြီး ဘဝတုန်းက ကျွန်တော့်ကို ဖယ်ထုတ်နိုင်ဖို့အတွက် အစွမ်းကုန်လုပ်ခဲ့တာပဲ၊ အခုတော့ သူက နယူးယောက်

www.burmeseclassic.com



ပြည်နယ်ရဲ့ ဘုရင်ခံဖြစ်နေပြီ၊ နောက်တစ်ဆင့်ဆိုရင် သမတဖြစ်ဖို့ပဲ ရှိတော့တယ်'

'ဒီဝေးက ခင်ဗျားအပေါ်မှာ မတရားလုပ်တယ်လို့ ထင်သလား'

'တရားတယ်ဆိုတာ ဘာလဲ၊ မတရားဘူး ဆိုတာ ဘာလဲ၊ လောကကြီး မှာ ဘဝဆိုတာပဲ ရှိတယ်၊ တချို့ကလေးတွေဟာ ခြေထောက်ကလေးတွေ လိမ်ပြီး မွေးလာတယ်၊ ဒါမှမဟုတ် စိတ်မနှံ့ဘဲ မွေးလာတယ်၊ အဲဒါ တရားသလား' မတ်တတ်ထပြီး ပြတင်းပေါက်သို့ လျှောက်သွားသည်။ 'ဒီမယ် ပါမောက္ခကြီး ခင်ဗျား ဘယ်လို ပဲထင်ထင် ကျွန်တော် ဂရုမစိုက်ပါဘူး၊ ဒါပေမဲ့ ဒီအတိုင်း ဖြစ်ခဲ့တာတော့ အမှန်ပဲ၊ ကျွန်တော်ဟာ လူဆိုးဂိုဏ်း ခေါင်းဆောင်တစ်ယောက် ဖြစ်တယ်၊ ကျွန်တော် လုပ်ခဲ့တာတွေ အမျိုးစုံပဲ၊ ဒါပေမဲ့ မိန်းမကိစ္စနဲ့ပတ်သက် လို့တော့ ရှင်းခဲ့တယ်၊ တွန်ဒီဝေးဟာ ကျွန်တော့်ကို ဖမ်းနိုင်ဖို့ ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ မရဘူး၊ နောက်ဆုံးကျတော့ ကျွန်တော့်ကို တခြားလူ ကိုးယောက်နဲ့တွဲပြီး ရုံးကိုတင်တယ်၊ အဲဒီကိုးယောက်ထဲမှာ ပြည့်တန်ဆာ လုပ်ငန်းသမားတွေပါတယ်၊ အဲဒီအခါကျတော့ တရားသူကြီးကလဲ ကျွန်တော်တို့တစ်တွေကို တစ်ဦးချင်း ခွဲခြားလို့မရတော့ဘူး၊ အဖွဲ့အစည်း နဲ့ ကျူးလွန်တယ်လို့ အဆိုရှိတယ်'

'ထိရောက်တဲ့အသုံးအနှုန်းပဲ'

ကာတာက ပြောလိုက်သည်။

လူစီယာနိုက ကာတာနှင့် မျက်နှာချင်းဆိုင်လိုက်ပြီး . . .

'မိန်းကလေးတွေ ကျုပ်လိုချင်ယင် ပိုလီအက်ဒလာဆီကို ဖုန်းဆက် လိုက်ရုံပဲ၊ နယူးယောက်မြို့မှာ သူ့အိမ်ဟာ ထိပ်တန်း အကျဆုံးပဲ'

ကာတာ စီးကရက်ဘူးကို ကမ်းပေးရင်း . . .

'သောက်ပါဦး'

လူစီယာနို တစ်လိပ်ယူပြီး. . .

'ကောင်းပြီ၊ ကျွန်တော့်ကို အခု ဘာလုပ်စေချင်သလဲ'

ထောင်မှူးကြီး၏ ကုလားထိုင်တွင် ကာတာထိုင်လိုက်ပြီး . . .

'ထိုးစစ်ကြီးစတာနဲ့ တစ်ပြိုင်နက် ဗိုလ်ချုပ်ကြီး ပက်တန်ရဲ့ နှစ်နံပါတ် တပ်မတော်ဟာ ပါလာမို မြို့ကို ရောက်အောင် စစ္စလီကျွန်းရဲ့ အဆိုးဝါးဆုံး တောင်တန်းဒေသကို ဖြတ်သန်းသွားရမယ်၊ မာဖီးယားက လူထုကြီးကို အုံကြွ စေပြီး အီတလီတပ်မတော်ကို လက်နက်ချအောင်ဆောင်ရွက်နိုင်ရင် အမေရိကန် ထောင်ပေါင်းများစွာရဲ့ အသက်တွေကို ကယ်တင်နိုင်မယ်၊ ဒါမှမဟုတ်ရင်တော့"

www.burmeseclassic.com



'ကျွန်တော်ပြောမယ်၊ သူတို့ပြောသမျှ ကျွန်တော်အားလုံး လုပ်ပေးပြီးပြီ'

'ကျွန်တော်သိတယ်၊ ဒါပေမဲ့ မလုံလောက်သေးဘူး။ ကျွန်တော်ပြောခဲ့ပြီးပြီ၊ လွန်ခဲ့တဲ့ လေးငါးပတ်လောက်က စစ္စလီကျွန်းကို ကျွန်တော်ရောက်ခဲ့တယ်၊ ကျွန်တော်တို့ လိုချင်တာကို လုပ်ပေးနိုင်မယ့် လူတစ်ယောက်ပဲ ရှိတယ်၊ အဲဒီလူက တော့ အန်တိုနီယို လူကာပဲ၊ ဒါပေမဲ့ သူက ဘယ်သူ့ကိုမှ အတွေ့မခံဘူး'

လူစီယာနို အပြုံးရပ်သွားသည်။

'ဒွန်အန်တိုနီယို၊ ခင်ဗျား သူ့သိသလား'

'ကျွန်တော် လူချင်းတော့ မသိဘူး၊ ခင်ဗျားတော့သိတယ် မဟုတ်လား'

'သိတယ်၊ နေပယ်ထောင်ကို ဖောက်ပြီး စစ္စလီကိုသူပြန်သွားတယ်၊ ဒါပေမဲ့ ဒီကိစ္စမှာ ခင်ဗျားဟာ ခင်ဗျား အချိန်တွေကို အလကား ဖြုန်းပစ်နေတယ်၊ ခင်ဗျားသူ့ကိုတွေ့လို့လဲ ဘာမှ အကြောင်းမထူးဘူး၊ သူက အမေရိကန်တွေကို မုန်းတယ်၊ သူညီတစ်ယောက်ဟာ ပိတ်ပင်ရေးကာလတုန်းက ကုလားထိုင် ပေါ်မှာ အသတ်ခံသွားရတယ်'

'ဒါတွေကို ကျွန်တော်သိပါတယ်၊ ဒါပေမဲ့ သူ့သမီးနဲ့ပတ်သက်လို့ ထူးခြားတဲ့အဖြစ်အပျက် တစ်ခုရှိတယ် မဟုတ်လား'

'အင်း ဟုတ်တယ်၊ ဆိုဖီယာပဲ၊ ပထမကမ္ဘာစစ်တုန်းက သူက ရောမမှာ ကျောင်းတက်နေတယ်၊ စစ်ကြီးဖြစ်တော့ ကြက်ခြေနီတပ်ဖွဲ့ထဲကို သူနာပြု ဆရာမအဖြစ် ဝင်သွားတယ်၊ အီတလီစစ်မျက်နှာမှာ အမှုထမ်းနေတဲ့ အင်္ဂလိပ် လူမျိုး ကြည်းတပ်ဗိုလ်ဗောင်းနဲ့လက်ထပ်တယ်၊ စစ်ကြီးပြီးခါနီးမှာ သူ့ယောက်ျား တိုက်ပွဲမှာကျသွားတယ်၊ ပါလာမိုမြို့ကို ပြန်လာပြီး သူ့အဖေနဲ့ အတူနေတယ်၊ နောက်နှစ်မှာပဲ သမီးလေး မာရီယာကိုမွေးတယ်၊ ကောင်မလေးဟာ ဒွန်အန်တိုနီယိုရဲ့ အလင်းရောင်ပဲ'

နောက် ဘာဖြစ်သလဲ'

'၁၉၃၆ ခုနှစ် ဇူလိုင်လမှာ ကောင်မလေး အသက် ဆယ့်ခုနှစ်နှစ်လောက်ပဲရှိဦးမယ်၊ တစ်နေ့မှာ သူ့အမေဟာ ဈေးသွားဖို့ သူ့အဘိုးရဲ့ကားကို ယူတယ်၊ ကား စက်နှိုးလိုက်စဉ်မှာ ပေါက်ကွဲသွားတယ်၊ ဒွန်အန်တိုနီယိုကို ထောင်ထားတာပဲ'

'အဲဒီတော့ အမေ သေရောလား'

www.burmeseclassic.com



‘ဟုတ်တယ်၊ မာရီယာလဲ ဆေးရုံမှာ အတော်ကလေး ကြာအောင် တက်ရတယ်၊ တစ်နေ့တော့ ဆေးရုံကနေ သူထွက်သွားတယ်၊ ဆေးရုံပေါ်မှာ တစ်ယောက်တည်းနေရတဲ့အချိန်တွေမှာ အများကြီး စဉ်းစားမိတယ်နဲ့တူပါတယ်’

‘သူ့အဘိုးဟာ ဒီလိုလူမျိုးသာ မဟုတ်ရင် ဒီလိုကိစ္စမျိုး မဖြစ်ဘူးပေါ့ ဟုတ်လား၊ ဒီနောက် သူပြန်လာသလား’

‘သူ့အဘိုးဆီကို လန်ဒန်ကနေ စာတစ်စောင်ရေးတယ်၊ သူ နေကောင်းတယ်၊ ဒါပေမဲ့ အဘိုးနဲ့ မတွေ့ချင်တော့ဘူးတဲ့၊ သူ့အဖေနဲ့ပတ်သက်ပြီး သူဟာ ဗြိတိန် နိုင်ငံသားဖြစ်သွားတယ်၊ ဒွန်အန်တိုနီယိုဟာ သူ့လူတွေကိုလွှတ်ပြီး သူ့မြေးကို ရှာခိုင်းတယ်၊ ဒါပေမဲ့ ဘယ်လိုမှ ရှာလို့ မတွေ့တော့ဘူး၊ အဲဒီနောက်မှာတော့ အဘိုးကြီးဟာ ဘယ်သူနဲ့မှ အတွေ့မခံတော့ဘဲ သူ့ဟာသူ တစ်ယောက်တည်း နေတော့တာပဲ’

‘ခင်ဗျားကိုကော သူတွေ့ပါ့မလား’

လူစီယာနို မျက်မှောင်ကုတ်လိုက်ပြီး . . .

‘ကျွန်တော့်ကို ဟုတ်လား၊ ခင်ဗျားပြောတာ ကျွန်တော် နားမလည်ပါဘူး’

‘ခင်ဗျားဟာ စစ္စလီကျွန်းမှာ ရောက်နေမယ်ဆိုရင်ပေါ့၊ ခင်ဗျား ရောက်နေတယ်ဆိုတာကို သူသိရင်ပေါ့၊ သူ့ဆီကို အကြောင်းကြားနိုင်လို့ရှိရင် ခင်ဗျားကို သူတွေ့ပါ့မလား’

လူစီယာနို အံ့ဩဟန်ဖြင့် . . .

‘ခင်ဗျား ရူးနေပြီလား၊ ခင်ဗျားရူးနေပြီနဲ့တူတယ်’

‘ခင်ဗျားပြောတာ မှန်ပါတယ်၊ နောက်ဆုံးမှာတော့ ခင်ဗျားဟာ လက်လျှော့လိုက်ပြီ မဟုတ်လား၊ မနက်ဖြန်မနက်ကျရင် ထောင်ဝင်းထဲမှာ အခေါက်နှစ်ဆယ် ပြေးမယ်၊ သန်ဘက်ခါကျရင် တစ်ခါပြေးမယ်၊ ခင်ဗျား ဘယ်နှစ်နှစ်ကျမလဲ၊ နှစ်ပေါင်း သုံးဆယ်ကနေ ငါးဆယ်မဟုတ်လား၊ ၁၉၅၆ ခုနှစ်လောက်ကျရင်တော့ ခံဝန်ချုပ်လျှောက်နိုင်မယ်၊ ဒါပေမဲ့ ကျွန်တော်တော့ မထင်ဘူး’

‘တော်စမ်းပါ၊ အဲဒီအချိန်ကျရင် ကျုပ်ဒီမှာရှိချင်မှ ရှိတော့မယ်’

ကာတာက . . .

‘ဟုတ်ပြီ၊ ဒီဥစ္စာထွက်ပေါက်ပဲ ဖြစ်မယ်’

www.burmeseclassic.com


‘သွားစမ်းပါ’

ကာတာက သူ့ကို အတန်ကြာအောင် ငေးစိုက်ပြီး ကြည့်နေသည်။ ထို့နောက် ထိုင်ရာမှ ထပြီး ထောင်မှူးနှင့် သူ၏ အတွင်းရေးမှူးတို့ စကားပြောနေကြသော အပြင်ဘက်ရုံးခန်းသို့ ထွက်သွားသည်။

ကာတာက သူ၏ ပိုက်ဆံအိတ်ထဲမှ ကတ်ပြားတစ်ခုကို ထုတ်ယူပြီး ထောင်မှူးကို ပေးယင်း . . .

‘ကျေးဇူးပြုပြီး အဲဒီနံပါတ်ကို ဆက်ပေးစမ်းပါ၊ ဦးစားပေး အဆင့်တစ်ပဲ၊ စကားဝှက်က ကင်းမြီးကောက်၊ အဲဒါဆိုရင် တစ်ခါတည်းရောက်သွားမယ်’

ထောင်မှူး၏ မျက်လုံးသည် ကတ်ပြားကို ကြည့်ရင်း ပြူးကျယ် သွားသည်။ ထို့နောက် တိုးညင်းစွာ လေတစ်ချက်ချွန်သည်။

‘ကျွန်တော် အခုပဲ ဆက်ပါ့မယ်’

ကာတာ ပြတင်းပေါက်တွင်ရပ်နေသည်။ စီးကရက်သီးသွားပြီး ချောင်းတဟွတ်ဟွတ် ဆိုးသည်။ နောက်ဆုံးတွင် ထောင်မှူးက သူ့ကိုခေါ်သည်။ တယ်လီဖုန်းဆီသို့ သူချက်ချင်းပင်ရောက်ရှိလာသည်။

‘ကာတာလား အခြေအနေ ဘယ်လိုလဲ’

တစ်ဖက်မှ မေးသည်။

‘ပြဿနာလေးတွေ နည်းနည်းရှိပါတယ် သမ္မတကြီး’

ထို့နောက် အခြေအနေ အရပ်ရပ်ကို ကာတာ ရှင်းပြလျက် ရှိတော့သည်။

\+ + +

ကာတာနှင့် ထောင်မှူးကြီးတို့ ဝင်ရောက်သွားသည့်အချိန်တွင် လူစီယာနိုသည် ပြတင်းပေါက်တွင် ရပ်ပြီး ကိုယ်လက်လှုပ်ရှားရာကွင်းဆီသို့ ငုံ့ကြည့်လျက်ရှိသည်။

‘ကျွန်တော် ပြန်နိုင်ပြီလား’

လူစီယာနိုက မေးလိုက်သည်။

ထောင်မှူးကြီးသည် စားပွဲကို ကွေ့လျှောက်သွားပြီး ကုလားထိုင်တွင် ထိုင်လိုက်သည်။

www.burmeseclassic.com



‘ဗိုလ်မှူးကြီးကာတာရဲ့ကား အပြင်ဘက်မှာစောင့်နေပါတယ်၊ မစ္စတာလူစီယာနိုကို ဗိုလ်မှူးကြီးက တာဝန်ယူပြီး ဝါရှင်တန်ကို ပြောင်းရွှေ့ပေးပါလိမ့်မယ်’

‘ပြောင်းရမယ် ဟုတ်လား၊ ဝါရှင်တန်ကို ဟုတ်လား၊ ဘာကိစ္စလဲ’

‘ခင်ဗျားရဲ့ ကျန်းမာရေး အတွက်ပဲဆိုပါတော့၊ ဝါရှင်တန်မှာ အကောင်းဆုံးရင်ဘတ်ဆေးရုံတစ်ခုရှိတယ်၊ မစ္စတာလူစီယာနို ချောင်းဆိုးနေတာ အတော်လေးကြာနေပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ စိုးရိမ်မကင်း ဖြစ်နေကြပါတယ်’

လူစီယာနိုက ကာတာဘက်သို့ လှည့်ပြီး . . .

‘ဒါထက်ကောင်းတာ တစ်ခုခု လုပ်သင့်ပါတယ် ပါမောက္ခကြီး’

ကာတာ ပြုံးလျက်. . .

‘ကျွန်တော် စိတ်ကူးထားပါတယ် မစ္စတာ လူစီယာနို၊ အဲဒီအတွက်တော့ စိတ်ချပါ’

\+ + +

ပက်ကက်ကားကြီး ကွန်စတီကျူးရှင်းလမ်းအတွင်းသို့ ချိုးဝင်ပြီး အိမ်ဖြူတော်ဆီသို့ ဦးတည်ပြီး မောင်းသွားသောအခါ အချိန်မှာ အတော်ကလေး မိုးချုပ်နေပြီဖြစ်သည်။ ကာတာနှင့် လူစီယာနိုတို့သည် နောက်ဘက်တွင် အတူတူထိုင်လျက်ရှိကြသည်။ လူစီယာနိုသည် ပြတင်းပေါက် မှန်ကိုချပြီး ဝါရှင်တန်မြို့၏ ညကို ကြည့်ရှုလျက်ရှိသည်။

‘ဒီရက်တွေမှာ ဟိုတယ်က အခန်းတစ်ခုရဖို့ မလွယ်ဘူးလို့ ပြောကြတယ်၊ ဟုတ်သလား’

‘အဆက်ရှိရင် မခက်ပါဘူး’

အိမ်ဖြူတော်သို့ ရောက်ရှိသောအခါ ပက်ကက်ကားချိုးဝင်သည်။ အနောက်ဘက် မြေအောက်ထပ် တံခါးပေါက်တွင် ဆိုက်ရပ်သည်။ ကာတာက တာဝန်ကျအရာရှိကို ခွင့်ပြုလက်မှတ် ပြသသည်။

လူစီယာနိုသည် ဂရိတ်မဲဒိုး အကျဉ်းထောင် စတိုခန်းမှ ရွေးယူခဲ့သော ဦးထုပ်အနက် ဝတ်စုံအညိုနှင့် ထရင့်ချ်ကုတ်ကြီးကို ဝတ်ထားသည်။ ပါးစပ်ထောင့်တွင် စီးကရက်ကို ခပ်ငိုက်ငိုက်ခဲထားသည်။ သူကြုံတွေ့နေရသည့် အဖြစ်များကို သဘောကျနေဟန်ရှိသည်။

‘အခုလုပ်နေတာတွေဟာ တကယ်ပဲလား ပါမောက္ခကြီး၊ ကျွန်တော့်ကို

www.burmeseclassic.com



နောက်နေတာများလား’

သူတို့ စောင့်ဆိုင်း နေကြရစဉ်တွင် လူစီယာနိုက မေးသည်။

‘တကယ်ပါပဲ မစ္စတာလူစီယာနို’

ကာတာကဖြေသည်။

ကိုယ်ရံတော် ဗိုလ်ကလေးတစ်ဦး ရောက်ရှိလာသည်။

‘ဗိုလ်မှူးကြီးကာတာ ကြွပါခင်ဗျာ’

+ + +

ဘဲဥပုံရုံးခန်းအတွင်းသို့ သူတို့ဝင်ရောက်သွားသောအခါ အခန်းမှာ မှောင်ရီလျက်ရှိ သည်။ အလင်းရောင်ဟူ၍ ဧရာမ စားပွဲကြီးပေါ်မှ စားပွဲတင်မီး သာရှိပေသည်။ သမတကြီး ရုစဗဲ့သည် သူ၏ ဘီးတပ်ကုလားထိုင်တွင်ထိုင်ပြီး အလုပ်လုပ်လျက်ရှိ သည်။ သူ၏ပါးစပ်တွင် စီးကရက်စွတ်တံ အရှည်ကြီး ရှိသည်။

ကာတာကို သူက မော့ကြည့်ပြီး ပြုံးသည်။

‘ဗိုလ်မှူးကြီးကာတာ နေကောင်းရဲ့လား’

‘နေကောင်းပါတယ် သမ္မတကြီး’

သမ္မတကြီးသည် ကိုယ်ရံတော် ဗိုလ်ကလေးကို ခေါင်းငြိမ့်ပြလိုက်ပြီး

‘ကိစ္စရှိရင်ခေါ်လိုက်မယ်’

အခန်းတံခါး ညင်သာစွာပိတ်သွားသည်။ သမ္မကြီးသည် စီးကရက် စွပ်တံတွင် စီးကရက်အသစ်တစ်လိပ်တပ်နေသဖြင့် ခေတ္တမျှ တိတ်ဆိတ်နေသည်။ သမ္မတကြီးသည် စီးကရက်ကို ဂရုတစိုက် မီးညှိသည်။ သည့်နောက်တွင်မှ လူစီယာနိုကို သတိပြုလိုက်သည်။

‘လူစီယာနိုဆိုတာ ခင်ဗျားလား’

‘ဒီလိုပဲ သူတို့ပြောကြပါတယ်’

‘ဗိုလ်မှူးကြီးကာတာက ပြောတယ် ခင်ဗျားက သူ့ကို ဒုက္ခပေးနေတယ်တဲ့’

‘ဒါက သမ္မတကြီးယူဆတာ ဖြစ်ပါလိမ့်မယ်၊ မနှစ်က ကျွန်တော် အချုပ်ခန်းထဲမှာရှိနေတုန်း သမ္မတကြီးရဲ့လူတွေရောက်လာပြီး နော်မန်ဒီသင်္ဘောကြီး မီးလောင်တဲ့အကြောင်း၊ ဆိပ်ကမ်းမှာ နာဇီအဖျက်သမားတွေရှိနေတဲ့အကြောင်း

www.burmeseclassic.com



ပြောကြပါတယ်၊ အဲဒါနဲ့ ကျွန်တော်လည်း အလုပ်သမားအစည်းအရုံးက လူတွေနဲ့ အစီအစဉ်တွေလုပ်ပေးလိုက်ပါတယ်၊ ပြီးခဲ့တဲ့လထဲက တစ်ခါ သူတို့ ရောက်လာကြပြန်ပြီး စစ္စလီကျွန်းကိုစွ ကူညီဖို့ ပြောပြန်တယ်၊ ဒီတစ်ခါလည်း ကျွန်တော် တတ်နိုင်တာကို လုပ်ပေးလိုက်ပါတယ်၊ ကျွန်တော် ဘာကြောင့် လုပ်ပေးသလဲ၊ ကျွန်တော့်အတွက် ဘာအကျိုးကျေးဇူးရှိသလဲ၊ ထောင်ထဲမှာ နောက်ထပ် အနှစ်သုံးဆယ်နေဖို့ပဲ မဟုတ်လား၊ ယခုတစ်ခါ ဒီပုဂ္ဂိုလ်ကြီး ရောက်လာပြန်တယ်၊ သူနဲ့အတူ စစ္စလီကျွန်းကို သွားဖို့ပြောတယ်၊ ကျွန်တော့်လည်ပင်းကို စင်းတုံးပေါ်တင်ပေးလိုက်တာပဲ၊ အဲဒါကို ကျွန်တော်က သူ့ကို ဒုက္ခပေးနေတယ်လို့ သမ္မတကြီး ယူဆပါသလား’

သမ္မတကြီး ကုလားထိုင်တွင် မှီထိုင်လိုက်ပြီး အေးညင်းစွာပြောသည်။

‘ကျုပ် ဘာလုပ်မယ်ဆိုတာကို ကျုပ်ပြောမယ် လူစီယာနို၊ ခင်ဗျားကို အမေရိကန် တစ်ယောက်ပြန်ဖြစ်နိုင်ဖို့ အခွင့်အရေး ပေးမယ်’

‘ပါမောက္ခကြီးနဲ့အတူ စစ္စလီကျွန်းကို သွားတဲ့အတွက်လား၊ အဲဒီအတွက် ကျွန်တော့်မှာ ဘာအကျိုးကျေးဇူးရှိမလဲ’

လူစီယာနိုက မေးသည်။

‘နာဇီတွေက ခင်ဗျားကို မိသွားရင် ကျည်ဆံတစ်တောင့် ရမယ်’

‘သူတို့မမိဘူးဆိုပါတော့ ပါမောက္ခကြီးရဲ့ ထူးဆန်းတဲ့လုပ်ငန်းကြီး အောင်မြင်သွားပြီဆိုပါတော့၊ ကျွန်တော်ဘာဖြစ်မလဲ’

‘အဲဒီအခါကျရင် စစ္စလီကျွန်းက တောင်တန်းတွေပေါ်မှာ တောပုန်းကြီးအဖြစ်နဲ့ တစ်သက်လုံးနေသွားပေါ့၊ ဒါမှမဟုတ်ရင် ခင်ဗျားရဲ့ အချုပ်ခန်းထဲကို ခင်ဗျားပြန်ဝင်၊ သက်ဆိုင်ရာပုဂ္ဂိုလ်တွေက ခင်ဗျားကို ခံဝန်ချုပ်နဲ့လွှတ်ဖို့ သက်သက်ညှာညှာ စဉ်းစားကြလိမ့်မယ်လို့ ကျုပ်ယူဆပါတယ်’

‘သမ္မတကြီးအနေနဲ့တော့ အာမခံချက်မပေးနိုင်ဘူးပေါ့’

‘ကဲ ခင်ဗျား သွားတော့၊ ကျုပ်မှာလုပ်စရာတွေ ရှိသေးတယ်’

ရူစဗဲက ပြောလိုက်သည်။

လူစီယာနို ထိုနေရာတွင်မတ်တတ်ရပ်လျက် သမ္မတကြီးကို ငေးစိုက်ပြီး ကြည့်နေသည်။ ထို့နောက် ကာတာကို ဆတ်ခနဲကြည့်သည်။ ထို့နောက် သူသည် အီတလီပုံစံအတိုင်းလက်နှစ်ဖက်ကိုဖြန့်ပြလိုက်ပြီးနောက် အခန်းထဲမှ ထွက်သွားသည်။

www.burmeseclassic.com



'ကျုပ် ဘာလုပ်ပေးရဦးမလဲ ဗိုလ်မှူးကြီး'

သမ္မတကြီးကမေးသည်။

ကာတာသည် သူ၏ ပိုက်ဆံအိတ်ထဲမှ စာရွက်ခေါက်ကလေးကို ထုတ်ယူပြီး သမ္မတကြီးအား ပေးလိုက်သည်။

'အဲဒီလူကို စုံစမ်းပေးဖို့ ထောက်လှမ်းရေးက လူတွေကို ပြောပေးပါ။ သမ္မတကြီး၊ ကျွန်တော်မသွားခင် ရနိုင်ရင်တော့ အများကြီး အဆင်ပြေမယ်'

'ကျုပ်ပြောလိုက်မယ်'

သမ္မတကြီးက ပြောသည်။

'လေးစားပါတယ် သမ္မတကြီး'

ကာတာက တစ်ဖက်သို့ လှည့်ပြီး လူစီယာနိုနောက်သို့ လိုက်သွားသည်။ လူစီယာနို အပြင်ဘက်သို့ပင် ရောက်ရှိနေပြီ ဖြစ်သည်။

'ခဏကလေး စောင့်ပါဦး ဗိုလ်မှူးကြီး'

ကိုယ်ရံတော် ရေတပ်ဗိုလ်ကလေးက ယင်းသို့ ပြောပြီး သမ္မတကြီး၏ ရုံးခန်းတွင်းသို့ ဝင်ရောက်သွားသည်။

လူစီယာနို ပြုံးသည်။

ကာတာက . . .

'ဘယ်လိုလဲ'

'ဘာကို ဘယ်လိုလဲ၊ သူက ကျွန်တော့်ကို ဘယ်လိုမှတောင် ရွေးချယ်ခွင့် မပေးဘူး၊ နောက်ပြီးတော့ ဘာကတိ တစ်ခုမှလဲ မပေးဘူး'

'စာရွက်ပေါ်မှာတော့ မဟုတ်ဘူးပေါ့၊ ဒါပေမဲ့ ဖရင်ကလင်ဒီယာနိုရုစဗဲလို လူတစ်ယောက်ကိုမှ ခင်ဗျားမယုံရင် ဘယ်သူ့ကိုမှ ခင်ဗျားယုံမလဲ'

'ဟုတ်ပြီ၊ ခင်ဗျားဘက်က ခင်ဗျားပြောတာပဲ၊ အဲဒီတော့ အခု ဘာလုပ်ကြမလဲ'

'ညသန်းခေါင်ကျော် အချိန်လောက်မှာ လေယာဉ်ပျံနဲ့ သွားကြမယ်၊ စကော့တလန်ကို အရင်သွား၊ ပရိစ်ဝစ် ဆိုတဲ့ မြို့ကိုသွားမယ်၊ အဲဒီကနေမှ တစ်ခါ အယ်ဂျီးရီးယားကို လေယာဉ်ပျံနဲ့ တောက်လျှောက်သွားမယ်'

'အဲဒါဆိုရင် ကျွန်တော်တို့မှာ အချိန်တွေ ငါးနာရီလောက်ပိုနေတယ်'

'ဒါအတွက်ပြဿနာ မရှိပါဘူး၊ ဟိုတယ်တစ်ခုမှာ အခန်း တစ်ခန်း ယူ ထားပါတယ်'

www.burmeseclassic.com



ရေတပ်ဗိုလ်ကလေး ပြန်လာသည်။ သူတို့ကို အနောက်ဘက် မြေအောက်ထပ် တံခါးပေါက်သို့ ပြန်လည်ခေါ်ဆောင်သွားသည်။

'ဟုတ်ပြီ၊ ကျွန်တော်ယုံသွားပါပြီ ပါမောက္ခကြီး၊ ပါမောက္ခကြီးကသာ စီစဉ်မယ်ဆိုရင် ဘာမဆို ဖြစ်နိုင်တယ်ဆိုတာ ကျွန်တော်ယုံသွားပါပြီ'

လူစီယာနိုက ပြောလိုက်သည်။

\+ + +

ဖလိုင်းယင်းဖို့ထရက်လေယာဉ်ကြီး အတ္တလန္တိတ်သမုဒ္ဒရာပေါ်သို့ ရောက်ရှိပြီး နယူးအင်္ဂလန်ကမ်းရိုးတန်း အဝေးတွင် မှိုင်းပျပြီး ကျန်ရစ်သော အချိန်တွင် ကာတာသည် တပ်ထောက်ကြီး စီစဉ်ပေးသော အိပ်ရာပေါ်တွင် သက်သောင့်သက်သာ ဖြစ်နိုင်သမျှ ဖြစ်အောင် လဲလျောင်းလျက် ရှိတော့သည်။ လူစီယာနိုလည်း သူ့ဘေး တွင် သည်အတိုင်းပင် ဖြစ်တော့သည်။

'တစ်ခု သေချာတာကတော့ ဒီလေယာဉ်ပျံတွေဟာ ခရီးသည်တင်ဖို့ မဟုတ်တာပဲ'

လူစီယာနိုက ပြောသည်။

ကာတာက သူ့အိတ်ထဲမှ စာအိတ်တစ်အိတ်ကို ထုတ်ပြီး လူစီယာနိုကို ပေးသည်။

'အခုအချိန်က စပြီး ခင်ဗျားဟာ စစ်ဗျူဟာဌာနက ဗိုလ်ကြီး အော်ဆီနီပဲ၊ အဲဒီအတွက် လိုအပ်တဲ့ အချက်အလက်တွေအားလုံး စာအိတ်ထဲမှာပါတယ်'

'နေထွက်သောညပဲ'

လူစီယာနိုက ပြောလိုက်သည်။

ထို့နောက်သူသည် အိတ်တစ်ခုထဲမှ မယ်တော်မာရီ ရုပ်တုကို ထုတ်ယူလိုက်ပြီး ဓားသွားကို ထောက်ခနဲဖွင့်ကာ စာအိတ်ကို ဖောက်လိုက်သည်။

'အဲဒီဥစ္စာ ဘယ်ကထွက်လာတာလဲ'

ကာတာက မေးလိုက်သည်။

လူစီယာနို ပြုံးလိုက်ပြီး . . .

'ဂရိတ်မဲဒိုးကပဲပေါ့၊ အဲဒီမှာဘာမဆို ရနိုင်တယ် ပရော်ဖက်ဆာ၊ ပြောရရင်တော့ မိတ်ဆွေတစ်ယောက်က ခွဲခွာကြတော့မယ့် အထိမ်းအမှတ်နဲ့

www.burmeseclassic.com



လက်ဆောင် ပေးလိုက်တာပဲ'

ရေဒီယို အော်ပရေတာ တပ်ကြပ်ကြီး ရောက်ရှိလာပြီး ကာတာကို ကြေးနန်းသတင်း တစ်ခုပေးသည်။

'ဗိုလ်မှူးကြီးကာတာခင်ဗျား၊ ကျွန်တော်တို့ ကွင်းက အတက်မှာပဲ ဒီကြေးနန်း သတင်းရောက်လာပါတယ်၊ ရိုးရိုးစာနဲ့ပဲ ရေးထားပါတယ်၊ ဗိုလ်မှူးကြီး သဘောပေါက်နားလည်ပါလိမ့်မယ်'

ကာတာက စာရွက်ကိုကြည့်လိုက်သည်။ ထို့နောက် ပြုံးလိုက်ပြီး . . .

'ကောင်းကောင်းကြီး သဘောပေါက်ပါတယ်'

တပ်ကြပ်ကြီးထွက်သွားသည်။

လူစီယာနိုက . . .

'ခင်ဗျားကိုကြည့်ရတာ အတော်ကြီးကို ကျေနပ်နေပုံပဲ'

'ခင်ဗျားပြောတာ မှန်ပါတယ်၊ ဒီစစ်ကြီးနဲ့ ပတ်သက်ပြီး စိတ်ဝင်စားစရာ တစ်ခုကတော့ အချက်အလက်တွေ စုဆောင်းတဲ့နေရာမှာ အင်္ဂလိပ်တွေဟာ ဂျာမန်တွေထက် ပြည့်စုံတာပဲ မစ္စတာလူစီယာနို၊ အင်္ဂလန်မှာ ယောကျ်ားအားလုံး၊ မိန်းမအားလုံး၊ ကလေးတွေအားလုံးကို အမျိုးသား မှတ်ပုံတင်ကတ်ပြားတွေ လုပ်ထားတယ်၊ သမ္မတကြီးကို ကျွန်တော် စာရွက်တစ်ရွက်ပေးခဲ့တာ မှတ်မိသလား၊ အဲဒါကတော့ လန်ဒန်မှာရှိတဲ့ ကျွန်တော်တို့ လူတွေကို မာရီယာဗောင်းကို အရှာခိုင်းတာပဲ၊ သူတို့ အနေနဲ့ သူ့ကို သိပ်အကြာကြီး မရှာကြရပါဘူး'

ကာတာက ကြေးနန်းစာရွက်ကို လူစီယာနိုသို့ ပေးလိုက်သည်။ ကြေးနန်း စာရွက်ကို ဖတ်ရင်း လူစီယာနို၏ မျက်လုံးများ ပြူးကျယ်လာသည်။

'စစ္စတာ မာရီယာဗောင်း ဂရုဏာ၏သမီးပျိုများ၊ ကွန်ဗင့်၊ လီဗာပူမြို့၊ အရှင်ယေရှု၏ မယ်တော်'

'ဘယ်လိုလဲ၊ ခေါင်းရှုပ်သွားပလား'

ကာတာက စာရွက်ကို ပြန်ယူရင်း ပြောလိုက်သည်။

'ဂရုဏာ၏ သမီးပျိုများ ကျွန်တော် မကြားဖူးဘူး'

'သူနာပြု အဖွဲ့ပဲ'

'လီဗာပူမြို့ဆိုတာ ဆိပ်ကမ်းမြို့လား'

'ဟုတ်တယ်၊ အင်္ဂလန်နိုင်ငံ အနောက်မြောက်ဘက် ကမ်းရိုးတန်း၊ လန်က ရှိုင်းယားပြည်နယ်'

www.burmeseclassic.com



‘ခင်ဗျားသူ့ကို တွေ့မလား’

‘စိတ်ကူးတာပဲ’

‘ခင်ဗျားဟာ လုပ်စရာရှိတာတွေတော့ အကုန်လုပ်နေတာပဲ၊ ဒါပေမဲ့ ခင်ဗျားကြည့်ရတာ စစ်တုရင် ရုပ်တစ်ရုပ်နဲ့တူတယ်၊ ခံစားမှု မရှိဘူး၊ ခင်ဗျားဟာ လူတစ်ယောက်ယောက်ကိုများ ချစ်ခဲ့ဖူးရဲ့လား၊ တကယ့် မေတ္တာစစ်နဲ့ ချစ်တာမျိုးကို ပြောတာပါ’

လူစီယာနိုက မေးလိုက်သည်။

ကာတာက ခေါင်းညိတ်လိုက်သည်။

‘အသေအချာ ချစ်ခဲ့ဖူးတာပေါ့’

‘ဘယ်တုန်းကလဲ’

‘ဟိုတုန်းကပါ၊ ကျွန်တော် ဆယ့်ခြောက်နှစ်သား အရွယ်ကပေါ့၊ လယ်သမားတစ်ယောက်ရဲ့သမီးပဲ၊ ကျွန်တော်တို့ မိသားစုတွေ အပန်းဖြေခရီး အတူတူထွက်ကြတယ်၊ ကျွန်တော်သူ့ကို အခုထိ မြင်ယောင်နေတယ်၊ သဲသောင်-ပြင်ခုံပေါ်မှာ နောက်ကွဲ ဂါဝန်ကလေးနဲ့ ပြေးနေတာ’

‘နောက် ဘယ်လိုဖြစ်သွားသလဲ’

‘စစ်ကြီး အပြီး တုပ်ကွေးတွေ ဖြစ်ကြတဲ့အချိန်မှာ သူဆုံးသွားတယ်၊ ကျွန်တော်က အသက် ဆယ့်ခုနှစ်နှစ်မပြည့်ခင် ကျောင်းက ထွက်ပြေးပြီး စစ်ထဲဝင်တယ်၊ လူငယ်တို့ ဘာ၀လို့ပဲ ပြောရမှာလား’

‘ဒီလိုပါပဲ’

လူစီယာနိုက ပြောလိုက်သည်။ ယခုအခါ သူ့မျက်နှာတွင် အပြုံး မရှိတော့ပါ။

‘၁၉၁၈-ခုနှစ်မှာ ကျွန်တော်တို့ တပ်ရင်းဟာ လူပေါင်း ၇၅၂ ယောက်နဲ့ ထိုးစစ်ကြီး ဆင်တယ်၊ သုံးလအတွင်းမှာ လူ၇၃ ယောက်ပဲ ကျန်တော့တယ်၊ ဒါပေမဲ့ ကျွန်တော်က မသေဘူး၊ သူကဘာ မဟုတ်တဲ့ တုပ်ကွေးဖြစ်ပြီးသေသွားတယ်’

‘အဲဒီတော့ ခင်ဗျား တစ်သက်မှာ အိမ်ထောင် မပြုတော့ဘူးပေါ့’

‘၁၉၂၃-ခုနှစ်မှာ ညီမ၀မ်းကွဲ တော်တဲ့ အိုလစ်နဲ့ အိမ်ထောင်ကျတယ်’

‘ခင်ဗျားသူ့ကို ချစ်သလား’

‘သူက ကျွန်တော်နဲ့ ငယ်သူငယ်ချင်းပဲ၊ သူက ကျွန်တော့်ကို ချစ်တယ်’

www.burmeseclassic.com



‘ကလေးတွေ မရဘူးလား’

‘မရဘူး၊ သူကလေးပျက်ကျတယ်’

‘အင်္ဂလန်ရောက်ရင် ခင်ဗျား သူ့ကို သွားတွေ့ဦးမလား’

ကာတာ ခေါင်းခါသည်။

‘၃၈-မှာ သူကင်ဆာနဲ့ ဆုံးသွားတယ်’

‘ဒီတော့ စစ်ကြီးဟာ ခင်ဗျားအတွက် အချိန်မီ ဖြစ်လာတာပဲပေါ့’

ကာတာက သူ့ကို ငေးလျက် . . .

‘ဒီလိုပဲ ထင်သလား’

ထို့နောက် လူစီယာနိုသည် ဦးထုပ်ကို မျက်နှာပေါ်တွင် ဖုံးချလိုက်ပြီးနောက် လက်နှစ်ဖက်ကို ပိုက်ကာ အိပ်ပျော်သွားတော့သည်။

* * *

www.burmeseclassic.com

# [ ၆ ]

လီဗာပူမြို့ကို ဂျာမန် ကင်းထောက်လေယာဉ်များ ပထမဆုံး စတင် တိုက်ခိုက်သည့်နေ့က လီဗာပူမြို့တွင် မိုးသည်းထန်စွာရွာသွန်းလျက်ရှိသည်။ ဆေးရုံကြီးတွင် တာဝန် ထမ်းဆောင်နေရသော စစ္စတာ မာရီယာ ဗောင်းသည် ညခုနှစ်နာရီတွင် တာဝန်ပြီးဆုံးပြီဖြစ်သော်လည်း ကျွမ်းကျင်သောဆရာမများ နည်းပါးနေသဖြင့် သူမသည် ရင်ခွဲရုံတွင် လူသေအလောင်း ခွဲစိတ် စစ်ဆေး လျက်ရှိသော ပါမောက္ခတင်ဘာလေကို ကူညီဆောင်ရွက်ပေးရတော့သည်။

စစ္စတာမာရီယာသည် အဝတ်လဲခန်းတွင် ဝတ်ရုံ အဖြူကြီးကို အပေါ်မှ ထပ်ဝတ်လိုက်ပြီးနောက် ခေါင်းမှ ဦးဆောင်းကို အနေအထားကျအောင် လုပ်လိုက်သည်။ သူမသည် အသက် ၂၃ နှစ်ရှိပြီဖြစ်ပြီး ကိုယ်လုံးကိုယ်ထည် သွယ်သွယ်လျလျဖြစ်သည်။ မျက်နှာအမူအယာ တည်ငြိမ်လေးနက်သည်။ သို့သော်သူမ၏ မျက်နှာသည် မြင်တွေ့သူများ နှစ်ခါပြန်ပြီးကြည့်ရသည့် မျက်နှာ မျိုးပင်ဖြစ်သည်။ ရိုးရိုးယဉ်ယဉ်ဖြစ်သည်။ တစ်ခုပဲ ရှိသည်၊ သူမ၏ မျက်လုံး များမှာမူ တည်ငြိမ်ခြင်းမရှိဘဲ လှုပ်ရှားလျက်ရှိသည်။ တစ်စုံတစ်ခုကို အမြဲတမ်း ရှာဖွေကြည့်ရှုလျက်ရှိသည်။

ခွဲစိတ်ခန်းအတွင်းသို့ သူမဝင်ရောက်သွားသောအခါတွင် တင်ဘာလေ ရောက်နှင့်နေပြီကို တွေ့ရှိရသည်။ တင်ဘာလေမှာလည်း ကိုယ်လုံးကိုယ်ထည်

www.burmeseclassic.com



သေးသေးပင်ဖြစ်သည်။ ဝတ်ရုံဖြူကြီး ဝတ်ထားသည်။ ပိတ်ဖြူတစ်ခုဖြင့် လွှမ်းခြုံထားသော အလောင်းကောင်မှ တစ်ပါး အခန်းထဲတွင် မည်သူမျှမရှိပါ။

တင်ဘာလေသည် ရော်ဘာလက်အိတ်ကို စိတ်မရှည်စွာ ဆွဲစွပ်နေရာမှ

'စစ္စတာရေ လုပ်ငန်းစပေတော့၊ နောက်တစ်နာရီဆိုရင် လူနာတွေကို ကိုယ်လိုက်ကြည့်ရဦးမယ်'

သူသည် အငြိမ်းစားယူရမည့် အသက်ထက် သုံးနှစ်ပိုနေပြီဖြစ်သည်။ စစ်ကြီးအတွက်ပင် သူအငြိမ်းစားမယူနိုင်သေးခြင်း ဖြစ်သည်။

ခွဲစိတ်ခုတင် အနီးရှိ လက်တွန်းစားပွဲလေးပေါ်တွင် ခွဲစိတ်ကု ကိရိယာများ သူ့နေရာနှင့်သူရှိနေကြသည်။ စစ္စတာမာရီယာသည် အလောင်းပေါ်မှ ပိတ်ဖြူစကို ဆွဲယူလိုက်သည်။ သပ်ရပ်စွာခေါက်ထားလိုက်သည်။ သေဆုံးသူမှာ လူလတ်ပိုင်းအရွယ် အမျိုးသား တစ်ဦးဖြစ်သည်။ သူ၏ခန္ဓာကိုယ်မှာ ပကတိကောင်းမွန်လျက်ပင်ရှိသည်။ သန်မာသောလက်များနှင့် ကျယ်ပြောသော ရင်အုပ်ရှိသည်။ မျက်လုံးများပိတ်ထားသည်။ မျက်နှာက ငြိမ်းချမ်းသည့် အသွင်ဆောင်နေသည်။

'ဆေးရုံအမှုထမ်းကတော့ ဘာတစ်ခုမှ မပြည့်စုံဘူး၊ လက်ရေးတို လိုက်ရေးမယ့်လူ မရှိဘူး၊နောက်မှပဲ ကိုယ့်ဘာသာကိုယ် မှတ်မိသလောက် ပြန်ရေးရမှာပဲ၊ ညနေ ငါးနာရီခွဲလောက်က သူ့ကို လိုင်းလမ်း ကားမှတ်တိုင်မှာ လဲနေတာတွေ့ ရတယ် ။အသက်က ငါးဆယ်ပတ်ဝန်းကျင်၊ ကျန်းမာရေး အခြေအနေကောင်းတယ်၊ တိုက်မိ ခိုက်မိတဲ့ ဒဏ်ရာမရှိဘူး၊ သူဘာဖြစ်တယ်လို့ ပြောသလဲ စစ္စတာ'

တင်ဘာလေက မေးသည်။

'နှလုံးပေါ့'

သူမ ဖြေလိုက်သည်။

'ဟုတ်တယ် အားလုံး ကောင်းတယ်၊ အသည်းလဲ ကောင်းတယ်၊ အဲဒီတော့ ကိုယ်တို့ နှလုံးကိုပဲ အရင်ဆုံးကြည့်ကြမယ်'

တင်ဘာလေ လက်ကို ဆန့်တန်းသည်။ စစ္စတာ မာရီယာက ခွဲစိတ်ဓားကြီး တစ်ချောင်းပေးလိုက်သည်။ သူက ရင်ဘတ်ကို လည်ပင်းမှနေ၍ ဗိုက်အထိခွဲချလိုက်သည်။ အသက်ရှိသော လူနာတစ်ဦးကို ခွဲစိတ်သည်က အကြောင်းမဟုတ်။ လူသေတစ်ဦးကို ခွဲစိတ်သည်ကိုမူ သူမ မကြည့်ရဲ။ တင်ဘာလေက

www.burmeseclassic.com



ကတ်ကြေးကြီး တစ်လက်ဖြင့် နံရိုးကို လိုက်ဖြတ်နေသော အချိန်တွင်ကား စစ္စတာ မာရီယာ အသက် မရှူနိုင်ရှိတော့သည်။

ထိုအချိန်မှာပင် လီဗာပူဆိပ်ကမ်းပေါ်သို့ ပထမ အသုတ် ရန်သူဗုံးများ ကျရောက်ပေါက်ကွဲသည်။ ဆေးရုံကြီးတစ်ခုလုံး သိမ့်သိမ့်တုန်သွားသည်။ ပြတင်း-ပေါက်မှန်တွေ ကွဲကုန်သည်။ လျှပ်စစ်မီးများ ခေတ္တပြတ်သွားသည်။ တစ်နေရာဆီမှ အမျိုးသမီးတစ်ယောက် ထိတ်လန့်စွာ အော်ဟစ်လိုက်သံကို ကြားရသည်။

'စစ္စတာ သွားတော့။ အရေးပေါ်ဌာနမှာ လူလိုလိမ့်မယ်၊ ဒီကိစ္စကို ကိုယ့်ဘာသာကိုယ်ပဲ လက်စသတ်တော့မယ်'

တင်ဘာလေက ပြောလိုက်သည်။

တံခါးပေါက်ဆီသို့ သူမရောက်ရှိချိန်တွင် နောက်တစ်ကြိမ် ဗုံးများ ပေါက်ကွဲပြန်သည်။ ဆေးရုံကြီး တုန်ခါသွားသဖြင့် လင်ပန်းပေါ်မှ ခွဲစိတ်ကိရိယာများလည်း လှုပ်သွားကြသည်။ တင်ဘာလေက ခွဲစိတ်ဓား တစ်ချောင်းကိုယူပြီး သူ့လုပ်ငန်းကို ဆက်လက်လုပ်ဆောင်စဉ်တွင် စစ္စတာမာရီယာသည် တံခါးကို ဖွင့်ပြီး ထွက်ပြေးသွားတော့သည်။

\+ + +

အရေးပေါ်ဌာနတွင် ဝရုန်းသုန်းကား ဖြစ်နေသည်။ စင်္ကြံပေါ်တွင် လူတွေ အစုန် အဆန် ပြေးလွှားနေကြသည်။ မီးလောင်နံ့ရသည်။ ဗုံးအကြွင်း ရပ်သွားသည်။ အဝေးဆီမှ မီးသတ်ကားသံများကြားရသည်။

ယခုအခါ ဆေးရုံကြီး တစ်ခုလုံးသည် အစွမ်းကုန် လှုပ်ရှားလျက် ရှိသည်။ စစ္စတာမာရီယာသည် ရေတပ်သားကလေးတစ်ဦး လက်ဝဲဘက် ခြေထောက်ကို နှစ်ဆယ့် ငါးချက် ချုပ်ပေးသည်။

ရေတပ်သားကလေးသည် သူမကို စေ့စေ့ကြည့်ရှုလျက်ရှိသည်။ မီးမညှိရသေးသော စီးကရက် တစ်လိပ်က သူ၏ပါးစပ်တွင် တွဲခိုလျက်ရှိသည်။

'စစ္စတာက သိပ်တော်တာပဲ၊ ရဲရင့်တဲ့ ကောင်ကလေး တစ်ယောက်ကို ကုပေးတဲ့အနေနဲ့ ကိုယ့်ကို နမ်းပါလား'

'အလုပ်တာဝန်မှာ မပါဘူး'

'နှမြောစရာပါလား၊ မင်းလို လှတဲ့မိန်းကလေးတစ်ယောက် အလကား

www.burmeseclassic.com



ဖြစ်တော့မှာပဲ'

ထိုစဉ်မှာပင် အခန်းတွင်းသို့ တင်ဘာလေ ဝင်ရောက်လာသည်။ မီးခြစ်ကို ခြစ်လိုက်ပြီးနောက်. . .

'စီးကရက်မီးညှိပြီး မင်းပါးစပ်ကို ပိတ်ထားစမ်း၊ စစ္စတာသွားနိုင်ပြီ။ သူ့ကို ကိုယ်ကြည့်လိုက်မယ်'

ကန့်လန့်ကာ နောက်ဘက်သို့ သူမသွားလိုက်ပြီး ဝတ်ရုံဖြူကြီးကို ချည်ထားသောကြိုးစကို ဖြေသည်။

သူမ၏နောက်ဘက်သို့ တင်ဘာလေ ရောက်ရှိလာသည်။

'ကိုယ်ဖြေပေးမယ်'

ကြိုးထုံးများကို တစ်ခုပြီးတစ်ခု ဖြေသည်။ သူဒေါသ ဖြစ်နေသည်။

'အလကားကောင်'

သူမက သူ့ဘက်သို့ လှည့်လိုက်ပြီး ခေါင်းကို ယမ်းခါသည်။

'သူနားမလည်လို့ ပြောတာပဲ၊ လူ တော်တော်များများဟာ သူများ တွေကို သူတို့လိုပဲ ဖြစ်စေချင်ကြတယ်၊ သူပြောတာ မှန်ပါတယ်၊ စိန့် ခရစ်ဆိုတမ် ကလဲ တစ်ကိုယ်ရေ ဘဝဟာ ဒုက္ခခံရခြင်း တစ်ခုပဲတဲ့'

'အမှန်ပဲလား'

'အမှန်ကြီးတော့ မဟုတ်ပါဘူး ၊ ပရော်ဖက်ဆာ၊ တစ်စုံတစ်ခုရရှိဖို့ အတွက် လိုအပ်တဲ့ အလဲအလှယ်တစ်ခု ပြုလုပ်ရတာပါပဲ'

သူက သူမကို ပိုတွန်းလိုက်ပြီး . . .

'သွား . . . သွား၊ ကိုယ့်စိတ်တွေ ကယောက်ကယက် မဖြစ်ခင် မြန်မြန် သွား အိမ်ကို သွားတော့'

စစ္စတာမာရီယာသည် ငြင်းဆန်မနေအားတော့ဘဲ သူပြောသည့် အတိုင်း အခန်းထဲမှ ထွက်ခွာသွားတော့သည်။

\+ \+ \+

ကရုဏာ၏ သမီးပျိုများ ကွန်ဗင့်သည် ဟူဗီလမ်းတွင် တည်ရှိသည်။ အုတ်တံတိုင်း အမြင့်ကြီး၏အတွင်းဘက်တွင်ဖြစ်သည်။ ဧရာမ အုတ်တိုက်နီကြီးဖြစ်သည်။ တစ်ချိန်က ဆရာဖြစ်သင် ကောလိပ်ကျောင်း အဆောက်အအုံ ဖြစ်သည်။

www.burmeseclassic.com



ဘုရားရှိခိုးကျောင်းကလေးသည် အေးစိမ့်လျက်ရှိသည်။ ထင်းမီးသွေး ချွေတာရသည့်ကာလဖြစ်သဖြင့် မည်သည့်အပူဓာတ်မျှ မပေးနိုင်ဘဲရှိသည်။ ဖယောင်းတိုင် မီးရောင်လွဲ့လွဲ့ကလေးမှ တစ်ပါး ဘုရားရှိခိုးကျောင်း တစ်ခုလုံး မှောင်နေသည်။

မာရီယာဗောင်းသည် ဘုရားစင်ရှေ့တွင် ဒူးထောက်ပြီး မယ်တော်မာရီ ၏ ရှေ့မှောက်တွင် ဖယောင်းတိုင်တစ်တိုင် ထွန်းညှိပူဇော်သည်။ သူမသည် အတန်ကြာမျှ ဝတ်ပြုပြီးနောက် ထလိုက်သည်။ ရေပုံးနှင့် အဝတ်တံကို ယူပြီး အလယ်မင်းလမ်းသို့သွားသည်။ ထို့နောက် ကြမ်းပြင်ကို ဆေးကြော ပွတ်တိုက် တော့သည်။ သူမသည် ပင်ပန်းနွမ်းနယ်လျက်ရှိသော်လည်း ငြူစူခြင်းမရှိပါ၊ သည်အလုပ်သည် မပင်ပန်းပါ။ ပြီးတော့ အလုပ်လုပ်ရင်း စဉ်းစားချိန်ရပါသည်။

အထက်ဘက် စင်္ကြံတွင်ကား ကျောင်းအုပ် သီလရှင်ကြီး စစ္စတာ ကက်သရင်းမက်ဟမ်းသည် ဟယ်ရီကာတာ၊ လူစီယာနီတို့နှင့် အတူ ရပ်ကာ မာရီယာကို ငုံ့ကြည့်လျက်ရှိသည်။

'ဆေးရုံမှာ သူတစ်နေ့လုံးအလုပ်ဆင်းရတယ်ဆို'

ကာတာက မေးလိုက်သည်။

'ဟုတ်တယ်၊ အဲဒီမှာ သူက သူနာပြု ဆရာမပဲ'

'အဲဒါတောင် အခုလဲ အလုပ်လုပ်ရတယ်လား'

'တစ်နေ့လုံး အလုပ်တွေ ဘယ်လောက်ပဲ များများ၊ စစ္စတာတွေ အားလုံး ညဘက်မှာ ကိုယ်တာဝန်ကျရာ အလုပ်ကို လုပ်ရတယ်၊ အလုပ်တစ်ခု ဟာ ဘယ်လောက်ပဲအောက်တန်းကျကျ ဒီအလုပ်ဟာ ကျွန်မတို့အားလုံးကို ဖွဲ့နှောင်ထားတဲ့ မေတ္တာသင်္ကေတပဲ၊ ကဲ. . . ကျွန်မတို့ အောက်ကို ဆင်းကြရ အောင်၊ ဗိုလ်မှူးကြီးနဲ့ ကျွန်မ မိတ်ဆက်ပေးမယ်'

စစ္စတာကက်သရင်း စင်္ကြံအတိုင်း လှေကားရှိရာသို့ လျှောက်သွား သည်။

\+ + +

သူတို့ကို မာရီယာ မော့ကြည့်ကာ . . .

'ဩော်. . . စစ္စတာ'

www.burmeseclassic.com



စစ္စတာ ကက်သရင်း ပြုံးလိုက်ပြီး . . .

'မာရီယာနဲ့ တွေ့ရအောင်လာတဲ့ ဧည့်သည်တွေပဲ၊ သူက ဗိုလ်မှူးကြီး ကာတာ၊ သူက ဗိုလ်ကြီး အော်ဆီနီ'

မာရီယာသည် လူစီယာနိုကို ငေးစိုက်ပြီး ကြည့်နေသည်။

'ဟဲလို မိန်းကလေး . . မတွေ့ကြရတာ ကြာပြီ'

လူစီယာနိုက ပြုံးလျက် စစ္စလီလို ပြောလိုက်သည်။

စစ္စတာကက်သက်ရင်းက ကြမ်းတိုက်အဝတ်တံကို မာရီယာထံမှ ညင်သာ စွာ ဆွဲယူလျက်. . .

'ကိုယ် ဆက်ပြီးလုပ်လိုက်မယ်၊ ဧည့်သည်တွေကို ကိုယ့်ရုံးခန်းကို ခေါ်သွားပါ'

မာရီယာသည် လူစီယာနိုကို နောက်တစ်ကြိမ်ကြည့်လိုက်ပြီးနောက် တစ်ဖက်သို့ လှည့်ထွက်သွားသည်။ သူမ၏ နောက်သို့ ကာတာနှင့် လူစီယာနိုတို့ လိုက်ကြမည်ပြုသောအခါ စစ္စတာ ကက်သရင်းက. . .

'ကျွန်မတို့မှာ ဧည့်ရိပ်သာရှိပါတယ်၊ ဗိုလ်မှူးကြီးတို့ ကနေ့ည တည်းနိုင်ပါတယ်'

သူတို့ ထွက်သွားသောအခါ သူမသည် ရေပုံးထဲတွင် အဝတ်တံကို နှစ်လိုက်ပြီးနောက် သန့်ရှင်းရေး လုပ်ငန်းကို စတင်တော့သည်။

\+ \+ \+

ရုံးခန်းမှာ သေးငယ်သည်။ ပြွတ်သိပ်နေသည်။ စားပွဲနှင့် ဗီရိုနှင့်တင် ပြည့်နေသည်။ လူစီယာနို တံခါးကို မှီပြီး ဆေးလိပ်သောက်နေသည်။ ကာတာနှင့်မာရီယာတို့သည် စားပွဲတွင်မျက်နှာချင်းဆိုင် ထိုင်လျက်ရှိသည်။

'အဲဒီတော့ အဲဒါပဲ စစ္စတာ၊ ပြဿနာက ရှင်းရှင်းကလေးပဲ၊ အရေးကြီး တာကတော့ ဟုတ်တယ် မဟုတ်ဘူးပဲ၊ ကျုပ်နဲ့ မစ္စတာ အော်ဆီနီ . . .'

'ကျွန်မကို ဘာမှ ဖုံးကွယ်နေဖို့ မလိုပါဘူး ဗိုလ်မှူးကြီး၊ မစ္စတာ လူစီယာနို ကို ကျွန်မ ကောင်းကောင်းသိပါတယ်၊ သူဟာ ကျွန်မအနေနဲ့ မေ့ပျောက်သွားတဲ့ အတိတ်ဘဝထဲက အစိတ်အပိုင်းတစ်ခုပဲ၊ အဲဒီတုန်းက အဖြစ်အပျက်တွေဟာ ကျွန်မ ဘဝနဲ့ ဘယ်လိုမှ မပတ်သက်တော့ပါဘူး'

www.burmeseclassic.com



သူမက တည်ငြိမ်စွာပြောသည်။

'ခြေထောက်တစ်ဖက်နဲ့ လက်တစ်ဖက်ကို ဖြတ်ပစ်လိုက်ရင် ဒီလူ ဟုတ်ပါဦးမလား'

လူစီယာနိုက စစ္စလီလိုပြောလိုက်သည်။

'လက်ညှိုးမကောင်းရင်လက်ညှိုး၊ လက်မ မကောင်းရင် လက်မလို့ ဆိုရိုးရှိခဲ့ပါတယ် မစ္စတာ လူစီယာနို'

မာရီယာက စစ္စလီလိုပင်ပြန်ပြောသည်။

'လူ ထောင်ပေါင်းများစွာရဲ့ အသက်ကို ကယ်တင်ဖို့ အတွက် စစ္စတာရဲ့ အဘိုးကို ကျုပ်တို့ တည့်တည့်လင်းလင်း ပူးပေါင်းအောင် ဆွဲဆောင်ဖို့ လိုတယ်၊ ဒီအလုပ်ကို လုပ်နိုင်မှာလဲ စစ္စတာ တစ်ယောက်တည်းရှိတယ်'

ကာတာက စိတ်ရှည်လက်ရှည်ပြောသည်။

'ဗိုလ်မှူးကြီးဟာ ကိုယ့်အချိန်တွေကို ကိုယ်ဖြုန်းနေတာပဲ။ ကျွန်မရဲ့ အဘိုးနဲ့ ကျွန်မ အဆက်အသွယ်မရှိတာ နှစ်ပေါင်းများစွာကြာလှပြီ၊ အခုကိစ္စဟာ ကျွန်မနဲ့ ဘယ်လိုမှ မသက်ဆိုင်ပါဘူး၊ အဲဒီတော့ ကျွန်မကို ခွင့်ပြုပါ။ ကျွန်မမှာ လုပ်စရာ အလုပ်ကလေးတွေ ရှိပါတယ်'

စစ္စတာမာရီယာသည် လူစီယာနိုကို ပွတ်ဖြတ်ပြီး အခန်းထဲမှ ထွက်သွားသည်။ ကာတာက တယ်လီဖုန်းကို ကောက်ယူပြီး လန်ဒန် ဘေကာလမ်းရှိ အထူး စစ်ဆင်ရေးတပ်ဖွဲ့နှင့် ဆက်သွယ်ပေးရန် အော်ပရေတာကို ပြောသည်။

'အဲဒီတော့ ဘယ်လိုလဲ'

လူစီယာနိုက မေးသည်။

'သူလိုက်မှာပေါ့'

ကာတာ သေချာပေါက်ပြောသည်။

'ဘယ်လိုကြောင့် ဒါလောက်အတတ် ပြောနိုင်ရတာလဲ'

'အို့ . . . လူပေါင်းများစွာရဲ့ အသက် သေဆုံးရမယ့်အရေးက အဖြေပဲ၊ သူဟာ စိတ်ထားကောင်းတဲ့ အမျိုးသမီးကလေး တစ်ယောက်ပဲ'

တယ်လီဖုန်းမြည်လာသည်။ ကာတာကောက်ယူပြီး . . .

'ဌာနနှစ်ကိုပေးပါ၊ ကာတာပြောနေတယ်၊ စကားဝှက် ကင်းမြီးကောက်'

သူစီးကရက်တစ်လိပ်ကို ထုတ်ယူသည်။ လူစီယာနိုက မီးညှိပေးသည်။

ကာတာ၏နားထဲသို့ တစ်ဖက်မှ အသံ တိုးညှင်းစွာ ဝင်ရောက်လာသည်။

www.burmeseclassic.com



သူက. . .

‘ဟယ်လို ဂျက်၊ ဟယ်ရီပါ၊ ဟုတ်တယ်၊ အားလုံးပြေလည်တယ်၊ မန်ချက်စတာနားမှာ သုံးလေးရက်လောက် အေးအေး ဆေးဆေး နေနိုင်မယ့် အိမ်တစ်လုံး လိုချင်တယ်၊ ဘရန်စဘီအက်ဘေး ရှိသေးသလား’

‘ဟေး ခဏနေပါဦး’

လူစီယာနိုက ပြောလိုက်သည်။ သို့သော် ကာတာ က သူ့ကို ဂရုမပြုဘဲ. . .

‘လူနှစ်ယောက်လိုချင်တယ်၊ အီတလီရေးရာ ကျွမ်းကျင်ရမယ်၊ တခြား ဘာသာရပ်တွေလဲ အားလုံးကျွမ်းကျင်ရမယ်၊ လေးဆယ့် ရှစ်နာရီအတွင်းလိုချင် တယ်၊ မေဆင်ဗလင်ချီက ၁၃၈ တပ်ဖွဲ့ကို သတင်းပို့ပါ။ ခုနှစ်ရက်ကနေ ဆယ်ရက် အတွင်းမှာ ဆင်းဖို့ကိစ္စပြင်ဆင်ထားဖို့ ဘယ်လိုနာက လူတွေကိုလဲပြောပါ’

အတန်ကြာအောင် သူနားထောင်နေသည်။ ထို့နောက် သူပြုံးလိုက်ပြီး

‘ဘာမှ ပြဿနာမရှိပါဘူး’

စကားပြောခွက်ကို သူပြန်တင်လိုက်သည်။

\+ + +

စစ္စတာ အိန်ဂျယ်လာ၏ မကောင်းမှု တစ်ခုကတော့ စီးကရက် သောက်ခြင်းပင် ဖြစ်သည်။ စီးကရက်တွေကို ဘယ်မှာထားကြောင်း မာရီယာ သိသည်။ မီးဖိုထဲက ဂျုံမှုန့်ပုံးနောက်တွင်ဖြစ်သည်။ မာရီယာသည် စီးကရက် တစ်လိပ်ကို တုန်ယင်သော လက်များဖြင့် မီးညှိလိုက်သည်။ ထို့နောက် အမှောင် ထဲတွင်ရပ်ပြီး တရကြမ်း ရှိုက်ဖွာနေတော့သည်။

အကြောင်းတစ်ခုခု ရှိသည်နှင့် တစ်ပြိုင်နက် စစ္စလီ ဇာတိက ပေါ်လာ တတ်သည်။ သည်အကျင့်ကို တိုက်ဖျက်ရမည်။ ယခုတော့ မဟုတ်သေး။ လူစီယာနို ၏ မျက်နှာနှင့် သူ့အပြုံးကို မြင်ရသောအခါ ဒဏ်ရာဟောင်း ပြန်ပေါ်လာသည်။ အတိတ်ဇာတ်လမ်းများ အမှောင်ထဲက ထွက်ပေါ်လာကြ သည်။

သူမ၏ နှာခေါင်းထဲတွင် မီးလောင်နံ့ရလာသည်။ မိခင်၏ မျက်နှာပေါ် မှ သွေးများကို မြင်ယောင်လာသည်။ သည့်နောက်တွင်ကား နာကျင်မှုများ၊

www.burmeseclassic.com



ဆေးရုံပေါ်မှ ရှည်လျားသော နေ့ရက်များ၊ ခုတင်ဘေးတွင် ထိုင်နေသော မိမိ၏ အဘိုး၊ မိမိက စကားလုံးဝ မပြောသော်လည်း သူက ထိုင်မြဲထိုင်နေသည်။

သူမ၏ ရင်တွင်းဝယ် အမုန်းစိတ်က ပြင်းထန်လာသည်။ ဒေါသစိတ်မွှန်ကဲလာသည်။ စီးကရက်ကို မျက်နှာသစ် ကြွေစလုံထဲသို့ ပစ်ထည့်လိုက်သည်။ ထို့နောက် ရေပိုက်ကို ဖွင့်ပြီး ရေအေးအေးဖြင့် မျက်နှာသစ်သည်။

အတန်ကြာတော့ အတော်ကလေး နေသာ ထိုင်သာရှိသွားသည်။ အတိတ်မှ အရိပ်များ ပျောက်ကွယ်သွားသည်။ အတိတ်ကို မြေမှာ မြှုပ်လိုက်သည်။ ထိုအထဲတွင် အဘိုးဖြစ်သူလည်း ပါရှိသွားသည်။ စစ္စလီနှင့် ပတ်သက်သည်များအားလုံးကို သူမစိတ်မဝင်စားတော့။ သူမတွင်အလုပ်ရှိသည်။ ဆေးရုံကြီးတွင် နေ့စဉ် မှန်မှန် အလုပ်ရှိသည်။ ထိုမှတစ်ပါး အခြား ဘာမျှမရှိတော့၊ သည်အချက်ကို ကာတာနှင့် လူစီယာနိုတို့ နားလည်စေရမည်။ သူမ၏ အဝတ်များကိုဖြန့်လိုက်သည်။ ထို့နောက် ပင့်သက်ရှည်ကြီး တစ်ချက်ချလိုက်ပြီးနောက် အခန်းထဲမှ ထွက်သွားသည်။

\+ \+ \+

ကွန်ဗင့်ကျောင်းနောက်ဘက်ရှိ မြင်းဇောင်း အဟောင်းများတွင် ဖွင့်လှစ်ထားသော ဒုက္ခသည် စခန်းသည် အခန့်အထည်ကြီးကားမဟုတ်ချေ။ သို့သော် အုတ်နံရံများကို သေသပ်စွာ ထုံးသုတ်ထားသည်။ ကျောက်မီးသွေး မီးဖိုရှိသည်။ တစ်ညတာ တန်းစီသူများအတွက် ခုံရှည်များနှင့် စောင်များရှိသည်။

ဒုက္ခသည်များကား အမျိုးမျိုးအဖုံဖုံဖြစ်သည်။ အချို့က မိသားစု တစ်ခုလုံးဖြစ်သည်။ နေအိမ်ပုံးထဲပါသွားသဖြင့် ကလေးတွေရော လူကြီးတွေရော ဖြစ်သည်။ တစ်ချို့က အမှုထမ်းများဖြစ်ကြသည်။ ရထားစောင့်ရင်း အိပ်စရာနေရာ တစ်နေရာအတွက် လာရောက်ခြင်းဖြစ်သည်။ အရက်မူးသမားများနှင့် ကလေကချေ လူလေ လူလွင့်များလည်းပါသည်။

မာရီယာနှင့် စစ္စတာနှစ်ယောက်သည် စားပွဲတစ်ခုနောက်တွင်ရပ်လျက် တစ်ရွေ့ချင်းတန်းစီပြီး ရွေ့လာသော လူအုပ်ကြီးကို ပေါင်မုန့်နှင့် စွပ်ပြုတ်ပူပူများ ပေးဝေလျက်ရှိသည်။

လူတန်းကြီး၏ နောက်တွင် ကာကီဝတ်စုံနှင့် စစ်သားငယ်နှစ်ယောက်

www.burmeseclassic.com



သည် အချင်းချင်း အငြင်းပွားလျက်ရှိသည်။ ထို့နောက် ရုတ်ခြည်းဆိုသလို အော်ဟစ် သတ်ပုတ်ကြတော့သည်။ မာရီယာသည် စားပွဲကိုကွေ့ပတ်ကာ လေ၏အဟုန်ဖြင့် သူတို့ နှစ်ယောက်အကြားသို့ ရောက်ရှိသွားသည်။ သူမ၏ အနီးတွင်ရှိနေသော ဆံပင်နီနီနှင့် စကော့လူမျိုး စစ်သားကလေးက သူနှင့် ရန်ဖြစ်နေသော စစ်သားကလေးကို လှမ်းရိုက်လိုက်ရာ ကြားဝင်လာသော မာရီယာ၏ မျက်နှာ ကိုရိုက်မိသည်။

ရုတ်ခြည်းဆိုသလိုပင် ထိုနေရာသို့ လူစီယာနို ရောက်ရှိလာသည်။ မာရ်နတ်ကိုယ်တိုင် ရောက်ရှိလာသည့်အလားပင် ဖြစ်သည်။ သူက ညာဘက်လက်ဖြင့် ကောင်ကလေး၏ မျက်နှာကိုလျှင်မြန်စွာရိုက်ချလိုက်သည်။ ဘယ်လက် ဖြင့် ကောင်ကလေး၏လည်ပင်းကို ဆုပ်ကိုင်ထားလိုက်သည်။

မာရီယာက လူစီယာနို၏ လက်မောင်းကို သူမ၏ လက်နှစ်ဖက်ဖြင့် တအားဆုပ်ကိုင်ကာ တအားဆွဲယူထားပြီး . . .

'အို . . . အို . . . မလုပ်ပါနဲ့၊ မလုပ်ပါနဲ့၊ ဒီလိုမလုပ်ပါနဲ့'

လူစီယာနိုပြုံးလိုက်ပြီး သူ့လက်ကို လွှတ်လိုက်သည်။ ကောင်ကလေး ဒူးထောက်ပြီး ကျသွားသည်။

'စိတ်ချပါမိန်းကလေး၊ မင်းက မလုပ်နဲ့ဆိုရင် မလုပ်ပါဘူး'

လူအုပ်ကြီး အသံထွက်လာသည်။ ကောင်ကလေး မတ်တတ် ထရပ်လိုက်ပြီး သူ့လည်ပင်းကို လက်နှင့် စမ်းကြည့်သည်။

'ကျွန်တော် တောင်းပန်ပါတယ် စစ္စတာ၊ ဘယ်လိုကနေ ဘယ်လိုဖြစ်သွားလိုက်မှန်း မသိပါဘူး'

သူတောင်းပန်သည်။

'ကိစ္စမရှိပါဘူး၊ ရှင့်စွပ်ပြုတ်ကို ယူပြီး ထိုင်သောက်ပါ'

ထို့နောက် လူစီယာနို၏ နောက်သို့ သူမ လိုက်သွားသည်။

\+ + +

'အတော်ကြီးကိုကြာပြီ၊ သုံးဆယ့်ငါးခုနှစ် နွေတုန်းကပဲ၊ အဲဒီတုန်းက မင်းအသက် ဘယ်လောက်ရှိပြီလဲ၊ ဆယ့်ခြောက်နှစ်ပေါ့'

လူစီယာနိုက ပြောလိုက်သည်။

www.burmeseclassic.com



'အစ်ကို အစ်ကို ဘာမှ မပြောင်းလဲဘူး'

မိန်းကလေးက ပြောသည်။

'ကိုယ့်အကြောင်းတွေကို မျက်ခြည်မပြတ်သိနေတယ်ပေါ့'

'အင်း . . . ဟုတ်တယ်၊ ဂရိတ်လပ်ကီး လူစီယာနိုရဲ့အကြောင်းကို ကျွန်မအားလုံးသိတယ်၊ သူဟာ အခုအချိန်အထိပဲ ဘာမဆိုကို အကြမ်းနည်းနဲ့ပဲ ဖြေရှင်းတယ်၊ အဲဒီတော့ အစ်ကို ဘာဖြစ်သလဲ၊ ထောင်အနှစ်သုံးဆယ်ကျတယ် မဟုတ်လား'

' ကိုယ် အခု အပြင်ကို ရောက်လာပြီပဲ '

'အဲဒီနေ့တုန်းက အဘိုးဆီကို အစ်ကိုလာတော့ အစ်ကိုဟာ ကျွန်မရဲ့ သူရဲကောင်းကြီးပဲ၊ ကျွန်မစိတ်ထဲမှာ ရော်ဘင်ဟုနဲ့ ရစ်ချတ်သည်လိုင်းယင်းဟတ်တို့ တစ်ယောက်တည်း ပေါင်းပြီးရောက်လာတယ်လို့ ထင်မိတယ်၊ ပါလာမိုမြို့ထဲမှာ ကျွန်မတို့လမ်းလျှောက်သွားကြတော့ လမ်းမှာတွေ့တဲ့ လူတွေဟာ ရပ်ပြီး အစ်ကို့ လက်ကိုနမ်းကြတယ်၊ ကျွန်မစိတ်ထဲမှာ သူတို့အစ်ကို့ကို ကြည်ညိုလို့ပဲ ထင်ခဲ့တယ်၊ ဒါပေမယ့် ကျွန်မထင်တာ မှားတယ်၊ အမှန်တော့ လူတွေက အစ်ကို့ကို ကြောက်ကြတာပဲ'

'ဒွန်အန်တိုနီယို နေကောင်းရဲ့လား၊ မင်းသူနဲ့အဆက်အသွယ်ရသလား'

'ဟင့်အင်း'

ဘုရားရှိခိုး ကျောင်းကလေးအတွင်းဝယ် ပို၍ အေးလာသည်ဟု ထင်ရသည်။ လူစီယာနိုသည် ခုံတန်းရှည်တစ်ခုကို မှီရပ်ကာ မာရီယာကို ငုံ့ကြည့် လျက်ရှိသည်။

မာရီယာ ခေါင်းကိုယမ်းခါပြီး. . .

'အို. . . . အစ်ကိုရယ်၊ အစ်ကို့ဘဝဟာ ဘယ်လိုဖြစ်ရတာလဲ'

'ကိုယ့်အနေနဲ့ ဆင်ခြေမပေးချင်ပါဘူး၊ ဒါပေမဲ့ နယူးယောက်မြို့ရဲ့ ဒသမလမ်းဟာတော့ လူငယ်တစ်ယောက် ကြီးပြင်းသင့်တဲ့ လမ်းမဟုတ်ဘူး၊ ဒါပေမဲ့ ကိုယ်ဟာ အဲဒီလမ်းမှာကြီးပြင်းခဲ့ရတယ်၊ လူတွေက ကိုယ့်ကို စစ်အကြောင်း ပြောကြတယ်၊ ကိုယ်က ဘာစစ်လဲလို့ မေးလိုက်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ဘဝ တစ်လျှောက်လုံးဟာ စစ်ပွဲပဲ၊ ဒါပေမဲ့ လူကောင်းတွေနဲ့တော့ မပတ်သက်ဘူးပေါ့'

'သူခိုးတွေ၊ ဒမြတွေ၊ လူသတ်သမားတွေ'

www.burmeseclassic.com



'တကယ်တော့ ကိုယ်တို့ဘဝဟာ အထီးကျန်ပဲ၊ ဘာမှ မမြဲဘူး'

'ဘုရာသခင်ရှိတယ်၊ ဘုရားသခင်ဟာ ထာဝရ ရှိနေတယ်'

'မင်းရဲ့ ဘုရားသခင် ရှိတယ်ဆိုရင် . . . .'

'အစ်ကိုဟာ ဘာမှ မတိုးတက်ပါလား၊ ဘဝက အစ်ကို့ကို ဘာမှ မသင်ပြဘူးလား'

'သင်တာပေါ့၊ ကိုယ်ဟာ ပြုံးပြုံးကလေးနဲ့ လူတစ်ယောက်ကို သတ်နိုင်တယ်၊ ဒီအတိုင်းပဲ ပြုံးပြုံးကလေးနဲ့ သေနိုင်တယ်၊ ဒါပေမဲ့ ကမ္ဘာ့ရာတာကို သွားမယ့် စစ်သားတွေကတော့ ပြုံးပြုံးကလေးနဲ့ သေနိုင်ကြမှာ မဟုတ်ဘူး'

သူမသည် သူ့ကို အတန်ကြာမျှ စူးစိုက်ကြည့်နေပြီးနောက် လှည့်ထွက်သွားသည်။

စစ္စတာ ကက်သရင်းသည် ရုံးခန်းအတွင်းရှိ သူမ၏ စားပွဲတွင် ထိုင်နေသည်။ တံခါးခေါက်သံထွက်ပေါ်လာပြီး အခန်းတွင်းသို့ မာရီယာ ဝင်ရောက်လာသည်။ သူမသည် လက်နှစ်ဖက်ကို ပိုက်ပြီး စားပွဲရှေ့တွင် ရပ်နေသည်။ စိတ်ရှုပ်ထွေးနေဟန်ရှိသည်။

'ထိုင်လေ သမီး'

စစ္စတာ ကက်သရင်းက ပြောလိုက်သည်။

'သူ ဒီကို ဘာကိစ္စနဲ့ လာတယ်ဆိုတာ ဗိုလ်မှူးကြီးကာတာက စစ္စတာကို ပြောသလား'

မာရီယာ မေးသည်။

'ပြောတယ်၊ သူပြောစရာရှိတာကတော့ သူ အကုန်ပြောတာပဲ'

မာရီယာ စားပွဲကို ကွေ့ပတ်သွားကာ စစ္စတာ ကက်သရင်းအနီးတွင် ဒူးထောက်ပြီး ထိုင်လိုက်သည်။

'ကျွန်မရဲ့ ဇာတ်လမ်းကိုလဲ စစ္စတာ သိတယ် မဟုတ်လား၊ ကျွန်မ ဒီကို ဘာကြောင့် ရောက်လာတယ်ဆိုတာ စစ္စတာသိတယ်မဟုတ်လား'

'သိပါတယ်သမီး၊ မင်းဟာ ဒီမှာခိုလှုံရအောင် ရောက်လာပြီး ဘုရားသခင်နဲ့ တွေ့သွားတာပဲ မဟုတ်လား'

'ကျွန်မတို့ဟာ တစ်ဦးကိုတစ်ဦး မေတ္တာထားကြရမယ်လို့ သမ္မာကျမ်းစာက ဆိုထားပါတယ် စစ္စတာ၊ ဒါပေမဲ့ ကျွန်မဟာ အဘိုးနဲ့ပတ်သက်ပြီး တွေးမိတိုင်း မုန်းတီးခြင်းကိုပဲ ခံစားရတယ်။ ကျွန်မ တွေ့ကြုံခဲ့ရတဲ့ အကြမ်းပတမ်း

www.burmeseclassic.com



BURMESE CLASSIC .com

တွေအတွက် ကျွန်မကြောက်လန့်နေပါတယ်၊ ဒါပေမဲ့ သူတို့ဟာ ကျွန်မကို ကျွန်မ စွန့်ပစ်ထားခဲ့တဲ့ ဘဝထဲကို ပြန်ခေါ်နေကြတယ်၊ ကျွန်မ ဘယ်လိုမှ ပြန်မသွား နိုင်ဘူး စစ္စတာ'

သူမက ကျောင်းအုပ် သီလရှင်ကြီး၏ လက်မောင်းကို ဆုပ်ကိုင်ရင်း ပြောလိုက်သည်။ စစ္စတာ ကက်သရင်း ပြုံးလိုက်ပြီး. . . .

'သမီးက တယ်ပြီး စိတ်ကြီးတာကိုး၊ ဒီမယ်သမီး. . . . သမီးဟာ ဘုရားသခင်ကို တွေ့ခဲ့တာမဟုတ်ဘူး၊ ဘုရားသခင်ကသာ သမီးကို ရွေးချယ်တော်မူခဲ့တာ၊ မာရီယာ မင်းဟာ ဘုရားသခင်ရဲ့သမီးတော်တစ်ယောက် ဖြစ်တာနဲ့အညီ ဘာလုပ်ချင်တယ်၊ ဘာမလုပ်ချင်ဘူး ဆိုတဲ့ ရွေးချယ်ပိုင်ခွင့်မျိုးမရှိဘူး၊ မင်းဟာ အမှန်တရားကိုသာ လိုက်နာကျင့်သုံးရမယ်၊ အမှန်တရားကလွဲလို့ အခြားဘာကိုမှ လုပ်ပိုင်ခွင့် မရှိဘူး'

မာရီယာသည် သူမ၏ခေါင်းကို အတန်ကြာအောင် ငုံ့ထားသည်။ ထို့နောက် ခေါင်းကိုမော့လိုက်ပြီး. . . . .

'စစ္စတာပြောတဲ့ သဘောက ကျွန်မ စစ္စလီကို သွားရမယ်ဟုတ်လား'

စစ္စတာ ကက်သရင်း ခေါင်းညိတ်သည်။

'ရွေးချယ်စရာ နည်းလမ်းမရှိဘူး ဆိုတာဟာ ရွေးချယ်စရာမလိုဘူးလို့ ပြောတာပဲ၊ စစ္စလီကျွန်းကို သွားဖို့ ဗိုလ်မှူးကြီး ကာတာ ပြောတာက ပြဿနာတစ်ခု၊ မင်းရဲ့ အဘိုးကို မင်းမုန်းတာက တခြား ပြဿနာတစ်ခု၊ ကြီးမားတဲ့ အကြောင်းတစ်ခုကို သေးငယ်တဲ့ အကြောင်းတစ်ခုက ဘာမှ ဆက်သွယ်စရာ မလိုဘူး၊ ကိုယ်ပြောတာ ဟုတ်တယ်မဟုတ်လား'

မာရီယာ ပင့်သက်ဖြာလိုက်ပြီး. . .

'ကျွန်မကို ကယ်မပါ စစ္စတာ'

စစ္စတာ ကက်သရင်းက သူမ၏ လက်များကို ဆုပ်ကိုင်လိုက်သည်။ ထို့နောက် သူတို့နှစ်ယောက် ဦးခေါင်းများ ညွတ်ကာ ဆုတောင်းပတ္ထနာ ပြုကြသည်။

\+ + +

ကာတာနှင့် လူစီယာနိုတို့ ဝင်ရောက်သွားသည့် အချိန်တွင် ဘုရားရှိခိုးကျောင်းကလေး ငြိမ်သက် တိတ်ဆိတ်လျက်ရှိသည်။ တံခါးပိတ်သံ ပဲ့တင်သံ

www.burmeseclassic.com



မြည်သွားသည်။ မာရီယာသည် ဘုရားသခင်ရှေ့တွင် ဒူးထောက်လျက်ရှိသည်။ ကာတာနှင့် လူစီယာနိုတို့သည် စကြီလမ်း တစ်ဝက်လောက်တွင် ရပ်လိုက်ကြပြီး သူမကို စောင့်ဆိုင်းနေကြသည်။ သူတို့ရောက်ရှိလာသည်ကို သိရှိသဖြင့် သူမ၏ ခေါင်းသည် တဖြည်းဖြည်းချင်း မော့လာသည်။ သူမသည် ခေါင်းမော့ကာ အတန်ကြာနေပြီးမှ မတ်တတ်ရပ်လိုက်သည်။ သူတို့ဘက်သို့ လှည့်လိုက်သည်။ သူမ၏ မျက်နှာ ဖြူရော်လျက်ရှိသည်။ သို့သော် တည်ငြိမ်အေးဆေးသည်။

'စစ္စတာ ကျုပ်ကို တွေ့ချင်တယ်လို့ စစ္စတာ ကက်သရင်းက ပြောတယ်၊ စစ္စတာ ဘာလုပ်ရမယ်ဆိုတာ ရွေးချယ်စဉ်းစားပြီးပြီလား'

ကျွန်မမှာ ရွေးချယ် စဉ်းစားစရာ အခွင့်အလမ်း ရှိလို့လား။ ဗိုလ်မှူးကြီး'

ကာတာ စိတ်မကောင်းဖြစ်သွားဟန်ဖြင့် . . .

'ဒီလိုတော့လဲ မထင်စေချင်ပါဘူး'

'ကျွန်မတို့ ဘယ်တော့သွားမလဲ'

'မနက်ဖြန်မနက်ဆိုရင် ကောင်းမယ်' သူခေတ္တမျှ တုံ့ဆိုင်းနေပြီးနောက် 'ကျုပ်တို့ တစ်ခုတော့လုပ်မှဖြစ်မယ်၊ လက်ရှိအခြေအနေမှာ စစ္စလီကျွန်းကို ကျုပ်တို့ ရောက်နိုင်တဲ့နည်းလမ်း တစ်ခုပဲရှိတယ်၊ အဲဒါကတော့ လေထီးနဲ့ဆင်းဖို့ပဲ'

'ဒီလိုပဲ လုပ်ရမှာပေါ့'

လူစီယာနိုက ပြောသည်။ ကာတာကသူ့ကို မသိကျိုးကျွန်ပြုကာ. . .

'ကျုပ် သိသလောက်တော့ ရန်သူနယ်ထဲကို ဆင်းတဲ့ရဲဘော်တွေဟာ အစိမ်းသက်သက် ဆင်းကြတာပဲ၊ နောက်တစ်မျိုးပြောရရင်တော့ သူတို့ဆင်းရမယ့် နေရာမှာ သူတို့ ခုန်ဆင်းတာဟာ သူတို့အနေနဲ့ ပထမဆုံး လေထီးဆင်းဖူးတာပဲ၊ ကျုပ်အနေနဲ့တော့ အဲဒါကို သိပ်သဘောမကျဘူး၊ ကိုယ်လုပ်ရမယ့် အလုပ်ဟာ ဘယ်လိုသဘောရှိတယ်ဆိုတာ နည်းနည်းပါးပါးတော့ သိထားကြဖို့ လိုလိမ့်မယ်'

'ကျုပ်တို့ ဘာလုပ်ရမှာလဲ'

'မန်ချက်စတာမြို့နားက ချက်ရှိုင်းယားဆိုတဲ့အရပ်မှာ ကျုပ်က ခဏ နေရင်း အဲဒီမှာ လေထီး သင်တန်းကျောင်းရှိတယ်၊ အထူးစစ်ဆင်ရေး တပ်ဖွဲ့ဝင် တွေဟာ အဲဒီကျောင်းက ဆင်းကြတာပဲ၊ ခြောက်နာရီ သင်တန်းပေးမယ်၊ ပြီးရင် တစ်ကြိမ်ခုန်ချရမယ်'

'ကံကောင်းရင် ကျုပ်ခြေထောက်တစ်ဖက် ကျိုးနိုင်တယ်'

www.burmeseclassic.com



လူစီယာနိုက ပြောသည်။

မာရိယာကမူ မည်သို့မျှ ထူးခြားခြင်းမရှိ။

'ဟုတ်ကဲ့၊ ဗိုလ်မှူးကြီး ပြောတဲ့အတိုင်းပဲ ကောင်းပါတယ်၊ မနက်ကြရင် ကျွန်မတို့တွေ့ကြတာပေါ့'

အလယ်စင်္ကြံလမ်းအတိုင်း သူမလျှောက်သွားသည်။ သူမ၏ နောက်ဘက်တွင် တံခါးပိတ်သွားသည်။

'ကဲ. . . ဗိုလ်မှူးကြီး၊ နောက်ဆုံးကျတော့ ခင်ဗျား လိုချင်တာကို ရပြီ မဟုတ်လား၊ ခင်ဗျားကိုသူတို့က နောက်ထပ်ဘွဲ့တံဆိပ်တခု ထပ်ပေးဦးမှာပေါ့'

လူစီယာနိုက ယင်းသို့ပြောပြီး အမှောင်တွင်းသို့ လျှောက်သွားသည်။ သူ၏ ခြေသံများ ပဲ့တင်နေသည်။

\+ + +

ထိုနေ့နံနက်က စစ္စလီကျွန်းတွင် မိုးရွာနေသည်။ လေထီးတပ်ရင်း ၂၁ သို့မဟုတ် ယင်း၏ အကြွင်းအကျန် တပ်ဖွဲ့သည် တောလမ်းတစ်ခုကိုဖြတ်ကာ ဗီလယ်ဗာရွာဆီသို့ ချီတက်လျက်ရှိသည်။ မက်စ်ကိုးနစ်၏ လေထီးရဲဘော် ၃၅ ဦး သည် သံချပ်ကာ ကားသုံးစီးနှင့် အတော်ပင်ဖြစ်သည်။ သူကိုယ်တိုင်မှာမူ စစ်ကြောင်း၏ နောက်ဆုံးမှနေ၍ စက်သေနတ်တင် ကားကလေးပေါ်တွင် လိုက်ပါသည်။ သူနှင့်အတူ ယာဉ်မောင်း တစ်ဦးနှင့်စက်ကြီးသမားတစ်ဦး ပါရှိသည်။ ဝီလီဘရန့်မှာမူ အခြား စက်သေနတ်တင်ကားကလေးနှင့် ရှေ့ဆုံးမှ ဖြစ်သည်။

တစ်ပြိုင်တည်းပစ်ခတ်လိုက်သော ရိုင်ဖယ်သေနတ်သံများ မိုးရေထဲတွင် ထွက်ပေါ်လာသည်။ ကိုးနစ်က ယာဉ်မောင်းသူကို ခေါင်းညိတ်ပြလိုက်ရာ ယာဉ်မောင်းသူသည် ရှေ့မှကားများကို ကျော်တက်သည်။ ကိုးနစ်က စစ်ကြောင်း ကိုရပ်ရန် အချက်ပြလိုက်သည်။

ဘရန့်၏ကားကလေးသည် တောင်ကုန်းပေါ်ရှိ ထင်းရှူးပင်များ အကြားတွင် ရပ်ထားသည်။ ဘရန့်သည် ကားအနီးတွင် ရပ်ပြီး အောက်ဘက်ရှိ ဗီလယ်ဗာရွာကလေးကို မှန်ပြောင်းဖြင့် ကြည့်ရှုလျက်ရှိသည်။

ဗီလယ်ဗာသည် အခြားသော တောင်ပေါ်ရွာကလေးများနည်းတူပင်

www.burmeseclassic.com



ဖြစ်သည်။ ဘုရားရှိခိုးကျောင်းကလေးတစ်ခု ရှိသည်။ ကွက်လပ်ကလေးတစ်ခု ရှိသည်။ အိမ်ခြေ လေးငါးဆယ်ခန့် ရှိသည်။ ကွက်လပ်ထဲတွင် ကားကြီးနှစ်စီး ရပ်ထားသည်။ သေနတ်ပစ်အဖွဲ့က ပစ်ခတ်သည်။ တစ်ရွာလုံးက ကြည့်ရှုနေကြ ရဟန်ရှိသည်။ ကွင်းပြင်တွင် တုံးလုံးပက်လက်လန်ပြီး သေဆုံးနေသူ ခြောက်ဦး ခန့်ကို တွေ့မြင်ရသည်။ နောက်ထပ် လူခြောက်ယောက်ကိုလည်း ဘုရားရှိခိုး-ကျောင်းနံရံဆီသို့ တွန်းထိုးပြီးခေါ်သွားနေကြသည်ကို တွေ့ရသည်။

ကိုးနစ် ကားပေါ်မှ ဆင်းသွားသည်။ ဘရန့်က မှန်ပြောင်းကို လှမ်းပေး ရင်း. . . .

'လက်မရွှံ့တွေပဲ ဗိုလ်မှူးကြီး'

လက်မရွှံ့တပ်ဖွဲ့မှာ ရုရှားကို မတိုက်မီက ဟင်းမလား ကိုယ်တိုင်ဦးစီးပြီး အထူးဖွဲ့စည်းထားသော တပ်ဖွဲ့ဖြစ်သည်။ လက်မရွှံ့တပ်သားများကို ဂျာမနီ နိုင်ငံ၏ အကျဉ်းထောင်မှ ရာဇဝတ်သားများကို စုစည်းပြီး ဂတ်စတာပိုအရာရှိ များက အုပ်ချုပ်ရသည်။ နာဇီတပ်ဖွဲ့များ အပြစ်ရှိသူများကိုလည်း အပြစ်ပေးသည့် အနေနှင့် လက်မရွှံ့တပ်ဖွဲ့သို့ ပို့တတ်သည်။ လက်မရွှံ့ တပ်ဖွဲ့တွင် ရုရှားစစ် သုံ့ပန်းများ အထူးသဖြင့် ယူကရိန်း လူမျိုးများလည်း ပါဝင်ထမ်းဆောင်သည်။

ကိုးနစ်ကဘရန့်ကို မှန်ပြောင်း ပြန်ပေးရင်း. . .

'ကောင်းပြီ၊ ကျုပ်တို့သွားကြမယ်၊ ကျုပ်ရှေ့က သွားမယ်'

ကိုးနစ် ဦးဆောင်သော လေထီးတပ်ဖွဲ့ ရွာကွက်လပ် အတွင်းသို့ ဝင် ရောက်သွားသောအခါ နာဇီတပ်သား ဆယ်ယောက်လောက်က သေနတ်များဖြင့် မောင်းထုတ်နေသဖြင့် လူအုပ်မှာ ကွဲစပြုနေပြီဖြစ်သည်။ စစ်ကားကြီးတစ်စီး ပေါ်တွင် အမျိုးသမီးဆယ့်ငါးယောက် အယောက်နှစ်ဆယ်ခန့် ပြွတ်သိပ်ပြီး ရှိနေသည်။ အချို့မှာ မိန်းကလေး ငယ်ငယ်ကလေးများသာ ဖြစ်ကြသည်။ အားလုံးလောက်ပင် ရှိုက်ကြီးတငင် ငိုယိုလျက်ရှိကြသည်။

ကိုးနစ် ကားပေါ်မှဆင်းပြီး သေဆုံးသူများကို သွားရောက်ကြည့်ရှု သည်။ သေဆုံးနေသူ သုံးဦးမှာ အသက်နှစ်ဆယ် မပြည့်တတ်သေးသော လူငယ်ကလေးများ ဖြစ်ကြသည်။ တစ်ယောက်မှာဆိုလျှင် ဆယ်နှစ်ပင် ပြည့်ဦး မည် မထင်ရ။

သူ့နောက်ဘက်မှ ဟစ်အော်သံတခု ကြားရသည်။ တစ်စုံတစ်ယောက် က သူ့ကို ခေါ်သည်။

www.burmeseclassic.com



'ဆီညော် ဗိုလ်မှူးကြီး ခင်ဗျာ'

ကိုးနစ်လှည့်ကြည့်သောအခါ အစောင့်စစ်သားများကို တိမ်းရှောင်ပြီး သူ့ထံသို့ ပြေးလာသော အဘိုးကြီးတစ်ယောက်ကို တွေ့ရသည်။ စစ်သား တစ်ယောက်က သေနတ်ကို မြှောက်ချိန်လိုက်သည်။

ကိုးနစ်က . . . . .

'သူ့ကို လွှတ်လိုက်'

အဘိုးကြီးမှာ အိုမင်းလှပြီဖြစ်သည်။ သူ၏ အဝတ်အစားများမှာ အဖာ ပရပွနှင့် ဖြစ်သည်။ နှုတ်ခမ်းမွေးများ ဖွေးဖွေးဖြူနေသည်။ သူ့မျက်လုံးများတွင် မျက်ရည်တွေ ရစ်ဝဲလျက်နေသည်။

'ဗိုလ်မှူးကြီး ခင်ဗျား ကျွန်တော့်နာမည် အိန့်ဂျယ်လီပါ၊ ဒီရွာက သူကြီးပါ၊ ဗိုလ်မှူးကြီးဟာ သူတော်ကောင်း တစ်ယောက်လို့ ပြောကြပါတယ်'

'ဒီမှာ ဘာတွေ ဖြစ်နေကြတာလဲ'

'လွန်ခဲ့တဲ့ တစ်နာရီလောက်က သူတို့ ရောက်လာကြပါတယ်၊ မနေ့က ဟိုဘက် တောင်ကြားထဲမှာ ဂျာမန်တပ်သားတစ်ယောက် အသက်ခံရတယ်လို့ ပြောပါတယ်၊ ဒီရွာက လူတစ်ယောက်ယောက်ရဲ့ လက်ချက်ပဲလို့ ဆိုပါတယ်၊ ယောကျ်ားအားလုံးကို ပစ်သတ်ဖို့လုပ်ပါတယ်၊ မိန်းမတွေ အားလုံးကိုလဲ. . . .' သူက ကိုးနစ်ကို တောင်းပန်သည့် အနေဖြင့် လက်နှစ်ဖက်ကို မြှောက်ပြီး 'ဗိုလ်မှူးကြီး ခင်ဗျား ဘုရားသခင်ရဲ့ နာမတော်နဲ့ ဗိုလ်မှူးကြီးရဲ့ လူတွေကို ပြောပေးပါ'

'သူတို့က ကျုပ်လူတွေ မဟုတ်ဘူး'

ကိုးနစ် တည်ငြိမ်စွာ ပြန်ပြောသည်။

အဘိုးကြီးသည် အထူးပင် စိတ်နှလုံး ထိခိုက်ဟန်ဖြင့် . . .

'ဗိုလ်မှူးကြီးရယ် လုပ်ပါဦး၊ ကျွန်တော့် မြေးကလေးကို ဆိုင်ထဲကို ခေါ်သွားကြတယ်'

ထိုစဉ်မှာပင် သူတို့ အနီးသို့ တပ်ကြပ်ကြီးဘရန့် ရောက်ရှိလာသည်။

'ဒုက္ခတော့ ဒုက္ခပဲ ဗိုလ်မှူးကြီး၊ ဒီလူတွေက ဗိုလ်မှူးမေယာရဲ့ လူတွေပဲ'

'အမှန်ပဲ၊ ဆိုင်ထဲမှာ သူရှိတယ်နဲ့တူတယ်'

'သူကိုယ်တိုင်တော့ ဒီမှာ မရှိပါဘူး ဗိုလ်မှူးကြီး'

လေထီးတပ်သားများသည် ၄င်းတို့၏ ကားများ အနီးတွင် ရပ်လျက်

www.burmeseclassic.com



အမိန့်ကို စောင့်စားနေကြသည်။ သူတို့ လက်ထဲတွင် လက်နက်များ အသင့်ရှိနေ ကြသည်။ ကိုးနစ်သည် သူ့လူများကို ကြည့်လိုက်ပြီးနောက် သူ၏ လက်အိတ်ကို ပြင်ပြီး စွပ်လိုက်သည်။

'အမျိုးသမီးတွေကို လွှတ်လိုက်ပါ ဆရာဘရန့်၊ တစ်ယောက်ယောက်က အနှောင့်အယှက်ပေးရင် တစ်ခါတည်းပစ်ပါ'

သူက လူတိုင်းကြားလောက်အောင် အမိန့်ပေးလိုက်သည်။

ဘရန့်က ချက်ချင်းပင် တုံ့ပြန်သည်။

'အမိန့်အတိုင်းပါ ဗိုလ်မှူးကြီး'

ထို့နောက် သူ့လူများဘက်သို့ လှည့်ပြီး . . .

'ကဲ. . . . ဗိုလ်မှူးကြီးရဲ့ အမိန့်ကို အားလုံး ကြားကြတယ် မဟုတ်လား'

ထမင်းဆိုင်ဆီသို့ ကိုးနစ် လျှောက်သွားသော် အတွင်းဘက်မှ ရယ်မောသံများနှင့် သီချင်းဆိုသံများ ထွက်ပေါ်လာသည်ကို ကြားရသည်။ လှေကားရင်းတွင် သူ ရပ်လိုက်သည်။ သားရေစီးကရက် ဘူးဟောင်းထဲမှ စီးကရက်တစ်လိပ် ထုတ်ယူသည်။ ထို့နောက် စီးကရက်ကို မီးညှိပြီး အတွင်းသို့ ဝင်သွားသည်။

အရက်ကောင်တာတွင် ရိုင်ဖယ်များကို ထောင်ထားပြီး အရက်သောက်နေကြသူ ခြောက်ဦးခန့်ရှိသည်။ မီးဖိုအနီးရှိ စားပွဲရှည်ကြီးထိပ်တွင် ကိုယ်လုံးကိုယ်ထည် ကြီးမားသော ဒုတိယ ဗိုလ်တစ်ယောက် ထိုင်နေသည်။ သူ့ကို ကြည့်ရသည်မှာ ဥရောပတိုက်သား တစ်ဦးထက် အရှေ့တိုင်းသား တစ်ဦးနှင့် ပိုပြီးတူသည်။ သူ့ပေါင်ပေါ်တွင် ထိုင်နေသော မိန်းကလေးမှာ သေးသေးငယ်ငယ် မည်းမည်းနက်နက်ကလေးဖြစ်သည်။ အသက်ဆယ့်ငါးနှစ်လောက်ပဲ ရှိဦးမည်။ သူမ၏ မျက်နှာမှာ ငိုထားသဖြင့် မို့မောက်နေသည်။

မားမားကြီး ရပ်နေသော ကိုးနစ်ကို တွေ့မြင်လိုက်ရသောအခါ ဆူညံနေသော အသံများတစ်မုဟုတ်ချင်းမှာပင် တိတ်သွားသည်။ ကိုးနစ်က. . .

'ဗိုလ်ကြီးက ဒီမှာ တာဝန်ခံလား'

'ဟုတ်တယ်၊ ဆုစလော့'

မိန်းကလေးကို တွန်းဖယ်ပြီး သူ မတ်တတ်ထသည်။

ကိုးနစ် မိန်းကလေးကို ပြုံးကြည့်ပြီး. . . .

'မင်းသွားတော့၊ မင်းအဘိုး အပြင်မှာစောင့်နေတယ်'

မိန်းကလေးသည် သူ့ကို ခဏမျှငေးစိုက်ပြီးနောက် ထိုနေရာမှ

www.burmeseclassic.com



ထွက်ပြေးရန် တစ်ဖက်သို့ လှည့်လိုက်သည်။ ဆုစလော့က မိန်းကလေးကို လှမ်းဆွဲသည်။ ကိုးနစ်က ကြားဝင်ရပ်လိုက်သည်။ တံခါးဆီသို့ မိန်းကလေး ပြေးသွားတော့သည်။

'ဒီမယ် ခင်ဗျားဘယ်သူလဲ'

ဆုစလော့က ဒေါသတကြီးမေးသည်။

'မင်းရဲ့ အထက်အရာရှိပဲ၊ အခုအချိန်ကစပြီး ငါက စကားပြောခွင့်ပေးမှ မင်းစကားပြောရမယ်၊ နောက်ပြီးတော့ မင်းဟာ ငါ့ရှေ့မှာ သတိ အနေအထားနဲ့ နေရမယ်'

ကိုးနစ်က တည်ငြိမ်စွာ ပြောသည်။

'ကျုပ်ရဲ့ ဦးစီးအရာရှိက ဗိုလ်မှူး မေယာပဲ'

'ဆရာ ဘရန့်'

ကိုးနစ် အသံကိုမြှင့်ပြီး အော်လိုက်သည်။

နောက်ဖေးတံခါးကို ကန်ဖွင့်ပြီး ဘရန့်ဝင်လာသည်။ သူ့ဘေးနှစ်ဖက် တွင် လေထီးတပ်သားနှစ်ဦး ရံလျက်ဖြစ်သည်။

သူတို့ လက်ထဲတွင် မောင်းပြန် ပစ္စတိုများ ကိုင်ဆောင်ထားကြသည်။

ကိုးနစ်က ညင်သာ တိုးဖွစွာဖြင့် . . .

'ဒီကရှေ့မှာ ကျုပ်က အမိန့်ပေးလိုက်ရင် မင်းခြေထောက်နှစ်ဖက်ကို ရိုက်ပြီး အမိန့်အတိုင်းပါ ဗိုလ်မှူးကြီးလို့ ပြောရမယ်ကြားလား'

'ဟုတ်ကဲ့ ဗိုလ်မှူးကြီး'

'ဟုတ်ပြီ၊ ကဲ. . . ကျုပ်မေးတာကို ဖြေစမ်းပါဦး၊ အခု သတ်ပစ်လိုက် တဲ့ လူတွေက ဘယ်သူတွေတုန်း'

'ပဋ္ဌမံအဖွဲ့ဝင် ယောကျ်ားတွေပါ'

'မိန်းမတွေကကော'

'ပါလာမိုဆောင်ကြာမြိုင်အတွက် သူလျှိုမိန်းမတွေပါ' သူ ခေတ္တမျှ တုံ့ဆိုင်းပြီးနောက် 'ဗိုလ်မှူး မေယာရဲ့ အမိန့်ပါ'

ကိုးနစ် ခေါင်းညိတ်လိုက်ပြီး . . .

'မင်းသိအောင် ပြောရရင်တော့ အဲ့ဒီ မိန်းမတွေကို ကျုပ်လွှတ်ပစ်လိုက် ပြီ၊ နောက်လုပ်ရမယ့် အလုပ်က မင်းနဲ့မင်းလူတွေ အားလုံး ဒီက ထွက်သွားကြဖို့ပဲ၊ အဲဒီအတွက် အချိန် နှစ်မိနစ်ပေးမယ်'

www.burmeseclassic.com



ဆုစလော့သည် အခြေအနေမှန်ကို နားလည်သွားပြီ ဖြစ်သဖြင့် သူ့လူများဘက်သို့လှည့်ကာ ရှုရှားလို အမိန့်ပေးလိုက်သည်။ ထို့နောက် တံခါးပေါက်ဆီသို့ လျှောက်သွားသည်။ သူ့လူများ သူ့နောက်မှ လိုက်ပါသွားကြသည်။

ကိုးနစ် စီးကရစ်တစ်လိပ် ထုတ်ယူသည်။ ဘရန့်က မီးညှိရင်း. . .

'ဒီကိစ္စ ပြဿနာ ဖြစ်နိုင်ပါတယ် ဗိုလ်မှူးကြီး'

'ကောင်းတယ်'

ကိုးနစ်က ပြောလိုက်သည်။

ကားစက်သံများ ထွက်ပေါ်လာသည်။ တံခါးဆီသို့ သူ လျှောက်သွားသည်။ စစ်ကားကြီးများ ရွာထဲမှ ထွက်ခွာသွားကြသည်။ တစ်ချိန်တည်းမှာပင် တောင်ကုန်းထက်တွင် မာစီးဒီးကားတစ်စီးပေါ် ထွက်လာသည်ကို တွေ့ရှိရသည်။ ရှေ့ဆုံးမှ စစ်ကားကြီး ရပ်သွားသည်။ကားပေါ်မှ ဆုစလော့ ဆင်းပြီး မာစီးဒီးကားဆီသို့ သွားသည်။ အတန်ကြာသောအခါ ဆုစလော့ သူ့ကားပေါ်သို့ ပြန်တက်သည်။ စစ်ကားနှစ်စီး ထွက်လာသည်။ မာစီးဒီးကား ရွာဘက်သို့ ဆင်းလာသည်။

အလောင်းများကို သယ်နေသော ရွာသားများကို ကိုးနစ် ကြည့်နေသည်။ မာစီးဒီးကား ရောက်ရှိလာပြီး ကားထဲမှာ မေယာထွက်လာသည်။

'ဒီကိစ္စဟာ ကျွန်တော့်ရဲ့ အုပ်ချုပ်မှုတာဝန်ပဲလို့ ကျွန်တော် ယူဆပါတယ်'

'ဒီ သားသတ်ရုံ လုပ်ငန်းလား'

အဘွားကြီးတစ်ယောက်နှင့် ကောင်မလေး နှစ်ယောက်တို့သည် ဆယ်နှစ်သား လူငယ်ကလေး၏ အလောင်းတင်ထားသော လှည်းကလေးကို သူတို့အနီးမှ ဖြတ်ဆွဲသွားကြသည်။

'မနေ့ညက ကျွန်တော်တို့လူတစ်ယောက် အသတ်ခံရတယ်၊ လူသတ်တရားခံဟာ ဒီရွာထဲကပဲ ဖြစ်မယ်လို့ ကျွန်တော်ယူဆတယ်'

'ခင်ဗျားရဲ့ အမိန့်အရ ဆွဲထားတဲ့ မိန်းမတွေထဲမှာ ၁၂ နှစ်၊ ၁၃ နှစ် သမီးကလေးတွေ ပါတယ်၊ သူတို့အားလုံးကို ကျုပ်လွှတ်ပစ်လိုက်တယ်၊ ဒီအကြောင်း ခင်ဗျားကို ဆုစလော့ ပြန်ပြောပြီးရောပေါ့'

'ဒီကိစ္စနဲ့ပတ်သက်ပြီး အစီရင်ခံစာ အပြည့်အစုံကို ပြည်ထဲရေးဝန်ကြီး ဟင်းမလားနဲ့ ဗိုလ်ချုပ်မှူးကြီး ကက်ဆယ်ရင်းတို့ဆီကို ကျွန်တော် တင်ပြရမယ်'

www.burmeseclassic.com



'ခင်ဗျားရဲ့ ပြဿနာ ဘာဆိုတာကို ခင်ဗျား သိရဲ့လား မေယာ၊ ခင်ဗျား ဟာ ခင်ဗျားဝတ်ထားတဲ့ ယူနီဖောင်းအရဆိုရင် ဂျာမနီနိုင်ငံတော်ရဲ့ စစ်သား တစ်ယောက်ပဲ၊ ဒါပေမဲ့ မဟုတ်ဘူး၊ ခင်ဗျားဟာ ဘယ်လိုလူမျိုးဆိုတာ ခင်ဗျား နားလည်အောင် ကျုပ်ပြောပြရမလား'

ကိုးနစ်က ပြောလိုက်သည်။

မေယာသည် သူ၏အတွင်းစိတ်ကို မဖော်ပြပါ။ ကိုးနစ်ကိုသာ ငေးစိုက်ပြီး ကြည့်နေသည်။သူတို့ အနီးသို့ ဘရန့်ရောက်ရှိလာသည်။ ကိုးနစ်ကို အလေးပြုပြီး. . .

'သွားဖို့ အဆင်သင့်ဖြစ်ပါပြီ ဗိုလ်မှူးကြီး'

'ကောင်းပြီ၊ ကျုပ်တို့သွားကြမယ်'

စက်သေနတ်တင် ကားဆီသို့ သူလျှောက်သွားပြီး ကားပေါ်သို့ သူ တက်သည်။ ယာဉ်မောင်းသူကို သူ ခေါင်းညိတ်ပြလိုက်သည်။ ကားထွက်သွား သည်။ သံချပ်ကာကားများနောက်မှလိုက်ပါကြသည်။ ကားတန်းကြီးသည် တောင်ရိုးပေါ်တွင် တဖြည်းဖြည်း ဝေးပြီး ပျောက်ကွယ်သွားသည်။ ကားစက်သံ များလည်း ဝေးပြီး တိတ်သွားသည်။

မေယာသည် သူ့ကားနံဘေးတွင် ရပ်နေရာမှ တိတ်ဆိတ်မှုကို ရုတ်တရက် သတိပြုလိုက်မိသည်။ ကွက်လပ်အတွင်းရှိ လူများအားလုံးသည် သူတို့၏ လုပ်လက်စ အလုပ်များကို ရပ်ဆိုင်းပြီး သူတို့ကို ဝိုင်းကြည့်နေကြသည်။

အခြေအနေ အရပ်ရပ်က ခြောက်လှန့်လျက်ရှိသည်။ လူရွယ်ကလေး တစ်ယောက်က ကျောက်ခဲကို ကောက်ယူလိုက်သည်။ ထိုအခါ ကားမောင်းသူ ဒု-တပ်ကြပ်ကလေးမှတစ်ပါး မိမိတစ်ဦးတည်းသာ ရှိနေသည့် အဖြစ်ကို သူ သတိပြုမိလိုက်သည်။

ရွာသားများ ရှိရာသို့ လမ်းလျှောက်သွားသည်။ သူလက်နှစ်ဖက်ကို နောက်တွင် ပစ်ထားသည်။ ရွာသားများနှင့် မျက်နှာချင်းဆိုင်သူရပ်လိုက်သည်။ သူတို့ကို သူကြည့်နေသည်။ ထိုအခါ လူရွယ်ကလေးသည် ကောက်ယူထားသော ကျောက်ခဲကို ပစ်ချလိုက်သည်။ မေယာသည် စီးကရက်ဘူးကိုထုတ် စီးကရက် တစ်လိပ်ကို အေးအေးလူလူပင် မီးညှိသည်။ ထို့နောက်တွင်မှ ကားဆီသို့ ပြန်လျှောက်သွားသည်။

တပ်ကြပ်ကလေး ဘရောင်းသည် အသက်ဆယ့်ရှစ်နှစ်မျှသာ ရှိသည်။

www.burmeseclassic.com



သူ့မျက်လုံးများတွင် ကြောက်လန့်သည့် အရိပ်အရောင်များ ပေါ်လွင်နေသည်။ သူ့တစ်ကိုယ်လုံး ချွေးတွေနစ်နေသည်။ မေယာက ရွာသားများကို ကျောပေးပြီး ရပ်ကာ အိတ်ထဲမှ လက်ကိုင်ပဝါကို ထုတ်ယူလိုက်သည်။

'မင်းမျက်နှာကို သုတ်ပစ်စမ်း၊ ဟမ်းဘတ်မှာတုန်းက ငါဟာ ပုလိပ် အင်စပက်တော်တစ်ယောက်ဆိုတာ မင်းသိသလား'

'မသိပါဘူး ဗိုလ်မှူး'

'အေး. . ငါဟာ ပုလိပ် အင်စပက်တော် တစ်ယောက်ပဲ၊ စိန့်ပေါ်လီကို ငါကိုင်ခဲ့တာပဲ၊ ဟမ်းဘတ်မှာတော့ အဆိုးဆုံးနယ်မြေတခုပဲ၊ သူခိုးတွေ၊ ဒမြတွေ၊ လူသတ်သမားတွေ စုနေတာပဲ၊ သူတို့တွေနဲ့ ငါ ဆက်ဆံခဲ့ရတယ်၊ ငါ့အနေနဲ့ ဘာအတွေ့အကြုံရခဲ့သလဲ သိသလား၊ အေး. . . ဘယ်တော့မှ ထွက်မပြေးနဲ့၊ ဘယ်တော့မှ ကြောက်တယ်ဆိုတာ မပြနဲ့'

'ဟုတ်ကဲ့ ဗိုလ်မှူး'

'အဲဒါမှတ်ထား၊ ကဲ. . . သွားကြစို့'

ကားပေါ်တွင် သူထိုင်လိုက်သည်။ ကားမောင်းထွက်သွားသည်။

* * *

# [ ၃ ]

ဒါကိုတာ လေယာဉ်ကြီးသည် ရင်းဘဝေး လေယာဉ်ကွင်းတွင် လေယာဉ်ပြေးလမ်းကြောင်းမှ မြင့်တက်သွားပြီးနောက် အချိန်အနည်းငယ် အတွင်းမှာပင် ပေ နှစ်ထောင်အမြင့်သို့ ရောက်ရှိသွားသည်။ ကာတာက တံခါးကို ဆွဲဖွင့်လိုက်သောအခါ မန်ချက်စတာမြို့ကို အဝေးတွင် မှိုင်းပျပျ တွေ့မြင်ရသည်။

လေယာဉ်ပေါ်တွင် ဗြိတိသျှ လေတပ်မတော် တပ်ကြပ်ကြီး သင်တန်း ဆရာမှတစ်ပါး သူတို့ သုံးဦးသာ ရှိပါသည်။ ကာတာ၊ လူစီယာနှင့် မာရီယာတို့ ဖြစ်သည်။ သူတို့အားလုံးပင် ဗြိတိသျှလေထီးတပ်သား တပ်ဝတ်စုံများကို ဝတ်ဆင် ထားပြီး အိတ်စ်အမျိုးအစား လေထီးများကို ကျောပိုးထားကြသည်။

လေထီး တပ်သားတစ်ယောက်လို ဝတ်ဆင်လိုက်သောအခါ မာရီယာသည် ပို၍ သေးငယ်သွားသည်ဟုပင် ထင်ရသည်။ သူမ၏ လေထီးကြိုးကို ဗဟိုကြိုးတန်းတွင် ကာတာက ဆွဲချိတ်လိုက်သည်။ မာရီယာသည် လူကြီးတွေ၏အလုပ်တွင် ပါဝင်နေရသော ကလေးတစ်ယောက်အဖြစ် ကာတာ တွေးထင်မိသည်။

'ကိုယ်တို့ တကယ်ခုန်ချတဲ့ အချိန်မှာ ဖြစ်နိုင်ရင် ပေလေးရာအမြင့်ကနေ ခုန်ချကြရမယ်၊ ဒါမှ စက္ကန့်နှစ်ဆယ်အတွင်းမှာ သတ်မှတ်တဲ့ နေရာမှာ ကျမယ်၊ ဒါပေမဲ့ ကနေ့တော့ ကိုယ်တို့ အမြင့်ပေ တစ်ထောင်ကနေ ဆင်းကြမယ်၊

www.burmeseclassic.com



ဟုတ်ပလား'

ကာတာက ပြောလိုက်သည်။

'ဟုတ်ကဲ့'

မာရီယာ ခေါင်းညိတ်သည်။

ဒါကိုတာ လေယာဉ်သည် ယခုအခါ လေယာဉ်ကွင်းအတွင်းဘက်သို့ ပြန်လည် ကွေ့သွားနေပြီဖြစ်သည်။ ကာတာက လူစီယာနိုကို . . .

'ခင်ဗျား အရင်ဆင်း၊ မာရီယာ ဒုတိယဆင်းမယ်၊ ကျုပ်နောက်ဆုံးက လိုက်မယ်'

လူစီယာနိုသည် တံခါးပေါက်ဆီသို့ သွားကြီးဖြဲထားလျက် လျှောက် သွားရင်း . .

'ခံဝန်ချုပ် ကော်မတီအတွက် ဓာတ်ပုံကလေးတစ်ပုံလောက် ရိုက်ထား ပေးပါလား'

တံခါးပေါက်၏ အထက်ရှိ မီးနီကလေး လင်းချည် မှိတ်ချည် ရှိသော အခါ တပ်ကြပ်ကြီး၏ သင်တန်းဆရာ နေရာယူလိုက်သည်။

လူစီယာနိုက အတွင်းဘက်သို့ လှည့်ပြီး . . .

'ကျုပ်ခြေထောက် တစ်ချောင်းတော့ ကျိုးမှာ သေချာတယ်၊ တကယ်လို့ ကျိုးသွားရင် ဘယ့်နှယ်လုပ်မလဲ'

မီးစိမ်းလင်းလာသည်။ တပ်ကြပ်ကြီးက 'ဆင်း' ဟု ဟစ်အော်ရင်း သူ၏ ကျောပြင်ကို ပုတ်လိုက်သည်။

လူစီယာနို လေဟာပြင်အတွင်းသို့ ခေါင်းစိုက်ပြီး ဆင်းသွားသည်။ ထိုအခါ မာရီယာ ထိတ်လန့်သွားသည်။ ရင်က ထိတ်ထိတ်ခုန်လာသည်။ လည်ချောင်း ခြောက်ကပ်သည်။ သို့သော် တုံ့ဆိုင်းခြင်းမရှိဘဲ သူ့နောက်သို့ လိုက်ပါခုန်ဆင်းသည်။ ကာတာလည်း သူ၏ ကြိုးကို ချိတ်လိုက်ပြီး ခုန်ဆင်းသည်။

စဉ်းစားချိန် သိပ်မရပါ။ လေထဲတွင် နှစ်ပတ်လောက်လည်သွားသည် ကို လူစီယာနို သတိပြုမိသည်။ ထို့နောက် ဆတ်ခနဲ လေထီးပွင့်သွားသည်။ တို့ခနဲ တန့်သွားသည်။ ထိုနောက် သူသည် ကာကီလေထီးကြီး၏ အောက်တွင် ပုခက်လွှဲ လျက်ရှိတော့သည်။

လေယာဉ်ကွင်းသည် အောက်ဘက်တွင် သေးသေးကလေးဖြစ်သည်။ လေယာဉ်ရုံများ၊ အပြင်ဘက်တွင် စီရရီ တန်းလျက်နေသော လေယာဉ်များ၊

www.burmeseclassic.com



သူတို့ကို မော့ကြည့်နေသူများ၊ သူမော့ကြည့်လိုက်သည်။ အထက်ဘက် တစ်နေရာတွင် မာရီယာကို တွေ့ရသည်။ ကိုက်ခြောက်ဆယ် ခုနစ်ဆယ်ခန့် အကွာတွင် ကာတာ ရှိသည်။ ထို့နောက် ရုတ်ခြည်းဆိုသလိုပင် လေယာဉ်ကွင်း သည် ကြီးလာသည်။ သူသည် မြန်မြန်ကြီးကျသွားနေသည်ဟု အောက်မေ့ ရသည်။

လေယာဉ်ကွင်းပေါ်သို့ ခပ်ပြင်းပြင်းကလေး ကျသွားသည်။ လိမ့်သွား သည်။ ထို့နောက် အံ့ဩဖွယ်ရာပင်၊ သူ့ကိုယ်သူ မတ်တတ်ရပ်လျက်သား တွေ့ရသည်။ လေထီးကလည်း သူ့ကို ဘာပြဿနာမျှမပေးပါ။ အကြောင်းမှာ လေငြိမ်နေသောကြောင့် ဖြစ်သည်။ သူ့ကိုယ်မှ လေထီးကို ဖြုတ်ရင်း တစ်ဖက်သို့ ကြည့်လိုက်သောအခါ မာရီယာကို ကိုက်လေးငါးဆယ်ခန့် အကွာတွင် တွေ့ရသည်။

မာရီယာနှင့်ခပ်လှမ်းလှမ်းတွင် ကာတာ ကျလာသည်။ သူက ကျွမ်းကျင်စွာ လိမ့်သွားသည်။ အကြောင်းမှာ သူသည် ဆယ့်ငါးကြိမ်မြောက် ဆင်းသက်ခြင်း ဖြစ်သည်။ သူ မတ်တတ်ရပ်သည်။ ကာတာ လေထီးကြိုးကို ဖြုတ်နေစဉ်တွင် မာရီယာထံသို့ ပြေးသွားသော လူစီယာနိုကို မြင်ရသည်။ မာရီယာသည် လေထီးပေါ်တွင် ကုန်းကုန်းကလေးရှိနေသည်။

သူတို့နှစ်ယောက်ထံသို့ ကာတာ စိုးရိမ်တကြီး ပြေးသွားသည်။ သို့သော် သူတို့ထံသို့ သူ မရောက်မီမှာပင် သူ့ထံသို့ လူစီယာနို လျှောက်လာနေသည်ကို တွေ့ရသည်။ လူစီယာနို ပြုံးနေသည်။

'မာရီယာ ဘယ့်နှယ်နေသလဲ'

ကာတာက မေးလိုက်သည်။

'အို. . . ကောင်းပါတယ်'

လူစီယာနို ကြေမွနေသော စီးကရက်ဘူးကို ထုတ်လိုက်ပြီး ဆေးလိပ် တစ်လိပ် မီးညှိသည်။

'ဒါဖြင့် မထသေးဘဲ ဘာလုပ်နေတာလဲ'

'ခလုတ်မထိ ဆူးမငြိဘဲ ဆင်းနိုင်တဲ့အတွက် ဘုရားသခင်နဲ့ မယ်တော် မာရီကို ဝတ်ပြုနေတာပါ၊ ကာတာကို စီးကရက်တစ်လိပ်ပေးရင်း မကြာခင်မှာ နောက်တစ်ကြိမ် ဆင်းရဦးမယ်ပေါ့'

www.burmeseclassic.com


'အမှန်ပါပဲ မစ္စတာ လူစီယာနို၊ မကြာခင်မှာ ဆင်းကြရမယ်'

\+ + +

ဘရန့်စဘီအက်ဘေးခေါ်ရှေးဟောင်းကျောင်းတိုက်ကြီးသည် ချက်ရှိုင်းယား ဒေသတွင် အလှပဆုံး ဌာနတစ်ခုဖြစ်ပြီး ရင်းအဝေးလေယာဉ်ကွင်းမှ ဆယ်မိုင်ခန့် ဝေးကွာသည်။ အချို့သော အဆောက်အအုံများမှာ ၁၄ ရာစုနှစ်က လက်ရာများဖြစ်ပြီး အချို့မှာမူ ထောင့်ရှစ်ရာငါးဆယ်လောက်က မွမ်းမံ ပြင်ဆင်ထားခြင်းများ ဖြစ်သည်။ အုတ်တံတိုင်း မြင့်ကြီးများအတွင်းတွင် ကျောက်ညို များဖြင့် ဆောက်လုပ်ထားသည်။ ဘရန့်စဘီသည် အထူးတိုက်ခိုက်ရေးတိုက်ပွဲ၏ လုံခြုံစိတ်ချရသောဌာနတစ်ခုဖြစ်သည်။ ဤနေရာတွင် ထောက်လှမ်းရေး တပ်ဖွဲ့ဝင်များ နောက်ဆုံး ပြင်ဆင်မှုများနှင့် လေ့ကျင့်မှုများ ပြုလုပ်ကြရသည်။

နောက်တစ်နေ့ ညနေဘက်တွင် လူစီယာနိုနှင့် ကာတာတို့သည် လေ့ကျင့်ကွင်းတစ်လျှောက်တွင် အပြေးလေ့ကျင့်လျက်ရှိကြသည်။ သစ်ပင်များ အကြားတွင်ဖြတ်ပြီး သွားကြရသည်။ ကွန်မင်ဒိုတပ်ဖွဲ့ဝင်များ လေ့ကျင့်ရန် အတွက် ပိုက်တန်းများ၊ ကြိုးတန်းများနှင့် အခြား အတားအဆီးများ ပြုလုပ်ထားသည်။ မိုးရွာထဲတွင် ပြေးနေရသော်လည်း လူစီယာနို ကျေနပ်လျက်ရှိသည်။ သူသည် ကွန်မင်ဒိုတပ်ဖွဲ့ဝင်များဆောင်းသော ဦးထုပ်ကို ဆောင်းထားပြီး ကြည်းတပ်သားများ ရိုးရိုးအချိန်တွင် ဝတ်သော အဝတ်များကို ဝတ်ထားသည်။ သူ့တစ်ကိုယ်လုံး မိုးရွှဲရွှဲ စိုပြီး ရွှံ့များ ပေကျံလျက်ရှိသည်။

လူစီယာနိုသည်သံဆူးကြိုးတစ်ခုအောက်မှလေးဖက်တွားပြီး ထွက်လာသည်။ ကာတာနှင့် သူသည် တောထဲ တစ်နေရာတွင် မျက်ခြည်ပြတ်ပြီး တကွဲစီဖြစ်သွားသည်။ သူမတ်တတ်ထရပ်လိုက်စဉ်မှာပင် အသံတစ်ခု ထွက်ပေါ် လာသည်။

"ဟေး. . . ဟို. . အောက်က ရဲဘော်"

လူစီယာနို မော့ကြည့်လိုက်သည်။ တောင်ကုန်းပေါ်တွင် အမေရိကန် ကြည်းတပ်မတော်မှ အရာရှိတစ်ဦး ရပ်နေသည်ကို တွေ့ရသည်။ ဗိုလ်ကြီး တစ်ယောက် ဖြစ်သည်။

'ရဲဘော်ကို ပြောစရာရှိတယ်'

သူပြောနေပုံက မေတ္တာရပ်ခံနေခြင်း မဟုတ်။ အမိန့်ပေးနေခြင်းမျိုး

www.burmeseclassic.com



ဖြစ်သည်။ ဘောစတန်နယ်သားတဦး၏ လေသံနှင့်ဖြစ်သည်။ လူစီယာနို သည် လေသံမျိုးကို မကြိုက်ပါ။ ထို့ကြောင့် မည်သို့မျှစကားမပြန်ပါ။

'ရဲဘော်ကို ကျုပ်ပြောနေတယ်'

'ဟုတ်လား. . . . ဝမ်းသာပါတယ်'

ထိုစဉ်မှာပင် သူ့ပခုံးပေါ်သို့ လက်တစ်ဖက် ရောက်လာသည်။ ထို့နောက် နယူးယောက်မြို့ အရှေ့ပိုင်းသား တစ်ဦး၏ လေသံဖြင့်. . .

'ဟေ့ကောင်၊ ဗိုလ်ကြီးကမေးလို့ရှိရင် ပြန်ဖြေရမယ်ဆိုတာ နားမလည် ဘူးလား'

လူစီယာနို သမင်လည်ပြန် ကြည့်လိုက်သည်။ သူ့ကို ချုပ်ကိုင်ထား သော တပ်ကြပ်ကြီးတစ်ဦးကို တွေ့ရသည်။ သူ့ထက် ကိုယ်လုံးကိုယ်ထည် ကြီးမားသည်။ ကြမ်းတမ်းခက်ထန်ပုံ ရသည်။ သူ့မျက်နှာတွင် အမာရွတ်တွေ ရှိသည်။

'ဟာ. . . . ကိုယ့်လူမှာ တကယ့်ဘွဲ့တံဆိပ်တွေနဲ့ ပါလား'

လူစီယာနိုက ယင်းသို့ပြောလိုက်ပြီးနောက် သူ၏ပခုံးတစ်ဖက်ကို လူဝကြီး၏ လက်မောင်း တစ်ဖက်အောက်တွင် ထမ်းလိုက်သည်။ ထို့နောက် လိမ်ပြီး ပစ်လိုက်ရာ တပ်ကြပ်ကြီးသည် တစ်ဖက်ရှိချိုင့်ထဲသို့ ခေါင်းနှင့်စိုက်ပြီး ဆင်းသွားသည်။

လူစီယာနိုသည် အပေါ်ဘက်ရှိ ဗိုလ်ကြီးကို မော့ကြည့်လိုက်ပြီး. . . .

'သူ အကွက်တစ်ကွက် မှားသွားတယ်၊ နောက် ဒါမျိုးမမှားပါစေနဲ့'

ဗိုလ်ကြီးမှာ အရပ်ရှည်သည်။ ဆံပင်လှသည်။ ခန့်ချောသည်။ မျက်နှာထား တည်သည်။ တပ်ကြပ်ကြီး ကျင်းထဲမှ တက်လာသည်။ လက်နှစ်ဖက် ကို တိုက်ခိုက်ရန် ဆန့်တန်းလာသည်။ လူစီယာနိုသည် သူနှင့် ခြောက်ပေခန့် အကွာသို့ တပ်ကြပ်ကြီးရောက်ရှိလာသောအခါ ဘောင်းဘီအိတ်ထဲမှ မယ်တော် မာရီ ဆင်စွယ်ရုပ်ကို ဆွဲထုတ်လိုက်သည်။ ထောက်ခနဲ အသံမြည်ပြီး ဓားသွား လက်ကနဲ ထွက်လာသည်။ တပ်ကြပ်ကြီး တုံ့ကနဲ ရပ်သွားသည်။ ထို့နောက် ရှေ့သို့တက်လာရန် သူ့ကိုယ်ကို ကုန်းငုံ့လိုက်သည်။

သူ ရုတ်တရက် မျက်မှောင်ကုပ်လိုက်ပြီး ငြိမ်သက်စွာရပ်လိုက်သည်။ သူသည် အလွန်အမင်း အံ့သြသည့်အနေဖြင့် ပါးစပ်ကြီးပြဲသွားသည်။

'ဟေ. . . ခင်ဗျားကို ကျုပ်သိတယ်'

www.burmeseclassic.com



‘ဒက်ဝေလာ အဲဒီအတိုင်းရပ်နေပါ၊ အဲ့ဒါ အမိန့်ပဲ’

ဗိုလ်ကြီးက ဟစ်အော်သည်။

ထိုစဉ်မှာပင် သူတို့ရှိရာသို့ ကာတာ ရောက်ရှိလာသည်။ သစ်ပင်များ အကြားမှ ပြေးထွက်လာခြင်းဖြစ်သည်။

‘ဘာဖြစ်နေကြတာလဲ’

‘ဗိုလ်မှူးကြီးကာတာလား ခင်ဗျာ’

‘ဟုတ်တယ်’

ဗိုလ်ကြီး အလေးပြုသည်။ ထို့နောက် သူ့အိတ်ထဲမှစာအိတ်ထူထူကြီး တစ်ခုကို ထုတ်ပေးသည်။

‘ဂျက်ဆားဗိတ်၊ ဗိုလ်ကြီး၊ ရိန်းဂျားတပ်မ၊ သူက တပ်ကြပ်ကြီး ဒက်ဝေလာ၊ ကျွန်တော့် တာဝန်က ဗိုလ်မှူးကြီးကို အမြန်ဆုံး သတင်းပို့ဖို့ပဲ’ ထို့နောက် လူစီယာနိုကို ကြည့်လိုက်ပြီး ‘မတော်တဆ ဖြစ်ကြရတဲ့အတွက် ကျွန်တော် စိတ်မကောင်းပါဘူး၊ ဒါပေမယ့် ဒီရဲဘော်က’

‘ဗိုလ်ကြီးအော်ဆီနီ၊ စစ်ဗျူဟာတပ်ဖွဲ့’

ကာတာက ပြောလိုက်သည်။

လူစီယာနို ပြုံးလိုက်သည်။ ထိုအခါ ဒက်ဝေလာက ဒေါသတကြီးဖြင့်

‘ဘယ်က အော်ဆီနီရမှာလဲ ဗိုလ်မှူးကြီး၊ ကျွန်တော်ကနယူးယောက်မှာ ကြီးခဲ့တဲ့လူပဲ၊ ဒသမလမ်းမှာ အများဆုံး ကျက်စားခဲ့တဲ့ လူတစ်ယောက်ပဲ၊ ဒီလူကို ကျွန်တော် အကြိမ်တစ်ရာထက်မက မြင်ဖူးတယ်၊ ဒီလူက လပ်ကီးလူစီယာနို ဆိုတဲ့ လူဆိုးတစ်ယောက်ပဲ’

\+ \+ \+

ဗိုလ်ကြီးဂျက်ဆာဗိတ်သည် အသက် ၂၄ နှစ်ရှိပြီး သံတမန်ကြီးတစ်ဦး၏ သားအငယ်ဆုံးဖြစ်သည်။ သူသည် ပါရီနှင့် ရောမမြို့များတွင် အနေများခဲ့သည်။ ယင်းအတွက်ပင် သူသည် ပြင်သစ်စကားနှင့် အီတလီစကားတို့ကို ကောင်းမွန်စွာ ပြောဆိုနိုင်သည်။ သူတို့မိသားစုသည် ဘော့စတန်မြို့တွင် အချမ်းသာဆုံး စာရင်းဝင်များ ဖြစ်ကြသည်။ ရေနံနှင့်သံမဏိလုပ်ငန်းရှင်ကြီးများ ဖြစ်ကြသည်။ သို့သော် ဆာဗိတ်သည် ယင်းနှစ်ခုစလုံးတွင် စိတ်ဝင်စားခြင်း မရှိချေ။

www.burmeseclassic.com



အကြောင်းမှာ သူသည် ငယ်စဉ်ကတည်းကပင် ပန်းချီပညာတွင် ဝါသနာထုံသောကြောင့် ဖြစ်သည်။ သူ့မိဘများ၏ဆန္ဒအရ ယေးတက္ကသိုလ်တွင် စီးပွားရေးပညာ သင်ခဲ့ရသည်။ သို့သော် ဘွဲ့ရရှိသောအခါ လန်ဒန်မြို့သို့ သွားရောက်ပြီး ပန်းချီပညာသင်ကြားသည်။

ပါရီမြို့ကို ဂျာမနီတို့ သိမ်းပိုက်ချိန်တွင် သူသည် ပန်းချီဆရာများ စုဝေးနေထိုင်ရာဖြစ်သော မောင့်မာတာတွင် ရှိနေခဲ့သည်။ ဂျာမနီတို့လက်အောက်တွင် ခြောက်လမျှဆက်လက်နေထိုင်ပြီးနောက် စပိန်နိုင်ငံ မက်ဒရစ်မြို့သို့ ပြောင်းရွှေ့သည်။ နောက်ဆုံးတွင် သူသည် အမိနိုင်ငံသို့ပြန်လာပြီး တပ်မတော်သို့ဝင်ရောက်သည်။

အမေရိကန် တပ်မတော်တွင် ၁၉၄၂ ခုနှစ် ဇွန်လအထိ ဗြိတိသျှတို့၏ အထူးစစ်ဆင်ရေး တပ်ဖွဲ့နှင့် ပုံစံတူသော တပ်ဖွဲ့မျိုးမရှိခဲ့ပါချေ။ ၁၉၄၂ ခုနှစ်တွင်မှ ဗြိတိသျှတို့၏ အတတ်ပညာများကို နားလည်ကျွမ်းကျင်သော ဝိုင်းလ်ဘီဒိုနိုဗင်က စစ်ဗျူဟာတပ်ဖွဲ့ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ထိုအခါတွင် ပင်တဂွန်စစ်ဌာနချုပ်တွင် ထောက်လှမ်းရေးဗိုလ်ကလေးအဖြစ်တာဝန်ထမ်းဆောင်နေသော ဂျက်ဆားဗိတ်သည်စစ်ဗျူဟာတပ်ဖွဲ့တွင်ပထမဆုံးပါဝင်သူတစ်ဦးဖြစ်ခဲ့ရတော့သည်။

\+ + +

သူသည် ဘရန့်စဘီအက်ဘေး၊ ပိဋကတ်တိုက်အတွင်းရှိ ကာတာ၏ စားပွဲရှေ့တွင် ချောမော လှပသော လူရွယ်ကလေးအသွင်ဖြင့် မတ်တတ်ရပ်လျက် ရှိသည်။ သူ၏ လက်ယာဘက်လက်မောင်းတွင် လေထီးတပ်ဖွဲ့ တောင်ပံတံဆိပ် ရှိသည်။ အမေရိကန်အထူးတပ်ဖွဲ့တွင် ဤဘွဲ့တံဆိပ်မျိုး ရရှိသောလူ လက်-တစ်ဆုပ်စာမျှသာ ရှိသည်။

ဒက်ဝေလာမှာ သူ့စိတ်ထဲတွင် သိနေသော အချက်ကို အတင်းပင် ဖွင့်ထုတ်လျက်ရှိသည်။

'အော်ဆီနီမဟုတ်ဘူး ဗိုလ်ကြီး၊ ဒီလူဟာ လူစီယာနိုပဲ'

ဟယ်ရီကာတာသည် သူ့အား ဆားဗိတ်က ပေးသော အမိန့်စာများကို မြှောက်ကိုင်ရင်း. . .

www.burmeseclassic.com



'ဒီအမိန့်တွေကို ဗိုလ်ကြီး ဖတ်ပြီးပြီမဟုတ်လား၊ ဗိုလ်ကြီးနဲ့ တပ်ကြပ်ကြီး ကို ကျုပ်ရဲ့လက်အောက်မှာ တာဝန်ပေးအပ်လိုက်တာကို ဗိုလ်ကြီး သဘော-ပေါက်ပါတယ် မဟုတ်လား'

'ဟုတ်ကဲ့ ဗိုလ်မှူးကြီး'

'ဟုတ်ပြီ၊ ဒါပေမဲ့ မှားနေတာကလေး တစ်ခု ရှိနေတယ်' ဒက်ဝေလာကို သူလှည့်ကြည့်ပြီး 'အဲဒါကတော့ ဒီက ရှေ့မှာ ဆရာကြီးရဲ့ သဘောထားကို လိုချင်ရင် ကျုပ်မေးမယ်'

ဒက်ဝေလာတုန်လှုပ်သွားသည်။ ဆားဗိတ်ဘက်သို့ လှည့်ပြီး တောင်းပန်သည့် အနေဖြင့်. . . .

'ဗိုလ်ကြီးခင်ဗျာ'

ကာတာက သူ့စကားကို ကြားဖြတ်ပြီး. . .

'ဆရာကြီးရဲ့ ခြေထောက်နှစ်ဖက်ကို စေ့ထားပြီး ရပ်ထားပါ၊ ကျုပ် နောက်ထပ် ဘာမှ မပြောမချင်း ရပ်နေပါ၊ ကဲလေ. . . . ကိုယ့်လူ လုပ်လေ'

ဒက်ဝေလာမျက်နှာကြီး နီမြန်းလျက် ဗိုလ်မှူးကြီး ပြောသည့်အတိုင်း ပြုလုပ်ရသည်။

ကာတာသည် အင်္ကျီအတွင်းအိတ်ထဲမှ စာအိတ်ကို ထုတ်ယူပြီး ဗိုလ်ချုပ် အိုက်ဆင်ဟောင်ဝါ၏ စာနှင့် သမ္မတကြီး ရူစဗဲ့ဖို့၏ စာများကို ဆားဗိတ်သို့ ပေးသည်။

'ဖတ်ကြည့်ပါ'

ဆားဗိတ်ဖတ်သည်။ ထို့နောက် အံ့သြစွာမော့ကြည့်သည်။

'ဘုရား ဘုရား'

သူ တီးတိုးစွာ ရွတ်ဆိုသည်။

'ကျုပ် ချိုးပြီးမပြောဘူး၊ တပ်ကြပ်ကြီးရဲ့ပုံစံကို ကျုပ်မကြိုက်ဘူး၊ တကယ်လို့ အချိန်ရှိရင် ကျုပ် သူ့ကို ထားပစ်ခဲ့တယ်၊ ဒါပေမဲ့ ဘယ်လိုမှ အချိန်မရှိတော့ဘူး'

'ဗိုလ်မှူးကြီးခင်ဗျာ၊ ဒက်ဝေလာဟာ စစ်သားကောင်းတစ်ယောက်ပဲ၊ ကျွန်တော်တို့အတူတူ လက်တွဲခဲ့ကြတာကြာပါပြီ'

'ကောင်းပြီ၊ အဲဒီလိုဆိုရင် အဲဒီစာတွေကို သူ့ကိုပြပါ၊ သူ့ကို သဘော ပေါက်အောင် ပြောပါ၊ နောက် ငါးမိနစ်လောက်ကြာရင် ကျုပ်ပြန်လာပြီး

အခြေအနေတွေ သေသေချာချာ ရှင်းပြမယ်'

\+ \+ \+

လူစီယာနိုသည် ရင်ပြင်ပေါ်ရှိ ကျောက်ခြသေ့်ရုပ်ကြီး တစ်ခုကို မှီပြီး ထိုင်နေသည်။ သူသည်ဘောင်းဘီရှည်အနက်နှင့်ဆွယ်တာအင်္ကျီအနက်များကို လဲလှယ် ဝတ်ဆင်ထားသည်။ သို့သော် မုတ်ဆိတ်မွေးနှင့် နှုတ်ခမ်းမွေးများကိုကား ရိတ်မထားချေ။ ကာတာကို သူမော့ကြည့်ပြီး ခေါင်းကို ယမ်းခါလိုက်သည်။

'ဒီလိုလူမျိုးတွေကို ဘယ်ကများ ရှာလာသလဲ'

'သူ့ ဦးလေးက ဗိုလ်ချုပ်ကြီးလေ'

'ဒီမယ် ပါမောက္ခကြီး၊ ဒီပုံစံမျိုးကို ကျုပ်သိပါတယ်၊ ဘောစတန်ပုံစံပါ၊ ဒီလိုလူမျိုးကို ဘယ်သူသုံးမလဲ'

'ကျုပ်တို့သုံးမယ်'

'ဘာကြောင့်ဆိုတာ ပြောနိုင်မလား'

'ဘာကြောင့်လဲဆိုတော့ ဒီစစ်ဆင်ရေးဟာ အမေရိကန် စစ်ဆင်ရေးပဲ၊ ဆားဗိတ်နဲ့ ဒက်ဝေလာလိုလူမျိုးပါဖို့ လိုအပ်တယ်'

'ကျွန်တော် နားလည်ပြီ၊ ကျွန်တော့်ကိုထည့်မတွက်ဘူးပေါ့'

'ဒီ သဘောပဲ'

'ကောင်းပါပေတယ်'

'သူက လူတော် တစ်ယောက်ပဲ၊ ဒီအက်စ်စီ နှစ်ခါရတယ်၊ ငွေကြယ်ဘွဲ့ ရတယ်၊ ပြင်သစ်နိုင်ငံက ပေးတဲ့ ဘွဲ့လဲရသေးတယ်၊ ပြင်သစ်မှာ သူတာဝန် ကျတုန်းက သူ့ကို ဂက်စတာပိုတွေက မိသွားတယ်၊ ဒါပေမဲ့ သူထွက်ပြေးနိုင် ခဲ့တယ်၊ ဒီနောက်ပိုင်းမှာတော့ သူဟာ ပြင်သစ်နိုင်ငံကို အခေါက်ခေါက် ရောက်ခဲ့ တယ်'

'ပြင်သစ်နဲ့ စစ္စလီ ဘာမှမဆိုင်ဘူး၊ သူ ဒီကို ဘယ်လိုလုပ်ပြီး ရောက်လာ တာလဲ'

'သူ့အဖေက ရောမမြို့က အမေရိကန် သံရုံးမှာ စစ်ကြီးမဖြစ်ခင်က လေးနှစ်လောက် လုပ်ခဲ့ဖူးတယ်၊ အဲဒီမှာ ဆားဗိတ်ကျောင်းနေခဲ့တယ်၊ အီတလီ စကား ကောင်းကောင်းပြောနိုင်တယ်'

'ရောမ အီတလီ၊ ကမ္ဘရာတာဒေသမှာ အီတလီစကား လုံးဝ

www.burmeseclassic.com



နားမလည်တဲ့ ရွာတွေရှိတယ်၊ ထားပါတော့၊ ဒက်ဝေလာရဲ့ ဇာတ်လမ်းကကော ဘယ်လိုလဲ'

'သူက နယူးယောက်မှာ မွေးပြီး နယူးယောက်မှာ ကြီးတာပဲ၊ ဒါပေမဲ့ သူ့အမေက အီတလီပဲ၊ ကျုပ်အခုပဲ သူတို့နှစ်ယောက်ကို အခြေအနေ အရပ်ရပ်ကို ခြုံပြီး ရှင်းခဲ့ပြီး အသေးစိတ်ထပ်ပြီး ပြောဖို့ ပိုင္ကကတ်တိုက်ထဲမှာ စီစဉ်ထားတယ်။ စစ္စတာ မာရီယာကော'

သူတို့၏ အထက်ဘက်ဆီမှ မိုးချုန်းသံများ ထွက်ပေါ်လာသည်။

'လမ်းလျှောက်ထွက်သွားတယ်နဲ့တူတယ် ကျွန်တော်လိုက်ရှာလိုက်မယ်လေ'

'ကောင်းတယ်၊ ပိုင္ကကတ်တိုက်ကို နာရီဝက်အတွင်း ရောက်အောင် လာကြပါ'

လူစီယာနိုနှင့်မာရီယာတို့ ပိုင္ကကတ်တိုက် အတွင်းသို့ ဝင်ရောက်သွားသောအခါ ကာတာသည် ဆားဗိတ်တို့နှင့်အတူ ၎င်းတို့အား စောင့်ဆိုင်းလျက်ရှိချေသည်။

'ဟော. . . . လာကြပလား'

ကာတာက နှုတ်ဆက်လိုက်ပြီး နောက် မိတ်ဆက်ခြင်း စတင်သည်။

'စစ္စတာ မာရီယာ ဗောင်း၊ ဗိုလ်ကြီး ဆားဗိတ်'

သူမက လက်မဆွဲ နှုတ်ဆက်ပြီး. . .

'လက်ရှိ အခြေအနေအရ ရိုးရိုး မာရီယာပဲ ကောင်းပါတယ်'

'မစ္စတာ လူစီယာနိုကို ဗိုလ်ကြီး တွေ့ပြီးပါပြီ'

ကာတာက ပြောသည်။

ဆားဗိတ် ခေါင်းညိတ်သည်။ ဒက်ဝေလာ မျက်လုံးများပြူးကြည့်သည်။ လူစီယာနိုကမူ သူတို့ နှစ်ယောက်ကို အမှုမထားဘဲ ပြတင်းပေါက် အနီးတွင် ထိုင်သည်။

"ကျွန်တော်တို့ ဘယ်တော့ သွားကြရမလဲ"

ဆားဗိတ်က မေးသည်။

'မနက်ဖြန်ညမှာ ဟိုဗင်တန် လေတပ်စခန်းက နေပြီး လန်ကက်စတာ ဗုံးကြဲလေယာဉ် တစ်စင်းနဲ့ အယ်လ်ဂျီးရီးယားကိုသွားရမယ်၊ ပြင်သစ်နဲ့ မြေထဲပင်လယ်ကို ဖြတ်သွားရမယ်'

www.burmeseclassic.com



'နောက်ပြီးတော့ကော'

'နောက် လေးငါးရက် အတွင်းမှာ စစ္စလီကို ဆက်ပြီး သွားရမယ်၊ လေထီးနဲ့ ဆင်းလို့ သင့်လျော်မယ့် ရက်တစ်ရက်ရက်ပေါ့။ နောက်တစ်ခုတော့ ပြောရဦးမယ်၊ ဗိုလ်ကြီးဆားဗိတ်နဲ့ တပ်ကြပ်ကြီးဒက်ဝေလာတို့ နှစ်ယောက်စလုံး အရပ်ဝတ် အရပ်စားနဲ့ သွားကြရမယ်၊ အဲဒါကတော့ ရန်သူ လက်ထဲကို ရောက်သွားရင် ဘယ်လို ဖြစ်တတ်တယ်ဆိုတာ ဗိုလ်ကြီး သိတယ် မဟုတ်လား'

'ယူနီဖောင်း ဝတ်ထားတဲ့ ကွန်မင်ဒိုတပ်သားတွေကို ဟစ်တလာရဲ့ မူအရ သူတို့ ပစ်သတ်ပါတယ်၊ ဒါပေမဲ့ ဒီကိစ္စကတော့ ဘာမှ ဒါလောက် အကြောင်း မထူးလှပါဘူး'

'အဲဒါကို ဗိုလ်ကြီး နားလည်ရင်ပြီးတာပါပဲ၊ ကဲ. . . အားလုံးပဲ မြေပုံ နားကို လာကြပါ၊ အခြေအနေ အရပ်ရပ်ကို အသေးစိတ်ရှင်းပြမယ်'

\+ \+ \+

လူစီယာနို သည် ညစာစားပြီးနောက် ကာတာကို လိုက်ရှာရင်း မြေအောက်ထပ်ရှိ သေနတ်ပစ်ကွင်းသို့ ရောက်ရှိသွားသည်။ ထိုတွင် ကာတာနှင့် ဆားဗိတ်တို့ သေနတ်ပစ် လေ့ကျင့်နေကြသည်ကို တွေ့ရသည်။ ဒက်ဝေလာ သည် စစ်လက်နက် ပစ္စည်းတပ်ဖွဲ့မှ တပ်ကြပ်ကြီး စမစ်ကို ကူညီပြီး ကျည်ဖြည့် ပေးလျက် ရှိသည်။

လူစီယာနို ရပ်ပြီး ကြည့်သည်။ ကာတာသည် ပစ္စတို သေနတ်ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ပြီး အသေအချာ ချိန်တွယ်ကာ ပစ်လိုက်သည်။ ဂျာမန် စစ်သားရုပ်၏ ညာဘက်လက်မောင်းကို ထိမှန်သည်။

'ဗဲရီးဂွတ် ဆာ'

ဆားဗိတ်က ပြောလိုက်သည်။

'နှလုံးကို ချိန်ပြီး ပစ်တာကို ထည့်မပြောရင်တော့ ဟုတ်တာပေါ့'

ထို့နောက် ကာတာ ငါးချက်ပစ်သည်။ ပစ်ကွင်းကို နှစ်ချက်ထိမှန်သည်။ တစ်ချက်က လည်ပင်းကိုထိမှန်ပြီး တစ်ချက်က လက်မောင်းကို ထပ်မံထိမှန် သည်။

'ဒီသေနတ်မျိုးတွေကို ကျုပ်ဘယ်တုန်းကမှ ဟုတ္တိပတ္တိမပစ်တတ်ပါဘူး'

'ကျွမ်းကျင်မှုပါပဲ ဗိုလ်မှူးကြီး'

www.burmeseclassic.com



ဆားဗိတ်က ယင်းသို့ပြောလိုက်ပြီးနောက် ပစ်ခတ်သည်။ ကာတာကဲ့သို့ပင် လက်နှစ်ဖက်ဖြင့် ဆုပ်လိုက်ပြီး ပစ်သည်။ သို့သော် ပိုပြီးမြန်ဆန်သည်။ ယင်းအပြင် ကျည်ဆံအားလုံးပင် ရင်ဘတ်ကို ထိမှန်သည်။

'ဗိုလ်ကြီးထက် တော်တဲ့လူကိုတော့ ကျွန်တော်တစ်ယောက်မှ မတွေ့ဖူးသေးဘူး'

ဒက်ဝေလာက ပြောလိုက်သည်။

'ဘယ်လိုတုန်း၊ ခင်ဗျားကော ပစ်မကြည့်တော့ဘူးလား'

ကာတာက လူစီယာနိုကို ပေးလိုက်သည်။

လူစီယာနိုသည် ဘရောင်းနင်းပစ္စတိုတစ်လက်ကို လက်ထဲတွင် ချိန်ဆကြည့်ပြီးနောက် ခေါင်းကိုယမ်းခါလိုက်သည်။

'အော်တိုမစ်တစ် သေနတ်တွေမှာ မကောင်းတာတစ်ခုက ကျည်ညှပ်တာပါပဲ'

ထို့နောက် သူသည် လက်နက်တိုက် တပ်ကြပ်ကြီးဘက်သို့ လှည့်ကာ

'တခြား ဘာသေနတ်တွေရှိသေးသလဲ'

'ဝက်ဘလေ ပွိုင့် ၃၈ ရှိပါတယ်'

'ကိုင်လို့မကောင်းဘူး'

'ကျွန်တော့်ဆီမှာ လောလောဆယ် နောက်တစ်မျိုး ရှိတာကတော့ စမစ်အင် ဝက်ဆင် ပွိုင့် ၃၂ ရီဗော်လဗာပဲ၊ ပြောင်း ၃ လက်မရှိတယ်'

လူစီယာနိုသည် သေနတ်ကလေးကို ညာဘက်လက်တွင် ချိန်ဆကြည့်သည်။ ထို့နောက် တစ်ဖန် ဘယ်ဘက်လက်တွင်ချိန်ဆကြည့်ပြီး . . .

'သိပ်မဆိုးဘူး၊ သူ့မှာတပ်ဖို့ ဆိုင်လင့်ဇာရှိသလား'

'ရှိပါတယ်ခင်ဗျား'

စမစ်သည် ဗီရိုအတွင်းမှ အသံတိတ်ကိရိယာ တစ်ခုကို ထုတ်ယူပြီး သေနတ်ကလေး၏ ပြောင်းထိပ်တွင် ရစ်ပြီးတပ်လိုက်သည်။

စမစ်သည် သေနတ်ကို လူစီယာနိုသို့ လှမ်းပေးလိုက်သောအခါ ဒက်ဝေလာက. . .

'ကလေးကစားတာပဲ၊ ဒါကလေးနဲ့ ပစ်မယ်ဆိုရင်တော့ အနားကပ်ပြီး ပစ်မှဖြစ်မယ်၊ အင်းလေ အနားကပ်ပစ်တာက ခင်ဗျားရဲ့ပုံစံပဲ'

လူစီယာနို တစ်ဖက်သို့ လှည့်လိုက်ပြီး လျှင်မြန်စွာ နှစ်ချက်ဆင့် ပစ်

www.burmeseclassic.com



လိုက်သည်။ လက်ယာဘက်လက်ကို ဆန့်တန်းပြီး ပစ်လိုက်ခြင်းဖြစ်သည်။ နှစ်ချက်စလုံးပင် နှလုံးသားကို ထိမှန်သည်။

အားလုံးပင် လေးစားတိတ်ဆိတ်သွားသည်။

'နောက်တစ်ချက်က အပိုသက်သက် ဖြစ်သွားတာပဲ မစ္စတာ လူစီယာနို'

ဆားဗိတ်က ပြောလိုက်သည်။

'ကျုပ်က ပိုင်မှကြိုက်တယ်၊ ဒဏ်ရာရသွားတဲ့ လူတစ်ယောက်ဟာ ပြန်ပြီး ပစ်တတ်တယ်'

'ပစ်မှတ်နှစ်ခုလောက် အသစ်လဲကြရအောင်'

ဆားဗိတ်က ဒက်ဝေလာကို ပြောလိုက်သည်။

ဒက်ဝေလာ ရိုသေကျိုးနွံစွာဖြင့် ပစ်ကွင်းဆီသို့ သွားသောအခါ လူစီယာနိုသည် ပုံမှန်လုံခြုံမှုစည်းကမ်းအရ သေနတ်ကိုချထားလိုက်သည်။ ဒက်ဝေလာ ပစ်မှတ်နှစ်ခုကို အသစ်လဲလှယ်ပြီးနောက် သူတို့ဘက်သို့ ပြန်လာရန် လှည့်လိုက်သည်။

ထိုအခါ လူစီယာနိုက အော်ပြီး ပြောလိုက်သည်။

'ဟေး. . . . ဒက်ဝေလာ၊ ခင်ဗျားပြောသလိုပဲ ကျုပ်က အနီးကပ်မှ သေချာတယ်'

ထို့နောက် သူသည် ချထားသော သေနတ်ကို ကောက်ယူပြီး နှစ်ချက် ပစ်လိုက်သည်။ သေသေချာချာ မချိန်ဘဲနှင့် ပစ်လိုက်ခြင်းဖြစ်သည်။ ဒက်ဝေလာ အနီးတွင်ရှိသာ ဂျာမန်ရုပ်၏ မျက်လုံးနှစ်ဖက်ကို ထိမှန်သည်။

ဒက်ဝေလာ ထိတ်လန့်စွာ ဟစ်အော်ပြီးနောက် ငုံ့ရှောင်လိုက်သည်။ လူစီယာနို ဟက်ဟက်ပက်ပက် ရယ်မောရင်း သေနတ်ပစ်ကွင်းအတွင်းမှ ထွက်သွားသည်။

'လူနှစ်ဆယ်လောက်ကို သူ့လက်နဲ့သတ်ခဲ့တယ်လို့ ပြောကြတယ်'

ကာတာက ပြောလိုက်သည်။

ဆားဗိတ်က . . .

'ကျွန်တော် ပြောနိုင်တာကတော့ ဒီလူ ကျွန်တော့်ဘက်မှာ ရှိနေတဲ့အတွက် ဝမ်းသာမယ်ဆိုတာပါပဲ ဗိုလ်မှူးကြီး'

\+ \+ \+

www.burmeseclassic.com



မာရီယာသည် ညကနှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့ပြီးနောက် ကနေ့နံနက်တွင် အိပ်ရာမှ အစောကြီးနိုးလေသည်။ ပြတင်းပေါက်ခန်းဆီးအကြားမှ နေခြည်နုနုကလေး ဖောက်ဝင်လျက်ရှိသည်။ သူမသည် အိပ်ရာပေါ်တွင် အတန်ကြာမျှ လဲလျောင်းနေမိသည်။ သည်ကနေ့သည် နောက်ဆုံးနေ့ပင်ဖြစ်သည်။ ယနေ့ညမှာပင်သူမသည် လေယာဉ်ခရီးဖြင့်အယ်လ်ဂျီးရီးယားသို့ ထွက်ခွာ ရပေတော့မည်။ ပြန်လမ်းမရှိသော ခရီးတစ်ခုပင် ဖြစ်သည်။

လွန်ခဲ့သည့် ရက်အနည်းငယ်အထိပင် သူမ၏ဘဝသည် သီလရှင်ကျောင်းနှင့် ဆေးရုံတို့တွင် နေ့စဉ်မှန်မှန်ကျင်လည်ခဲ့ရသည်။ ဘာတစ်ခုမျှ စဉ်းစားစရာ မရှိပါ။ သို့သော် ယခုမူကား. . .

သူမ အိပ်ရာမှထလိုက်ပြီး ခုတင်ဘေးတွင် ခေတ္တမျှ ရပ်နေသည်။ သူမသည် အိပ်ခဲ့သည်။ သည်ကဲ့သို့ မပြုမူသည်မှာ ကြာချေပြီ။ အမြဲတမ်းလိုပင် သီလရှင်အောက်ခံအင်္ကျီကို ဝတ်ဆင်ပြီးအိပ်ခဲ့သည်။

'တစ်ကွက်တော့ ပျက်သွားပြီ မာရီယာ'

သူမ တိုးဖွစွာ ရွတ်ဆိုလိုက်ပြီးနောက် မွေးပွဝတ်ရုံကြီးကို ယူဝတ်လိုက်သည်။

သူမ၏ အခန်းသည် မြေညီထပ်တွင် ဖြစ်သည်။ သူမက မှန်ပြတင်းတံခါးကို ဖွင့်လိုက်ပြီး ဥယျာဉ်တွင်းသို့ ကြည့်လိုက်သည်။ ထို့နောက် အပြင်ဘက်ရင်ပြင်သို့ ထွက်သွားသည်။ မြင်ကွင်းသည် နံနက်ခင်း နေရောင်ခြည်တွင် မယုံကြည်နိုင်လောက်အောင်ပင် လှပလျက်ရှိသည်။

သို့တစေလည်း သူမသည် ဤအလှအပနှင့် မပတ်သက်သလို ရှိနေ သည်။ ကင်းကွာနေသည်။ ရေအောက်မှ ရှုခင်းတခုကို ကြည့်မြင်နေရသည့် အလားဖြစ်သည်။ မာရီယာသည် အမှတ်မထင်ဆိုသလိုပင် ရင်ပြင်လှေကားထစ် များမှ ဆင်းသွားပြီး စွတ်စိုသော မြက်ခင်းပြင်ပေါ်သို့ ဖိနပ်မပါဘဲ ရောက်ရှိသွားတော့သည်။

+ + +

လူစီယာနိုသည် တောလမ်းကလေးအတိုင်း လျှောက်သွားနေရာမှ ရပ်လိုက်သည်။ သစ်ပင်တစ်ပင်၏နောက်တွင် ကုန်းဝပ်လျက်ရှိသော ဒက်ဝေလာကို တွေ့မြင်ရသောကြောင့် ဖြစ်သည်။ ဤနေရာတွင် လမ်းကလေးသည်

www.burmeseclassic.com



BURMESE CLASSIC .com

ရေကန်ကြီးဆီသို့ နိမ့်ဆင်းသွားသည်။ လူစီယာနိုသည် တပ်ကြပ်ကြီး ချောင်း-မြောင်းကြည့်ရှုနေသည့်အရာကို တွေ့မြင်ရသည်အထိ တိတ်တိတ်ကလေး တိုးကပ်သွားသည်။ ဘသားချော ကြည့်နေသည့်အရာကား အခြားမဟုတ်။ ကြာပွင့်များအကြား ရေကူးနေသော မာရီယာပင်တည်း။

'ဟေး. . . . ဒက်ဝေလာ'

လူစီယာနို တိုးညင်းစွာ ခေါ်လိုက်သည်။ တပ်ကြပ်ကြီးလှည့်ကြည့်သည်နှင့်တစ်ပြိုင်နက် သူ၏မျက်နှာကို ဒူးနှင့်ပစ်တိုက်လိုက်သည်။ ဘသားချော ပက်လက်ကြီး ဖြစ်သွားသည်။

ဒက်ဝေလာ တစ်ပတ်လှိမ့်ပြီး ထလိုက်သည်။ လျင်မြန်သွက်လက်လှသည်။ သို့သော် လူစီယာနို၏ လက်ထဲတွင် မယ်တော်မာရီဆင်စွယ်ရုပ် ရောက်ရှိနေပြီတည်း။ ထောက်ခနဲမြည်သွားပြီး ဓားအဖျားသည် ဒက်ဝေလာ၏ မေးကို ထောက်လျက်သား ရှိတော့သည်။

'ကျုပ်ပြောမယ် နားထောင်၊ သေသေချာချာနားထောင်၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျုပ်တစ်ခါတည်းပြောမယ်၊ ခင်ဗျားကို နောက်တစ်ခါ မာရီယာအနားမှာ တွေ့ရရင် ခင်ဗျားရဲ့ ပါးစပ်မှာ ကိုယ့်အသားကိုယ်ကိုက်ပြီး မြောင်းထဲမှာ သေနေပြီ မှတ်၊ အဲဒါ စစ္စလီ ဓလေ့ထုံးတမ်းပဲ'

လူစီယာနိုက ပြောလိုက်သည်။ ဒက်ဝေလာ၏ မျက်လုံးကြီးများ ပြူးထွက်နေသည်။ သူ့မျက်နှာတွင် ကြောက်ရွံ့ခြင်းနှင့် မုန်းတီးခြင်း ရောယှက်လျက် ရှိသည်။

'ခွေးမသား၊ သူမျှား ဓားစာခံ'

ရိုင်းစိုင်းစွာ ရွတ်ဆိုပြီးနောက် အတ္တဘောကြီး လှည့်ထွက်သွားသည်။ လူစီယာနိုက ဓားကို ပြန်ပိတ်ပြီး ဘောင်းဘီအိတ်ထဲသို့ ပြန်ထည့်လိုက်သည်။ ထို့နောက် . . .

'ဟေး . . . . မိန်းကလေး၊ ကိုယ်လာရမလား'

သူက စစ္စလီလို လှမ်းအော်လိုက်သည်။

'မစ္စတာ လူစီယာနို အဲဒီမှာ ခဏနေပါဦး'

သူမက ပြန်အော်သည်။

သူက အချိန်ယူသည့် အနေဖြင့် စီးကရက်တစ်လိပ် မီးညှိသည်။ ပြီးမှ ရေကန်ထဲသို့ ဆင်းသွားရာ သူမကို တံတားပေါ်တွင် တွေ့ရှိရသည်။ မွေးပွ

www.burmeseclassic.com

ဝတ်ရုံကြီးကို ခါးကြိုး စည်းနှောင်လျက် ရှိသည်။

'အရှူးမကလေးပဲ'

သူမ ပြုံးလိုက်ပြီး . . .

'ဆာလိုက်တာ'

'ဒါဖြင့်ရင် ပြန်ကြမယ်'

သူမ ခေါင်းခါပြီး. . .

'ပြန်လို့ မဖြစ်သေးဘူး၊ ရွာထဲမှာ ဘုရားရှိခိုးကျောင်းတစ်ခုရှိတယ်၊ ကျွန်မသွားပြီး မနက်ပိုင်း ဝတ်ပြုလိုက်ဦးမယ်၊ အစ်ကိုကော'

'ကိုယ်က ဘုရားသွားမယ့်လူနဲ့ တူသလား'

'လူတိုင်းဟာ နောက်ဆုံးမှာ ဘုရားသခင်ရဲ့ ရွှေ့မှောက်ကို ရောက်ကြရတာပဲ၊ လပ်ကီး လူစီယာနိုလဲ အပါအဝင်ပဲပေါ့'

သူရယ်လိုက်ပြီး . . .

ကောင်းပြီ၊ ကိုယ် ဘာလုပ်မယ်ဆိုတာ ပြောမယ်၊ မိန်းကလေးနဲ့အတူ ဘုရားရှိခိုးကျောင်းကို လိုက်ခဲ့မယ်၊ အပြင်ကနေ စောင့်နေမယ်၊ ဘယ့်နှယ်လဲ'

'မဆိုးပါဘူး၊ ဒါ အစပဲပေါ့'

ထို့နောက် သူတို့နှစ်ယောက် မြေလမ်းကလေးအတိုင်း တောင်ကုန်းပေါ်သို့ တက်သွားကြသည်။ ကန်ရေပြင်ကို ဖြတ်ပြီး လေညင်းညင်းကလေး တိုက်ခိုက်လျက်ရှိသည်။ မြေသင်းနံ့များ ပျံ့နေသည်။

မာရီယာ ရပ်လိုက်ပြီး. . .

'အို. . . . အစ်ကိုရယ်၊ ဒီလိုနေ့မျိုးကလေးဟာ ဘယ်လောက် ချစ်စရာကောင်းသလဲ'

ထို့နောက် သူမသည် ဝတ်ရုံအောက်နားစကို မ,ပြီး ပြေးတက်သွားတော့သည်။ ထိုအခါ လူစီယာနို၏ ဘဝသည် တစ်မျိုးတစ်ဖုံ နိုးကြားလာသည်ဟု ထင်ရတော့သည်။ သူသည် စစ္စလီ ဓလေ့အတိုင်း ဇဝကို တွန်းလှန်ဟန် လက်မနှင့် လက်နှစ်ချောင်းကို ယှက်လိုက်ပြီးနောက် သူမ၏ နောက်သို့ လိုက်ပါသွားတော့သည်။

* * *

www.burmeseclassic.com

# [ ၈ ]

အက်ဗရိုလန်ကက်စတာလေယာဉ်များသည် မဟာမိတ်တို့၏ အကောင်းဆုံးသော ဗုံးကြဲ လေယာဉ်ပျံများ ဖြစ်ကြသည်။ ဂျာမန်စစ်သဘော်ကြီး တစ်ပစ်ကို ၎င်းတို့ပင် နှစ်မြှုပ်ခဲ့သည်။ လွန်ခဲ့သည့် သုံးပတ်လောက် ကတည်းက လည်း အုပ်ခွဲ ၆၁၇ မှ လန်ကက်စတာများသည် ရူးဟား ရေကာတာကြီးကို ချိုးဖောက်ခဲ့သည်။ ဂျာမနီ နိုင်ငံ၏ စက်မှုဒေသကြီး ရေလွှမ်းစေခဲ့သည်။

ထိုနေ့ည ကိုးနာရီ ကျော်ကျော်လောက်တွင် အက်စ်ရှူးဂါးလန်-ကက်စတာ လေယာဉ်ကြီးသည် ဟိုဗင်ဂန် လေတပ်စခန်းမှ ပျံတက်ပြီးနောက် အခြား တပ်စခန်း အသီးသီးမှ ပျံတက်လာကြသော ဗုံးကြဲလေယာဉ်များနှင့် ပူးပေါင်းသည်။

မြောက်ဘက် ပင်လယ်ပေါ်သို့ ရောက်ရှိချိန်တွင် ၎င်းတို့၏ အင်အား အစင်းခြောက်ရာမျှ ဖြစ်သွားသည်။ ၎င်းတို့၏ ပစ်မှတ်မှာ ဂျီနိုဝါဖြစ်သည်။ ပြင်သစ်နိုင်ငံနှင့် အဲလ်တောင်တန်းကြီးကို ဖြတ်ကျော်သွားကြရမည်။ သို့သော် အက်စ်ရှူးဂါးမှာမူ သတ်မှတ်သည့်နေရာသို့ ရောက်လျှင် လေယာဉ်အုပ်ကြီးမှ ခွဲခွာပြီး မြောက်အာဖရိကသို့ ပျံသန်းရမည်ဖြစ်သည်။

လေယာဉ် အတွင်းဘက်တွင် အေးမြလှသည့် စက်ခေါင်းလေးလုံးမှ စက်သံများမှာလည်း နားမခံနိုင် လောက်အောင်ပင် ဖြစ်သည်။ ကာတာတို့

www.burmeseclassic.com



BURMESE CLASSIC .com

အဖွဲ့သည် ထူထဲသော ဝတ်စုံများကို ဝတ်ဆင်ပြီး အိပ်ရာလိပ်ကိုယ်စီဖြင့် လေယာဉ်ကိုယ်ထည် အတွင်းတွင် ကွေးလျက်ရှိကြသည်။

လူစီယာနိုသည် သူ၏အထက်ဘက်တွင်ရှိနေသော စက်သေနတ်စင် ကို တစ်ချက်မော့ကြည့်လိုက်သည်။ ထို့နောက် သူနှင့်မျက်နှာချင်းဆိုင်တွင် ရှိနေသော မာရီယာကို ကြည့်သည်။ သူမက အိပ်ပျော်နေဟန်ရှိသည်။ သို့သော် သူမ၏ မျက်တောင်များ လှုပ်ခတ်ပြီး ပွင့်လာကြသည်။ သူက စောင်းငဲ့ပြီး. . .

'အဆင်ပြေရဲ့လား'

'ပြေပါတယ်'

သူမက ပြုံးလဲ့ပြီး ပြောသည်။

တကယ်တော့ သူမ၏အဖြေက မုသားစကားပင် ဖြစ်သည်။ အကြောင်းမှာ သူမသည် ကြောက်ရွံ့ထိတ်လန့်လျက် ရှိပါသည်။ ရှေ့တွင် တွေ့ကြုံရမည့် အန္တရာယ်များကို ကြောက်လန့်ခြင်းမဟုတ်ပါ။ သူမ၏ အဘိုးနှင့်တွေ့ရမည်ကို ကြောက်လန့်နေခြင်းပင် ဖြစ်ပါသည်။

အဝေးတစ်နေရာဆီတွင် ဒက်ဝေလာသည် သူတို့နှစ်ယောက်ကို ကြည့်ရှုလျက်ရှိသည်။ သူ၏မျက်လုံးများတွင် အမုန်းရိပ်များဖုံးလွှမ်းနေသည်။

\+ \+ \+

ဖရန်ဆီကင် ကျောင်းတိုက်ကြီးသည် ဗယ်လိုနာရွာနှင့် ငါးမိုင်ကွာတွင် တည်ရှိသည်။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာကမူ ဤကျောင်းတိုက်ကြီးသည် ဆာရာစင်ရဲတိုက်ကြီး တစ်ခု ဖြစ်ပေသည်။ တောင်ကြားဒေသ၏ အထက်ဘက် ပေတစ်ထောင်ကျော်မြင့်သော တောင်ကုန်းပေါ်တွင် တည်ဆောက်ထားသည်။ လေးဖက်လေးတန်ကို မိုင်နှစ်ဆယ်လောက်အထိ မြင်တွေ့နိုင်သည်။ ရဲတိုက်ကြီး တစ်ခု ဖြစ်သည်နှင့်အညီ ချောမွတ်သော ကျောက်နံရံကြီးများသည် ပေတစ်ရာ ကျော်မျှ မြင့်လေသည်။

ဗစ်တိုဗီဗာရာသည် ဗယ်လိုနာရွာမှ ဖရန်ဆီကင်း ကျောင်းတိုက်ကြီး ကို အကွေ့အကောက်များလှသော မြေလမ်းအတိုင်း လားဖြင့် တက်လာရာ တစ်နာရီခွဲ ကြာမြင့်သည်။ ရှေးခေတ်က တူးဖော်ခဲ့သော ကျုံးဟောင်းသည် ယခုတိုင် ရှိနေသည်။ ယခုအခါ ဗေဒါများ ပေါက်ရောက်လျက်ရှိသည်။ ဗီဗာရာသည် သစ်သားတံတားကို ဖြတ်ကျော်ပြီးနောက် တစ်ခုတည်းသော

www.burmeseclassic.com



တံခါးမကြီးသို့ ရောက်ရှိသွားသည်။

ဝက်သစ်ချတံခါးမကြီး၏ တစ်ဖက်တွင် ခေါင်းလောင်းကြီးရှိသည်။ ဗီဗာရာသည် ကိုယ်ကို တိမ်းစောင်းပြီး ကြိုးကိုဆွဲလိုက်သည်။ ကုန်းနှီးပေါ်မှ မဆင်းဘဲ စောင့်ဆိုင်းနေသည်။ ခေါင်းလောင်းသံကို အဝေးဆီမှ သဲ့သဲ့ကလေးမျှသာ ကြားရသည်။

အတန်ကြာသောအခါ တရုတ်ကတ်တစ်ခုပွင့်လာပြီး ဘုန်းကြီးငယ်တစ်ပါး ခေါင်းပြူထွက်လာသည်။ ဘုန်းကြီးငယ် ဘာမျှမပြောဘဲ တရုတ်ကတ်ကို ပြန်ပိတ်လိုက်သည်။ ခဏအကြာတွင် တံခါးမကြီးပွင့်သွားသည်။ ဗီဗာရာအတွင်းသို့ ဝင်သွားသည်။

\+ + +

ကျောင်းထိုင်ဆရာတော် ပက်ဒရီဂျီအိုဗန္နီသည် သက်တော် ၇၀ ရှိပြီး အရပ်မြင့်မြင့် ပိန်ပိန်ပါးပါးဖြစ်သည်။ ဖရန်ဆီကင်ဘုန်းတော်ကြီးများ ထုံးစံအတိုင်း မုတ်ဆိတ်မွေး အရှည်ကြီးနှင့်ဖြစ်သည်။ သူ၏မုတ်ဆိတ်မွေးများ ဖွေးဖွေးဖြူ လျက်ရှိသည်။

သူ၏ခေါင်းတွင် ဦးထုပ်ဝိုင်းညိုညိုဆောင်းထားပြီး သူ၏ကိုယ်တွင်ကား ဝတ်ရုံညိုကြီးနှင့်ဖြစ်သည်။ ခါးစည်းကြိုးတွင် လက်ဝါးကပ်တိုင်တစ်ခု ဆွဲချိတ်ထား သည်။ သူ့မျက်နှာမှာ တည်ကြည်ခန့်ညားပြီး ခွန်အားပြည့်ဝသည်။ သူ့မျက်နှာမှာ ကြည်လင်တောက်ပသည်။

ကျောင်းတိုက်ကြီး၏ အုတ်ကြွပ်မိုးနီနီများသည် လှေကားထစ်သဖွယ် အဆင့်ဆင့် မြင့်တက်သွားလျက် ရှိသည်။ ပရိဝုဏ်တံတိုင်းထိပ်ရှိ ရင်တားပြင်နှင့် အညီလောက်အထိ ဖြစ်သည်။ ဘုန်းတော်ကြီး ဂျီအိုဗန္နီသည် ရင်တားပြင်ပေါ်တွင် ခိုများမွေးမြူထားသည်။ ယင်းခိုများသည် သူ့ဘဝတွင် အမြတ်နိုးဆုံးသော အရာများပင် ဖြစ်သည်။ ဦးပဥ္စင်းကလေး လူစီယိုက ဗစ်တိုဗီဗာရာကို သူ့ထံသို့ ခေါ်ဆောင်လာသည့်အချိန်တွင် သူသည် ခိုကလေးများကို ပြုစုယုယလျက်ရှိချေသည်။

'အား. . . ဗစ်တိုပါလား၊ ခင်ဗျားကိုတွေ့ရတာ မင်္ဂလာပဲ'

ဘုန်းတော်ကြီးက ပဋိသန္ဓာရစကားပြောကြားလိုက်သည်။

ဗီဗာရာသည် ဦးထုပ်ပြားကလေးကို ချွတ်လိုက်ပြီးနောက်

www.burmeseclassic.com



ဘုန်းတော်ကြီး ဆန့်တန်းပေးသောလက်ကို နမ်းလိုက်သည်။ ဘာသာရေးအရမူကား မဟုတ်ချေ။ ဘုန်းတော်ကြီးနှင့် မာဖီးယားအဖွဲ့ ဆက်နွှယ်မှုကြောင့်ပင် ဖြစ်သည်။

မူဆိုလိုနီ၏ နာမည်ကျော် ပုလိပ်မင်းကြီးမိုရီသည် ဘုန်းတော်ကြီး ဂျီအိုဗန်နီကို မာဖီးယားနှင့်ဆက်သွယ်ပြီး ဖမ်းဆီးနိုင်ရန် ကြိုးပမ်းခဲ့သည်။ နောက်ဆုံးတွင် ရုံးသို့ပင် တရားစွဲတင်ခဲ့သည်။ သို့သော် ဂျီအိုဗန်နီနှင့်အခြား ဘုန်းတော်ကြီးများကို ခိုမျှားကိုလမ်းပေါ်တွင် အစာကျွေးမှုလောက်နှင့်ပင် အရေးမယူနိုင်ခဲ့ချေ။

ဘုန်းတော်ကြီးသည် စီးကရက်တစ်လိပ် မီးညှိလိုက်ပြီးနောက်. . .

'ရွာမှာ အခြေအနေတွေ ဘယ်လိုလဲ'

'မကောင်းဘူး၊ ဂက်စတာပိုအဖွဲ့က မေယာနဲ့ သူ့လူ ရှုရှားတွေ'

ဗီဗာရို ခေါင်းကိုယမ်းခါသည်။

'နောက်တစ်ယောက် ဗိုလ်မှူးကြီး ကိုးနစ်ဆိုတာကော. . .'

'သူက ယူနီဖောင်း မှားဝတ်ထားတဲ့ လူကောင်းတစ်ယောက်ပဲ၊ မြင့်မြတ်တဲ့ လူမိုက်တစ်ယောက်ပဲ ပက်ဒရီ၊ စစ်ပွဲတစ်ခုကို စည်းကမ်းဥပဒေအရ တိုက်ခိုက်ရ မယ်လို့ ယူဆနေတဲ့ လူတစ်ယောက်ပဲ'

'အဲဒီတော့ ခင်ဗျားကို ကျုပ် ဘာလုပ်ပေးမလဲ'

ဘုန်းတော်ကြီးက မေးသည်။

'ဒွန်အန်တိုနီယိုအတွက် ကျုပ်မှာ သတင်းတစ်ခု ပါလာတယ်'

ဘုန်းတော်ကြီး ပြုံးလိုက်ပြီး . . .

'ဩော် . . . ဗစ်တိုရယ်၊ ဒွန်အန်တိုနီယို ဘယ်မှာဆိုတာ ဘယ်သူ သိပါ့မလဲ'

ဗီဗာရာသည် ခိုအိမ်ဆီသို့ လျှောက်သွားပြီး သံဇကာကို ခြစ်ကာ ခိုကလေးတွေကို ခေါ်လိုက်ပြီးနောက် . . .

'ဒီမှာ သူနဲ့ အဆက်အသွယ် လုပ်နိုင်တဲ့ သူ့မိတ်ဆွေ တစ်ယောက် နှစ်ယောက် ရှိတယ်လို့ ကျုပ်သိပါတယ်'

ပက်ဒရီ ဂျီအိုဗန်နီသည် ကုလားထိုင်တွင် ထိုင်လိုက်ပြီးနောက် . . .

'ဒီမှာ ဗစ်တို၊ အယ်လ်ဂျီးရီးယားက ခင်ဗျားလူတွေဆီက ထိုးစစ်ကြီးနဲ့ မာဖီးယားအကြောင်း နောက်ထပ် ပြောစရာ ရှိတယ်ဆိုရင်တော့ အလကား

www.burmeseclassic.com



အချိန်ဖြုန်းနေကြတာပဲ၊ ဒွန်အန်တိုနီယိုဟာ ဂျာမန်တွေကို မကြိုက်သလို အမေရိကန်တွေကိုလဲ မုန်းတယ်၊ ဒီကိစ္စနဲ့ပတ်သက်လို့တော့ သူ ဘယ်လိုမှ ပတ်သက်မှာ မဟုတ်ဘူး'

'ဒါပေမဲ့ အခြေအနေက တစ်မျိုးဖြစ်လာတယ် ပက်ဒရီ၊ ဒွန်အန်တိုနီယို ရဲ့ မြေးကလေး မာရီယာ လိုက်လာနေပြီ'

ဗီဇာရာက ပြောလိုက်သည်။

ဘုန်းတော်ကြီး မော့ကြည့်သည်။ အံ့အားသင့်သွားဟန် ရှိသည်။

'ကမ္ဘရာတာကို လာနေပြီလို့ ပြောတာလား၊ ဖြစ်နိုင်ပါ့မလား'

'ရေဒီယိုက သတင်းရတယ်၊ ကာတာ ပြန်လာနေပြီ၊ အမြန်ဆုံး လာနေပြီ'

ပက်ဒရီဂျီအိုဗန္နီသည် စီးကရက်တိုကို ဒေါသတကြီး ထိုးခြေလိုက်ပြီး နောက်. . . .

'အရှုံးပဲ၊ အရင်တစ်ခေါက် သူဒီကိုလာတုန်းက ကျုပ်ပြောလိုက်တာပဲ၊ ဒီလူဟာ ကိုယ့်သေတွင်း ကိုယ်တူးနေတာပဲ၊ ကောင်မကလေးအကြောင်း ပြောပါဦး၊ ကာတာက သူ့ကို ခေါ်လာတာလား၊ ဒီကောင်မလေးဟာ ဒွန်အန်တိုနီယိုကို လွှမ်းမိုးနိုင်မယ်လို့ သူတို့ ထင်နေကြသလား၊ ကျုပ်တော့ မထင်ဘူး'

'အခြေအနေတွေက ဒါတင်မကသေးဘူး၊ အများကြီး ရှိသေးတယ်၊ သူတို့နဲ့အတူ လူစီယာနိုလဲ လာလိမ့်မယ်'

ဘုန်းတော်ကြီးက ဗီဇာရာကို ငေးကြည့်သည်။

'လူစီယာနာ'

သူတိုးဖွစွာ ရွတ်ဆိုသည်။ လူစီယာနာဆိုသည်မှာ လူစီယာနို၏ စစ်လီ အမည် ဖြစ်သည်။

'ဆာဗေတို လူစီယာနာ ဒီကို လာနေပြီ၊ ဒါပေမဲ့ သူထောင်ထဲမှာပဲ၊ အင်း ဟုတ်ပြီ၊ ကျုပ် နားလည်ပြီ၊ ဒါတွေအားလုံးဟာ အကွက်ဆင်ထားတာပဲ၊ လူစီယာနိုနဲ့ ဒွန်ရဲ့ မြေးကလေး။ ဟယ်ရီကာတာက သူ့ဘက်က အပိုင်တွက်လိုက် တာပဲ'

'အဲဒီတော့ ဒီကိစ္စကို ပက်ဒရီ ဘယ်လိုသဘောရသလဲ'

'အင်း ဒီမှာရှိတဲ့ ကျုပ်ရဲ့ မိတ်ဆွေကလေးနဲ့ စီစဉ်ရမှာပေါ့၊ ဒွန်အန်တို နီယိုဆီကို သတင်းပို့ရမှာပေါ့၊ ဘာလုပ်မယ်ဆိုတာကိုတော့ သူ့သဘောပေါ့၊ သူတို့

www.burmeseclassic.com



ဘယ်တော့ လာကြမလဲ'

ပက်ဒရီသည် ခိုလှောင်အိမ်ကို ထိကိုင်လိုက်ရင်း ပြောသည်။

'သုံးလေးရက်အတွင်း လာကြမှာပဲ၊ ရေဒီယိုအဆက်အသွယ်ထပ်ပြီး လုပ်ကြည့်ဦးမယ်'

'ဘယ်နေ့ဆိုတာ အတိအကျ သိရတဲ့အခါ ကျုပ်ကို ပြောပါ၊ ဒီကိစ္စကို ခရိုင် ကော်မတီကို တင်ပြပြီးပြီလား'

'ဟင့်အင်း'

ခရိုင်ကော်မတီဆိုသည်မှာ ဤနယ်မြေအတွင်းရှိ တော်လှန်ရေး အင်အားစုများကို စုစည်းထားသော အဖွဲ့ပင် ဖြစ်သည်။

ပက်ဒရီဂျီအိုဗန်နီက ဗီဗာရာ၏ ပခုံးကို ပုတ်လိုက်ပြီး. . .

'ကဲ မိတ်ဆွေကြီး တစ်ခုခု စားကြရအောင်၊ ဒါမှ မိတ်ဆွေကြီး အပြန် ခရီးကို ခံနိုင်ရည်ရှိသွားမယ်'

\+ \+ \+

ဒါအယ်ကွတ် စံအိမ်တော် ရင်ပြင်တွင် ဟယ်ရီကာတာ စောင့်ဆိုင်း နေစဉ်မှာ ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါသည် မြင်းစီးရာမှ ပြန်လည် ရောက်လာသည်။ ဗိုလ်ချုပ်ကြီးသည် မြင်းပေါ်မှဆင်းပြီး လှေကားထစ်များပေါ်သို့ တက်သွားသည်။ ဥပစာ ခန်းမဆောင်အတွင်းသို့ သူ ရောက်ရှိသောအခါ ဗိုလ်ကြီး ကူးဆက် မတ်တတ်ထ, ရပ်ပြီး. . .

'ဗိုလ်မှူးကြီး ကာတာ စောင့်နေပါတယ် ဗိုလ်ချုပ်ကြီး'

ကာတာဝင်လာသည်ကို သူ လှည့်ကြည့်သည်။ ခေတ္တမျှကြာအောင် ကြည့်နေသည်။ ပြီးမှ . . .

'လာ လာ ဗိုလ်မှူးကြီး'

ရုံးခန်းတွင်းသို့ ရောက်ရှိသောအခါ ဗိုလ်ချုပ်ကြီးသည် မြင်းစီးကုတ်ကို စားပွဲပေါ်တွင် ချလိုက်ပြီး. . .

'ဗိုလ်မှူးကြီးရဲ့ အစီရင်ခံစာကို ကျုပ်ဖတ်ပြီးပြီ၊ ခင်ဗျားတော်တော် အလုပ်များနေတာပဲ'

'မှန်ပါတယ် ဗိုလ်ချုပ်ကြီး'

'အခု ခင်ဗျားတို့ ဘယ်မှာ နေကြသလဲ'

www.burmeseclassic.com

BURMESE CLASSIC .com

'မေဆင်ဘလင်ချီ လေယာဉ်ကွင်းနားက အိမ်ကလေးတစ်လုံးမှာပါ ဗိုလ်ချုပ်ကြီး'

'အဆင်ပြေရဲ့လား'

'ပြေပါတယ် ခင်ဗျာ'

'လူစီယာနိုနဲ့ လူကာရဲ့ မြေးကလေး၊ အင်း. . . . တစ်နှစ်လုံး ပူးတာပဲ. . . ထိုင်'

ကာတာ ထိုင်လိုက်ရင်း. . .

'ထိုးစစ်ကြီး အစီအစဉ် ရှိနေတုန်းပဲလား'

'အင်း. . . . ရှိနေတုန်းပဲပေါ့၊ ကျုပ်တို့ စီစဉ်နေတာကို သူတို့သိတယ်၊ သူတို့ သိတယ် ဆိုတာကို ကျုပ်တို့သိတယ်၊ ကျုပ်တို့လာမှာကို သူတို့ စောင့်နေကြတယ်၊ ကျုပ်တို့ရဲ့ လှည့်ကွက်ကတော့ စစ္စလီကို တိုက်မယ်ဆိုတာက ဟန်ဆောင်တာ၊ တကယ်တိုက်မှာက ဆာဒီးနီးယားနဲ့ ဂရိတ်'

'ဘယ်နေ့လဲ ဗိုလ်ချုပ်ကြီး'

'အထူး အခွင့်အရေး အနေနဲ့ ခင်ဗျား တစ်ယောက်တည်းသိအောင် ပြောမယ်၊ အထူးကိစ္စ မပေါ်ပေါက်ဘဲနဲ့ ခင်ဗျားရဲ့လူတွေကို အသိပေးဖို့ မလိုဘူး'

'ဟုတ်ကဲ့ ဗိုလ်ချုပ်ကြီး'

'ကိုးရက်နေ့'

ကာတာ အံ့ဩသွားဟန်ဖြင့် . . .

'အဲဒါဆိုရင် ကျွန်တော်တို့မှာ လေးရက်ပဲ အချိန်ရှိတော့တာပဲ'

'ဟုတ်တယ်၊ ဒါပေမဲ့ အဲဒီ နေ့မှာ မုန်တိုင်းကျလိမ့်မယ်လို့ မိုးလေဝသက လူတွေက အာမခံထားကြတယ်၊ အဲဒီလို ရာသီဥတုမျိုးမှာ ကျုပ်တို့ တိုက်လိမ့်မယ် လို့ အီတလီတွေက လုံးဝ ထင်မှာမဟုတ်ဘူး'

'အဲဒီလို ကျွန်တော်တို့ သွားမယ်ဆိုရင် မနက်ဖြန် ညကို နောက်အကျဆုံးထားပြီး သွားရမှာပဲ၊ အဲဒါတောင်မှ ကျွန်တော်တို့မှာ အလုပ်လုပ်ချိန် သုံးရက်ပဲ ရတယ်'

'ဗိုလ်မှူးမှာ အချိန်ဘယ်လောက် လိုမှာမို့လို့လဲ၊ လူကာဆိုတဲ့လူနဲ့ တစ်ခါတွေ့လိုက်ရင် ကိစ္စပြီးတာပဲ မဟုတ်လား၊ ကျုပ်တို့ပေါင်းဖို့ သူဆုံးဖြတ်မယ်ဆိုရင် ကျန်တဲ့အလုပ်ကို သူ့လူတွေက လုပ်ကြမှာပဲ မဟုတ်လား'

'မှူအားဖြင့်တော့ ဟုတ်ပါတယ်'

www.burmeseclassic.com



'ကျုပ်တို့မှာသူပဲအရေးကြီးတာ မဟုတ်လား'

'ကျွန်တော်တို့မှာ စဉ်းစားစရာ တစ်ခုရှိပါတယ်၊ ကျွန်တော်ဒီကို မလာခင်မှာ မေဆင်ဘလင်ချီကို ရောက်ခဲ့တယ်၊ လေထီးနဲ့ဆင်းဖို့ကိစ္စကို ဒုတိယဗိုလ်မှူးကြီး ဂရန့်နဲ့ ဆွေးနွေးကြည့်ပါတယ်၊ လေတပ်မတော်ဌာနချုပ်က ဒီလုပ်ငန်းတွေအားလုံးကို ရပ်ဆိုင်းထားတယ်လို့ ပြောပါတယ်၊ အကြောင်းကတော့ စစ္စလီကို သူတို့နောက်ဆုံးလွှတ်ခဲ့တဲ့ လေယာဉ်လေးစီး ပျက်ကျခဲ့တဲ့အတွက်ပဲ'

'အဲဒါကို ကျုပ်သိတယ်၊ ဒါပေမဲ့ ဗိုလ်မှူးလက်ထဲမှာရှိနေတဲ့ သမ္မတကြီးရဲ့ အမိန့်စာက အဲဒီအမိန့်တွေ အားလုံးကို ပြောင်းလဲပစ်နိုင်တယ်'

'ပြဿနာက ဂရန့်ရဲ့ စကားအရ ကျွန်တော်တို့လေယာဉ်တွေ ရည်မှန်းချက်ဒေသကို ရောက်နိုင်ဖို့ မလွယ်တာပဲ'

'သူက မဖြစ်နိုင်ဘူးလို့ ပြောသလား'

ကာတာသည် ဂရန့်၏ ပြောစကားများကို အတိအကျမှတ်မိသဖြင့် ပြန်လည် ရွတ်ဆိုပြလိုက်သည်။

'သူကတော့ ကျွန်တော်တို့ဘက်က ငါးဆယ်ရာခိုင်နှုန်းကိုတောင် သိပ်မလွယ်ဘူး'

'ဒီကိစ္စ မဖြစ်နိုင်တော့ဘူးလို့ ခင်ဗျား ပြောနေတာလား'

'ကျွန်တော်က အခြေအနေအမှန်ကို ပြောနေတာပါ ဗိုလ်ချုပ်ကြီး'

'ဘာပဲဖြစ်ဖြစ် စစ္စလီကို ကျုပ်တို့တိုက်မှာပဲ၊ ကျုပ်တို့နိုင်လဲ နိုင်မှာပဲ။ အကျအဆုံးကတော့ များနိုင်တယ်၊ ဒါပေမဲ့ ဒီလူကာဆိုတဲ့ သူရဲ့ ပြဿနာ ပါလာရင်တော့ တစ်မျိုးတစ်မည်ဖြစ်နိုင်တာပေါ့'

'ကောင်းပါပြီ ဗိုလ်ချုပ်ကြီး၊ ကျွန်တော်တို့ သွားပါမယ်'

'ခက်ခဲတဲ့ ဆုံးဖြတ်ချက်တွေကို ချနိုင်ဖို့က အင်မတန် အရေးကြီး ပါတယ် ဗိုလ်မှူးကြီး၊ ဗိုလ်မှူးကြီး သွားမယ်လို့ဆိုရင် ကျုပ်အနေနဲ့ကတော့ ကံကောင်းပါစေလို့ ဆုတောင်းနိုင်မယ်'

\+ + +

ဟာဗေးဂရန့်သည် မေဆင်ဘလင်ချီရှိသူ၏ ရုံးခန်းစားပွဲတွင် ထိုင်လျက် သမ္မတကြီး ရုစဗဲနှင့် ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါတို့၏ အမိန့်စာ

www.burmeseclassic.com



BURMESE CLASSIC .com

များကို ဖတ်ရှုသည်။ ထိုနောက် အမိန့်စာနှစ်ခုကို ကာတာသို့ပြန်ပေးလိုက်ပြီး. .

'ကျွန်တော့်သဘောပြောရရင်တော့ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံတဲ့နည်းကောင်းတစ်ခုပဲ၊ ကျွန်တော်ဗိုလ်မှူးပြောခဲ့သလိုပဲ ငါးဆယ်ဆိုတာကိုပဲ တာဝန်မခံနိုင်ဘူး၊ နောက်ပြီးလဲ ကျွန်တော်တို့လုပ်ငန်းတွေကို ရပ်ထားတာဟာ အဆုံးအရှုံးတစ်ခုတည်းကြောင့်မဟုတ်သေးဘူး၊ ဒီရက်ပိုင်းအတွင်းမှာ ထိုးစစ်ကြီးဆင်မှာကို ကျွန်တော်သိတယ်၊ ဈေးထဲမှာလဲ လူတိုင်း ပြောနေကြတယ်၊ နောက်ပြီးတော့ ရန်သူကို လှည့်ဖြားနေတယ်ဆိုတဲ့ အကြောင်းလဲ အားလုံး သိနေကြတယ်၊ စစ္စလီလို့ ရေးထားရင် ဆာဒီးနီးယားလို့ဖတ်၊ မျက်စိကမမြင်တဲ့ အချက်ပဲ'

'ဒါနဲ့ပတ်သက်လို့တော့ ကျုပ် ဘာမှမပြောချင်ဘူး'

ကာတာပြောလိုက်စဉ်တွင် ဂရန့်သည် လက်ဝါးတစ်ဖက်ဖြင့် ပြတင်းပေါက်ဘောင်ကို ကိုင်လိုက်ပြီး. . .

'မြတ်စွာဘုရား၊ ကျွန်တော်သိပြီ၊ မျက်စိကမမြင်တဲ့အချက်၊ အဲဒါကို ပြင်လိုက်မယ်၊ မျက်စိက ဘာကိုမြင်မယ်လို့ မျှော်လင့်ထားသလဲ၊ အဲဒါကို အရေးမထားဘူး'

'ခင်ဗျားပြောတာကို နားမလည်ဘူး'

'နားလည်ရစေ့မယ်၊ လာ. . . ကျွန်တော်ပြောမယ်'

သူတို့ လှေကားမှဆင်းသွားကြသည်။ လေယာဉ်ရုံးများဆီသို့ လျှောက်သွားကြသည်။

'အားလုံး လူဘယ်နှစ်ယောက်ပါမလဲ'

'ငါးယောက်၊ ယောကျ်ားလေးယောက်နဲ့ မိန်းမတစ်ယောက်'

'မိန်းမတစ်ယောက် ဟုတ်လား၊ မြတ်စွာဘုရား၊ ဒါပေမဲ့ ဖြစ်နိုင်ပါတယ်'

'ဘယ်လိုဖြစ်နိုင်တာလဲ'

'ဒီမှာလေ'

ဂရန့်က လက်ကို ဝှေ့ယမ်းကာ ပြလိုက်ပြီးနောက် ဂျေယူ ၈၈ အက်စ် ရန်သူလေယာဉ်နက်ကြီး သိမ်းဆည်းထားရာ အစွန်ဆုံးလေယာဉ်ရုံတွင်းသို့ ဝင်ရောက်သွားသည်။

'တကယ်ဖြစ်နိုင်ပါ့မလား'

ကာတာက မေးလိုက်သည်။

www.burmeseclassic.com



'ကျွန်တော်တို့ ဆေးမြန်မြန်သုတ်တဲ့ အလုပ်ကလေး လုပ်ရမယ်၊ ဘုရင့်လေတပ် တံဆိပ်တွေနေရာမှာ နာဇီလေတပ်တံဆိပ်တွေ ပြန်သုတ်ရမယ်၊ အရေးကြီးတာက ဒီလေယာဉ်စက်တွေမှာ အထူးတပ်ဆင်ထားတာတွေ ရှိတဲ့အတွက် တစ်နာရီကိုမိုင်လေးရာလောက် သွားနိုင်တယ်၊ အဲဒီသဘောကတော့ ကျွန်တော် တို့သွားရမယ့် နေရာကို ဒီကနေပြီးမှ တစ်နာရီအတွင်းမှာ ရောက်သွားနိုင်တယ်၊ ကျွန်တော်တို့ နာဇီတိုက်လေယာဉ် တစ်စင်းလို့ပဲ သူတို့ အောက်မေ့မယ်'

ကာတာ ခေါင်းညိတ်လိုက်သည်။

'ခင်ဗျားပြောတာ ဖြစ်နိုင်တယ်'

'ဂျာမန်တွေကလဲ ဒီလေယာဉ်တွေကို ဒီကိစ္စအတွက်ပဲ အသုံးပြုတာပဲ၊ အဲဒီတံခါးပေါက်မှာ မြန်မြန်ဆင်းနိုင်ဖို့အတွက် အထူးတပ်ထားတာပဲ၊ တကယ့်တိုက်ဆိုင်မှုပဲ ဟယ်ရီ'

'ဟုတ်ပြီ'

'ကျွန်တော်တို့ ဘယ်တော့သွားကြမလဲ'

'ဗိုလ်မှူးဘက်က အဆင်ပြေမယ်ဆိုရင် မနက်ဖြန်ည သွားမယ်'

'အလျှင်တစ်ခေါက်ဆင်းတဲ့နေရာမှာပဲ ဆင်းမှာလား'

'ဟုတ်တယ်'

'ကျွန်တော်တို့ မိုးလေဝသရုံးကို သွားပြီး ရာသီဥတုအခြေအနေ လေ့လာကြရအောင်၊ ဒါပေမဲ့ အားလုံးဖြစ်ပါတယ်၊ ဗယ်လိုနာက ခင်ဗျားလူတွေဆီကိုသာ အကြောင်းကြားလိုက်ပါ။ ကျွန်တော်တို့ ညဆယ့်တစ်နာရီလောက် ရောက်မယ်'

'ကောင်းတယ်'

'ကဲ. . . . ဒါဖြင့် သွားကြစို့၊ လုပ်စရာအလုပ်တွေ ရှိတယ်'

\+ \+ \+

ကာတာတို့လူစု နေထိုင်လျက်ရှိသော စံအိမ်ကလေးသည် မေဆင်ဘလင်ချီမှ ငါးမိုင်ခန့်ဝေးကွာမည်။ ပင်လယ်ကမ်းခြေပေါ်တွင် တည်ရှိသည်။ အိမ်ကလေးမှာ သိပ် မကောင်းလှသော်လည်း အိမ်ကလေး၏ ပတ်ဝန်းကျင်ရှိ ရှုမျှော်ခင်းမှာမူ အံ့ဩဖွယ်ရာကောင်းလောက်အောင်ပင် လှပသည်။ ဥယျာဉ်၏ တစ်ဖက်တွင် သဲသောင်ခုံများရှိသည်။ ယင်း၏ တစ်ဖက်တွင်ကား ဖြူဖွေးသော

www.burmeseclassic.com

BURMESE CLASSIC .com

ကမ်းသောင်ကြီးပင် ဖြစ်တော့သည်။

ကာတာသည် သူ့လူများအားလုံးကို ဧည့်ခန်းတွင်စုပြီး နောက်ဆုံးအကြိမ်အဖြစ် အမှာစကား ပြောကြသည်။ နံရံပေါ်တွင် စစ္စလီကျွန်း မြေပုံကြီးရှိပြီး စားပွဲပေါ်တွင် စာအိတ်များရှိသည်။

ကာတာ ပြောဆိုသော အချက်များသည် ယခင်က ပြောထားပြီး အချက်များကို မမေ့လျော့အောင် ထပ်မံပြောဆိုခြင်းများသာ ဖြစ်သည်။ သူ့စကား ဆုံးသောအခါ. . .

'ဘာမေးစရာရှိသလဲ'

'ထိုးစစ်ကြီး ဘယ်နေ့ စ,မလဲ ဗိုလ်မှူးကြီး'

ဒက်ဝေလာက မေးသည်။

'လောလောဆယ်မှာ ဒီကိစ္စကို ရဲဘော်သိဖို့မလိုဘူး၊ တာဝန် ထမ်း-ဆောင်ရအောင် သွားတဲ့အချိန်မှာ နေ့စွဲတွေ၊ အချက်အလက်တွေ၊ လူနာမည်တွေ များများမသိတာဟာ အကောင်းဆုံးပဲ၊ ရန်သူဘက်ကို ရောက်သွားတဲ့အခါမှာ နည်းနည်းကလေးပဲသိရင် နည်းနည်းကလေးပဲ ဖော်မယ်။ ခင်ဗျားတို့အားလုံးအတွက် မှတ်ပုံတင်အတုတွေ လုပ်ထားတယ်'

ကာတာ ဖြေသည်။

ဆားဗိတ်က . . .

'ဒါပေမဲ့ ကျွန်တော်တို့ ဆင်းတဲ့နေရာမှာ တစ်ခုခု အမှားအယွင်းရှိပြီး ကျွန်တော်တို့အထဲကတစ်ယောက်ယောက် လူစုကွဲသွားရင်ဘယ်လို အဆက်အသွယ်လုပ်ရမလဲ'

'ဟောဒီ တောင်ကြားထိပ်မှာ ဖရန်ဆီကင် ဘုန်းတော်ကြီးကျောင်း တိုက်ရှိတယ်၊ အဲဒါဟာ ကျုပ်တို့ရဲ့ ဗဟိုဌာနချုပ်ပဲ၊ နောက် ဘာမေးစရာ ရှိသလဲ'

အားလုံး တိတ်ဆိတ်လျက်ရှိသည်။

* * *

www.burmeseclassic.com

# [ ၉ ]

အသုဘရုံ၏ အနောက်ဘက်ရှိ ဗစ်တိုဗီဗာရာ၏ နေအိမ်တွင် ခရိုင်ကော်မတီသည် အစည်းအဝေးကျင်းပလျက်ရှိသည်။ သဘာပတိအဖြစ် ဗီဗာရာကပင် ဆောင်ရွက်သည်။ ကျောင်းဆရာ ပီထရိုမိုရီသည် အသက်လေးဆယ့်-ခြောက်နှစ်ရှိပြီး စပိန်နိုင်ငံ နိုင်ငံတကာတပ်ဖွဲ့တွင် ပါဝင်တိုက်ခိုက်ခဲ့သူဖြစ်သည်။ အက်တိုရီရူဆို မှာ သူ့ဖခင်၏ သိုးခြံကြီးကို အမွေရထားသူ ဖြစ်သဖြင့် သူ့ကို ရဲဘော်များက မယုံကြည်ကြချေ။

ခရစ်ယာန် ဒီမိုကရက် ကိုယ်စားလှယ်မှာ ဘုန်းတော်ကြီးကော်လူရာဖြစ်သည်။ ခွဲရေးအဖွဲ့ကိုမူ ထမင်းဆိုင်ရှင် ဗာဂါက ကိုယ်စားပြုသည်။ ထုတ်ဖော်ကြေငြာခြင်း မပြုသည့် ကိုယ်စားလှယ်တစ်ဦးကား ဗစ်တိုဗီဗာရာပင် ဖြစ်သည်။ ထုတ်ဖော်ကြေငြာရန်လည်း မလိုအပ်ပါချေ။ သူက မာဖီးယားအဖွဲ့ကြီး၏ ကိုယ်စား တက်ရောက်ခြင်းပင် ဖြစ်သည်။

ဗစ်တိုဗီဗာရာ ပြောကြား၍ ပြီးသွားသောအခါ ခေတ္တမျှ တိတ်ဆိတ်နေသည်။ အတန်ကြာမှ မိုရီက ပထမဆုံး ပြောကြားသည်။

'အဲဒီတော့ ကျုပ်တို့က ဘာလုပ်ကြရမှာလဲ၊ မာဖီးယားလူသတ်သမားကြီးကို ထိုင်ပြီး ရှိခိုးကြရမှာလား'

'ဘာဗေတိုက ကယ်တင်ရှင်ကြီး အဖြစ်နဲ့ လာမှာလား၊ ဘယ်သူ့လက်

www.burmeseclassic.com



က ကယ်တင်မှာလဲ’

အက်တိုရီ မိုရီက သရော်လိုက်သည်။

‘ဂျာမန်တွေ လက်က ကယ်တင်မှာ’

ဗီဗာရာက ပြောလိုက်သည်။

‘ဟုတ်တယ်၊ ဒါပေမဲ့ မာဖီးယားလက်ကတော့ မဟုတ်ဘူး၊ ကျုပ်တို့ ခွဲရေးအဖွဲ့ရဲ့ သဘောက စစ္စလီကျွန်းကို အီတလီနိုင်ငံက ခွဲထွက်ရုံလောက်တင် မဟုတ်ဘူး၊ တကယ် တိတိကျကျ လွတ်လပ်ဖို့ပဲ၊ မာဖီးယားအဖွဲ့ကြီး အနေနဲ့ အလျှင်ကအတိုင်း လှုပ်ရှားနေဖို့ပဲ’

ထမင်းဆိုင်ရှင် ဗာဂါက ပြောလိုက်သည်။

ထိုအခါ ဘုန်းတော်ကြီး ကော်လူရာက . . .

‘ကျုပ်တို့ရဲ့ အခြေခံလုပ်ငန်းက အမေရိကန် ထိုးစစ်ကြီးကို အတတ်နိုင်ဆုံး ကူညီကြဖို့ပဲ မဟုတ်လား၊ တိုင်းပြည်ကို ဘယ်သူအုပ်ချုပ်မယ် ဆိုတာ နောက်မှ ပြောကြဖို့ပဲ၊ လွတ်လပ်တဲ့ ရွေးကောက်ပွဲကြီး ကျင်းပဖို့ပဲ’

‘အံ့သြစရာပဲ၊ လည်ကုပ်ပေါ်မှာ မာဖီးယား ဓားဝဲနေတဲ့ ရွေးကောက်ပွဲကြီးလား’

မိုရီက ပြောသည်။

‘ဘယ်လိုပဲ ပြောပြော၊ မာဖီးယားက ဘယ်တုန်းကမှ နိုင်ငံရေးနဲ့ မပတ်သက်ခဲ့ဘူး၊ ဒါကို ဘယ်လူမှ မငြင်းနိုင်ဘူး’

ဗီဗာရာက ပြောသည်။

‘ဒါပေမဲ့ ဘယ်သူပဲ အာဏာရရ၊ အဲဒီ အာဏာရတဲ့ အဖွဲ့နောက် မှာတော့ ရှိနေတယ်’

ရူဆိုက တုံ့ပြန်လိုက်သည်။

ဗီဗာရာ သက်ပြင်းချလိုက်ပြီး. . .

‘အဲဒီတော့ လောလောဆယ် အချိန်မှာ ဘယ်သူမှ ဘာမှဝင်မလုပ်ဘူး လို့ ကျုပ် ယူဆရမှာလား’

‘အမေရိကန် တပ်တွေလာတဲ့ အချိန်မှာ ကျုပ်တို့လဲ တော်လှန်ကြမယ်၊ ဒါပေမဲ့ လူစီယာနိုကိုတော့ ဘာမှ ဂရုစိုက်စရာ မရှိဘူး’

မိုရီက ပြောသည်။

‘ဒွန် အန်တိုနီယိုရဲ့ မြေးကိုလဲ ဘာမှ ဂရုမစိုက်ဘူးပေါ့ ဟုတ်လား’

www.burmeseclassic.com



ဒွန်အန်တိုနီယို၏ အမည်ကို ကြားသောအခါ အားလုံးတိတ်ဆိတ်သွားကြသည်။ မိုရီက ရှူဆိုကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ထို့နောက် ပြုံးလိုက်ပြီး. . .

'ဒီမယ် ဗစ်တို၊ ရဲဘော်ကြီး ဒွန်အန်တိုနီယိုကို ကျုပ်တို့ ဘာမှ မဆန့်ကျင်ဘူး'

ဗီဗာရာက လက်မှ နာရီကို ကြည့်လိုက်ပြီးနောက် မတ်တတ်ထရပ်လိုက်သည်။

'နောက် သုံးနာရီလောက်နေရင် ကျုပ် မိတ်ဆွေတွေ ဆင်းလာကြလိမ့်မယ်၊ အဲဒီတော့ ကျုပ်ကို ခွင့်ပြုပါဦး၊ ဒီ သတင်းကိုတော့ ခင်ဗျားတို့အထဲက မပေါက်ကြားဘူးလို့ ကျုပ်ထင်ပါတယ်၊ တကယ်လို့ တစ်ခုခုများ ဖြစ်ရင်တော့ အဲဒီလူ ဘာဖြစ်မယ်ဆိုတာ ရှင်းနေတာပဲ'

သူတို့ ညအမှောင်ထဲသို့ ထွက်သွားကြသည်။ မိုရီနှင့် ရှူဆိုတို့ အတူသွားကြသည်။

'ကျုပ်တို့နှစ်ယောက် အမြဲတမ်း သဘောထားတူကြတယ်တော့ မရှိဘူး၊ ဒါပေမဲ့ ဒီကိစ္စမှာတော့ တစ်ထပ်တည်းပဲ ဖြစ်ကြတယ်'

မိုရီက ပြောသည်။

'လူစီယာနိုနဲ့ ပတ်သက်လို့ တစ်ခုခု လုပ်မယ်လို့ ဆိုရင်တော့ ခင်ဗျားနဲ့ အတူ ကျုပ်ရှိတယ်'

ရှူဆိုက ပြန်ပြောသည်။

'မိုရီက ရှူဆို၏ ပခုံးကို ဖက်လိုက်ပြီး. . .

'ညလယ်စာ စားရအောင် ကျုပ်အိမ်ကို လိုက်ခဲ့ပါ၊ အဲဒီမှာ အေးအေး-ဆေးဆေး စကားပြောကြတာပေါ့၊ ကျုပ်မှာ ဝိုင်ကောင်းကောင်းတစ်လုံး ရှိပါတယ်'

\+ + +

မေဆင်ဘလင်ချီ လေတပ်စခန်းတွင် နှင်းမြူများ ဆိုင်းနေသဖြင့် ကိုက်နှစ်ရာထက် ပိုပြီး မမြင်သာချေ။ နာဇီ လေတပ်မတော်တံဆိပ်များ ပြုလုပ်ရေးခြယ်ထားသည့် ယွန်ကာလေယာဉ်ကြီးသည် ပြေးလမ်းပေါ်တွင် အထီးတည်းကြီး ရှိနေသည်မှာ နာရီဝက်မျှ မကပါပြီ။ ကာတာနှင့် အဖွဲ့သည် ကျဉ်းမြောင်း

www.burmeseclassic.com



သော လေယာဉ်ကိုယ်ထည်အတွင်းဝယ် ပြည့်ကျပ်လျက်ရှိသည်။ သူတို့၏ ကိုယ်ခန္ဓာများမှာလည်း လေထီးများ အထုပ်အပိုးများဖြင့် ဖောင်းကားနေကြသည်။

လေကြောင်းမှူး ဗိုလ်ကြီးကော်လင်ဆန်သည် လေယာဉ်ပေါ်တွင် အသင့်ရောက်ရှိနေပြီး ဖြစ်သည်။ သူ၏ မျက်လုံးများသည် လိုင်တင်စတိန် ရေဒါကိရိယာကို ကြည့်ရှုလျက်ရှိသည်။ ယွန်ကာလေယာဉ်များ ရေဒါကိရိယာ တပ်ဆင်ထားသဖြင့် ညအချိန်တွင် ပျံသန်းနိုင်ခြင်း ဖြစ်သည်။

ဟာဗေးဂရန့်သည် လေယာဉ်စက်ခန်းအနီးတွင် လေတပ်ဗိုလ်ချုပ်ကြီး ဆလုံးနှင့်အတူ မတ်တတ်ရပ်လျက်ရှိသည်။ ဗိုလ်ချုပ်ကြီးသည် ၎င်းတို့ ထွက်ခွာသည်ကို ကိုယ်တိုင် ကိုယ်ကြပ် လာရောက်ကြည့်ရှုခြင်းဖြစ်သည်။

'ရာသီဥတုကတော့ လုံးလုံးမကောင်းဘူး၊ တကယ်လို့ မင်းပြန်လာနိုင်လို့ ရှိရင်လဲ ဆင်းနိုင်မှာ မဟုတ်ဘူး ဟာဗေး'

ဗိုလ်ချုပ်ကြီးက ပြောသည်။

လေယာဉ်မှူး အရာရှိကလေးတစ်ဦး ရောက်ရှိလာပြီး ဂရန့်လက်သို့ မိုးလေဝသ သတင်းလွှာကို ပေးသည်။

'မိုးသက်မုန်တိုင်းကျပြီး မိုးကြီးမည်တဲ့' ဂရန့်က ဖတ်လိုက်ပြီး 'ကောင်းပါတယ်၊ ကျွန်တော် နှစ်နာရီအတွင်း ပြန်လာခဲ့ပါ့မယ်၊ အဲဒီအချိန်ကျရင် ဒီနှင်းတွေလဲ ရှိတော့မှာ မဟုတ်ပါဘူး'

ထို့နောက် လေယာဉ်ကြီးဆီသို့ သူ လျှောက်သွားသည်။ လေယာဉ်မှူး ဦးထုပ်ကို ခေါင်းတွင်ဆောင်းလိုက်သည်။ လေယာဉ်ပေါ်သို့ သူတက်သွားသည်။ ဆလုံး ကြည့်နေသည်။ လှေကားကို ဆွဲတင်လိုက်သည်။ အတန်ကြာသောအခါ လေယာဉ်စက်သံ ပေါ်ထွက်လာသည်။

ဂရန့်က စက်ရှိန်ကို မြှင့်တင်လိုက်သောအခါ လေယာဉ်ကြီးသည် အရှိန်အဟုန်ပြင်းစွာဖြင့် ပြေးထွက်သွားသည်။ နှင်းမြူများအတွင်းဝယ် ပျောက်-ကွယ်သွားသည်။ ဆလုံးနှင့် အခြားကြည့်နေသူများ ရင်တမမ ရှိနေကြသည်။

သို့သော် လေယာဉ်ကြီးသည် သူ့အရှိန်နှင့်သူ ကောင်းကင်သို့ မြင့်တက်သွားသည်။ ပင်လယ်ဘက်သို့ ချိုးကွေ့သွားသည်။

အတန်ကြာသောအခါ ဂရန့်က အတွင်းပြောဖုန်းဖြင့် ကာတာထံသို့ ပြောသည်။

www.burmeseclassic.com



'အားလုံး အဆင်ပြေရဲ့လား'

'ပြေပါတယ်'

'ဟုတ်ပြီ၊ သတ်မှတ်တဲ့ဒေသကိုရောက်ဖို့ ခန့်မှန်း သတ်မှတ်ချိန် မိနစ်ငါးဆယ်၊ ဟိုမှာ ရာသီဥတုမကောင်းဘူး၊ မိုးရွာနေတယ်၊ ဒါပေမဲ့ မြင်နိုင်ခြင်း မဆိုးဘူး၊ မိုးသက်မုန်တိုင်း ရှိတယ်လို့ပြောတယ်၊ အဲဒီတော့ လူးမယ်၊ ဆောင့်မယ်'

ထို့နောက် သူသည် လေယာဉ်ကို အမြင့်ပေ တစ်ထောင်တွင် ထားပြီး ကုလားထိုင်တွင် ကျော်မှီလိုက်သည်။ လေယာဉ်ကြီးသည် နှင်းမြူများ၏ အထက်တွင် ရှပ်ပြီးပြေးနေသည်။

\+ + +

တောင်ကြားထိပ်ရှိ မြက်ခင်းပြင်ထဲတွင် ဗစ်တို ဗီဗာရာနှင့် ရှိဆင်တို့ စောင့်ဆိုင်းနေကြသည်။ မိုးရွာသွန်းလျက် ရှိသည်။ မြက်ခင်းပြင်ထိပ်ရှိ သစ်ပင်တစ်ပင် အောက်တွင် သူတို့ မိုးခိုနေကြသည်။ ရှိဆာသည် စစ်မိုးကာကြီး တစ်ထည်ကို ဝတ်ပြီး အဝတ်ဦးထုပ်တစ်လုံးကို ဆောင်းထားသည်။

'ရှိဆာ သိပ်ချမ်းနေသလား၊ ရာသီဥတု ဒါလောက်ဆိုးလိမ့်မယ်လို့ ငါမထင်ဘူး'

ဗီဗာရာက ပြောသည်။

'ရာသီဥတုထက် အရေးကြီးတာတော့ ထည့်မတွက်ဘူးလား အဘိုး၊ မိုရီနဲ့ ရှုဆိုတို့က ဂျာမန်တွေကို ခေါ်လာရင် ဘယ့်နှယ်လုပ်မလဲ'

'မခေါ်ပါဘူး၊ မိုရီ ဒါလောက်မမိုက်ပါဘူး၊ ကျောက်ဆောင်ကြီးကို ခေါင်းနဲ့ ဝင်တိုက်လောက်အောင် မမိုက်ပါဘူး'

ရှိဆာက အဘိုးကြီး၏ လက်မောင်းကို ဆုပ်ကိုင်လိုက်ပြီး. . .

'ဟော. . . လာနေပြီ'

အဝေးဆီမှ လေယာဉ်သံ ကြားရသည်။

'ဘာလုပ်ရမယ်ဆိုတာ မှတ်မိတယ်မဟုတ်လား'

အဘိုးကြီးက ပြောလိုက်သည်။

ကွင်းတစ်ဖက်ထိပ်ဆီသို့ ရှိဆာ ပြေးသွားသည်။ ဗီဗာရာက ခဲတ်ဆီလောင်းထားသော ထင်းပုံကြီးကို မီးရှို့လိုက်သည်။ ရှိဆာကလည်း တစ်ဖက်ထိပ်မှ ထင်းပုံကြီးကို မီးရှို့သည်။

www.burmeseclassic.com



BURMESE CLASSIC .com

ဗီဗာရာ မိုးပေါ်သို့ မော့ကြည့်ရင်း စောင့်ဆိုင်းနေသည်။

\+ \+ \+

ဟာဖေးဂရန့်သည် မြက်ခင်းပြင်၏ တောင်ဘက်ထိပ်နှင့် မြောက်ဘက်ထိပ်တွင် မီးပုံကြီးနှစ်ပုံကို တွေ့မြင်ရသောအခါ လေယာဉ်ကို ပေတစ်ထောင်အမြင့်သို့ နိမ့်ဆင်းလိုက်သည်။

'ဂျိုးရေ တွေ့လား'

သူက ကော်လင်ဆန်ကို မေးလိုက်သည်။

'တွေ့တယ် ဗိုလ်မှူး'

ဂရန့်သည် လေယာဉ်ကိုယာဘက်သို့ ကွေ့လိုက်သည်။ တောင်ရိုးတစ်ခုကို ဖြတ်ကျော်သွားသည်။ ပြန်ကွေ့ပြီး မောင်းသည်။

'ဟယ်ရီ နှစ်မိနစ်ပဲ ရမယ်'

သူက အတွင်းဖုန်းမှ ပြောလိုက်သည်။

'ကောင်းပြီ၊ ဟာဖေး ဖြစ်တယ်'

ကာတာက ပြန်ပြောသည်။

ထို့နောက် ကာတာသည် သူ့လူများကို ခေါင်းညိတ်လိုက်သည်။ သူတို့အားလုံး မတ်တတ်ထရပ်သည်။ သူတို့၏ လေထီးကြိုးများကို ကြိုးတန်းတွင် ဆွဲချိတ်လိုက်သည်။ ကာတာက တစ်ယောက်ချင်း လိုက်ပြီး စစ်ဆေးသည်။ ရှေ့ဆုံးမှ မာရီယာ၊ ထို့နောက် ဆားဗိတ်၊ လူစီယာနို၊ ဒက်ဝေလာက နောက်ဆုံးမှ ဖြစ်သည်။

ထို့နောက် သူသည် ရှေ့ဆုံးသို့ပြန်သွားသည်။ သူ၏ ကြိုးကို ချိတ်လိုက်သည်။ တံခါးကို ဆွဲဖွင့်သည် မိုးစက်များသည် လေအေးနှင့်အတူ ပြေးဝင်လာကြသည်။ ခေတ္တမျှကြာသောအခါ သူ၏အထက်တွင် မီးစိမ်းပွင့်လာသည်။

ကာတာသည် အောက်ဘက်မှ မီးပုံများကို တွေ့မြင်လိုက်ရသည်။ တုံ့ဆိုင်း ခြင်းမရှိဘဲ သူ ခုန်ချလိုက်သည်။ မာရီယာ ခေတ္တမျှ ဝိုင်နေသည်။ သို့သော် ဆာဗိတ်က နောက်ဘက်မှနေ၍ ကိုယ်လုံးချင်း တိုက်ချလိုက်သည်။ သူကိုယ်တိုင်လည်း နောက်မှ လိုက်ပါသွားသည်။

သည့်နောက်တွင်ဖြစ်ပျက်သည်မှာကားဒက်ဝေလာ၏ အမုန်းခွန်အားပင်ဖြစ်သည်။ သူက လက်ယာဘက် ဒူးဆစ်အိတ်ထဲမှ ဓားတစ်ချောင်း

www.burmeseclassic.com



ဆွဲထုတ်လိုက်သည်။ လူစီယာနိုသည် သူ၏ လေထီးကြိုးကို ဓားနှင့် ဖြတ်လိုက်မှန်း သိသည်။ သို့သော် ထိုအချိန်မှာပင် ဒက်ဝေလာက သူ့ကို လေဟာပြင်ထဲသို့ တွန်းချလိုက်သည်။

ကော်လင်ဆန်သည် စက်ခန်း ပြတင်းပေါက်မှနေ၍ နောက်ဘက်သို့ လှည့်ကြည့်သည်။ သို့သော် ထိုအဖြစ်အပျက်ကိုကား မမြင်တွေ့လိုက်ရချေ။ သို့သော် ဒက်ဝေလာက ခုန်မဆင်းသေးဘဲ အပေါက်ဝတွင် ရပ်လျက်ပင် ရှိနေသေးသည်ကို တော့ သူတွေ့မြင်ရသည်။

ဂရန့်သည် သတ်မှတ်သည့်အရပ်ကို လွန်လာပြီဖြစ်သော လေယာဉ် ကို တောင်ကုန်းပေါ်သို့ ပင့်တင်လိုက်သည်။

တောင်ကုန်းထိပ်သို့ ရောက်သောအခါ လေယာဉ်ကို လက်ဝဲဘက်သို့ စောင်းကွေ့လိုက်သည်။ ထိုအခါ ဒက်ဝေလာ ကိုယ်ဟန်ပျက်သွားပြီး အမှောင် တွင်းသို့ ခေါင်းစိုက်ပြီး ကျသွားသည်။

\+ + +

'ပေလေးရာအမြင့်ကဆိုလျှင်ပင် မြေပြင်ပေါ်သို့ရောက်ဖို့ စက္ကန့် နှစ်ဆယ် ကြာတယ် ' လူစီယာနို အောက်သို့ ကျသွားလျက်ရှိသည်။ ခရီးတစ်ဝက် ကျော်သွားပြီ ဖြစ်သည်။ယင်းအဝေးတွင် ကာတာပြောခဲ့သည့် စကားကို ကြားယောင်လျက်ရှိသည်။ သူ တစ်ပတ်နှစ်ပတ် လည်သွားသည်။ လေထီးအိတ် ကို ဆုပ်ကိုင်ထားသော လက်များကို လွှတ်လိုက်သည်။ ထို့နောက် ဝမ်းပိုက်တွင် လွယ်ထားသော အရေးပေါ် လေထီးကို ဆွဲဖွင့်လိုက်သည်။

တုံ့ခနဲဖြစ်သွားသည်။ မြေပြင်မှ ပေတစ်ရာလောက်တွင် အရေးပေါ် လေထီး ပွင့်သွားသည်။ ကာဘီလေထီးနက်အောက်တွင် သူ တွဲလောင်းရှိနေ သည်။ သူသည် မြောက်ဘက်ထိပ်ပေါ်ရှိ မီးပုံကြီးဆီသို့ လျှင်မြန်စွာကျဆင်းလျက် ရှိသည်။ မြေပြင်သို့ရောက်ရှိသွားသော ကာတာနှင့်မာရီယာတို့ကိုလည်း တွေ့မြင် ရသည်။ အပေါ်သို့ သူ မော့ကြည့်သည်။ ဒက်ဝေလာ၏ လေထီးကို မမြင်တွေ့ ရပါ။ မြက်ခင်းပေါ်သို့ ရောက်ရှိသွားပြီဖြစ်သော ဆားဗိတ်ကို သူ ကျော်လွန် သွားသည်။ မီးတောက်များသည် သူ့ထံသို့ပြေးတက်လာသည်ကို တွေ့မြင်ရသည်။ အဝတ်ဦးထုပ်ဆောင်းပြီး မိုးကာအင်္ကျီအဟောင်းကြီး တစ်ထည်ဝတ်ထားသော ကောင်လေးတစ်ယောက် ဖြစ်သည်။

www.burmeseclassic.com



မြေပြင်သို့ လေထီးအိတ်ဖြင့် ဆောင့်မိသည်။ စက္ကန့်အနည်းငယ်မျှ လျှောပါသွားပြီး စိုရွှဲနေသော မြက်ခင်းထဲသို့ ရောက်သွားသည်။ မိုးကာအင်္ကျီနှင့် ကောင်လေး ပြေးလာပြီး သူ့ကို ကူညီသည်။ လေထီးကို ဆွဲသိမ်းနေသည်။ ထိုအခါတွင်မှ ကောင်လေးမဟုတ်ဘဲ ကောင်မလေးတစ်ယောက်ဖြစ်ကြောင်း လူစီယာနို တွေ့ရှိရသည်။

သူမတတ်ရပ်လိုက်ပြီး လေထီးကြိုးခလုတ်ကို ဖြုတ်လိုက်သည်။ ကောင်မလေးက သူ့ကို မီးရောင်တွင် ကြည့်နေသည်။

'လူစီယာနိုလား'

'ဟုတ်တယ်၊ မင်းကော ဘယ်သူလဲ'

ရိုစီဗီဗာရာ၊ ဗစ်တိုရဲ့ တူမ'

မိန်းကလေးက လေထီးကို ထုပ်နေသည်။ ဟာရီကာတာ အပြေး ကလေး ရောက်လာသည်။ သူ့နောက်မှ ဆားဗိတ်ပါလာသည်။

'ဒက်ဝေလာကော ဗစ်တိုပြောတော့ ခင်ဗျားဟာ နောက်ဆုံးခုန်ဆင်းတဲ့ သူပဲတဲ့'

ထိုစဉ်တွင် လေယာဉ်ကြီးသည် တစ်ဖက်တောင်ကြားပေါ်သို့ ရောက်ရှိသွားသည်။

လူစီယာနိုသည် မပွင့်သော လေထီးကြီးကို ကိုယ်မှဖြုတ်လိုက်သည်။ ဓားနှင့် အဖြတ်ခံထားရသော လေထီးကြိုးကို အားလုံးတွေ့ရှိရသည်။

'ဒီကောင်ကြီး ကျုပ်ကို မုန်းနေတာတော့ အမှန်ပဲ၊ ဘယ်လောက် မုန်းနေသလဲ မသိဘူး'

\+ \+ \+

ဒက်ဝေလာသည် တစ်ဖက်တောင်ကြားအတွင်းသို့ ရောက်ရှိသွားသည်။ ထင်းရှူးတောအတွင်းသို့ ကျရောက်သည်။ သူ၏လေထီးသည် သစ်ကိုင်းများတွင် ငြိနေသဖြင့် သူ၏ခန္ဓာကိုယ်ကြီးသည် မြေမြင်အထက် ဆယ်ပေလောက်တွင် တွဲလောင်းကြီး ဖြစ်နေသည်။ သူက လေထီးကြိုးကို ဖြုတ်လိုက်ရာ အောက်ဘက် မြက်ခင်းပေါ်သို့ ကျသွားသည်။ ထိုနေရာတွင် အတန်ကြာမျှ လဲနေသည်။

သူဘာလုပ်ရမည်နည်း။ သည်လိုဖြစ်လိမ့်မည်ဟု သူမမျှော်လင့်ခဲ့ပါ။

www.burmeseclassic.com



တဒင်္ဂစိတ်ဖောက်ပြန်မှုကြောင့် သူသည်တောင်ကြီး၏ အခြားတစ်ဖက်သို့ ရောက်ရှိ သွားရသည်။ သတ်မှတ်သည့်အရပ်နှင့် မိုင်ပေါင်းများစွာ ဝေးကွာသွားရသည်။ အထီးကျန်ဖြစ်ရသည်။

တစ်ခုပဲ သေချာသည်။ သည်နေရာမှ မြန်မြန်ထွက်ခွာရမည်။ ဗယ်လိုနာသို့ မိမိဘာသာရောက်ရှိအောင်သွားရမည်။ သူက လေထီးဆင်းဝတ်စုံကို ဖွင့်လိုက်သည်။ အောက်တွင် ကော်လန်မပါသော ရှပ်အင်္ကျီရှိသည်။ အိတ်တစ်လုံးအတွင်းမှ အဝတ်ဦးထုပ်ကို ထုတ်ပြီး ဆောင်းလိုက်သည်။ ဒသမ ၄၅ ပစ္စတိုသေနတ်နှင့် အမ်ဝမ်းရိုင်ဖယ်ကို ထုတ်ယူလိုက်သည်။ ပစ္စတိုကို အိတ်တစ်ခုထဲတွင်ထည့်လိုက်ပြီး ရိုင်ဖယ်ကို ပခုံးတွင် လွယ်လိုက်သည်။

လေထီးအိတ်ကို ချုံပုတ်တစ်ခုထဲသို့ ပစ်လိုက်သည်။ သစ်ပင်တွင် ငြိနေသော လေထီးကိုဆွဲချသည်။ မရပါ။ သို့ဖြင့် ဒီအတိုင်းပစ်ထားခဲ့ပြီး ထိုနေရာမှ ထွက်ခွာခဲ့သည်။ ထိုအချိန်တွင် မိုးတိတ်သွားပြီဖြစ်သည်။ တိမ်တိုက်များ အကြားတွင် လဝါဝါကလေးကို တွေ့ရသည်။ လရောင်အောက်တွင် မြေလမ်းလေးတစ်ခုကို တွေ့ရ သည်။ ပြတင်းပေါက်တွင် မီးရောင်လင်းနေသည်။

သူ ခေတ္တမျှ နားနေလိုက်သည်။ ဂျက်ကက်အင်္ကျီအိတ်ထဲသို့ လက်တစ်ဖက်နှိုက်ပြီး မေဆင်ဘာလင်ချီတွင် ပေးထားသော မှတ်ပုံတင်အတုများ ရှိမရှိ သေချာအောင်စမ်းကြည့်သည်။ သေချာသောအခါတွင်မှ မြေလမ်းလေးအတိုင်း ဆင်းသွားသည်။ ခြံဝင်းအတွင်းသို့ ဝင်သည်။ ပခုံးတွင် လွယ်ထားသော ရိုင်ဖယ်ကို အပြင်တွင် ထားခဲ့သည်။ လက်တစ်ဖက်မှာမူကား အင်္ကျီအတွင်းရှိ ပစ္စတိုကို ဆုပ်ကိုင်ထားသည်။

အိမ်တံခါးပေါက်ဆီသို့ သူလျှောက်သွားစဉ် အိမ်တွင်းမှ ခွေးတစ်ကောင်က စူးစူးဝါးဝါးဟောင်သည်။ တံခါးကို ခေါက်လိုက်သည်။ လှုပ်ရှားသံများ ကြားရသည်။ အတန်ကြာသောအခါ တံခါးအပေါ်ဘက်တစ်ခြမ်း ပွင့်သွားသည်။

မီးခိုးများအပြင်သို့ ထွက်လာသည်။ ရေနံဆီမီးအိမ်ကလေးမှ ထွက်ပေါ်နေသော အလင်းရောင်မှိန်မှိန်တွင် အဘိုးကြီးတစ်ယောက် သေနတ်ကိုင်ပြီး ရပ်နေသည်ကိုဒက်ဝေလာ တွေ့မြင်ရသည်။ ထိုလူကြီးသည် အသက်ခြောက်ဆယ် ခန့် ရှိမည်ဟု ခန့်မှန်းရသည်။ ပါးနှစ်ဘက်တွင် ချိုင့်ခွက်နေသည်။ နှုတ်ခမ်းမွေး နှင့်မုတ်ဆိတ်မွေးများ ထူလပျစ်ဖြစ်နေသည်။ သူ့ကိုယ်တွင် ဝတ်ဆင်ထားသော အဝတ်အစားများမှာလည်းဖာရာဗရပွနှင့်ဖြစ်သည်။

www.burmeseclassic.com



သူ့ဘေးတွင် အသက် ဆယ့်နှစ်နှစ်အရွယ် ကောင်ကလေးတစ်ယောက်ရှိသည်။ သူတို့နှစ်ယောက်၏ အနောက်ဘက်ရှိ မီးဖိုကြီးအနီးတွင်ကား အဘွားကြီး တစ်ယောက်သည် သစ်သားကုလားထိုင်ပေါ်တွင် ထိုင်နေသည်။

'ဘာကိစ္စလဲ'

အဘိုးကြီးက ခပ်ဆတ်ဆတ်မေးသည်။

ဒက်ဝေလာက. . .

'ကျွန်တော် သိုးကျောင်းသားတစ်ယောက်ပါ၊ ဟိုဘက်တောင်ရိုးပေါ်မှာ သွားနေရင်း မျက်စိလည်သွားပြီး မိုးချုပ်သွားပါတယ်၊ ကနေ့ည ကျွန်တော် ဒီမှာ တည်းလို့ရမလား'

အဘိုးကြီး ခေါင်းညိတ်လိုက်သည်။

'ရပါတယ်၊ တည်းနိုင်ပါတယ်၊ ကျီထဲမှာ အိပ်ပေါ့၊ မနက်ကျရင် ဂျီယော် ဂျီယိုက လမ်းလိုက်ပြလိမ့်မယ်'

အဘိုးကြီးက ကောင်လေး၏ ခေါင်းကိုပုတ်ပြီး ပြောသည်။ ကောင်က-လေးက နှာခေါင်းကို အင်္ကျီလက်ဖြင့် သုတ်လိုက်သည်။ ပါးစပ်မှမူ ဘာမျှ မပြောချေ။

အဘိုးကြီးက ဒက်ဝေလာကို သေသေချာချာကြည့်ရှုပြီးနောက်. . .

'ကျုပ်ကို အမှန်အတိုင်းပြောစမ်းပါ။ မောင်ရင်က တောင်ပေါ်က အဖွဲ့ဝင် တစ်ယောက်ပဲမဟုတ်လား'

ဒက်ဝေလာ ဘာပြန်ပြောရမည်နည်းဟု ဇဝေဇဝါဖြစ်နေသည်။ နောက်မှ. . .

'ဟုတ်ပါတယ်'

'ကျုပ်သိပါတယ်'

အဘိုးကြီး ပြုံးလိုက်သည်။ သူ၏သွားအနက်ကြီးများ ပေါ်လာသည်။

'မောင်ရင်လေး နေရာမှန်ကို ရောက်လာတာပဲ၊ ကျုပ်တို့အားလုံးဟာ မျိုးချစ်တွေပဲ'

ထို့နောက် တောင်ဘက်တံခါးတစ်ဝက်ကို ဖွင့်ပြီး ဒက်ဝေလာကို အတွင်းသို့ ဝင်စေသည်။

ယွန်ကာလေယာဉ်ကြီး ညအမှောင်ကို ထွင်းဖောက်ပြီး စစ္စလီကမ်းခြေ သို့ ရောက်ရှိသွားသော အခါတွင်ကား လေယာဉ်ပေါ်မှ လူနှစ်ယောက်အထူးပင်

www.burmeseclassic.com


တက်ကြွလှုပ်ရှားခြင်းဖြစ်ရတော့သည်။

'ဂရန်နီတိုလာ အင်ဒူကို ရောက်တော့မယ် ဗိုလ်မှူး၊ ကျွန်တော်တို့ အောင်ပြီ၊ ဒီတစ်ခေါက်တော့ ကျွန်တော်တို့ အောင်ပွဲခံနိုင်ပြီ၊ ရာခိုင်နှုန်းပြည့် အောင်ပွဲပဲ'

ကော်လင်ဆန်က အတွင်းပြောဖုန်းမှ ပြောလိုက်သည်။

'လက်စသိမ်းခါနီးမှာ ဟိုလူမိုက်လုပ်တာက လွဲရင်ပေါ့၊ ဒီသတ္တဝါ ဘာဖြစ်မယ်ဆိုတာ ဘုရားမှသိတော့မှာပဲ၊ သင်း ခုန်ချတဲ့အချိန်မှာ သတ်မှတ် ဒေသနဲ့ အများ ကြီးဝေးသွားပြီ၊ ဒီလူ ဘာတွေ မဟုတ်တာလုပ်နေလဲ မသိဘူး'

ယင်းအခိုက်မှာပင် ကော်လင်ဆန်သည် ရေဒါကို ငေးစိုက်ပြီး ကြည့်နေရာမှ အော်လိုက်သည်။

'အဖော်တွေ့နေပြီ၊ ပြဿနာပဲ'

လက်ယာဘက်တိမ်တိုက်အတွင်းမှ ယွန်ကာ လေယာဉ်တစ်စီး ထွက် ပေါ်လာသည်။ နောက်တစ်စက္ကန့်အကြာတွင် လက်ဝဲဘက်တွင် နောက်တစ်စီး ပေါ်လာပြန်သည်။

'ဗိုလ်မှူးရေ အမြီးဘက်ကိုကြည့်ပါ၊ အဲဒီမှာ တစ်ကောင် ဘယ်လို လုပ်မလဲ'

ကော်လင်ဆန်က မေးလိုက်သည်။

'အကောင်းဆုံးကတော့ ရေဒီယိုကိုဖွင့်ပြီး နားထောင်ပါ'

ဂရန့်က ပြောသည်။ ကော်လင်ဆန် ရေဒီယိုကိုဖွင့်သည်။ ခေတ္တမျှ တိတ်နေသည်။ ထို့နောက်အသံတစ်ခု ထွက်ပေါ်လာသည်။ အင်္ဂလိပ်ဘာသာဖြင့် ပြော ဆိုသည်။

'ဗိုက်မည်းကြီး၊ မင်းနဲ့ကွဲနေတာကြာပြီ၊ မင်းကို လွှန်ခဲ့တဲ့တစ်လလောက် တုန်းက အယ်လ်ဂျီးရီးယားနိုင်ငံပေါ်မှာ နောက်ဆုံးတွေ့လိုက်တယ်၊ အခုတော့ မင်းအိမ်ကို ပြန်လာပြီမဟုတ်လား၊ အဲဒီတော့ ကိုယ်တို့အားလုံးချစ်ချစ်ခင်ခင်နဲ့ မြေပြင်ကို ဆင်းကြရအောင်၊ ဩထရန်တို လေတပ်စခန်းကို ဆင်းကြမယ်'

'ကိုယ့်ဘာသာကိုယ် သွားသေကြ

ဂရန့်ကပြောလိုက်သည်။ ထို့နောက် ဒါကိုတာလေယာဉ်ဖြင့် မော်လတာမှ အပြန်တွင် လုပ်သည့်နည်းတူပင် တောင်ပံထိန်းများကို ရုတ်တရက် ချလိုက်သည်။

www.burmeseclassic.com



အမြီးဘက်တွင် ကပ်ပြီးလာသော ရန်သူ လေယာဉ်သည် လေယာဉ်ချင်း မတိုက်မိစေရန် အောက်သို့စိုက်ချလိုက်ရသည်။ ဂရန့်၏ လေယာဉ် အောက်ဘက်မှနေ၍ စိုက်ဆင်းသွားသည်။ ဂရန့်သည် သူ၏ စက်ရှိန်ကို မြှင့်တင်လိုက်ပြီး ထိုလေယာဉ်နောက်သို့လိုက်သည်။ လိုက်မီသောအခါ စက်သေနတ်ခလုတ်ကို နှိပ်သည်။ ရန်သူ့လေယာဉ်ကို ကျည်များဖောက်မှန်သည်။ ညအမှောင်ထဲတွင် မီးတောက်ကြီးဖြစ်ပေါ်လာပြီး ရန်သူ့လေယာဉ် အစိတ်စိတ်-အမွှာမွှာဖြစ်သွားသည်။

ထိုအချိန်မှာပင် ရန်သူ့လေယာဉ်တစ်စင်းသည် အမြီးဘက်သို့ ရောက်ရှိလာပြီး ပစ်ခတ်သဖြင့် ဂရန့်တို့၏ လေယာဉ်တုန်ခါသွားသည်။ ဂရန့်သည် နှစ်ပေါင်းများစွာ တိုက်ပွဲဝင်ခဲ့သည်။ အတွေ့အကြုံအရ လေယာဉ်ကို တွန့်လိမ်ကာမောင်းပြီး တိမ်တိုက်တစ်ခုအတွင်းသို့ ရောက်ရှိသွားသည်။

'အခြေအနေ ဘယ်လိုလဲ'

သူ မေးလိုက်သည်။

'နောက်ဘက်မှာတော့ တော်တော်ကလေး ရှုပ်သွားတယ်၊ ကိုယ်ထည်မှာ အပေါက်တစ်ပေါက်ပေါက်သွားတယ်၊ သိပ်မကြီးပါဘူး၊ ကားတစ်စီးဝင်သာရုံ လောက်ပဲ'

ကော်လင်ဆန်က ပြန်ပြောသည်။

ကျည်ဆန်များထိမှန်သဖြင့် သူတို့လေယာဉ်တုန်ခါသွားပြန်သည်။

ဂရန့်က. . .

'ကိုယ် ပင်လယ်ရေပြင်ရောက်အောင်မောင်းမယ်၊ သတိထားပြီးနေပါ၊ ဒီကောင်တွေ လေယာဉ်ပျံဘယ်လောက်မောင်းတတ်သလဲဆိုတာ ကြည့်ကြရအောင်'

ဂရန့်သည် ပေတစ်ထောင်အမြင့်တွင် တိမ်တိုက်တစ်ခုမှထွက်ပြီး တည့်တည့်ကြီးပျံသန်းသည်။ ယင်းသို့ ပျံသန်းရသည်မှာ အန္တရာယ်ကြီးသည်။ အကြောင်းမှာ အလင်းရောင်ဟူ၍ တစ်ခါတစ်ရံ တိမ်တိုက်ကြားထဲမှ ထွက်ပေါ်လာသော လရောင်လဲ့လဲ့သာရှိသည်။ ပင်လယ်ပြင်ထက်တွင် လေထန်လှသဖြင့် လှိုင်းလုံးကြီးများသည် ပေလေးဆယ်ကျော်မျှ မြင့်တက်နေကြသည်။

ရန်သူ လေယာဉ်နှစ်စီးသည် အန္တရာယ်ကြီးမားသော ပျံသန်းမှု အခြေအနေမှာပင် ထက်ကြပ်မကွာ လိုက်ပါပြီး ပစ်ခတ်လျက်ရှိကြသည်။

www.burmeseclassic.com



သူတို့လေယာဉ်သည် ကျည်ဆန်များထိမှန်သဖြင့် မကြာခဏဆိုသလို သိမ့်သိမ့်ခါ သွားသည်။

တစ်နာရီ မိုင်လေးရာနှုန်းဖြင့် မောင်းနှင်လာသည်မှာ နာရီဝက်မျှ ရှိသွားပေပြီ။ လေယာဉ်စက်မှာ ပူလောင်လျက်ရှိသည်။ လောင်စာဆီများလည်း ကုန်ခမ်းစ ပြုချေပြီ။ သည်အတိုင်းအကြာကြီး ဆက်မမောင်းနိုင်တော့ပါ။ သည်အချိန်မှာပင် စက်သေနတ်ကျည်ဆန်များ သူ့ရှေ့မှ လေကာမှန်ကို ဖောက်ဝင်လာကြသည်။ သူ၏ ဘယ်ဘက်လက်မောင်း ကျည်ထိသည်။ ယာဘက်ခြေထောက်ကိုလည်း ထိမှန်သည်။

သူ၏ လက်ချောင်းများတွင် သွေးများ စွန်းထင်လျက်ရှိသည်။ ထိုစဉ်မှာပင် လက်ဝဲဘက် လေယာဉ်စက် မီးလောင်သည်။ သူက ချက်ချင်းပင် မီးသတ်ဘူး ခလုတ်ကို နှိပ်သည်။ လေယာဉ်ကြီးတုံ့နှေးစပြုသည်။ အချက်ပြအိမ်မြှောင်များ လျှင်မြန်စွာ စိုက်ဆင်းကုန်ကြသည်။

ထိုစဉ်မှာပင် စောစောက လူ၏အသံ ရေဒီယိုမှ ထွက်ပေါ်လာသည်။

'ကိုယ့်လူတို့ဟာ ဘယ်သူပဲဖြစ်ဖြစ် ကံကောင်းပါစေလို့ ဆုတောင်းလိုက်တယ်၊ ကိုယ့်လူတို့နဲ့ ထိုက်တန်ပါတယ်'

'သူတို့ပြန်သွားကြပြီ ဗိုလ်မှူး၊ သူတို့ပြန်သွားကြပြီ၊ ဘာဖြစ်လို့လဲ'

ကော်လင်ဆန် ဟစ်အော်ပြီး. . .

'ကိုယ်တို့ဟာ ကမ်းရိုးတန်းနဲ့ မိုင်တစ်ရာ့ငါးဆယ်ပဲ ဝေးတော့တယ်၊ သူတို့နယ်နိမိတ်ဆုံးသွားပြီ၊ သေတ္တာထဲမှာ ပတ်တီးတစ်ခုရှာခဲ့စမ်းပါ၊ ကိုယ့်ခြေထောက် မှာ ဒဏ်ရာရသွားတယ်'

ကော်လင်ဆန်သည် ကြက်ခြေနီသေတ္တာကို မွှေနှောက်ရှာဖွေသည်။

'ဗိုလ်မှူး အခြေအနေကောင်းရဲ့လား'

ဂရန့်က. . .

'လက်မောင်းမှာ ကျည်တစ်တောင့်၊ ခြေထောက်မှာ ကျည်တစ်တောင့်၊ အင်ဂျင်တစ်လုံး မီးလောင်တယ်၊ နောက် ဘာကျန်သေးသလဲ'

သူပြုံးလိုက်ပြီး. . .

'အဲဒီတော့ ဘုရားမှာသာ ဆုတောင်းပေတော့ ဗိုလ်ကြီး၊ ဒီကောင်ကြီးကို ကျုပ် ဆက်ပြီး ပျံနိုင်ဦးမလားဆိုတာ ကြည့်ကြရအောင်'

www.burmeseclassic.com

# [ ၁၀ ]

ဗယ်လိုနာ စံရိပ်သာမြေအောက်ထပ်ရှိ ရေနွေးအိုးကြီး၏ မီးဖို တံခါးပေါက်ကို ဗစ်တို ဖွင့်လိုက်သည်။ သူက စောစောကတည်းကပင် ရေနွေးအိုး မီးဖိုကြီးထဲတွင် မီးမွေးထားခဲ့သဖြင့် မီးခဲများရဲရဲတောက်နေသည်။

'ကဲ. . . . အထဲကို အားလုံးထည့်ကြပေတော့'

သူက လူစီယာနိုနှင့် ကာတာတို့ဘက်သို့လှည့်ပြီး ပြောလိုက်သည်။

သူတို့သည် လေထီးဆင်းအဝတ်အစားများ၊ လေထီးထုပ်များနှင့် အသုံး အဆောင်အိတ်များကို မီးဖိုထဲသို့ ပစ်သွင်းလိုက်ကြသည်။ ဗီဗာရာက မီးဖိုတံခါး ပိတ်ရင်း. . .

'ဟယ်ရီ ရေ . . . တွေ့ကြရတာ ဝမ်းသာတယ်'

'တကယ် ဝမ်းသာတယ်၊ လူကာနဲ့ ဘယ်တော့ တွေ့ကြရမလဲ'

'အဲဒါတော့ မပြောတတ်ဘူး ဟယ်ရီ၊ သူဘယ်မှာ ရှိတယ်ဆိုတာကို မသိဘူး၊ သူနဲ့ ပတ်သက်တဲ့ အဆက်အသွယ်ဆိုလို့ ပက်ဒရီ ဂျီအို ဗန်နီတယောက်ပဲ ကျုပ်မှာ ရှိတယ်'

'ပက်ဒရီ ဆိုတာ ဘယ်သူလဲ'

လူစီယာနိုက မေးလိုက်သည်။

'ဖရန်ဆီကင်ကျောင်းတိုက်က ဘုန်းတော်ကြီး'

www.burmeseclassic.com



BURMESE CLASSIC .com

'မာဖီးယား အဆက်အသွယ်ပဲလား'

'ဟုတ်တယ်၊ ဘုရားသခင်ကိုယ်တိုင် ကျုပ်တို့ဘက်မှာ ရှိနေတယ်'

ဗီဗာရာက ဖြေသည်။

'ခင်ဗျားပြောတာ မှန်တယ် ဗစ်တို၊ လူကာရဲ့မြေးကို ကျုပ်တို့ ဘယ်မှာ တွေ့တယ် ထင်သလဲ'

ကာတာက မေးသည်။

'ပြောပါဦး'

'လစ်ဗာပူက မယ်သီလရှင် ကျောင်းတိုက်တစ်ခုမှာ'

ဗီဗာရာ အလွန်အမင်း အံ့ဩသွားပြီး. . .

'နောက်နေတာလား'

လူစီယာနိုက. . .

'အဘိုးကြီး သဘောကျမှာပါ၊ ဘယ်သူမဆို ကိုယ့်မိသားစုထဲမှာ ဘုန်းကြီးတစ်ပါးတော့ ရှိစေချင်ကြတာပဲ၊ မာရီယာက မိန်းမဆိုတော့ သီလရှင်ပေါ့'

သူတို့ အပေါ်ထပ်သို့တက်သွားကြသည်။ ဗီဗာရာကသူတို့ကို နောက်ဖေး စင်္ကြံလမ်းမှနေပြီး မီးဖိုဆောင်ကြီး တစ်ခုအတွင်းသို့ ခေါ်ဆောင် သွားသည်။ ဧရာမ မီးဖိုကြီးပေါ်တွင် ဆားဗိတ်က မီးထည့်လျက်ရှိသည်။

မာရီယာသည် စားပွဲတွင်ရပ်လျက် ပေါင်မုန့်နှင့် ဝက်အူချောင်းများကို ဓားဖြင့် လှီးလျက်ရှိသည်။ သူမကခေါင်းတွင်ပဝါစည်းထားသည်။ သိုးမွေး ဂျက်ကက်နှင့် ဂါဝန်အနက်ကလေးဝတ်ထားသည်။ သူမကို ကြည့်ရသည်မှာ ကိုယ့်အိမ်တွင် ကိုယ်နေသည့်အလား အေးအေးဆေးဆေးပင် ဖြစ်သည်။ ရိုဆာမှာမူ မိုးကာအင်္ကျီကြီးနှင့် အဝတ်ဦးထုပ်ကို ချွတ်ပြီး မီးဖိုအနီးတွင် ကုန်းငုံ့ကာ စွပ်ပြုတ်အိုးတည်လျက် ရှိသည်။

ကာတာနှင့်အဖွဲ့ အခန်းတွင်းသို့ ဝင်ရောက်လာသောအခါ ဆားဗိတ် သည် မီးထိုးနေရာမှထရပ်လိုက်သည်။ သူလည်း ကာတာတို့ကဲ့သို့ပင် အဝတ် ဦးထုပ်ကို ဆောင်းထားသည်။ အဖာအထေးများပါသော စုတ်စုတ်ပြဲပြဲ အဝတ်အစားနှင့် ဖြစ်သည်။ သားရေဖိနပ်ကို စီးထားသည်။ သည်ဒေသမှ သိုးကျောင်းသားတစ်ဦး၊ မုဆိုးတစ်ဦးအသွင်မျိုး ဖြစ်သည်။

လူစီယာနို ခေါင်းကို ခါယမ်းလျက်. . .

www.burmeseclassic.com



'မဟုတ်သေးဘူး ကိုရင်လေး၊ ဒီအဝတ်တွေ ဝတ်ထားထာကိုပဲ ကိုရင့်ကို ကြည့်ရတာ အရက်ကြော်ငြာထဲက ဂျော်နီဝါကားနဲ့တူနေတုန်းပဲ'

ဆားဗိတ် မပြုံးနိုင်ပါ။ အကြောင်းမှာ ဒက်ဝေလာ၏ ပြဿနာက သူ့အပေါ်တွင် လေးလံစွာဖိစီးလျက်ရှိသောကြောင့် ဖြစ်သည်။

'ဗိုလ်မှူးကြီးခင်ဗျား၊ ဒက်ဝေလာကိစ္စ'

ကာတာကို သူပြောလိုက်သည်။

'အကျိုးအကြောင်း အကုန်အစင် မသိရသေးခင် ဘာမှပြောဖို့မရှိဘူး'

ကာတာက အဖြေပေးသည်။ ဗီဗာရာက. . .

'အိမ်ကိုပြန်ရောက်ရင် မေဆင်ဘလင်ချီကို ကျုပ် ဆက်သွယ်ကြည့် မယ်၊ လေယာဉ်နဲ့သူပြန်ပြီး ပါသွား မသွား သူတို့သိမှာပဲ'

ထိုနောက် သူသည် လူစီယာနို၏ပခုံးကို လက်တစ်ဖက်ဖြင့် ဖက်လိုက်ပြီး. . .

'ဒွန်ဆာဗေတို၊ လောလောဆယ်မှာတော့ ကိုယ့်လူကြီးမသေမပျောက် ပြန်ရောက်လာတဲ့ အထိမ်းအမှတ်ပွဲကလေး ဆင်နွဲကြရအောင်'

အိမ်နောက်ဘက် ဥယျာဉ်ကို ကြည့်မြင်နိုင်သော ရင်ပြင်တံခါးနှစ်ချပ် ပွင့်နေသည်။ ရင်ပြင်ဆီသို့ ဆားဗိတ် ထွက်သွားသည်။ ကာတာ နောက်မှလိုက်သွားသည်။

'ဒီကိစ္စက မောင်ရင့်အပြစ် မဟုတ်ပါဘူး'

ဆားဗိတ် ခေါင်းကိုယမ်းခါပြီး. . .

'မကောင်းဘူး ဗိုလ်မှူးကြီး၊ ကျွန်တော် အဆုံးအဖြတ်မှားတာပဲ၊ ကျွန်တော် သူ့ကိုသိတယ်လို့ ထင်မိတာပဲ'

ကာတာကသူ့ကို စီးကရက်တစ်လိပ် ပေးသည်။ ဆားဗိတ်သည် တစ်ဖက်သို့ လှည့်ပြီး မီးဖိုအနီးမှ ရှီဆာကိုကြည့်လိုက်သည်။

'ကောင်မလေး သူ့အသက် ဘယ်လောက်လောက်ရှိပြီလဲ'

'ရှီဆာလား၊ ဆယ့်ခြောက်နှစ်၊ ဆယ့်ခုနှစ်နှစ်၊ ဗီဗာရာရဲ့တူမပဲ'

'ဒီလိုကိစ္စတွေမှာပါဖို့ အင်မတန်ငယ်သေးတာပဲ'

'မငယ်ဘူး၊ သူ ကောင်းကောင်း လုပ်နိုင်တယ်၊ အဲဒါလဲ ဘာမှ အံ့ဩစရာ မရှိဘူး၊ သူက အသက်ဆယ့်သုံးနှစ်သမီးကတည်းက သူ့ဘဝသူ ကျောင်းလာခဲ့တာပဲ၊ သူ့ကို ဗီတို တွေ့တဲ့အချိန်မှာ သူဟာ ပါလာမိုမြို့က လမ်းမပေါ်မှာ

www.burmeseclassic.com



ရောက်နေတာ သုံးနှစ်ရှိနေပြီ'

သည်လိုအဖြစ်အပျက်မျိုးတွေနှင့် မနီးစပ်သော မိသားစုမှ ပေါက်ဖွားလာသော ဆားဗိတ်သည် အထူးပင်တုန်လှုပ်ချောက်ချားသွားသည်။

'သူဟာ ပြည့်တန်ဆာ တစ်ယောက်လို့ ဗိုလ်မှူးကြီးပြောတာလား'

'ဒီသဘောပဲပေါ့'

ဆာဗိတ် အတွင်းသို့ဝင်သွားပြီး မီးဖိုအနီးတွင် ထိုင်သည်။ သူမကို ငေးကြည့်နေသည်။ သို့သော် သူမက သူရှိနေသည်ကို မသိကျိုးကျွန်ပြုနေသည်။ သူမတစ်ယောက် ဇွန်းကြီးကို လှမ်းယူလိုက်သောအခါ သူမ၏အင်္ကျီ ချိုင်းပြဲနေသည်ကို ဆားဗိတ်တွေ့မြင်ရသည်။

'ဆာနေပလား'

သူမက သူ့ကိုလှည့်မကြည့်ဘဲ မေးသည်။

'ဆင်တစ်ကောင်လုံး ကုန်နိုင်တယ်'

ဟေး. . . အစ်ကိုပြောပုံကို ကျွန်မသဘောကျတယ်၊ ရောမ အီတလီပဲ၊ တကယ့်လူကြီးလူကောင်းတစ်ယောက်ပဲ'

သူမက သူ့ဘက်သို့လှည့်ပြီး ပြောသည်။

'စစ်မဖြစ်ခင်က ရောမမှာ ကိုယ်နေခဲ့ဖူးတယ်'

'ဒါပေမဲ့ အစ်ကိုက အမေရိကန် မဟုတ်လား၊ အမေရိကန်အစစ် တစ်ယောက်ပဲ မဟုတ်လား'

သူမက ပန်းကန်လုံးတစ်လုံးထဲသို့ စွပ်ပြုတ်ခပ်ထည့်ပြီး သူ့ကိုပေးရင်း မေးသည်။

'ပြောနိုင်ပါတယ်'

'နယူးယောက်ကလား'

'ဘောစတွန်'

သူမက စိတ်ပျက်သွားဟန်ဖြင့် နှာခေါင်းရှုံ့လိုက်ပြီး. . .

'အဲဒါတော့ မဟုတ်သေးဘူး၊ နယူးယောက်ကမှ တကယ့် မြို့တော်ကြီးပဲ၊ လွတ်လပ်ရေး ရုပ်တုကြီးရှိတယ်၊ အင်ပါယာစတိတ် အဆောက်အအုံကြီးရှိတယ်၊ ဦးကြီးဗီတိုက ကျွန်မကို အဲဒါတွေအကုန်လုံး ပြောပြတယ်၊ တစ်နေ့ကျရင် နယူးယောက်မှာ ကျွန်မသွားနေမယ်'

'တကယ်ပဲလား'

www.burmeseclassic.com



'စစ်ကြီးပြီးရင်ပေါ့'

စွပ်ပြုတ်က ကောင်းမွန်လှသည်။ သို့သော် ပူလွန်းသဖြင့် လျှာကျက်သွားသည်။

'စွပ်ပြုတ် ကောင်းရဲ့လား'

သူမကမေးသည်။

'သိပ်ကောင်းတယ်'

'နည်းနည်း ထပ်ယူပါဦး'

သူမက သူ့ပန်းကန်ထဲသို့ စွပ်ပြုတ်တစ်ဇွန်း ထည့်ပေးလိုက်သည်။ ထို့နောက် စားပွဲသို့သွားပြီး အခြားလူများ၏ပန်းကန်များထဲသို့ လိုက်ထည့်နေသည်။ သူမလျှောက်သွားပုံက ယိမ်းကာ နွဲ့ကာဖြစ်သည်။ သူ့ရင်မှာ လှိုက်မောနေသည်။ ဂါဝန်ကကျပ်နေသဖြင့် သူမ၏တင်သားများ တင်းမို့နေသည်။ လူစီယာနိုက သူ့ကို ကြည့်နေမှန်း သိသဖြင့် ဆားဗိတ်က မျက်နှာလွှဲလိုက်ရသည်။ ကာတာတို့ စားပွဲတွင် ထိုင်ကြသည်။ မာရီယာက ကော်ဖီအိုးကို ယူလာသည်။

ဗီဗာရာက . . .

'ကဲ. . . လုပ်ငန်းကိစ္စ ပြောကြရအောင်၊ တစ်ရက် နှစ်ရက် အတွင်း ဘုန်းတော်ကြီး ပက်ဒရီဆီက သတင်းရတဲ့ အချိန်အထိ ခင်ဗျားတို့ဒီမှာ စိတ်ချလက်ချ နေနိုင်တယ်၊ စောစောက ကျုပ်ပြောခဲ့တဲ့အတိုင်းပဲ ဒွန်အန်တိုနီယိုဆီက အဖြေဟာ သူ့ဆီကနေတစ်ဆင့် လာမှာပဲ'

'အချိန်က သိပ်အရေးကြီးတယ်၊ ဗစ်တို. . . ကျုပ်တို့ ဘယ်လောက်ကြာအောင် စောင့်ရမှာလဲ'

ကာတာက မေးသည်။

'အဲဒါတော့ ကျုပ်မသိဘူးဟယ်ရီ၊ ဒီကိစ္စက လူကာအပေါ်တည်တာပဲ၊ ကျုပ်ပြောနိုင်တာကတော့ ကျုပ်အမြဲတမ်းအဆက်အသွယ်လုပ်နေမယ်၊ ဒီမှာ ခင်ဗျားတို့ကို ကူညီဖို့ ရိုဆာကို ထားခဲ့မယ်'

'နှစ်ရက်၊ ကျုပ်တို့အတွက် အများဆုံးရတဲ့ အချိန်'

ကာတာကပြောသည်။

မာရီယာသည် တစ်စုံတစ်ရာ မစားမီတွင် ခေါင်းကိုငုံ့ပြီး ဘုရားသခင်ကို အောက်မေ့သည်။ သူမ ခေါင်းကိုမော့လိုက်သောအခါ ဗီဗာရာက. . .

www.burmeseclassic.com



'စစ္စတာ၊ စစ္စတာရဲ့အကြောင်းကို ဟယ်ရီက ပြောပြတယ်၊ ကျုပ် စိတ်မကောင်းပါဘူး၊ ကျုပ် မသိခဲ့ဘူး'

'ကိစ္စမရှိပါဘူး. . . မစ္စတာ ဗီဗာရာ'

ရှီဆာက . . .

'သူပြောတာ တကယ်ပဲလား၊ မမက သီလရှင်တစ်ယောက်ဆို'

'ဟုတ်တယ် ရှီဆာ၊ ဆေးရုံးက ဆရာမတစ်ယောက်ပဲ'

'ဩော်. . . အဲဒီလို သီလရှင်လား၊ ပါလာမိုဆေးရုံကြီးက ဆရာမမျိုးတွေပေါ့၊ အဲဒီမှာ ကျွန်မတစ်ခေါက် တက်ဖူးတယ်၊ ဆရာမတွေ အားလုံးဟာ သီလရှင်တွေပဲ'

'ညီမ ဆေးရုံတက်ဖူးတယ် ဟုတ်လား'

'ဟုတ်တယ်၊ ကျွန်မ ကလေးပျက်ကျတုန်းက'

ရှီဆာက စားပွဲကိုလှည့်ပတ်ပြီး စွပ်ပြုတ်ထည့်ပေးရင်း ပြန်ပြောသည်။

\+ \+ \+

မေဆင်ဘာလင်ချီတွင် မြူနှင်းများ ကွဲသွားပြီဖြစ်သည်။ မိုးလည်းတိတ်သွားလေပြီ၊ လေတပ်ဗိုလ်ချုပ်ကြီး ဆလုံးသည် စားပွဲတွင်ထိုင်ကာ အလုပ်လုပ်နေသည်။

တံခါးပွင့်သွားပြီး တာဝန်ကျ အရာရှိဝင်လာသည်။

'ဗိုလ်ချုပ်ကြီး ခင်ဗျာ၊ သူ ပြန်လာပြီ၊ ဆင်းလာနေပြီ'

ဗိုလ်ချုပ်ကြီး ဆလုံးသည် ရုံးခန်းထဲမှ ပြေးထွက်သွားပြီး မျှော်စင်ဆီသို့ ပြေးသည်။ လှေကားမှ ပြေးတက်သွားသည်။ သူလက်ဖြောက်တီးလိုက်ရာ တပ်ကြပ်ကြီးတစ်ယောက်က ညကြည့်မှန်ပြောင်းပေးသည်။ လရောင်ဖျော့ဖျော့တွင် ယွန်ကာလေယာဉ်ကြီးကို နှစ်မိုင်ကွာလောက်တွင် တွေ့မြင်ရသည်။

ရေဒီယိုတွင် ဟာဗေးဂရန့်၏အသံ ထွက်ပေါ်လာသည်။

'ထုံးစံအတိုင်း လုပ်နေဖို့ အချိန် မရှိတော့ဘူး၊ ဘယ်လိုမှ အခြေအနေမကောင်းတော့ဘူး'

ဆလုံးသည် မှန်ပြောင်းကို အောက်သို့ချလိုက်ပြီးနောက်. . .

'မကောင်းဘူး၊ အရေးပေါ် အစီအစဉ်တွေ အားလုံးလုပ်'

www.burmeseclassic.com



ယွန်ကာလေယာဉ်ကြီးသည် ပင်လယ်ပြင်အထက် ပေငါးရာလောက်မှ ပျံသန်းလာနေသည်။ ကွဲကြေနေသော လေကာကိုဖြတ်ပြီး လေက တိုးဝင်နေသည်။ ကော်လင်ဆန်သည် ဂရန့်၏ဘေးတွင်ထိုင်ပြီး သူ့ပခုံးကို ထိန်းကိုင်ထားသည်။

ဂရန့်၏ လက်များသည် လေယာဉ်လက်ကိုင်ပေါ်တွင် အေးစက်တောင့်တင်းလျက် ရှိချေပြီ။ သူ့ မျက်နှာပေါ်တွင်ကား အပြုံးရိပ်ထင်နေသည်။ အိမ်မြှောင်ဇယားအရဆိုလျှင် သူတို့လေယာဉ်ကြီး လောင်စာဆီ ကုန်ခဲ့သည်မှာ ဆယ့်ငါးမိနစ်ခန့်ရှိချေပြီ။

မြင်ကွင်းတွင် လေယာဉ်ကွင်းပေါ်လာသည်။ မီးတန်းနှစ်ခုကြားတွင် လေယာဉ်ပြေးလမ်းကို တွေ့မြင်ရသည်။ လက်ယာဘက်အင်ဂျင်စက်လည်း တုံ့ဆိုင်း တုံ့ဆိုင်းဖြစ်ပြီး ရပ်စပြုနေတော့သည်။

'သွားပြီ . . . ဂျိုးရေ၊ သတိထားပြီး ဘုရားတရားသာ တပေတော့'

ဂရန့်ကပြောလိုက်သည်။

လေယာဉ်ပြေးလမ်း မြောက်ဘက်ထိပ်ရှိ အုန်းပင်ထိပ်ဖျားကို ပွတ်သပ်ပြီး ဆင်းသွားသည်။ သူ၏ လက်ယာဘက်တွင် မျှော်စင်ကြီးရှိနေသည်ကို တွေ့မြင်ရသည်။ လေယာဉ်ကြီးသည် အရှိန်မရှိတော့သလောက်ပင် ဖြစ်သည်။ သူက နောက်ဆုံးအနေဖြင့်စက်ရှိန်ကို မြှင့်တင်လိုက်သည်။ အံ့သြစရာပင်၊ လေယာဉ်စက်သံသည် တဒင်္ဂမျှ ပေါ်ထွက်လာသည်။

သူ၏ သက်တမ်းတစ်လျှောက်တွင် အဆိုးရွားဆုံး ဆင်းသက်ခြင်းပင် ဖြစ်တော့သည်။ နှစ်ကြိမ်မျှ ခုန်သွားသည်။ အမြီးကြီးပတ်ချာလည်သွားသောအခါ သဲတထောင်းထောင်း ထသွားသည်။ တစ်ပတ်ပြည့်အောင်ပင် လည်သွားသည်။ သို့သော် သူတို့မြေပြင်မှာ ဆင်းသက်ခဲ့ချေပြီ။

လေယာဉ်စက်မှာလည်း ယခုအခါ လုံးဝပင် ရပ်သွားချေပြီ။ ကားဘရိတ်အုပ်သံများကို ဂရန့်ကြားရသည်။ အရေးပေါ်တပ်ဖွဲ့ဝင်များ ရောက်ရှိလာကြခြင်း ဖြစ်သည်။ ကော်လင်ဆန်က သူ့ပခုံးကို စိုးရိမ်တကြီး လှုပ်ခါလျက်ရှိသည်။ စကားပြောသံများ ကြားရသည်။ ဟစ်အော်ကြသည်။ သူ့မျက်လုံးကို ဖွင့်ကြည့်လိုက်သောအခါ သူ့ကိုယ်ပေါ်တွင် မိုးနေသော ဗိုလ်ချုပ်ကြီး ဆလုံးကို တွေ့မြင်ရသည်။

သူက ပြုံးလိုက်ပြီး . . .

**ရဟာနာခာအုပ်တိုက်**

www.burmeseclassic.com



'ကျွန်တော့်ကို အပြစ်မတင်ပါနဲ့ ဗိုလ်ချုပ်ကြီး၊ ဒီ တစ်ကြိမ်တော့ ခွင့်လွှတ်ပါ။ ကျွန်တော်က ကျွန်တော်လုပ်ခဲ့တာကလေးကို ကျွန်တော်သဘောကျလွန်းလို့ပါ'

\+ + +

လူစီယာနို ဝရန်တာသို့ ထွက်သည်။ နောက်မှ ဗီဇာရာ လိုက်ပါ လာသည်။ ရေပန်းများမှ စီးကျလာသော ရေများ၊ ရေမြောင်းထဲတွင် တသွင်သွင် စီးဆင်းနေသံများကို ကြားရသည်။

ပြတင်းပေါက်များမှ ထွက်ကျလာသော အလင်းရောင်များတွင် အိမ်နောက်ဘက်ရှိ ဟင်းသီးဟင်းရွက်ခင်းများကို တွေ့မြင်ရသည်။ မျက်စိဖြင့် မမြင်ရသော်လည်း လိမ္မော်ပင်နှင့် ဗာဒံပင်တို့၏ ရနံ့များကို သူရှူရှိုက်ရသည်။ လေညင်းကလေးတွင် အုန်းပင်များ ယိမ်းနွဲ့နေကြသည်။ ဝရန်တာ တံစက်မြိတ်မှ မိုးစက်များ တဖြောက်ဖြောက်ကျနေသည်။

လူစီယာနို သက်ပြင်းတစ်ချက် ရှူလိုက်ပြီး . . .

'ကိုယ့်စိတ်ထဲမှာ မေ့တောင်မေ့နေပြီ'

'တကယ့်စစ္စလီကိုလား' ဗီဇာရာ မေးသည်။

'အင်းပေါ့လေ၊ ကိုယ့်အမြင်ပေါ်မှာ တည်တာပေါ့'

ဝရန်တာ၏ အောက်လူသွားလမ်းကလေး၏ တစ်ဖက်ငါးကိုက်လောက် အကွာတွင် သစ်ရွက်များ လှုပ်ရှားသွားပြီး သေနတ်ပြောင်း တစ်ခု ပေါ်ထွက်လာသည်။ လူစီယာနိုက ဗီဇာရာကို ဘယ်ဘက်လက်ဖြင့် တွန်းလှဲလိုက်ပြီး ညာဘက်လက်ဖြင့် ကျောဘက်က ခါးပတ်ကြားတွင် ထိုးထားသော ဆိုလည်သေနတ်ကို ဆွဲထုတ်လိုက်သည်။ လျင်မြန်သော အရှိန်ဖြင့် နှစ်ချက်ဆင့်ပြီး ပစ်လိုက်သည်။ သစ်ပင်ကြားမှ ပစ္စတိုသေနတ် လေထဲတွင် လွင့်ထွက်သွားသည်။ လူတစ်ယောက်၏ အင့်ခနဲ အသံ ထွက်ပေါ်လာသည်။ ထို့နောက် ချုံပုတ် အကြားမှ လူတစ်ယောက်ထွက်ကျလာသည်။ မြေကြီးပေါ်တွင် လိမ့်သွားပြီး ပက်လက်ကြီး ဖြစ်သွားသည်။

လူစီယာနို ဝပ်လိုက်သည်။

'နောက်တစ်ယောက် ရှိလိမ့်ဦးမယ်'

www.burmeseclassic.com



ဗိဗာရာက လေသံဖြင့် ပြောသည်။

ဆားဗိတ်သည် အမ်ဝမ်းရိုင်ဖယ်ကို ဆွဲကိုင်ကာ ပွင့်နေသော တံခါးပေါက်မှ ပြေးထွက်လာသည်။ လက်ယာဘက် ချုံပုတ်အတွင်းမှ သေနတ်သံ တစ်ချက် ထွက်ပေါ်လာသည်။ အလှမ်းဝေးသဖြင့် သူတို့ကို ထိမှန်ခြင်း မရှိပါ။

လူစီယာနိုသည် ဟင်းရွက်ခင်းထဲသို့ ပြေးခုန်ပြီးဆင်းလိုက်သည်။ အကျ မကောင်းပါ။ လိမ့်သွားသည်။ သေနတ်သမားနှင့် ခြောက်ပေခန့်အကွာတွင် သူ မတ်တတ်ထရပ်သည်။ ထိုလူ၏လက်နှစ်ဖက်တွင် လူပါရာ သေနတ်ရှိသည်။

လူစီယာနိုက သေနတ်ဖြင့်ပစ်ရင်း ထိုလူကို ဘယ်ဘက်လက်ဖြင့် ဆွဲ ဖမ်းသည်။ ထိုလူ ဟစ်အော်သည်။ သေနတ်ကို လွှတ်ချလိုက်သည်။ ဆားဗိတ်က ရိုင်ဖယ်ဖြင့်ပစ်လိုက်ရာ ဘသားချော ချုံပုတ်ထဲသို့ ပက်လက်လန်ကျသွားသည်။

'ကျုပ်က သူ့ကို အရင်ဖမ်းတာ။ ဒါမှ သူ့ကို ကျုပ်တို့မေးလို့ရတော့ မပေါ့'

လူစီယာနိုက ပြောလိုက်သည်။

ဆားဗိတ်က သူ့ကိုငေးစိုက်ပြီးကြည့်နေသည်။ ဗိဗာရာနှင့် ကာတာ တို့ပြေးလာကြသည်။ ဆားဗိတ်ကိုကျော်လွန်ပြီး ဆယ့်ခုနစ်နှစ်အရွယ် ကောင်လေး ၏အလောင်းကို ငုံ့ကြည့်နေသော လူစီယာနို၏အနီးသို့ ရောက်ရှိသွားကြသည်။

ဗိဗာရာက သေနတ်ကို ကောက်ယူလိုက်သည်။ မာဖီးယားအဖွဲ့ဝင်များ တာဝန်ဖြင့် သတ်ဖြတ်မည့်အခါများတွင် အသုံးပြုသည့် လူပါရာသေနတ်ဖြစ်သည်။

'ကိုရင့်ကို ရည်ရွယ်တာပဲ'

ဗိဗာရာက လူစီယာနိုသို့လှည့်ပြီး ပြောလိုက်သည်။

'ကျုပ်ကို ဟုတ်လား၊ မာဖီးယားလား မဖြစ်နိုင်ဘူး'

လူစီယာနို အံ့သြစွာ ပြန်ပြောသည်။

'မာဖီးယား မဟုတ်ဘူး၊ ဟိုမှာကြည့်'

မှောက်ခုံကြီး သေဆုံးနေသူထံသို့ ဗိဗာရာ လျှောက်သွားသည်။ ထို့နောက် ခြေထောက်ဖြင့် ထိုးကန်ပြီး ထိုလူကိုလှန်လိုက်သည်။

'သူ့ကို ကျုပ်သိတယ်၊ အက်တိုရီ ရုဆိုပဲ'

ကာတာက ပြောလိုက်သည်။

'သူက ဘာလဲ'

လူစီယာနိုက မေးသည်။

www.burmeseclassic.com



ဗီဗာရာက . . .

'ခရိုင် ကော်မတီကပဲ၊ မာဖီးယားနဲ့ မိတ်ဆွေ မဟုတ်ဘူး၊ စောစောကပဲ ခင်ဗျားတို့ရောက်လာမယ့်အကြောင်းနဲ့ ခင်ဗျားတို့လာတဲ့ကိစ္စကို ကျုပ်တို့ ဆွေးနွေးကြတယ်၊ သူက ခင်ဗျားတို့ကို သဘောမကျဘူး'

'ဒါနဲ့ ကျုပ်ကိုရှင်းဖို့ ကြံစည်တာပဲလား'

'ဒီလိုမဟုတ်သေးဘူး၊ သူ့ကို တစ်ယောက်ယောက်က အသုံးချတာ ဖြစ်ရမယ်၊ သူ့ထက်လည်တဲ့ လူတစ်ယောက်ကပေါ့၊ သူတို့နှစ်ယောက်က ကိုရင်ကို သတ်လိုက်ရင် မာဖီးယားက သတ်လိုက်တဲ့ ပုံစံပဲ၊ ကိုရင်လဲ ရှင်းသွားမယ်၊ ကျုပ်တို့ အထဲမှာလဲ ရှုပ်ကျန်ခဲ့မယ်'

'အခုလို သူတို့ သေသွားတော့ကော'

ကာတာက မေးလိုက်သည်။

'လူစီယာနိုနဲ့ သူ့အဖွဲ့က အရေးကြီးတဲ့ ခရိုင်ကော်မတီတစ်ယောက်ကို သတ်ပစ်လိုက်တယ်လို့ ဖြစ်သွားမယ်၊ ဒီအခါမှာ သူတို့ဘက်က နှောင့်ယှက်မှုတွေ ဖြစ်လာမယ်၊ အဲဒီတော့ ဒီနှစ်ယောက်ကို ကျုပ်တို့ အမြန်ဆုံးမြေမြှုပ်ပစ်လိုက် ကြရင် ကောင်းမယ်'

မာရီယာသည် သူတို့ကို တိုးဖြတ်ကာ သွားပြီး သေဆုံးသူ၏ အနီးတွင် ဒူးထောက်ကာ ဆုတောင်းပတ္တနာပြုနေသည်။ ဗီဗာရာခေါင်းရှုပ်သွားဟန်ရှိသည်။ လူစီယာနိုက သူ့ခေါင်းကို ငုံ့ကာ ထားလိုက်သည်။ အခြားသူများ ဝရန်တာဆီသို့ သွားကြသည်။

'သူ့နောက်က ကြိုးကိုင်ထားတဲ့ လူကို ခင်ဗျား သိတယ်မဟုတ်လား'

'သိတယ်၊ ဘာမှ မပူနဲ့၊ သူ့ကို ကျုပ်တို့အရေးယူမယ်'

ဗီဗာရာက ပြောသည်။

'ကျုပ်တို့ အခု ဘာလုပ်ကြမလဲ'

လူစီယာနိုက မေးသည်။

ဗီဗာရာက ကာတာဘက်သို့ လှည့်လျက်. . .

'ဗိုလ်မှူးနဲ့ ကွန်တော်က ဗယ်လိုနာကို သွားပြီး အခြေအနေတွေ ဘယ်လိုရှိတယ် ကြည့်ကြရင် ကောင်းမယ်'

'ကျုပ်တို့က ဒီမှာ နေရစ်ခဲ့ကြရမှာလား'

ဗီဗာရာက ခေါင်းကို ယမ်းခါပြီး. . .

www.burmeseclassic.com



‘မဟုတ်ဘူး၊ တစ်ယောက်ယောက်က နောက်တစ်ကြိမ် ဒါမျိုးထပ်မလုပ်ဘူးလို့ မပြောနိုင်ဘူး၊ မိုရီဆိုတဲ့ အကောင်နဲ့ ကျုပ်စာရင်း မရှင်းရမချင်း စိတ်မချရဘူး၊ ရိုဆာက ကိုရင်တို့ လူစုကို ဖရန်ဆီကင် ကျောင်းတိုက်ကို ခေါ်သွားလိမ့်မယ်၊ ပက်ဒရီဂျီအိုဗန္နီက ကိုရင်တို့ကို တာဝန်ယူပြီး ထားလိမ့်မယ်၊ အဲဒီမှာဆိုရင် ကိုရင်တို့ကို ဘယ်သူမှ လက်ဖျားနဲ့ မတို့ဘူး’

ထို့နောက် ကာတာဘက်သို့လှည့်ပြီး. . .

‘ဟုတ်လား ဟယ်ရီ’

ကာတာက အခြားသူများကို ကြည့်လိုက်ပြီးနောက် ခေါင်းကို ညိတ်လိုက်သည်။

‘ကျုပ်တို့မှာ ဒီနည်းကလွဲလို့ တခြားနည်းလဲ မရှိတော့ဘူး’

‘ဟုတ်ပြီ၊ အဲဒီလိုဆိုရင် ကျုပ်တို့ဒီအလောင်းတွေကို မြှုပ်ပြီးသွားကြစို့’

ဗီဗာရာက ပြောလိုက်သည်။

\+ + +

လူစီယာနိုသည် စားပွဲတွင်ထိုင်ပြီး ဆုံလည်သေနတ်ကို ကျည်ထပ်ဖြည့်နေသည်။ ယင်းသေနတ်မှာ အက်ဘေးစခန်း သေနတ်ပစ်ကွင်းတွင် သူ အသုံးပြုခဲ့သော ဒသမ၃၂ စမစ်နှင့် ဝက်ဆင်သေနတ်ကလေးပင် ဖြစ်သည်။

သူ့နောက်သို့ ကာတာရောက်ရှိလာပြီး . . .

‘ဒီဥစ္စာ ခင်ဗျား ဘယ်ကရသလဲ’

‘လက်နက်တိုက်မှူးနဲ့ အပေးအယူ လုပ်ရတာပေါ့၊ ဒီလူက အင်မတန် လိုက်လျောပါတယ်’

လူစီယာနိုက အသံတိတ်ကိရိယာကလေးကို အိတ်ထဲမှထုတ်ယူ လိုက်သည်။ ထို့နောက် သေနတ်ကလေးကို နောက်ကျောဘက်ခါးကြားတွင် ပြန်ထိုးထားလိုက်သည်။

ဆားဗိတ်သည် ကျောပိုးအိတ်ကို သိုင်းလွယ်လိုက်ပြီးနောက် အမ်ဝမ်း သေနတ်ကို ကောက်ယူလိုက်သည်။ အိပ်ခန်းထဲမှ ရိုဆာထွက်လာသည်။ သူမက အဝတ်ဦးထုပ်နှင့်မိုးကာအင်္ကျီကြီးတို့ကို ပြန်လည်ဝတ်ဆင်ထားသည်။ မာရီယာလည်း မိုးကာအင်္ကျီဝတ်ထားသည်။ ခေါင်းတွင်မူ ပဝါစည်းထားမြဲဖြစ်သည်။

www.burmeseclassic.com



'ဟုတ်ပြီ၊ ကျုပ်တို့သွားကြစို့၊ ကျောင်းတိုက်ကို ခင်ဗျားတို့ သုံးနာရီအတွင်း ရောက်သွားကြမှာပဲ၊ လမ်းမှာဘာမှပြဿနာမရှိနိုင်ဘူး၊ မနက်ဖြန် တစ်ချိန်ချိန်မှာ ခင်ဗျားတို့ဆီကို ကျုပ်တို့ရောက်လာမယ်'

ဗီဗာရာက ပြောလိုက်သည်။ ထို့နောက် သူသည် မီးပိတ်လိုက်သည်။ သူတို့အားလုံး ဝရန်တာသို့ ထွက်သွားကြသည်။ လူစီယာနိုတို့ အဖွဲ့သာ မှောင်ထဲသို့ လျှောက်ဝင်သွားသည့်အထိ ကာတာနှင့်ဗီဗာရာတို့သည် ဝရန်တာတွင် ရပ်နေ ကြသည်။ လူစီယာနိုတို့ လူစုကို မမြင်ရသောအခါတွင်မှ ဗီဗာရာသည် ကာတာ ဘက်သို့ လှည့်လျက် . . .

'ကဲ. . . . ဟယ်ရီရေ မိုရီဆီကို သွားကြရအောင်'

ယင်းသို့ပြောပြီး လှေကားမှ သူဆင်းသွားသည်။

* * *

www.burmeseclassic.com

# [ ၁၁ ]

ပီထရို မိုရီသည် သူ့ ဇနီးကို စောစီးစွာ အိပ်ရာဝင်စေပြီးနောက် မီးဖို အနီးရှိ ပက်လက်ကုလားထိုင်တွင် ဘရန်ဒီတစ်လုံးနှင့်ထိုင်ကာ ရှုဆို၏ အပြန်ကို စောင့်ဆိုင်းလျက်ရှိသည်။ သူ့စိတ်တွင် ပူပန်ကြောင့်ကြခြင်း အလျှင်းမရှိပါ။ သည် ကိစ္စသည် ရှုဆိုနှင့်သာ ပတ်သက်ပြီး ဘာပဲဖြစ်ဖြစ် သူနှင့် ဆက်စပ်စရာ အကြောင်း မရှိပါ။ သူ၏ ပါးနပ်ပိုင်နိုင်မှုကြီးပင် ဖြစ်သည်။

သူမှေးခနဲ အိပ်ပျော်သွားသည်။ တံခါးခေါက်သံကြားမှ နိုးလာသည်။ သူထိုင်ရာမှ ထသွားပြီး တံခါးကို အနည်းငယ်ဖွင့်လိုက်ကာ. . .

'ဘယ်သူလဲ'

'ကျုပ်ပါ၊ ဗစ်တို၊ ခင်ဗျားနဲ့ စကားပြောစရာရှိလို့'

ဗီဇာရာက ပြောလိုက်သည်။

'ခဏကလေး၊ ကျုပ်တံခါးဖွင့်လိုက်မယ်'

မိုရီက တံခါးကို ဖွင့်လိုက်သည်။ ဗီဇာရာက အတွင်းသို့ဝင်သည်။

'ဘာကိစ္စလဲ'

မိုရီမေးလိုက်သည်။

'ကျုပ်အခု ရှုဆိုဆီက လာခဲ့တာပဲ၊ သူက ခင်ဗျားကို ငရဲကနေ စောင့်နေတယ်'

www.burmeseclassic.com



ဗီဟာရာက ပြောလိုက်သည်။

ထို့နောက် သူသည် မိုရီ၏ လည်ပင်းကို ဘယ်ဘက်လက်ဖြင့် ရစ်ပတ်ကာ သူ့ထံသို့ ဆွဲယူလိုက်သည်။ နှုတ်ခမ်းချင်းနမ်းလိုက်သည်။ မာဖီးယားတို့၏ သေမင်းအနမ်းပင်ဖြစ်သည်။ တစ်ချိန်တည်းမှာပင်ညာဘက်လက်တွင် ကိုင်ထားသော ဓားဖြင့် မိုရီ၏ရင်ညွှန့်ကို ထိုးစိုက်လိုက်သည်။

ပီထရို မိုရီသည် တစ်ချက်သာ ညည်းတွားပြီးနောက် အသက်ထွက်သွားသည်။ ထို့နောက် ဗီဟာရာသည် သူ့ကို ပက်လက်ကုလားထိုင်ပေါ်တွင် ပြန်သိပ်ထားလိုက်သည်။

\+ + +

ယင်းအချိန်တွင် အခြားအဖွဲ့ဝင်များသည် တောင်စောင်းတစ်ခုအတိုင်း အောက်ဘက်ရှိ တောအုပ်ဆီသို့ ဆင်းသွားလျက်ရှိကြသည်။ ရှိဆာက ရှေ့မှ ဦးဆောင်ကာ ဖြစ်သည်။ လူစီယာနိုမှာလည်း ဆာဗိတ်ကဲ့သို့ပင် ကျောတွင် ကျောပိုးအိတ်ကိုလွယ်ထားပြီး ပခုံးတစ်ဖက်တွင် အမ်ဝမ်းရိုင်ဖယ်ကို လွယ်ထားသည်။

မိုးပြန်ပြီး ရွာနေသည်။

အောက်ဘက်သစ်တောသို့ရောက်ရှိသောအခါလူစီယာနိုက မာရီယာကို. . .

'ဖြစ်လား'

'ဖြစ်ပါတယ်'

ရှိဆာက သူတို့ကို ရပ်တန့်ရန် အချက်ပြလိုက်သည်။ သူတို့အားလုံးပင် မြေပြင်တွင် ဝပ်လိုက်ကြသည်။ အုတ်တံတိုင်းနိမ့်နိမ့်ကလေးတစ်ခုကို လူစီယာနို တွေ့မြင်ရသည်။ အုတ်တံတိုင်း၏ တစ်ဖက်တွင် ကားလမ်းရှိသည်။ လမ်းတစ်ဖက်တွင် သစ်ပင်များထူထပ်စွာ ရှိနေသည်။

'ကျွန်မတို့ လမ်းကိုဖြတ်ပြီး တစ်ဖက်တောင်ပေါ်ကို တက်ကြမယ်၊ ကျောင်းတိုက်ကြီးက တောင်ကြားထိပ်က တောင်ကြီးပေါ်မှာပဲ၊ ဗယ်လိုနာရဲ့ ဟိုဘက်မှာ'

မိန်းကလေးက ပြောသည်။

'ကောင်းပြီ၊ ဖြတ်ကြမယ်'

www.burmeseclassic.com



BURMESE CLASSIC .com

လူစီယာနိုက ပြောလိုက်သည်။

အုတ်တံတိုင်းပေါ်သို့ ရိုဆာတတ်သည်။ သူမ၏ နောက်မှ ဆားဗိတ် တက်သည်။ သူက မာရီယာကို ဆွဲတင်သည်။ လမ်းကို သူတို့ ဖြတ်ကူးစဉ်မှာပင် ရုတ်တရက် ဆိုသလို ကားမီးရောင်တန်းကြီး ပေါ်ထွက်လာသည်။ သူတို့ အပေါ်သို့ အလင်းရောင်တန်းကြီး ထိုးကျသည်။

'ဟော့ ရပ်'

အီတလီလို မပီမသဖြင့် အမိန့်ပေးသံ ထွက်ပေါ်လာသည်။

ရိုဆာပြေးသည်။ အုတ်တံတိုင်းကို ကျော်တက်သည်။ တစ်ဖက်သို့ ပျောက်ဝင်သွားသည်။ သူမ၏ နောက်မှ ဆားဗိတ် လိုက်ပါသွားသည်။

လူစီယာနိုသည် ပစ္စတို သေနတ်ကို ထုတ်ပြီး နှစ်ချက်ပစ်လိုက်သည်။ မီးလုံးတစ်လုံး ကွဲသွားသည်။ ထို့နောက် အုတ်တံတိုင်းဆီသို့ ပြေးနေသော မာရီယာ၏ နောက်သို့ လိုက်သည်။

အုတ်တံတိုင်းကိုဖြတ်ကျော်စဉ်မှာ စက်သေနတ်သံ ထွက်ပေါ်လာ သည်။ ကျည်ဆန်များ အုတ်တံတိုင်းကို ထိမှန်သည်။ သူက သူမ၏ လက်ကို ဆွဲပြီး နှစ်ယောက်သားအတူ ပြေးကြသည်။ အမှောင်တွင်းသို့ ဖြတ်ပြီး သစ်ပင်များဆီသို့ ပြေးကြသည်။

တောအုပ်အတွင်းသို့ သူတို့ရောက်ရှိသွားချိန်မှာပင် စက်သေနတ်သံ ထပ်မံ ထွက်ပေါ်လာသည်။ သူတို့၏ ခေါင်းပေါ်မှ သစ်ခက်များကို ကျည်ဆန်များ ထိမှန်ကြသည်။

အုတ်တံတိုင်းကို ဖြတ်ကျော်ပြီး သူတို့ နောက်သို့ လိုက်လာသူများ၏ အော်ဟစ်သံများကို ကြားရသည်။ ၎င်းတို့သည် သေနတ်များကို အရမ်းကာရော ပစ်ခတ်လျက် ရှိကြသည်။

ကျည်ဆန် တစ်တောင့်သည် လူစီယာနို၏ ဦးထုပ်ကို ဖောက်သွား သည်။ လူစီယာနိုခေါင်းငုံ့လိုက်ပြီး မာရီယာကို မြေကြီးသို့ ဆွဲလှဲလိုက်သည်။ သူတို့ ရှေ့ဘက် တစ်နေရာတွင် ပြေးသွားနေကြသော ဆာဗိတ်နှင့်ရိုဆာတို့၏ အသံများကို ကြားရသည်။

ထိုအချိန်မှာပင် ရန်သူစစ်သားတို့၏ အသံများ အင်မတန် နီးကပ် လာသည်။ လူစီယာနိုက မာရီယာကို ဆွဲထူလိုက်ပြီး. . .

'ပြေး'

www.burmeseclassic.com



ထို့နောက် သူသည် ထင်းရှူး ပင်ပေါက်များ အကြားသို့ တအားစွတ်ပြီး ပြေးတော့သည်။ အတန်ကြာသောအခါ နောက်မှ လိုက်သူများ၏ အသံများ မကြားရတော့။ ထိုအခါ သူရပ်လိုက်သည်။

မာရီယာက. . .

'ရှီဆာနဲ့ ဗိုလ်ကြီး ဆားဗိတ်တို့ကော'

'သူတို့ဘာသာ သူတို့ လွတ်အောင် ပြေးကြပါလိမ့်မယ်'

'ကျွန်မတို့ကော ဘာလုပ်ကြမလဲ'

'တောင်ပေါ်ကို တက်ကြမယ်၊ ကျောင်းတိုက်ကြီးက တောင်ကြား ထိပ်က တောင်ထိပ်မှာလို့ ရှီဆာက ပြောထားတယ်မဟုတ်လား'

သူမ၏လက်ကို သူ ဆုပ်ကိုင်လိုက်သည်။ ချောင်းငယ်ကလေးတစ်ခုကို သူတို့ ကူးဖြတ်စဉ်တွင် မိုးသည် အပြိုးကြီးစွာ ရွာသွန်းချလေတော့သည်။

\+ + +

ဒက်ဝေလာသည် ဆိတ်သားပြုတ်၊ ဒိန်ခဲ၊ ဝိုင်အရက်တို့ဖြင့် ညစာ စားသောက်လျက်ရှိသည်။ ဝိုင်အရက်ကလေးကို သောက်လိုက်ရသောအခါ သူ အမျှားကြီး နေလို့ကောင်းသွားသည်။ သို့သော် သူသည် အထူး ပင်ပင်ပန်းပန်း နွမ်းနယ်လျက် ရှိချေသည်။ အိမ်ရှင် အဘိုးကြီးက သူ့ကို စောင်နှစ်ထည်ပေးပြီး အိမ်နောက်ဖေး စပါးကျီထဲသို့ ခေါ်သွားသည်။ ဒက်ဝေလာက သေနတ်ကို ပိုက်ပြီး လဲလျောင်းလိုက်ရာ တစ်ခဏတွင်းမှာပင် အိပ်ပျော်သွားတော့သည်။

နောက်ငါးမိနစ်ခန့် အကြာတွင် စပါးကျီ တံခါးတကျည်ကျည် မြည်ပြီး ပွင့်သွားသည်။ ဒက်ဝေလာ မှန်မှန်ကြီးဟောက်နေသည်။ အပေါက်ဝတွင် အဘိုးကြီးနှင့် ကောင်မလေးတို့ ပေါ်ထွက်လာကြသည်။ အဘိုးကြီးသည် လက်ထဲ မှ မှန်အိမ်ကို မြှောက်ပြီး ဒက်ဝေလာကို ငုံ့ကြည့်သည်။ ထို့နောက် စပါးကျီထဲမှ ပြန်ထွက်သွားပြီး တံခါးကို ပိတ်လိုက်သည်။

'ကဲ. . . . သွားတော့၊ မင်း ဘာလုပ်ရမယ်ဆိုတာ သိတယ်မဟုတ်လား'

အဘိုးကြီးက ကောင်ကလေးကိုတွန်းပြီး ပြောလိုက်သည်။

ကောင်ကလေး ခြံဝင်းကိုဖြတ်ပြီး အပြင်သို့ထွက်သွားသည်။ လမ်းပေါ် သို့ ရောက်သောအခါ ကောင်ကလေးပြေးသည်။ အဘိုးကြီးသည် ကောင်ကလေး

www.burmeseclassic.com



ပြေးသွားသည်ကို ခေတ္တမျှ ကြည့်နေပြီးနောက် အိမ်ထဲသို့ လှည့်ဝင်သွားသည်။

\+ + +

အလောင်းရုံ၏ အထက်ဘက်ရှိ အခန်းကျဉ်းကလေးတစ်ခုထဲတွင်ကား ဗစ်တိုဗီဗာရာသည် ရေဒီယို အဆက်အသွယ်ပြုလုပ်လျက်ရှိသည်။ ကာတာသည် စီးကရက် တစ်လိပ်ကို ရှိုက်ဖွာရင်း စိတ်မရှည်ဟန်ဖြင့် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက် ရှိသည်။ နောက်ဆုံးတွင် ဗီဗာရာသည် ခေါင်းမှ နားကျပ်ကို ဖြုတ်လိုက် ပြီးနောက်. . .

'လေယာဉ်ပျံကြီး ပြန်ရောက်သွားပြီ'

'ဒက်ဝေလာကော'

'သူ့သတင်းကတော့ ဗိုလ်မှူး သဘောကျမှာ မဟုတ်ဘူး၊ သူ ခုန်ဆင်းတယ်၊ ဒါပေမဲ့ အများကြီး နောက်ကျပြီးမှ ဆင်းတယ်၊ တစ်ဖက် တောင်ကြားထဲကို ရောက်သွားမယ်လို့ထင်ရတယ်'

ကာတာ ဒေါသထွက်သွားဟန်ဖြင့် . . .

'အဲဒါ အရေးကြီးတာပဲ၊ ဒက်ဝေလာ တစ်ယောက်တည်းလျှောက်သွားနေတယ်၊ သူ့ကို တစ်ခါတည်း သတ်ပစ်လိုက်ဖို့ ကောင်းတယ်၊ သူ့ကို မိသွားရင် ဘယ့်နှယ်လုပ်မလဲ'

'အဲဒါ အတွက်တော့ ကိစ္စမရှိပါဘူး၊ ကျုပ် စီစဉ်ပါ့မယ်၊ သူ့ကို အမြန်ဆုံး ရအောင် ကျုပ်တို့ရှာပါ့မယ်'

\+ + +

ဂျက်ဆားဗိတ်သည် ယမန်နှစ်တုန်းက ဂျာမန်များ သိမ်းပိုက်ထားသော ပြင်သစ်နယ်မြေတွင် ထောက်လှမ်းရေးသမားတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေစဉ် အဖမ်းခံခဲ့ရသည်။ ဂတ်စတာပိုဌာနချုပ်တွင် သုံးရက်လုံးလုံး ညှဉ်းပန်းနှိပ်စက် ခံခဲ့ရသည်။ ထို့နောက် သူ့ကို ပါရီသို့အပို့တွင် အစောင့် တစ်ယောက်ကို သတ်ပြီး ထွက်ပြေးလွတ်မြောက်ရသည်။ စပိန်နိုင်ငံသို့ရောက်သည့်အထိ ငါးရက်လုံးလုံး တောထဲတွင် ပြေးလွှားခဲ့ရသည်။

ယခုလည်း သူသည် ပြေးလွှားရပြန်ချေပြီ။

ပြန့်ကလေးတစ်ခုတွင် သူရပ်လိုက်သည်။ နောက်ဘက်သို့ ပြန်ကြည့်

www.burmeseclassic.com



သည်။ ဘာမျှမမြင်ရပါ။ သို့သော် ရန်သူများ တစ်ယောက်ကိုတစ်ယောက် လှမ်းခေါ်သည့် အသံများကိုကား အဝေးတွင် တိုးတိုးသဲ့သဲ့ ကြားရသည်။

'ကျွန်မတို့ကို သူတို့မမိနိုင်ပါဘူး၊ ဒီတောင်ပေါ်မှာ ဘယ်လိုမှ မမိနိုင်ပါဘူး'

ရှီဆာက ပြောသည်။

'မာရီယာနဲ့ လူစီယာနိုတို့ကော'

ဆားဗိတ်က မေးလိုက်သည်။

'ကျွန်မတို့ ဘာမှမတတ်နိုင်ဘူး၊ သူတို့ကုသိုလ်နဲ့သူတို့ပဲ၊ ကဲသွားကြစို့'

မိုးက စဲသွားပြန်ချေပြီ။ သို့သော် လေပြင်းတိုက်ခိုက်လျက်ရှိချေသည်။ ကောင်းကင်တွင် တိမ်တိုက်တွေ ဖုံးအုပ်လျက်ရှိသည်။ ရံဖန်ရံခါဆိုမှသာ လ,ကလေး ကို မြင်တွေ့ရသည်။

ရှီဆာသည် မတ်စောက်သော တောင်ကုန်းကို ဖြောင့်ဖြောင့်ကြီးပင် တက်သွားသည်။ နောက်ဆုံးတွင် တောင်စောင်းသည် ပကတိ မတ်မတ်ကြီးပင် ရှိနေတော့သည်။ ကျောက်တုံးများအကြားတွင် မြက်ဖုတ်များ ပေါက်ရောက်လျက် ရှိသည်။ တစ်ကြိမ်တွင် သူတို့သည် ကျောက်တုံးအလွတ်များရှိသော တောင်စောင်းတစ်ခု၏ခြေရင်းသို့ ရောက်ရှိသွားကြသည်။ ရှီဆာသည် ကျောက်တုံးများ အကြားမှ တက်သွားသည်။ ဆားဗိတ်လည်း နောက်မှလိုက်ပါရသည်။

ဆားဗိတ်သည် ကျောက်တုံးကြီးတစ်တုံးကို အားပြုပြီး တက်လိုက်သည်။ ထိုကျောက်တုံးကြီးသည် တောင်စောင်းမှ ပြုတ်ထွက်သွားပြီး အောက်ဘက်သို့ အရှိန်ပြင်းစွာဖြင့် ကျဆင်းသွားသည်။ ယင်း၏ကျသံက ပဲ့တင်ထပ်သွားသည်။

ရှီဆာက သူ့ကိုငုံ့ကြည့်လျက်. . .

'အစ်ကို. . . ဘာမှ မဖြစ်ဘူးနော်'

'မဖြစ်ပါဘူး'

'ဒါဖြင့် ဆက်ပြီးတက်ကြရအောင်'

အတန်ကြာသောအခါ တောင်စောင်းသည် ပြေပြေကြီးဖြစ်သွားသည်။ ကျယ်ပြန့်သော တောင်ပေါ်ပြန့်တစ်ခုပင်ဖြစ်သည်။ ဆားဗိတ်သည် အောက်ဘက်ရှိ ချောက်ကြီးကိုပြန်ပြီးကြည့်လိုက်သည်။သို့သော် ဘာမျှမမြင်ရပါ။ အရှိန်ပြင်းထန်သော လေကသာ သူ့မျက်နှာကို တိုးဝှေ့လျက်ရှိသည်။

www.burmeseclassic.com



BURMESE CLASSIC .com

သူ့နံဘေးသို့ ရှိဆာရောက်ရှိလာသည်။

'ဘယ်ကိုသွားမလဲ'

ဆားဗိတ်က မေးလိုက်သည်။

ရှိဆာက ပြန့်၏တစ်ဖက်ထိပ်တွင်ရှိနေသော ကျောက်ကမ်းပါးယံတစ်ခုကို လက်ညှိုးထိုးပြလိုက်သည်။

'အဲဒါကြီးက တက်လို့ရပါမလား'

'ရပါတယ်'

သူတို့သည် ကျောက်တုံးများအကြားမှ ဖြတ်သန်းပြီး သွားကြသည်။ ကျောက်ကမ်းပါးကြီးခြေရင်းသို့ ရောက်ရှိသောအခါ တကယ့်ကို မတ်မတ်စောက်စောက်ကြီး ဖြစ်သည်ကို ဆားဗိတ်တွေ့ရှိရသည်။ သို့သော် ကျောက်ကမ်းပါးယံကြီးတွင် ကျောက်စွန်းများ၊ အကွဲအအက်များ ရှိသည်ကိုတွေ့ရသည်။

'ဆိတ်ကျောင်းတဲ့ ကောင်ကလေးတွေ ဒီက တက်ကြတာပဲ'

မိန်းကလေးက ပြောသည်။

ဆားဗိတ်သည် သူ၏ပါးစပ်ကို လက်တစ်ဖက်ဖြင့် ပွတ်သပ်လိုက်မိ သည်။ သူ၏အာခေါင်များ ခြောက်သွေ့လျက်ရှိသည်။ သူ့ကိုယ်တွင် ကြောက်စိတ်လွှမ်းလာသည်။ သူက ငယ်ငယ်ကလေးတည်းက အမြင့်ကိုကြောက်သည်။ သူသည် ကြီးမားသော အန္တရာယ်အသွယ်သွယ်တို့ကို ရဲရင့်စွာ ရင်ဆိုင်ခဲ့ဖူးသည်။ လက်တစ်ကမ်း တိုက်ပွဲများတွင် လူပေါင်းများစွာကို သတ်ခဲဖူးသည်။ သို့သော် တစ်ကြိမ်တစ်ခါမျှ မျက်လုံးများကို ဖွင့်ပြီး လေယာဉ်ပျံပေါ်မှ ခုန်ဆင်းခဲ့ဖူးသည် မရှိပါ။ စကော့တလန်တွင် ကွန်မန်ဒိုသင်တန်း တက်ရောက်ခဲ့စဉ်က တောင်စောင်းမှ ဆင်းရသည့် ကာလများသည် သူ့အဖို့ငရဲများပင်ဖြစ်ခဲ့သည်။

ရှိဆာ ရှေ့မှတက်သွားသည်။ သူစိတ်တင်းလိုက်ပြီး သူမ၏နောက်သို့ လိုက်ပါသည်။ လေက တဟူးဟူးတိုက်ခတ်လျက်ရှိသည်။ တောင်ထိပ်တွင် လျှပ်နွယ်များပြက်ပြီး မိုးများရွာလာပြန်တော့သည်။

အောက်သို့ ငုံ့ကြည့်လျှင်လည်း ဘာမျှမမြင်ရပါ။ သူရပ်လိုက်သည်။ အသက်ရှူကို ထိန်းထားသည်။ မျက်လုံးများကို မှိတ်ထားလိုက်သည်။ မျက်လုံးများကို ပြန်ဖွင့်လိုက်သောအခါ ရှိဆာသည် သူ့ဘေးတွင် ရောက်ရှိနေသည်။

'အစ်ကို ဘယ့်နှယ်လဲ၊ အခြေအနေ ကောင်းရဲ့လား'

www.burmeseclassic.com



BURMESE CLASSIC .com

'ကောင်းပါတယ်'

ထိုအခါ ကောင်မလေး ဆက်ပြီးတက်သည်။ ဆားဗိတ်က အသက်ပြင်းပြင်း တစ်ချက်ရှူပြီး နောက်မှလိုက်တက်သည်။

\+ + +

ယူကရိန်းလူမျိုး နာဇီစစ်ဗိုလ် ဆုစလော့သည် ခြံဝင်းထဲတွင် သတိနှင့်သွားနေသည်။သူ၏ နောက်တွင် တပ်ကြပ်တစ်ယောက်နှင့် သေနတ်ကိုင်တပ်သားနှစ်ဦးပါရှိသည်။ အဘိုးကြီးနှင့်ကောင်ကလေးတို့က ကျီဝမှ စောင့်နေကြသည်။

အဘိုးကြီးတံခါးကို ဖွင့်လိုက်သည်။ အိပ်မောကျနေသော ဒက်ဝေလာ၏ အသက်ရှူသံ ပြင်းပြင်းကို ကြားရသည်။ ဆုစလော့က ခေါင်းညိတ်ပြလိုက်ရာ တပ်ကြပ်နှင့်တပ်သားနှစ်ယောက်အတွင်းသို့ ဝင်သွားကြသည်။

ဝူးဝူးဝါးဝါး ဟစ်အော်သံ ထွက်ပေါ်လာသည်။ ထိုးနှက်ရိုက်ပုတ်သံများကြားရသည်။ ထို့နောက် ဒက်ဝေလာကိုဆွဲခေါ်လာကြသည်။ သူ့ကို ဗွက်တောထဲတွင် ပစ်ချလိုက်ကြသည်။ ဒက်ဝေလာနာကျင်စွာ ညည်းညူလျက်ရှိသည်။

ဆုစလော့ ဒူးထောက်ပြီး ထိုင်လိုက်သည်။ ဒက်ဝေလာ၏ ကိုယ်တွင်ရှာဖွေသည်။ ပစ္စတို သေနတ်နှင့်မှတ်ပုံတင် အတုတို့ကို တွေ့ရှိသည်။ ဆုစလော့သည် မှတ်ပုံတင်စာရွက်များကို ခဏမျှ ကြည့်ရှုပြီး နောက် သူ့အိတ်ထဲမှ ငွေခရာကလေးကို ထုတ်ကာ ရှည်လျားစွာ တစ်ချက် မှုတ်လိုက်သည်။ ကားစက်သံများထွက်ပေါ်လာသည်။ အတန်ကြာသောအခါ ခြံဝင်းအတွင်းသို့ ကားကလေးငါးစီး ဝင်ရောက်လာသည်။ ပထမနှစ်စီးတွင် ယာဉ်မောင်းများသာ ပါရှိသည်။ သို့သော် နောက်ဆုံးအစီးတွင်ကား စက်သေနတ်များ တပ်ဆင်ထားသည့် စက်သေနတ်သမား သုံးဦး ပါရှိသည်။

တပ်ကြပ်သည် ဒက်ဝေလာ၏ ကျောပိုးအိတ်နှင့် ရိုင်ဖယ်သေနတ်တို့ကို ယူဆောင်ကာ ကျီအတွင်းမှ ထွက်လာသည်။ ဆုစလော့သည် သေနတ်ကို စိတ်ဝင်စားစွာ စစ်ဆေးကြည့်ရှုပြီးနောက် ဒက်ဝေလာကို ခြေထောက်ဖြင့်ကန်ပြီး နှိုးလိုက်သည်။

'အမေရိကန် ရိုင်ဖယ်၊ အသစ်ကျပ်ချွတ်၊ ပြီးတော့ အမေရိကန်ပစ္စတို၊ ဗိုလ်မှူးမေယာကတော့ မင်းကို တွေ့ရတဲ့အတွက် အများကြီး ဝမ်းသာမှာပဲ'

www.burmeseclassic.com



'ထို့နောက် တပ်ကြပ်ကို ခေါင်းညိတ်ပြလျက်. . .

'သူ့ကို ကားပေါ်တင်'

'ဟုတ်ကဲ့ ဗိုလ်ကြီး'

ဒက်ဝေလာ၏ လက်နှစ်ဖက်ကို ကျောဘက်တွင် လက်ထိတ်ခတ်လိုက်သည်။ ထို့နောက် ရှေ့ဆုံးမှ ကားတစီးပေါ်သို့ သူ့ကိုပစ်တင်လိုက်သည်။ ထိုကားပေါ်သို့ တပ်ကြပ်နှင့်တပ်သားနှစ်ယောက် တက်ရောက်ကြသည်။ ဆုစလော့သည် နောက်ဘက်ရှိ ကားသုံးစီးဆီသို့ လျှောက်သွားပြီးနောက် . . .

'အခြေအနေကတော့ အများကြီး စိတ်ဝင်စားစရာပဲ၊ အမေရိကန် လက်နက်အသစ်တွေနဲ့ ပြောက်ကျားတစ်ယောက်၊ အဲဒီ အဓိပ္ပာယ်က ဒီတစ်ဝိုက်မှာ မကြာခင်ကပဲ လက်နက်တွေ လေယာဉ်ပျံနဲ့ ချပေးတဲ့သဘောပဲ၊ တောင်ပေါ်က ရွာတွေကို ကင်းလှည့်ပါ။ နည်းနည်းကလေး မသင်္ကာစရာ ကောင်းရင် အဲဒီလူကို ဆွဲသာဆွဲ'

သူ နောက်ဆုတ်ပြီး ရပ်လိုက်သည်။ ကားသုံးစီး ထွက်သွားသည်။ ရှေ့ဆုံးကားဆီသို့ သူပြန်လျှောက်လာသောအခါ အဘိုးကြီးက ဦးထုပ်ကို ချွတ်လိုက်ပြီး. . .

'ကျုပ်တို့ တာဝန် ကျေပွန်ပါတယ် ဗိုလ်ကြီး'

ဆုစလော့သည် စီးကရက်တစ်လိပ်ကို မီးညှိပြီးနောက် အဘိုးကြီးကို စက်ဆုပ်ရွံ့ရှာစွာ ကြည့်ပြီး . . .

'ခင်ဗျားကြီးဟာ နည်းနည်းမှ အသုံးမကျတဲ့ အဘိုးကြီးတစ်ယောက်ပဲ၊ ဒါပေမဲ့ ဘယ်လိုလူမျိုးပဲ ဖြစ်ဖြစ် သူ့ဟာလေးနဲ့ သူတော့ အသုံးဝင်တာ ရှိသေးတာပဲ'

ထို့နောက် သူသည် အင်္ကျီအိတ်ထဲမှ ငွေစက္ကူများကို ထုတ်ယူပြီး နောက် အဘိုးကြီး၏ ခြေထောက်ဆီသို့ ပစ်ပေါက်လိုက်သည်။ ထို့နောက် သူသည် ကားပေါ်တက်ပြီး ယာဉ်မောင်းသူကို ခေါင်းညိတ်ပြလိုက်သည်။ ချက်ချင်းပင် ကားထွက်သွားသည်။

အဘိုးကြီးသည် ရွှံ့ဗွက်ထဲမှ ငွေစက္ကူများကို ကောက်ယူပြီးနောက် ထိုနေရာတွင် ရပ်နေသည်။ ကားသံများ အဝေးတွင် ပျောက်သွားသောအခါတွင်မှ ကောင်လေး၏ ခေါင်းကိုလက်ဖြင့် ပုတ်ပြီးနောက် အတွင်းသို့ ဝင်သွားသည်။

\+ + +

www.burmeseclassic.com



ကျောက်ကမ်းပါးယံထိပ်သို့ ရောက်သောအခါ ဆားဗိတ်တစ်ယောက် တစ်ကိုယ်လုံး ရွှဲရွှဲစိုနေသည်။ ခိုက်ခိုက်တုန်နေသည်။ ရှိဆာက သူ့လက်ကို ဆုပ်ကိုင်လိုက်ပြီး. . .

'ရောက်ပါပြီ။ သိပ်မဝေးတော့ပါဘူး'

သို့ဖြင့် သူသည် သူမ၏ နောက်သို့ လိုက်ပါရပြန်သည်။ လေက ပြင်းထန်လှသဖြင့် ခေါင်းကိုငုံ့စိုက်ပြီး လျှောက်ရသည်။ လေထဲတွင် လွင့်ပါသွားမည်လား ထင်ရသည်။ မြက်တောထဲကို ဖြတ်ပြီး သွားရသည်။ ရှေ့ဘက်တွင် ကျောက်ကမ်းပါးယံ အမြင့်ကြီးတစ်ခုကို တွေ့ရပြန်သည်။ ရုတ်တရက် ဆိုသလို လေတိုက်ခြင်း ရပ်သွားသည်။

'အစ်ကိုရေ ခေါင်းငုံ့'

ရှိဆာက ပြောသည်။

ဆားဗိတ်သည် အမှောင်ထဲတွင် လက်တစ်ဖက် ဆန့်တန်းပြီး စမ်းလိုက်သည်။ ကျောက်နံရံတစ်ခုကို စမ်းမိသည်။

မီးခြစ်ဆံတစ်ခုလင်းလာသည်။ မလှမ်းမကမ်းတွင် ရပ်နေသော ရှိဆာကို တွေ့ရသည်။ သူမသည် မီးခြစ်ဆံကို ခေါင်းပေါ်တွင် မြှောက်ပြီး တစ်စုံတစ်ခုကို ရှာဖွေလျက်ရှိသည်။ သူတို့သည် ဂူနိမ့်နိမ့်တစ်ခုအတွင်းသို့ ရောက်ရှိနေကြသည်။ လူများ နေထိုင်ဟန်ရှိသည်။

ကျောက်တုံးများဖြင့် ပြုလုပ်ထားသော မီးဖိုထဲတွင် ထင်းတုံးများ အဆင်သင့်ရှိနေသည်။ သစ်သားစားပွဲတစ်လုံး တွေ့ရသည်။ သိုးရေများ ၊စောင်များနှင့် အိုးခွက်များရှိသည်။ မီးခြစ်ဆံငြိမ်းသွားသည်။ သူမက နောက်တစ်ဆံ ထပ်ခြစ်ပြီး စားပွဲပေါ်ရှိ မှန်အိမ်ကို ထွန်းညှိသည်။

'ဒီနေရာက ဘာလဲ'

ဆားဗိတ်ကမေးသည်။

'သိုးကျောင်းသားတွေ သူတို့လုပ်ငန်းရာသီမှာ နေတဲ့ဂူပဲ'

ဆားဗိတ်သည် ရိုင်ဖယ်ကို ချထားပြီး ကျောပိုးအိတ်ကိုဖြုတ်သည်။ သူသည် အေးလွန်းသဖြင့် တုန်နေသည်။ အချမ်းသက်သာစေရန် လက်နှစ်ဖက်ကို တင်းတင်းပိုက်ပြီး ထားသည်။ သူမက သူ၏ပါးပြင်ကို လက်တစ်ဖက်ဖြင့် စမ်းလိုက်သည်။ မိခင်တစ်ဦးက သားငယ်တစ်ဦးကိုထားသည့် ကရုဏာမျိုး သူမ၏ မျက်နှာတွင် ပေါ်လွင်လျက်ရှိသည်။

www.burmeseclassic.com



'သိပ်အေးတယ် အစ်ကို. . . အစ်ကိုတို့အရပ်မဟုတ်ဘူး၊ အစ်ကိုတို့နေနိုင်တဲ့အရပ်မျိုး မဟုတ်ဘူး'

သူမက စောင်တစ်ထည် ကောက်ယူလိုက်ပြီး . . .

'အစ်ကိုအဝတ်တွေချွတ်ပြီး ဒီစောင်နဲ့ထွေးထားပါ။ ကျွန်မ မီးမွှေးလိုက်မယ်'

မီးဖိုအနီးတွင် ရှိဆာကုန်းငုံ့လျက်ရှိသည်။ နောက်ထပ်မီးခြစ်ဆံတစ်ဆံခြစ်သည်။ သစ်ကိုင်းခြောက်များ မီးတောက်လာသည်။

သူမက မိုးကာအင်္ကျီကိုချွတ်လိုက်ပြီး ထိုနေရာတွင် ဒူးထောက်ပြီးထိုင်လိုက်သည်။ မီးဖိုထဲသို့ ထင်းချောင်းများ ထပ်ထည့်သည်။ သူမ၏အဝတ်အစားများ မိုးရွှဲရွှဲစိုနေသဖြင့် အသားနှင့်ကပ်နေသည်။ အသားနှင့်တစ်ထပ်တည်း ရှိနေသည်။

ဆားဗိတ်က သူ၏ စိုရွှဲနေသော အင်္ကျီကို ချွတ်ရင်း. . .

'မင်းကောအဝတ်မလဲဘူးလား'

'ကျွန်မတို့က နေ နေကျနေပြီ'

သူမက ဒယ်အိုးတစ်လုံးတွင် ရေထည့်ပြီး မီးဖိုပေါ်တွင် တည်လိုက်သည်။

'ညီမက ပါလာမို ကလား'

သူမက သူ့ဘက်သို့လှည့်လိုက်ပြီး. . .

'အစ်ကိုကို ဘယ်သူပြောသလဲ'

'ဗိုလ်မှူးကာတာ ပြောတယ်. . .' ဆားဗိတ်တုံ့သွားပြီး 'သူပြောတယ်၊ ညီမရဲ့ဦးလေးက ညီမကို မနှစ်က ပါလာမိုကခေါ်လာတယ်တဲ့'

သူမ၏မျက်လုံးများတွင် တစ်စုံတစ်ခုကို တွက်ဆနေဟန်ရှိသည်။ သူမ၏အကြောင်းကို သူဘယ်လောက်အထိ သိသနည်းဟု တွက်ချက်နေပုံပင်ဖြစ်သည်။ ဆားဗိတ်က အနေရအထိုင်ရခက်လာသည်။ သူမက ယင်းအဖြစ်ကိုချက်ချင်းပင် သိမြင်သွားသည်။ လှဲ့လှဲ့ကလေးပြုံးလိုက်ပြီးနောက် တစ်ဖက်သို့ပြန်လှည့်ကာ ထင်းတုံးများဖြည့်ထည့်နေသည်။

'အန်ကယ်ဗစ်တိုဆီကို ကျွန်မရောက်တာ ကိုးလရှိသွားပြီ'

ဆားဗိတ်သည် ရှပ်အင်္ကျီကို ခက်ခဲစွာချွတ်လိုက်ပြီးနောက်. . .

'ဒီမှာနေရတာ ပျော်သလား'

www.burmeseclassic.com



‘ပါလာမိုမှာထက် ပျော်သလားလို့ မေးတာလား။ ပျော်တယ်၊ အန်ကယ် ဗစ်တိုရဲ့ အသုဘ လုပ်ငန်းတွေမှာလဲ ကျွန်မကူပြီးလုပ်တယ်၊ ဆက်သား လိုတယ် ဆိုရင်လဲ ကျွန်မပဲ ပြေးတယ်’

‘ဆက်သား၊ ဟုတ်လား’

သူမက စောင်တစ်ထည်ကိုယူပြီး သူ၏ ကျောကုန်းနှင့်ပခုံးတို့ကို ပွတ်တိုက်ပေးရင်း. . .

‘ဟုတ်တယ်၊ တော်လှန်ရေး အဖွဲ့တွေကို သတင်းပို့ရတဲ့ ဆက်သားပဲ၊ ထုံးစံကတော့ ယောကျ်ားကလေးတွေ လုပ်တဲ့အလုပ်ပဲ၊ ဒါပေမဲ့ ဗစ်တိုကတော့ ကျွန်မကို ပိုပြီး သဘောကျတယ်’

သူမ၏ ရင်သားစုံက မို့မောက် တင်းအိလျက် ရှိသည်။ သူ၏ ရင်ထဲ တွင် မြီးကောင်ပေါက်ကလေးတစ်ယောက်လို ကတုန်ကယင်ဖြစ်လာသည်။

သူ၏ လက်များသည် ခါးပတ်ဆီသို့ရောက်သွားသည်။ သူမကို တွန်းလိုက်ပြီး. . .

‘တော်ပါပြီ၊ ကိုယ့်ဘာသာကို လုပ်ပါ့မယ်’

မိန်းကလေး ပြုံးပြီး ကျောက်လှာစင်တစ်ခုပေါ်သို့ လျှောက်သွားသည်။ ကျောက်စင်ပေါ်တွင် တိုလီ မိုလီတွေ ရှိသည်။ သူမက ဘူးတစ်ခုကို ကောက်ယူလိုက်ပြီး. . .

‘ကော်ဖီဘူးပဲ၊ ကြာတော့ ကြာနေပြီ၊ ဒါပေမဲ့ ကောင်းပါတယ်’

မီးဖိုအနီးသို့ သူမရောက်ရှိသွားသည်။ ဒယ်အိုးထဲတွင် ဆူနေသော ရေနွေးထဲသို့ ကော်ဖီမှုန့် ထည့်သည်။ ဆားဗိတ်သည် ဖိနပ်များကို ချွတ်ပစ်သည်။ ထို့နောက် ရွှဲရွှဲစိုနေသော ဘောင်းဘီကို ခက်ခဲစွာ ချွတ်လိုက်ပြီးနောက် သူ့ကိုယ်ကို စောင်ဖြင့် လျင်မြန်စွာပတ်လိုက်သည်။

ရိုဆာသည် သိုးရေတစ်ထည်ကို မီးဖိုအနီးတွင် ခင်းလိုက်ပြီးနောက်. .

‘အစ်ကို ဒီကိုလာ၊ ဒီမှာနွေးတယ်’

သူခေတ္တမျှ တုံ့ဆိုင်းနေသည်။ ပြီးမှ သူမပြောသည့်အတိုင်းလုပ်သည်။ သူမက သူ့ကို စောင်တစ်ထပ်ခြုံပေးသည်။ ထို့နောက် သိုးရေ နှစ်ထည်ဆင့် ခြုံသည်။ စောင်နှင့် သိုးရေများသည် ဟောင်းမြင်း ညစ်ပေနေကြသည်။ သို့သော် ဆားဗိတ် ချေးမများနိုင်ပါ။ သူတို့က နူးညံ့ပါသည်။ နွေးပါသည်။ သိုးမွေးနံ့ မွှေးပါသည်။

www.burmeseclassic.com



မိန်းကလေးသည် ဆေးလိပ်ဘူးဟောင်း တစ်ခုထဲမှ စီးကရက်တစ်လိပ်ကို ထုတ်ယူပြီး မီးညှိကာ ဆားဗိတ်အား ပေးသည်။ ပါးစပ်မှမူ ဘာမျှ မပြောချေ။ သူ၏ လက်ချောင်းများ တုန်ယင်နေသည်။ စီးကရက်က ပြင်းလှသည်။ သို့သော် သူအားရပါးရ ရှိုက်ဖွာသည်။ မိန်းကလေးကို ကျေးဇူးတင်ရသည်။

နောက်ဆုံးအကြိမ် ခွင့်ယူပြီး အိမ်ပြန်စဉ်က သူ၏မိခင် စီစဉ်သော ညစာစားပွဲကို အမှတ်မထင် သတိရမိသည်။ ညစာဝတ်စုံများနှင့်၊ ယူနီဖောင်းများနှင့် မိန်းမလှကလေးများနှင့် အစေခံများနှင့်၊ ဖယောင်းမီးကလေးများနှင့် ဖြစ်သည်။ အဲဒီမှာဂျီအန်နာပါရှိသည်။ဂျီအန်နာဗန်ဒါဆိုဂတ်။သူမက သူ၏ ငယ်ကျွမ်းဆွေကလေးပင်ဖြစ်သည်။ တစ်နေ့တွင် သူနှင့် လက်ထပ်မည့် မိန်းကလေးပင် ဖြစ်သည်။ လူကြီးတွေကလည်း သဘောတူကြသည်။

လသာဆောင်တွင် မိမိ၏ ရင်ခွင်တွင်း ရှိနေခဲ့သော ဂျီအန်နာကို ဆားဗိတ်သတိရသည်။ သူမက ယဉ်ကျေးသည်။ သိမ်မွေ့သည်။ သူမ၏ နှုတ်ခမ်းစုံ အဖူးငုံလျက်ရှိသည်။ သို့သော်သူ့အတွက်မူ မည်သည့်အကြိမ်တွင်မှ ပွင့်အာခဲ့ခြင်း မရှိပါ။

ယခုလိုမျိုးမဟုတ်ပါ၊ နည်းနည်းကလေးမှ မဟုတ်ပါ။ ခွက်တစ်ခုထဲသို့ ကုန်းငုံ့ပြီး ကော်ဖီထည့်နေသော ရိုဆာကို သူကြည့်နေသည်။ သူမ၏ အပေါ်ဘောင်းဘီ တင်းကျပ်လှသဖြင့် အောက်ခံဘောင်းဘီကလေးကို အထင်းသား မြင်တွေ့နေရသည်။

ထိုအခါ သူ့စိတ်များ နိုးကြွရတော့သည်။ သူသည် မိန်းမဘက်တွင် ဘုန်းကြီးတစ်ယောက်ဟု ဆိုရလောက်အောင်ပင် စောင့်ထိန်းခဲ့သူတစ်ဦးဖြစ်သည်။ မိန်းမများနှင့်ရောထွေးရန် အချိန်မရခဲ့ပါ။ သူက သည်စစ်ကြီးအတွင်းတွင် မိန်းမများနှင့် ကင်းကင်းရှင်းရှင်း နေရန်လည်း ဆုံးဖြတ်ထားခဲ့သည်။

မိန်းမများနှင့်ပတ်သက်၍ တုန်လှုပ်ချောက်ချားခြင်း ဖြစ်လိမ့်မည် ဟုလည်း သူ့ကိုယ်သူ တစ်ကြိမ်မျှ မထင်ခဲ့ပါ။ သူနှင့်ဆက်ဆံခဲ့ရသော အထက်တန်းလွှာမှ မိန်းကလေးများမှာလည်းသူတို့၏အပျိုရည်ဘဝကို တန်ဖိုးတစ်ခု အဖြစ် သတ်မှတ်ခဲ့ကြသည်။ တက္ကသိုလ်တွင် တွေ့ခဲ့ရသော မိန်းကလေးများကို လည်း သူနှစ်သက်ဖွယ်ရာ မဖြစ်ခဲ့ပါ။

မွန်ဖာတေးတွင် ပန်းချီဆွဲခဲ့စဉ်ကလည်း မိန်းကလေးများကို စိတ်ဝင်စားခြင်း မဖြစ်ခဲ့ပါ။ ရုပ်ရည် ချောမောပြီး ပိုက်ဆံရှိသော အမေရိကန် ပန်းချီဆရာ

www.burmeseclassic.com



တစ်ယောက်ကို စိတ်ဝင်စားသော မိန်းကလေးတွေ အများကြီးရှိပါသည်။ သို့သော် သူ့အနေနှင့် ပျော်ရွှင်ချမ်းမြေ့ခြင်း မရှိခဲ့ပါ။

ရှိဆာက သူ့ကို ကော်ဖီကြမ်းပူပူပေးသည်။ မတ်ခွက်ကြီးနှင့်ဖြစ်သည်။ ဆားဖိတ် အားရပါးရ သောက်သည်။ သူ၏ ရင်ထဲတွင် ပူနွေးသွားသည်။ သို့သော် သူ၏ လက်များက တုန်နေသည်။ သူမက သူ့ကို ငုံ့ကြည့်သည်။ သူမ၏ အဝတ် များက အသားနှင့်ကပ်နေသည်။ အငွေ့တထောင်းထောင်း ထနေသည်။ သူ၏ လက်များ အရမ်းတုန်နေသဖြင့် ကော်ဖီစက်များ မေးပေါ်သို့ ဖိတ်ကျကုန်သည်။ မိန်းကလေးက သူ့လက်မှ ကော်ဖီပန်းကန်ကို ယူလိုက်ပြီး. . .

'အစ်ကို ဖျားပြီနဲ့တူတယ်၊ အဲဒါဆိုရင် အစ်ကို ချွေးထွက်မှဖြစ်မယ်'

သူမက သူ၏ကိုယ်ပေါ်သို့ သိုးရေစောင်များ ထပ်ခြုံသည်။ ထို့နောက် ဆားဖိတ်မျက်လုံးများကို မှိတ်ထားလိုက်သည်။ ခဏအကြာမှာပင် စောင်ခြုံတွင်းသို့ မိန်းကလေးရောက်ရှိလာသည်။

မယုံကြည်နိုင်စရာပင် ဖြစ်တော့သည်။ တကယ် ဟုတ်သလို မဟုတ်သလို ဖြစ်သည်။ မနိုးတစ်ဝက် နိုးတစ်ဝက်တွင် အဆန်းတကြယ်များ ခံစားရသည်။

'အစ်ကိုရေ. . . ညီမကို နယူးယောက်ကို ခေါ်သွားနော်'

သည့်နောက် သူမ၏ တက်ကြွသောလှုပ်ရှားမှုများကို ခံစားရသည်။

* * *

# [၁၂]

လူစီယာနိုနှင့် မာရီယာတို့သည် အဆိုပါ တောလမ်းကလေးအတိုင်း နှစ်နာရီခန့် ဆက်ပြီးလိုက်သွားကြသည်။ လမ်းကလေးသည် တစ်လျှောက်လုံး လိုလိုပင် ထင်းရှူးတောများအကြားတွင် ဖြတ်သွားသည်။ တောအုပ်ထဲတွင် ဖြစ်သဖြင့် ရာသီဥတု၏ဒဏ်ကိုပြင်းထန်စွာ မခံစားရပါ။ သို့သော်လည်း တောအုပ်ထဲမှထွက်မိပြီး ကျောက်ကမ်းပါးတစ်ခုကို တက်ရသည်နှင့်တစ်ပြိုင်နက် မိုးသက်လေသည် သူတို့၏ မျက်နှာများကို ပြင်းထန်စွာ ပက်ဖျန်းတော့သည်။ သူတို့၏ ခေါင်းများကို ငုံ့ပြီး သွားရသည်။ သူမက သူ့ကို တွဲကိုင်ထားရသည်။

ကျောက်တုံးကြီးတစ်ခုဘေးတွင် သူတို့နားကြသည်။ လူစီယာနိုက. . .

'အတော်ဆိုးတာပဲ'

မာရီယာက လက်တစ်ဖက်ဖြင့် သူ့မျက်နှာကို ထိကိုင်ရင်း. . .

'ခဏကလေး၊ ကျွန်မနှာခေါင်းထဲမှာ မီးခိုးနံ့ရတယ်'

သူမပြောသည်မှာ မှန်သည်။ လူစီယာနိုသည် ကျောက်တုံးအကွယ်မှ ထွက်ပြီး အနံ့ခံသည်။ လေထဲတွင် မီးခိုးနံ့ပါရှိသည်။ မီးခိုးနံ့လာရာဘက်သို့ သူတို့ လိုက်ကြသည်။

တောင်ကုန်းကလေးတစ်ခုပေါ်သို့ သူတို့ ရောက်ရှိသွားကြသည်။ သစ်ပင်များအကြားတွင် အလင်းရောင်တစ်ခု တွေ့မြင်ရသည်။ သူတို့ကို

www.burmeseclassic.com



BURMESE CLASSIC .com

ခွေးဟောင်သည်။ ခြံဝင်းတစ်ခုအနီးသို့ သူတို့ရောက်ရှိသွားသည်။ ခြံဝင်းထဲတွင် အိမ်ကလေးတစ်လုံး ရှိသည်။ လူစီယာနိုသည် ပခုံးမှ သေနတ်ကို ဖြုတ်ပြီး မောင်းတင်လိုက်သည်။ ထို့နောက် ခြံတွင်းသို့ သူတို့ဝင်သွားကြသည်။ တံခါး အထက်ပိုင်းတစ်ခြမ်း ပွင့်လာသည်။ ယင်းမှ အလင်းရောင် ထွက်လာသည်။ လူတစ်ယောက် သေနတ်တစ်လက်ကို ကိုင်ပြီး ရပ်နေသည်။

'ဘယ်သူတွေလဲ'

ထိုလူက မေးသည်။

'ခရီးသွားတွေပါ၊ မိုးချုပ်သွားလို့ပါ၊ ဒီတစ်ည တည်းပါရစေ'

လူစီယာနိုက ဖြေသည်။

'တည်းလို့မရဘူး၊ ဒီမှာ ပြဿနာတွေဖြစ်နေတယ်'

ထိုလူသည် အသက်သုံးဆယ်ခန့်သာ ရှိဦးမည်ဖြစ်သည်။ တောင်ပေါ်-သားတစ်ဦး၏ ပုံစံအတိုင်း မုတ်ဆိတ်မွေး ထူထူမည်းမည်းဖြင့် ဖြစ်သည်။ ဆံပင်ရှည်ရှည်ပေါ်တွင် ဦးထုပ်ဖိဆောင်းထားသည်။

သူက တံခါးကို ပြန်ပိတ်မည်ပြုစဉ် လူစီယာနိုက. . .

'ကျုပ်နဲ့အတူ အမျိုးသမီးတစ်ယောက် ပါလာတယ်၊ မင်းက ဘယ်လို လူစားလဲ'

လူစီယာနို ရှေ့တစ်လှမ်းတိုးသည်။ တံခါးမှလူက သေနတ်ကို မြှောက်ချိန်လိုက်ပြီး. . .

'တည်းလို့မရဘူးလို့ ကျုပ်ပြောပြီးပြီ မဟုတ်လား၊ ရှေ့တစ်လှမ်းတိုး လာရင် ဦးနှောက်ပွင့်သွားမယ်'

'မာဖီးယားကို စိန်ခေါ်တာလား၊ လူကာကို စိန်ခေါ်တာလား'

လူစီယာနိုက မေးလိုက်သည်။

တံခါးပေါက်မှလူ ငြိမ်သွားသည်။ သူ့သေနတ်ကို ဖြည်းလေးစွာနှင့် နှိမ့်ချလိုက်ပြီး. . .

'ဒွန်ဆန်တိုနီယိုနဲ့ ဘယ်လိုပတ်သက်လို့လဲ'

လူစီယာနိုက မာရီယာကို ရှေ့သို့ထုတ်လျက်. . .

'ဒါ သူ့မြေးပဲ၊ ကျုပ်တို့ အခု ဖရန်ဆီကင် ကျောင်းတိုက်ကြီးကို အသွားပဲ'

ထိုလူ၏လက်မှ သေနတ် အောက်ဘက်သို့ လုံးလုံး စိုက်ကျသွားသည်။

www.burmeseclassic.com



BURMESE CLASSIC .com

သူတို့ဆိုင်းနေသည်။ ထိုစဉ်မှာပင် အိမ်အတွင်းဘက်မှ အမျိုးသမီးတစ်ယောက် နာကျင်စွာ အော်ဟစ်သံ ထွက်ပေါ်လာသည်။ ထိုလူ အတွင်းဘက်သို့ လျှင်မြန်စွာ ဝင်သွားသည်။

လူစီယာနိုနှင့် မာရီယာတို့သည် တံခါးပေါက်ဝတွင် ခေတ္တရပ်လိုက်ကြသည်။ မြင်ကွင်းမှာ မယုံကြည်နိုင်လောက်အောင်ပင် ရှေးကျသည်။ ကျောက်တုံးက မြေကြီးခင်း၊ မီးဖိုမှ မီးခိုးများက အိမ်ထဲတွင် လုံးနေသည်။ အိမ်ထဲတွင် ဆိတ်နှစ်ကောင် ရှိသည်။ ကလေးနှစ်ယောက်ရှိသည်။ ကလေးနှစ်ယောက်သည် မျက်လုံးကလေးများ ကလယ်ကလယ်ဖြင့် အိမ်အတွင်းဘက်တစ်နေရာသို့ ကြည့်နေကြသည်။

သစ်သားကြမ်း ခုတင်တစ်ခုပေါ်တွင် အမျိုးသမီးငယ်ငယ်တစ်ယောက် လဲလျောင်းလျက်ရှိသည်။ သူမ၏မျက်နှာတွင် ချွေးများစို့နစ်နေသည်။ ဝေဒနာတစ်ခုကို ပြင်းထန်စွာ ခံစားနေရသည်။ အဘွားကြီးတစ်ယောက်သည် မီးဖိုဘေးတွင် ခွေးခြေတစ်လုံးဖြင့် ထိုင်ပြီး ဒယ်အိုးတစ်လုံးတွင် တစ်စုံတစ်ခုကို လှော်နေသည်။ သူမ၏ မျက်နှာသည် သားရေကဲ့သို့ ရှုံ့တွနေသည်။ သူမ၏ ခေါင်းတွင် ပဝါနက်တစ်ခု စည်းထားသည်။ သူမ၏ အဝတ်အစားများမှာလည်း အနက်ပင်ဖြစ်သည်။

ခုတင်ပေါ်မှအမျိုးသမီးညည်းတွားလိုက်ပြန်သည်။ သူမ၏ ဒူးနှစ်ဖက်လုံး စောင်အောက်တွင် ဖြန့်ကားလျက်ရှိသည်။ သူမ၏ဝမ်းဗိုက်က မို့မောက်နေသည်။ မာရီယာသည် တံခါးအောက်ပိုင်းကို ဖွင့်ပြီး ဝင်သွားသည်။ လူစီယာနို နောက်မှ လိုက်ပါသွားသည်။

မာရီယာသည် အမျိုးသမီး၏ကိုယ်ပေါ်တွင် ကုန်းငုံ့လိုက်ပြီး သူမ၏ နဖူးပေါ်တွင် လက်တစ်ဖက် တင်လိုက်သည်။

လူရွယ်က. . .

'မနေ့ကတည်းက သူဗိုက်နာနေတာပဲ၊ စတြီဂါကို အခေါ်ခိုင်းထားတယ်'

စတြီဂါ ဆိုသည်မှာ နတ်ကတော် ဖြစ်သည်။ တစ်ရွာမှာ တစ်ယောက်ဆိုသလို ရှိတတ်သည်။ သူတို့က ဆေးဝါး သစ်မြစ်များရောင်းသည်။ ခေတ်နောက်ကျသော အရပ်ဒေသတွင် ၎င်းတို့သည် ဆေးဆရာဝန်များပင် ဖြစ်တော့သည်။

www.burmeseclassic.com



မာရီယာသည် အမျိုးသမီးကို စစ်ဆေးကြည့်ရှုရန်အတွက် သူမ၏ ကိုယ်ပေါ်မှ စောင်ကို ခွာလိုက်သည်။ အဘွားကြီးက ဒေါသတကြီး ကန့်ကွက်သည်။

'အဲဒါ ဘာလုပ်တာလဲ'

လူရွယ်က မာရီယာ၏ လက်ကောက်ဝတ်ကို ဆုပ်ကိုင်ဆွဲလိမ်ကာ. . .

'မင်းဘာလုပ်တာလဲ၊ ငါ့မိန်းမကို လူစိမ်းတွေရှေ့မှာ အရှက်ခွဲတာလား'

လူစီယာနိုက လူရွယ်၏ဆံပင်ကို ဆုပ်ကိုင်ကာ နောက်ဘက်သို့ ဆွဲဆောင့်လိုက်သည်။ ထို့နောက် ရိုင်ဖယ်သေနတ်ပြောင်းဖြင့် လူရွယ်၏ မေးစေ့ကို ထောက်ထားလိုက်သည်။

'မင်းနာမည် ဘယ်သူလဲ'

'ဆိုလက်ဇို'

လူရွယ် နာကျင်စွာဖြင့် ဖြေသည်။

'အေး. . . ငါပြောတာကို နားထောင်၊ ကနေ့ညမှာ မင်းကို ဘုရားသခင်မတာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဟောဒီက စစ္စတာက ဆရာမတစ်ယောက်ပဲ၊ တကယ့်ဆေးရုံကြီးက တကယ့်သူနာပြု ဆရာမတစ်ယောက်ပဲ၊ အဲဒီတော့ မင်းအသာ နောက်ဆုတ်နေ၊ သူလုပ်တာကို ကြည့်နေ၊ နို့မဟုတ်ရင် သူ့မှာ လူနာနှစ်ယောက် ဖြစ်သွားလိမ့်မယ်'

မီးဖိုဘေးမှအဘွားကြီးက ကန့်ကွက်မည်ပြုသည်။ သို့သော် ဆိုလက်ဇို က အဘွားကြီးကို လက်ကာပြလိုက်ပြီး မာရီယာဘက်ကိုလှည့်ကာ . . .

'သူပြောတာ ဟုတ်သလား'

'ဟုတ်တယ်'

မာရီယာက ခပ်ပြတ်ပြတ်ဖြေသည်။

ဆိုလက်ဇိုသည် ခေါင်းမှဦးထုပ်ကိုချွတ်ပြီး မျက်နှာကို လက်ခေါက်ဖြင့် သုတ်ပစ်လိုက်သည်၊ မာရီယာသည် ခုတင်ပေါ်ရှိ အမျိုးသမီးဘက်သို့ လှည့်လိုက်သည်။ အမျိုးသမီးသည် ယခုအခါ ငိုကြွေးလျက်ရှိသည်။ သူမ၏ခေါင်းကို ဘယ်ညာ လူးခါလျက်ရှိသည်။ မာရီယာက သူမ၏ကိုယ်ပေါ်မှ စောင်ကို ဆွဲခါလိုက်သည်။ ထို့နောက် စွန်းထင်းနေသောဂါဝန်ကို အပေါ်သို့ ပင့်တင်လိုက်သည်။

'သူဗိုက်နာနေတာ ဘယ်လောက် ကြာပြီလဲ'

'မနေ့ညကတည်းကပဲ'

www.burmeseclassic.com



မာရီယာသည် အမျိုးသမီးကို လျင်မြန်စွာ စစ်ဆေးကြည့်ရှုပြီးနောက်. . .

'မစ္စတာဆိုလက်ဖို၊ အခြေအနေကတော့ တော်တော်ဆိုးတယ်၊ ရှင့် မိန်းမ မီးမဖွားနိုင်တာကတော့ တခြားကြောင့်မဟုတ်ဘူး၊ ထုံးစံအတိုင်းဆိုရင် ကလေးဟာ ခေါင်းကနေဖွားရတယ်၊ အခုတော့ ပြောင်းပြန်ဖြစ်နေတယ်'

'ဘုရား. . . . . ဘုရား'

ဆိုလက်ဖို ညည်းတွားလိုက်သည်။ သူ့ကိုယ်ပေါ်တွင် လက်ဝါးကပ်တိုင်ခတ်လိုက်သည်။ အမျိုးသမီး ရုတ်တရက်ဟစ်အော်သည်။ သူမ၏ ဝမ်းဗိုက်သည် အပေါ်သို့ကြွတက်လာသည်။

ဆိုလက်ဖိုက. . .

'ဘုရားတရားမလို့ သူ့ကိုကယ်ပါ စစ္စတာ'

မာရီယာက သူ့လက်တဘက် မြှောက်ပြလိုက်ပြီး. . .

'စိတ်ချပါ မစ္စတာဆိုလက်ဖို၊ ဘုရားသခင်ရဲ့အတွက်ပါ၊ သူ့အတွက်ပါ၊ ကဲ. . . ရေနွေးပူပူနဲ့ အဝတ်တွေ ယူခဲ့ပါ၊ စောင်တစ်ထည်ဖြစ်ဖြစ်၊ အကျႌတစ်ထည် ဖြစ်ဖြစ် ဘာဖြစ်ဖြစ် ဆုတ်ပါ၊ တတ်နိုင်သမျှ သန့်ရှင်းပါစေ'

ဆိုလက်ဖို မီးဖိုဆီသို့ ခပ်သွက်သွက်သွားသည်။

'ဒီလိုနေရာမျိုးမှာ တတ်နိုင်သမျှ သန့်ရှင်းပါစေ ဆိုတာတော့ မင်းနောက်တာပဲ'

လူစီယာနိုက ပြောလိုက်သည်။

'ဘာပဲဖြစ်ဖြစ် အတတ်နိုင်ဆုံးတော့ ကျွန်မတို့ လုပ်ကြရမှာပေါ့၊ မစ္စတာလူစီယာနိုက အစပေါ့၊ အဲဒီတော့ ကျွန်မပြောတာ နားထောင်ပါ၊ အစ်ကို ဘာလုပ်ရမယ်ဆိုတာ ကျွန်မပြောမယ်'

\+ + +

မာရီယာသည် အမျိုးသမီး၏ကိုယ်ပေါ်တွင် ကုန်းငုံ့ကာ . . .

'အယ်လီနာ ကျွန်မပြောတာ နားလည်လား၊ ကျွန်မကို ယုံကြည်ပါ၊ ကျွန်မကို ယုံတယ်မဟုတ်လား'

အယ်လီနာဆိုလက်ဖို နွမ်းလျစွာ ခေါင်းညိတ်သည်။ မာရီယာက အယ်လီနာ၏ နဖူးမှ ချွေးများကို သုတ်ပေးလိုက်သည်။

www.burmeseclassic.com



'ကျွန်မက ညှစ်ဆိုရင် တအားကုန် ညှစ်လိုက်နော်၊ ကြားလား'

လူစီယာနိုသည် ခုတင်၏တစ်ဖက်တွင် ရေနွေးဇလုံနှင့် အဝတ်စများနှင့် ရှိနေသည်။ ဆိုလက်ဇိုနှင့် အဘွားကြီးတို့သည် မီးဖိုအနီးတွင် ရပ်နေကြသည်။ အခန်းတစ်ဖက်ရှိ ကလေးတစ်ယောက်သည် ရုတ်တရက် ငိုလိုက်သည်။ ဆိုလက်ဇိုက အဘွားကြီးကို တစ်စုံတစ်ရာ တီးတိုးပြောလိုက်သောအခါ အဘွားကြီးက ထိုကလေးကို သွားချော့သည်။

မာရီယာ လုပ်ငန်းစတင်သည်။ အယ်လီနာ၏ ကိုယ်တွင်းသို့ ညင်သာစွာ စမ်းသပ်သည်။ ပထမဆုံးပြဿနာက ခြေထောက်နှစ်ဖက်ကို အပြင် ရောက်ရှိဖို့ပင် ဖြစ်သည်။ ကလေးငယ်၏ ဒူးကောက်ကွေးကို စမ်းမိသည်။ လက်ဖြင့် ဖိလိုက်သောအခါ ခြေထောက်ကလေး ကွေးသွားသည်။ နောက် တစ်ဖက်ကိုလည်း သည်အတိုင်း ပင် ပြုလုပ်သည်။

'အယ်လီနာရေ ညှစ် ညှစ်၊ တအားညှစ်'

မာရီယာက ပြောလိုက်သည်။

မာရီယာက သူမ၏လက်များကို ဆန့်တန်းပေးလိုက်ရာ လူစီယာနိုက ရေစိုအဝတ်ဖြင့်သုတ်ပြီး ခြောက်အောင် ပြုလုပ်ပေးလိုက်သည်။ မာရီယာသည် ကလေး၏ ခြေထောက်ကို ထုတ်လိုက်ပြီး ဆွဲထုတ်သည်။ ပခုံးနှစ်ဖက် ပေါ်လာသည်အထိ ဆွဲထုတ်သည်။ ပခုံးများကို တွေ့မြင်ရလာသော်လည်း လက်နှစ်ဖက် မှာမူကား အတွင်းမှာပင် ရှိနေသည်။

မာရီယာသည် နောက်တစ်ကြိမ် ညင်သာစွာ စမ်းကြည့်ပြန်သည်။ လက်ဝဲဘက်လှည့်ပြီး လက်ညှိုးတစ်ချောင်းကို တံတောင်ဆစ်တွင် ချိတ်လိုက်သည်။ ထို့နောက် လက်ကလေးကို ဆွဲထုတ်သည်။ တစ်ခဏမျှကြာသောအခါ အခြား လက်တစ်ဖက်လည်း အပြင်သို့ ရောက်ရှိလာသည်။

အယ်လီနာသည် တိရစ္ဆာန်တစ်ကောင်လို ဟောဟဲလိုက်နေသည်။ မျက်နှာကြက်ကို ငေးစိုက်ပြီး ကြည့်နေသည်။ သူမ၏ မျက်နှာသည် နာကျင်မှုကြောင့် ရှုံ့မဲ့လျက်ရှိသည်။

'အခြေအနေ ဘယ့်နှယ်လဲ'

လူစီယာနိုက တိုးညင်းစွာ မေးလိုက်သည်။

'အခုအထိတော့ အခြေအနေကောင်းပါတယ်၊ ဒါပေမဲ့ ခေါင်းကို ထုတ်ရတာကတော့ အန္တရာယ် အများဆုံးအပိုင်းပဲ'

www.burmeseclassic.com



မာရီယာသည် သက်ပြင်းတစ်ချက် ရှူလိုက်သည်။ ထို့နောက် သူမ သင်ကြားခဲ့သော အတတ်ပညာများ အားလုံးကို ပြန်လည်ဆင်ခြင်သည်။ အရေးအကြီးဆုံးက ကလေး၏ ဦးခေါင်းကို ဖြည်းဖြည်းမှန်မှန် ထုတ်နိုင်ရန် ပင်ဖြစ်သည်။ သူမ၏ လက်ယာဘက်လက်ကို ကလေး၏အောက်တွင် ခံလိုက သည်။ လက်ချောင်းတစ်ချောင်းကို ကလေး၏ ပါးစပ်ထဲသို့ ထည့်လိုက်သည်။

သူမ၏ အခြားလက်တစ်ဖက်က ကလေး၏ လည်ကုပ်ပေါ်တွင် ဖြစ်သည်။ လက်ချောင်းများကို ဖြန့်လိုက်ပြီး တဖြည်းဖြည်းချင်း ဆွဲယူသည်။ အတော်ကြီးပင် အားစိုက်လိုက်ရသည်။ သို့သော် ရုတ်ခြည်းဆိုသလိုပင် ကလေး သည် သူမ၏ လက်ထဲသို့ ရောက်လာတော့သည်။

ကလေးငယ် အသက်မရှူပါ၊ တစ်ကိုယ်လုံး ပြာနှမ်းနေသည်။ မာရီယာ က ကလေး၏ နှာခေါင်းနှင့်ပါးစပ်တို့ကို အဝတ်ဖြင့်သုတ်လိုက်သည်။ ကလေး၏ ရင်ဘတ်ကို လက်တစ်ဖက်ဖြင့် ဖိပြီး စမ်းကြည့်သည်။

'ဘယ့်နှယ်လဲ'

လူစီယာနိုက မေးသည်။

'ကောင်းတယ်၊ နှလုံးခုန်အား ကောင်းတယ်'

မာရီယာက ကလေး၏ပါးစပ်ကို ညင်သာစွာ တေ့မှုတ်လိုက်သည်။ ရုတ်ခြည်းဆိုသလိုပင် ကလေးငယ်၏ ရင်ဘတ်ကလေးမြင့်ချည်နိမ့်ချည် ဖြစ် လာသည်။ ထို့နောက် ကလေးငိုသံထွက်ပေါ်လာတော့သည်။ တစ်ပြိုင်တည်းမှာပင် ဆိုလက်ဇိုထံမှလည်း ငိုသံထွက်ပေါ်လာသည်။

မာရီယာသည် ချက်ကြိုးကို ချည်လိုက်သည်။ ထို့နောက် မိခင်နှင့် ကလေးတို့အား နောက်ဆုံး ဆက်သွယ်ထားသည့်အရာကို ဖြတ်လိုက်သည်။

'သမီးကလေးပါ မစ္စတာ ဆိုလက်ဇို'

ယခုအခါတွင် အယ်လီနာ ငိုနေသည်။ မျက်ရည်တွေနှင့် ချွေးတွေ ရောနေသည်။ မာရီယာက ကလေးကို အနှီးဖြင့် ချည်ပတ်လိုက်သောအခါတွင်မှ ဆိုလက်ဇိုက သူ့သမီးကလေးကို ငုံ့ကြည့်သည်။

'အို. . . သိပ်လှတဲ့ သမီးကလေးပါလား၊ သူ့ကို စစ္စတာရဲ့နာမည်ပဲ ပေးရမယ်'

ယင်းသို့ပြောပြီးနောက် သူ ကျယ်လောင်စွာ ရယ်မောလိုက်သည်။ ထိန်းချုပ်ထားခဲ့ရသည်များကို ဖွင့်ထုတ်လိုက်ခြင်းပင် ဖြစ်သည်။

www.burmeseclassic.com



BURMESE CLASSIC .com

အဘွားကြီးလည်း ပြုံးနေသည်။

မာရီယာသည် သူမ၏လက်မှ သွေးများကို ဇလုံထဲတွင် ဆေးကြော လျက် ရှိသည်။

လူစီယာနိုက . . .

'မင်း သိပ်တော်တာပဲ'

'ကျေးဇူးတင်ပါတယ် မစ္စတာ လူစီယာနို၊ ရေနွေးနည်းနည်းရဦးမလား'

ထို့နောက် သူမသည် အယ်လီနာ၏ ဝမ်းဗိုက်နှင့် ပေါင်တို့ကို ဆေးကြော သုတ်သင်ပေးသည်။ လူစီယာနို တံခါးပေါက်ဆီသို့ လျှောက်သွားပြီး ရေဇလုံကို သွန်ပစ်လိုက်သည်။ ထို့နောက် စီးကရက်တစ်လိပ်ကို မီးညှိသည်။ တံခါးဘောင်ကိုမှီပြီး အပြင်ဘက်တွင် ရွာနေသောမိုးကို ငေးစိုက်ပြီး ကြည့်နေသည်။

သူ့နံဘေးသို့ ဆိုလက်ဇို ပုလင်းတစ်လုံးဖြင့် ရောက်ရှိလာသည်။

'သောက်လိုက်ပါဦး ညီတော်'

လူစီယာနို တစ်ကျိုက်မော့လိုက်သည်။ အပေါစား စစ္စလီကျွန်းဘရန်ဒီ ဖြစ်သည်။ လည်ချောင်းထဲတွင် ပူဆင်းသွားသည်။ ချောင်းတဟွတ်ဟွတ် ဖြစ်သွားပြီး ပုလင်းကို ပြန်ပေးလိုက်သည်။

ဆိုလက်ဇိုလည်း တစ်ကျိုက်မော့လိုက်ပြီးနောက် . . .

'စစ္စတာအကြောင်း စောစောက နောင်ကြီးပြောတာ အမှန်ပဲလား၊ သူဟာ ဒွန်အန်တိုနီယိုရဲ့ မြေးဆိုတာ တကယ်ပဲလား'

'ညီလေးက ဂိုဏ်းသားတစ်ယောက်ပဲလား'

'ဆယ့်ခုနှစ်နှစ်သား ကတည်းကပဲ၊ နောင်ကြီးကကော' ထို့နောက် သူသည် ပခုံးကိုတွန့်လိုက်ပြီးနောက် 'ဒါကိုတော့ မေးစရာမလိုပါဘူးနော်၊ နောင်ကြီးရဲ့ နာမည်ကို ကျွန်တော်သိရမလား'

'လူစီယာနို'

ဆိုလက်ဇို ပါးစပ်ပြဲသွားသည်။

'နောင်ကြီး. . . . နောင်ကြီးက လူစီယာနိုဟုတ်လား'

'အမှန်ပဲပေါ့'

ဆိုလက်ဇိုက သူ၏ယာဘက်လက်ကို ဆုပ်ကိုင်ပြီး နမ်းလိုက်သည်။

'ကယ်တင်ရှင်ကြီး ဒွန်ဆာဗေတို၊ မုန်တိုင်းကျနေတဲ့ ညတစ်ညမှာ

www.burmeseclassic.com



BURMESE CLASSIC .com

ဘုရားသခင်က ပို့လိုက်တာပဲ'

'အများကြီး ဖြစ်နိုင်ပါတယ်'

လူစီယာနိုယင်းသို့ပြောပြီးစ မိုးပေါ်သို့မော့ကြည့်လိုက်သည်။ မာရီယာက အခန်းတစ်နေရာဆီမှ သူ့ကိုကြည့်ပြီး မြေ့မြေ့ကလေး ပြုံးနေသည်။

\+ + +

ကမ္ဘာ့ရာတာဒေသ၏ ချောင်ကျသော တောင်ကြားကလေးတစ်ခု၏ မြောက်ဘက် ဆယ့်ငါးမိုင်ခန့်အကွာတွင်ကား ဒွန်အန်တိုနီယိုလူကာသည် ညစာ ကို တစ်ယောက်တည်း စားသောက်လျက်ရှိချေသည်။ အပြင်ဘက်တွင်ကား ညအမှောင်သမ်းနေပြီ ဖြစ်သည်။ ရှည်လျားသော ညှော်ခန်းကြီးသည် ကျောက်တုံး များခင်းပြီး နံရံအဖြူများ ကာထားလျက် ရှေးဆန်စွာတည်ရှိနေသော်လည်း အခန်းထောင့်တစ်နေရာတွင် မီးလင်းဖိုကြီး ရှိနေသဖြင့် နွေးချင့်စဖွယ်ပင် ဖြစ်သည်။

သူသည် ဝက်သစ်ချသား စားပွဲရှည်ကြီးထိပ်တွင် ထိုင်ပြီး သူ့ရှေ့တွင် ချထားသော ဟင်းလျာများကို တို့ကနမ်း ဆိတ်ကနမ်း စားသောက်လျက်ရှိသည်။ သူသည် ဝိုင်အရက်ပုလင်းကို လှမ်းယူလိုက်ရာ ကုန်နေသည်ကို တွေ့ရသဖြင့် လက်ကိုင်ကလိုင်ကို ခေါက်လိုက်သည်။

အခန်းတွင်းကို ဝင်လာသော အမျိုးသမီးမှာ အသက်သုံးဆယ်ထက် ကြီးပုံမရသေးသော တောင့်တောင့်တင်းတင်း ကားကားမို့မို့ဖြစ်သည်။ သူမ၏ ဆံပင်က မဟူရာညလို နက်မှောင်နေသည်။ သူမ၏အသားအရေမှာ စိမ်းဖန့်ဝင်းမွတ်သည်။ သူမ၏ မျက်လုံးများက ကြည်လင်အေးမြသည်။

'နောက်တစ်ပုလင်းယူခဲ့ပါ ကက်ထရီနာ'

သူမက ဘာမျှမပြောဘဲ ပြန်ထွက်သွားသည်။ သူသည် ဆေးပြင်းလိပ်တစ်လိပ် မီးညှိသည်။ ထိုင်ရာမှထပြီး မီးဖိုကိုထိုးဆွသည်။ သူသည် အသက်ခြောက်ဆယ့်ငါးနှစ်ရှိပြီဖြစ်သည်။ ဆံပင်နှင့်မုတ်ဆိတ်မွေးများကို သေချာစွာ တိထားသည်။ အရပ် ထောင်မောင်းသည်။ အသက်အရွယ်ကြောင့် အနည်းငယ်မျှ ကိုင်းညွတ်သည်။

ဥပဓိရုပ် ကောင်းသည်။ သူသည် တောင်ယာသမားများဝတ်သည့် အတိုင်း အဝတ်ကြမ်းများကို ဝတ်ထားသည်။ သို့တစေ သူသည် တည်ကြည်

www.burmeseclassic.com



ခန့်ညားလျက် ရှိသည်။

ကက်ထရီနာသည် ဝိုင်ပုလင်း အသစ်တစ်လုံးကိုယူပြီး ပြန်ဝင်လာသည်။

'မာရီယို ရောက်နေတယ်'

'ဟုတ်ပြီ၊ သူ့ကိုဒီကိုလွှတ်လိုက်၊ သူ့အတွက် ကော်ဖီယူခဲ့'

သူက ထင်းတုံးများကို ခြေထောက်နှင့် ကန်လျက်ရှိသည်။ တံခါးပွင့်သံကြားသောအခါတွင်မှ လှည့်ကြည့်သည်။

အခန်းတွင်းသို့ဝင်လာသူမှာ အသက်ငါးဆယ့်ငါးနှစ်ခန့်ရှိပြီ ဖြစ်သည်။ သူ့မျက်နှာက တည်ငြိမ်သည်။ သူက ပြုံးပြုံးကလေးနှင့် လူတစ်ယောက်ကို သတ်မည့် ပုံစံမျိုးဖြစ်သည်။ ကာပို၏ခိုင်းစေချက်အရ လူပေါင်းများစွာကိုလည်း သတ်ခဲ့ပြီးပြီ ဖြစ်သည်။ သူကားအခြားမဟုတ်၊ အန်တိုနီယိုလူကာ၏ ညာလက်ရုံး မာရီယိုရှီယာရာ ပင်တည်း။

'ဘယ်လိုလဲ'

လူကာမေးလိုက်သည်။

တံခါးပွင့်သွားပြန်သည်။ ကက်ထရီနာ ကော်ဖီအိုးနှင့် ဝင်လာသည်။

'သူတို့ ရောက်နေပြီ အန်တိုနီယို'

ရှီယာရာက ပြောလိုက်သည်။

'လူစီယာနိုလား'

'ဟုတ်တယ်'

'ကျုပ် မြေးရောလား၊ သူတို့ အခု ဘယ်မှာလဲ'

'လောလောဆယ်တော့ ဘယ်ရောက်နေကြသလဲ မသိဘူး၊ ဗယ်လိုနာစံရိပ်သာမှာ သူတို့ နေခဲ့ကြတယ်၊ အဲဒီမှာ သူတို့ပြဿနာပေါ်တယ်'

'ဘယ်လို ပြဿနာလဲ'

ကက်ထရီနာသည် ကော်ဖီငှဲ့ နေရာမှ တန့်ရပ်သွားပြီး နားစွင့်သည်။

ရှီယာရာက . . .

'တော်လှန်ရေးလှုပ်ရှားမှုကြီးထဲမှာ မာဖီးယား ပါလာတာကို တချို့ တော်လှန်ရေးအဖွဲ့တွေက မကျေနပ်ကြဘူး၊ လူစီယာနို ရောက်လာတာကိုလဲ သူတို့ မကြိုက်ကြဘူး၊ ဒါကြောင့် လူစီယာနိုကို သူတို့ အန္တရာယ် ပေးကြတာပဲ'

'သူတို့ ဆိုတာ ဘယ်သူတွေလဲ'

www.burmeseclassic.com

BURMESE CLASSIC .com

'ဗယ်လိုနာက သိုးမွေးတဲ့ လူတစ်ယောက်ပဲ၊ ရှုဆိုတဲ့၊ ပြီးတော့ ကောင်ကလေးတစ်ယောက်၊ လူစီယာနိုက သူတို့ကို အပြတ်ရှင်းလိုက်တယ်၊ နှစ်ယောက် စလုံး သေပြီ'

'အင်း ... သူ့လက်ဟာ မကျသေးဘူးပေါ့၊ ကျုပ်မြေးရော အဲဒီမှာပဲလား'

'ဟုတ်ကဲ့'

လူကာ၏ မျက်လုံးများ တောက်လက်လာသည်။ စားပွဲပေါ်မှ ဝိုင်ပုလင်းကို လှမ်းယူသောအခါ သူ့လက်များ တုန်နေသည်။

'တောက် ...စော်ကားတာပဲ၊ လူစီယာနိုက အရေးမကြီးဘူး၊ ကျုပ်မြေးမှာ အန္တရာယ်ရှိနိုင်တယ်၊ တခြားလူတွေကော ပါသေးသလား'

သူက ဝိုင်ခွက်ကို လျှင်မြန်စွာ မော့ချလိုက်ပြီး မေးသည်။

'ပါတယ်၊ ကျောင်းဆရာ မိုရီ'

'ဒီခွေးကောင် သူ့ကို အပြတ်ရှင်းရမယ် မာရီယို'

'ကာပိုရဲ့ ကိုယ်စား ဗစ်တို ဇီဗာရာက ရှင်းလိုက်ပြီးပါပြီ'

'ကောင်းတယ်'

လူကာ ခေါင်းညိတ်လိုက်သည်။

'ဗစ်တိုက အားကိုးရတယ်၊ နောက်ပြီး ဆက်ပြောပါဦး၊ ဟို အင်္ဂလိပ်ကာတာကကော သူတို့နဲ့ ပါလာသလား'

'ဟုတ်ကဲ့ ပါလာပါတယ်'

'ကောင်းတယ်၊ ကာတာကို ကျုပ်သဘောကျတယ်' ကက်တရီနာဘက်သို့ လှည့်ပြီး 'သူလာလို့ရှိရင် ကျုပ်တို့ ဖဲကစားကြရတာပေါ့'

'အစ်ကိုကြီး သူတို့ကို တွေ့မလား'

'တွေ့မယ်၊ သူတို့ ဒီကို လာနိုင်တယ်၊ ပက်ဒရီဂျီအိုဗန္နီနဲ့ လိုအပ်တာတွေကို စီစဉ်ပါ၊ ကဲ. . . ကော်ဖီ သောက်လိုက်ဦး၊ နောက်ပြီးတော့ စစ်ကြီးရဲ့ အခြေအနေ ဘယ်လိုဖြစ်နေတယ်ဆိုတာကို ပြောစမ်းပါဦး'

\+ \+ \+

ထို့နောက်ပိုင်းတွင် ကာပိုသည် သူ၏ အိပ်ခန်းထဲတွင် ရပ်နေသည်။ အမှောင်ထဲတွင် ဖြစ်သည်။ ပြတင်းပေါက်ကို ဖွင့်ထားသည်။ တောင်တန်းကြီး၏

www.burmeseclassic.com



အထက်ဘက်တွင် လင်းလက်နေသော လျှပ်နွယ်လျှပ်ပန်းများကို ကြည့်နေသည်။ ကတ်ထရီနာသည် တစ်ဖက်ခန်းထဲမှ ဝင်လာပြီး သူ့အနီးတွင် ရပ်သည်။ သူမက ပိုးဝတ်ရုံကြီးကို ဝတ်ထားသည်။ သူ၏လက်တစ်ဖက်က သူမ၏ကိုယ်ကို သိုင်းဖက် ထားသည်။

'အစ်ကိုကြီး စိတ်ရှုပ်နေသလား'

'ဒီလိုပဲ ထင်သလား'

'အင်းပေါ့၊ မာရီယာ အတွက်ပဲပေါ့၊ သူလာတာကို အစ်ကိုကြီး ဘဝင်မကျ ဖြစ်နေတယ် မဟုတ်လား၊ ဒါပေမဲ့ သူဟာ အစ်ကိုကြီးရဲ့သွေးသား တစ်ယောက်ပဲ၊ အစ်ကိုကြီးမှာ သွေးသားဆိုလို့ သူ တစ်ယောက်တည်းရှိတယ်'

သူသက်ပြင်းချလိုက်သည်။

'မင်းနားလည်အောင် ကိုယ်ဘယ်လို ပြောရမလဲ၊ သူ ကလေးအရွယ် တုန်းက သူ့ကို ကိုယ် ချစ်တယ်၊ သူကလဲ ကိုယ့်ကို ချစ်တယ်၊ သူ့အဖေကို သူ မမြင်ဖူးဘူး၊ သူ့ဘဝမှာ ကိုယ်တစ်ယောက်တည်းရှိတယ်၊ အဲဒီလို နေတုန်းမှာ အဲဒီနေ့က အဖြစ်အပျက် ပေါ်လာတာပဲ၊ ကားထဲမှာ သူနဲ့ သူ့အမေ'

သူ အသံ ပျောက်သွားသည်။

'အို. . . . အစ်ကိုကြီးရယ်'

ကက်ထရီနာက သူ့ပခုံးပေါ်သို့ လက်တစ်ဖက် တင်လိုက်သည်။

'သူ တစ်ခါတည်း ကိုယ့်ကို ကျောခိုင်းသွားတယ်၊ ကိုယ့်ကို နာကျည်း မုန်းတီးတဲ့ စကားတွေ ပြောတယ်' သူ့ခေါင်းကို ယမ်းခါလိုက်ပြီး 'သူ အခုလာတာ ဟာ အတိတ်က နာကျည်းမှုတွေကို ပြန်ပြီး တူးဖော်တာပဲဖြစ်မယ်'

'မဟုတ်ဘူး၊ အစ်ကိုကြီး၊ အစ်ကိုကြီးကို သူ ချစ်လို့လာတာပဲ'

သူရယ်လိုက်သည်။

'အန်တိုနီယို လူကာဟာ အရူး မဟုတ်ပါဘူး၊ သူလာတာက အမေရိကန် ထိုးစစ်ကြီးအတွက် လာတာပါ၊ အမေရိကန်တွေကို ကျုပ်က မကူညီ နိုင်ဘူးဆိုလို့ သူလာတာပါ။ ကျုပ်ရဲ့သဘောထားကို ဒင်းကလေးက ပြောင်းပစ် နိုင်မယ်လို့ သူတို့ကထင်နေကြတယ်၊ ဒီကိစ္စသာ မပေါ်ခဲ့ရင် သူမလာပါဘူး'

သူပြောသည့်အသံက နာကျည်း ဆွေးမြည့်လှသည်။ ကက်ထရီနာက သူ့ဘက်သို့လှည့်ပြီး . . .

'အိပ်ကြစို့ အစ်ကိုကြီးရယ်'

www.burmeseclassic.com



'ကိုယ်လာခဲ့မယ်'

သူက သူမ၏ခေါင်းကို နမ်းလိုက်ပြီး သူမ၏ကိုယ်ကို ညင်သာစွာ တွန်းလိုက်သည်။

အပြင်ဘက်သို့ သူထွက်သွားသည်။

မိုးနံ့ သင်းနေသည်။

မိုးကြီး သည်းထန်စွာ ရွာချသည်။

* * *

# [ ၁၃ ]

နံနက်စောစောပင်ဖြစ်သည်။ ကိုးနစ်သည် အင်္ဂရိဂျင်တို ရဲစခန်းရှိ သူ၏ ရုံးခန်း ပြတင်းပေါက်မှ ကြည့်နေသည်။ ဆုစလော့နှင့် သူ၏ယူကရိန်းတပ်သား များကို တင်ဆောင်လာသော ကားများ ရဲစခန်းတွင်းသို့ ဝင်လာကြသည်။ ကားများ ဝင်လာသည်ကို ကြည့်နေစဉ် သူ့နောက်ဘက်မှ တံခါးပွင့်လာပြီး ရှူဒီဘရန့် ဝင်လာသည်။ ဘရန့်၏ လက်ထဲတွင် ကော်ဖီပန်းကန် ပါလာသည်။

ဒက်ဝေလာကို ကားပေါ်မှဆွဲချနေသည်ကို ကိုးနစ်က ခေါင်းညိတ်ပြီး ပြလိုက်သည်။ ဒက်ဝေလာ မြေကြီးပေါ်သို့ ဒူးထောက်လျက်သား ကျသွားသည်။ ယူကိန်းတစ်ယောက်က သူ့ကို ခြေထောက်ဖြင့် ပိတ်ကန်လိုက်သည်။ ထို့နောက် ယူကရိန်း တပ်သားနှစ်ယောက်က သူ့ကို မေယာ၏ရုံးခန်းဆီသို့ ဆွဲခေါ်သွား ကြသည်။

'အင်း. . . သုဘရာဇာတွေတော့ အလုပ်ရကြပြန်ဦးမယ်'

ကိုးနစ်က ပြောလိုက်သည်။

'ဒီသဘောပါပဲ ဗိုလ်မှူးကြီး'

'သူ ဘယ်သူလဲဆိုတာ စုံစမ်းပြီး ကိုယ့်ကို ပြန်ပြောစမ်း'

ဘရန့် ချက်ချင်းပင် ထွက်သွားသည်။ ကိုးနစ်က ပြတင်းပေါက်ကို ဖွင့်လိုက်သည်။ ယမန်နေ့ညက မုန်တိုင်းမှာမူ ပြီးဆုံးသွားချေပြီ၊ သို့သော် မိုးစက်

www.burmeseclassic.com


များကမူ ပြတင်းပေါက်ကို ရှိုက်ပက်နေဆဲပင် ရှိသည်။

\+ + +

ဒက်ဝေလာသည် မေယာ၏စားပွဲရှေ့တွင် မတ်တတ်ရပ်လျက်ရှိသည်။ မေယာက သူ့ကို ဂရုမပြုဘဲ ကျောပိုးအိတ်ထဲမှ ပစ္စည်းများကို ဆုစလော့က ထုတ်ပြီး ယူနေသည်ကိုသာ ကြည့်နေသည်။ ကျည်ကပ်များ၊ လက်ပစ်ဗုံးများ၊ ချော့ကလက်များ၊ ဆုစလော့က ယင်းပစ္စည်းများကို အမ်ဝမ်းရိုင်ဖယ်နှင့် စစ်သုံး ပစ္စတိုကြီး၏ ဘေးတွင် ချထားသည်။

'လက်နက်တွေကတော့ အသစ်ကျပ်ချွတ်တွေပဲဗိုလ်မှူး'

မေယာက ဒက်ဝေလာ၏ မှတ်ပုံတင် စာရွက် အတုများကို ကောက် ယူပြီး. . .

'ဘယ်သူတဲ့လဲ၊ မာရီယို ဘရာဇီ၊ ဇာတ်ပါလာမို၊ ၁၉၁၇၊ မှတ်ပုံတင် ထဲမှာ မင်းရဲ့အလုပ်က သိုးကျောင်းသားဆိုပါကလား'

'မှန်ပါတယ် ခင်ဗျာ'

ဒက်ဝေလာက ခေါင်းကိုငုံ့ထားပြီး ဖြေသည်။

'မင်းရဲ့အလုပ်ရှင်က ဘယ်သူလဲ'

ဒက်ဝေလာသည် မေဆင်ဘလင်ချီတွင် ကာတာကသင်ကြားခဲ့သည့် အတိုင်း. . .

'အခြေအနေတွေက မကောင်းဘူး၊ တစ်နေရာက တစ်နေရာကို ပြောင်း နေရတယ်၊ ဒီနေရာမှာ လေးငါးဆယ်ရက်၊ ဟိုနေရာမှာ လေးငါးဆယ်ရက်ပဲ'

'မြောက်အာဖရိကမှာ ရင်ဘတ်ဒဏ်ရာရလို့ အမှတ်ဆယ့်ငါး ခြေလျင် တပ်မတော်က ထွက်ခဲ့ရတယ်မဟုတ်လား'

'ဟုတ်ပါတယ် ခင်ဗျာ'

မေယာက ခေါင်းညိတ်ပြလိုက်သည်။ ဆုစလော့သည် သူ့လက်ထဲမှ ရိုင်ဖယ်ကို ချထားလိုက်ပြီး ဒက်ဝေလာ၏ အင်္ကျီရင်ဘတ်ကို ဆွဲဖြဲလိုက်သည်။ ဒက်ဝေလာ၏ လက်ဝဲဘက် ရင်ဘတ်တွင် သေနတ်ဒဏ်ရာအမာရွတ်ကြီးက ထင်ရှားစွာရှိနေသည်။ ဒိုင်ယက်ပီတွင် လေထီးနှင့်ဆင်းစဉ်က ရရှိခဲ့သော ဒဏ်ရာ ဖြစ်သည်။

www.burmeseclassic.com



မေယာက. . .

'ဇာတ်လမ်းကတော့ အခိုင်အမာပဲ၊ မာရီယိုဘရာဇီ၊ ဒဏ်ရာရ စစ်ပြန်ကြီး၊ ရိုးသားတဲ့ သိုးကျောင်းသားတစ်ယောက်၊ အမေရိကန်လက်နက် အသစ်တွေနဲ့ တောင်ပေါ်မှာ လျှောက်သွားနေတယ်'

ဆုလော့ဘက်သို့ လှည့်ပြီး . . .

'ဗိုလ်ကြီး ဘယ်လိုသဘောရသလဲ'

'မကြာခင်ကပဲ ပြောက်ကျားတွေကို လေယာဉ်ပျံနဲ့ ရိက္ခာချပေးတယ်လို့ ယူဆရပါတယ်'

ဒက်ဝေလာက အခွင့်ကောင်းကို ရယူလျက် . . .

'ကျွန်တော် လူကောင်းတစ်ယောက်ပါ၊ ကျွန်တော် ကျိန်ပြောရဲပါတယ်၊ ဗစ်ကာဇာရဲ့ တစ်ဖက်က တောင်ပေါ်က တဲကလေးမှာ ကျွန်တော်အိပ်တဲ့ညက ဒီပစ္စည်းတွေကို ကောက်ရပါတယ်'

မေယာ ရှုံ့မဲ့လိုက်သည်။ ဆုစလော့သည် ရိုင်ဖယ်ကို ကောက်ယူပြီး ဒက်ဝေလာ၏ ဗိုက်ကို ဒင်ဖြင့် ဆောင့်လိုက်သည်။ ဒက်ဝေလာက ကြမ်းပြင်ပေါ်တွင် မှောက်သွားသည်။

'နောက်တစ်ကြိမ် စမ်းကြည့်ပါဦး'

မေယာက ပြောလိုက်သည်။

ဒက်ဝေလာကို သူတို့ ဆွဲထူသည်။ ထိုစဉ်မှာပင် တံခါးပွင့်သွားပြီး ကိုးနစ် ဝင်လာသည်။

'အား မေယာပါလား၊ ကျုပ် အပြင်သွားမလို့ပဲ' ထို့နောက် သူက အံ့သြဟန်ဖြင့် 'ဒါက ဘာလဲ'

မေယာသည် ကိုးနစ်၏ရှေ့တွင် ဒေါသကို ချုပ်ထိန်းသည့်အကျင့် ရှိနေပြီဖြစ်သည်။ ထိုင်ရာမှ သူ ထ,လိုက်ပြီး . . .

'ပြောက်ကျားတစ်ယောက်ပါ ဗိုလ်မှူးကြီး၊ ပြောက်ကျားတစ်ယောက်လို့ ယူဆရတာပဲ၊ ဆုစလော့ ဖမ်းမိလာတာပဲ၊ အမေရိကန် ပစ္စည်းတွေ အပြည့်ပဲ၊ ကြည့်ရတာကတော့ မကြာခင်ကပဲ ရိက္ခာတွေ ချပေးထားတယ်နဲ့ တူတယ်'

ကိုးနစ်သည် ပစ္စတိုကို ကောက်ယူပြီး လက်ထဲတွင် ချိန်ဆကြည့်သည်။ ထို့နောက် စားပွဲပေါ်တွင် ပြန်တင်ထားလိုက်ပြီး . . .

'သူကကော ဘာပြောသလဲ'

www.burmeseclassic.com



'သိုးကျောင်းသား တဲတစ်ခုမှာ ကောက်ရိုးပုံအောက်မှာ ဝှက်ထားတာ တွေ့ရတယ်လို့ ပြောတာပဲ'

ကိုးနစ်က ဒက်ဝေလာကို ကြည့်လိုက်သည်။ ဒက်ဝေလာသည် ယူကရိန်းတပ်သားနှစ်ယောက်ကြားတွင် ခေါင်းငိုက်စိုက်ကျလျက်ရှိသည်။ အသက်ရှူ မောနေသည်။

'သူပြောတာ ဖြစ်နိုင်ပါတယ်'

ကိုးနစ်က ပြောလိုက်သည်။

'ခင်ဗျာ'

မေယာ အထူးပင် အံ့အားသင့်သွားဟန် ရှိသည်။

'သူ့ကို အချုပ်ခန်းတစ်ခုထဲမှာ ထည့်ထားလိုက်ပါ၊ စားစရာ တခုခုပေးပါ၊ နှစ်ဆယ့်လေးနာရီ စဉ်းစားဖို့ အချိန်ပေးပါ၊ ကျုပ်ပါလာမို ဌာနချုပ်ကို သွားလိုက်ဦးမယ်၊ မနက်ဖြန်ကျရင် ကျုပ်ပြန်လာမယ်၊ အဲဒီတော့မှ ကျုပ် သူ့ကို စစ်မယ်'

'ဟုတ်ကဲ့ ဗိုလ်မှူးကြီး'

ကိုးနစ် တံခါးဆီသို့ လျှောက်သွားသည်။ တံခါးကို ဖွင့်လိုက်ပြီးနောက်. . .

'ကျုပ် သူ့ကို ကောင်းကောင်းမွန်မွန်ပဲ တွေ့ချင်တယ်၊ အဲဒါကို ခင်ဗျား လူတွေကို ပြောထားပါ'

'ဟုတ်ကဲ့ ဗိုလ်မှူးကြီး'

တံခါးကို ပြန်ပိတ်သွားသောအခါ ဆုစလော့က . . .

'အဲဒါဆိုးတာပဲ ဗိုလ်မှူး၊ ဒီသတ္တဝါကို ကျွန်တော့်နည်းနဲ့ ကျွန်တော် လုပ်ပါရစေ'

မေယာ ခေါင်းကို ယမ်းခါလိုက်သည်။

'တစ်ချိန်ကျရင် ကိုးနစ်ရဲ့ ခေါင်းကို ကျုပ် ရဖို့ရည်ရွယ်ထားတယ်၊ ဒါပေမဲ့ ဘာမဟုတ်တဲ့ကိစ္စနဲ့တော့ ကျုပ်ရဲ့စီမံကိန်းတွေကို အပျက်မခံနိုင်သေးဘူး၊ ဒီကိစ္စက ဒါလောက်အရေးမကြီးပါဘူး'

'ဒါဖြင့် ကျွန်တော်တို့ သူ့ကို ဘာလုပ်ရမလဲ'

ဒက်ဝေလာသည် ဂျာမန်စကား မပြောတတ်သော်လည်း သူတို့ ပြောသည့် အကြောင်းများကိုတော့ နားလည်သည်။

www.burmeseclassic.com


မေယာ စဉ်းစား ချိန်ဆပြီး . . .

'ဗိုလ်မှူးကြီးက နှစ်ဆယ့်လေးနာရီ စဉ်းစားဖို့ ပြောတယ်၊ ကောင်းပြီ ဒီအတိုင်းပဲ ကျုပ်တို့ လုပ်ကြမယ်၊ သူ့ကို အခန်းနှစ်ဆယ့်နှစ်ကို ခေါ်သွား'

'ဟုတ်ကဲ့ ဗိုလ်မှူး'

ဆုစလော့ ခေါင်းညိတ်လိုက်ရာ ယူကရိန်းတပ်သားများက ဒက်ဝေလာကို တွဲခေါ်သွားသည်။

\+ + +

လူစီယာနိုနှင့် မာရီယာတို့သည် နံနက်ခင်း မိုးရေထဲတွင် အေးဆေးစွာ လျှောက်သွားနေကြသည်။ မာရီယာက . . .

'ကလေး,လေးကို ကျွန်မ ထားပစ်ခဲ့ရတာ စိတ်မကောင်းဘူး'

'သူ့အတွက် အံ့ဩဖွယ် ကောင်းလောက်အောင် မင်းလုပ်ပေးခဲ့ပြီ၊ သူ့ဘဝဟာ ရှင်သန်လာပါလိမ့်မယ်၊ သူ့ဘဝဟာ ဒီလိုမျိုးစခဲ့ရင် အောင်မြင်တတ်တာပဲ၊ ဒါနဲ့ ပြောရဦးမယ်၊ မင်းဟာ ယုံကြည်မှုမှာ အင်မတန် အားထားပုံရတယ်'

'အစ်ကိုကကော'

'ကိုယ်ကတော့ အချက်အလက်ပေါ်မှာပဲ အခြေခံတယ်'

'ဂျာမန်တွေကို အစ်ကို မမုန်းဘူးလား'

'မင်းကော. . .'

'ကျွန်မကတော့ သူတို့ရဲ့ လုပ်ရပ်တချို့ကို မုန်းတယ်'

တောအုပ်ထဲမှ ထွက်မိသောအခါ အောက်ဘက်ရှိ တောင်ကြားထဲတွင် ရွာကလေးတစ်ရွာ တွေ့မြင်ကြရသည်။

'ဆိုလက်ဇိုပြောလိုက်တဲ့ရွာပဲ ဗစ်တာဗာ'

သူမကပြောသည်။

လူစီယာနို ခေါင်းညိတ်လိုက်ပြီး . . .

'ဟုတ်တယ်၊ ကိုယ်တို့ ဆင်းပြီးကြည့်ကြရအောင်၊ ဆိုလက်ဇို ပြောလိုက်တဲ့ ဗာဒါဆိုတဲ့လူကို ရှာကြရအောင်'

ရွာကလေးမှာ နုံချာလှသည်။ ဖုန်တောထဲတွင် ပိန်ချိသော ကလေးများ

www.burmeseclassic.com


ကစားနေကြသည်။ လူစီယာနိုနှင့် မာရီယာတို့သည် သူတို့အနီးမှ ဖြတ်သန်းသွားသည်ကို ငေးမောပြီး ကြည့်နေကြသည်။ ဝိုင်အရက်ဆိုင်တစ်ခုသို့ သူတို့ ရောက်ရှိသွားကြသည်။ အပြင်ဘက်တွင် စားပွဲတွေ ခင်းထားသည်။ တံစက်မြိတ်မှ မိုးရေစီးကျနေသည်။

'အပြင်မှာခဏစောင့်နေ၊ ကိုယ် အထဲကိုဝင်ပြီး ကြည့်လိုက်ဦးမယ်'

လူစီယာနိုက မာရီယာကိုပြောလိုက်သည်။

မာရီယာ စားပွဲတစ်ခုတွင်ထိုင်သည်။ လူစီယာနို အတွင်းသို့ ဝင်သွား သည်။ အထဲတွင် မှောင်နေသည်။ စားပွဲအနည်းငယ်သာ ရှိသည် အရက်ကောင်တာတစ်ခုရှိသည်။ စားသောက်သူတစ်ဦးမျှ မရှိပါ။ အရက်ကောင်တာ တွင်သာ လူတစ်ယောက် စာဖတ်နေသည်။ ထိုလူမော့ကြည့်ပြီး . . .

'ဘာလိုချင်သလဲ'

'မာရီယိုဆိုလက်ဇို လွှတ်လိုက်တယ်'

'ဘာကိစ္စလဲ'

'ဖရန်ဆီတင် ကျောင်းတိုက်ကို ကျုပ်တို့သွားမလို့ပဲ၊ ခင်ဗျားက ပို့ပေးလိမ့်မယ်လို့ သူပြောလိုက်တယ်'

'ကျုပ်တို့ ဟုတ်လား'

'ကျုပ်နဲ့အတူ အမျိုးသမီးတစ်ယောက်ပါတယ်'

ခေတ္တမျှတိတ်ဆိတ်နေသည်။ လူစီယာနိုက စိတ်ရှည်စွာဖြင့် . . .

'ခင်ဗျားက ဗာဒါမဟုတ်လား၊ ခင်ဗျားဟာ ဂိုဏ်းသားတစ်ယောက်လို့ ပြောလိုက်တယ်'

ဗာဒါက သူ့ကိုငေးစိုက်ပြီး ကြည့်နေသည်။ သူ၏လက်က ကောင်တာအောက်သို့ ရောက်ရှိနေသည်။

'အဲဒီတော့ ဘာဖြစ်သလဲ'

လူစီယာနိုက . . .

'လက်ယာဘက် အိတ်ထဲက ကျုပ် ပစ္စည်းတစ်ခုထုတ်မယ်၊ ကျုပ်ကို မပစ်ပါနဲ့၊ ကျုပ်ထုတ်မှာ သေနတ်မဟုတ်ဘူး'

လူစီယာနိုသည် ပိုးပဝါ အဝါကလေးကိုထုတ်ပြီး ဖြေလိုက်သည်။ ဗာဒါသည် အယ်လ် စာလုံးအနက်ကြီးကို ကြည့်ပြီးမျက်လုံးပြူးသွားသည်။ သူ့လက်ကို ကောင်တာအောက်မှထုတ်လိုက်သည်။လက်ထဲတွင် အီတလီစစ်ဗိုလ်များ

www.burmeseclassic.com



BURMESE CLASSIC .com

ကိုင်ဆောင်သော ဗာရက်တာ သေနတ်ကလေး ပါလာသည်။ သူက သေနတ်ကို ကောင်တာပေါ်တွင် သေသေချာချာတင်ထားလိုက်ပြီးနောက် . . .

‘လူစီယာနိုရဲ့ အမှတ်တံဆိပ် အယ်လ်ပဲ’

သူက ဖြည်းဖြည်း မော့ကြည့်သည်။

လူစီယာနို ခေါင်းမော့ပြီး ရပ်နေသည်။

‘လူစီယာနိုဟာ လာမယ်ဆိုတဲ့အတိုင်း လာတာပဲ’

သူ တိုးညင်းစွာ ရွတ်ဆိုသည်။

ထို့နောက် သူသည် ဘားကောင်တာကို ကွေ့ပတ်ကာ လျှောက်လာပြီး လူစီယာနို၏လက်ကို နမ်းသည်။ထိုစဉ်မှာပင် မာရီယာ၏ အော်ဟစ်သံ ပေါ်ထွက်လာသည်။ လူစီယာနို တံခါးဆီသို့ တစ်ဟုန်ထိုး ပြေးသည်။

\+ + +

မာရီယာသည် စားပွဲပေါ်တွင် ပက်လက်လှန်လျက် ရှိသည်။ သူမ ကို ခြိမ်းခြောက်နေသူနှစ်ဦးကား ဤဒေသသား လူရွယ်နှစ်ဦးပင်ဖြစ်သည်။ အဝတ်အစား စုတ်စုတ် ပြတ်ပြတ်၊ ရုပ်ရည်ကြမ်းကြမ်းတမ်းတမ်းနှင့် ဖြစ်သည်။

တစ်ယောက်က သူမကို လက်တစ်ဖက်ဖြင့် ဖက်ထားပြီး အခြား လက်တစ်ဖက် က သူမ၏ တင်ပါးကို ဆုပ်ကိုင်လျက်ရှိသည်။ သူ့မျက်နှာတွင် ရက်စက်သောအပြုံး ပေါ်လွင်နေသည်။ သူက သူမ၏ နားနားသို့ကပ်ပြီး ညစ်ညမ်းသော စကားများကို ပြောလိုက်သည်။ သူမက သူ၏ ပါးကို ဖြန်းခနဲ ရိုက်လိုက်သည်။ စစ္စလီလူမျိုးများ အဖို့ မိန်းမများသည် အသုံးခံပစ္စည်း တစ်ခုပင် ဖြစ်သည်။ သူတို့သည် လုပ်ဆိုသည့် အတိုင်း လုပ်ဖို့ပင် ဖြစ်သည်။ သူတို့အနေနှင့် အာခံရန်အကြောင်း ဘာမျှမရှိပါ။ လူရွယ်က သူ့လက်ကို ရိုက်နှက်ရန် မြှောက် ရွယ်လိုက်သည်။

လူစီယာနိုက ထိုလူရွယ်၏ခါးကို ဆုပ်ကိုင်ပြီး ဆွဲလှည့်လိုက်သည်။ သူတို့ တစ်ယောက်ကို တစ်ယောက် စိုက်ပြီး ကြည့်နေကြသည်။ ရုတ်ခြည်း ဆိုသလိုပင် လူရွယ်၏အမူအရာ ပြောင်းလဲသွားသည်။ ပထမတွင် စိတ်ပျက် သွားဟန်ရှိသည်။ ထို့နောက် ကြောက်ရွံ့သွားပုံဖြစ်သည်။ ယင်းသို့ဖြစ်ရသည်မှာ လူစီယာနိုကို သူမှတ်မိ၍ မဟုတ်ပါ။ သူနှင့်ရင်ဆိုင်ရမည့်သူသည် ယောကျ်ား

www.burmeseclassic.com



ပီသသူတစ်ဦး ဖြစ်ကြောင်းကို သိရသောကြောင့် ဖြစ်သည်။

လူစီယာနိုက သူ့ပါးကို ရိုက်လိုက်သည်။ သူ ဘာမျှ ပြန်မပြောပါ။ သည်အတိုင်းပဲ ရပ်နေသည်။ သူ့အဖော်က သူ့ကို ဆွဲခေါ်သွားသည်။ သူတို့ နှစ်ယောက် သုတ်ခြေတင်ပြီး ပြေးကြသည်။

ဗာဒါက . . .

'ကျွန်တော် ဘာလုပ်ပေးရမလဲ ဒွန်ဆာဗေတို'

'ဒီအမျိုးသမီးဟာ စစ္စတာတစ်ယောက်ပဲ၊ သူ အခုလို ဝတ်ထားရတာကတော့ အကြောင်းရှိတယ်၊ သူက ဒွန်အန်တိုနီယိုလူကာရဲ့ မြေးပဲ'

ဗာဒါ အံ့သြခြင်းကြီးစွာနှင့် သူမကို ကြည့်သည်။ ထို့နောက် သူမ၏ လက်ကို ရိုသေစွာ နမ်းလိုက်သည်။

'အထဲကို ဝင်ကြပါ၊ တစ်ခုခု စားကြပါဦး၊ ပြီးလို့ရှိရင် ကျောင်းတိုက်ကြီးကို ကျွန်တော်လိုက်ပို့ပါမယ်'

\+ + +

ဆားဗိတ်နှင့်ရိုဆာတို့သည် တောင်ရိုးတစ်ခုအတိုင်း သွားနေရာမှ ရပ်လိုက်သည်။ သူတို့၏ လက်ယာဘက် အောက်ဘက် မိုင်ဝက်လောက်တွင် ရွာကလေးတစ်ရွာ ရှိသည်။

'ဘာရွာလဲ'

ဆားဗိတ်က မေးလိုက်သည်။

'ဗစ်တာဗာ၊ ကျွန်မတို့ရွာထဲကိုမဝင်ဘဲ ဟောဟိုက မြင်ရတဲ့ ဘုရားရှိခိုးကျောင်း နောက်ကနေပြီး ဖြတ်ပြီး သွားနိုင်တယ်၊ ကျောင်းတိုက်ကြီးက တစ်ဖက်တောင်စောင်းမှာပဲ၊ ငါးမိုင်လောက်ပဲ ဝေးတော့တယ်'

သူတို့ အောက်ဘက်သို့ ဆင်းသွားကြသည်။

'ဒီလိုနေရာမျိုးမှာ ဘုရားရှိခိုးကျောင်းတစ်ခုတည်း သူ့ဘာသာသူ ထီးထီးကြီး ရှိနေတာ အံ့သြစရာပဲ'

ဆားဗိတ်က ပြောလိုက်သည်။

'အံ့သြစရာ မလိုပါဘူး၊ တောင်ပေါ်ရွာတွေက သိပ်မကြီးတော့ ရွာတစ်ရွာဟာ ဘုရားရှိခိုးကျောင်းတစ်ခု ဘုန်းကြီးတစ်ပါးမရှိနိုင်ဘူး၊ ဟိုရွာ ဒီရွာက

www.burmeseclassic.com



BURMESE CLASSIC .com

လူတွေဟာ ဒီဘုရားရှိခိုးကျောင်းကိုပဲ လာကြရတယ်၊ ဒီကျောင်းက ဘုန်းကြီးကတော့ ဖရန်ဆီကင်ကျောင်းတိုက်က ဘုန်းကြီးပဲ'

ဘုရားရှိခိုးကျောင်းအနီးသို့ သူတို့ ရောက်ရှိသွားချိန်မှာပင် ကားစက်သံတစ်ခုကို ဆားဗိတ် ကြားရသည်။ ကြည့်လိုက်သောအခါ အောက်ဘက်တောင်ကြားထဲမှ ထွက်ပေါ်လာသော ဂျာမန်စစ်ကားကလေးတစ်စီးကို တွေ့မြင်ရသည်။ ကားပေါ်တွင် လူသုံးယောက် ပါရှိသည်။ တစ်ယောက်က စက်သေနတ်ခုံပေါ်တွင် ထိုင်နေသည်။

ဆားဗိတ်သည် မှန်ပြောင်းဖြင့် ၎င်းတို့ကို လျင်မြန်စွာစစ်ဆေးကြည့်ရှုသည်။

'ဂျာမန်တွေလား'

ရိုဆာက မေးသည်။

'မဟုတ်ဘူး၊ ယူကရိန်းတွေ၊ မေယာဆိုတဲ့လူ အုပ်ချုပ်တဲ့ အထူးနာဇီတပ်ဖွဲ့ တစ်ဖွဲ့ပဲ၊ မေယာဆိုတာက အင်္ဂလိပ်ဂျင်တိုမှာ ရှုံးထိုင်တဲ့ ဂက်စတာပိုဗိုလ်မှူး တစ်ယောက်ပဲ'

မိန်းကလေးက သူ့လက်မောင်းကို ဆွဲပြီးပြေးသည်။

'ဟေး. . . . ဒါက ဘယ်လဲ'

'ဘုရားရှိခိုးကျောင်း၊ ကျွန်မတို့ ဘုရားရှိခိုးကျောင်းထဲမှာ ပုန်းနေကြမယ်'

သူမ ပြောသည်မှာ မှန်ပါသည်။ သူတို့တွင် အခြားရွေးချယ်ရန် နည်းလမ်း မရှိပါ။ ရန်သူကားသည် သူတို့နှင့် ဂိုက်လေးငါးရာလောက်သာ ကွာဝေးတော့သည်။ သူတို့ ဘယ်လိုမှ မရောက်နိုင်ခင်မှာပင် သူတို့ကို တွေ့ရှိသွားကြမည်ဖြစ်သည်။

ဘုရားရှိခိုးကျောင်းအပြင်ဘက်တွင် မြည်းတစ်ကောင် လံထားသည်။ သူတို့သည် မြည်းကလေးကို ဖြတ်ကျော်ပြီး သွားကြသည်။ ရိုဆာက ဘုရားရှိခိုးကျောင်းတံခါးကို ဖွင့်ပြီး ရှေ့မှ ဝင်သွားသည်။ အထဲတွင် တိတ်ဆိတ်လျက်ရှိသည်။ ဖယောင်းတိုင်နှင့် အမွှေးတိုင်များ ထွန်းညှိထားသည်။ ပလ္လင်ထက်တွင် ကား မယ်တော်မာရီသည် အမှောင်ထဲတွင် စျာန်ကြွနေသည့်အလား ဖြစ်သည်။ မယ်တော်၏ မျက်နှာတော်တွင် ကရုဏာပြုံး ပွင့်လန်းနေသည်။

အာပတ်ဖြေသည့်နေရာတွင် လူသုံးယောက် စောင့်ဆိုင်းနေသည်။ ကောင်ကလေးတစ်ယောက်၊ အဘိုးကြီးတစ်ယောက်နှင့် အဘွားကြီးတစ်ယောက်

www.burmeseclassic.com



BURMESE CLASSIC .com

တို့ ဖြစ်ကြသည်။ အဘွားကြီးသည် ထုံးစံအတိုင်း ခေါင်းတွင် ပဝါနက်စည်းထားပြီး အအေးဒဏ်ကို ကာကွယ်ရန် သိုးရေအင်္ကျီကြီးကို ဝတ်ထားသည်။ အဘွားကြီးက ဆားဗိတ်နှင့် ရှိဆာကို ထူးဆန်းစွာ ကြည့်နေသည်။

အပြင်ဘက်တွင် ကားရပ်လိုက်သည်ကို ဟနေသောတံခါးကြားမှနေ၍ ဆားဗိတ် ကြည့်လိုက်သည်။ ယူကရိန်း တပ်သားသုံးယောက်သည် ကားပေါ်မှ ဆင်းပြီး စီးကရက်များ မီးညှိကာ ကားအနီးတွင် စကားပြောနေကြသည်။ ထို့နောက်မှ ဘုရားရှိခိုးကျောင်းဆီသို့ လျှောက်လာကြသည်။

သူတို့သည် မည်သည့်အန္တရာယ်ကိုမျှ မျှော်လင့်မထားသဖြင့် အေး-အေးလူလူပင် ဖြစ်ကြသည်။ ရှေ့ဆုံးမှလျှောက်လာသော တပ်ကြပ်၏ခါးတွင် ပစ္စတိုတစ်လက် ချိတ်ထားသည်။ အခြားနှစ်ယောက်တွင်ကား ရှမစ်ဇာ သေနတ်များနှင့် ဖြစ်သည်။ ဆားဗိတ်သည် သူ၏ရိုင်ဖယ်ကိုဖြုတ်ပြီး သုံးယောက်စလုံးကို တစ်ပြိုင်တည်း ပစ်ခတ်နိုင်ရန် ချိန်ရွယ်ကြည့်နေသည်။

'အစ်ကိုပစ်ရင် တပ်ကြပ်တစ်ယောက်တည်းကျမယ်၊ ကျန်တဲ့ နှစ်ယောက်ကို မရနိုင်ဘူး'

ရှိဆာက တိုးညင်းစွာ ပြောသည်။

'ဒါဖြင့် ကိုယ်တို့ ဘာလုပ်ကြမလဲ'

'ကျွန်မကို အဲဒီသေနတ်ပေး'

သူမက သူ့လက်မှသေနတ်ကို ဆွဲယူလိုက်သည်။

'ပြီးတော့ အဲဒီအိတ်ကိုလဲပေး'

သူမပြောသည့်အတိုင်း သူပြုလုပ်သည်။ မိန်းကလေးက သေနတ်နှင့် ကျောပိုးအိတ်တို့ကို အာပတ်ဖြေသည့် ခြံကလေး၏နောက်ဘက်တွင် ဝှက်ထားလိုက်သည်။ လူကြီးနှစ်ယောက်နှင့် ကလေးက ကြည့်နေကြသည်။

'ကျွန်မတို့ဒီကိုလာတာ ကျွန်မတို့လက်ထပ်ဖို့ကိစ္စကို ဘုန်းကြီးနဲ့ ဆွေးနွေးဖို့ပဲ၊ ဘာမှ စိုးရိမ်စရာမရှိဘူး၊ ကျွန်မ ကြည့်လုပ်မယ်'

ရှိဆာက သူ့ကို ထိုင်ခုံတန်းတစ်ခုဆီသို့ ဆွဲခေါ်သွားသည်။

ဆားဗိတ်သည် ခေါင်းမှဦးထုပ်ကို ချွတ်လိုက်သည်။ ထို့နောက် လက်ယာဘက်အိတ်ထဲမှ သေနတ်ကလေးကို ထုတ်ယူလိုက်သည်။ ထို့နောက် အပေါ်မှ ဦးထုပ် ဖုံးပြီး ပေါင်ပေါ်တွင် အသင့်ကိုင်ထားသည်။ ယင်းအပြုအမူကို ရှိဆာ မတွေ့ မမြင်ချေ။

www.burmeseclassic.com



တိတ်ဆိတ်နေသည်။

ဘုန်းတော်ကြီး၏ တိုးညင်းသောလေသံသာ ထွက်ပေါ်နေသည်။ တံခါးပွင့်သွားသည်။ ခြေသံများ ကြားရသည်။

'ဒီမှာ ဘာလုပ်နေကြတာလဲ'

တပ်ကြပ်က အီတလီစကား မတတ်တတတ်ဖြင့် မေးလိုက်သည်။

သူသည် အဘိုးကြီးနှင့် အဘွားကြီးတို့အနီးတွင် ခေတ္တမျှ ရပ်လိုက်ပြီးနောက် ရိုဆာနှင့် ဆားဗိုတ်တို့ရှိရာသို့ လျှောက်လာသည်။ သူက သူတို့နှစ်ယောက်ကို ငုံ့ကြည့်နေသည်။ သူ့လူနှစ်ယောက်ကလည်း အနီးသို့ ရောက်ရှိလာသည်။

'ဒီမှာ ဘာလုပ်နေကြတာလဲ'

တပ်ကြပ်က မေးသည်။

'ဘုန်းတော်ကြီးတွေ့ရအောင် စောင့်နေတာ'

ရိုဆာက ဖြေသည်။

'ဘာကိစ္စလဲ၊ မင်းရဲ့ဒုစရိုက်တွေကို ဝန်ခံမလို့လား'

သူတို့၏ ရယ်မောသံများက အမင်္ဂလာအတိ ဖြစ်သည်။

ရိုဆာက ပြုံးလိုက်ပြီး . . .

'ကျွန်မတို့ ရှေ့အပတ်ထဲမှာ လက်ထပ်မလို့ပါ၊ ဘုန်းတော်ကြီးနဲ့ လိုအပ်တဲ့ အစီအစဉ်တွေ လုပ်မလို့ပါ'

'လက်ထပ်မလို့ ဟုတ်လား'

သူမ၏နောက်ဘက်သို့ သူ လျှောက်သွားသည်။ သူမ၏အင်္ကျီထဲသို့ လက်တစ်ဖက်လျှိုလိုက်ပြီး . . .

'မင်းက အပျိုလား'

'ဟုတ်ကဲ့'

'အဲဒါဆိုရင်တော့ ကိုယ်တို့ တစ်ခုခုလုပ်ရလိမ့်မယ်'

တပ်ကြပ်က သူမကို ဆွဲယူလိုက်သည်။ တစ်ပြိုင်တည်းမှာပင် ဆားဗိုတ်၏ ဆံပင်ကို နောက်သို့ဆွဲလိုက်ပြီး . . .

'ကဲ. . . ကိုယ့်လူ မင်းကို ကိုယ်တို့ အခွင့်အရေး တစ်ခုပေးမယ်၊ နားလည်လား'

တပ်ကြပ်က သူမကို စင်္ကြံလမ်းအတိုင်း ခေါ်ဆောင်သွားသောအခါ

www.burmeseclassic.com



တစ်ယောက်က . . .

'သူငယ်ချင်းတွေကို မမေ့နဲ့နော်'

တပ်သားတစ်ယောက်သည် ဆားဗိတ်၏ ဘေးခုံပေါ်တွင် ခြေထောက် တင်လိုက်ပြီး . . .

'မင်းစိတ်ထဲမှာ ဘယ်လိုမှ မအောက်မေ့ဘူး မဟုတ်လား၊ သူပြောတဲ့ အတိုင်းပဲ တို့က မင်းကိုအခွင့်အရေးတစ်ခု ပေးတာပဲ၊ အဲဒါ ကိုယ်တို့အားလုံး စိတ်ကောင်းဝင်နေဖို့ပဲ'

ဆားဗိတ်သည် ဦးထုပ်ကိုဖောက်ပြီး ပစ်လိုက်သည်။ သကောင့်သား၏ နှလုံးကို ကျည်ဖောက်သည်။ ပွဲချင်းပြီး သေဆုံးသည်။ ဆားဗိတ်သည် သကောင့်သား ကိုယ်ခန္ဓာကို ဘေးသို့ တွန်းဖယ်လိုက်ပြီး ဒုတိယအဖော်ကို ချိန်လိုက်သည်။ ထိုသတ္တဝါသည် ပခုံးမှသေနတ်ကို သွေးရူးသွေးတမ်း ဖြုတ် နေသည်။ ဒုတိယ ကျည်ဆန်သည်သင်း၏ပခုံးကိုဖောက်သွားသည်။ သင်း၏ ကိုယ်ခန္ဓာ လည်ထွက် သွားသည်။ တတိယကျည်ဆန်က သင်း၏ ကျောကို ဖောက်ဝင်သည်။ ခုံတန်းတစ်ခု ပေါ်မှ ခေါင်းစိုက်ပြီး ကျသွားသည်။

တစ်ဖက်သို့ ဆားဗိတ် လှည့်လိုက်သောအခါ တပ်ကြပ်သည် ရိုဆာကို သူ့ရှေ့တွင် အကွယ်အကာပြုထားသည်။ သူ့ခါးမှ သေနတ်ကိုထုတ်ပြီး သူမ၏ ဘေးကို ထောက်ထားသည်။

'သေနတ်ကိုချလိုက်၊ မချရင် မင်းကောင်မ သေပြီမှတ်'

သို့သော် အထူးတိုက်ခိုက်ရေးသမား တစ်ဦးအနေနှင့် လေ့ကျင့် ထားသော ဆားဗိတ်သည် ဤလို အခြေအနေမျိုးတွင် မည်သို့ပြုရမည်ကို သိသည့်အတိုင်း လက်ကိုဝိုက်ပြီး တပ်ကြပ်၏ခေါင်းကို ပစ်လိုက်သည်။ ငနဲ၏ ဦးခေါင်းခွံ ကွဲထွက်သွားသည်။ တစ်ပြိုင်တည်းမှာပင် နောက်ဘက်သို့ လွင့်ထွက် သွားသည်။

ဆားဗိတ် ပြေးသွားပြီး ရိုဆာ၏လက်ကို ဆုပ်ကိုင်လိုက်သည်။ သူမကို ဆွဲယူပြီး တစ်ဖက်သို့ လှည့်လိုက်သောအခါ အဘိုးကြီး၊ အဘွားကြီး၊ ကောင်ကလေးတို့ တံခါးဆီသို့ သုတ်ခြေတင်သွားကြသည်ကို တွေ့ရသည်။ သူတို့နောက်တွင် နောက်ထပ် အဘွားကြီးတစ်ယောက် ဖြစ်သည်။ ယင်း အဘွားကြီးသည် အာပတ်ဖြေသည့်အိမ်အတွင်းမှ ဘုန်းကြီးနှင့်အတူ ထွက်ပေါ် လာခြင်း ဖြစ်သည်။

www.burmeseclassic.com



ဘုန်းတော်ကြီးမှာ သက်တော်ငါးဆယ်ခန့် ရှိပေပြီ။ မုတ်ဆိတ်မွေးများ ရှိပြီး ဖရန်ဆီကင် ဘုန်းတော်ကြီးများ၏ မူအတိုင်း သင်္ကန်းအညိုကြီးကို ဝတ်ထား သည်။ သူ့ရှေ့သို့လျှောက်လာသည်။ သူ့မျက်နှာသည်အံ့ဩဖွယ်ရာ ကောင်း လောက်အောင် ပင် တည်ငြိမ်သည်။ သူက ဘာတစ်ခွန်းမျှ မပြောဘဲ ယူကရိန်း သုံးယောက်ကို စစ်ဆေးကြည့်ရှုသည်။

'သုံးယောက်စလုံး သေပြီ၊ မင်းတို့က ဘယ်သူတွေလဲ'

'ကျွန်မတို့က ဘုန်းတော်ကြီး ပက်ဒရီ ဂျီအိုဗန္နီနဲ့ တွေ့ရအောင် ဖရန်ဆီကင် ကျောင်းတိုက်ကိုသွားတဲ့ လူနှစ်ယောက်ပါ။ ကျွန်မက ဗစ်တိုဗီဗာရာရဲ့ တူမပါ၊ သူကတော့ အမေရိကန်စစ်ဗိုလ် ဗိုလ်ကြီး ဆားဗိတ်ပါ'

ရိုဆာက ဖြေသည်။

'ကျုပ်က ဘရားသားလူစီယို'

ဆားဗိတ်သည် သူ၏ကျောပိုးအိတ်နှင့် ရိုင်ဖယ်သေနတ်တို့ကိုယူကာ တံခါးဆီသို့ လျင်မြန်စွာ လျှောက်သွားသည်။

'မြည်းက အပြင်မှာ ရှိနေတုန်းပဲ'

'ကျုပ်မြည်းပဲ'

'စောစောက လူတွေကော'

'သူတို့ လုပ်မှာကတော့ သူတို့အိမ်ကို ပြန်ပြီး သူတို့တွေ့ခဲ့မြင်ခဲ့တာတွေကို မေ့ပစ်ကြမှာပဲ၊ သူတို့တစ်တွေက အသက်ကြီးလှပြီ၊ ဒီကိစ္စတွေမှာ မပါချင်ကြ တော့ဘူး၊ ဒါပေမဲ့ ကျုပ်တို့ကတော့ တစ်ခုခု လုပ်ရလိမ့်မယ်'

'ဘာလုပ်ရမှာလဲ'

ဆားဗိတ်က မေးလိုက်သည်။

'အလောင်းတွေကို ဒီမှာ တွေ့သွားရင် ဗစ်တာဗာတစ်ရွာလုံး မသက်-သာဘူး၊ သူတို့လုံးဝပျောက်သွားတာက အရေးမကြီးဘူး၊ အဲဒီတော့ သူတို့ကို ကားပေါ်တင်ကြရအောင်'

'ကျွန်မက ဒီမှာဆေးမယ်'

ရိုဆာက ပြောလိုက်သည်။

သူမသည် ပုံးတစ်ပုံးကိုယူပြီး အပြင်ဘက်ခန်းတွင် ရေခပ်သည်။ ထို့နောက် ကြမ်းပြင်ပေါ်မှ သွေးကွက်များကို တိုက်ချွတ်သည်။ လူစီယိုနှင့် ဘုန်းတော်ကြီးတို့က တစ်လောင်းပြီးတစ်လောင်း သယ်ဆောင်ကြသည်။

www.burmeseclassic.com



အလောင်းသုံးလောင်းကို ကားပေါ်သို့ တင်ပြီးသောအခါ ကားကို ဆားဗိတ်က မောင်းသည်။ တောင်စောင်းထိပ်တစ်ခုဆီသို့ ရောက်သောအခါ ကားကိုရပ်ပြီး ကားကို တောင်အောက်သို့ တွန်းချလိုက်ကြသည်။ အလောင်း တစ်ခုမှာ လမ်းခုလတ်တွင် လွင့်ထွက်သွားသည်။ အလောင်းနှစ်ခုမှာ ကားနှင့် အတူ ပါသွားသည်။ များမကြာမီတွင် ကားသည် သည်မြင်ကွင်းမှ ပျောက်ကွယ် သွားတော့သည်။

'ပြီးပြီ'

ဆားဗိတ်က ပြောလိုက်သည်။

'ဗိုလ်ကြီး ခဏနေပါဦး'

ဘုန်းတော်ကြီးသည် လက်နှစ်ဖက်ကိုပိုက်ပြီး သေဆုံးသူများအတွက် ဆုတောင်းပတ္ထနာ ပြုသည်။

ဘုရားရှိခိုးကျောင်းသို့ သူတို့ ပြန်လာကြသည်။ ရိုဆာက သူတို့ကို မြည်းကလေး အနီးတွင် စောင့်ဆိုင်းနေသည်။

'အားလုံးစင်အောင် ဆေးပြီးပြီလား'

ဘရားသား လူစီယိုက မေးသည်။

'ဟုတ်ကဲ့'

ထိုအခါ ဘုန်းတော်ကြီးသည် မြည်းကလေးပေါ်သို့ တက်လိုက် ပြီးနောက် ထွက်ခွာသွားသည်။ ဆားဗိတ်နှင့် ရိုဆာတို့က နောက်မှ လိုက်ပါသည်။

\+ \+ \+

မာရီယာသည် ဖရန်ဆီကင် ကျောင်းတိုက်ကြီး၏ ဘုရားရှိခိုးကျောင်း အတွင်းဝယ် ဒူးထောက်ကာ ဘုရားဝတ်ပြုသည်။ သည်ရက်အတွင်းဝယ် ငြိမ်းချမ်းမှုကို ပထမဆုံး ကြိမ်ပြန်လည်တွေ့ရှိရခြင်းပင်ဖြစ်သည်။လူစီယာနိုနှင့် ပက်ဒရီဂျီ အိုဗန္နီတို့သည် တံခါးအနီးက မှောင်ထဲတွင် ရပ်နေကြသည်။

'ဒွန်အန်တိုနီယိုဆီက အကြောင်းမကြားသေးဘူးလား'

လူစီယာနိုက မေးလိုက်သည်။

'ဘာမှ မကြားရသေးဘူး'

ထိုစဉ် တံခါးပွင့်သွားပြီး ဦးပဥ္စင်းကလေးတစ်ပါး ဝင်ရောက်လာသည်။

www.burmeseclassic.com



ပက်ဒရီ၏ နား အနီးကပ်ပြီး တီးတိုးပြောသည်။

‘ခင်ဗျားမိတ်ဆွေတွေ ရောက်လာကြပြီ’

ပက်ဒရီက လူစီယာနိုကို ပြောလိုက်သည်။

လူစီယာနို အပြင်သို့သွားသည်။ ဝင်းအတွင်းသို့ ဝင်လာနေကြသော ဆားဗိတ်နှင့်ရိုဆာတို့ကို တွေ့မြင်ရသည်။

‘ဟေး . . . မောင်ရင်တို့နှစ်ယောက် ဘာဖြစ်နေကြတာလဲ’

* * *

www.burmeseclassic.com

# [ ၁၄ ]

ပက်ဒရီဂျီအိုဗန္နီသည် ကွေ့ဝိုက်သော ကျောက်လှေကားအတိုင်း သူတို့ကို ဘုရားရှိခိုးကျောင်း၏ မြေအောက်ခန်းသို့ ခေါ်ဆောင်သွားသည်။ ပဥ္စင်းငယ် တစ်ပါးသည် မှန်အိမ်ငယ်နှစ်လုံးကို ဝါးလုံးတွင် ထမ်းလျှိုလျက် ရှေ့ဆုံးမှ ဆင်းသွားနေသည်။ ဆားဗိတ်နှင့် လူစီယာနိုတို့က နောက်မှလိုက်ပါ ကြသည်။

'ကျုပ်တို့ရဲ့ကျောင်းတိုက်ကြီး စစ္စလီတစ်ကျွန်းလုံးမှာ ကျော်ကြားတာ ဟာ ဒီမြေအောက် တိုက်ခန်းတွေကြောင့်ပဲ'

ပက်ဒရီဂျီအိုဗန္နီက ပြောသည်။

ပဥ္စင်းငယ်က ထမ်းပိုးကို အနည်းငယ် မြှင့်လိုက်သောအခါ သူတို့ ရောက်ရှိနေသော အခန်းသည် လူသေအလောင်းများထားသည့် သင်္ချိုင်းဆောင် ဖြစ်ကြောင်း ဆားဗိတ်တွေ့ရှိရသည်။ နံရိုးများ၊ တင်ဆုံရိုးများ၊ ခြေရိုးများ၊ ပေါင်ရိုးများ စသည်ဖြင့် အရိုးပေါင်းစုံကို တွေ့မြင်ရသည်။ ဦးခေါင်းခွံများမှာလည်း ဟိုနားမှာတစ်ပုံ၊ သည်နားမှာတစ်ပုံပင် ဖြစ်သည်။

ချောက်ချားဖွယ်ရာ အကောင်းဆုံးကတော့ အလောင်းများပင် ဖြစ် သည်။ အချို့က တုံးလုံးကြီး၊ အချို့က ထိုင်လျက်၊ အချို့ကဆွဲချိတ်လျက်။ များသောအားဖြင့် အရိုးများသာဖြစ်သော်လည်း၊ အချို့မှာ သွေ့အသားအရေနှင့် ဆံပင်များ ရှိနေကြ သေးသည်။ အချို့မှာ မျက်လုံးများပင်ရှိနေဆဲ ဖြစ်သည်။

www.burmeseclassic.com



BURMESE CLASSIC .com

အဝတ်အစား များလည်း ဝတ်ဆင်ထားကြသည်။

'ဘုရား. . . ဘုရား၊ ဘယ်လိုဟာတွေလဲ၊ ဒီအလောင်းတွေက ဘယ်သူတွေလဲ'

ဆားဗိတ် ထိတ်လန့်စွာ မေးလိုက်သည်။

'စစ္စလီမှူးမတ် မျိုးနွယ်များဟာ သူတို့သေတဲ့အခါ ဒီနေရာမှာ အနားယူကြတယ်၊ ပါလာမိုက တက်မူချင်ဇီတာဘုရားရှိခိုကျောင်းရဲ့ မြေအောက်သင်္ချိုင်းဟာလဲ ဒီအတိုင်းပါပဲ ဗိုလ်ကြီးဆားဗိတ်'

ပက်ဒရီဂျီအိုဗန္နီက ရှင်းပြသည်။

ကတ္တီပါ ဝတ်စုံနှင့် ကလေးတစ်ယောက်၏ အလောင်းသည် ၎င်း၏ အနီးတွင် ချိတ်ဆွဲထားသည်ကို တွေ့မြင်လိုက်ရသောအခါ ဆားဗိတ် တုန်သွားသည်။ မျက်လုံး များကို လွှဲလိုက်သည်။

'စစ္စလီလူမျိုးတွေမှာ သေဆုံးခြင်းဟာ အင်မတန်အရေးကြီးတယ်၊ အချို့ရွာတွေမှာဆိုရင် ဝိညာဉ်နေ့ဆိုတာ ရှိတယ်၊ အဲဒီနေ့မှာလူတွေဟာ သင်္ချိုင်းတွေကို သွားပြီး တမလွန်ရောက် သားသမီးမိဘတွေကို အစားအသောက်တွေကျွေးကြတယ်၊ ညသန်းခေါင်မှာ သင်္ချိုင်းထဲမှာ ဖယောင်းတိုင်ကလေးတွေနဲ့ ထိုင်နေကြတယ်၊ ကွယ်လွန်သူတွေအတွက် လက်ဆောင်ပစ္စည်းတွေကို ဘုရားရှိခိုးကျောင်းတွေထဲမှာ ထားခဲ့ကြတယ်'

လူစီယာနိုက ပြောပြသည်။

'အမှန်ကတော့ ကျုပ်တို့အားလုံးဟာ တစ်နေ့မှာဒီလမ်းကိုပဲ သွားကြရမှာပဲ မဟုတ်လား၊ ဒါပေမဲ့ ဗိုလ်ကြီးတို့ကို ဒီကိုခေါ်လာတာက တရားဟောဖို့မဟုတ်ဘူး၊ ဟိုဘက်ကို ဗိုလ်ကြီး'

ပက်ဒရီဂျီအိုဗန္နီက ပြောလိုက်သည်။

မြေအောက်ဆောင်၏ ထောင့်တစ်နေရာတွင် ဝက်သစ်ချသားအနက်ဖြင့် ပြုလုပ်ထားသော သစ်သားသလွန်ကြီးတစ်ခု ရှိသည်။ သလွန်ပေါ်တွင် ထိုင်နေသော ဖရန်ဆီကင် ဘုန်းတော်ကြီးတစ်ပါး၏ ရုပ်ကြွင်းတစ်ခုကို တွေ့ရသည်။

'လွန်ခဲ့တဲ့ ရာစုနှစ်တုန်းက ဖရန်ဆီကင် ကျောင်းတိုက်ကြီးရဲ့ ဆရာတော် ပက်ဒရီလီယိုနာဒို ဆိုတာပဲ'

ပက်ဒရီဂျီအိုဗန္နီ က ယင်းသို့ပြောပြီးနောက် သလွန်၏လက်ယာဘက်

www.burmeseclassic.com



အထက်ဘက်ရှိ ထွင်းထုထားသော နှင်းဆီပွင့်ကြီးကို လှည့်ပြီး တွန်းလိုက်သည်။ သလွန်ကြီးသည် တကျည်ကျည်မြည်ပြီး ပွင့်သွားသည်။ အတွင်းဘက်တွင် မှောင်မည်းသော ဥမင်တစ်ခုကို တွေ့ရသည်။

ပက်ဒရီဂျီအိုဗန္နီက . . .

'ဒီဥစ္စာ ရဲတိုက်ကြီးဘ၀က လုပ်ထားခဲ့တာပဲ၊ အရေးအကြောင်းပေါ် လာရင် ထွက်သွားနိုင်ဖို့လမ်းပဲ၊ ဗိုလ်ကြီးတို့လဲ အရေးအကြောင်းရှိယင် သုံးနိုင်အောင် ပြထားတာပဲ'

'ဂျာမန်တွေ ဒီကိုလာတတ်သလား'

ဆားဗိတ်က မေးလိုက်သည်။

'တစ်ခါတလေ လာတတ်တယ်၊ လွန်ခဲ့တဲ့ သုံးပတ်လောက်က ကိုးနစ်နဲ့ သူ့လေထီးတပ်သားတွေ လာတယ်၊ ကျောင်းတိုက်တစ်ခုလုံးကို ပိုက်စိပ်တိုက်ပြီး ရှာသွားတယ်'

'သတင်းရလို့ရှာတာလား'

'မဟုတ်ဘူး၊ ကိုးနစ်က အနေအထားကျွမ်းအောင် လေ့လာတာပဲ၊ အင်မတန် ထူးဆန်းတဲ့ လူငယ်တစ်ယောက်ပဲ၊ ယဉ်ကျေးတယ်၊ သိမ်မွေ့တယ်၊ ဗိုလ်မှူး မေယာရဲ့ ယူကရိန်းတပ်သားတွေနဲ့ တခြားစီပဲ၊ ဒီမြေအောက်ခန်းကိုလဲ သူတို့ ရောက်တယ်'

'ဒါဖြင့်ရင် ဥမင်က ကျောက်တိုက်ကြီးရဲ့ အပြင်ဘက်ကို ရောက်တာ ပေါ့ ဟုတ်လား'

လူစီယာနို မေးလိုက်သည်။

'အောက်ဘက်တောင်စောင်း နှစ်ဖာလုံလောက်ကို ပေါက်တယ်၊ ကျုပ် အနေနဲ့တော့ အသက်ကြီးပြီပဲ၊ အဲဒီအထိမလျှောက်နိုင်တော့ဘူး၊ ခင်ဗျားတို့ကို ဖိလစ်ပိုက လိုက်ပြလိမ့်မယ်'

သူသည် မှန်အိမ်တစ်လုံးကို ယူလိုက်ပြီးနောက် . . .

'နောက်မှ တွေ့ကြသေးတာပေါ့'

မြေအောက်ဆောင်အတွင်းမှ သူထွက်သွားသည်။ ဘရားသား ဖိလစ်ပို က ဥမင်တွင်းသို့ဝင်သွားသည်။ ဆားဗိတ်သည် သလွန်ပေါ်မှ ခန္ဓာကိုယ်ကြီးကို ကြည့်လိုက်ပြီးနောက် တုံ့ဆိုင်းနေသည်။ ယင်းခန္ဓာကိုယ်ကြီးကို ဖြတ်သွားရန် ၀န်လေးနေသည်။

www.burmeseclassic.com



'ဒီဆရာတော်ကြီးကို မြင်ရတော့ ကျုပ်တွေ့ဖူးတဲ့ တရားသူကြီး တစ်ယောက်ကို သတိရမိတယ်၊ ဒါပေမဲ့ ထားပါတော့၊ ဒါက ပြဿနာတစ်ခုပဲ၊ ကဲ. . . သွားကြရအောင်'

လူစီယာနိုကစိတ်ပါလက်ပါ ပြောလိုက်ပြီးနောက် ဆားဗိတ်ကို တွန်းလိုက်သည်။ ဥမင်တွင်းသို့ သူတို့ဝင်ရောက်သွားကြသည်။

\+ + +

မာရီယာသည် အုတ်တံတိုင်းကိုမှီကာ ပေခြောက်ထောင်ကျော်ရှိသော တောင်ကြီးများကို ငေးမျှော်ပြီးကြည့်နေသည်။ တောင်ကြားတစ်လျှောက်တွင် ပန်းပွင့်တွေ ဝေနေသည်။ မိုးဆမ်းထားသဖြင့် စွင့်လန်းနေသည်။

ပက်ဒရီဂျီအိုဗန်နီသည် အုတ်တံတိုင်းပေါ်သို့ တက်လာပြီး သူမအနီးသို့ ရောက်ရှိလာသည်။

'သြော်. . . ဒီမှာရောက်နေတာကိုး၊ ဘာတွေများ စဉ်းစားနေသလဲ'

'ဘာမှ မပြောင်းလဲသေးဘူးနော်'

'အဲဒီတောင်စောင်းတွေမှာ လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ထောင်လောက်က ရောမကျွန်တွေကို ဝှက်တဲ့ဂူတွေ ရှိတယ်' သူ ထိုင်လိုက်ပြီး 'ကိုယ့်ရပ်ကိုယ်ရွာကို ပြန်လာရတာ ပျော်ရဲ့လား'

'ဒီအရပ်ဟာ ကျွန်မရဲ့ အရပ်မဟုတ်ပါဘူး၊ မုန်းတီးခြင်းဟာ ဒုစရိုက်မှု တစ်ခုဖြစ်ကြောင်း ကျွန်မသိပါတယ်၊ ဒါပေမဲ့ ဒီအရပ်ကို ကျွန်မမုန်းတယ်'

'မင်းရဲ့ အဘိုးကိုကော'

'အန်တိုနီယာလူကာ။ စစ္စလီကျွန်းက ကျွန်းတစ်ခုလုံးရဲ့ မာဖီးယားဘုရင်ကြီး၊ သက်ဦးဆံပိုင် အရှင်သခင်ကြီး၊ ဒီလိုလူမျိုးတစ်ယောက်ကို ချစ်ခင်ဖို့ ဘုရားကျောင်းတော်က ခွင့်ပြုသလား'

'အို . . . ကလေးရယ်၊ မင်းရဲ့အမေကို သတ်တာဟာ မင်းရဲ့အဘိုး မဟုတ်ပါဘူး၊ မင်းအဘိုးရဲ့အသက်ကိုလုပ်ကြံဖို့ ကြိုးစားတဲ့လူဆိုးတွေပါ'

'သူ့မှာ တာဝန်ရှိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ ကာဘို တစ်ယောက် ဖြစ်နေလို့ပဲ၊ အရှင်ဘုရား သူ့ကို ကာကွယ်ရင် မာဖီးယားကို ကာကွယ်တာပဲ၊ အရှင်ဘုရားလို ဘုန်းတော်ကြီးတစ်ပါးဟာ ဘယ်လိုလုပ်ပြီး ဒီလို အမှုကိစ္စမျိုးကို ကာကွယ်နိုင်မလဲ'

www.burmeseclassic.com



'ကျုပ်မကာကွယ်ပါဘူး၊ ကျုပ်ဘယ်သူ့ကိုမှ မကာကွယ်ပါဘူး၊ ခရစ်ယာန် ကျမ်းစာတော်မှာ အရှင် ယေရှုခရစ်က ညွှန်ကြားတော်မူတဲ့အတိုင်း လူသားတွေနဲ့ ဆက်ဆံတာပဲ'

ပက်ဒရီ ဂျီအိုဗန္နီက တည်ငြိမ်အေးအေးစွာ ပြန်ပြောသည်။

မာရီယာက တစ်စုံတစ်ရာ ပြန်မပြောရမီမှာပင် အုတ်တံတိုင်းတံခါးကြီး ပွင့်သွားပြီး ကာတာနှင့်ဗီဇာရာတို့ ကားကိုယ်စီဖြင့် ဝင်ရောက်လာကြသည်။

\+ \+ \+

'ကျုပ်တို့ သိရသလောက်တော့ ဒက်ဝေလာ အဖမ်းခံရပြီး အင်္ဂရီဂျင်တို တပ်စခန်းကို ပါသွားတယ်'

ဗီဇာရာက ပြောလိုက်သည်။

'သူ့ကို ဘယ်လို မိသွားသလဲ'

ဆားဗိတ်က မေးလိုက်သည်။

'သတင်းပေး တစ်ယောက်ကြောင့်ပဲ၊ သူ့ကို အရေးယူဖို့ စီစဉ်ထားကြပြီ'

သူတို့သည် ထမင်းစားပွဲတစ်ခုတွင် ထိုင်ပြီး ဆွေးနွေးနေကြခြင်း ဖြစ်သည်။ ဆားဗိတ်၊ ရိုဆာနှင့်ဗီဇာရာတို့က တစ်ဖက်၊ လူစီယာနို၊ ကာတာနှင့် မာရီယာတို့က စားပွဲတစ်ဖက်တွင်ဖြစ်သည်။ ပက်ဒရီဂျီအိုဗန္နီက စားပွဲထိပ်တွင် ထိုင်နေသည်။ ဂျီအိုဗန္နီသည် သူ၏ ခွက်ထဲသို့ ဝိုင်အနီကို ငှဲ့လိုက်ပြီးနောက် ပုလင်းကို လူစီယာနိုသို့ လှမ်းပေးလိုက်သည်။

'တပ်ကြပ်ကြီး ဒက်ဝေလာရဲ့ ဇာတိအမှန်ကို ဗိုလ်မှူး မေယာ မသိဘူး ပဲထားဦး၊ သူပြင်းပြင်းထန်ထန် အညှဉ်းဆဲခံရမှာတော့ အမှန်ပဲ' ဆားဗိတ် ဘက်သို့ လှည့်ပြီး 'ဗိုလ်ကြီးရဲ့ လူဘယ်လောက်တောင့်သလဲ'

'အို. . . သူတောင့်ပါတယ်၊ ပြင်သစ်ကမ်းခြေမှာ တိုက်ကြတုန်းက သူဟာ ခြောက်ထောက်မှာ ကျည်ဆန်ကြီးနဲ့ မိုင်နှစ်ဆယ် ခရီးကို လျှောက်ပြီး လာတယ်'

ဗီဇာရာက. . .

'ဘယ်သူမဆို ခံနိုင်တဲ့ အတိုင်းအတာရှိတယ်၊ ဒက်ဝေလာ ပါးစပ် တစ်ချက် ဟလိုက်ရင် ကျုပ်တို့နောက်ကို သူတို့လိုက်လာကြတော့မှာပဲ'

www.burmeseclassic.com



'ဒီသဘောကတော့ လူကာနဲ့ ကျုပ်တို့ အမြန်ဆုံးတွေ့မှဖြစ်မယ်'

ကာတာက ပြောလိုက်သည်။

ထိုစဉ်တွင် ဘရားသား ဖိလစ်ပို ဝင်လာသည်။ သူ့ လက်ထဲတွင် ခို တစ်ကောင် ပါရှိသည်။ ပက်ဒရီ ဂျီအိုဗန်နီက ခိုကလေး၏ ဝဲဘက်ခြေထောက်တွင် စည်းနှောင်ထားသော ဘူးကလေးတစ်ခုကို ဖြေယူသည်။ ထို့နောက် သူသည်ဘူး ငယ်ကလေးကို လက်သည်းဖြင့် ထိုးဖွင့်လိုက်သည်။ အတွင်းမှ စာရွက်လိပ် ကလေးတစ်ခု ထွက်လာသည်။ စာရွက်လိပ်ကလေးဖြေပြီး သူဖတ်သည်။ သူ့မျက်နှာပြုံးလာသည်။

'မနက်ဖြန် မနက်၊ မနက်ဖြန်မနက်မှာ ခင်ဗျားတို့ကို သူတွေ့လိမ့်မယ်'

\+ \+ \+

အလောင်းများထားသည့်အခန်း၏ နောက်ဘက်ရှိ အခန်းငယ်ကလေး တွင် ဗီဗာရာသည် ရေဒီယို အဆက်အသွယ်ပြုလုပ်လျက်ရှိသည်။ ကာတာနှင့် လူစီယာနိုတို့က ကော်ဖီသောက်ရင်းစောင့်ဆိုင်းနေကြသည်။ နောက်ဆုံးတွင် ဗီဗာရာသည် ခေါင်းမှနားကျပ်ကို ဖြုတ်လိုက်ပြီး စိတ်လှုပ်ရှားစွာပြောလိုက်သည်။

'သူတို့လာပြီ၊ သန်ဘက်ခါလာပြီ'

ကာတာထိုင်ရာမှ ထလိုက်ပြီး အခန်းထဲလျှောက်သွားရင်း . . .

'ဒါဆိုရင် ကျုပ်တို့မှာ အချိန်သိပ်မရှိဘူး'

လူစီယာနိုက . . .

'ဒီမယ် ဟာရီ၊ မနက်ဖြန်မှာ လူကာနဲ့ကျုပ်တို့ တွေ့ကြမယ်၊ တစ်ခါတွေ့ တယ်ဆိုရင် ကိစ္စအားလုံးပြီးသွားမှာပဲ၊ အဲဒီနောက်မှာ သူ့အနေနဲ့ စစ္စလီကျွန်း အနောက်ပိုင်း တစ်လျှောက်လုံးကို သတင်းပို့လိုက်ရုံပဲ၊ အဲဒါ ဘာကြာမှာလဲ၊ သုံးလေးနာရီပေါ့'

ဗီဗာရာက ဗီရိုထဲမှ ပုလင်းတစ်လုံးနှင့်ဖန်ခွက်သုံးလုံး ထုတ်လာသည်။ သူက ဖန်ခွက်များကို လျှင်မြန်စွာဖြည့်လိုက်သည်။

'ကဲ. . . သောက်လိုက်ကြရအောင်'

ထို့နောက် သူသည် ရေဒီယိုကို ဖွင့်လိုက်ပြီး . . .

'ကိုင်ရိုက ဘာသတင်းများ ထူးသလဲလို့ နားထောင်ကြရအောင်'

ထွက်ပေါ်လာသော ဂီတသံနှင့်သီချင်းသံက ဝေးလံလှသည်။ သို့သော်

www.burmeseclassic.com



တိတ်ဆိတ်သော ညကို စိုးမိုးခြင်းရှိသည်။

'ကောင်းတယ်၊ ကျုပ်ကြိုက်တယ်၊ သူဘယ်သူလဲ'

လူစီယာနိုက မေးသည်။

ကာတာက. . .

'အယ်ဘော်တီ၊ ဒါနဲ့ ခင်ဗျားကို ကျုပ်ပြောဖြစ်သလား၊ ဂျက်စ်ဝိုင်း မှာ ကျုပ်စန္ဒရားတီးဖူးတယ်၊ သူက အင်္ဂလိပ်အဆိုတော်ပဲ၊ အာဖရိက ဇာတိပေါ့ နှစ်ပေါင်းတော်တော်ကြာအောင် နံပါတ်တစ်မှာ ရှိခဲ့တယ်၊ လေးဆယ့်တစ်နှစ်မှာ ဗုံးထိပြီး သူသေသွားတယ်၊ အခုဆိုနေတာ "လမ်းပေါ်က ငွေလရောင်" ပေါ့၊ သူ့ သီချင်းတွေထဲမှာတော့ အကောင်းဆုံးသီချင်းတစ်ပုဒ်ပဲ၊ ၁၉၃၈ခုနှစ်၊ မတ်လ လျူစတုန်းအဖွဲ့နဲ့သွင်းထားတာပဲ'

အခန်းထဲတွင် တေးသံက လွှမ်းလင့်နေသည်။

လူစီယာနိုက . . .

'ဘယ်လို ဖြစ်ရတာလဲ'

'သူ့ကြမ္မာ သူဖန်တီးတာပဲ၊ ဘရူးဝါးလမ်းအတိုင်း သူလျှောက်နေတုန်း ဗုံးတစ်လုံးကျတယ်၊ သူဘာမှမဖြစ်ဘူး၊ အဲဒီကတည်းက သူ့ကံကို သိပ်ယုံသွား တယ်၊ လေကြောင်းရန်အချက်ပေးရင် တခြားသူတွေ ပုန်းကြတယ်၊ သူ မပုန်းဘူး၊ အိပ်ရာထဲမှာပဲနေတယ်'

'အဲဒီအတွက် သူ့အသက်ကို ပေးသွားရတာပဲပေါ့'

ဗီဗာရာက ထောက်လိုက်သည်။

'ဟုတ်တယ်၊ အဲဒီအကြောင်းတွေထားလိုက်ပါတော့၊ ကဲ. . . လူကြီးမင်းတို့ ကျုပ်တို့ တစ်ခုခုကို ဂုဏ်ပြုပြီးသောက်ကြရအောင်'

လူစီယာနိုက . . .

'ကျုပ်တို့ သုံးယောက်အတွက်၊ ပြီးတော့ လူစီယာနိုရဲ့ကံကြမ္မာအတွက်'

* * *

www.burmeseclassic.com

# [ ၁၅ ]

နောက်တစ်နေ့ နံနက်ကိုးနာရီကျော်ကျော်တွင် ဗီဗာရာ၏ ထရပ်ကား အဟောင်းကြီးဖြင့် သူတို့ထွက်ခွာကြသည်။ လူစီယာနို၊ ကာတာနှင့်ဆားဗိတ်တို့က နောက်မှထိုင်ပြီး မာရီယာက ဗီဗာရာနှင့်အတူ ရှေ့ခန်းတွင်ထိုင်သည်။

မိုးတိတ်သွားပြီဖြစ်သည်။ ထိုနေ့သည် နေပူမည့်နေ့တစ်နေ့ဖြစ်ဟန် ရှိသည်။ ထရပ်ကားကြီးသည် ကျေးရွာဇနပုဒ်ကလေးများကို တစ်ခုပြီးတစ်ခု ဖြတ်သန်းသွားပြီး တောင်ပေါ်သို့ တက်သွားနေသည်။ အိမ်ငယ်ကလေးများတွင် ပြတင်းပေါက်ဟူ၍ တစ်ပေါက်မျှမရှိပါ။အိမ်ရှေ့တံခါးပေါက်တစ်ခုသာရှိသည်။ အထဲတွင်မှောင်နေသည်။ လူတွေရော တိရစ္ဆာန်တွေရော ရောနေသည်။

'၁၉၁၇ခုနှစ်တုန်းက ကျုပ်တို့မိသားစု အမေရိကကို ထွက်လာတုန်း ကလဲ ဒီအတိုင်းပဲ၊ နောက်နှစ်ပေါင်းသုံးဆယ်ကြာတော့လဲဒီအတိုင်းပဲ၊ ဘာမှ မပြောင်းလဲဘူး'

လူစီယာနိုက ပြောလိုက်သည်။

'နယူးယောက်မြို့ အရှေ့ပိုင်းကကော ပြောင်းလဲလို့လား'

ကာတာက မေးလိုက်သည်။

ခေါင်းပေါ်တွင် တောင်းကိုယ်စီ ရွက်ပြီးသွားနေသော မိန်းမတန်းကြီးကို သူတို့ဖြတ်ကျော်ရသည်။

www.burmeseclassic.com



'ဒီမယ်ပရော်ဖက်ဆာ၊ ငရဲမှာတောင် အခြေအနေ ဒါလောက် မဆိုးနိုင်ဘူး'

တစ်နာရီခွဲခန့် သွားမိသောအခါ ရွာလေးတစ်ရွာသို့ သူတို့ ရောက်ရှိသည်။ ဗီဗာရာ ကားကို ဝိုင်အရက်ဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်လိုက်သည်။ ဗီဗာရာ ကားပေါ်မှ ဆင်းသွားသည်။ ပုပုဝဝ လူတစ်ယောက် ဆိုင်ထဲမှထွက်လာသည်။

'ဟေး ရာဖေး၊ အခြေအနေတွေ ဘယ်နှယ်လဲ'

'ကောင်းပါတယ်၊ အားလုံး အဆင်သင့်ပဲ၊ ကားကို ဒီမှာထားခဲ့၊ ကျုပ်ကြည့်ထားလိုက်မယ်'

'ဟုတ်ပြီ၊ အားလုံးဆင်းကြ'

ဗီဗာရာက ဟစ်အော်လိုက်သည်။

ထို့နောက် သူသည် ရာဖေး၏ နောက်မှနေ၍ ဆိုင်ကလေး၏ နောက်ဘက်သို့ လိုက်သွားသည်။ လားခြံကလေးတစ်ခုတွင် လားခြောက်ကောင်ခန့် အသင့်ရှိနေသည်ကို တွေ့ရသည်။ ဆံပင်နက်နှင့် ကောင်ကလေးတစ်ယောက်သည် သေနတ်တစ်လက်ကိုလွယ်ပြီး စောင်းတန်းကို မီနေသည်။

'သူက နီနိုပဲ၊ ခင်ဗျားတို့ကို သူလမ်းပြပြီး ခေါ်သွားလိမ့်မယ်၊ နှစ်နာရီလောက် သွားကြရမယ်'

'ဘယ်လိုလဲ ပရော်ဖက်ဆာကြီး'

လူစီယာနိုက မေးလိုက်သည်။

'ခြေလျှင်လျှောက်တာထက်တော့ အများကြီးကောင်းပါတယ်'

လူစီယာနိုသည် မာရီယာထံသို့ လျှောက်သွားပြီး သူမကို လားပေါ်သို့ တင်ပေးလိုက်သည်။

'မင်းအဘိုးနဲ့တွေ့ရမှာ စိတ်ထဲမှာ တွေးပြီးပူနေသလား'

'ဘာပူစရာရှိသလဲ'

သူက စေတနာနှင့် မေးလိုက်ခြင်းဖြစ်သည်။ သို့သော် သူမ၏ အဖြေက ပေါ့ပေါ့ဆဆနိုင်လှသည်။

'မင်းကိုယ်ထဲမှာ လူကာရဲ့သွေးပါနေတာ အမှန်ပဲ'

'တော်စမ်းပါ'

'ဘုရားသခင် ကောင်းချီးပေးပါစေ'

သူမက လားကို နှင်တံဖြင့်ရိုက်သည်။ ဘသားချောက ဒုန်းစိုင်းပြီး

www.burmeseclassic.com



ထွက်သွားသည်။

\+ + +

ပါလာမိုစစ်ဌာနချုပ်တွင် ဗိုလ်ချုပ်ကြီး ဂတ်ဇိုနီသည် သူ၏ လက်ထောက် အရာရှိများနှင့် အစည်းအဝေး ကျင်းပလျက်ရှိသည်။ ကိုးနစ် တံခါး ခေါက်ပြီး ဝင်သွားသည်။

'ဟား . . . ဗိုလ်မှူးပါလား'

မိုးလေဝသအခြေအနေ ဆိုးရွားလှသည်။ သို့သော် ပင်တာလာရီနာ၏ တောင်ဘက်တွင် မဟာမိတ်သင်္ဘောများရောက်ရှိနေသည်ကို ကင်းထောက် လေယာဉ်များက တွေ့ရှိခဲ့သည်။

'ထောက်လှမ်းရေးက ယူဆနေတဲ့ရန်သူ ပရိယာယ်ပဲလား'

'ဒီသဘောပဲပေါ့၊ ရန်သူတပ်တွေဟာ ဆာဒီးနီးယားကိုသွားနေတယ်လို့ ယူဆရတာပေါ့၊ အဲဒါပဲ ရဲဘော်တို့၊ အကြောင်းထူးရင် ကျုပ်ထပ်ပြီးခေါ်လိုက်မယ်'

ဗိုလ်ချုပ်ကြီးက သူ၏လူများကို ပြောလိုက်သည်။

အီတလီအရာရှိများထွက်ခွာသွားသောအခါ ဗိုလ်ချုပ်ကြီးက ကိုးနစ် ကို စီးကရက်တစ်လိပ်ပေးသည်။ ထို့နောက် ဖန်ခွက်နှစ်ခုထဲသို့ ကော့ညက်အရက် များ ငှဲ့သည်။

'ရန်သူလေတပ်လှုပ်ရှားမှုတွေရုတ်တရက်များလာတယ်၊ နှစ်ဆယ့်လေး နာရီအတွင်းမှာ မက်ဆီနာကိုဗုံးနှစ်ခါ အကြဲခံရတယ်၊ သင်္ဘောဆိပ် တွေနဲ့ လေဆိပ်တွေကို တိုက်ခိုက်ကြတယ်၊ ဒါကို ကျုပ်သဘောမကျဘူး၊ ဗိုလ်ချုပ်မှူးကြီး ကပ်ဆယ်ရင်းလဲသဘောမကျဘူး၊ ကျုပ် အခုပဲ သူနဲ့ ရောမမှာ စကားပြောခဲ့ရတယ်'

'ဟုတ်ကဲ့'

ကိုးနစ် စကားကို ထိန်းပြီးပြောသည်။

'စစ္စလီကို ဟန်ရေးပြပြီး ဆာဒီးနီးယားကို တိုက်မယ်ဆိုတဲ့ အယူအဆ ကို ဗိုလ်ချုပ်မှူးကြီး နည်းနည်းမှ လက်မခံဘူး၊ ဒီအချိန်မှာ ရာသီဥတုက ပြဿနာဖြစ်လာပြန်တယ်'

'ကျွန်တော်လည်း အဲဒါပဲ စဉ်းစားနေတယ်၊ တကယ့် ထူးခြားတဲ့ အချိန်ပဲ'

www.burmeseclassic.com



BURMESE CLASSIC .com

'မနက်ဖြန်အတွက်နဲ့ သဘက်ခါအတွက် မိုးလေဝသခံမှန်းချက်ဟာ အင်မတန်ဆိုးတယ်၊ မုန်တိုင်းကျမယ်၊ လေပြင်းကျမယ်၊ မိုးကြီးမယ်၊ ဒီလို ရာသီဥတုမျိုးမှာ သူတို့လာမယ်ဆိုရင် ဘယ်သူမှ မမျှော်လင့်မှာမို့ လာတာလဲ ဖြစ်မယ်'

ကိုးနစ်သည် ကောညက်ကို တစိမ့်စိမ့် သောက်နေရာမှ . . .

'ပရိယာယ်ဆင်တာမဟုတ်ဘူးဆိုရင် တကယ်ပဲဖြစ်ရမယ်၊ မိုးလေဝသ အခြေအနေက ပိုပြီးထောက်ခံနေတယ်'

ဂတ်ဖိုနီသည် လက်ထဲမှဖန်ခွက်ချလိုက်ပြီးနောက် . . .

'အက်ဂရီဂျင်တိုကို ဗိုလ်မှူး ကနေ့ည ပြန်မလား'

'ဟုတ်ကဲ့'

'ကျုပ်လည်းလိုက်ခဲ့မယ်၊ ကမ်းရိုးတန်းအခြေအနေတွေကို ကျုပ် ကိုယ်တိုင် သိချင်တယ်'

\+ + +

လူကာသည် ဝရံတာရှိ စားပွဲတွင် ထိုင်ပြီး လက်ကိုင်တုတ်ပေါ်တွင် အားပြုပြီး နေသည်။ ကက်သရီးနားက သူ့ဘေးတွင်ဖြစ်သည်။ လားများပေါ်မှ သူတို့ဆင်းလာပြီး ဝရန်တာဆီသို့ လျှောက်လာကြသည်ကို စောင့်ကြည့်နေကြ သည်။ လူကာသည် တခြားလူများကို အာရုံမပြုဘဲ မာရီယာတစ်ယောက်ထဲကို သာ ကြည့်နေသည်။ သူ၏ပုခုံးပေါ်သို့ လက်နှစ်ဖက်ကို ခတ်ဖွဖွကလေး တင်ထားသော ကက်စရီးနားသည် မသိမသာ တုန်ရင်နေသည်ကို သတိပြု မိသည်။

ဗီဗာရာက သူ့လက်ကို နမ်းရှုပ်ပြီး . . .

'ဒွန်အန်တိုနီရို. . . သူက ကျွန်တော်ပြောတဲ့ ဗိုလ်မှူးကြီး ကာတာပါ၊ သူက အမေရိကန်တပ်မတော်က ဗိုလ်ကြီး ဆားဗိတ်၊ ဒွန်ဆာဗေတိုကိုတော့ ဆရာကြီး သိပါတယ်'

လူကာက သူ့ကို မသိကျိုးကျွန်ပြုသည်။ အားလုံးကိုပင် မသိကျိုးကျွန် ပြုသည်။

'ကျုပ်တို့နှစ်ယောက် စကားပြောအုံးမယ်၊ ကက်သရီးနား သူတို့ကို တစ်ခုခု

www.burmeseclassic.com



ကျွေးပါ'

ကက်စရီးနားက ပြုံးလိုက်ပြီး. . .

'လူကြီးမင်းများ ဒီဘက်ကို ကြွပါရှင်'

ကာတာ တုံ့ဆိုင်းနေသည်။ သို့သော် ဗီဗာရာက သူ့လက်ကို ဆွဲခေါ်သွားသည်။

မာရီယာ လက်ပိုက်ပြီး ရပ်နေသည်။ သူမသည်အတော်ကြီး ပင်ပန်းနွမ်းနယ်လျက်ရှိသည်။ သူမ၏ အင်္ကျီအနက်မှာ ဖုန်များဖြင့်ဖြူဖြူဖွေးလျက်ရှိသည်။ သူမ၏ ခေါင်းမှပုဝါကို ဖြုတ်လိုက်ပြီး ဆံပင်များ အကြားသို့ လက်ချောင်း များဖြင့် ထိုးလိုက်သည်။

'မင်းဟာ သီလရှင်တစ်ယောက်ဆိုတာ အမှန်ပဲလား'

လူကာက မေးလိုက်သည်။

'လေးနှစ်ရှိပါပြီ'

'တောင်ပေါ်မှာ လျှောက်သွားရင်း သေပြီလို့ ယူဆရတဲ့ကလေးငယ်တစ်ယောက်ကို လူ့လောကကြီးထဲရောက်အောင်မွေးပေးခဲ့တယ်၊ ဆိုလတ်ဗိုနဲ့ သူ့မိတ်ဆွေအတွက်တော့ မင်းဟာ သူတော်စင်တစ်ယောက်ပဲ'

'အဘိုးမသိတာ ဘာများရှိသေးလဲ'

'ဒီတောင်ပေါ်မှာ ဖြစ်ပျက်နေတာတွေ ဘာမဆိုကျုပ်မသိတာမရှိဘူး'

စားပွဲပေါ်တွင် လင်မနစ်ခရားရှိသည်။ မာရီယာ တစ်ခွက်ငှဲ့သောက်ပြီး ထိုင်လိုက်သည်။

'ဘာမှမပြောလဲအန်တိုနီယိုလူကာဟာ စစ္စလီကျွန်းတစ်ခုလုံးရဲ့ သက်ဦးဆံပိုင် အရှင်သခင်ကြီးပဲ'

'ကျုပ်ဟာ မာဖီးယားဂိုဏ်းကပဲ၊ ဒါ့အတွက် ကျုပ်ဘာမှမရှက်ဘူး၊ ကျုပ်ကို မာဖီးယားက မွေးတာပဲ၊ ကျုပ်ဟာ မာဖီးယားပဲ'

'မာဖီးယားက ကျွန်မအမေကို သတ်ခဲ့တယ်'

'ကျုပ်ကို သူတို့ရည်ရွယ်တာပဲ၊ အဲဒီလူတွေအားလုံး တန်ရာတန်ကြေး ပေးသွားကြပြီ'

'အဲဒီအတွက် သေတဲ့လူဟာ ပြန်ရှင်လာသလား'

လက်ကိုင်တုတ်ပေါ်တွင် လက်နှစ်ဖက်တင်ပြီး သူထိုင်နေသည်။ မျက်မှောင်ကုတ်ထားသည်။

www.burmeseclassic.com



'မင်းဟာ ဘုရားသခင်ရဲ့ တပည့်သားမြေးတစ်ယောက်ဖြစ်ပေမယ့်၊ မင်းမှာ ချစ်ခြင်းမေတ္တာတရားဆိုတာ မရှိဘူး၊ ကျုပ် ဘာလဲဆိုတာ ကျုပ် သိပါတယ်၊ ဒါပေမဲ့ မာရီယာ မင်းဟာ ဘာလဲ၊ မင်းဟာ ဝတ်ရုံဖြူဝတ်ထားတဲ့ သီလရှင်တစ်ယောက်။ ဆေးရုံမှာ လူနာတွေကို ပြုစုတယ်။ ဒါပေမဲ့ မယ်တော်မာရီရှေ့မှာ ဒူးထောက်ပြီး အန်တိုနီယိုလူကာအတွက် မေတ္တာပို့သလား'

သူမ၏မျက်နှာ ဖြူရော်လျက်ရှိသည်။ သူမ၏ လက်နှစ်ဖက်သည် ကုလားထိုင်လက်တန်းများကို တင်းကြပ်စွာ ဆုပ်ကိုင်ထားသဖြင့် လက်ခေါက်များ ဖြူဖွေးလျက်ရှိသည်။

'ဒါမှမဟုတ် မင်းဆုတောင်းနေတာဟာ ကျုပ်ကို ငရဲရောက်စေဖို့လား'

သူမ ထိုင်ရာမှ ဝုန်းခနဲ ထလိုက်သည်။ လင်မနစ်ကရား ဖိတ်သွား သည်။ တစ်ဖက်သို့လှည့်ပြီး ဥယျာဉ်တွင်းသို့ သူမ ပြေးဆင်းသွားသည်။

ကက်ထရီးနား အခန်းတွင်းမှ ထွက်လာပြီး . . .

'ဘယ်နှယ့်လဲ အဘိုးကြီး၊ ကျေနပ်သွားပြီလား၊ တော်တော်ပျော်သွားပြီလား . . . .'

'မဟုတ်ဘူး၊ ကိုယ်ဒီလိုမျိုး နည်းနည်းမှ မရည်ရွယ်ဘူး'

သူ လှေကားမှ ဆင်းသွားသည်။ သံလွင်ပင်များအကြားရှိ လမ်းကလေးအတိုင်း လျှောက်သွားသည်။ တောင်ကမ်းပါးယံထိပ်ပြန့်ကလေးသို့ ရောက်ရှိသွားသည်။ ကျောက်တံတိုင်းတစ်ခုပေါ်တွင် ထိုင်နေသော မာရီယာကို တွေ့ရှိရသည်။

သူမ၏ ဘေးတွင် သူ ထိုင်လိုက်သည်။ အင်္ကျီအိတ်ထဲမှ ဆေးပြင်းလိပ်တစ်လိပ်ကို ထုတ်ယူသည်။

'ထရီဗီဆီက နွေရာသီအိမ်ကလေးကို မှတ်မိသေးသလား၊ အဲဒီတုန်းက မင်းအတွက် မြင်းပုကလေးတစ်ကောင် ဝယ်ပေးတော့ မင်းအသက်က ကလေးပဲ ရှိသေးတယ်၊ ကိုးနှစ်ပဲ ရှိသေးတယ် မဟုတ်လား'

'ခြံစည်းရိုးအခုန်လိုက်မှာ ကျွန်မ လက်တစ်ဖက် ကျိုးသွားတယ်လေ'

'အဲဒီတော့ မြင်းကလေးကို ကျုပ်တို့ပစ်သတ်လိုက်ကြတယ်မဟုတ်လား' သူ သက်ပြင်းချလိုက်ပြီး 'ဘဝဆိုတာ သေခြင်းနောက်ဆုံးပဲ၊ လူ့ဘဝရဲ့ သဘောပဲ'

ခေတ္တမျှ တိတ်ဆိတ်နေသည်။ အတန်ကြာမှ သူက . . .

'သီလရှင် ဘဝမှာ မင်းပျော်သလား'

www.burmeseclassic.com



ကျွန်မ ပျော်ပါတယ်၊ ကျွန်မဟာ သူနာပြုဆရာမတစ်ယောက်ပဲ၊ ကျွန်မရဲ့ဘဝကို ဆေးရုံမှာပဲ မြှုပ်နှံထားတယ်'

'အံ့ဩစရာပဲ၊ အိမ်ထောင်သားမွေးမပြုဘူး၊ အဲဒါကို ကျုပ်နားမလည်ဘူး'

သူမ ရယ်လိုက်သည်။

'အိမ်ထောင်မပြုပါဘူးဆိုတာ ဘုရားသခင်ထံမှောက်မှာ မိမိဆန္ဒအရ သစ္စာပြုတာပဲ၊ အိမ်ထောင်သားမွေး မပြုတာဟာ ကျွန်မမှာ ကိလေသာစိတ်တွေ ကုန်ခန်းလို့ မဟုတ်ပါဘူး၊ ကျွန်မတို့ဟာ သွေးနဲ့ကိုယ် သားနဲ့ကိုယ်တွေပဲ'

'အင်း ကျုပ်တို့ရဲ့ မျိုးဆက်တွေဟာ ဒီမှာရပ်သွားပြီ၊ ကျုပ်သေသွားရင် နောက်ထပ်လူကာတွေ မရှိနိုင်တော့ဘူး'

'ဒီသဘောပဲ'

သည်တော့မှ သူသည် တစ်စုံတစ်ခုကို တွေးမိသွားဟန်ဖြင့် . . .

'သည်လိုပဲလား မိန်းကလေး၊ မင်းသည်လို ရည်ရွယ်တာပဲလား၊ တို့ရဲ့ မျိုးဆက်ကို ရပ်ပစ်လိုက်တာပဲလား'

'ဟုတ်မလား မသိဘူး၊ ကျွန်မ မပြောတတ်ဘူး၊ ဟိုအမျိုးသမီးက ဘယ်သူလဲ'

'ကက်ထရီးနားလား၊ သူဘာဖြစ်လို့လဲ'

'သူက အဘိုးရဲ့ မိန်းမလား'

'မဟုတ်ဘူး'

ထို့နောက် တစ်ကြိမ် တိတ်ဆိတ်နေပြန်သည်။

အတန်ကြာမှ သူက . . .

'ကဲ. . . ပြောစမ်းပါဦး၊ မင်းပြောစရာရှိတာကို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ၊ မင်း ဒီကို လာတာဟာ မင်းအဘိုးကို ချစ်လို့တော့ မဟုတ်ဘူး မဟုတ်လား'

သူမ၏ လက်နှစ်ဖက်ကို ပေါင်ပေါ်တွင် တင်လိုက်ပြီး . . .

'ဒါကတော့ ရှင်းရှင်းကလေးပါ၊ မကြာခင်မှာ ထိုးစစ်ကြီးဆင်နွှဲ တော့မယ်၊ အဘိုးရဲ့အကူအညီကို အမေရိကန်တွေကလိုချင်တယ်၊ အဘိုးက စကားတစ်လုံး ပြောလိုက်ယင် . . .'

'ကျုပ် ဘယ်တော့မှ မပြောဘူး'

'အမေရိကန်တွေကို အဘိုးမုန်းလို့ မဟုတ်လား'

www.burmeseclassic.com



‘ကျုပ်ဘာပြုလို့ မလုပ်သလဲဆိုတော့ မင်းက လုပ်ပါလို့ပြောလို့ပဲ’

သူ မတ်တတ်ထလိုက်သည်။ ထို့နောက် သံလွင်ပင်များအကြားမှ ပြန်လျှောက်သွားသည်။

\+ + +

ဗိုလ်မှူး မေယာသည် သူ၏ ရုံးခန်းအတွင်း၌ အလုပ်လုပ်လျက်ရှိသည်။ တံခါးခေါက်သံ ထွက်ပေါ်လာပြီး အခန်းတွင်းသို့ ဆုစလော့ ဝင်ရောက်လာသည်။

‘ဘာကိစ္စလဲဟေ့၊ ငါအလုပ်များနေတယ်’

မေယာက စိတ်ဆိုးဟန်ဖြင့် ပြောလိုက်သည်။

‘လက်ရှိပြဿနာနဲ့ ပတ်သက်ပြီး စိတ်ဝင်စားစရာကလေးတွေ အများကြီး ဖြစ်လာတယ်’

မေယာ ကုလားထိုင်တွင် ကျော်မှီလိုက်ပြီး . . .

‘ဆိုစမ်းပါဦး’

‘သူ့ကို ကျွန်တော်တို့ ဖမ်းမိအောင်သတင်းပေးတဲ့ အဘိုးကြီးကို အဲဒီ ရွာရဲ့ အပြင်ဘက်အမှိုက်ပုံမှာ တွေ့ရတယ်’

‘အသေလား’

‘ဟုတ်ကဲ့ . . . သူ့ လျှာကို ဖြတ်ထားတယ်’

‘သတင်းပေးတစ်ယောက်ကို မာဖီးယားအဖွဲ့က သုတ်သင်တဲ့နည်းပဲ’

‘သူ့ကိုဖမ်းမိတဲ့နေရာနဲ့ တစ်မိုင်လောက်အကွာ သစ်ပင်တစ်ပင်ပေါ်မှာ လေထီးတစ်လက်ချိတ်နေတာကို ကျွန်တော်တို့ကင်းအဖွဲ့ တစ်ဖွဲ့က တွေ့ရတယ်’

‘ရိက္ခာချတဲ့ လေထီးလား’

ဆုစလော့က ခေါင်းကိုယမ်းခါပြီး . . .

‘မဟုတ်ဘူး၊ ဗြိတိသျှ လေထီးတပ်သားတွေသုံးတဲ့ လေထီးမျိုးပဲ’

မေယာ၏ မျက်လုံးများ တောက်လက်လာသည်။

‘အဲဒါ အရေးကြီးတယ်၊ သူ့ကို ပေါ်အောင်စစ်ရမယ်၊ သူဖော်ရမယ်’

‘ဟုတ်ကဲ့ . . . ကျွန်တော်တို့ ဘယ်လိုလုပ်ရမလဲ ဗိုလ်မှူး’

‘မင်းနည်းနဲ့ မင်း တစ်ခါစစ်ကြည့်ဦး၊ မရဘူး ဆိုရင်တော့ သူ့ကို ဆေးထိုးပြီး စစ်ကြမယ်’

‘ဟုတ်ကဲ့’

www.burmeseclassic.com



ဆုစလေ့ထွက်သွားသည်။ တံခါးပေါက်သို့ ရောက်သောအခါ . . .

'နောက်တစ်ခုရှိသေးတယ်၊ကျွန်တော်တို့ရဲ့ကင်းအဖွဲ့တစ်ဖွဲ့ပြန်ရောက်ရမယ့်အချိန်မှာ ပြန်မရောက်သေးဘူး'

'အဲဒီ ဒေသမှာပဲလား'

'ဟုတ်ကဲ့'

မေယာ ခေါင်းညိတ်လိုက်သည်။

'ကဲ. . . မင်းအလုပ်ကို သွားလုပ်တော့၊ စဉ်းစားရမယ့် အချက်တွေ အများကြီးဖြစ်လာပြီ၊ ဒီပြဿနာတွေ အားလုံးဟာ သူ့အပေါ်မှာ တည်နိုင်တယ်'

+ + +

လူကာသည် ဝရန်တာစားပွဲတွင်ထိုင်ပြီး ဇီဗီဗိုအရက်ကို သောက်နေသည်။ ဇီဗီဗိုမှာ ပင်တယ်လာရီးယားကျွန်းမှထွက်သော ဝိုင်အရက်တစ်မျိုးဖြစ်သည်။ လူကာ အထူးနှစ်သက်သော အရက်ပင်ဖြစ်သည်။ ကာတာက သူနှင့်မျက်နှာချင်းဆိုင်တွင် ထိုင်နေသည်။ လူစီယာနိုနှင့် ဆားဗိတ်တို့က ဝရန်တာတစ်ဖက်ထိပ်မှနေ၍ အကဲခတ်ကြည့်ရှုလျက် ရှိနေကြသည်။

'ရာသီဥတုအခြေအနေပေါ်မှာ မူတည်ပြီး မနက်ဖြန် ဒါမှမဟုတ်သန်ဘက်ခါဆိုရင် ထိုးစစ်ကြီး ဆင်နွှဲတော့မယ်၊ ဒီကိစ္စကို ကျုပ် ဘာမှ လျှို့ဝှက်ထားစရာ မရှိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဆရာကြီးဟာ သစ္စာသမာဓိရှိတဲ့လူတစ်ယောက်မို့ပဲ'

'ဒီမယ် ဗိုလ်မှူးကြီး၊ ကျုပ် ခင်ဗျားကို စစ်သားတစ်ယောက်အနေနဲ့ရော၊ ပညာရှင်တစ်ယောက်အနေနဲ့ရော လေးစားပါတယ်၊ ဒါပေမဲ့ ခင်ဗျားဟာ အင်မတန် ညံ့ဖျင်းတဲ့ အရောင်းအဝယ်သမားတယောက်ပဲ'

'ဒွန်အန်တိုနီယို၊ ဆရာကြီးကသာ စကားတစ်ခွန်း ပြောလိုက်ရင်ကမ္ဘရာတာဒေသတစ်ခုလုံးဟာ တစ်စည်းတစ်လုံးတည်း ထကြွကြမှာ အမှန်ပဲ၊ တောင်ပေါ်ဒေသမှာရှိတဲ့ အီတလီတပ်ဖွဲ့အများအပြားဟာ လက်နက်ချကြမှာလဲ အမှန်ပဲ၊ သူတို့က သူရသတ္တိရှိတဲ့လူတွေပဲ၊ ဒါပေမဲ့ မူဆိုလိုနီရဲ့ ခေါင်းဆောင်မှုကို သူတို့ မယုံကြည်ကြတော့ဘူး'

'အီတလီအကြောင်း ကျုပ်စိတ်မဝင်စားဘူး၊ ကျုပ်နဲ့ဆိုင်တာက စစ္စလီပဲ'

www.burmeseclassic.com



'အဲဒီလိုဆိုရင် စစ္စလီကျွန်းက ဂျာမန်တွေကို ကျုပ်တို့တိုက်ထုတ်တဲ့ နေရာနားမှာ အကူအညီပေးပါ'

'ဗိုလ်မှူးကြီး၊ ပါမောက္ခကြီး၊ ခင်ဗျားဟာ ဘာပဲဖြစ်ဖြစ် နာဇီတွေဟာ စစ်ရှုံးခဲ့ပြီး ၁၉၄၀ ခုနှစ်တုန်းက ဒန်းကပ်က အင်္ဂလိပ်တပ်တွေကို ထွက်ပေါက်ပေးလိုက်ကတည်းက ဟစ်တလာဟာ စစ်ရှုံးတာပဲ၊ ကျုပ်တို့ အခုလုပ်ရမယ့် အလုပ်က ထိုင်ပြီးကြည့်နေကြဖို့ပဲ'

'အမေရိကန်လူငယ်ပေါင်း မြောက်မြားစွာ မလိုအပ်ဘဲနဲ့ တိုက်ပွဲမှာ ကျဆုံးမှာကို ကြည့်နေမှာလား'

'ဒါ ကျုပ်ကိစ္စမဟုတ်ဘူး'

'ဘာဖြစ်လို့လဲ၊ ဆရာကြီးရဲ့ညီကို သူတို့က လျှပ်စစ်ကုလားထိုင်ပေါ်မှာ တင်ပြီး သတ်လိုက်လို့လား၊ ဒီအတွက် အမေရိကန်တွေအားလုံး ခံရမလား'

လူစီယာနိုက ဆားဗိတ်ကို ပြောသည်။

'ဒီကိစ္စမှာ ရာခိုင်နှုန်း လုံးလုံးမရှိဘူး၊ ကျုပ်ပြောတယ်လို့ ကာတာကို ပြောပါ။ သူ့ဟာသူအချိန်တွေကို အလကားဖြုန်းပစ်နေတာပဲ၊ ကျုပ် လမ်းလျှောက်လိုက်ဦးမယ်'

ဥယျာဉ်ထဲသို့ သူလျှောက်သွားသည်။ သံလွင်ပင်များအကြားမှ မျက်နှာ ချင်းဆိုင်လျှောက်လာသော မာရီယာကို တွေ့ရသည်။

'ဘာတွေ ဖြစ်နေကြသလဲ'

သူမက မေးသည်။

'အန်တိုနီယာလူကာလို့ခေါ်တဲ့ ကျောက်တုံးကြီးကို ကာတာခေါင်းနဲ့ ဝင်ဆောင့်နေတယ်'

'သူက မကူညီဘူးတဲ့လား'

'လက်ချောင်းကလေး တစ်ချောင်းတောင် မမြှောက်ဘူး၊ မင်းအနေနဲ့လဲ ဘယ်လိုမှ မစွမ်းဆောင်နိုင်ဘူး မဟုတ်လား'

'ကျွန်မက ဘယ်လိုလုပ်ပြီး စွမ်းဆောင်နိုင်မှာလဲ၊ ကျွန်မဒီကိုလာတာ မေတ္တာတရားနဲ့ လာတာမဟုတ်ဘူး'

သူမသည် သစ်ပင်များအကြားမှဖြတ်ပြီး အိမ်ဆီသို့လျှောက်သွားသည်။ လူစီယာနိုလည်း တစ်ဖက်သို့လှည့်ပြီး တောင်ကြားဆီသို့ လျှောက်သွားသည်။

\+ + +

www.burmeseclassic.com



ရာသီဥတုက ပူပြင်းလှသည်။သံလွင်ပင်တန်း ပြန့်ကလေးတွင် လေငြိမ်နေသည်။ မိုးကုပ်စက်ဝိုင်းဆီတွင်မူ မိုးထစ်ချုန်းလျက်ရှိသည်။ လူစီယာနိုသည် အိမ်တွင်း တစ်နေရာတွင် တွေ့ရှိသဖြင့် ယူလာသော ဖဲထုပ်ကို အိတ်ထဲမှ ထုတ်လိုက် သည်။ ဖဲခြောက်ချပ်ထုတ်ယူပြီး ကျောက်တုံးကြီးတစ်ခု၏ ပပ်ကြားအက်ကြားတွင် စီတန်းပြီး စိုက်ထားလိုက်သည်။ ထို့နောက် ခပ်လှမ်းလှမ်း ဆီသို့ သူလျှောက် သွားသည်။

တစ်ချိန်ကဆိုလျှင် သူသည် ဤကဲ့သို့ ဖဲချပ်များကို စီတန်းပြီး ခပ်လှမ်း-လှမ်းဆီမှနေ၍ တစ်စက္ကန့်အတွင်း ခြောက်ချက်ပစ်ခတ်လျှင် ခြောက်ချက်စလုံး ထိမှန်သည်။ သို့သော် ယင်းကာလများသည် ကြာညောင်းခဲ့ချေပြီ။

သူ၏လက်သည် ဂျာကင်အင်္ကျီအောက်သို့ ရောက်ရှိသွားသည်။ စမစ်အင်ဒ် ဝက်ဆင်အမျိုးအစား ဆုံလည်သေနတ်ကလေး၏ဒင်ကို စမ်းမိသည်။ သေနတ်ကို ဆွဲထုတ်လိုက်သည်။ နောက်ဘက်သို့လှည့်သည်။ ကုန်းငုံ့လိုက်သည်။ လက်ကို ဆန့်တန်းပြီး လျင်မြန်စွာ ပစ်လိုက်သည်။

သေနတ်ကိုကျည်ပြန်ဖြည့်ရင်း ဖဲချပ်များကို သွားကြည့်သည်။ ခြောက်ခုတွင် သုံးခုထိမှန်သည်။ သိပ်မဆိုးပါ။

'အိမ်း . . . ကိုယ့်လူ လက်ကျသွားပြီပဲ'

လူစီယာနို လှည့်ကြည့်လိုက်ရာ မလှမ်းမကမ်းတွင် လက်ကိုင်တုတ် အားပြုပြီးရပ်နေသော လူကာကိုတွေ့ရသည်။

'ဆရာကြီး ပစ်ကြည့်မလား'

လူစီယာနိုက သေနတ်ကို လှမ်းပေးလိုက်သည်။ လူကာသည် သေနတ်ကို လက်ထဲတွင် ချိန်ဆနေပြီးနောက် ရုတ်တရက်ဆိုသလို လျင်မြန်စွာ ပစ်လိုက်သည်။ လေးချက် ထိမှန်သည်။

လူစီယာနို သေနတ်ကိုပြန်ယူပြီး ကျည်ဖြည့်သည်။

'ဆရာကြီးနဲ့ပြန်တွေ့ရတာ ဝမ်းသာတယ်'

'ကျုပ်ကလဲ မင်းကိုတွေ့ရတာ ဝမ်းသာပါတယ်၊ ကိုယ့်လူလာတဲ့ကိစ္စက ဘာမှ အမိပ္ပါယ်မရှိတာတော့ ထားပါတော့၊ ဒီအတွက် ကိုယ့်လူ ဘာရနိုင်သလဲ၊ လွတ်ငြိမ်းချမ်းသာခွင့်ရမလား'

'ဖြစ်နိုင်တာပဲရှိတယ်၊ စာရွက်စာတမ်းနဲ့တော့ မဟုတ်ဘူး'

လူစီယာနိုက ဖြေလိုက်သည်။

www.burmeseclassic.com



လူကာ အံ့ဩသွားဟန်ဖြင့် . . .

'ဒါဖြင့်ရင် ကိုယ့်လူ ဘာကိစ္စလာသလဲ'

'ဆရာကြီးလဲ ထောင်ထဲမှာ နေခဲ့ဖူးပါတယ်၊ ထောင်ထဲမှာ နေရတာ ဘယ်လိုဆိုတာ ဆရာကြီးသိပါတယ်၊ ထောင်ဒဏ်အနှစ်သုံးဆယ်ကနေ ငါးဆယ် ကျနေတဲ့ လူတစ်ယောက်ဟာ တစ်ခုခုတော့ လုပ်ရမှာပဲ'

လူကာ ခေါင်းညိတ်လိုက်သည်။

'အိမ်း . . . ကျုပ် သဘောပေါက်ပါတယ်'

'ဒါနဲ့ မာရီယာကိစ္စကော'

'မာရီယာနဲ့ကျုပ်နဲ့ တစ်ယောက်ကိုတစ်ယောက် ဘာမှ ပြောစရာ မရှိတော့ဘူး'

'ဒါဖြင့် ကာတာပြောတာကို မလုပ်နိုင်ဘူးပေါ့'

'ဆာဗေတို၊ သူတို့ကိစ္စကို ကျုပ်တို့ဘာလုပ်ရမလဲ၊ မူဆိုလိုနီလဲ မဖြိုခွင်း နိုင်ဘူး၊ ဂျာမန်တွေလဲ မဖြိုခွင်းနိုင်ဘူး၊ ပညာရှိတဲ့လူဟာ သူ့အဖွဲ့နဲ့သူ နှစ်ပေါင်း တစ်ရာရှိနေမှာပဲ။ ဒီစကားပုံကို ကိုယ့်လူကြားဖူးတယ် မဟုတ်လား'

လူစီယာနို ခေတ္တမျှတုံ့ဆိုင်းနေသည်။ ထို့နောက် ဦးခေါင်းကို ညွှတ်လိုက်ပြီး . . .

'ဒါဟာ ဆရာကြီးရဲ့ဆုံးဖြတ်ချက်ဆိုရင် ကျွန်တော် လက်ခံပါတယ်'

လူကာက သူ့ပခုံးပေါ်တွင် လက်တစ်ဖက်တင်လျက် . . .

'အဲဒီတော့ ကိုယ့်လူ ကျုပ်တို့နဲ့အတူ ဒီမှာနေမလား၊ ကျုပ်တို့ဟာ အလျှင်အတိုင်းပဲ၊ အလျှင်လိုပဲနေကြတာပေါ့၊ ကျုပ်တို့နဲ့နေပါ ဆာဗေတို၊ ကျုပ်တို့ နှစ်ယောက် ပေါင်းလိုက်ရင် ဘာမှမဖြစ်နိုင်တာမရှိပါဘူး၊ နောင် တစ်နေ့ကျရင် ကိုယ့်လူဟာ ကျုပ်နေရာကို ဆက်ခံရမှာပဲဆိုတာ အထူးပြောနေစရာ မလိုဘူး၊ စစ္စလီနိုင်ငံတော်ရဲ့ ရာဇာဓိရာဇာပေါ့'

လူစီယာနို ပြုံးလိုက်သည်။ မာရီယာ၏ စကားလုံးများကို မှတ်မိသည်။

'သေခြင်းနှင့်ရှင်ခြင်း၏အရှင်သခင်ကြီး'သို့မဟုတ်'သက်ဦးဆံပိုင် သခင်ကြီး'

လူစီယာနို ဖြည်းညင်းစွာ လူချင်းခွာလိုက်သည်။

'ဝမ်းနည်းပါတယ် ဆရာကြီး၊ ကျွန်တော်ဟာ ဆရာကြီးမှာမရှိခဲ့တဲ့ သားတစ်ယောက်မဖြစ်နိုင်ပါဘူး၊ ကျွန်တော် ကာတာနဲ့အတူပြန်ပြီး လွတ်ငြိမ်း

www.burmeseclassic.com



ချမ်းသာခွင့်ကို မျှော်မှန်းရပါမယ်၊ လွတ်ငြိမ်းခွင့်ရတယ်ဆိုရင်တော့ ကျွန်တော့် ဘဝ တစ်လျှောက်လုံး လွတ်လပ်ပြီပဲ'

'လွတ်ငြိမ်းခွင့် မရဘူး ဆိုရင်ကော'

လူစီယာနို ပခုံးတွန့်လိုက်သည်။

'ဘာပဲဖြစ်ဖြစ် ကျွန်တော် ရင်ဆိုင်ရမှာပဲ၊ နောက်ပြီးတော့ မာရီယာရဲ့ ကိစ္စကလဲ စဉ်းစားစရာရှိသေးတယ်၊ သူဘယ်နည်းနဲ့မှ ဒီမှာနေရစ်ခဲ့မှာမဟုတ်ဘူး'

သူ့ကိုယ်သူ ချာခနဲလှည့်လိုက်ပြီး လက်ဝဲလက်ဖြင့် လျင်မြန်စွာ ပစ်လိုက်သည်။ သေနတ်သံ ခြောက်ချက်သည် တစ်ဆက်တည်းထွက်သွားသည်ဟု ထင်ရသည်။

ခြောက်ချက်စလုံး ထိမှန်သည်။

'အံ့သြလောက်ပါပေတယ်'

လူကာက ပြောလိုက်သည်။

\+ \+ \+

ညှိခန်းထဲတွင် ဖြစ်သည်။ ကာတာသည် မီးဖိုအနီးတွင် လူကာနှင့် မျက်နှာချင်းဆိုင် ရပ်နေသည်။

'ဆရာကြီးကို ကျွန်တော် ဆွေးနွေးလို့ မရနိုင်တော့ဘူးလား'

'အမှန်တော့ ကိုင်ရိုက ဗိုလ်မှူးကြီးရဲ့ လူတွေဟာ လူမိုက်တွေပဲ၊ ကျုပ်မြေးကို တွေ့လိုက်ရရုံနဲ့ ဒီကိစ္စမှာ ကျုပ်ရဲ့သဘောထား ပြောင်းလဲသွားလိမ့်မယ်လို့ သူတို့က တကယ်ပဲ ယူဆနေကြသလား'

သူက ဖန်ခွက်ထဲသို့ ဇီဗာဗိုဝိုင် ငှဲ့ထည့်နေသည်။

'လူတွေ သေကြလိမ့်မယ် ဆရာကြီး'

'လူ့လောကကြီးရဲ့ ထုံးစံပဲ'

ကာတာ ဒေါသတကြီးဖြင့် လူစီယာနိုဘက်သို့ လှည့်လိုက်သည်။

'ခင်ဗျားပြောတာ မှန်တယ်၊ အဖိုးတန်တဲ့ အချိန်တွေကို အလကား ဖြုန်းပစ်နေတာပဲ၊ ကျုပ်တို့ ပြန်ကြမယ်၊ ဗယ်လိုနာကို အမြန်ဆုံး ပြန်ရောက်လေ ကောင်းလေပဲ'

ကာတာထွက်သွားသည်။

www.burmeseclassic.com



လူစီယာနို ဝိုင်တစ်ခွက်ငှဲ့ပြီး သောက်နေသည်။

'ချစ်ခြင်းနဲ့မုန်းခြင်း၊ ဒီနှစ်ခုဟာ စည်းပါးပါးကလေးပဲခြားတယ်'

'မာရီယာအဖို့တော့ မဟုတ်ပါဘူး'

'မာရီယာဟာ အင်မတန် ထူးခြားတဲ့ မိန်းကလေးတစ်ယောက်ပဲ၊ ကျွန်တော် သူ့ကို လီဗာပူမှာ ပထမဆုံးအကြိမ်တွေ့ကတည်းက ဒီလိုပဲ အောက်မေ့ခဲ့တယ်၊ ညကြီး မင်းကြီးမှာ ရန်သူ့နယ်မြေထဲကို လေထီးနဲ့ဆင်းတယ်၊ အသက်အန္တရာယ်နဲ့ အကြိမ်ကြိမ် ကြုံရတယ်၊ တောထဲတောင်ထဲမှာ အသက်ဘေးကပြေးရတယ်'

'ဘာပဲဖြစ်ဖြစ် သူဟာ ကျုပ်မြေးပဲ၊ ကျုပ်သွေးပဲ၊ ဒါကို သူ ငြင်းလို့ မရဘူး၊ ဒါပေမဲ့ ကာတာရဲ့ လူတွေ လိုချင်တာကိုတော့ ကျုပ် မလုပ်နိုင်ဘူး၊ ဒီစစ်ဟာ ကျုပ်ရဲ့စစ်မဟုတ်ဘူး၊ ဒီစစ်ဟာ လေတိုက်သလိုပဲ ဖြစ်သွားလိမ့်မယ်။ စစ္စလီနိုင်ငံဟာ အလျင်အတိုင်း ပြန်ပြီးလွတ်လပ်လိမ့်မယ်၊ အရာရာဟာ အလျင်အတိုင်းပဲ ပြန်ဖြစ်လိမ့်မယ်'

ဒွန်အန်တိုနီယိုက ပြောသည်။

'မစ္စတာ လူစီယာနို၊ ကျုပ်တို့သွားဖို့အဆင်သင့် ဖြစ်နေပြီ'

မာရီယာက တံခါးဝမှ လှမ်းအော်သည်။

လူကာထိုင်နေသည်။ သူ့မျက်နှာတွင် တစ်စုံတစ်ရာ လှုပ်ရှားခြင်း မရှိပါ။ တစ်စုံတစ်ရာ ခံစားမှု မရှိပါ။ လူစီယာနို ဖန်ခွက်ကို ချပြီး တံခါးပေါက်ဆီသို့ လျှောက်သွားသည်။သူမက ထိုနေရာမှ ထွက်သွားတော့မည်ပြုစဉ် သူက တိုးညင်း စွာ ပြောလိုက်သည်။

'ဆရာကြီးဟာ အသက်ကြီးပါပြီ၊ သူဘာပဲလုပ်လုပ် သူ့ဘဝမှာ မင်းမရှိရင် ဘာမှ အဓိပ္ပါယ်မရှိဘူး'

သူမက သူ့ကို အတန်ကြာငေးကြည့်နေသည်။ ထို့နောက် တစ်ဖက်သို့ လှည့်ပြီး လူကာထံသို့ လျှောက်သွားသည်။ အဘိုး၏ရှေ့တွင် ဒူးထောက်ပြီး ထိုင်လိုက်သည်။

'ကျွန်မ ခရီးရှည်ကြီးတစ်ခု သွားရပါမယ် အဘိုး၊ ကျွန်မကို ကောင်းချီး မင်္ဂလာပေးပါ'

သူမက စစ္စလီ ထုံးတမ်းအရ ပြောလိုက်သည်။

လူကာ၏ မာကျောမှုများ အရည်ပျော်သွားသည်။ သူ၏လက်တစ်ဖက်

www.burmeseclassic.com



ကို သူမ၏ ခေါင်းပေါ်တွင် တင်လိုက်ပြီး . . .

'ဘုရားသခင်နှင့်အတူ သွားပါချေ၊ ငြိမ်းချမ်းစွာသွားပါချေ၊ ကျွန်ုပ်၏ မေတ္တာဖြင့် သွားပါချေ၊ ဘေးအန္တရာယ် ကင်းရှင်းစွာနဲ့ ပြန်ရောက်ပါစေသား'

သူမ မတ်တတ်ထလိုက်သည်။ ထို့နောက် ကုန်းငုံ့ပြီး သူ၏ပါးပြင်နှစ်ဖက်ကို ညင်သာစွာ နမ်းလိုက်သည်။ ထို့နောက် ထိုနေရာမှ လှည့်ထွက်သွားတော့သည်။ လူစီယာနိုကို ဖြတ်ကျော်သွားသည်။ လူကာ ထိုင်မြဲထိုင်လျက်နေသည်။ အဝေးဆီသို့ ငေးနေသည်။ သူ့မျက်လုံးအိမ်ထဲတွင် မျက်ရည်များ ပြည့်လျှံနေသည်။

လူစီယာနို သူ့ထံသို့ လျှောက်သွားပြီး ရိုသေလေးစားသည့်အနေဖြင့် သူ၏ ညာလက်ကို နမ်းလိုက်သည်။

'သူဟာ ကျုပ်ကို ချစ်နေတုန်းပဲလား'

သူက တီးတိုးရွတ်ဆိုသည်။

'သူဟာ ဆရာကြီးကို အမြဲတမ်း ချစ်နေမှာပါ၊ သူ့ရဲ့ မေတ္တာတရားဟာ ဘယ်တော့မှ ပျောက်ကွယ်သွားမှာ မဟုတ်ပါဘူး'

* * *

www.burmeseclassic.com

# [ ၁၆ ]

ဒက်ဝေလာ၏ ကိုယ်ခန္ဓာကြီးသည် တုပ်နှောင်ထားသော ကုလားထိုင်ပေါ်တွင် တွန့်လိမ်တုန်ခါသွားသည်။ ယူကရိန်းတပ်သားသုံးယောက်က သူ့ကို မနည်းပင် ထိန်းချုပ်ထားကြရသည်။

မေယာက . . .

'မင်းကို ကျုပ်ထပ်ပြီး မေးမယ်၊ အမေရိကန် လက်နက်တွေကို မင်းဘယ်က ရသလဲ'

ဒက်ဝေလာ၏ မျက်လုံးကြီးများ ပြူးနေသည်။ သူ့ပါးစပ်မှ အမြှုပ်တွေ ထွက်နေသည်။ သူ စကားပြောရန် ကြိုးစားသည်။ သူတို့ကို တစ်လုံးမကျန် ပြောလိုဟန် ရှိသည်။ သို့သော် စကားလုံးများ အပြင်သို့ ထွက်မလာကြပါ။

'သူ့ကို နောက်ထပ် ဆယ်စီစီထပ်ထိုးပါ'

မေယာက အမိန့်ပေးလိုက်သည်။

ဆုစလော့က . . .

'သူခံနိုင်ပါ့မလား ဗိုလ်မှူး၊ ဒီလို အခြေအနေမျိုးတွေ ကျွန်တော်မြင်ဖူးတယ်၊ သူ့ရဲ့နှလုံး'

'လုပ်ဆိုရင် လုပ်စမ်းပါ'

မေယာက စိတ်တိုဟန်ဖြင့် ဟောက်လိုက်သည်။

www.burmeseclassic.com



ဆုစလော့က ဆေးထိုးအပ် စိုက်သွင်းလိုက်သည်။ ဒက်ဝေလာ ငါးဖယ်ပြန်သွားသည်။ ကြိုးတုပ်ထားရင်း တန်းလန်းပင် လဲကျသွားသည်။

ဆုစလော့ ကျိန်ဆဲလိုက်ပြီး ခြေထောက်ဖြင့် တစ်ချက်ပိတ်ကန်လိုက်သည်။

ဒက်ဝေလာ မထိန်းနိုင်တော့ဘဲ အင်္ဂလိပ်လို တအားကုန် ဟစ်အော်သည်။

'တော်ကြပါတော့၊ တော်ကြပါတော့'

မေယာ ပြတင်းပေါက်မှ လှည့်လိုက်ပြီး . . .

'သင်းဟာ အမေရိကန်ပဲ'

ဆုစလော့နှင့်သူ့လူများသည် ဒက်ဝေလာကို ကုလားထိုင်တွင်ပြန်ပြီး မတ်တတ်ဖြစ်အောင် ပြုလုပ်သည်။ မေယာ ကုန်းငုံ့ကာ သူ့ပခုံးကို လှုပ်ယမ်းပြီး . . .

'မင်း ဘယ်သူလဲ'

အင်္ဂလိပ်လို မေးလိုက်သည်။

ဒက်ဝေလာ မျက်လုံးပြူးပြီး ကြည့်နေသည်။ မေယာ တစ်ဖက်သို့လှည့်ပြီး ဆေးထိုးပြွန်တွင်းသို့ စကိုပါလိုမိုင်ခေါ်ပဒိုင်းသီး အဆိပ်ထပ်ဖြည့်သည်။

'နောက်တစ်ခါထိုးရင်တော့ သူသေပြီ ဗိုလ်မှူး၊ ဒါလောက်များတဲ့ဆေးဒဏ်ကို ခံနိုင်တာ တစ်ယောက်မှမတွေ့ဖူးသေးဘူး'

ဆုစလော့က ပြောသည်။

နောက်ဆုံးအကြိမ် ဆေးထိုးပြီးသောအခါ ဒက်ဝေလာငြိမ်သွားသည်။ ကုလားထိုင်ပေါ်တွင် ခေါင်းငိုက်စိုက်ကျနေသည်။ မေယာက ဒက်ဝေလာ၏ခေါင်းကို မော့လိုက်ပြီး . . .

'ကဲ . . . ပြောစမ်း၊ ဘယ်သူလဲ'

ဒက်ဝေလာ အားစိုက်သည်။ သူ့မျက်လုံးတွင် အရိပ်ထင်လာသည်။ သူ့ပါးစပ်ပွင့်သွားပြီး အသံထွက်လာသည်။

'တပ်ကြပ်ကြီး ဂျိုးဇက် ဒက်ဝေလာ၊ ရိန်းဂျားတပ်မ၊ အမှတ် နှစ်ဆယ့်-တစ် အထူးတိုက်ခိုက်ရေး တပ်ဖွဲ့'

မေယာ ကုလားထိုင် တစ်လုံးကို ဆွဲပြီး သူ့ရှေ့တွင် ထိုင်လိုက်သည်။ ထို့နောက် သူက တိုးညင်းပျော့ပျောင်းစွာဖြင့် . . .

www.burmeseclassic.com



'ဟုတ်ပြီ တပ်ကြပ်ကြီး၊ စိတ်ဝင်စားစရာ ကောင်းတယ်၊ ဆက်ပြီး ပြောပါဦး'

\+ + +

နေ့လယ်စာ စားပြီးချိန်ဖြစ်သည်။ အင်္ဂလိပ်ရိဂျင်တို တပ်စခန်းအရာရှိ ရိပ်သာတွင်းသို့ ဗိုလ်ချုပ်ကြီး ဂတ်ဖိုနီနှင့် ကိုးနစ်တို့ ဝင်သွားချိန်တွင် လူရှင်း နေသည်။ ဘားကောင်တာမှ ရဲဘော်သည် သူတို့ကိုပြုစုရန် ကမန်းကတန်း ပြေးလာသည်။ အခန်းထောင့် စားပွဲတစ်လုံးတွင် သူတို့ထိုင်ကြသည်။ ရဲဘော် က ကီယင်တီဝိုင်ပုလင်းကို ဖွင့်ဖောက်သည်။

ရှူဒီဘရန့် ဝင်လာသည်။ ပတ်ဝန်းကျင်ကို လျင်မြန်စွာကြည့်ပြီးနောက် အလေးပြုသည်။

'ဗိုလ်မှူးကြီးကို ကျွန်တော်ပြောစရာတစ်ခု ရှိပါတယ်၊ ခွင့်ပြုပါ'

ဂတ်ဖိုနီက လက်ကိုယမ်းလိုက်ပြီး . . .

'ပြောကြပါ'

ကိုးနစ်သည် ဘရန့်နှင့်အတူ ပြတင်းပေါက်ဆီသို့ လျှောက်သွားသည်။

'ဗိုလ်မှူးကြီးရောက်လာတာ မြင်မြင်ချင်း ကျွန်တော် လာခဲ့တာပဲ၊ အကျဉ်းသမားနဲ့ပတ်သက်ပြီးပြောစရာရှိတယ်၊ ပြောက်ကျားလို့ထင်ရတဲ့ အကျဉ်းသမားပဲ'

'ကျုပ် ပြန်မလာမချင်း သူ့ကို ဒီအတိုင်းထားရမယ်လို့ ကျုပ်ပြောထားခဲ့တာပဲ'

'ဘာဖြစ်တယ်တော့ မသိဘူး၊ ဒါပေမဲ့ သူသေပြီ၊ ရင်ခွဲရုံအစောင့်တစ်ယောက်ဆီက သတင်းရတာပဲ၊ ဒါထက် အရေးကြီးတာကတော့ ဗိုလ်မှူးကြီး ပြန်ရောက်ရောက်ချင်းသူ့ကိုအကြောင်းကြားရမယ်လို့ ဗိုလ်မှူးမေယာက ကျွန်တော့်ကို မှာထားတယ်'

တံခါးပေါက်ဆီမှ ခင်မြန်မြန်လျှောက်လာသော ခြေသံများ ကြားရ သည်။ ထို့နောက် ဗိုလ်မှူးမေယာ ဝင်လာသည်ကို တွေ့ရသည်။ သူ့လက်ထဲတွင် ဖိုင်တစ်ခု ကိုင်လာသည်။

ကိုးနစ်က . . .

'တစ်နေ့ကဖမ်းလာတဲ့လူကို ကျုပ်ပြန်လာမှ စစ်မယ်လို့ ဗိုလ်မှူးကို ကျုပ်

www.burmeseclassic.com



မှာခဲ့တယ် မဟုတ်လား၊ အခုတော့ သူ ရင်ခွဲရုံထဲမှာ ရောက်နေပြီလို့ ကျုပ် သိရတယ်'

မေယာက ဂတ်ဖိုနီကို ဖိုင်တွဲကြီး ပေးလိုက်ပြီး . . . . . .

'ဗိုလ်ချုပ်ကြီး ဖတ်ကြည့်ပါခင်ဗျာ၊ ကျွန်တော်နဲ့ ဗိုလ်မှူးကြီး ဘယ်သူက တာဝန်ကျေပွန်တယ်ဆိုတာ တွေ့ရပါ့မယ်'

ဂတ်ဖိုနီ မျက်မှောင်ကုပ်ပြီး ဖိုင်ကိုဖွင့်သည်။ ပထမ မျက်နှာကို သူ ခပ်မြန်မြန်ဖတ်သည်။ သူ့မျက်လုံးများ ပြူးကျယ်လာသည်။ သူ မော့ကြည့်ပြီး

'အမှန်ပဲလား'

'အမှန်ပါပဲ ဗိုလ်ချုပ်ကြီး'

ထို့နောက် မေယာသည် ကိုးနစ်ဘက်သို့လှည့်လျက် . . .

'ဗိုလ်မှူးကြီးက ထောက်ထောက်ထားထား သဘောထားတဲ့ ကျေး တောသားဟာ ဘယ်သူလဲဆိုတာ သိသလား၊ အမေရိကန် ရိန်းဂျားတပ်မက တပ်ကြပ်ကြီး တစ်ယောက်ပဲ'

ကိုးနစ်က ဂတ်ဖိုနီကို ကြည့်လိုက်သည်။

ဂတ်ဖိုနီက ခေါင်းညိတ်ပြီး . . .

'ဒီအထဲမှာ ရေးထားတာကတော့ သူဟာ လွန်ခဲ့တဲ့ နှစ်ညလောက်က တခြားလူတွေနဲ့အတူ လေထီးနဲ့ဆင်းခဲ့တယ်၊ တခြားလူတွေနဲ့ လူစုကွဲသွားပြီး မဟုတ်တဲ့တောင်ကြားတစ်ခုထဲကို ရောက်သွားတယ်'

မေယာက . . .

'ဗိုလ်မှူးကြီး ဖတ်ကြည့်ပါ၊ ဗိုလ်မှူးကြီးရဲ့ မိတ်ဆွေဟောင်းကြီး ကာတာလဲ ပါလာတယ်၊ သူက အခု ဗိုလ်မှူးကြီးဖြစ်နေပြီ၊ အလျှင်တစ်ခေါက် တုန်းက ဗိုလ်မှူးကြီး လက်ထဲက လွတ်သွားတဲ့ လူပေါ့'

ဂတ်ဖိုနီက ကိုးနစ်ကို ဖိုင်ပေးလိုက်သည်။ ကိုးနစ်သည် ဖိုင်ကိုယူသွားပြီး ပြတင်းပေါက်အနီးတွင်ဖတ်သည်။ အတန်ကြာသောအခါ ပြန်လာသည်။

'ဒီသတင်းတွေကို ဗိုလ်မှူး ဘယ်လိုလုပ်ပြီးရသလဲ'

မေယာ ပခုံးတွန့်လိုက်ပြီး . . .

'ဒါ အရေးကြီးသလား'

'ကျုပ်အတွက်တော့ အရေးကြီးတယ်၊ အဲဒီလူရဲ့အလောင်းကို ကျုပ် ကြည့်ချင်တယ်'

www.burmeseclassic.com



ဂတ်ဖိုနီက . . .

'ဒီမယ် ဗိုလ်မှူးကြီး၊ အခုကိစ္စက ကိုယ်ကျင့်တရား အပိုင်းတစ်ပိုင်း၊ အချက်အလက်က အပိုင်းတစ်ပိုင်းဖြစ်နေတယ်၊ ပွင့်ပွင့်လင်းလင်းပြောရရင် အမေရိကန်တွေ ဆင်နွဲမယ့် ထိုးစစ်ကြီးမှာ မာဖီးယားအဖွဲ့က ကူညီရေးမှာ အရေးကြီးတယ်၊ ဒက်ဝေလာရဲ့ဝန်ခံချက်အရဆိုရင် လူစီယာနိုဆိုတဲ့လူ သေသွားပြီ၊ ဒါပေမဲ့ ဗိုလ်မှူးကြီးကာတာရဲ့ လက်ထဲမှာ အန်တိုနီယိုလူကာရဲ့မြေး ရှိနေသေးတယ်၊ လူကာဟာ စစ္စလီကျွန်းမှာ တန်ခိုးအာဏာရှိတဲ့ လူတစ်ယောက်ပဲ၊ သူတို့လက်ထဲကို သူရောက်သွားရင် ဘာမဆို ဖြစ်နိုင်တယ်'

'အခုလောက်ဆိုရင် သူတို့လက်ထဲကို ရောက်သွားလောက်ပြီ'

ကိုးနစ်က ပြောလိုက်သည်။

ဂတ်ဖိုနီက လက်များကို ဖြန့်လိုက်ပြီး . . .

'ဒါမှမဟုတ် သူတို့အနေနဲ့ ဘာမှမလှုပ်ရှားရသေးတာလဲ ဖြစ်နိုင်တယ်၊ အဲဒီတော့ သူတို့ ဘာမှမဖြစ်ကြသေးဘူးလို့ ကျုပ်တို့ယူဆကြမယ်၊ သူတို့ဌာနချုပ် လုပ်ထားတဲ့ ဖရန်ဆီကင်ကျောင်းတိုက်ကို ဗိုလ်မှူးကြီးသိသလား'

'ဟုတ်ကဲ့ သိပါတယ်'

'ဆူးသရဖူက ဖရန်ဆီကင် ဘုန်းကြီးတွေ၊ ကျုပ် မှတ်မိပြီ၊ မာဖီးယား ဘုန်းကြီးတွေပဲ၊ အဲဒီမှာ ပြဿနာ ကောင်းကောင်းတွေ့နိုင်တယ်'

ထိုအခါ မေယာက . . .

'ဗိုလ်မှူးကြီး ခင်ဗျား၊ ကျွန်တော့်ကိုခွင့်ပြုပါ၊ ကျွန်တော်ကတော့ အဲဒီမှာ ဘာမှ ပြဿနာမတွေ့နိုင်ဘူးလို့ ထင်ပါတယ်၊ အဲဒီကို လေးနာရီအတွင်းမှာ ကျွန်တော်တို့ ရောက်နိုင်တယ်၊ သူတို့ကို အငိုက်မှာ ဝင်ပြီးဖမ်းနိုင်ပါတယ်၊ ကာတာနဲ့ သူ့လူတွေ အဲဒီမှာရှိနေရင် တစ်ခါတည်း ဇိကုပ်ပြီး ခေါ်ခဲ့ရုံပဲ၊ စိတ်ချပါ'

ကိုးနစ် အားရပါးရ ရယ်မောလိုက်သည်။

'သူတို့မသိဘဲနဲ့ သူတို့နဲ့ဆယ်မိုင်ကွာကို ဘယ်သူမှမရောက်နိုင်ဘူး၊ တောင်ပေါ်မှာရှိတဲ့ သိုးကျောင်းသားတွေအားလုံး၊ ဆိတ်ကျောင်းသားတွေအားလုံးဟာ တော်လှန်ရေး လှုပ်ရှားမှုတွေမှာ ပါနေတဲ့လူတွေပဲ၊ သူတို့မှာ တစ်တောင်ကနေ တစ်တောင်ကို အချက်ပြတဲ့ နည်းတွေရှိတယ်၊ အဲဒီကို ရောက်အောင် ရိုးရိုးတန်းတန်း သွားလို့ကတော့ ဘယ်လိုမှမဖြစ်နိုင်ဘူး'

မေယာက တစ်စုံတစ်ရာ ကန့်ကွက်စကားပြောမည်ရှိစဉ် ဂတ်ဖိုနီက

www.burmeseclassic.com



ကြားဖြတ်ပြီး . . .

'ဒီလိုပုံစံမျိုးနဲ့စစ်တိုက်တဲ့နေရာမှာတော့ဗိုလ်မှူးကြီးကိုးနစ်ဟာ တစ်ယောက် အပြင် နှစ်ယောက်မရှိဘူး၊ ဒါဟာ အမှန်ပဲ၊ ဗိုလ်မှူးကြီးကာတာနဲ့ သူ့လူတွေကို ဘယ်လိုနည်းနဲ့ အမိဖမ်းနိုင်မလဲ၊ အထူးသဖြင့် လူကာရဲ့မြေး မာရီယာဗောင်းကို ရဖို့ပေါ့။ သူ့ကိုရဖို့က အရေးအကြီးဆုံးပဲ' သူ ပြုံးလိုက်ပြီး 'သူ့ကို ဖမ်းမိတဲ့အခါ မှာလဲ ကောင်းကောင်းမွန်မွန် ဆက်ဆံစေချင်တယ်၊ သူက စစ္စတာတစ်ယောက် ဖြစ်နေတယ်၊ ပုပ်ရဟန်းမင်းကြီးဆီက မကျေမနပ်ဖြစ်မှာကို မလိုလားဘူး'

'ဒါပေမဲ့ ဗိုလ်ချုပ်ကြီး၊ ဒီမိန်းမက သူလျှိုပဲ၊ ဂျီနီဗာစာချုပ်ပါ အချက်-အလက်တွေအရ သူ့ကို ပစ်သတ်နိုင်ပါတယ်'

မေယာက ကန့်ကွက်စကားဆိုသည်။

'ဒီနေရာမှာ ချဉ်းကပ်ပုံချင်းမတူကြဘူး ဗိုလ်မှူး၊ ကျုပ်တို့အီတလီတွေ က ဒီလိုနေရာမျိုးမှာ တစ်မျိုးမြင်တယ်၊ ကျုပ်တို့က ရှေးဟောင်းအစဉ်အလာ ကြီးမားတယ် မဟုတ်လား'

ထို့နောက် ဂတ်ဇိုနီသည် ဆင်စွယ်ဘူးထဲမှ စီးကရက်တစ်လိပ် ထုတ်ယူ ပြီး . . .

'ဘယ့်နှယ်လဲ ဗိုလ်မှူးကြီး'

တစ်ချိန်လုံး ငြိမ်ပြီးရပ်နေသော ဂရန့်သည် ရှေ့သို့တက်လာပြီး စီးကရက်ကို မီးညှိပေးသည်။

ကိုးနစ်က . . .

'နည်းလမ်းတစ်ခုတော့ ရှိပါတယ် ဗိုလ်ချုပ်ကြီး၊ လေထီးနဲ့ဆင်းဖို့ပါပဲ'

'ဖြစ်နိုင်ပါမလား'

'သိပ်တော့ မသေချာဘူး၊ နည်းနည်းပါးပါးတော့ တိုင်ပင်ကြည့်ရဦးမယ်၊ ဗိုလ်ချုပ်ကြီးရဲ့ ခွင့်ပြုချက်ရရင် . . .' ဂတ်ဇိုနီခေါင်းညိတ်သည်။ ထိုအခါ ကိုးနစ်သည် ဘရန့်ဘက်သို့လှည့်၍ 'ဩထရန်ကိုလေတပ်စခန်းက ဗိုလ်မှူးကြီး ကူဘယ်ဆီကို သတင်းပို့ပါ၊ ဗိုလ်ချုပ်ကြီး ဂတ်ဇိုနီက ဒီကို အမြန်ဆုံးလာဖို့ ပြောတယ်လို့ ပြောပါ'

ဘရန့် သေသပ်စွာလှည့်ပြီး အခန်းထဲမှထွက်သွားသည်။

'ကောင်းတယ်၊ ကျုပ်တို့ နေ့လယ်စာ စားလိုက်ကြဦးစို့'

www.burmeseclassic.com



မေယာဘက်သို့လှည့်လျက် . . .

'ဗိုလ်မှူးလဲ လုပ်စရာရှိတာ သွားလုပ်ပါ'

'ဟုတ်ကဲ့ ဗိုလ်ချုပ်ကြီး'

မေယာ တောင့်တောင့်ကြီးလျှောက်ပြီး ထွက်သွားသည်။

\+ + +

ဝုကူဘယ်သည် အသက် နှစ်ဆယ့်ငါးနှစ်မျှသာ ရှိသေးသော်လည်း ဗိုလ်မှူးကြီး ဖြစ်နေပြီ။ ဩထရန့်ကိုလေတပ် စခန်းမှူးဖြစ်သည်။ ပိုလန်နှင့် နော်ဝေတို့တွင် တိုက်ပွဲဝင်ခဲ့သည်။ ရန်သူလေယာဉ် ခြောက်ဆယ့်ကိုးစင်းကို အင်္ဂလန်နိုင်ငံနှင့် ရေလက်ကြားပေါ်တွင် ပစ်ချခဲ့သည်။ သူသည် ရုရှားပြည်တွင် ပို၍ထင်ရှားသည်။ နောက်ထပ် ရန်သူလေယာဉ် နှစ်ဆယ့်လေးစင်းပစ်ချခဲ့သည်။ လေယာဉ်ပျက်ကျပြီး လက်ဝဲဘက်ခြေထောက်ကို ဖြတ်ရသည်။ သို့သော် တစ်လခွဲအတွင်းမှာပင် သူသည် တိုက်ပွဲပြန်ပြီး ဝင်နိုင်ခဲ့သည်။ နောက်ဆုံးတွင်မှ သူသည် စားပွဲတွင် ထိုင်ရတော့သည်။

သူက လူချောတစ်ယောက်ဖြစ်သည်။ နာဇီလေယာဉ်မှူးတို့ ဝတ်ဆင်သော သားရေ ဂျာကင်အနက်ကြီးကို ဝတ်ထားသည်။ သူ့ရဲကောင်းတံဆိပ်၊ ဓားတံဆိပ်၊ စိန်တံဆိပ်များနှင့် ဖြစ်သည်။

ကိုးနစ်၏ရုံးခန်းအတွင်းရှိ မြေပုံကြီးကို ကုန်းငုံ့ပြီး ကြည့်ရင်း . . .

'တော်တော်ဆိုးတဲ့ ဒေသပဲ'

'သွားလို့ ရနိုင်ပါ့မလား'

ဂတ်ဗိုနီက မေးသည်။

'အဲဒီကိုရောက်ဖို့က မခက်ဘူး၊ ဩထရန်ကိုကနေ ဆယ့်ငါးမိနစ်ထက် ပိုပြီး မမောင်းရဘူး၊ ဒါပေမဲ့ သတ်မှတ်တဲ့နေရာမှာ ဒီလူတွေ ဆင်းနိုင်ပါ့မလားလို့ ကျွန်တော် စိုးရိမ်နေတယ်၊ အဲဒီတောင်ကြားထဲမှာ ပေလေးရာအမြင့်ကနေ ပျံ့ရမယ်၊ ကျောင်းဝင်းထဲကို ဒီလူတွေခုန်ချရမယ်' သူ ခေါင်းခါပြီး 'ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့တော့ အကောင်းဆုံးနည်းလမ်းတစ်ခုပဲ'

ကိုးနစ်က . . .

'ဗိုလ်ချုပ်ကြီးခင်ဗျား၊ ကျွန်တော့် လူတွေဟာ အထူးလေ့ကျင့်ထားတဲ့

www.burmeseclassic.com



လူတွေပါ၊ ခြောက်ကြိမ်ဆင်းပြီးတဲ့နောက်မှာ လေထီးတပ်သား အရည်အချင်းပြည့် တံဆိပ်ကိုရခဲ့တယ်၊ အဲဒီနောက်မှာပင် တစ်နှစ်မှာ အနည်းဆုံး ခြောက်ကြိမ်လောက် ဆင်းကြတယ်၊ ပေလေးရာအမြင့်ကနေ ခုန်ချတဲ့နည်းကို ကျွန်တော်တို့ အထူး လေ့ကျင့်ထားပါတယ်၊ ဟုတ်တယ် မဟုတ်လား တပ်ကြပ်ကြီး'

ဂတ်ဖိုနီက ဝုဘယ်လက်သို့ လှည်လျက် . . .

'ခင်ဗျားဘက်ကတော ဖြစ်နိုင်တယ် မဟုတ်လား'

'ဟုတ်ကဲ့ ဗိုလ်ချုပ်ကြီး၊ ယွန်ကာ ၅၂-ဟာ တစ်နာရီမှာ မိုင်တစ်ရာလောက်ပဲ သွားတဲ့အတွက် အခုကိစ္စမှာတော့ အကောင်းဆုံးပါပဲ၊ ဒါပေမဲ့ ဒီလူတွေ မြန်မြန်ကြီး ခုန်ချရမယ်'

'မနက် အရုဏ်တက်မှာ ဆင်းရင် အကောင်းဆုံးပဲ၊ သူတို့အငိုက်မိမှာပဲ၊ ဒါပေမဲ့ တောင်ပေါ်မှာ လေယာဉ်ပျံတက်ဖို့တော့ ကောင်းတဲ့အချိန်မဟုတ်ဘူး'

ကိုးနစ်က ပြောလိုက်သည်။

ကူးဆက်က သူ၏ မေးစေ့ကို ပွတ်သပ်လျက် . . .

'အဲဒီသဘောကတော့ အကောင်းဆုံးလေယာဉ်မှူးတစ်ယောက်လိုတယ်လို့ ပြောတာပဲ၊ ကိစ္စမရှိပါဘူး၊ ကျွန်တော်မောင်းပါမယ်'

ကိုးနစ်က . . .

'ကျုပ် အပါအဝင် လူနှစ်ဆယ်၊ ဒီအချိန်အတွင်းမှာ သတ်မှတ်တဲ့ နေရာရောက်အောင်၊ ဒါထက် ပိုပြီး မဆင်းနိုင်ဘူး၊ ဒါပေမဲ့ လူ နှစ်ဆယ်ဆိုရင် လုံလောက်ပါပြီ'

'ကျွန်တော်က ဘာလုပ်ရမလဲ'

တစ်ချိန်လုံး ငြိမ်ပြီး ရပ်နေသော မေယာက မေးလိုက်သည်။

'သန်းခေါင်ကျော် လင်းအားကြီးအချိန်မှာ ဒီက ထွက်ပါ။ အမှောင်ကို အားပြုပြီး သွားပါ၊ လူနှစ်ဆယ်ထက်မပို၊ ဟောဒီတောင်ကြားထိပ်ကနေ စောင့်နေ' ကိုးနစ်က တောင်ကြားထိပ်ကို လက်ညှိုးနှင့် ထောက်ပြသည်။ 'ကျုပ်တို့လေယာဉ် ဖြတ်သွားတာနဲ့ တစ်ပြိုင်နက် ဗိုလ်မှူးတို့ချီတက်ပါ၊ ဗိုလ်မှူးတို့ ကျောင်းတိုက်ကို ရောက်တဲ့အချိန်မှာ ကျုပ်တို့အားလုံး စီးမိပြီး တံခါးမကြီးကို ဖွင့်ထားမယ်'

'ဒီအစီအစဉ် ကောင်းပါတယ်၊ အားလုံးဖြစ်နိုင်တယ်၊ ဗိုလ်မှူး သဘောတူသလား'

www.burmeseclassic.com



ဂုတ်ဖိုနီက မေးလိုက်သည်။

'ကောင်းပါတယ် ဗိုလ်ချုပ်ကြီး'

\+ + +

အသုဘရုံရှိ အခန်းငယ်ကလေးတွင် ဟယ်ရီကာတာသည် ကြိုးမဲ့ကြေးနန်းစက်တွင် ထိုင်လျက်ရှိသည်။ သူသည် သတင်းပို့ပြီးနောက် ပြန်ကြားချက်ကို စောင့်နေသည်။ အတန်ကြာသောအခါ သူသည် ခေါင်းမှ နားကျပ်ကို ဖြုတ်လိုက်သည်။ စီးကရက်တစ်လိပ်ကို သူ မီးညှိနေစဉ် တံခါးပွင့်သွားပြီး ဗစ်တိုဗီဟာရာ ဝင်လာသည်။

'ဘယ်လိုလဲ'

သူတို့လာနေကြပြီ'

'ဒီရာသီဥတုမှာလား၊ တကယ့်ကို မုန်တိုင်းကြီး ကျနေတယ်'

'လမ်းပေါ်ကို ရောက်လာရင် ကောင်းတာပဲ'

'သူတို့ကို ဘာပြောလိုက်သလဲ'

'လူကာ အကြောင်းလား၊ လုပ်ဆောင်ချက် မအောင်မြင်'

သူ ချောင်းတဟွတ်ဟွတ်ဆိုးသည်။ သူ၏ ရင်ဘတ်ထဲတွင် ရုတ်တရက် အောင့်လာသည်။

ဗစ်တိုက . . .

'သစ်မရှိရင် ဝါးကို ပေါင်းကွပ်ကြတာပေါ့ ဟယ်ရီ၊ ခရိုင်ကော်မတီ အစည်းအဝေးကို ကနေ့ညနေ ခေါ်မယ်၊ ဘုန်းတော်ကြီးကိုလူရာ၊ ဗာဂျာနဲ့အားလုံး လာကြလိမ့်မယ်၊ အားလုံးသေနတ်တွေ ပြင်ထားပြီး မနက်ဖြန်မှာ တိုက်ပွဲဝင်ကြရမယ်'

'မာဖီးယားကော'

'ဗယ်လိုနာ တောင်ကြားမှာတော့ ကျုပ်ဟာ မာဖီးယားပဲ၊ လူစီယာနိုနဲ့ ဗိုလ်ကြီး ဆားဗိတ်တို့က မာရီယာကို ကျောင်းတိုက်ကြီးကို ခေါ်သွားကြပြီး ဗိုလ်မှူးကြီးလဲ ကနေ့ည အဲဒီမှာပဲနေရင် ကောင်းမယ်၊ ဗိုလ်မှူးကြီး ကြည့်ရတာ မကောင်းဘူး၊ မနက်ကျရင် ကျုပ် လာခဲ့မယ်'

'ကောင်းပြီ'

www.burmeseclassic.com



ကာတာ မတ်တတ် ထရပ်လိုက်သည်။ ဗစ်တို ဗီဇာရာက သူ့ကို အပြင်သို့ လိုက်ပို့သည်။ အပြင်တွင် မိုးရွာနေသည်။ အရာရာသည် မှုန်မှိုင်းလျက် ရှိသည်။ သူအပြင်ထွက်သွားပြီး ကာတာ၏ လက်ကို ကြိုးဖြေကာ တံခါးဆီသို့ ဆွဲခေါ်လာသည်။

ကာတာ ရုတ်တရက် ချောင်းဆိုးသည်။ တံခါးတိုင်ကို သူမှီလိုက်ပြီး ပါးစပ်ကို လက်ကိုင်ပဝါဖြင့် အုပ်လိုက်သည်။ ထို့နောက် လက်ကိုင်ပဝါကို ကြည့်လိုက်သောအခါ သွေးစက်များ စွန်းထင်းနေသည်ကို တွေ့ရသည်။

သူက ဗီဇာရာကို လက်ကိုင်ပဝါပြလိုက်သည်။ ထို့နောက် အားယူပြုံးလိုက်ပြီး . . .

'ဘဝဆိုတာ မသာယာဘူးလား'

'ဒီမယ် ဟယ်ရီ၊ ခင်ဗျား တောင်ပေါ်ကို မြန်မြန်ရောက်လေ ကောင်းလေပဲ၊ ခင်ဗျားကို ဘာလုပ်ရမယ်ဆိုတာ မာရီယာမှ သိမယ်'

ကာတာ လားပေါ်သို့ တက်လိုက်သည်။ ထို့နောက် သူ ပြုံးလိုက်ပြီး

'ဖြုန်းခနဲဆို ကျုပ် တော်တော်ကြီးကို ပန်းသွားတယ် ဗစ်တို၊ ကျုပ်ပြောတာကို သဘောပေါက်တယ် မဟုတ်လား'

'သဘောပေါက်ပါတယ်၊ ကျုပ် သဘောပေါက်ပါတယ်'

ကာတာက လား၏ ဝမ်းဗိုက်ကို ခြေဖနောင့်ဖြင့် ဆောင့်လိုက်သည်။

ပက်ဒရီဂျီအိုဗန္ဒီသည် ထီးအနက်ကြီးကို ဆောင်းလျက် ခိုများကို အစာကျွေးနေသည်။ လူစီယာနို လှေကားမှ တက်လာသည်။

'ကာတာ ဘယ့်နှယ်နေသေးသလဲ'

ဘုန်းတော်ကြီးက မေးသည်။

လူစီယာနိုသည် တံစက်မြိတ်အောက်တွင်ရပ်လျက် . . .

'မကောင်းဘူး၊ အဖျားကြီးတယ်၊ နမိုးနီးယားဖြစ်နိုင်တယ်၊ မာရီယာက ပြောတယ်၊ သူ့ကို ခွဲစိတ်ဖို့လိုတယ်တဲ့၊ ဒီမှာတော့ သူ့ကို ဘယ်လိုမှ မခွဲနိုင်ဘူး'

'အမေရိကန်တပ်တွေ ရောက်လာကြတော့မှာပါ၊ အဲဒီအခါကျရင် သူ့ကို သေသေချာချာ ကုနိုင်တာပဲ၊ အကောင်းဆုံးဆရာဝန်တွေနဲ့ ကုနိုင်တာပဲ'

'အဲဒီအချိန်အထိ သူအသက်ရှင်နေရင်ပေါ့'

အောက်ဘက်ရှိ တံခါးကလေးတစ်ခု ပွင့်သွားပြီး ကွက်လပ်အတွင်းသို့ မာရီယာ ထွက်လာသည်။ သူမက မိုးကာအင်္ကျီကြီးတစ်ထည် ခြုံထားသည်။

www.burmeseclassic.com


အပေါ်သို့ သူမ တက်လာသည်။

'သူ ဘယ့်နှယ်နေသေးသလဲ'

လူစီယာနိုက မေးသည်။

'အခြေအနေမကောင်းဘူး၊ ကျွန်မတို့မှာပါတဲ့ ဆေးတွေလဲ ကုန်တော့ မယ်၊ ကျွန်မ သူ အနာသက်သာအောင် မော်ဖိန်းပေးထားတယ်၊ ကျောင်းတိုက် ဆေးခန်းက ကွီနိုင်ရလို့ တိုက်ထားတယ်၊ အဲဒါဆိုရင်တော့ အဖျားကျသွားပါ လိမ့်မယ်'

'ဒါဆိုရင် အခြေအနေ ကောင်းသွားနိုင်တာပေါ'

'မကောင်းဘူး၊ ကျွန်မအထင်တော့ သူ့ နှလုံးက အနာမှာပြည်တည် နေတယ်၊ သူ့အနာက စောစောကတည်းက ကောင်းကောင်းမကျက်တာ ဖြစ်နိုင်တယ်၊ အချိန် လုံလုံလောက်လောက် သူ မနားခဲ့ရတဲ့အတွက်ပေါ့'

'ကျုပ် သူ့ကို သွားကြည့်လိုက်ဦးမယ်'

ဘုန်းတော်ကြီးက ပြောသည်။

'ကောင်းတာပေါ့'

ပက်ဒရီဂိုအိုဗန္နီ ဆင်းသွားသည်။ မာရီယာနှင့် လူစီယာနိုတို့ တံစက်မြိတ် အောက်တွင် ကျန်ရစ်သည်။

'နောက်ဆုံးတော့ ကိုယ်တို့ဟာ အချိန်တွေကို အလကားဖြုန်းပစ်လိုက် တာပဲ'

လူစီယာနိုက ပြောလိုက်သည်။

မာရီယာက . . .

'ဖြစ်နိုင်ပါတယ်'

'လီဗာပူ ကွန်ဗင့် ကျောင်းကနေ အဝေးကြီး လာခဲ့ရတယ်'

'ဟုတ်တယ်၊ ပြန်သွားဖို့ရာ အဝေးကြီးပဲ'

လူစီယာနို ဘာပြန်ပြောရမှန်း မသိပါ။ လှေကားထစ်များမှ သူမ ဆင်းသွားသည်ကိုသာ ငေးကြည့်နေမိသည်။

\+ + +

နံနက် လေးနာရီအချိန်တွင် မေယာနှင့်သူ့လူများသည် သံချပ်ကာ

www.burmeseclassic.com



ကားတစ်စီး၊ ကားကလေးသုံးစီးဖြင့် ကျောင်းတိုက်ကြီးမှ ငါးမိုင်ခန့်ကွာသော တောင်ဘက် တောင်ကြားထိပ် အမှောင်ထဲတွင် စောင့်ဆိုင်းလျက်ရှိသည်။

ဆုစလော့သည် မေယာရှိရာသို့ရောက်ရှိလာပြီး လက်မှနာရီကို ကြည့်လျက် . . .

'နောက်တစ်နာရီဆိုရင် သူတို့လာတော့မယ်'

တောင်တန်းများအထက်ဘက်တွင် ကောင်းကင်သည် ဖြူရော်လျက်ရှိသည်။ မေယာက ညကြည့်မှန်ပြောင်းဖြင့် ကျောင်းတိုက်ကြီးကို ကြည့်လိုက်သည်။

'ကျွန်တော်တို့ အလုပ်ဖြစ်ပါ့မလား'

'ဖြစ်တာပေါ့၊ ကိုးနစ်ကို ကျုပ် သဘောမကျဘူး၊ သူက ဂျာမန်လူမျိုးကောင်း တစ်ယောက် မဟုတ်ဘူး၊ ဒါပေမဲ့ သူဟာ စစ်သားကောင်း တစ်ယောက်ပဲ'

ဒီကိစ္စပြီးသွားရင်ကော ဘာဖြစ်ကြမလဲ'

'ဒါက ပြဿနာတစ်ခုပဲ'

မေယာ အေးစက်စွာ ပြုံးသည်။

\+ + +

ကျောင်းတိုက်ကြီးတွင်ကား ကာတာသည် ကောင်းမွန်စွာ အိပ်ပျော်လျက်ရှိသည်။ သူ၏ လက်နှစ်ဖက်က ချွေးတွေ စိုရွှဲနေသော စောင်များကို ဆွဲဆုပ်ထားသည်။ မာရီယာသည်လည်း သူ၏ ခုတင်ဘေးရှိကုလားထိုင်ပေါ်တွင် ပင်ပန်းနွမ်းနယ်စွာဖြင့် အိပ်ပျော်လျက်ရှိသည်။ သူမ၏ကိုယ်တွင် ခြုံလွှမ်းထားသော စောင်သည် ကြမ်းပြင် ပေါ်သို့ လျှောကျလျက်ရှိသည်။ ပြတင်းအနီးတွင် ထိုင်နေသော လူစီယာနိုသည်သူမအနီးသို့ လျှောက်လာပြီး ကြမ်းပြင်ပေါ်မှ စောင်ကိုကောက်ယူကာ သူမ၏ ကိုယ်ပေါ်တွင် ခြုံလွှမ်းပေးလိုက်သည်။ အပြင်ဘက်တွင် လေသည် တဟူးဟူး တိုက်ခတ်လျက်ရှိသည်။ သူသည် စီးကရက်တစ်လိပ်ကို မီးညှိပြီး အပြင်ဘက် အမှောင်တွင်းသို့ ငေးကြည့်နေမိသည်။

\+ + +

www.burmeseclassic.com



ဆားဗိတ်မှာလည်း အထူးပင် ပင်ပန်းနွမ်းနယ်လျက်ရှိသဖြင့် အဝတ်-အစားများကိုပင် မချွတ်နိုင်တော့ဘဲ အခန်းတစ်ခုတွင်းရှိ ခုတင်ကလေးပေါ်တွင် ရုတ်တရက် အိပ်ပျော်သွားတော့သည်။

သူ့နံဘေးသို့ ရှီဆာ မည်သည့်အချိန်တွင် ရောက်ရှိလာသည်ကို သူ မသိပါ၊ သို့သော် အရုဏ်မတက်မီ အချိန်တွင် သူအိပ်ရာမှ နိုးသောအခါ သူ့ရင်ခွင်ထဲတွင် ကွေးနေသော ရှီဆာကို တွေ့ရှိရသည်။

သူမက အိပ်ချင်မူးတူးဖြင့် . . .

'ဆားဗိတ်ရေ အစ်ကိုလား'

'ဘယ်သူဖြစ်ရဦးမလဲ'

သူမက ပြုံးလိုက်ပြီး ခေါင်းကလေးကို ထောင်ကာ . . .

'ဘာသံလဲ ကျွန်မနားထဲမှာ တစ်ခုခု ကြားသလိုပဲ'

'လေပါ၊ လေတိုက်သံ၊ အိပ် အိပ်'

သူမက မျက်လုံးများကို ပြန်ပြီး မှိတ်ထားလိုက်သည်။ သူမ၏ မျက်နှာက ပြုံးနေသည်။

* * *

www.burmeseclassic.com

# [ ၁၇ ]

မိုးသည်းထန်စွာ ရွာသွန်းနေသော်လည်း ပေတစ်ထောင်အမြင့်တွင် ပျံသန်းနေရာမှ မြင်တွေ့ရသော မြင်ကွင်းသည် ရှုမောဖွယ်ရာပင် ဖြစ်သည်။ တစ်ဖက်တွင် တောင်စဉ် အထပ်ထပ်၊ တောင်ထွတ်အဆင့်ဆင့်၊ တောင်ရိုး အသွယ်သွယ် ဖြစ်သည်။ အခြားတစ်ဖက်တွင်ကား အရိပ်မည်းကြီးများ ထိုးနေသော တောင်ကြားများဖြစ်သည်။

ကိုးနစ်သည် တံခါးပေါက်အနီးတွင် ထိုင်လျက် သူ့လူများကို ကြည့်နေသည်။ အလင်းရောင် မှုန်ပျပျတွင် သံခမောက်များ ဆောင်းပြီး လေထီးဝတ်စုံများ ဝတ်ဆင်ထားသဖြင့် တစ်ယောက်နှင့်တစ်ယောက်သည် အတူတူလိုပင် ဖြစ်ကြသည်။ ယခု တစ်ကြိမ်တွင်ကား ဝန်စည်စလယ် မများ။ ရိက္ခာအိတ်များက ပါးပါး။ လူတစ်ယောက်လျှင်သေနတ်တစ်လက်၊ကျည်ဆန်တစ်အိတ်နှင့် လက်ပစ်ဗုံး များသာပါရှိသည်။

'ကိုယ်တို့ ဒီလိုမျိုး ဆင်းကြတာ ဘယ်နှစ်ခါရှိပြီလဲ'

ကိုးနစ်က သူနှင့် ကပ်နေသော ဘရန့်ကို မေးလိုက်သည်။

'ဘုရားသခင်မှ သိတော့မှာပဲ၊ ပထမဆုံး ဆင်းတာကတော့ နားဗစ်ပဲ၊ ကြားထဲက ဟာတွေကိုတော့ မမှတ်မိတော့ဘူး၊ လူကောင်းတွေလဲ တော်တော်များများ မရှိတော့ဘူး'

www.burmeseclassic.com



'ဟုတ်တယ်၊ နောက်ဆုံးကျရင် ကျုပ်တို့အားလုံး သေကုန်ကြမလားလို့ ကျုပ် ထင်မိတယ်'

'မဖြစ်နိုင်ပါဘူး ဗိုလ်မှူးကြီး၊ ကျွန်တော်တို့မှာ တစ်ယောက်မကျေနပ်ရင် တစ်ယောက်ကျန်ရစ်မယ်၊ ကျွန်တော်တို့မှာ တပ်ရင်းရှိတယ်၊ ကျွန်တော်တို့မှာ ဗိုလ်မှူးရှိတယ်'

ဘုရား၊ ဘုရား၊ ငါတို့ဟာ ဒါလောက်ကြီးအနစ်နာခံပြီးတဲ့နောက်မှာ ဒါပဲ ကျန်ရစ်ခဲ့မလား၊ ရလဒ်က ဒါပဲလား၊ ပြတင်းပေါက်မှ သူကြည့်လိုက်သည်။ ကမ္ဘာရာတာ တောင်ထိပ်ကို တွေ့ရသည်။ လေယာဉ်ပျံသည် စိုက်ပြီး ဆင်းသွားသည်။ တောင်တန်း တောင်စွယ်များက ရှေ့မှကာဆီးသည်၊ ကာဘူးက လေယာဉ်ကို ဦးမော့ပြီး ပေးရသည်။ ထိုအခါတွင်မှ သူတို့သည် ကျောက်သားကျောက်တုံးများကို ဆယ့်ငါးပေ အမြင့်လောက်မှ ဖြတ်ကျော်သွားရသည်။

ဗယ်လိုနာ တောင်ကြားကို အောက်ဘက်တွင် တွေ့မြင်ရသည်။ ထင်းရှူးပင်များအကြားတွင် မြစ်က ကွေ့ပတ်ကာ စီးဆင်းနေသည်။ မိုးနှင်းမြူ ပိတ်ဆို့နေသဖြင့် ဗယ်လိုနာ ရွာကိုလည်း မတွေ့မြင်ရပါ။ ဆူးသရဖူ ဖရန်ဆီကင် ကျောင်းတိုက်ကြီးကိုလည်း မတွေ့မြင်ရပါ။

ကူဘယ်က လေယာဉ်ကို လေဘက်သို့ ဆွဲကွေ့လိုက်သည်။ လက်ယာဘက် အတောင်ပံသည် ကျောက်စောင်းတစ်ခုနှင့် သီသီကလေးသာ လွတ်သွားသည်။ ကိုးနစ် မတ်တတ်ထရပ်ပြီး စက်ခန်းဆီသို့ လျှောက်သွားသည်။

'ဘယ်လို သဘောရသလဲ'

'ဗိုလ်မှူးတို့ ဆင်းမယ်ဆိုရင်တော့ အခုပဲ မြန်မြန်ဆင်းကြဖို့ပဲ၊ သတ်မှတ်တဲ့ နေရာနဲ့ လွဲသွားရင် တစ်ခုလုံး ကွဲသွားမှာပဲ'

'ဟုတ်ပြီ'

'အချိန် နှစ်မိနစ်ရမယ်'

ကိုးနစ် ပြန်လျှောက်လာသည်။

'အားလုံး၊ ထကြ၊ အသင့်ပြင်'

ဘရန့်က တံခါးပေါက်ကို ဖွင့်လိုက်သည်။ သူတို့၏ လေထီးကြိုးများကို တပ်ဆင်လိုက်ကြသည်။ တစ်ယောက်ကို တစ်ယောက် စစ်ဆေးကြသည်။ လေယာဉ်ကြီး နိမ့်သည်ထက်နိမ့်ပြီး ဆင်းသွားသည်။

တံခါးပေါက်၏ အထက်တွင် မီးပွင့်လာသောအခါ သူတို့သည်

www.burmeseclassic.com



BURMESE CLASSIC .com

ရှာပေါ်မှ ဝေါခနဲ ဖြတ်ကျော်သွားသည်။ ဝုကူဘယ်က လက်ယာဘက်သို့ စောင်းကွေ့ လိုက်သည်။

ဆူးသရဖူကျောင်းတိုက်ကြီးကို တွေ့မြင်ရသည်။

'ဆင်း'

အပြင်ဘက်အုတ်တံတိုင်းပေါ်သို့ လေယာဉ် အရောက်တွင် ဘရန့် သည် အပေါက်မှ ခုန်ချလိုက်သည်။ ကျန်ရဲဘော်များမှာလည်း သူ့နောက်မှ လိုက်ပါကာ လျှင်မြန်စွာ ခုန်ချကြသည်။ တစ်ယောက်အပေါ်တွင် တစ်ယောက် ထပ်ဆင့်ကာပင် ဖြစ်သည်။

နောက်ဆုံးတွင်ကား ကိုးနစ်၏အလှည့်ပင် ဖြစ်သည်။ သူ ခုန်ချ လိုက်သည်။ သူ၏အောက်တွင် ကျောင်းဝင်းပြင်ရှိသည်ကို သတိပြုလိုက်မိသည်။ ထို့နောက် အုတ်ကွပ်မိုးနီနီများကို တွေ့မြင်ရသည်။ ပြီးမှ သူ၏ လေထီး ပွင့်သွားသည်။ သူ မော့ကြည့်လိုက်သောအခါ လေယာဉ်ကြီးသည် မိုးရေထဲသို့ ရိပ်ခနဲ ပျောက်ဝင်သွားသည်။ သူ၏ ဘေးဘက်နှင့် အောက်ဘက်တွင်ကား သူ၏ရဲဘော်များ လွင့်ပါလျက်ရှိကြသည်။

ဂျာမန်လေထီးနှင့် အင်္ဂလိပ် အမေရိကန်လေထီးများ အဓိက ခြားနား ချက်မှာ ဂျာမန်လေထီးများတွင် ဆိုင်းကြိုးများ မပါရှိပါ။ ယင်းအတွက် လေထီးသမားက မည်သို့မျှ ပြုပြင်လုပ်ဆောင်နိုင်ခြင်း မရှိပါ။ ယင်းအတွက် ဂျာမန်တို့သည် နိမ့်နိမ့် ကလေးမှ ခုန်ဆင်းနိုင်ကြခြင်း ဖြစ်သည်။ သို့သော် ထိန်းသိမ်းခြင်းမပြုနိုင်သဖြင့် မကောင်းသည့်အချက်များရှိပေသည်။ အထူးသဖြင့် ယခုလိုအခါမျိုးတွင် ဖြစ်သည်။ သူ့လူနှစ်ယောက်သည် အုတ်တံတိုင်း၏ အပြင်ဘက်သို့ ရောက်ရှိသွားသည်ကို ကိုးနစ်တွေ့မြင်လိုက်သည်။ နောက် တစ်ယောက် အုတ်တံတိုင်းပေါ်သို့ မသက်မသာ ကျရောက်သည်။

ကျန်ရဲဘော်များကား ကျောင်းဝင်းအတွင်းသို့ ရောက်ရှိကုန်ကြပြီ ဖြစ် သည်။ ထိုစဉ်မှာပင် အုတ်ကွပ်မိုးနီနီကလေးတစ်ခုသည် ကိုးနစ်ထံသို့ မြင့်တက် လာနေသည်။ ထိတ်လန့်ခြင်း မဖြစ်စေရန် သူ့စိတ်ကို တင်းထားလိုက်သည်။ သူ့လက်နှစ်ဖက်ကို ပိုက်ထားလိုက်သည်။ ထို့နောက် သူသည် အုတ်ကွပ်မိုးကို ဖောက်ပြီး ဆင်းသွားတော့သည်။

\+ \+ \+

www.burmeseclassic.com



လေထီးများ ပွင့်ဆင်းသည်ကို မေယာသည် ထင်းရှူးတောအတွင်းမှ နေ၍ မှန်ပြောင်းဖြင့် ကြည့်နေသည်။

'ဆင်းကုန်ပြီ၊ သူတို့ဆင်းကုန်ပြီ'

'ဆယ့်ငါးယောက် အထဲကိုရောက်တယ်၊ ကျန်တဲ့လူတွေကတော့ အပြင်ကို ရောက်သွားကြတယ်'

ဆုစလော့က ပြောသည်။

သို့သော် မေယာသည် ဆုစလော့ပြောသည်ကို နားမထောင်ဘဲ . . .

'တက် . . . ထွက်'

သူက ယာဉ်မောင်းသူကိုခေါင်းညိတ်ပြလိုက်ရာ ကားကလေးသည် လျင်မြန်စွာပင် မောင်းထွက်သွားလေတော့သည်။

\+ + +

လူစီယာနိုသည် အိပ်မပျော်နိုင်သဖြင့် နံနက် အရုဏ်တက်အချိန်တွင် အပြင်ဘက် အုတ်တံတိုင်းပေါ်သို့ ထွက်လာခဲ့သည်။ အုတ်တံတိုင်းပေါ်တွင် ပက်ဒရီဂျီအိုဗန္နီ ထီးအနက်ကြီး ဆောင်းပြီး စီးကရက်တစ်လိပ်သောက်နေသည်ကို တွေ့ရသည်။

'ခင်ဗျားလဲ အိပ်လို့မရဘူးထင်တယ်'

ပက်ဒရီဂျီအိုဗန္နီက မေးသည်။

'ဟုတ်တယ်၊ အိပ်လို့မရဘူး'

'အလိုလေး . . . မယ်တော်'

ပက်ဒရီဂျီအိုဗန္နီ ရွတ်ဆိုလိုက်သည်။ သူ့မျက်နှာမှအပြုံး တစ်ခါတည်း ပျောက်ကွယ်သွားသည်။

မိုးရေထဲမှနေပြီး တစ္ဆေကြီးတစ်ကောင်လို ယွန်ကာလေယာဉ်ကြီး ထွက်ပေါ်လာပြီး သူတို့ထံသို့ ပေလေးရာအမြင့်မှ ပျံသန်းလာသည်ကို တွေ့မြင်ရသောအခါ လူစီယာနို ချာခနဲလည်သွားသည်။ ပထမဆုံးလေထီးသမားကို တွေ့မြင်လိုက်ရလျှင်ပင် အခြေအနေအားလုံး ရှင်းသွားသည်။

ပက်ဒရီဂျီအိုဗန္နီက သူ့ကို တံခါးဆီသို့ တွန်းပို့လိုက်ပြီ . . .

'သွား သွား . . . ခင်ဗျားတို့လူစု ဒီကမြန်မြန်သွားကြ၊ ကာတာကို

www.burmeseclassic.com



ခင်ဗျားတို့နဲ့ခေါ်သွား၊ ခံပြီးတိုက်နေလို့ ဘာမှ အကျိုးမရှိနိုင်ဘူး’

ကာတာ၏အခန်းတွင်းသို့ ၎င်းတို့ ရောက်ရှိသွားသောအခါ ကာတာသည် ခုတင်ပေါ်တွင် ထထိုင်လျက်ရှိသည်။ မာရီယာလည်း မတ်တတ်ရပ်လျက် ရှိသည်။

‘ဒုက္ခတော့ ရောက်ကုန်ပြီ၊ လေထီးတပ်သားတွေ ဆင်းကုန်ပြီ၊ ကျုပ်တို့ ဒီက မြန်မြန်သွားကြမှဖြစ်မယ်’

တံခါးပွင့်သွားပြီး ဆားဗိတ်ဝင်လာသည်။ လက်ထဲမှာ သူ၏ ကျောပိုးအိတ်ကို ဆွဲလာသည်။ ရိုဆာက သူ့နောက်မှ ရိုင်ဖယ်သေနတ်ကိုကိုင်ပြီး ပါလာသည်။ သူမက သူ့ကို သေနတ်လှမ်းပေးသည်။

‘ဘယ်လိုဖြစ်တာလဲ’

‘ဒက်ဝေလာပေါ့’

လူစီယာနိုက ပြောလိုက်သည်။

ပြတင်းပေါက်ကို သူတို့သွားကြည့် ချိန်မှာပင် ကိုးနစ်သည် သူတို့၏ လက်ဝဲဘက်တွင် အုတ်ကြွပ်မိုးကို ဖောက်ဆင်းလာပြီး မြင်ကွင်းမှ ပြန်ပျောက်သွားသည်။ ကျောင်းဝင်းထဲရှိ ရန်သူများက ၎င်းတို့၏ကိုယ်မှ လေထီးများကို ဖြုတ်ပြီးကုန်ကြပြီ ဖြစ်သည်။

ဆားဗိတ်က သူ၏ရိုင်ဖယ်ကို ပစ်ခတ်ရန် မြှောက်ရွယ်လိုက်သည်။ သို့သော် လူစီယာနိုက တွန်းဖယ်ပစ်လိုက်သည်။

‘မပစ်နဲ့၊ ကျုပ်တို့ ဒီကထွက်သွားကြမယ်၊ ဒါမှ ဘုန်းကြီးတွေလဲ ပြဿနာမရှိမှာ’

‘ဘယ်လိုလုပ်ပြီး သွားမလဲ’

‘မြေအောက်ဥမင်လမ်း၊ ကျုပ်နောက်ကို မြန်မြန်လိုက်ခဲ့ကြ၊ အချိန်မရှိဘူး’

ပက်ဒရီဂျီအိုဗန်နီက ပြောလိုက်သည်။

လူစီယာနိုက ဆားဗိတ်ကိုကြည့်ပြီး . . .

‘ဗိုလ်ကြီးက ကာတာကို ပခုံးပေါ်မှာထမ်းခဲ့၊ မာရီယာက သူ့အဝတ်တွေကို ယူခဲ့၊ သူ့ကို နောက်ကျမှပဲ အဝတ် ဝတ်ပေးမယ်’

သူတို့ ခပ်သုတ်သုတ် ထွက်သွားကြသည်။ ပက်ဒရီဂျီအိုဗန်နီသည် သော့တစ်ချောင်းကို ထုတ်ပြီး စင်္ကြံလမ်း တစ်ဖက်ထိပ်ရှိ ဝက်သစ်ချတံခါးကို ဖွင့်လိုက်

www.burmeseclassic.com



BURMESE CLASSIC .com

သည်။ တစ်ဖက်တွင် ကျောက်တုံးဖြင့်ပြုလုပ်ထားသော ကြောင်လိမ်လှေကား တစ်ခုကို တွေ့ရသည်။

'ဒီကနေ ဆင်းသွားရင် မနေ့က ကျုပ်ပြထားတဲ့မြေအောက်ခန်းကို ရောက်မယ်၊ ကဲ. . . သွားကြပေတော့'

လူစီယာနို ရှေ့ဆုံးမှဆင်းသွားသည်။ ဆားဗိတ်က ကာတာကို ပခုံးပေါ်တွင် ထမ်းပြီး နောက်မှလိုက်သည်။ ရိုဆာနှင့်မာရီယာတို့က နောက်ဆုံးမှ ဖြစ်ကြသည်။ ပက်ဒရီဂျီအိုဗန္နီသည် တံခါးကိုပြန်ပိတ်ပြီး သော့ခတ်လိုက်သည်။ တစ်ဖက်သို့သူလှည့်လိုက်သောအခါ နာဇီတပ်သားတစ်ယောက် လှေကားမှ တက်လာသည်ကို တွေ့ရသည်။ နာဇီတပ်သားက သူ့ကို သေနတ်ဖြင့် ချိန်ထားသည်။

\+ + +

ကိုးနစ်၏ လက်ဝဲဘက်လက်မောင်း ကျိုးသွားသည်။ သူ့ကို ဆွမ်းစား-ဆောင်ထဲတွင် ပတ်တီးစည်းပေးနေသည်။ လက်ဝဲဘက်ပါးတွင်လည်း အစင်းကြီးတစ်ခု ဖြစ်သွားသည်။ ကိုးနစ်က သွေးတိတ်စေရန် ယင်းဒဏ်ရာကို လက်ကိုင်ပဝါဖြင့် ဖိကပ်ထားသည်။

ပက်ဒရီဂျီအိုဗန္နီ က . . .

'ဗိုလ်မှူးကြီးရဲ့ဒဏ်ရာကချုပ်ဖို့ လိုအပ်တယ်၊ နောက်ပြီးတော့ ဗိုလ်မှူးကြီးရဲ့လက်ကလဲ နှစ်နေရာမှာ ကျိုးသွားတယ်၊ ကျွမ်းကျင်တဲ့ဆရာဝန်နဲ့ ကုမှ ဖြစ်မယ်'

လျှင်မြန်သောခြေသံများ ပေါ်ထွက်လာပြီး ဘရန့် ရောက်ရှိလာသည်။

'ကျောင်းတိုက်ကြီးတစ်ခုလုံးကို စေ့စေ့စပ်စပ် ရှာပြီးပါပြီ ဗိုလ်မှူးကြီး၊ ဘုန်းတော်ကြီးတွေကလွဲလို့ တခြား ဘယ်သူမှမရှိပါဘူး'

'ဘယ်သူကော ရှိမှာမို့လဲ'

ပက်ဒရီဂျီအိုဗန္နီက ပြောလိုက်သည်။

'ကျွန်တော်တို့ရထားတဲ့ သတင်းကတော့ ဒီကျောင်းတိုက်ထဲမှာ ဗြိတိသျှ ဗိုလ်မှူးကြီးကာတာ ခေါင်းဆောင်တဲ့ ရန်သူတွေရှိနေတယ်'

'ဒီလိုဆိုရင်တော့ ခင်ဗျားတို့ဟာ အကြောင်းမဲ့သက်သက်ဒုက္ခခံနေကြ

www.burmeseclassic.com



တာပဲ၊ ကျုပ်ရဲ့ ကျောင်းတိုက်ထဲမှာ စောစောက ပြောတဲ့လူ မရှိပါဘူး၊ ကျုပ်သစ္စာဆိုပြီး ပြောပါ့မယ်'

ဘုန်းတော်ကြီးက လည်ပင်းတွင်ဆွဲချိတ်ထားသော လက်ဝါးကပ်တိုင်ကလေးကို နှုတ်ခမ်းတွင်တေ့နမ်းပြီး ပြောလိုက်သည်။

ကိုးနစ် ပင်ပန်း နွမ်းနယ်စွာဖြင့် ထလိုက်သည်။ ဒဏ်ရာက နာကျင်လှသဖြင့် ရှုံ့မဲ့သွားသည်။

'ရဲဘော်တွေ အခြေအနေကော'

'သုံးယောက်သေပါတယ် ဗိုလ်မှူးကြီး၊ နှစ်ယောက်က အပြင်ဘက်ကချောက်ထဲကို ရောက်သွားတယ်၊ ဗိုဂယ်က အုတ်တံတိုင်းပေါ်ကကျပြီး ဇက်ကျိုးသွားပါတယ်၊ ဟတ်မင်းက ခြေထောက်ကျိုးသွားတယ်'

'ဘုန်းကြီးပြောတာ မှန်တယ်၊ ဘာမှအကျိုးမရှိဘဲနဲ့ ဖြစ်ရတာပဲ'

ကိုးနစ်က ပက်ဒရီဂျီအိုဗန္နီ ကိုလှည့်ပြီး ပြောလိုက်သည်။

ထိုစဉ်မှာပင် အပြင်ဘက်မှသေနတ်သံများ ရုတ်တရက်ထွက်ပေါ်လာသည်။ ကိုးနစ် ကမန်းကတန်း ထွက်သွားသည်။ သူ့နောက်မှ ဘရန့်နှင့် ပက်ဒရီဂျီအိုဗန္နီတို့ လိုက်ပါသွားကြသည်။ လှေကားထိပ်တွင် သူတို့ ရပ်လိုက်ကြသည်။ တံခါး မကြီးအထက်ဘက်ရှိ အုတ်မိုးပေါ်တွင် လေထီးတပ်သားတစ်ဦး ရှိနေသည်။

ကိုးနစ်က ၎င်းကိုလှမ်းပြီး မေးလိုက်သည်။

'ဘာဖြစ်တာလဲဟေ့'

'အောက်ဘက်တောင်စောင်း သစ်တောထဲမှာ ရွာဘက်ကိုဆင်းသွားတဲ့ လူတွေကို တွေ့ရပါတယ် ဗိုလ်မှူးကြီး၊ ဗိုလ်မှူးမေယာနဲ့ သူ့လူတွေ လမ်းပေါ်က ဆင်းပြီး သူတို့နောက်ကိုလိုက်နေကြပါပြီ'

နောက်ထပ် သေနတ်သံများထွက်ပေါ်လာပြန်သည်။ ကိုးနစ်က ပက်ဒရီဂျီအိုဗန္နီဘက်သို့လှည့်ပြီး . . .

'ကျွန်တော် နားလည်ပါပြီ၊ သူတို့မရှိဘူးလို့ ဘုရားသခင်ပြောတာ အမှန်ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဒီက ထွက်သွားကြပြီကိုး'

ထို့နောက် သူသည်စကားပြန်ကိုမစောင့်တော့ဘဲ ဘရန့်ဘက် လှည့်ကာ . . .

'ကဲ . . . တပ်ကြပ်ကြီး၊ ရဲဘော်တွေကိုစုပြီး ကျုပ်နောက်ကို အမြန်

www.burmeseclassic.com



လိုက်ခဲ့ကြ'

သူတို့နှစ်ယောက်နှင့် ဆက်ဆံရေးကာလတစ်လျှောက်တွင် ဘရန့် အနေနှင့် ကိုးနစ်၏ အမိန့်ကို ပထမဆုံး အကြိမ်အဖြစ် စောဒကတက်လိုက်သည်။

'ဗိုလ်မှူးကြီးအနေနဲ့ ဘယ်လိုမှ သွားလို့မဖြစ်ဘူးတင်တယ်'

'ဆာရာဘရန့်ရဲ့ ထင်မြင်ချက်ကို ကျုပ် သေသေချာချာ မှတ်ထားပါမယ်၊ ဒါပေမဲ့ လောလောဆယ်တော့ အားလုံးချီတက်ကြမယ်'

လှေကားထစ်များမှ သူ ဆင်းပြီး ကျောင်းဝင်းကို ဖြတ်လျှောက်သွားသည်။

ပက်ဒရီဂျီအိုဗန္ဒီသည် ကျောင်းဝင်းအတွင်းမှ နောက်ဆုံးတပ်သား ထွက်သွားသည်အထိ စောင့်ကြည့်နေပြီးနောက် ဘုရားရှိခိုးကျောင်းသို့ သွားရောက်ကာ ခေါင်းလောင်းထိုးသည်။ တစ်ချက်ပြီးတစ်ချက် ထိုးသည်။ ခေါင်းလောင်းသံသည် ဗယ်လိုနာတောင်ကြားတစ်လျှောက်သို့ ရောက်ရှိသွားသည်။

ဗစ်တိုဗီဗာရာသည် သေနတ်သံများ ကြားကတည်းက အခြေအနေကို သတိထား စောင့်စားလျက်ရှိသည်။ ယခုခေါင်းလောင်းထိုးသံကို ကြားရသောအခါ မတ်တတ်ထရပ်ပြီး နားစွင့်လျက်ရှိသည်။

ဗာဂျာနှင့် ဘုန်းတော်ကြီးကော်လူရာတို့သည် ရွာကွက်လပ်ကိုဖြတ်ပြီး ဗစ်တိုဗီဗာရာထံသို့ ရောက်ရှိလာကြသည်။

'ဘယ်လိုအဓိပ္ပာယ်လဲ'

ဗာဂျာက မေးသည်။

'မပြောတတ်ဘူး ရေဒီယိုကတော့ အခုပဲ သတင်းရတယ်၊ အမေရိကန်တပ်တွေ ကုန်းပေါ် ရောက်ကုန်ပြီ၊ ဒီသတင်းကို ချက်ချင်းပြန့်ပါ၊ ရဲဘော်တွေ အားလုံး လက်နက်တွေအသင့်ပြင်'

'နည်းနည်းတော့ အချိန်ယူရမယ်'

ဗာဂျာက ပြောသည်။

'အတတ်နိုင်ဆုံး ကြိုးစားပါ'

သူတို့ သုတ်ခြေတင်ပြီး ပြန်သွားကြသည်။ ဗီဗာရာ အိမ်ထဲသို့ ပြန်ဝင်သည်။ အပေါ်ထပ်သို့ တက်သည်။ လျှို့ဝှက်တံခါးပေါက်မှ နေ၍ ရေဒီယိုခန်းထဲသို့ ဝင်သည်။ ထို့နောက် အခန်းထောင့်တစ်နေရာမှ ပစ္စတိုတစ်လက်နှင့်

www.burmeseclassic.com



ကျည်ကတ်များကို ထုတ်ယူသည်။ ထို့နောက် အောက်ဘက်သို့ ပြန်ဆင်းလာသည်။

\+ + +

လူစီယာနိုနှင့်အဖွဲ့သည် ဥမင်လိုဏ်ခေါင်းအတွင်းမှ ထွက်ပြီး အပြင်ဘက် တောင်စောင်းသို့ရောက်ရှိသောအခါ ခေတ္တရပ်နားလိုက်ပြီး ကာတာကို အဝတ်အစား ဝတ်ပေးကြသည်။ ကာတာမှ အဖျားတက်နေဆဲပင် ဖြစ်သည်။ သို့သော် စကားပြောနိုင်သည်။

'ဘာတွေ ဖြစ်ကြတာလဲ'

'ကျုပ်တို့ ထွက်ပြေးလာရတယ်၊ ရွာကိုသွားပြီး ဗီဇာရာတို့နဲ့ ဆက်သွယ် မယ်၊ စကားသိပ်မပြောနဲ့၊ ခင်ဗျားအားရှိဖို့ လိုတယ်၊ ကဲ. . . သွားကြစို့'

ဆားဗိတ်သည် သူ၏ ကျောပိုးအိတ်နှင့် ရိုင်ဖယ်ကို ရှိုဆာသို့ ပေးလိုက် သည်။ ထို့နောက် ကာတာကို သူ၏ကျောပေါ်တွင် ပိုးပေးလိုက်သည်။ သူတို့ တောင်စောင်းအတိုင်းဆင်းသွားကြသည်။ သံလွင်ပင်များနှင့် ထင်းရှူးပင်များ အစပ်တွင် ကွက်လပ်ကလေးကို အဖြတ်တွင် သေနတ်သံများ ထွက်ပေါ်လာခြင်း ပင်ဖြစ်သည်။

လူစီယာနိုတို့ကို ပထမဆုံး တွေ့မြင်သူမှာ ရှေ့ဆုံးကားတွင် လိုက်ပါ လာသော မေယာပင်ဖြစ်သည်။ သူက ယာဉ်မောင်းသူကို ရပ်ရန် အချက်ပြ လိုက်သည်။

ကားတန်းကလေး၏နောက်ဆုံးကားတွင် လိုက်ပါလာသော ဆုစလော့ သည် ကားပေါ်တွင် မတ်တတ်ထရပ်လိုက်ပြီးနောက် စက်သေနတ် ခုံပေါ်တွင် ထိုင်ကာ စတင်ပစ်ခတ်လိုက်တော့သည်။

ကျည်ဆန်များသည် တောင်စောင်းတစ်လျှောက်ထိမှန်ပြီး ဖုန်တန်းကြီး ဖြစ်ပေါ်သည်။ ထင်းရှူးတောထဲသို့ ဝင်ပြေးသူများနောက်သို့ ကျည်ဆန်တန်း လိုက်ပါသည်။ မာရီယာ ခလုတ်တိုက်ပြီး လဲသွားသည်။ လူစီယာနိုက သူမကို ဆွဲထူလိုက် သည်။ သူတို့နှစ်ယောက် တောအုပ်ထဲသို့ ပြေးဝင်ကြသည်။

'သူတို့နောက်ကို လိုက်ကြ'

မေယာက ဟစ်အော် အမိန့်ပေးလိုက်သည်။ စစ်ကားကလေးသည် တောလမ်းမကြီးမှ ခွဲထွက်ကာ သံလွင်ပင်များအကြား တောင်စောင်းပြင်တွင်

www.burmeseclassic.com



အကြမ်းပတမ်း မောင်းဝင်သွားတော့သည်။

\+ + +

အံ့ဖွယ်သရဲဖြစ်သည်ကတော့ ကျည်ဆန်သည် မာရီယာ၏ ဖိနပ်ဒေါက်ကိုသာ ထိမှန်ခြင်းဖြစ်သည်။ သူတို့သည် ထင်းရှူးပင်များအကြားရှိ တောလမ်းအတိုင်း ဆားဗိတ်နှင့်ရှိဆာတို့၏ နောက်သို့ ပြေးလိုက်ကြသည်။

ထိုနေရာတစ်ဝိုက်တွင် သစ်ပင်များ၊ ခပ်စိပ်စိပ်ပေါက်ရောက်နေသဖြင့် ကားများမသွားနိုင်တော့ဘဲရှိသည်။ လူစီယာနိုရပ်ပြီး နားစွင့်လိုက်သောအခါ ရန်သူများ၏ အသံများကို ကြားရသည်။

'သူတို့ ခြေလျင်လိုက်လာကြပြီ'

ထိုစဉ်မှာပင် စက်သေနတ်ကျည်ဆန်များသည် သူ၏ ခေါင်းပေါ်မှ သစ်ကိုင်းများကို ထိမှန်သွားကြသည်။

လူစီယာနိုသည် အမ်ဝမ်းရိုင်ဖယ်ဖြင့် ပြန်လည်ပစ်ခတ်သည်။ ကျည်ကုန်သောအခါ ကျည်တစ်ကတ်ထပ်ဖြည့်ပြီး ရှေ့မှသွားသူများနောက်သို့ ပြေးလိုက်သည်။ သူ၏ လက်ယာဘက်မှ ချုံဖုတ်လှုပ်ရှားသွားပြီး ယူကရိန်းတစ်ယောက် ထွက်လာသည်။ သူ၏ ရိုင်ဖယ်ကို ခါးအမြင့်တွင် ကိုင်ဆောင်ပြီး လျင်မြန်စွာ ပြေးနေသည်။ ၎င်းကနှစ်ချက်ပစ်လိုက်သည်။ ဆားဗိတ်၏ အနီးတွင် ဖုန်များထသွားသည်။ လူစီယာနို တောင်စောင်းမှပြေးဆင်းသွားပြီး ခုန်လိုက်သည်။ ဘသားချော၏ ကျောပြင်ကို ခြေထောက်နှစ်ဖက်ဖြင့် စုံကန်လိုက်သည်။ ဘသားချော နှစ်ပတ်လိမ့်သွားသည်။ သင်း မတ်တတ်ထသောအခါ သင်း၏ ဦးခေါင်းကို လူစီယာနိုက သေနတ်ဖြင့် ပစ်ထည့်လိုက်သည်။

\+ + +

ဆားဗိတ်သည် ကာတာ၏ ကိုယ်ကြီးကို ပိုးပြီး ပြေးနေရသဖြင့် မောဟိုက်နေ၍ ဖြစ်သည်။ ဟိုဘက် သည်ဘက် ယိမ်းယိုင်လျက်ရှိသည်။ နောက်ဆုံးတွင် သူ မဟန်နိုင်တော့ပဲ ခေါင်းစိုက်ပြီးကျသွားသည်။ ကာတာ၏ ကိုယ်ကြီးက သူ့ပေါ်တွင် ထပ်လျက်သား ဖြစ်သွားသည်။

www.burmeseclassic.com



ဆားဗိတ် ကြိုးစားပြီး ထလိုက်သည်။

'ကိုယ့်ကိုထားခဲ့၊ ဗိုလ်ကြီး လွတ်အောင်ပြေး'

ကာတာ နွမ်းနယ်စွာ ပြောသည်။

လူစီယာနိုက သူ၏ ရိုင်ဖယ်ကို မာရီယာသို့ ပေးပြီး ကာတာကို ဆွဲထူလိုက်သည်။

'ကျွန်တော့်ကိုယ်ပေါ်မှာ မှေးထားပါ ပရော်ဖက်ဆာ၊ သူများတွေရှေ့မှာ ခြေတစ်လှမ်းသာရရင် ပြီးတာပဲ၊ ပရော်ဖက်ဆာနှလုံးသားထဲမှာ ကျည်ဆန်ကြီးနဲ့ လေးမိုင်ခရီးကိုတစ်ယောက်တည်း လျှောက်ခဲ့တယ်မဟုတ်လား'

'ကဲ. . . သွားကြ၊ ကျွန်တော် နောက်က ကာပေးမယ်'

ဆားဗိတ်က ပြောလိုက်သည်။

သူသည် ရိုဆာလွယ်ထားသော ကျောပိုးအိတ်အတွင်းမှ လက်ပစ်ဗုံး နှစ်လုံးကို ထုတ်ယူပြီး သူ၏ အင်္ကျီအိတ်တစ်ဖက်စီတွင် ထည့်လိုက်သည်။ ထို့နောက် အမ်ဝမ်းရိုင်ဖယ်ကို ကျည်ဖြည့်သည်။

'ကဲ . . . မင်းလဲသွားတော့၊ မင်းကို သူတို့ လိုလိမ့်မယ်၊ ကိုယ် နောက်ကလိုက်ခဲ့မယ်'

သူက ရိုဆာကို ပြောလိုက်သည်။

ရိုဆာ ခေါင်းကို တွင်တွင် ယမ်းခါသည်။

'ဟင့်အင်း . . . အစ်ကိုနဲ့ခွဲပြီး ကျွန်မ မသွားဘူး'

သူတို့၏နောက်ဘက်တွင် ချုံများ လှုပ်ရှားသံကြားရသည်။ ဆားဗိတ် လှည့်ပြီးပစ်လိုက်သည်။ ယူကရိန်းတစ်ယောက် မှောက်လျက်သား ကျလာသည်။

ဆားဗိတ်က သူမကို တွန်းလိုက်ပြီး . . .

'သွား သွား'

သူက နောက်ထပ် ကျည်တစ်ကပ် ထည့်လိုက်သည်။ သူ၏ လက်ဝဲဘက်မှ ရန်သူတစ်ယောက်က ပစ်ခတ်သဖြင့် ငုံ့ရှောင်ရင်း ပြန်ပစ်သည်။ နာကျင်စွာ ဟစ်အော်သံတစ်ခု ထွက်ပေါ်လာသည်။

ရိုဆာက သူ့အနီးတွင် ဝပ်လိုက်ပြီး . . .

'အစ်ကိုရေ ကျွန်မတို့ သွားကြစို့'

သူက သူမ၏မျက်နှာကို လက်ပြန်ရိုက်လိုက်သည်။

'သွားစမ်းလို့ ပြောနေတယ်၊ ခွေးစုတ်မကလေး'

www.burmeseclassic.com



သူမ စိတ်ထိခိုက်စွာဖြင့် နောက်ဆုတ်သွားသည်။ သူမ၏ မျက်နှာမှာ လည်း တကယ်ပင် နာကျင်သွားသည်။ သူမသည် ထိုနေရာမှ လေးဖက်တွားပြီး ထွက်ခွာသည်။ ထိုအခါ သူက သူမ၏ ဘယ်ဘက်လက်ကို ဖမ်းဆုပ်လိုက်ပြီး

'ဟေး. . . . . ညီမကို အစ်ကိုချစ်တယ်၊ အဲဒါကိုတော့ ဘယ်တော့မှ မမေ့ပါနဲ့၊ နယူးယောက်ကို ဟန်းနီးမွန်း ထွက်ကြမယ်၊ အဲဒါ အစ်ကို့ ကတိပဲ'

သူ တစ်ဖက်သို့လှည့်ပြီး သေနတ်ကိုမြှောက်လိုက်သည်။ ထိုစဉ်မှာပင် သူ့ရင်ဘတ်ကို စက်သေနတ်ကျည်ဆန်များထိမှန်သည်။ သူနောက်ဘက်သို့ ကြွတက်သွားသည်။

သူ့ပါးစပ်ထဲမှ သွေးတွေ ထွက်နေသည်။ ရှိဆာ၏ ဟစ်အော်သံကို သူ ကြားရသည်။ ထို့နောက် သူမသည် သူ့ကိုယ်ပေါ်တွင် ကုန်းငုံ့လိုက်သည်။ သူ မသေမီ နောက်ဆုံးမြင်တွေ့သွားရသော အရာမှာ သူမ၏ မျက်နှာကလေးပင် ဖြစ်သည်။

ရှိဆာသည် ဒူးထောက်လျက် သူ့ကို ပွေ့ချီထားသည်။ သူ့ကိုယ်မှ သွေးများက သူမတစ်ကိုယ်လုံးကို ပေကျံလျက်ရှိသည်။ ချုံဖုတ်များအတွင်းမှ ယူကရိန်း လေးယောက် ထွက်လာပြီး သူမကို ကြည့်နေကြသည်။

တစ်ယောက်က အားရပါးရ ရယ်မောလိုက်ပြီး . . .

'ကဲ . . . အမိရဲ့အကြောင်းကို သိကြရအောင်'

သူတို့အားလုံး ရယ်မောကြသည်။ သူတို့၏ သေနတ်များကို ချထား လိုက်ကြသည်။ သူမထံသို့ ဝိုင်းအုံလာကြသည်။ ယခုအခါ ရှိဆာလည်း ရယ်မော လျက်ရှိသည်။ ဆားဗိတ်၏ကိုယ်ကို မြေကြီးပေါ်သို့ညင်သာစွာ ချလိုက်ကြသည်။ ထို့နောက် ဆားဗိတ်၏ အင်္ကျီအိတ်အတွင်းမှ လက်ပစ်ဗုံးနှစ်လုံးကို နှိုက်ယူလိုက် သည်။ ထိုအခါ ယူကရိန်းတပ်သားများ ကြောက်လန့်တကြား ထွက်ပြေးကြသည်။ သို့သော် နောက်ကျချေပြီတည်း။

\+ + +

လူစီယာနိုနှင့် မာရီယာတို့သည် ကာတာကို သူတို့နှစ်ယောက်ကြားတွင် တွဲခေါ်ကာ ထင်းရှူးတောထဲမှ ထွက်ပြီး ရွာထဲကို ပြေးကြသည်။ ဗစ်တိုဗီဗာရာ သည် ၎င်းတို့ကို အသုဘရုံ၏ အလယ်ဘက် ပြတင်းပေါက်မှ တွေ့မြင်သည်။

www.burmeseclassic.com



တောင်ကုန်း၏ အထက်တွင် ယူကရိန်းများ ဆင်းလာနေကြသည်ကိုလည်း တွေ့ရသည်။

သေနတ်သံများ ထွက်ပေါ်လာသည်။ လူစီယာနို၏ အော်သံကို ကြားလိုက်ရသည်။ လူစီယာနို လဲကျသွားသည်။ ကာတာလည်း တစ်ပတ်လည်သွားပြီး မာရီယာကို မှီထားလိုက်သည်။ ဇီဗာရာသည် ပြတင်းပေါက်မှ ကိုယ် ကို ကုန်းထွက်ပြီးနောက် သူ၏ မောင်းပြန်သေနတ်ကို အတွဲလိုက် ဆွဲလိုက်သည်။ အံ့သြစရာပင်၊ လူစီယာနို လဲနေရာမှ ပြန်ထ,လာပြီး ကာတာကို မာရီယာနှင့်အတူ တွဲခေါ်လာသည်။ သူတို့သုံးယောက် ရွာစပ်သို့ရောက်သောအခါ ယူကရိန်း နှစ်ယောက် သုံးယောက်သည် တောအုပ်ထဲမှ ပြေးထွက်လာကြသည်။

လမ်းများပေါ်တွင် ရှင်းနေသည်။ ရွာသားများအားလုံး ကိုယ့်အိမ်ထဲ တွင် ရှိနေကြသည်။ လူစီယာနိုနှင့် မာရီယာတို့သည် ကာတာကို တွဲကာ ရွာ ကွက်လပ်ကို ဖြတ်လာသည်။ လမ်းဘက်ဆီမှ ကားသံကြားရသည်။ ကားသံများ အတော်ကြီး နီးကပ်လာကြပြီးဖြစ်သည်။ လူစီယာနို၏ ယာဘက်ခြေထောက်မှ သွေးများ စီးကျနေသည်။ သူတို့သည် ထော့နင်းထော့နင်းနှင့် လျှောက်လာ နေသည်။ ဇီဗာရာက တံခါးကိုဖွင့်ပြီး သူတို့ကို ထွက်ကြိုသည်။

\+ \+ \+

မေယာသည် ကွက်လပ်အတွင်းရှိ ကားတစ်စီးပေါ်တွင် ရပ်လျက် သူ၏ တပ်သားများက တစ်အိမ်ပြီးတစ်အိမ် ဝင်ရောက်ကာ အထဲမှလူများကို အပြင်သို့ မောင်းထုတ်နေသည်ကို ကြည့်နေသည်။ ဆုစလော့သည် ဇီဗာရာ၏ အသုဘရုံသို့ သွားသော လမ်းထိပ်တွင်ရပ်ပြီး စီးကရက်တစ်လိပ်ကို မီးညှိနေသည်။ လမ်းပေါ်တွင် သွေးစက်များကို သူတွေ့ရသဖြင့် ဖြစ်သည်။ သူသည် သွေးစက်များကို ခြေရာခံပြီး အသုဘရုံဆီသို့ လျှောက်သွားသည်။ အသုဘရုံ တံခါးသော့ခတ်မထားပါ။ သူက တံခါးကို တွန်းဖွင့်လိုက်သည်။ ထို့နောက် သူ၏ ပစ္စတို သေနတ်ကို အိတ်တွင်းမှ ထုတ်ယူပြီး အတွင်းသို့ သတိဖြင့် ဝင်သွားသည်။

တစ်ဖက်ထိပ်ရှိ တံခါးဆီသို့သွားသော စင်္ကြံလမ်းပေါ်တွင် သွေးစက် များ ပိုပြီး တွေ့ရသည်။ ထိုတံခါးကို သူဖွင့်လိုက်သည်။ အသုဘရုံဧည့်ခန်း ဖြစ်ကြောင်း တွေ့ရသည်။ အခန်းထဲတွင် တိတ်ဆိတ်နေသည်။ ငြိမ်နေသည်။ မှောင်

www.burmeseclassic.com



BURMESE CLASSIC .com

နေသည်။ သူသည် အနီးရှိ ခေါင်းအတွင်းမှ အဘွားကြီးတစ်ယောက်၏ အလောင်းကို တွေ့မြင်ရသောအခါ တွန့်သွားသည်။

ကြမ်းပြင်ပေါ်တွင် သွေးစက်များတွေ့ရပြန်သည်။ သူသည် ခေါင်းများကို တစ်ခုပြီးတစ်ခု လျှောက်သွားနေသည်။ အလောင်းကောင်တစ်ခု၏ လက်ထဲတွင် ခေါင်းလောင်းကြိုးတစ်ခုစီ ရှိသည်။

အလှအပမွမ်းမံထားသော ခေါင်းနက်ကြီး၏နံဘေးတွင် သွေးကွက်ကြီးတစ်ခု တွေ့ရသည်။ သူက ကုန်းငုံ့ပြီး ထိုသွေးကွက်ကို ကြည့်လိုက်စဉ် ခေါင်းလောင်းသံကလေးကြားရသဖြင့် သူ၏ ဆံပင်မွေးများ ထောင်သွားသည်။

သူ မတ်တတ်ထလိုက်သည်။ ခေါင်းအစွန်းကိုကြည့်လိုက်သည်။ ခေါင်းအတွင်းမှအလောင်းသည် ငြိမ်သက်အေးချမ်းစွာ ရှိနေသည်။ သူ၏ လက်နှစ်ဖက်သည် မယ်တော်မာရီ ဆင်စွယ်ရုပ်ကို ဆုပ်ကိုင်ထားသည်။ ဆင်စွယ်ရုပ်မှာ အထူးပင် လှပသည်။ ဆုစလော့ ကုန်းငုံ့ပြီး ရုပ်တုကို ကြည့်လိုက်စဉ်မှာပင် အလောင်းကောင်၏မျက်လုံးများ ပွင့်လာသည်။ မယ်တော်မာရီရုပ်တု အပေါ်ဘက်သို့ မြောက်တက်လာပြီး ချောက်ခနဲဟူသော အသံထွက်ပေါ်လာသည်။

\+ \+ \+

ဘုန်းတော်ကြီး ကော်လူရာသည် ဘုရားရှိခိုးကျောင်း နံရံကို ကျောကပ်လျက်ရှိသည်။ ယူကရိန်း တပ်သားခြောက်ယောက်သည် သူ့ကို ပစ်ခတ်ရန် အသင့် ရှိနေကြသည်။ ဗယ်လိုနာရွာသားများ ရင်တမမဖြင့် ကြည့်နေကြသည်။ မေယာသည် ကားတစ်စီးပေါ်တွင် မတ်တတ်ရပ် နေရာမှ ခေါင်းညိတ်ပြလိုက်ရာ သေနတ်သံများ တစ်ပြိုင်တည်း ထွက်ပေါ်လာသည်။ ဘုန်းတော်ကြီး ကော်လူရာ မြေပြင်ပေါ်သို့ လဲကျသွားသည်။

'အဲဒါ ခင်ဗျားတို့ကို နမူနာပြတာပဲ၊ ကျုပ်တို့ဘယ်သူ့ကို ရှာနေတယ်ဆိုတာ ခင်ဗျားတို့အားလုံးသိတယ်၊ ကျုပ် ငါးမိနစ်အချိန်ပေးမယ်၊ ငါးမိနစ်အတွင်း မှာ အဖြေမပေးရင် နောက်နှစ်ယောက်ကိုသတ်မယ်၊ ပြီးရင် နောက်လေးယောက်၊ ခင်ဗျားတို့ကြိုက်တာ ရွေးပေတော့'

မေယာက ဟစ်အော်ပြောသည်။

အသုဘရုံ အထက်ဘက် ပြတင်းပေါက်မှ ကြည့်နေသော မာရီယာက . . .

www.burmeseclassic.com



'ကျွန်မတို့ တစ်ခုခုလုပ်မှဖြစ်မယ်'

ဗိုဗာရာက . . .

'ကျုပ်တို့ ဘာမှမလုပ်နိုင်ဘူး၊ လူငယ်တွေအားလုံး တောင်ပေါ် ရောက်နေတယ်၊ သူတို့ကိုစုဖို့ အချိန်မရှိဘူး၊ အားလုံး အငိုက်မိခံရတာပဲ'

'အမေရိကန်တပ်တွေကော သူတို့ဒီရောက်ဖို့ ဘယ်လောက် လိုသေးသလဲ'

လူစီယာနိုက မေးလိုက်သည်။

'ဘယ်ရောက်နေမှန်း ကျုပ်မသိဘူး'

'အဲဒီလိုဆို ရေဒီယိုနဲ့ ဆက်သွယ်ကြည့်ကြရအောင်'

သူတို့ ထွက်သွားကြသည်။ လူစီယာနိုက ထော့နဲ့ထော့နဲ့နှင့် ဖြစ်သည်။ သူ၏ လက်ဝဲဘက်ခြေထောက်ကို ပတ်တီးစည်းထားသည်။

မာရီယာက ပြတင်းပေါက်ကို ဖွင့်လိုက်သည်။ မေယာ၏အသံကို ကြားရသည်။

'အင်္ဂလိပ်ကောင် ကာတာနဲ့ ဟိုမိန်းမ မာရီယာဗောင်း'

ရွာသားများ မိုးရေထဲတွင် ငြိမ်သက်စွာ ရပ်နေကြသည်။ မေယာက အမိန့်ပေးလိုက်ရာ ယူကရိန်းနှစ်ယောက် လူအုပ်ထဲသို့ဝင်ပြီး အဘိုးကြီးနှစ်ယောက်ကို ဆွဲထုတ်သွားသည်။

မာရီယာ လှေကားမှ ဆင်းသွားသည်။ အိမ်ရှေ့ တံခါးကိုဖွင့်ပြီး ကွက်လပ်တည့်တည့် လျှောက်သွားသည်။ သူမကို တွေ့မြင်သောအခါ ပရိသတ်ထဲမှ အံ့သြသံများထွက်ပေါ်လာသည်။ သူမက မတ်တပ်ရပ်လိုက်ပြီး မေယာကို မော့ကြည့်သည်။

'ကျွန်မ မာရီယာဗောင်းပဲ ဗိုလ်မှူး၊ ဒီလူတွေကို လွှတ်လိုက်ပါ'

မေယာက သူ့ကိုငေးကြည့်ပြီး . . .

'မင်းရဲ့ မိတ်ဆွေတွေကော'

'အဲဒါတော့ ကျွန်မ မသိဘူး၊ ကျွန်မအတွက်ပဲ ကျွန်မတာဝန်ယူတယ်'

မေယာက ပတ်ဝန်းကျင်ကို စိုက်ကြည့်လိုက်ပြီး . . .

'ဗိုလ်ကြီး ဆုစလော့ကော'

'မပြောတတ်ဘူး ဗိုလ်မှူး၊ အိမ်တွေကို လိုက်ရှာနေတုန်းပဲနဲ့ တူတယ်'

တပ်ကြပ်ကြီးတစ်ယောက်က ပြောသည်။

www.burmeseclassic.com



'ဟုတ်ပြီ၊ ဒီမိန်းမကို နံရံမှာကပ်လိုက်'

မေယာက အမိန့်ပေးလိုက်သည်။ ထို့နောက် မာရီယာကို ငုံ့ကြည့်ပြီး. . .

'မင်းအနေနဲ့ စိတ်မပြောင်းဘူး ဆိုရင်ပေါ့'

'ကျွန်မမှာ ဘာမှပြောစရာ မရှိပါဘူး'

သူမက တည်ငြိမ်စွာပြောသည်။

ယူကရိန်းတပ်သားနှစ်ယောက်သည် သူမကို နံရံဆီသို့ ဆွဲခေါ်သွားသည်။ နံရံသို့ရောက်သောအခါ သူမကို ဘုန်းတော်ကြီးကော်လူရာ၏ အလောင်းအနီးတွင် ထားလိုက်သည်။ မာရီယာသည် မျက်လုံးများကို မှိတ်လိုက်ပြီး ဘုရားသခင်ကို အောက်မေ့သည်။ ဆုတောင်း ပတ္တနာပြုသည်။ ယင်းကြောင့်ပင် ကိုးနစ်နှင့် သူ့လူများ ရောက်ရှိလာသည်ကို သူမ မတွေ့မြင်ပါချေ။

'ရပ်'

ကိုးနစ် ဟစ်အော်လိုက်သည်။

သူတို့သည် ကျောင်းတိုက်ကြီးမှ ခြေကျင် လျှောက်လာကြခြင်း ဖြစ်သည်။ ကိုးနစ် မောပန်းနေသည်။ သူ၏လက်မှဒဏ်ရာသည် သည်းမခံနိုင်လောက်အောင် နာကျင်လျက်ရှိသည်။ သူ၏ မျက်နှာတွင် သွေးများ ပေကျံခြောက်သွေ့နေသည်။ သူရှေ့သို့တက်လာသည်။ ဘရန့်ခေါင်းဆောင်သော လေထီးတပ်သားများ သူ့နောက်မှ လိုက်ပါလာကြသည်။ မေယာ၏ ကားအနီးတွင် ရပ်လိုက်သည်။

'ဒီအမျိုးသမီးက ဘယ်သူလဲ'

'မာရီယာဗောင်း၊ သူ့လူတွေ ဘယ်မှာရှိတယ်ဆိုတာ မပြောဘူး'

'ဖရော်လင်းဗောင်း၊ ကျေးဇူးပြုပြီး ဒီကိုလာပါ'

ကိုးနစ်က လှမ်းခေါ်လိုက်သည်။

'မလာရဘူး၊ ကျုပ် ခွင့်မပြုဘူး'

မေယာက ဟစ်အော်လိုက်သည်။

ကိုးနစ်က သူ့ကို လှည့်မကြည့်ဘဲ . . .

'ကျုပ် ဒီမှာ အုပ်ချုပ်တယ်၊ ခင်ဗျားသဘောထား ဘာမှ အရေးမကြီးဘူး မေယာ'

'သေပေတော့ ကိုးနစ်'

www.burmeseclassic.com



မေယာ ဟစ်အော်လိုက်သည်။ သူ၏ သေနတ်ကို ထုတ်ပြီး ကိုးနစ်၏ နောက်ကျောကို နှစ်ချက်ပစ်လိုက်သည်။

ကိုးနစ် ရှေ့သို့ ယိုင်ထိုးသွားသည်။ မာရီယာက သူ့ကို လှမ်းဆွဲလိုက် သည်။ သူမ၏ကိုယ်ခန္ဓာ ပတ်ချာ လည်သွားသည်။

မေယာက ဒေါသခက်ထန်စွာဖြင့် ဆက်ပစ်သည်။ သူမကို ထိမှန်သည်။ သူမနှင့်ကိုးနစ်တို့သည် ချစ်သူနှစ်ဦးလို ဖက်လျက်သား လဲကျသွားကြသည်။

\+ \+ \+

လူအုပ်ကြီး ကွဲသွားသည်။ ကိုယ့်အိမ်ရှိရာသို့ ထိတ်လန့်တကြား ပြေးကြသည်။ ဘရန့်သည် ကိုးနစ်အနီးတွင် ဒူးထောက်ထိုင်ပြီး သူ၏ ကိုယ်ကို ဖြည်းညင်းစွာ လှန်လိုက်သည်။ ထို့နောက် ဘရန့်သည် မေယာကို မော့ကြည့်လိုက်သည်။ သူ့ မျက်နှာတင်းမာနေသည်။ မေယာက စက်သေနတ် လက်ကိုင်ကို ဆုပ်ကိုင်လိုက်ပြီး ဘရန့်နှင့် လေထီးတပ်သားများကို ချိန်ထားလိုက်သည်။

'သူဟာ အဓိပတိကြီးနဲ့ နိုင်ငံတော်ကို သစ္စာဖောက်တဲ့ လူပဲ၊ ကျုပ်ပြောတာ ကြားသလား၊ အားလုံးနောက်ကို ဆုတ်ကြ'

ထို့နောက် သူ့လူများဘက်သို့ လှည့်ပြီး . . .

'ကားပေါ်တက်ကြ၊ သွားကြမယ်'

ယူကရိန်း တပ်သားများက ကားပေါ်တက်ပြီး ကားများ လျင်မြန်စွာ မောင်းထွက်သွားကြသည်။

* * *

www.burmeseclassic.com

# [ ၁၈ ]

လူစီယာနိုနှင့်ဗစ်တိုဗီဗာရာ အသုဘရုံထဲမှ ထွက်လာပြီး ကွက်လပ်ဆီသို့ ပြေးသည်။ လူစီယာနိုသည် မာရီယာ၏ ဘေးတွင် ဒူးထောက်ပြီး ထိုင်ချလိုက်သည်။

ဘရန့်က . . .

'သူ သေပြီ၊ နှစ်ယောက်စလုံး သေပြီ'

သူမ၏မျက်နှာ ငြိမ်းချမ်းစွာရှိသည်။ လူစီယာနိုသည် သူမကို အတန်ကြာငုံ့ကြည့်နေပြီးနောက် သူမ၏ ရင်မှ သွေးစက်များကို လက်ဖြင့် ထိတို့လိုက်သည်။ ထို့နောက် သွေးစွန်းသော လက်ချောင်းများကို ပါးစပ်တွင် တေ့လိုက်သည်။

သူ မတ်တတ်ထလိုက်သည်။

'အသင့်ကို သတ်သူ၏ သွေးကို ကျွန်ုပ်သောက်ပါအံ့'

သူက စစ္စလီ ထုံးစံအတိုင်း သစ္စာ ဆိုလိုက်သည်။

ယခုအခါတွင် ကွက်လပ်ထဲသို့ ရွာသားများ စုရုံးရောက်ရှိလာခဲ့သည်။ လူကြီးများလည်းပါသည်။ လူငယ်များလည်း ပါသည်။ လက်လုပ်သေနတ်များနှင့် ခေတ်မီ မောင်းပြန်သေနတ်များကို ကိုင်ဆောင်ထားကြသည်။ ဘရန့်နှင့် လေထီးတပ်သားများလည်း တစ်စုံတစ်ခုကို ပြုလုပ်ရန် တစ်စည်းတစ်လုံးတည်း ရှိနေ

www.burmeseclassic.com



ကြသည်။

ကောင်ကလေးတစ်ယောက် ကွက်လပ်ထဲသို့ ပြေးဝင်လာသည်။ ဗီဗာရာ၏ ရှေ့တွင် ရပ်လိုက်သည်။

'သူတို့ မြောက်ဘက်လမ်းအတိုင်း သွားကြတယ်'

'ဒါဆိုရင် သူတို့ ကျောင်းတိုက်ကြီးကို သွားကြတာပဲ'

အဘွားကြီးနှစ်ယောက်သည်မာရီယာ၏ အနီးတွင် ထိုင်ပြီး တစ်ယောက်က သူမ၏ခြေလက်များကို ဆန့်ပေးသည်။ တစ်ယောက်က သူမ၏ တဘက်ဖြင့် မာရီယာ၏မျက်နှာကို ဖုံးလွှမ်းလိုက်သည်။

လူစီယာနိုက . . .

'သူတို့နောက်ကို လိုက်ကြမယ်၊ ဒါကြီးကို ဘယ်သူမောင်းတတ်သလဲ'

သံချပ်ကာ ကားကို ခေါင်းညိတ်ပြရင်း မေးလိုက်သည်။

'ကျုပ် မောင်းနိုင်တယ်'

ဘရန့်က ပြောသည်။

ခေတ္တမျှ တိတ်ဆိတ်သွားသည်။

အတန်ကြာမှ လူစီယာနိုက . . .

'ကျုပ်တို့ဟာ စစ်ဖြစ်နေကြတာပဲ ရန်သူတွေပဲ'

'အခုဟာက ကိုယ်ရေးကိုယ်တာ ကိစ္စပဲ'

လူစီယာနိုက ဗီဗာရာကို ကြည့်လိုက်သည်။

ဗီဗာရာ ခေါင်းညိတ်လိုက်သည်။

'ကျုပ်ကားကြီးကိုလဲ ယူခဲ့မယ်'

'ကောင်းတယ်'

လူစီယာနို ဘရန့်ဘက်သို့ လှည့်ပြီး . . .

'ခင်ဗျားတို့နဲ့အတူ ကျုပ်လိုက်မယ်၊ ကဲ. . သွားကြစို့'

\+ \+ \+

ကျောင်းတိုက်တံခါးမကြီး အောက်ဘက် တောင်ထိပ်တွင် သူတို့ ရပ်လိုက်ကြသည်။ ဗီဗာရာ ကားပေါ်မှ ဆင်းပြီး သံချပ်ကာကားဆီသို့ သွားသည်။ သူ့ကားပေါ်တွင် လူနှစ်ဆယ်ကျော်ပါရှိသည်။

'ဘယ်လို လုပ်ကြမလဲ'

www.burmeseclassic.com



လူစီယာနိုက . . .

'သံချပ်ကာ ကားရှေ့ကဝင်မယ်၊ ဒီနည်းပဲရှိတယ်၊ သံချပ်ကာ ကားဝင်မိရင် ခင်ဗျားတို့ နောက်က လိုက်ခဲ့ကြပေတော့၊ ပက်ဒရီဂျီအိုဗန္နီနဲ့ ဖရင်ဆီကင် ဘုန်းကြီးတွေဟာ ကျုပ်တို့ဘက်ကပဲ'

ဗီဗာရာ ပြုံးလိုက်ပြီး . . .

'ဟုတ်ပြီ၊ လူစီယာနို ကံကောင်းပါစေ'

'ကျုပ်အမြဲတမ်း ကံကောင်းဖို့ လိုသလား'

လူစီယာနိုက ဘရန့်၏ပခုံးကို ပုတ်လိုက်သည်။ သံချပ်ကာ ကားကို မောင်းထွက်သွားသည်။

\+ + +

ဆူးသရဖူ ကျောင်းတိုက်ဝင်းအတွင်းတွင် မေယာ ကားပေါ်မှ ဆင်းလိုက်သောအခါ မည်သူ့ကိုမျှမတွေ့ရပါ။ ကျောင်းတိုက်ကြီးတစ်ခုလုံးသည် မိုးသည်းထန်စွာ ရွာသွန်းနေသည့်အောက်တွင် အထူးပင် တိတ်ဆိတ်လျက်ရှိသည်။ သူတို့မြင်တွေ့ရသော လှုပ်ရှားနေသည့် အရာများမှာ လေတိုက်ခတ်သဖြင့် ယိမ်းယိုင်နေသော အုတ်တံတိုင်းပေါ်မှ လေထီးတပ်သားများ၏ အလောင်းများသာ ဖြစ်ပေသည်။

\+ + +

ယင်းအချိန်တွင် ဘုန်းတော်ကြီး ဂျီအိုဗန္နီသည် ဖရန်ဆီကင် ဘုန်းကြီးများကို ဥမင်တွင်းသို့ရောက်အောင် မြေအောက်တိုက်ခန်းထဲတွင် စီမံကွပ်ကဲလျက် ရှိသည်။ ၎င်းတို့နှင့်အတူ ခြေကျိုးနေသော လေထီးတပ်သား ကလေးကိုလည်း ခေါ်ဆောင်သွားသည်။ ဘုန်းကြီးအားလုံး ဝင်မိသောအခါ နောက်ဆုံးတွင် ဂျီအိုဗန္နီသည် ဥမင်လိုဏ်ခေါင်းထဲသို့ သူကိုယ်တိုင် ဝင်ရောက်ပြီး သလွန်တံခါးကြီး ကို ပြန်ပိတ်လိုက်သည်။

\+ + +

မေယာ ပြန်စဉ်းစားသောအခါ အားလုံးပင် ရှုပ်ထွေးနေသည်။ အဖြစ်အပျက်တွေက မြန်ဆန်လွန်းလှသည်။ အမှန်ကတော့ သူ၏ဒေါသပင်

www.burmeseclassic.com


ဖြစ်သည်။ ယခုအခါ သူသည် ယင်း၏အကျိုးဆက်များကို ခံစားနေရတော့သည်။

တပ်ကြပ်ကြီးတစ်ယောက် သူ့ထံသို့ပြေးလာပြီး . . .

'ဘယ်သူမှ မရှိဘူး၊ သင်္ချိုင်းတစ်ခုလိုပဲ ငြိမ်နေပါတယ် ဗိုလ်မှူး'

'မဖြစ်နိုင်ဘူး'

မေယာက ပြောလိုက်သည်။

တံခါးဝမှ တပ်သားတစ်ယောက်က လှမ်းအော်သည်။

'တစ်ယောက်ယောက်လာနေတယ် ဗိုလ်မှူး'

မေယာ ပြေးထွက်သွားသည်။ ကျိုးတံတားပေါ်တွင် ရပ်လိုက်သည်။ ထိုနေရာမှနေ၍ လမ်းတစ်လျှောက်ကို ကောင်းစွာမြင်တွေ့နိုင်သည်။ သံချပ်ကာကားတစ်စီး လာနေသည်။ နောက်ဘက်တွင် ထရပ်ကားကြီးတစ်စီး ပါလာသည်။ သည့်နောက်ဘက်တွင် ကုန်းကြောင်းလျှောက်လာသော လူအုပ်ကြီး။

ယူကရိန်းတပ်သားများ သူ့အနီးသို့ ရောက်ရှိလာကြသည်။ တပ်သားတစ်ယောက်က မှန်ပြောင်းဖြင့်ကြည့်သည်။ ထို့နောက် အဆိုပါတပ်သားသည် မှန်ပြောင်းကို ချလိုက်ပြီး စိတ်ရှုပ်ထွေးဟန်ဖြင့် မေယာကို ကြည့်သည်။

'ကျွန်တော် ဘယ်လိုမှနားမလည်နိုင်ဘူး၊ သံချပ်ကာ ကားထဲမှာ ကိုးနစ်ရဲ့ လေထီးတပ်သားတွေ၊ ထရပ်ကားထဲမှာတော့ ရွာသားတွေ'

မေယာက သူ့လက်ထဲမှမှန်ပြောင်းကို ဆွဲယူပြီး ကြည့်လိုက်သည်။ မြင်ကွင်းတွင် သံချပ်ကာကား ပေါ်လာသည်။ ဘရန့်နှင့်အတူ သူ့လူများ၊ ထို့နောက် လူစီယာနို၊ ဗီဗာရာက ထရပ်ကားကြီးကို မောင်းလာသည်။ ကားပေါ် မှ လူများအားလုံး လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြသည်။

'သူတို့ ပေါင်းမိသွားကြပြီ၊ သူတို့ အတူတူ တက်လာကြပြီ၊ အထဲကို မြန်မြန်ဝင်ကြ၊ တံခါးကို မြန်မြန်ပိတ်ကြ'

မေယာ ချာခနဲလှည့်ပြီး ကျောင်းဝင်းထဲသို့ ပြေးဝင်သည်။

မေယာသည် စစ်သားတစ်ယောက် မဟုတ်ပါ။ ယခုအခါ ယူကရိန်းတပ်သားများသည် သူ့ကို အမှုမထားကြတော့ပါ၊ တပ်သားတစ်ယောက်သည် တံခါး မကြီးကို ပိတ်လိုက်သည်။ မင်းတုပ်ကြီးကို ထိုးလိုက်သည်။ အခြားသူများက ကားပေါ်မှ စက်သေနတ်နှစ်လက်ကိုယူပြီး အုတ်ရိုးပေါ်တွင် တင်လိုက်သည်။

ယူကရိန်း တပ်သားများအားလုံး အုတ်ရိုးပေါ်သို့ ရောက်ရှိနေကြသည်။ မေယာတစ်ယောက်တည်းသာ ကျောင်းဝင်းထဲရှိ လွင့်နေသော လေထီးများ

www.burmeseclassic.com



ကြားတွင် ရပ်နေသည်။ ကားတစ်စီးပေါ်တွင် ရှမစ်ဆာရိုင်ဖယ်တစ်လက်ရှိသည်။ မေယာသည် သေနတ်ကိုကောက်ယူပြီး တံခါးမကြီးမှ ဝေးရာသို့သွားသည်။ အရှေ့ဘက် မြေကတုတ်ပေါ်သို့ တက်သွားသည်။

\+ + +

ဘရန့်သည် သံချပ်ကာ ကားကြည့်ပေါက်မှနေ၍ ကြည့်လိုက်ပြီး နောက် လူစီယာနိုကို ပြောသည်။

'ဝပ်နေပါ၊ အခြေအနေ ပြင်းထန်တယ်'

သူပြောသည့်အတိုင်း လူစီယာနို လိုက်နာသည်။ သူတို့၏အထက် တွင် လေထီးတပ်သားနှစ်ဦးသည် စက်သေနတ်တစ်လက်ဖြင့် အသင့်ရှိနေကြ သည်။ ဘရန့်က ကားအရှိန်ကို မြှင့်တင်လိုက်သည်။

သူတို့ကား တံခါးမကြီးနှင့် ကိုက်တစ်ရာလောက်အလိုမှာပင် အုတ်ရိုးပေါ်မှ ရန်သူများက စက်သေနတ်ဖြင့် စတင်ပစ်ခတ်သည်။ သံချပ်ကာကားကို ကျည်ဆန်များထိမှန်သည်။ သံချပ်ကာကားမှ ပြန်လည်ပစ်ခတ်သည်။

ယူကရိန်းတစ်ယောက်သည် ကျည်ဆန်ထိမှန်ပြီးနောက် စက်သေနတ်နှင့်အတူ တံတားပေါ်သို့ကျလာသည်။ ဘရန့်က ၎င်းကို ဖြတ်ကြိတ်ပြီး မောင်းသွားသည်။ သံချပ်ကာ ကားမှ စက်သေနတ်က ပစ်ခတ်သဖြင့် အုတ်ရိုးတံခါးကြီး ပွင့်သွားသည်။

သံချပ်ကာကားသည် ရန်သူကားတစ်စင်းကိုတိုက်ပြီး ဝင်သွားသည်။ လေထီးတပ်သားတစ်ဦးက အခြား ရန်သူကားတစ်စီးကို လက်ပစ်ဗုံး ပစ်ထည့်လိုက်သည်။ ပြင်းထန်စွာ ပေါက်ကွဲသည်။

အုတ်ရိုးပေါ်မှ ယူကရိန်းများသည် ကျောင်းဝင်းအတွင်းသို့ သေနတ်များနှင့် ပြင်းထန်စွာ ပစ်ခတ်လျက်ရှိသည်။ ယူကရိန်းနှစ်ယောက်တို့ စက်သေနတ်ကို ဆွဲလှည့်နေသည်။ ရူဒီဘရန့် ပြေးသွားပြီး အုတ်ရိုးပေါ်သို့ လက်ပစ်ဗုံးတစ်လုံး ပစ်တင်လိုက်သည်။ လက်ပစ်ဗုံးပေါက်ကွဲသည်။ ယူကရိန်းနှစ်ယောက် အောက်သို့ ကျလာသည်။ သူတို့၏နောက်မှ စက်သေနတ်ကြီးလည်း လိုက်ပါလာသည်။

ကျောင်းဝင်းထဲတွင် မီးခိုးတွေဝေနေသည်။

လူစီယာနိုသည် သံချပ်ကာ ကားအတွင်းတွင် ဝပ်နေရာမှ ကျဆုံးသွား

www.burmeseclassic.com



သော လေထီးတပ်သားတစ်ဦး၏ သေနတ်ကို ယူပြီး တစ်ဖက် အုတ်တံတိုင်းပေါ်သို့ ပစ်လိုက်သည်။ လူတစ်ယောက်ကို တွေ့မြင်လိုက်ရ၍ဖြစ်သည်။

ထိုလူမှာ မေယာပင်ဖြစ်သည်။ မေယာသည် ရိုင်ဖယ်သေနတ်ကို ကျည်ကုန်သည်အထိ ပစ်ခတ်သည်။ ထို့နောက် ပစ္စတိုသေနတ်ကိုထုတ်ယူပြီး အရှေ့ဘက် ရင်ကတုတ်ဆီသို့ပြေးသည်။

သူသည် လှေကားရင်းတွင် ခေတ္တမျှရပ်ပြီး နောက်ဘက်သို့ သုံးချက်ပစ်သည်။ ထို့နောက် လှေကားထစ်များပေါ်သို့ တက်ပြေးသည်။

\+ + +

ဗီဗာရာနှင့်အဖွဲ့သည် ကျောင်းဝင်းအတွင်းသို့ ရောက်ရှိလာပြီ ဖြစ်သဖြင့် မီးခိုးများနှင့် မိုးရေထဲတွင် ရန်သူများနှင့် လုံးထွေးကာ လက်တစ်ကမ်း တိုက်ပွဲ ဆင်နွှဲလျက် ရှိသည်။

ရင်ကတုတ်ပေါ်တွင်ကား ငြိမ်သက်လျက်ရှိသည်။ မီးခိုးများ လွင့်ဆိုင်းနေသည်။ အောက်ဘက်ကျောင်းဝင်းထဲမှ တိုက်ခိုက်သံများသည် ဝေးလံလျက်ရှိသည်။ အခြားနေရာတစ်ခုတွင် ဖြစ်ပွားနေသည့်အလား ဖြစ်သည်။

လူစီယာနိုသည် ဖိနပ်ကိုချွတ်လိုက်ပြီးနောက် ဆုံလည်သေနတ်ကို အသင့်ကိုင်ကာ အသံမကြားအောင် လျှောက်သွားလျက်ရှိသည်။ သူသည် ကျောင်းတိုက်ကြီး၏ အမြင့်ဆုံးနေရာတွင်ရောက်ရှိနေသည်။ သူ့ပတ်ပတ်လည်တွင် မီးခိုးများဝိုင်းနေသည်။ခိုအိမ်ထဲမှ ခိုများ လန့်ဖျပ်နေကြသည့်အသံကို ကြားနေရသည်။ ထို့နောက် အသံများတိတ်သွားသည်။ ရုတ်ခြည်းဆိုသလိုပင် လေတိုက်ခတ်သဖြင့် မီးခိုးများ ပြယ်လွင့်သွားကြသည်။

မေယာသည် သူနှင့်မလှမ်းမကမ်းတွင် ရပ်နေသည်။ သူ့ကို ရိုင်ဖယ်သေနတ်ဖြင့် ချိန်ထားသည်။

'သေနတ်ကိုချလိုက်၊ အခုချလိုက်'

လူစီယာနိုက လက်ထဲမှသေနတ်ကို အုတ်ရိုးပေါ်သို့ ချလိုက်သည်။

'မင်း ဘယ်သူလဲ'

မေယာက မေးသည်။ သူက အံ့ဩဖွယ်ရာပင် တည်ငြိမ်လျက်ရှိသည်။

'ဆာဗေတိုလူစီယာနာ၊ ဒါပေမဲ့ လူတွေကတော့ လူစီယာနိုလို့ ခေါ်ကြတယ်'

www.burmeseclassic.com



မေယာ ထိတ်လန့်တုန်လှုပ်သွားသည်။ သူ့မျက်လုံးများတွင် သိသိသာသာ ပေါ်လွင်နေသည်။ သေနတ်မောင်းပေါ်တင်ထားသော သူ့လက်ချောင်း ပြေလျော့သွားသည်။ လူစီယာနို၏ လက်ဝဲဘက်လက်ထဲတွင် မယ်တော်မာရီ ရုပ်တု ရောက်ရှိလာသည်။ သူကလက်ကို ဝှေ့ယမ်းလိုက်သောအခါ ဓားသွား ခုန်ထွက်လာပြီး မေယာ၏မေးအောက်ကို ထောက်မိသည်။ ဓားသွားသည် အာခေါင်ကိုဖောက်ပြီး ဦးနှောက်သို့ ဖောက်ဝင်သွားသည်။

လူစီယာနိုသည် အားကုန်သုံးပြီးမှ ဓားသွားကို ပြန်နုတ်ယူရသည်။ မေယာ နောက်သို့လန်သွားသည်။ ယခုတိုင် အသက်ရှင်နေဆဲဖြစ်သည်။ သူ့မျက်နှာမှာ အံ့ဩနေသည်။ ထို့နောက် အောက်သို့ လိမ့်ကျသွားသည်။

လူစီယာနိုက လှောင်အိမ်အတွင်းမှ ခိုများကို လွတ်လိုက်သည်။ ခိုများသည် မီးခိုးများအထက် ကောင်းကင်ထဲသို့ပျံတက်သွားကြသည်။

\+ \+ \+

ဗယ်လိုနာ ဘုရားရှိခိုးကျောင်း ပလ္လင်ဆောင်ရှေ့ရှိ ခေါင်းတစ်ခုထဲတွင် မာရီယာဗောင်းသည် တည်ငြိမ်သက်စွာ လဲလျောင်းလျက်ရှိသည်။ သူမ၏ အသွင်က ငြိမ်းချမ်းမှုကို ဆောင်နေသည်။ သူမ၏ဒဏ်ရာကို အဝတ်လွှမ်းခြုံထားသည်။

သူမ၏ပတ်ပတ်လည်လည်တွင် ရွာသူရွာသားများ ထွန်းညှိထားသော ဖယောင်းတိုင်များ ထွန်းလင်းနေကြသည်။

ဘုရားရှိခိုးကျောင်းအတွင်းတွင် ဒွန်အန်တိုနီယိုနှင့် ကက်ထရီးနား တို့မှအပ မည်သူမျှမရှိပါ။ ကက်ထရီးနားသည် ရှေ့ဆုံးခုံတန်းတွင် ထိုင်နေပြီး ဒွန်အန်တိုနီယို က ခေါင်းဘေးတွင် ဖြစ်သည်။

လူကာ ကုန်းငုံ့ပြီး ဖြူရော်သော မျက်နှာကလေးကို နမ်းရှုပ်လိုက် သည်ကို လူစီယာနိုနှင့် မာရီယိုရှီယာရာတို့က ဘုရားရှိခိုးကျောင်းနောက် တိုက်အမှောင်ရိပ်မှ ကြည့်နေကြသည်။ကက်ထရီးနား မတ်တတ်ထရပ်ပြီး ဒွန်အန်တိုနီယိုကို လက်တစ်ဖက်ဖြင့် ဖက်လိုက်သည်။ သူတို့နှစ်ယောက် ဗဟို စင်္ကြံလမ်းအတိုင်း လျှောက်လာကြသည်။ ရှီယာရာက တံခါးဖွင့်ပေးလိုက်သည်။ သူတို့နှစ်ယောက် အနီးသို့ရောက်သောအခါ လူကာ ရပ်လိုက်သည်။

'မာရီယို ဘာလုပ်ရမယ်ဆိုတာ သိတယ်မဟုတ်လား'

www.burmeseclassic.com



BURMESE CLASSIC .com

လူကာ မေးလိုက်သည်။

'သိပါတယ် ကာပို'

'ကောင်းပြီ'

ထို့နောက် သူသည် လူစီယာနိုကို ကြည့်လိုက်သည်။

\+ + +

ဟယ်ရီကာတာသည် အသုဘရုံရှိ ဗစ်တိုဗီဗာရာ၏ခုတင်ပေါ်တွင် လဲလျောင်းလျက် ရှိသည်။ ခေါင်းအုံးပေါ်တွင် တံတောင်တစ်ဖက်ထောက်ပြီး ဗီဗာရာပေးသော ဘရန်ဒီကို တစိမ့်စိမ့်သောက်နေသည်။

'နောက်ဆုံးကျတော့ ကျုပ်တို့လိုချင်တာကို အတိအကျရတာပဲ'

လူစီယာနိုသည် ပြတင်းပေါက်တွင်ရပ်ပြီး အောက်ဘက်သို့ ကြည့် နေရာမှ ခေါင်းညိတ်လိုက်သည်။

'ကမ္ဘာ့ရာတာဒေသတစ်ခုလုံး၊ ရွာတွေအားလုံး၊ မြို့တွေ အားလုံး စစ္စလီ ကျွန်း အနောက်ဘက်ဒေသတစ်ခုလုံးမှာ သတင်းပြန့်သွားပြီး ဒွန်အန်တိုနီယိုဟာ အမေရိကန်တွေနဲ့ ပူးပေါင်းလိုက်ပြီ'

ဂျာမန်တစ်ယောက်က သူ့မြေးကို သတ်လိုက်တဲ့အတွက်ပဲပေါ့'

'အမှန်ပဲ၊ စစ္စလီထုံးစံအရ သွေးကို သွေးနဲ့ လက်စားချေတာပဲ'

'လေထီးတပ်သားတွေကော'

'သူတို့ထိုက်နဲ့ သူတို့ ကံဆိုပြီး သူတို့ကို ကျွန်တော်တို့ လွှတ်လိုက်တယ်၊ ကိုးနစ်ကို သူတို့နဲ့အတူ ခေါ်သွားတယ်'

ကာတာ မျက်မှောင်ကုပ်လိုက်ပြီး . . .

'ခင်ဗျားပြောတာ ကျုပ်နားမလည်ပါဘူး'

'သူမသေဘူး၊ အသက်ရှင်နေတုန်းပဲ ရှိတယ်၊ ဒဏ်ရာကတော့ တော်တော် ပြင်းထန်တယ်၊ ဒါပေမဲ့ ဆရာဝန်ကောင်းကောင်းတစ်ယောက်နဲ့ ကုနိုင်ရင် သူရှင်နိုင်တယ်၊ သူ့ရဲ့တပ်ကြပ်ကြီးက သူ့ကို ပါလာမိုကိုရောက်အောင် ခေါ်သွားမှာပဲ'

ခေတ္တမျှ တိတ်ဆိတ်နေသည်။

'ခင်ဗျား တောင်ပေါ်မှာ နေရစ်ခဲ့ပေတော့၊ တိုက်ပွဲမှာ ခင်ဗျား ကျဆုံး သွားပြီလို့ ကျုပ်တို့ပြောလိုက်မယ်'

www.burmeseclassic.com



ကာတာက ပြောသည်။

လူစီယာနိုက ပြုံးလိုက်သည်။

'ကျုပ်က ခင်ဗျားကို မဖျက်ဆီးပါဘူး၊ ကျုပ်ပြန်လိုက်ခဲ့ပါ့မယ်'

လူစီယာနို ပြတင်းပေါက်ဆီသို့ လျှောက်သွားသည်။ ပြတင်းပေါက်ကို ဖွင့်လိုက်သည်။ အပြင်ဘက် မိုးရေထဲသို့ ကိုယ်တစ်ပိုင်းထွက်ပြီး အသက်ဝဝ တစ်ချက် ရှူလိုက်သည်။

ဆူးသရဖူ ကျောင်းတိုက်ဆီမှ ခေါင်းလောင်း ထိုးသံသည် တောင်ကြား ဒေသတစ်ခုလုံးဆီသို့ လွင့်ပျံ့သွားသည်။

* * *

www.burmeseclassic.com

# [ ၁၉ ]

ယင်းသို့ဖြင့် မာဖီးယား ဖဲချပ်ကို ကစားခဲ့သည်။ အပြည့်အဝ ကစားခဲ့သည်။ ကမ္ဘရာတာဒေသနှင့် ပါလာမို လမ်းမကြီးတစ်လျှောက် အဓိကနေရာများတွင် တပ်စွဲထားသော အီတလီတပ်သား သုံးပုံ နှစ်ပုံသည် တစ်ည အတွင်းမှာပင် ၎င်းတို့၏ တပ်များကို စွန့်ခွာသွားကြသည်။ ၎င်းတို့၏ တပ်မှူးများကို ဖမ်းဆီးပြီး မဟာမိတ် တပ်ဖွဲ့များလက်သို့ အပ်ခဲ့ကြသည်။

ဤဒေသတွင်းရှိဂျာမန်တပ်ဖွဲ့များသည် အခြေမလှတော့သဖြင့် ဆုတ်ခွာသွားကြရသည်။ အမေရိကန် တပ်ဖွဲ့များသည် ကမ်းကိုတက်သည့်နေ့မှစ၍ ခုနှစ်ရက်အတွင်းမှာပင် ပါလာမိုမြို့ကို ရောက်ရှိသွားကြသည်။ ယင်းကို ဗိုလ်ချုပ်ကြီး ပက်တန်က စစ်သမိုင်းတွင် အမြန်ဆုံးသော လျှပ်တပြက် ထိုးစစ်ကြီးဟု ကင်ပွန်း တပ်ခဲ့သည်။

မူဆိုလိုနီသည် ဇူလိုင် ၂၄ ရက်နေ့တွင် ဖြုတ်ချခြင်းခံရသည်။ ဂျာမန်တပ်ဖွဲ့များက ပြင်းပြင်းထန်ထန် ခုခံသည့် ကြားကပင် မဟာမိတ် တပ်ဖွဲ့များသည် စစ္စလီကျွန်း တစ်ခုလုံးကို ဩဂုတ်လ ၁၇ ရက်နေ့တွင် သိမ်းပိုက် ရရှိသည်။

ချားလပ်ကီး လူစီယာနိုသည် ဂရိတ်မဲဒိုး အကျဉ်းထောင်သို့ ပြန်လည်ဝင်ရောက်ပြီး ၁၉၄၆ ခုနှစ်တွင် နိုင်ငံတော်လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ ရှေ့မှောက်သို့ ဝင်ရောက်သည်။ ယခင် အစဉ်အလာများက အငြင်းပွားဖွယ်ရာ

www.burmeseclassic.com



BURMESE CLASSIC .com

အခြေအနေတွင် ရှိနေခဲ့သည်။ သို့သော် ထိုနှစ် ဖေဖော်ဝါရီလ ဘုရင်ခံ ဒီဝေးသည် သူ၏ပြစ်ဒဏ်ကို လျှော့ပေါ့ပြီး ဆယ်လစ်ကျွန်းသို့ ပို့ကာ ပြည်နှင်ဒဏ်ပေးခဲ့သည်။

နောက် ဆယ့်ခြောက်နှစ်ခန့် အကြာ ၁၉၆၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် သူသည် နေပယ်မြို့ အနီးကာပိုဒီချီနို လေဆိပ်တွင် နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ သူ၏အလောင်းကို အမေရိကန်နိုင်ငံသို့ ပို့ဆောင်ရန် အစီအစဉ်များ ပြုလုပ်နေစဉ်အတွင်း အင်္ဂလိပ်သချိုင်း ဘုရားရှိခိုးကျောင်းကလေး တစ်ခုတွင် ခေတ္တမျှ ထားရှိသည်။

သူ ကွယ်လွန်ခြင်းကို လူအများ စိတ်ဝင်စားကြပြီး အသုဘရှုသူ များလည်း အတော်များပြားသည်။ သို့သော် တတိယမြောက်နေ့တွင်ကား ပရိသတ်အတော် နည်းသွားသဖြင့် ဤမျှနှင့်ပြီးလောက်ပြီဟု အေပီ သတင်းဌာနမှ သတင်းထောက်ကလေးတစ်ဦးက ယူဆနေချိန်မှာပင် ကမ္ဘာလှည့် ခရီးသည် ကားတစ်စီးဆိုက်ရောက်လာသည်။ ကားထဲမှ လူဆယ့်လေးငါးယောက် ထွက်လာ သည်။ များသောအားဖြင့် အမေရိကန် အမျိုးသမီးများ ဖြစ်ကြသည်။

'လူတွေကလဲ လာတုန်းပါလား၊ အလောင်းတစ်ခုကို တစ်ခါကြည့်ဖို့ လိုင်ရာငွေ ငါးရာပေးရတယ်'

သတင်းထောက်ကလေးက ပြောလိုက်သည်။

ထို့နောက် သူသည် တံခါးပေါက်ဆီသို့ သွားပြီး အတွင်းသို့ကြည့်လိုက်သည်။ အမျိုးသမီးများသည် လက်ရန်း အနီးတွင် ရပ်ပြီး ခေါင်းအတွင်းသို့ကြည့်နေကြသည်။ သူတို့၏ နောက်ဘက်တွင် ကုတ်အင်္ကျီအနက် ဝတ်ထားသော ဆံပင်ဖြူဖြူနှင့်အသက် ခြောက်ဆယ်ရွယ် လူတစ်ယောက်ကို သတင်းထောက်ကလေး သတိပြုမိသည်။

သူတို့ ပြန်လှည့်လာကြသည်။ ဆံပင်ဖြူဖြူနှင့် လူသည် ရပ်လိုက်ပြီး အအေးဒဏ်ကို ကာကွယ်ရန် အင်္ကျီကော်လန်ကို ပင့်လိုက်သည်။ ရုတ်ချည်း ဆိုသလို သူ ချောင်းဆိုးသည်။

'ဦး . . . ဘာဖြစ်လို့လဲ'

သတင်းထောက်ကလေးက ထောက်ထားညှာတာစိတ်ဖြင့် မေးသည်။

'ဆေးလိပ် သောက်သမား တစ်ယောက်ရဲ့ ချောင်းပဲပေါ့၊ တခြား ဘာမှ မဟုတ်ပါဘူး၊ ဆေးလိပ်ဖြတ်ဖို့ ကြိုးစားနေတာ ကြာပြီ'

www.burmeseclassic.com



‘သူ့ကို ဦးမသိဘူးလား’

‘ဘယ်သူ့ကိုလဲ၊ လူစီယာနိုကိုလား’

ပါမောက္ခကြီး ဟယ်ရီကာတာ ပြုံးလိုက်သည်။

‘သူ့ကို မသိတဲ့လူ ဘယ်သူရှိမလဲ’

ထို့နောက် သူသည် ကမ္ဘာလှည့်ခရီးသည်များ တက်နေသော ကားကလေးဆီသို့ လျှောက်သွားတော့သည်။ ။

နတ်နွယ်

* * *

www.burmeseclassic.com

